မန္တလေးမြို့၊
မစိုးရိမ်ကျောင်းတိုက်၊ ပရိယတ္တိနယူပဒေသကျောင်း၊
ပဌမမြောက်–နာယက ဆရာတော်
နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ

## အရှင်စန္ဒောဘာသာဘိဝံသ

သည်

သဒ္ဒပါရဂူ–သဒ္ဒညူပုဂ္ဂိုလ် ဖြစ်လွယ်ကြပြီး
ပဉ္စာဗျာကရဏာဉာဏ် ရင့်သန်စေခြင်းငှာ
အထူးထူးသော သဒ္ဒါကျမ်းတို့ကို အမှီတံကဲ သဟဲပြု၍
ရေးသား စီရင်အပ်သော

## ကစ္စာယနပဉ္စာဗျာကရဏာဝိဘာဝနီ

ခေါ်

# သဒ္ဒါကြီးရှစ်စောင်အမေးအဖြေကျမ်း

## အောက်လေးစောင် ပဌမတွဲ

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃၊ ခရစ် ဇွန်လ ၁၉၈၁။



**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**

**မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ ပရိယတ္တိနယုပဒေသကျောင်း**

**နာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ**

သက်တော် ၇၇-နှစ်၊ သိက္ခာတော် ၅၇-ဝါ

မန္တလေးမြို့၊

မစိုးရိမ်ကျောင်းတိုက်၊ ပရိယတ္တိနယူပဒေသကျောင်း၊

ပဌမမြောက်–နာယကဆရာတော်

နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ

## အရှင် စန္ဒောဘာသာဘိဝံသ

သည်

သဒ္ဒပါရဂူ–သဒ္ဒညူပုဂ္ဂိုလ် ဖြစ်လွယ်ကြပြီး

ပဉ္စာဗျာကရဏာဉာဏ် ရင့်သန်စေခြင်းငှါ

အထူးထူးသော သဒ္ဒါကျမ်းတို့ကို အမှီတံကဲ သဟဲပြု၍

ရေးသားစီစဉ်အပ်သော

# ကစ္စာယနပဉ္စာဗျာကရဏာဝိဘာဝနီ

ခေါ်

# သဒ္ဒါကြီးရှစ်စောင်အဖြေအကျမ်း

## အောက်လေးစောင် ပဌမတွဲ

သာသနာ့ ၂၅၂၅၊ ကောဇာ ၁၃၄၃၊ ခရစ် ဇွန်လ၊ ၁၉၈၁။

၁၉၇၁ ခု၊ ဇွန်လ

ဒုတိယအကြိမ်

အုပ်ရေ (၃၀၀၀)

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက် အမှတ် ၁၁၊ ၁၂၅–လမ်း၊ ကန်တော်ကလေး နေလင်း စာပုံနှိပ်တိုက် (၀၂၀၃၀) တွင် ဒေါ်တင်လှက ပုံနှိပ်၍ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင် မှတ်ပုံတင်အမှတ် (၀၂၅၂၇)က ထုတ်ဝေသည်။

## သဒ္ဒါကြီးရှစ်စောင် အမေးအဖြေကျမ်း

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | .... | ၁ |
| ဂန္ထာရမ္ဘ ပဏာမ | .... | ၄ |
| ပဏာမနှင့် ဥဿျောဇဉ်တို့၏ အမေး အဖြေ | .... | ၇ |


## ကစ္စည်းသဒ္ဒါကြီး သုတ်စဉ်


| ဦးရေ | သုတ်စဉ်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| | ၁—သန္ဓိ | | |
| ၁။ | အတ္ထော အက္ခရသညာတော။ | .... | ၁၃ |
| ၂။ | အက္ခရာပါဒယော ဧကစတ္တာလီသံ။ | .... | ၁၇ |
| ၃။ | တတ္ထော ဒန္တာ သရာ အဋ္ဌ။ | .... | ၂၀ |
| ၄။ | လဟုမတ္တာ တယော ရဿာ။ | .... | ၂၂ |
| ၅။ | အညေ ဒီဃာ။ | .... | ၂၄ |
| ၆။ | သေသာ ဗျဉ္ဇနာ။ | .... | ၂၅ |
| ၇။ | ဝဂ္ဂါ ပဉ္စပဉ္စသော မန္တာ။ | .... | ၂၆ |
| ၈။ | အံ ဣတိ နိဂ္ဂဟီတံ။ | .... | ၂၈ |
| ၉။ | ပရသမညာ ပယောဂေ။ | .... | ၃၀ |
| ၁၀။ | ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ။ | .... | ၃၂ |
| ၁၁။ | နယေ ပရံ ယုတ္တေ။ | .... | ၃၃ |


ဣတိ သန္ဓိကပ္ပေ ပဌမော ကဏ္ဍော။

| ဦးရေ | သုတ်စဉ် မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၁၂။ | သရာ သရေ လောပံ။ | .... | ၃၄ |
| ၁၃။ | ဝါပရောအသရူပါ | .... | ၃၆ |
| ၁၄။ | ကွစာသဝဏ္ဏံ လုတ္တော။ | .... | ၃၈ |
| ၁၅။ | ဒီဃံ။ | .... | ၄၀ |
| ၁၆။ | ပုဗ္ဗော စ။ | .... | ၄၁ |
| ၁၇။ | ယမေဒန္တဿာ ဒေသော။ | .... | ၄၂ |
| ၁၈။ | ဝဓောဒုဒန္တာနံ။ | .... | ၄၃ |
| ၁၉။ | သဗ္ဗော စန္တိ။ | .... | ၄၄ |
| ၂၀။ | ဒေါ ဓဿ စ။ | .... | ၄၇ |
| ၂၁။ | ဣဝဏ္ဏော ယံ နဝါ။ | .... | ၄၈ |
| ၂၂။ | ဧဝါဒိဿ ရိ ပုဗ္ဗော စ ရဿော။ | .... | ၄၉ |

ဣတိ သန္ဓိကပ္ပေ ဒုတိယော ကဏ္ဍော။

| | | | |
|---|---|---|---|
| ၂၃။ | သရာ ပကတိ ဗျဉ္ဇနေ။ | .... | ၅၀ |
| ၂၄။ | သရေ ကွစိ။ | .... | ၅၁ |
| ၂၅။ | ဒီဃံ။ | .... | ၅၃ |
| ၂၆။ | ရဿံ။ | .... | ၅၄ |
| ၂၇။ | လောပဉ္စ တတြာကာရော။ | .... | ၅၄ |
| ၂၈။ | ပရဒွေဘာဝေါ ဌာနေ။ | .... | ၅၅ |
| ၂၉။ | ဝဂ္ဂေ ဃောသာဃောသာနံ တတိယ ပဌမာ။ | .... | ၅၇ |

ဣတိ သန္ဓိကပ္ပေ တတိယော ကဏ္ဍော။

| | | | |
|---|---|---|---|
| ၃၀။ | အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ။ | .... | ၅၉ |
| ၃၁။ | ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။ | .... | ၆၀ |
| ၃၂။ | ဧဟေ ဉံ။ | .... | ၆၂ |
| ၃၃။ | သ ယေ စ။ | .... | ၆၂ |
| ၃၄။ | မဒါ သရေ။ | .... | ၆၃ |
| ၃၅။ | ယ ဝ မ ဒ န တ ရ လာ စာဂမာ။ | .... | ၆၅ |
| ၃၆။ | ကွစိ ဩ ဗျဉ္ဇနေ။ | .... | ၆၆ |
| ၃၇။ | နိဂ္ဂဟီတဉ္စ။ | .... | ၆၈ |
| ၃၈။ | ကွစိ လောပံ။ | .... | ၆၉ |
| ၃၉။ | ဗျဉ္ဇနေ စ။ | .... | ၇၀ |

| ဦးရေ | သုတ်စဉ် မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၄၀။ | ပရော ဝါ သရော။ | .... | ၇၁ |
| ၄၁။ | ဗုဒ္ဓါနာ စ ဝိသညောဂေါ | .... | ၇၂ |

ဣတိ သန္ဓိကပ္ပေ စတုတ္ထော ကဏ္ဍော။

| | | | |
|---|---|---|---|
| ၄၂။ | ဂေါ သရေ ပုထဿာဂမော ကွစိ။ | .... | ၇၃ |
| ၄၃။ | ပါဿ စန္တော ရဿော။ | .... | ၇၄ |
| ၄၄။ | အဗ္ဘော အဘိ။ | .... | ၇၅ |
| ၄၅။ | အဇ္ဈော အဓိ။ | .... | ၇၆ |
| ၄၆။ | တေ န ဝါ ဣဝဏ္ဏေ။ | .... | ၇၇ |
| ၄၇။ | အတိဿ စန္တဿ။ | .... | ၇၈ |
| ၄၈။ | ကွစိ ပဋိ ပတိဿ။ | .... | ၇၉ |
| ၄၉။ | ပုထဿု ဗျဉ္ဇနေ။ | .... | ၈၀ |
| ၅၀။ | ဩ အဝဿ။ | .... | ၈၀ |
| ၅၁။ | အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော။ | .... | ၈၁ |

ဣတိ သန္ဓိကပ္ပေ ပဉ္စမော ကဏ္ဍော။

သန္ဓိသုတ္တံ နိဋ္ဌိတံ။

၂—နာမ်

| | | | |
|---|---|---|---|
| ၁။ | ဇိနဝစနယုတ္တံ ဟိ။ | .... | ၈၆ |
| ၂။ | လိင်္ဂဉ္စ နိပ္ပဇ္ဇတေ။ | .... | ၈၈ |
| ၃။ | တတော စ ဝိဘတ္တိယော။ | .... | ၉၁ |
| ၄။ | သိ ယော အံ ယော နာ ဟိ သ နံ သ္မာ ဟိ သ နံ သ္မိံ သု။ | | ၉၂ |
| ၅။ | တဒနုပရောဓေန။ | .... | ၉၂ |
| ၆။ | အာလပနေ သိ ဂသညော။ | .... | ၉၃ |
| ၇။ | ဣဝဏ္ဏုဝဏ္ဏာ ဈလာ။ | .... | ၉၄ |
| ၈။ | တေ ဣတ္ထိချာ ပေါ။ | .... | ၉၆ |
| ၉။ | အာ ဃော။ | .... | ၉၇ |
| ၁၀။ | သာဂမော သေ။ | .... | ၉၈ |
| ၁၁။ | သံသာသွေကဝစနေသု စ။ | .... | ၉၉ |
| ၁၂။ | ဧတိမာသမိ။ | .... | ၁၀၁ |
| ၁၃။ | တဿာ ဝါ။ | .... | ၁၀၂ |
| ၁၄။ | တတော သဿ ဿာယ။ | .... | ၁၀၃ |

| ဦးရေ | သုတ်စဉ့်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅။ | ဃော ရဿံ။ | — | ၁၀၄ |
| ၁၆။ | နော စ ဒွါဒိတော နံမှိ။ | .... | ၁၀၅ |
| ၁၇။ | အမာ ပတော သ္မိံ သ္မာနံ ဝါ။ | — | ၁၀၇ |
| ၁၈။ | အာဒိတော ဩ စ။ | .... | ၁၀၉ |
| ၁၉။ | ဈလာနမိယုဝါ သရေ ဝါ။ | .... | ၁၁၀ |
| ၂၀။ | ယဝကာရာ စ။ | .... | ၁၁၁ |
| ၂၁။ | ပသညဿ စ။ | .... | ၁၁၂ |
| ၂၂။ | ဂါဝ သေ။ | .... | ၁၁၃ |
| ၂၃။ | ယောသု စ။ | .... | ၁၁၄ |
| ၂၄။ | အဝံမှိ စ။ | — | ၁၁၄ |
| ၂၅။ | အာဝဿု ဝါ။ | .... | ၁၁၅ |
| ၂၆။ | တတော နမံ ပတိမှာ လုတ္တေ စ သမာသေ။ | .... | ၁၁၆ |
| ၂၇။ | ဩ သရေ စ။ | .... | ၁၁၇ |
| ၂၈။ | တဗ္ဗိပရီတူပပဒေ ဗျဉ္ဇနေ စ။ | .... | ၁၁၈ |
| ၂၉။ | ဂေ ဏ နံမှိ ဝါ။ | .... | ၁၂၀ |
| ၃၀။ | သုဟိနာသု စ။ | .... | ၁၂၁ |
| ၃၁။ | အံမော နိဂ္ဂဟီတံ ဈလပေဟိ။ | .... | ၁၂၃ |
| ၃၂။ | သရလောပေါမာဒေသပစ္စယာဒိမှိ သရလောပေ တု ပကတိ။ | .... — | ၁၂၄ |
| ၃၃။ | အဃော ရဿမေကဝစနယောသွပိ စ။ | .... | ၁၂၆ |
| ၃၄။ | န သိသ္မိမနပုံသကာနိ။ | — | ၁၂၇ |
| ၃၅။ | ဥဘာဒိတော နမိန္နံ။ | — | ၁၂၈ |
| ၃၆။ | ဣဏ္ဏံ ဣဏ္ဏန္နံ တီဟိ သင်္ချာဟိ။ | .... | ၁၂၉ |
| ၃၇။ | ယောသု ကတနိကာရလောပေသု ဒီဃံ။ | — | ၁၃၀ |
| ၃၈။ | သု နံဟိသု စ။ | .... | ၁၃၀ |
| ၃၉။ | ပဉ္စာဒီနမတ္တံ။ | — | ၁၃၂ |
| ၄၀။ | ပတိဿိနီမှိ။ | .... | ၁၃၃ |
| ၄၁။ | န္တုဿန္တော ယောသု စ။ | .... | ၁၃၃ |
| ၄၂။ | သဗ္ဗဿ ဝါ အံသေသု။ | .... | ၁၃၄ |
| ၄၃။ | သိမှိ ဝါ။ | .... | ၁၃၅ |
| ၄၄။ | အဂ္ဂိဿိနိ။ | .... | ၁၃၆ |
| ၄၅။ | ယောသွကတရဿော ဈော။ | — | ၁၃၇ |

| ဦးရေ | သုတ်စဉ်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၄၆။ | ဝေဝေါသုလော စ။ | .... | ၁၃၈ |
| ၄၇။ | မာတုလာဒီန မစနုတ္တ မိကာဒေရ။ | .... | ၁၃၈ |
| ၄၈။ | သွဗ္ဗာ ဟိ သမ္ဗိံနံ မှာဘိမို ဝါ။ | .... | ၁၃၉ |
| ၄၉။ | န တိမေဘိ ကာဘာကာဒေ့ဟိ၊ | .... | ၁၄၀ |
| ၅၀။ | သုဟိ သွကာရော ဧ၊ | .... | ၁၄၁ |
| ၅၁၊ | သာဒ္ဒနာမာနံ နံမို စ။ | .... | ၁၄၂ |
| ၅၂။ | အခေါာ နေန။ | .... | ၁၄၃ |
| ၅၃။ | ဧ ပါ။ | .... | ၁၄၃ |
| ၅၄။ | ဇသာ ဝါ။ | .... | ၁၄၄ |
| ၅၅။ | ဒိဝသာ ရဟိ။ | .... | ၁၄၅ |
| ၅၆။ | သဒ္ဒဆယာ နိနမာဧ။ | .... | ၁၄၅ |
| ၅၇။ | သွာသိမ္ဗံ ဝါ။ | .... | ၁၄၆ |
| ၅၈။ | အာယ စတုတ္တကာဝစနသာ တု။ | .... | ၁၄၇ |
| ၅၉။ | တယော နေဝ စ သဗ္ဗနာမေဟိ။ | .... | ၁၄၈ |
| ၆၀။ | ဃဘော နာဒီနံ။ | .... | ၁၄၉ |
| ၆၁။ | ပဘော ယာ။ | .... | ၁၅၀ |
| ၆၂။ | သခါတော ဂဿေ ဝါ။ | .... | ၁၅၀ |
| ၆၃။ | ဃတေ စ။ | .... | ၁၅၁ |
| ၆၄။ | န အမ္မာဒိတော။ | .... | ၁၅၁ |
| ၆၅။ | အကတရဿာ လတော ယွာလပနဿ ဝေ ဝေါ။ | .... | ၁၅၂ |
| ၆၆။ | ဈလတော သဿ နော ဝါ။ | .... | ၁၅၃ |
| ၆၇။ | ဃပတော စ ယောနံ လောပေါ။ | .... | ၁၅၃ |
| ၆၈။ | လတော ဝေါကာရော စ။ | .... | ၁၅၄ |


ဣတိ နာမကပ္ပေ ပဌမော ကဏ္ဍော။

---


| | | | |
|---|---|---|---|
| ၆၉။ | အမှသာ မမံ သဝိဘတ္တိဿာ သေ။ | .... | ၁၅၅ |
| ၇၀။ | မယံ ယောမှိ ပဌမေ။ | .... | ၁၅၅ |
| ၇၁။ | န္တုဿ န္တော။ | .... | ၁၅၆ |
| ၇၂။ | န္တဿ သေ ဝါ။ | .... | ၁၅၆ |
| ၇၃။ | အာ သိမှိ။ | .... | ၁၅၇ |
| ၇၄။ | အံ နပုံသကေ။ | .... | ၁၅၇ |
| ၇၅။ | အဝဏ္ဏာ စ ဂေ။ | .... | ၁၅၈ |

| ဦးရေ | သုတ်စဉ်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၇၆။ | တော တိ တာ သဿ်ိ နာသုံ။ | .... | ၁၅၈ |
| ၇၇။ | နံမှိ တံ ဝါ။ | .... | ၁၅၉ |
| ၇၈။ | ဣမဿိဒမံသိသု နပုံသကေ။ | .... | ၁၅၉ |
| ၇၉။ | အမုဿာဒုံ။ | .... | ၁၆၀ |
| ၈၀။ | ဣတ္ထိပုမနပုံသကသင်္ချံ။ | .... | ၁၆၀ |
| ၈၁။ | ယေ-သု ဒွိန္နံ ဒွေ စ။ | .... | ၁၆၁ |
| ၈၂။ | တိစတုန္နံ တဲ့သော စတဿော တယော စတ္တာရော တီဏိ စတ္တာရိ။ | .... | ၁၆၂ |
| ၈၃။ | ပဉ္စာဒီနမကာရော။ | .... | ၁၆၃ |
| ၈၄။ | ရာဇဿ ရညော ရာဇိနော သေ။ | .... | ၁၆၄ |
| ၈၅။ | ရညံ နံမှိ ဝါ။ | .... | ၁၆၅ |
| ၈၆။ | နာသ္မိ ရညာ ဝါ။ | .... | ၁၆၅ |
| ၈၇။ | သ္မိံမှိ ရညေ ရာဇိနိ။ | .... | ၁၆၅ |
| ၈၈။ | တုမှမှာကံ တယိ မယိ။ | .... | ၁၆၆ |
| ၈၉။ | တွမဟံ သိမှိ စ။ | .... | ၁၆၆ |
| ၉၀။ | တဝ မမ သေ။ | .... | ၁၆၆ |
| ၉၁။ | တုယှံ မယှဉ္စ။ | .... | ၁၆၇ |
| ၉၂။ | တံ မမံမှိ။ | .... | ၁၆၈ |
| ၉၃။ | တဝံ မမဉ္စ နဝါ။ | .... | ၁၆၈ |
| ၉၄။ | နာမှိ တယာ မယာ။ | .... | ၁၆၉ |
| ၉၅။ | တုမှဿ တုဝံ တွမံမှိ။ | .... | ၁၆၉ |
| ၉၆။ | ပဒတော ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု ဝေါနော။ | .... | ၁၇၀ |
| ၆၇။ | တေမေကဝစနေသု စ။ | .... | ၁၇၀ |
| ၉၈။ | န အံမှိ။ | .... | ၁၇၀ |
| ၉၉။ | ဝါ တတိယေ စ။ | .... | ၁၇၂ |
| ၁၀၀။ | ဗဟုဝစနေသု ဝေါ နော။ | .... | ၁၇၃ |
| ၁၀၁။ | ပုမန္တဿာ သိမှိ။ | .... | ၁၇၄ |
| ၁၀၂။ | အမာလပနေကဝစနေ။ | .... | ၁၇၅ |
| ၁၀၃။ | သမာသေ စ ဝိဘာသာ။ | .... | ၁၇၆ |
| ၁၀၄။ | ယောသွာနော။ | .... | ၁၇၇ |
| ၁၀၅။ | အာနေ သ္မိံမှိ ဝါ။ | .... | ၁၇၇ |
| ၁၀၆။ | ဟိဝိဘတ္တိမှိ စ။ | .... | ၁၇၈ |

| ဦးရေ | သုတ်စဉ်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀၇။ | သုသ္မိမာ ဝါ။ | .... | ၁၇၈ |
| ၁၀၈။ | ဥ နာမှိ စ။ | .... | ၁၇၉ |
| ၁၀၉။ | အကမ္မန္တဿ စ။ | .... | ၁၇၉ |

## ဉာတိ နာမကပ္ပေ ဒုတိယော ကဏ္ဍော။

| | | | |
|---|---|---|---|
| ၁၁၀။ | တုမှမှေဟိ နမှာကံ။ | .... | ၁၈၀ |
| ၁၁၁။ | ဝါယ္ဝုပ္ပဌမော။ | .... | ၁၈၁ |
| ၁၁၂။ | သဿံ။ | .... | ၁၈၁ |
| ၁၁၃။ | သဗ္ဗနာမကာရတော ပဌမော။ | .... | ၁၈၂ |
| ၁၁၄။ | ဒွန္ဒဋ္ဌာ ဝါ။ | .... | ၁၈၃ |
| ၁၁၅။ | နာညံ သဗ္ဗနာမိကံ။ | .... | ၁၈၄ |
| ၁၁၆။ | ဗဟုဗ္ဗီဟိမှိ စ။ | .... | ၁၈၄ |
| ၁၁၇။ | သဗ္ဗတော နံ သံသာနံ။ | .... | ၁၈၅ |
| ၁၁၈။ | ရာဇဿ ရာဇု သုနံဟိသု စ။ | .... | ၁၈၆ |
| ၁၁၉။ | သဗ္ဗဿိမဿေ ဝါ။ | .... | ၁၈၆ |
| ၁၂၀။ | အနိမိ နာမှိ စ။ | .... | ၁၈၇ |
| ၁၂၁။ | အနပုံသကဿာယံ သိမှိ။ | .... | ၁၈၇ |
| ၁၂၂။ | အမုဿ မောသံ။ | .... | ၁၈၈ |
| ၁၂၃။ | တေ တေ သန္တော။ | .... | ၁၈၈ |
| ၁၂၄။ | တဿ ဝါ နတ္တံ သဗ္ဗတ္ထ။ | .... | ၁၈၉ |
| ၁၂၅။ | သသ္မာသ္မိံ သံသာသွတ္တံ။ | .... | ၁၉၀ |
| ၁၂၆။ | ဣမသဒ္ဒဿ စ။ | .... | ၁၉၀ |
| ၁၂၇။ | သဗ္ဗတော ကော။ | .... | ၁၉၁ |
| ၁၂၈။ | ဃပတော သ္မိံသာနံ သံသာ။ | .... | ၁၉၂ |
| ၁၂၉။ | နေတာဟိ သ္မိမာယယာ။ | .... | ၁၉၂ |
| ၁၃၀။ | မနောဂဏာဒိတော သ္မိံနာနမိအာ။ | .... | ၁၉၃ |
| ၁၃၁။ | သဿ စော။ | .... | ၁၉၅ |
| ၁၃၂။ | ဧတေသမော လောပေ။ | .... | ၁၉၅ |
| ၁၃၃။ | သ သရေ ဝါဂမော။ | .... | ၁၉၆ |
| ၁၃၄။ | သန္တသဒ္ဒဿ သော ဘေ ဗော စန္တေ၊ | .... | ၁၉၆ |
| ၁၃၅။ | သိမှိ ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ အံ။ | .... | ၁၉၈ |

| ဦးရေ | သုတ်စဉ်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃၆။ | သေသေသု နှု၀။ | .... | ၁၉၉ |
| ၁၃၇။ | ဗြဟ္မတ္တ သခ ရာဇာဒိတော အမာနံ။ | .... | ၂၀၀ |
| ၁၃၈။ | သျာ စ။ | .... | ၂၀၀ |
| ၁၃၉။ | ယောန မာနေ။ | .... | ၂၀၁ |
| ၁၄၀။ | သခတော စာယော နော။ | .... | ၂၀၁ |
| ၁၄၁။ | သ္မိံခမ။ | .... | ၂၀၂ |
| ၁၄၂။ | ဗြဟ္မတော ဂသ စ။ | .... | ၂၀၂ |
| ၁၄၃။ | သခန္တသိနောနာနံသေသု။ | .... | ၂၀၃ |
| ၁၄၄။ | အးရော ဟိမ္ဟိ ဝါ။ | .... | ၂၀၃ |
| ၁၄၅။ | သုနမံသု ဝါ။ | .... | ၂၀၄ |
| ၁၄၆။ | ဗြဟ္မတော တု သ္မိံနိ။ | .... | ၂၀၄ |
| ၁၄၇။ | ဥတ္တံ သနာသု။ | .... | ၂၀၅ |
| ၁၄၈။ | သတ္ထုပိတာဒီနမာ သိသ္မိံ သိလောပေါ စ။ | .... | ၂၀၅ |
| ၁၄၉။ | အညသ္မာရတ္တံ။ | .... | ၂၀၆ |
| ၁၅၀။ | ဝါ နံမှိ။ | .... | ၂၀၇ |
| ၁၅၁။ | သတ္ထုနတ္တဉ္စ။ | .... | ၂၀၇ |
| ၁၅၂။ | ဥ သသ္မိံ သလောပေါ စ။ | .... | ၂၀၈ |
| ၁၅၃။ | သက္ကမန္ဓာတာဒီနဉ္စ။ | .... | ၂၀၉ |
| ၁၅၄။ | တတော ယောနမောတု။ | .... | ၂၁၀ |
| ၁၅၅။ | တတော သ္မိမိ။ | .... | ၂၁၀ |
| ၁၅၆။ | နာအာ။ | .... | ၂၁၁ |
| ၁၅၇။ | အာရော ရသ္မိကာရေ။ | .... | ၂၁၁ |
| ၁၅၈။ | ပိတာဒီနမသိမှိ။ | .... | ၂၁၂ |
| ၁၅၉။ | တယာတယီနံ တကာရော တ္တံ ဝါ။ | .... | ၂၁၃ |

ဣတိ နာမကပ္ပေ တတိယော ကဏ္ဍော။

---

| ဦးရေ | သုတ်စဉ်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆၀။ | အတ္တန္တော ဟိသ္မိ မနတ္တံ။ | .... | ၂၁၃ |
| ၁၆၁။ | တတော သ္မိံနိ။ | .... | ၂၁၄ |
| ၁၆၂။ | သဿ နော။ | .... | ၂၁၅ |
| ၁၆၃။ | သ္မာ နာ။ | .... | ၂၁၅ |
| ၁၆၄။ | ဈလတော စ။ | .... | ၂၁၆ |
| ၁၆၅။ | ဃပတော သ္မိံ ယံ ဝါ။ | .... | ၂၁၆ |

| ဦးရေ | သုတ်စဉ်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆၆။ | ယောနံ နိ နပုံသကေဟိ။ | .... | ၂၁၇ |
| ၁၆၇။ | အတော နိစ္စံ။ | .... | ၂၁၇ |
| ၁၆၈။ | သိံ။ | .... | ၂၁၈ |
| ၁၆၉။ | သေသတော လောပံ ဂသိပိ။ | .... | ၂၁၉ |
| ၁၇၀။ | သဗ္ဗာသမာဝုသောပသဂ္ဂနိပါတာဒီဟိ စ။ | .... | ၂၂၀ |
| ၁၇၁။ | ပုမဿ လိင်္ဂါဒီသု သမာသေသု။ | .... | ၂၂၂ |
| ၁၇၂။ | အံ ယမိတော ပသညတော။ | .... | ၂၂၃ |
| ၁၇၃။ | နံ ဈတော ကတရဿာ။ | .... | ၂၂၃ |
| ၁၇၄။ | ယောနံ နေ။ | .... | ၂၂၄ |
| ၁၇၅။ | သ္မိံ နိ။ | .... | ၂၂၅ |
| ၁၇၆။ | ကိဿ က ဝေ စ။ | .... | ၂၂၅ |
| ၁၇၇။ | ကု ဟိံ ဟံသု စ။ | .... | ၂၂၆ |
| ၁၇၈။ | သေသေသု စ။ | .... | ၂၂၆ |
| ၁၇၉။ | တြ တော ထေသု စ။ | .... | ၂၂၈ |
| ၁၈၀။ | သဗ္ဗဿေတဿာကာရော ဝါ။ | .... | ၂၂၈ |
| ၁၈၁။ | တြေ နိစ္စံ။ | .... | ၂၂၉ |
| ၁၈၂။ | ဧ တောထေသု စ။ | .... | ၂၂၉ |
| ၁၈၃။ | ဣမဿိ ထံ ဒါနိ ဟ တော ဓေသု စ။ | .... | ၂၂၉ |
| ၁၈၄။ | အ ဓုနာမှိ စ။ | .... | ၂၃၀ |
| ၁၈၅။ | ဧတ ရဟိမှိ။ | .... | ၂၃၀ |
| ၁၈၆။ | ဣတ္ထိယမတော အာပစ္စယော။ | .... | ၂၃၁ |
| ၁၈၇။ | နဒါဒိတော ဝါ ဤ။ | .... | ၂၃၂ |
| ၁၈၈။ | ဏဝ ဏိက ဏေယျ ဏန္တုဟိ။ | .... | ၂၃၃ |
| ၁၈၉။ | ပတိဘိက္ခုရာဇီကာရန္တေဟိ ဣနီ။ | .... | ၂၃၄ |
| ၁၉၀။ | န္တုဿ တမီကာရေ။ | .... | ၂၃၄ |
| ၁၉၁။ | ဘဝတော ဘောတော။ | .... | ၂၃၅ |
| ၁၉၂။ | ဘော ဂေ တု။ | .... | ၂၃၅ |
| ၁၉၃။ | အကာရပိတာဒျန္တာနမာ။ | .... | ၂၃၆ |
| ၁၉၄။ | ဈလပါ ရဿံ။ | .... | ၂၃၆ |
| ၁၉၅။ | အာကာရော ဝါ။ | .... | ၂၃၇ |


ဣတိ နာမကပ္ပေ စတုတ္ထော ကဏ္ဍော။

## သဒ္ဒါကြီးရှစ်စောင် အမေးအဖြေကျမ်း


| ဦးရေ | သုတ်စဉ်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉၆။ | တ္တာဒယော ဝိဘတ္တိသညာယော။ | .... | ၂၃၇ |
| ၁၉၇။ | ကွစိ တော ပဉ္စမျတ္ထေ။ | .... | ၂၃၉ |
| ၁၉၈။ | တြထ သတ္တမိယာ သဗ္ဗနာမေဟိ။ | .... | ၂၄၀ |
| ၁၉၉။ | သဗ္ဗတော ဓိ။ | .... | ၂၄၀ |
| ၂၀၀။ | ကိံသ္မာ ဝေါ။ | .... | ၂၄၁ |
| ၂၀၁။ | ဟိံ ဟံ ဟိဉ္စနံ။ | .... | ၂၄၁ |
| ၂၀၂။ | တမှာ စ။ | — | ၂၄၁ |
| ၂၀၃။ | ဣမသ္မာ ဟ ဓာ စ။ | — | ၂၄၁ |
| ၂၀၄။ | ယတော ဟိံ။ | — | ၂၄၂ |
| ၂၀၅။ | ကာလေ။ | — | ၂၄၂ |
| ၂၀၆။ | ကိံသဗ္ဗညေကယကုဟိ ဒါ ဒါစနံ။ | — | ၂၄၃ |
| ၂၀၇။ | တမှာ ဒါနိ စ။ | .... | ၂၄၃ |
| ၂၀၈။ | ဣမသ္မာ ရဟိ ဓုနာ ဒါနိ စ။ | .... | ၂၄၃ |
| ၂၀၉။ | သဗ္ဗဿ သော ဒါမှိ ဝါ။ | .... | ၂၄၄ |
| ၂၁၀။ | အဝဏ္ဏော ယေ လောပဉ္စ။ | .... | ၂၄၅ |
| ၂၁၁။ | ဝုဍ္ဎဿ ဇော ဣယိဋ္ဌေသု။ | .... | ၂၄၅ |
| ၂၁၂။ | ပသတ္ထဿ သော စ။ | .... | ၂၄၆ |
| ၂၁၃။ | အန္တိကဿ နေဒေါ။ | .... | ၂၄၆ |
| ၂၁၄။ | ဗာဠှဿ သာဓော။ | — | ၂၄၇ |
| ၂၁၅။ | အပ္ပဿ ကဏ။ | .... | ၂၄၇ |
| ၂၁၆။ | ယုဝါနဉ္စ။ | — | ၂၄၈ |
| ၂၁၇။ | ဝန္တုမန္တုဝီနဉ္စ လောပေါ။ | — | ၂၄၈ |
| ၂၁၈။ | ယဝတံ တ လ ဏ ဒကာရာနံ ဗျဉ္ဇနာနိ စ လ ဉ ဇကာရတ္တံ။ | .... | ၂၄၉ |
| ၂၁၉။ | အမှ တုမှ န္တု ရာဇ ဗြဟ္မတ္တ သခ သတ္ထု ပိတာဒီဟိ သ္မာ နာဝ။ | — | ၂၅၀ |


ဣတိ နာမကပ္ပေ ပဉ္စမော ကဏ္ဍော။

နာမသုတ္တံ နိဋ္ဌိတံ။

ဦးရေ | သုတ်စဉ်မာတိကာ | စာမျက်နှာ

## ၃-ကာရက မာတိကာ

၁။ ယသ္မာ ဒပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ။ ... ၂၅၄
၂။ ဓာတုနာမာနမုပသဂ္ဂယောဂါဒီသွပိ စ။ ... ၂၅၈
၃။ ရက္ခဏတ္ထာနမိစ္ဆိတံ။ ... ၂၆၆
၄။ ယေန ဝါဒဿနံ။ ... ၂၆၇
၅။ ဒူရန္တိကဒ္ဓကာလ နိမ္မာန တွာလောပ ဒိသာယောဂ
ဝိဘတ္တာရပ္ပယောဂ သုဒ္ဓပ္ပမောစန ဟေတု ဝိဝိတ္တပ္ပ
မာဏပုဗ္ဗယောဂ ဗန္ဓန ဂုဏဝစန ပဉှကထန
ထောကာကတ္တူသု စ။ ... ၂၆၈
၆။ ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ
တံ သမ္ပဒါနံ။ ... ၂၇၄
၇။ သိလာဃ ဟနု ဌာ သပ ဓာရပိဟ ကုဓဒုဟိဿော
သူယရာဓိက္ခ ပစ္စာသုဏ အနုပတိ ဂိဏ ပုဗ္ဗကတ္တာ
ရောစနတ္ထ တဒတ္ထ တုမတ္ထာလမတ္ထ မညာနာဒရပ္ပာဏိနိ
ဂတျတ္ထကမ္မနိ အာသိသတ္ထသမ္မုတိ ဘိယျ
သတ္တမျတ္ထေသု စ။ ... ၂၇၆
၈။ ယောဓာရော တမောကာသံ။ ... ၂၈၁
၉။ ယေန ဝါ ကယိရတေ တံ ကရဏံ။ ... ၂၈၄
၁၀။ ယံ ကရောတိ တံ ကမ္မံ။ ... ၂၈၆
၁၁။ ယော ကရောတိ သ ကတ္တာ။ ... ၂၈၇
၁၂။ ယော ကာရေတိ သ ဟေတု။ ... ၂၉၀
၁၃။ ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ။ ... ၂၉၁
၁၄။ လိင်္ဂတ္ထေ ပဌမာ။ ... ၂၉၄
၁၅။ အာလပနေ စ။ ... ၂၉၆
၁၆။ ကရဏေ တတိယာ။ ... ၂၉၇
၁၇။ သဟာဒိယောဂေ စ။ ... ၂၉၈
၁၈။ ကတ္တရိ စ။ ... ၂၉၈
၁၉။ ဟေတွတ္ထေ စ။ ... ၂၉၉
၂၀။ သတ္တမျတ္ထေ စ။ ... ၃၀၀
၂၁။ ယေနင်္ဂဝိကာရော။ ... ၃၀၁
၂၂။ ဝိသေသနေ စ။ ... ၃၀၂

| ဦးရေ | သုတ်စဥ်မာတိကာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | သမ္ပဒါနေ စတုတ္ထီ။ | ၃၀၃ |
| ၂၄။ | နမော ယောဂါဒီသွပိ စ။ | ၃၀၄ |
| ၂၅။ | အပါဒါနေ ပဥ္စမီ။ | ၃၀၅ |
| ၂၆။ | ကရဏတ္ထေ စ။ | ၃၀၆ |
| ၂၇။ | ကမ္မတ္ထေ ဒုတိယာ။ | ၃၀၇ |
| ၂၈။ | ကာလဒ္ဓါနမစ္စန္တသံယောဂေ။ | ၃၀၈ |
| ၂၉။ | ကမ္မပ္ပဝစနီယယုတ္တေ။ | ၃၀၉ |
| ၃၀။ | ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟရ သယာဒီနံ ကာရိတေ ဝါ။ | ၃၁၀ |
| ၃၁။ | သာမိသ္မိံ ဆဋ္ဌီ။ | ၃၁၁ |
| ၃၂။ | ဩကာသေ သတ္တမီ။ | ၃၁၂ |
| ၃၃။ | သာမိဿရာဓိပတိ ဒါယာဒ သက္ခိ ပတိဘူ ပသုတ ကုသလေဟိ စ။ | ၃၁၃ |
| ၃၄။ | နိဒ္ဓါရဏေ စ။ | ၃၁၄ |
| ၃၅။ | အနာဒရေ စ။ | ၃၁၆ |
| ၃၆။ | ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ။ | ၃၁၇ |
| ၃၇။ | တတိယာ သတ္တမီနဉ္စ။ | ၃၁၈ |
| ၃၈။ | ဆဋ္ဌီ စ။ | ၃၁၈ |
| ၃၉။ | ဒုတိယာ ပဉ္စမီနဉ္စ။ | ၃၁၉ |
| ၄၀။ | ကမ္မကရဏနိမိတ္တတ္ထေသု သတ္တမီ။ | ၃၁၉ |
| ၄၁။ | သမ္ပဒါနေ စ။ | ၃၂၀ |
| ၄၂။ | ပဉ္စမျတ္ထေ စ။ | ၃၂၁ |
| ၄၃။ | ကာလဘာဝေသု စ။ | ၃၂၂ |
| ၄၄။ | ဥပဇ္ဈာဓိကိဿရဝစနေ။ | ၃၂၃ |
| ၄၅။ | မဏ္ဍိတုဿုက္ကေသု တတိယာ စ။ | ၃၂၄ |


ဣတိ နာမကပ္ပေ ကာရကကပ္ပေါ ဆဋ္ဌော ကဏ္ဍော။

ကာရကသုတ္တံ နိဋ္ဌိတံ။

## ၄–သမာသ်


| | | |
|---|---|---|
| ၁။ | နာမာနံ သမာသော ယုတ္တတ္ထော။ | ၃၂၆ |
| ၂။ | တေသံ ဝိဘတ္တိယော လောပါ စ။ | ၃၃၀ |
| ၃။ | ပကတီ စဿ သရန္တဿ။ | ၃၃၂ |

| ဦးရေ | သုတ်စဉ်မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၄။ | ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ။ | .... | ၃၃၅ |
| ၅။ | သော နပုံသကလိင်္ဂေါ။ | .... | ၃၃၈ |
| ၆။ | ဒိဂုဿေကတ္တံ။ | .... | ၃၃၉ |
| ၇။ | ထထာ ဒွန္ဒေ ပါဏိ တူရိယယောဂ္ဂသေနင်္ဂ ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထာဒီနဉ္စ။ | — | ၃၄၀ |
| ၈။ | ဝိဘာသာ ရုက္ခ တိဏ ပသု ဓန ဓည ဇနပဒါဒီနဉ္စ။ | .... | ၃၄၂ |
| ၉။ | ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော။ | .... | ၃၄၃ |
| ၁၀။ | သင်္ချာပုဗ္ဗော ဒိဂု။ | .... | ၃၄၆ |
| ၁၁။ | ဥဘေ တပ္ပုရိသာ။ | .... | ၃၄၇ |
| ၁၂။ | အမာဒယော ပရပဒေဘိ။ | .... | ၃၄၉ |
| ၁၃။ | အညပဒတ္ထေသု ဗဟုဗ္ဗီဟိ။ | .... | ၃၅၀ |
| ၁၄။ | နာမာနံ သမုစ္စယော ဒွန္ဒော။ | .... | ၃၅၂ |
| ၁၅။ | မဟတံ မဟာ တုလျာဓိကရဏေ ပဒေ။ | .... | ၃၅၅ |
| ၁၆။ | ဣတ္ထိယံ ဘာသိတပုမိတ္ထီ ပုမာဝ စေ။ | .... | ၃၅၆ |
| ၁၇။ | ကမ္မဓာရယသညေ စ။ | .... | ၃၅၇ |
| ၁၈။ | အတ္တံ နဿ တပ္ပုရိသေ။ | .... | ၃၅၈ |
| ၁၉။ | သရေ အန်။ | .... | ၃၅၉ |
| ၂၀။ | ကဒ် ကုဿ။ | — | ၃၆၀ |
| ၂၁။ | ကာပ္ပတ္ထေသု စ။ | — | ၃၆၀ |
| ၂၂။ | ကွစိ သမာသန္တဂတာနမကာရန္တော။ | .... | ၃၆၁ |
| ၂၃။ | နဒိမှာ စ။ | .... | ၃၆၂ |
| ၂၄။ | ဇာယာယ တုဒံ ဇာနိ ပတိမှိ။ | — | ၃၆၃ |
| ၂၅။ | ဓနုမှာ စ။ | .... | ၃၆၄ |
| ၂၆။ | အံဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ။ | .... | ၃၆၄ |
| ၂၇။ | သရော ရဿော နပုံသကေ။ | — | ၃၆၅ |
| ၂၈။ | အညသ္မာ လောပေါ စ။ | .... | ၃၆၆ |

ဣတိ နာမကပ္ပေ သမာသကပ္ပော သတ္တမော ကဏ္ဍော။

**သမာသသုတ္တံ နိဋ္ဌိတံ။**

# နိဒါန်း

နမော အဒ္ဒဗျဉ္ဇနာယ ဝိဘဇ္ဇပါဒိနော။

မလယတောင် စန္ဒကူးတောမှ တိုက်ခတ်သော လေပြေသည် ဂန္ဓာရုံခံစား သူတို့၏ စိတ်နှလုံးကို ရွှင်ပြုံး နှစ်သိမ့်စေဘိသကဲ့သို့ သာသနာစလ ပရိယတ္တိ ဥယျာဉ်မှ အဆင်သင့် ဖြစ်ပေါ်၍လာသော ဤကျမ်းစာ လေပြေသည် သုဏန္တပုဂ္ဂိုလ် စာသင်ပျိုတို့၏ မနောဓာတ်ကို သောမနဿဝေဒနာ ကပ်ရောက် စေရန် ကမ္ဘာရား၏ ဖန်ဆင်းခြင်းပင် ဖြစ်ပေကြောင်း။

ထိုစကားမှန်လှ၏။ သာသနာသုံးရပ်တွင် ပရိယတ္တိဓမ္မသည် အရေးအကြီး ဆုံးဖြစ်၍ ၎င်းပါဝစနာဟုဆိုအပ်သော ပရိယတ္တိကိုလည်း နိရုတ္တိဟုဆိုအပ်သော ဗျာကရဏသဒ္ဒါကျမ်းမျိုးနှင့် ကင်း၍သိမြင်ခြင်းငှာ မသွမ်းနိုင်ပေ။ သို့ဖြစ်၍ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင်ပြင် မရပိယတိဿမင်းဆောက်လုပ်လှူဒါန်းသော မဟာဝိဟာရကျောင်းတိုက်နေ အသျှင်ဝဇိရဗုဒ္ဓိမထေရ် စီရင်အပ်သည့် မုခမတ္တ ဒီပနီခေါ် ဉျာသကျမ်း၌—

ကစ္စာယနဉ္စ မုနိပဏ္ဏိဘဗုဒ္ဓိ —

စသည်ဖြင့် ရှင်တော်ဘုရား၏ သမ္မုခသာဝက ဝိတ္ထာရဘာဇန ဧတဒဂ်ရ မဟာကစ္စာယနမထေရ် စီရင်အပ်သော ကျမ်းဖြစ်ကြောင်း ချီးကျူးခြင်းခံရ သော ကစ္စာယနဗျာကရုဏ်းကျမ်းကို ယခုအခါ စာသင်သားတို့သည် ပရိယတ္တိ ဓမ္မ၏ စက်သဘောကြီးပြုလုပ်ကာ တက်စီးကူးခတ်လျက် ရှိကြပေသည်။

မဇ္ဈိမဒေသ ဣန္ဒိယနိုင်ငံမှ သာသနဗာဟိရကဖြစ်သော ဟိန္ဒူဗင်္ဂါလီတို့ သည် ဝေဒ၏အစိတ်ဖြစ်သော ကောမာရ, သာကဋာယန, သာရဿတ, ပါဏိနိ စသော သက္ကဋဘာသာ ဗျာကရုဏ်းရွက်သဘောကြီးတို့ဖြင့် အနှစ်နှစ်အလလ ကူးခတ်၍ မိမိတို့ဆိုင်ရာ ဝေဒဝေဇ္ဇ၊ နိဃဏ္ဍု၊ ပုရာဏ၊ ကေဋုဘ၊ ဣတိဟာသ ကျမ်းတည်းဟူသော သမုဒ္ဒရာ၏ကမ်းတဘက်သို့ တက်ရောက်ကာ ကမ္ဘာ၏ အရသာကိုခံစားကြဘိသကဲ့သို့ မြန်မာပြည်မှသာသနိကပုဂ္ဂိုလ်တို့သည်လည်း ဤ “ကစ္စာယနဗျာကရုဏ်း”တည်းဟူသော စက်သဘောဖြင့် လျှပ်စစ်တိမ်ပန်းပမာ

လျှင်မြန်စွာ ကူးခတ်၍ အာဂမဟုဆိုအပ်သော အင်္ဂါကိုးသွယ်၊ နိကာယ်ငါးရပ်၊ ပိဋကတ် သုံးတန် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တည်းဟူသော သမုဒ္ဒရာ၏ ကမ်းတဘက်သို့ တက်ရောက်ကာ သာသနာ၏အရသာကို ခံစားကြပေသည်။

ကစ္စာယန ဗျာကရုဏ်း၏ အနက်အဓိပ္ပာယ်တို့သည် ပါဏိနိ, ကာတန္တြ စသော သက္ကတဘာသာ လောကီယသဒ္ဒါကျမ်းများနှင့် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တည်းဟူသော သာသနိကကျမ်းအလုံးစုံတို့၏ ပေါင်းဆုံရာ သုတ္တာကရ သတ္တမဥ္ဇူသာ သဒ္ဒါတံတင်းသဖွယ်ဖြစ်သဖြင့် ရတနာကရ အဏ္ဏဝသမုဒ္ဒရာကြီးကဲ့သို့ ဒုရောဂါဂါဠှ, အလဗ္ဘနေယျပတိဋ္ဌ, ပရမဂမ္ဘီရဖြစ်ရကား ထိုကျမ်း၏ ခက်ဆစ်အနှစ်သာရတို့ကို စာသင်သားတို့သိမြင်နိုင်ရန် မဟာဝေယျာကရဏကြီး သဒ္ဒပါရဂူဖြစ်တော်မူကြသော ရှေးပညာရှိ ကဝိရာဇာတို့နှင့် ယခုပညာရှိ အက္ခရစိန္တကာ သဒ္ဒါသကြီတို့သည် နည်းအမျိုးမျိုး ဉာဏ်အမျိုးမျိုးတို့ဖြင့် ထုတ်ဆောင်၍ ကစ္စာယနအဋ္ဌကထာကျမ်းမျိုးတို့ကို ရေးသားဖွင့်ဆိုကြကုန်၏။

ခက်ရာခက်ဆစ်အနှစ်သာရတို့မည်သည် စစ်ဆေးမေးမြန်းခြင်းတည်းဟူသော ပဉ္စာစောဒနာမျိုးနှင့်ကင်း၍ တထစ်ချကောင်းစွာသိမြင်ရန် မစွမ်းနိုင်ပေ။ထို့ကြောင့် ကျွန်ုပ်တို့ မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် ဆဋ္ဌမြောက် အဘိဓမ္မာကျမ်းကြီး၌ တကျမ်းလုံး အမေးအဖြေပြု၍ ဟောတော်မူခဲ့လေသည်။ ထိုမှတပါး အထူးအားဖြင့် မဟာစုန်တော၌ မဟာသမယသုတ်ကို ဟောတော်မူစဉ် ဓမ္မပ္ပဋိဂ္ဂါဟက သုဏန္တပုဂ္ဂိုလ်တို့မှာ ပုစ္ဆာဝေနေယျတို့ဖြစ်သဖြင့် ပုစ္ဆာထုတ်စောဒက ပုဂ္ဂိုလ်ကို လိုက်လံရှာဖွေရာ အနန္တစကြဝဠာ ကမ္ဘာလောကဓာတ်၌ ဤအစည်းအဝေးရှိ သတ္တဝါတို့အား ဓမ္မာဘိသမယဖြစ်စေရန် မေးစွမ်းနိုင်သောပုဂ္ဂိုလ်ကို မမြင်သောကြောင့် ကိုယ်တော်တိုင် နိမ္မိတဗုဒ္ဓတဆူ ဖန်ဆင်းပြီး—

> ပုစ္ဆာမိ မုနိံ ပဟူတပညံ—

စသည်ဖြင့် အမေးခိုင်းရလေသည်။ သင်္ဂဟအဋ္ဌကထာသစ်ဆရာ သျှင်မဟာဗုဒ္ဓဃောသ၊ အဋ္ဌကထာနှင့် ဋီကာဆရာတပိုင်းဖြစ်သော အာစရိယ ဓမ္မပါလ စသည့် ကျမ်းဆရာကြီးတို့လည်း မိမိတို့ကျမ်းစာတွင် ထိုထိုခက်ရာ ခက်ဆစ်အနှစ်သာရမျိုးကို ဖော်ထုတ်သော အချက်တို့၌ အမေး- အဖြေတည်းဟူသော စောဒနာ၊ ပရိဟာရ၊ သံဝဏ္ဏနာတို့ဖြင့် တန်ဆာဆင်၍ စခန်းသွားကြပေသည်။

ယင်းသို့ ဆိုခဲ့ပြီးသောအချက်တို့ကို အကွက်ကျသဘောမိ၍ မိမိကိုယ်တိုင် ပိဋကတ် တည်းဟူသော သမုဒ္ဒရာကို ကစ္စာယန ဗျာကရုဏ်း တည်းဟူသော စက်သင်္ဘော၊ စောဒနာ- ပရိဟာရ တည်းဟူသော ရွက်သင်္ဘောတို့ဖြင့် ကူးတ်လာခဲ့ရသော **"စန္ဒောဘာသာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"**

ဘွဲ့တော်ရသခင် ဤကျမ်းဆရာ အရှင်မြတ်သည် စာသင်သားတို့အား ဖြတ်လမ်းခရီးဖြင့် မိမိရောက်ပြီးသော ဆိပ်ကမ်းသို့ ပို့ဆောင်လိုရကား ဤ "ကစ္စာယန ပဉ္စာဗျာကရဏ ဝိဘာဝနီ" မည်သော ဝေဟင်မ—နဘယာနံ လေယာဉ်ပျံ စာပို့ကို တည်ဆောက်လိုက်ပေကြောင်း။

---

## ဥယျောဇဉ်

ဤကျမ်းစာကိုရှုသူ သုဓာန္တပုဂ္ဂိုလ် စာသင်ပျိုတို့အတွက် အမြွက်မျှ သတိပေးလိုက်သည်ကား—

ဝေပုလ္လံ လဒ္ဓကော ဂန္ထံ၊ မဏာဒိရတနံ ဗဟုံ။
သန္တံ အင်္ဂါရကဿေပိ၊ ဂဟဏော ကိံ ပယောဇနံ—

ဟူသော သဒ္ဒနီတိ ဋီကာဆရာ မောင်းထောင်ဆရာတော် သျှင်ပညာသာမိ၏ ပရိဘာသာအရ ဇောတိရသ စသော ပတ္တမြားရတနာတို့၏ ဖြစ်ပေါ်ရာ ဝေပုလ္လတောင်သို့ ရောက်သော တောမုဆိုးသည် အဖိုးအနဂ္ဃ ထိုက်တန်သော ပတ္တမြားရတနာတို့ကိုမယူပဲ မီးသွေးကျောက်ကို ယူသဖြင့် အဘယ်အကျိုးရှိအံ့နည်း ဆိုသကဲ့သို့ အကာကိုပစ်ပြီး အနှစ်ကို ယူကြရန် ပရမ မဟာဗျာသယ၊ ဥဠာရစ္ဆန္ဒဖြင့် တိုက်တွန်းလိုက်ရပေသတည်း။

ကျမ်းပြုအသျှင်၏
"သမာနာစရိယက ပိယသဟာယက"
စိုးမြင့် ရွှေစကြာ၊
ခွဲထားကျော် ဂန္ထာကျမ်းဆရာ၊
၁၂၉၇-ခု၊ တပေါင်းလဆန်း (၁၅) ရက်နေ့

# ပဌာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) ဗုဒ္ဓံ ဓမ္မံ သံဃဉ္စဿ၊ ပဉ္စဗျာကရဏုတ္တမံ။
ဗျာကရဏံ ကစ္စာနဿ၊ နတွာ ကဿံ ဝိဘာဝနိံ။

(၂) သက္ကံ ဒဟံ သမိဇ္ဈေတိ၊ ဇောတိရသော ယထာ မဏိ။
ဧဝါယမ္ပိ သမိဇ္ဈိဿံ၊ အတိသီဃံ သကိစ္စိတံ။

(၃) ပဝနံ ကဠကော ဂစ္ဆံ၊ ဖေဂ္ဂုံ စတွာ ဂဏှေ သာရံ။
တထာဝိဓာပိ သံဂဏှေ၊ မာ စောဒယေ ပရေ သဒ္ဓိ။

## ပဌာမအနက်

(၁) အဟံ၊ အဟုတ်အမှန် ရှုဆတော့ ရုပ်နာမ် အစုမျှဖြစ်သော အကျွန်ုပ်သည်။ ပဉ္စဗျာကရဏုတ္တမံ၊ အမေးအဖြေ၌လိမ္မာကုန်သော သူတို့ထက်။ ဝါ၊ သူတို့၌။ ဝါ၊ သူတို့တွင် မြတ်တော်မူထသော။ ဝါ၊ အမေးအဖြေနှင့် ပြည့်စုံကုန်သော သူတို့ထက်။ သူတို့၌။ သူတို့တွင် မြတ်တော်မူထသော။ ဝါ၊ မြတ်သော အမေးအဖြေ ရှိတော်မူထသော။ ဝါ၊ မြတ်သောအမေးအဖြေ၌ လိမ္မာခြင်း ရှိတော်မူထသော။ ဝါ၊ မြတ်သောအမေးအဖြေနှင့် ပြည့်စုံခြင်းရှိတော်မူထသော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးရပ် တရားမြတ်ကို သိတတ်သိစေ ထွေထွေများလှ သကတ္တကြောင့် ဗုဒ္ဓမည်ငြား ရှင်တော်မြတ်ဘုရားကိုရင်း။ အဿ၊ ထိုရှင်တော်မြတ်ဘုရား၏။ ဓမ္မဉ္စ၊ လောကီ လောကုတ် ပစ္စုပ်သံသာ ကျိုးနှစ်ဖြာကို ဆောင်ရှာတတ်လှ သကတ္တကြောင့် ဓမ္မမည်ငြား ဆယ်ပါးသော တရားတော်မြတ်ကိုရင်း။ အဿ၊ ထိုရှင်တော်မြတ်ဘုရား၏။ သံဃဉ္စ၊ ဆိုးညစ်ထွေပြား ကိလေများကို ပယ်ရှားသတ်ကြ သကတ္တကြောင့် သံဃမည်ငြား ရှစ်ပါးသော အရိယာ သံဃာတော်မြတ်ကိုရင်း။ နတွာ-နမာမိ၊ ဘယကင်းပျောက် ကျမ်းပြီးမြောက်ရန် စိတ်ရည်သန်၍ သုံးတန်ဒွါရ ပဏာမဖြင့် ကြည်ဆွ ရိုကျိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ ကစ္စာနဿ၊ ကျဉ်းကို

ကျယ်ဝေ များဝေထွေထွေထက် တေဇဂ်ရ ကစ္စာနစ်၏ ဥစ္စာတော်စစ် ဖြစ်ကြီးဖြစ်သော ကစ္စည်းကျမ်း၏၊ ဗျာကရဏ် (ပဥ္စာဗျာကရဏ်)၊ အမေးအဖြေကို၊ (ဤ၌ ဆန်းကြောင့် ပဥ္စာပုဒ်ကျော၍ အ အာဒိဃနေသည်)။ ဝိဘာဝနီ၊ ထင်စွာပြရာပြကြောင်းဖြစ်သောကြောင့် "ကစ္စာယန ပဥ္စာဗျာကရဏ ဝိဘာဝနီ" အမည်ရှိသော ကျမ်းကို၊ ကသံ၊ စွမ်းအားသတ္တိရှိဘည့်အလျောက် ရွေးကောက်ယူငင် ပြုစီရင်တော့အံ့။

(၂) ဇောတိရသော၊ ဇောတိရသ အမည်ရ၍ ပြည်မက မျိုးမွန် အဖိုးတန်လှပေသော။ (တိ၌ ဆန်းကြောင့်-ဒီဃ) မဏိ၊ ကြံစည်တိုင်းပေါက် ဆောင်တိုင်းမြောက်သည့် အံ့လောက်ထင်ရှား မြပတ္တမြားသည်။ သကံ၊ မိမိကို။ ဇဟံ-ဇဟန္တံ၊ လေးမြတ်ကြည်ဖြူ ဆောင်သောသူကို။ အတိသိဃံ၊ မိနစ်စက္ကန့် မတန့်မခြား မမှားကေန် အမြန်ကြီး မြန်လှစွာသာလျှင်။ သကိစ္စိတံ၊ ကိုယ့်စိတ်ဆန္ဒ သဗ္ဗဥဿုံ လိုမျိုးစုံဖြစ်သော အကျိုးကို။ သမိဇ္ဈေတိ ယထာ၊ အမြန်ချက်ချင်း လက်ငင်းမသွေ ပြည့်စုံစေသကဲ့သို့။ ဇဝံ တထာ၊ ဤပြည်တန်မြသား ပတ္တမြားနှင့် မပြားတမူ အလားတူသာလျှင်၊ အယမ္ပိ ဂန္ထော၊ ဤကျမ်းသည်လည်း။ ဝါ၊ မေးနည်း ဖြေနည်း အနည်းနည်းနှင့်တကွ ပုဒ်ဖြတ် ပုဒ်စပ် ရှပ်- ခတ်- လိင်- ဝုစ် ညွန့်ပေါင်းချုပ်၍ ကောက်နုတ်ဖြာဖြာ လွန်စွာသိပ်သည်း သဒ္ဒါ့ထိပ်သီး တည်းဟူသော ဤ "ကစ္စာယနပဥ္စာဗျာကရဏဝိဘာဝနီကျမ်း"သည်လည်း။ သကံ၊ မိမိကို။ ဒဟံ-ဒဟန္တံ၊ သင်-အံ-ကြံ-ကြည့် လက်ကိုင်ရှိ၍ မိမိရရ ဆောင်ယူကြသော စာချစာသင် ထေရ်အရှင်များကို။ အတိသိဃံ၊ ခေတ်သစ်ပေါ်ထွက် ဝိုင်ယာလက်သွင် အလွန်လျင်မြန်စွာ။ သကိစ္စိတံ၊ မေးဖြေ ရေးဖြေ မသေးစေပဲ ထွေထွေအောင်ပွဲ ဦးအခေါင်ပဌမစွဲရခြင်း ခက်ဆစ်ခက်ရာ ဖြာဖြာကွယ်ဝှက် ဓိပ္ပာယ်နက်ကို အချက်ကျကျ အကွက်လှလှနှင့် သိမြင်ရခြင်းစသော မိမိတို့ လိုအပ်သောအကျိုးကို။ သမိဇ္ဈိဿံ-သမိဇ္ဈိဿတိ၊ စိတ်သာချပေတော့ ဒိဋ္ဌေကေန် ပြည့်စုံရိုးမှန်ပါစေလိမ့်သတတ်။ ဝါ၊ မနှေးအမြန် ပြည့်စုံပါစေလိမ့်မည်။

(၃) ပဝနံ၊ ပင်စုံလွန်ပေါ မြိုင်တောသာစွ ဂနိုင်ဝသို့။ ဂစ္ဆံ-ဂစ္ဆန္တော၊ မကြောက်မရွံ့ နောက်မတွန့်ပဲ ရဲစွန့်ဖွေရှာ သွားရောက်ပါသော။ ကဋ္ဌကော၊ တောဘက်ယောက်ျား သစ်ခုတ်သမားသည်။ ဖေဂ္ဂုံ၊ အနှစ်မပါ အကာအတိ တွေ့ရှိထွေပြား ထင်းသစ်များကို။ စဇ္ဇာ၊ မခုတ်ရှောင်ရှား စွန့်ပယ်ထား၍။ သာရံ၊ ရင်းဖျားမလွတ် ပင်လုံးကျွတ် အနှစ်အတိပြည့်သော သစ်ကို။ ဂဏ္ဍေ-ဂဏ္ဍေ ယျကလ္လ၀၊ ခုတ်လှီးဖြတ်ပိုင်း၍ ယူရာသကဲ့သို့။ တထာ၊ ထိုသစ်ခုတ်သမား မခြားတမူ အလားတူသာလျှင်။ ဣဓာပိ ပဝနံ၊ "ကစ္စာယနပဥ္စာဗျာကရဏဝိဘာဝနီ" သညီတင့်ဆန်း ဤကျမ်းတည်းဟူသော တောအုပ်သို့လည်း။

ဂစ္ဆံ-ဂစ္ဆန္တော၊ ကြည့်-ကြံ-မှတ်သား ဉာဏ်စေစား၍ သွားရောက်ကြပေသော။ သောတုဇနော၊ အကောင်းကိုကြိုက် အမြန်လိုက်၍ သိမ်းပိုက်လိုကြွား စာသင်ပျိုများသည်။ ဖေဂ္ဂုံ၊ ပေါ်ယံထင်မှား အကာအလား ဖြစ်ပေသော အချက်အလက် အနက်အဓိပ္ပာယ်များကို။ စတွာ၊ မယူရှောင်ရှား ပယ်စွန့်ထားခဲ့၍။ သာရံ၊ ခက်ရာခက်ဆစ် အနှစ်အသား အလွန်ကောင်းမြတ်သည့် အချက်အလက် အနက်အဓိပ္ပာယ်များကိုသာ လျှင်။ သံဂဏှေ-သံဂဏှေယျ၊ အဆီကိုစစ် အနှစ်ကိုရွေး ရှုတွေးဆင်ခြင် ဉာဏ်အမြင် ကောင်းထက်ကောင်းတို့ကို စုပေါင်းသိမ်းယူ ကြလေရာ၏။ သဗ္ဗိ၊ အကျိုးအကြောင်း ဆိုးကောင်းမြင်သိ ပညာရှိသူတော်ကောင်းသည်။ ပရေ၊ ပြင်ပ ခြားလူ တပါးသူတို့ကို။ မာ စောဒယေ၊ ပြစ်တင်သမှု မပြုမလုပ်သင့် မပြုမလုပ်ရာ။ ဝါ၊ မေ့မှု မှားမှု ကျွန်နှစ်ခုတို့ ပုထုဇ္ဇနာ သူငါမကင်း ကြုံဘိခြင်းဟု ထန့်ပြင်းကရုဏာ မေတ္တာချစ်ဇော အံသစ်နှော၍ အပြစ်မဇပြောသင့် အပြစ်မပြောရာပေ။

မှတ်ချက်။ ။ဒဟံ၌ ဒမဓာတ်၊ ဒမ-ဓာရဏေ-ဓာတ်နက်။ ဓ-ကို ဟ-ပြု၍ သမာဒဟံ စိက္ခံ့ကဲ့သို့ ရုပ်ပြီးမှတ်။ ဓာတုမာလာ။ သဗ္ဘိ၌ သန္တသဒ္ဒါဖြင့်ပြီးသော ဗဟုဝစနန္တသဗ္ဘိမဟုတ်။ သဒ-ဘိဒိဓာတ်ဖြင့် ပြီးသော ဝုစ်နှစ်ပါးဆုံး ကောင်းသော သူတော်ကောင်းဟော သဗ္ဘိဟုမှတ်။ (သူစိ)

ကစ္စာယနပဥှာဗျာကရဏဝိဘာဝနီ

ခေါ်

# သဒ္ဒါကြီးရှစ်စောင်

## အမေး အဖြေကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) သေဋ္ဌံ တိလောကမဟိတံ အဘိဝန္ဒိယဂ္ဂံ၊
ဗုဒ္ဓဉ္စ ဓမ္မမမလံ ဂဏမုတ္တမဉ္စ။
သတ္ထုဿ တဿ ဝစနတ္ထဝရံ သုဗုဒ္ဓုံ၊
ဝက္ခာမိ သုတ္တဟိတမေတ္ထ သုသန္ဓိကပ္ပံ။

(၂) သေယျဉ္ဇိနေရိတနယေန ဗုဓာ လဘန္တိ၊
တဉ္စာပိ တဿ ဝစနတ္ထသုဗောဓနေန။
အတ္ထဉ္စ အက္ခရပဒေသု အမောဟဘာဝါ၊
သေယျတ္ထိကော ပဒမတော ဝိဝိဓံ သုဏေယျ။

* * *

# ၁-သန္ဓိ

၁။ (ပဥှာ) အဘယ်အကျိုးငှာ အရှင်မဟာကစ္စည်း ဆရာသည် သေဋ္ဌ- စသော ဂါထာကို ဆိုပါသနည်း။
(ဗျာကရဏ) ပဏာမပုဗ္ဗက ဂန္ထာရမ္ဘနှင့်တကွ ပုဗ္ဗပဋ္ဌကကို ပြခြင်း အကျိုးငှာ သေဋ္ဌ-စသောဂါထာကို ဆိုပါသည်။

၂။ (ပဥှာ) အဘယ်အကျိုးကို ရည်ရွယ်တောင့်တ၍ ဂန္ထာရမ္ဘကို ပြုကြပါသနည်း။
(ဗျာကရဏ) အန္တရာယ် ပျောက်ငြိမ်း၊ ကျမ်းပြီးခြင်းအကျိုးကို ရည်ရွယ်တောင့်တ၍ ဂန္ထာရမ္ဘကို ပြုကြပါသည်။

၃။ (ပဥှာ) ကျမ်းပြုဆရာတို့သည် အဘယ်ကိုမှီ၍ ဂန္ထာရမ္ဘကို ပြုကြပါသနည်း။
(ဗျာကရဏ) သဂ္ဂဗန္ဓခေါ်သော မဟာကဗျာကျမ်းကို အမှီပြု၍ ကျမ်းဆရာတို့ ဂန္ထာရမ္ဘကို ပြုကြပါသည်။

၄။ (ပ) ထိုဆရာတို့ပြုသော ဂန္ထာရမ္ဘဘေဒကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။
(ဗျာ) ၁—ပဏာမပုဗ္ဗက ဂန္ထာရမ္ဘဥဒါဟရဏ်ကား— သေဋ္ဌံ စသော ဂါထာတည်း။ ၂—အာသီသပုဗ္ဗက ဂန္ထာရမ္ဘ ဥဒါဟရဏ်ကား— မုနိန္ဒက္ကောတမံ မေဟံ စသော ဂါထာတည်း။ ၃-ဝတ္ထုပုဗ္ဗကဂန္ထာရမ္ဘဥဒါဟရဏ်ကား— သီလေ ပတိဋ္ဌာယ နရော သပညော စသော ဂါထာတည်း ။

၅။ (ပ) ပဏာမဘေဒနှင့်တကွ ၎င်းပဏာမတို့၏ အထူးကို ပြခဲ့ပါ။
(ဗျာ) ၁—ကာယပဏာမ၊ ကာယဒွါရဖြင့်သာ ရှိခိုးခြင်းကို ပြုသည်။ ၂—ဝစီပဏာမ၊ ဝစီဒွါရဖြင့်သာရှိခိုးခြင်းကိုပြုသည်။ ၃-မနောပဏာမ၊ မနောဒွါရဖြင့်သာ ရှိခိုးခြင်းကိုပြုသည်။ ထိုသုံးပါးတွင် ကာယပဏာမ၊ မနောပဏာမသည် မိမိအကျိုးကိုသာ ပြီးစေနိုင်ပါသည်။ ဝစီပဏာမကား မိမိအကျိုး၊ သူတပါးအကျိုးတို့ကို ပြီးစေနိုင်ပါသည်။

၆။ (ပ) ထိုပဏ္ဏာမသုံးပါးတို့တွင် ကစ္စည်းဆရာသည် မည်သည့်ပဏ္ဏာမဖြင့် ဂန္ထာရမ္ဘကို ပြုပါသနည်း။

(ဖြေ) ကစ္စည်းဆရာသည် ဝစီပဏ္ဏာမဖြင့် ဂန္ထာရမ္ဘကိုပြုပါသည်။

၇။ (ပ) အဘယ့်ကြောင့် ကာယပဏ္ဏာမ၊ မနောပဏ္ဏာမတို့ဖြင့် ဂန္ထာရမ္ဘမပြုမူ၍ ဝစီပဏ္ဏာမသာ ပြုပါသနည်း။

(ဖြေ) ဝစီပဏ္ဏာမသည်သာ မိမိအကျိုး၊ သူတပါးအကျိုး ဟူသော အကျိုးနှစ်ပါးကို ပြီးစေနိုင်သော ဂုဏ်ထူးသတ္တိရှိသောကြောင့် ဝစီပဏ္ဏာမဖြင့်သာ ပြုပါသည်။ အကျိုးနှစ်ပါးစုံကို ပြီးစေနိုင်သော ဂုဏ်ထူးသတ္တိမရှိသောကြောင့် ကာယပဏ္ဏာမ၊ မနောပဏ္ဏာမတို့ဖြင့် မပြုပါ။

၈။ (ပ) ပဏ္ဏာမ၏ သရုပ်တရားကိုယ်ကို ထောက်ပြခဲ့ပါ။

(ဖြေ) ဉာဏသမ္ပယုတ် မဟာကုသိုလ်ပြဋ္ဌာန်းသော စေတနာ လေးခုတည်း။

၉။ (ပ) သေဋ္ဌံ-စသော ဂါထာဝယ် အဘယ်ပါဌ်တို့ဖြင့် ပဏ္ဏာမ၊ ပဏ္ဏာမိတဗ္ဗ-စသော ငါးပါးတို့ကို ပြပါသနည်း။

(ဖြေ) အဘိဝန္ဒိယတွင် ဝန္ဒဓာတ်ဖြင့် ပဏ္ဏာမကို ပြပါသည်။ ဗုဒ္ဓံ-ဓမ္မံ- ဂဏံ-ဟူသော ပါဌ်တို့ဖြင့် ပဏ္ဏာမိတဗ္ဗကို ပြပါသည်။ သေဋ္ဌံ တိလောက မဟိတံ အဂ္ဂံ အမလံ ဥတ္တမံ-ပါဌ်တို့ဖြင့် ပဏ္ဏာမ ဟေတုကို ပြပါသည်။ အဘိဝန္ဒိယတွင် တွာပစ္စည်းဖြင့် ပဏ္ဏာမ သမင်္ဂါန်ကို ပြပါသည်။ အဘိဝန္ဒိယ ဝက္ခာမိတွင် ဝန္ဒဓာတ်၊ ဝစဓာတ်တို့၏ သာမဏ္ဍိယဖြင့် ပဏ္ဏာမပယောဇဉ်ကို ပြပါသည်။

၁၀။ (ပ) ကျမ်း၏ အစ၌ ပြုသင့်သော ပုဗ္ဗပဋ္ဌကကို သရုပ်ထုတ်၍ ပြခဲ့ပါ။

(ဖြေ) သညာနိမိတ္တံ ကတ္တာစ၊ ပရိမာဏံ ပယောဇနံ။
သဗ္ဗာဂမဿ ပုဗ္ဗေဝ၊ ဝတ္တဗ္ဗံ ဝတ္ထုမိစ္ဆတာ-

ဟူသည်နှင့် အညီ-

၁-သညာ၊ ၂-နိမိတ်၊ ၃-ကတ္တား၊ ၄-ပရိမာဏ၊ ၅-ပယောဇဉ် ဟူ၍ ငါးပါးဖြစ်ပါသည်။

၁၁။ (ပ) သေဋ္ဌံ-စသော ဂါထာဝယ် ၎င်းငါးပါးကို အဘယ်ပါဌ်တို့ဖြင့် ပြပါသနည်း။

(ဖြေ) သန္ဓိကပ္ပံဖြင့် သညာကို ပြပါသည်။ ဗုဓာဖြင့် ဗာဟိရနိမိတ်ကို ပြပါသည်။ ဝက္ခာမိဝယ် ဝစဓာတ်၏ သာမတ္ထိယဖြင့် အဇ္ဈတ္တိက

နိမိတ်ကို ပြပါသည်။ ဝဏ္ဏာမိဝယ် သာဓိဝိဘတ်ဖြင့် ကတ္တားကို ပြပါသည်။ သုသန္ဓိကပ္ပံတွင် သုသဒ္ဒါဖြင့် ပရိမာဏကို ပြပါသည်။ ဝစနတ္ထဝရံ သုဗုဒ္ဓိဖြင့် မုချပယောဇဉ်ကို ပြပါသည်။ သေယျဉ္စိခနရိတ နယေန-စသောပါဌ်တို့ဖြင့် အနုသင်္ဂိကပယောဇဉ်ကို ပြပါသည်။

၁၂။ (ပ) အဇ္ဈတ္တိကနိမိတ်၊ ဗာဟိရနိမိတ်တို့၏အရ အဘယ်ကို ယူရပါမည်နည်း။

(ဖြေ) အရှင်မဟာကစ္စည်း ဆရာ၏ ကရုဏာတော်ကို အဇ္ဈတ္တိကနိမိတ်အရ ထိုကရုဏာ၏ အာရုံဖြစ်သော သတ္တဝါအပေါင်းကို ဗာဟိရနိမိတ်အရ ယူရပါမည်။

၁၃။ (ပ) ပုဗ္ဗပဉ္စကဌ် ပါသော ပရိမာဏ၏ ဖြစ်သင့်သော ဘေဒကို သရုပ်ထုတ်ပြခဲ့ပါ။

(ဖြေ) ၁-ပရိစ္ဆေဒပရိမာဏ၊ ၂-သမူဟပရိမာဏဟူ၍ နှစ်ပါး ဖြစ်သင့်ပါသည်။

၁၄။ (ပ) အဘယ်သည် ပရိစ္ဆေဒ ပရိမာဏ မည်၍ အဘယ်သည် သမူဟပရိမာဏ မည်ပါသနည်း။

(ဖြေ) သန္ဓိ ၅-ပိုင်း-နာမ် ၈-ပိုင်း- အာချာတ်၄-ပိုင်း– ကိတ် ၆-ပိုင်းဟူ၍၎င်း၊ သန္ဓိကျမ်း၊ နာမ်ကျမ်း၊ အာချာတ်ကျမ်း၊ ကိတ်ကျမ်းဟူ၍၎င်း ပမာဏပြုခြင်းသည် ပရိစ္ဆေဒပရိမာဏ မည်ပါသည်။ ဝုတ္တိဥဒါဟရဏ်နှင့် တကွ သုတ်မည်မျှရှိ၏ဟု ပမာဏ ပြုခြင်းသည် သမူဟပရိမာဏ မည်ပါသည်။

၁၅။ (ပ) ကျမ်းဆရာတို့သည် အဘယ်အကျိုးငှါ ပုဗ္ဗပဉ္စကကို ပြကြပါကုန်သနည်း။ ထင်ရှားအောင် ဖြေပြခဲ့ပါ။

(ဖြေ) ခေါ်ဝေါ်လွယ်စေခြင်းအကျိုးငှါ သညာကို ပြပါသည်။ မိမိပြုသောကျမ်း၏ လေးသည်၏အဖြစ်ကို ပြခြင်းအကျိုးငှါ နိမိတ်နှင့် ကတ္တားကို ပြပါသည်။ သင်ယူစေခြင်းအကျိုးငှါ ပရိမာဏကို ပြပါသည်။ အာ ထုတ်ခြင်းကို ဖြစ်စေခြင်းအကျိုးငှါ ပယောဇဉ်ကို ပြပါသည်။

၁၆။ (ပ) ပဏာမစေတနာသည် သင်္ဂဟကျမ်းလာ မရဏလေးပါးတွင် မည်သည့် မရဏကို ပယ်ဖျောက်နိုင်၍ ၎င်းကျမ်းလာ ဇနကစသော ကံလေးပါးတွင် မည်သည့် ကံကို တားမြစ်နိုင်ပါသနည်း။

(ဖြေ) မရဏလေးပါးတွင် ဥပစ္ဆေဒကမရဏကို ပယ်ဖျောက်နိုင်၍ ကံလေးပါးတွင် ဥပပီဠကကံ၊ ဥပဃာတကကံနှစ်ပါးကို တားမြစ်နိုင်ပါသည်။

၁၇။ (ပ) ပဏာမ စေတနာသည် အဘယ့်ကြောင့် အန္တရာယ်ပျောက်ခြင်း၊ ကျမ်းပြီးခြင်းအကျိုးကို ဖြစ်စေနိုင်ပါသနည်း။
(ဖြေ) ပူဇော်ထိုက်သော သူတို့ကို ပူဇော်ခြင်းသည် မင်္ဂလာဖြစ်သော ကြောင့် အန္တရာယ်ပျောက်ခြင်း၊ ကျမ်းပြီးခြင်းအကျိုးကို ဖြစ်စေနိုင်ပါသည်။

၁၈။ (ပ) အဘိဓာန၊ အဘိဓေယျ၊ ကရဏပ္ပကာရ၊ ပယောဇဉ်၊ ပဋိညာဉ်၊ ဥယျောဇဉ်၊ ဥယျောဇနပယောဇနတို့ကို အဘယ်ပါဌ်တို့ဖြင့် ပြပါသနည်း။
(ဖြေ) သုသာန္တိကပ္ပံ ငယ်-သန္တိကပ္ပံ ဟူသောပါဌ်ဖြင့် အဘိဓာန၊ သန္တိဟူ သောပါဌ်ဖြင့် အဘိဓေယျ၊ သန္တိကပ္ပံ-ဟူသောပါဌ်၏ သာမတ္ထိယဖြင့် ကရဏပ္ပကာရ၊ သေယျဣဒိနေရိတနယေန်-စသောပါဌ်တို့ဖြင့် ပယောဇဉ်၊ ဝက္ခာမိဝယ် ဝစခါတ်ဖြင့် ပဋိညာဉ်၊ သုနေယျ-ဟူသောပါဌ်ဖြင့် ဥယျောဇဉ်၊ အတောဟူသောပါဌ်ဖြင့် ဥဒယျောဇနပယောဇနတို့ကို ပြပါသည်။

၁၉။ (ပ) တရား၊ သံဃာတို့၏ရှေးဦးစွာ အဘယ့်ကြောင့် ဘုရားကိုပဏာမ ပြုပါသနည်း။
(ဖြေ) တရား၊ သံဃာကိုထက် အမွန်အမြတ်ဖြစ်သောကြောင့် ဘုရားကို ရှေးဦးစွာ ပဏာမပြုပါသည်။

၂၀။ (ပ) သံဃာရတနာမှ ရှေးဦးစွာ တရားရတနာကို အဘယ့်ကြောင့် ပဏာမ ပြုပါသနည်း။
(ဖြေ) သံဃာရတနာ၏ တရားလျှင် အကြောင်းရင်းရှိသည်၏ အဖြစ် ကြောင့် တရားရတနာကို ရှေးဦးစွာ ပဏာမ ပြုပါသည်။

၂၁။ (ပ) မြတ်စွာဘုရား၌ အတုလ-စသော ခပ်သိမ်းသောဂုဏ်တို့ရှိပါလျက် အဘယ့်ကြောင့် သေဋ္ဌဂုဏ်ဖြင့် ချီးမွမ်းခြင်းကို ပြုပါသနည်း။
(ဖြေ) ခပ်သိမ်းသော ဘုရား၏ ဂုဏ်တော်တို့တွင် သေဋ္ဌဂုဏ်သည် အမွန် အမြတ်ဖြစ်သောကြောင့် သေဋ္ဌဂုဏ်ဖြင့် ချီးမွမ်းပါသည်။

၂၂။ (ပ) သေဋ္ဌဂုဏ်ဖြင့်သာ ချီးမွမ်းက ပြီးသင့်လျက် အဘယ့်ကြောင့် တိလောကမဟိတအဂ္ဂဂုဏ်တို့ဖြင့် ထပ်၍ ချီးမွမ်းပြန်ပါသနည်း။
(ဖြေ) ထိုထိုဂုဏ်ဖြင့် မာန်မူကုန်သော သူတို့အား နှိမ်နင်းခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကို ပြလိုသောကြောင့် ဂုဏ်နှစ်ပါးတို့ဖြင့် ထပ်၍ ချီးမွမ်းပြန်ပါသည်။

၂၃။ (ပ) သေဋ္ဌံ တိလောကမဟိတံ အဂ္ဂံ-ပုဒ်တို့ဖြင့် အဘယ်အနက်ကို ပြပါ သနည်း။

(ဖြေ) သေဋ္ဌံဖြင့် ဂုဏ်အားဖြင့် မြတ်သည်၏အဖြစ်ဟူသော အနက်ကို ပြပါ၏။ တိလောကမဟိတံဖြင့် ကောင်းမှုဘုန်းကံ ပါရမီတော် အားဖြင့် မြင့်မြတ်သည်၏အဖြစ်ဟူသော အနက်ကိုပြပါ၏။ အဂ္ဂံဖြင့် အမျိုးဇာတ်အားဖြင့် မြတ်သည်၏အဖြစ်ဟူသော အနက်ကို ပြပါ၏။

၂၄။ (ပ) သေဋ္ဌံ တိလောက မဟိတံ အဂ္ဂံ ဂုဏ်ပုဒ်တို့ကို ဆိုရသဖြင့် အဘယ် အကျိုးရှိပါသနည်း။

(ဖြေ) သေဋ္ဌံဖြင့် ဂုဏ်ဖြင့် မာန်မူကုန်သသူတို့အား ဂုဏ်ဖြင့် နှိမ်နင်းခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကို ပြခြင်းအကျိုးရှိပါသည်။ တိလောက မဟိတံဖြင့် ကောင်းမှုဘုန်းကံ ပါရမီဖြင့် မာန်မူကုန်သ သူတို့အား ကောင်းမှုဘုန်းကံ ပါရမီဖြင့် နှိမ်နင်းခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ကို ပြခြင်း အကျိုးရှိပါသည်။ အဂ္ဂံဖြင့် အမျိုးဇာတ်ဖြင့် မာန်မူကုန်သော သူတို့အား အမျိုးဇာတ်အားဖြင့် နှိမ်နင်းခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ် ကို ပြခြင်း အကျိုးရှိပါသည်။

၂၅။ (ပ) ကောင်းသော သန္ဓိကျမ်း ဆိုရာဝယ် ကောင်းပုံအခြင်းအရာကို ပြခဲ့ပါ။

(ဖြေ) ငါးပိုင်း ငါးကဏ္ဍ တို့ဖြင့် တန်ဆာဆင်အပ်သောကြောင့် မကျဉ်းလွန်း မကျယ်လွန်းသည်ကို ကောင်းသည်ဟု ဆိုပါသည်။

၂၆။ (ပ) အက္ခရမောဟဘာဝ၊ ပဒါမောဟဘာဝတို့၏ သရုပ်အဓိပ္ပာယ် ကို ပြခဲ့ပါ။

(ဖြေ) သရ၊ ဗျဉ္ဇန၊ ဒီဃ၊ ရဿ၊ ဝဂ္ဂ၊ ဃောသ၊ အဃောသ စသည် အပြားရှိကုန်သော အက္ခရာတို့၌ ထင်သောဉာဏ် ရှိသည်၏ အဖြစ်သည် အက္ခရာမောဟဘာဝမည်၏။ အကာရန္တ၊ ဣကာရန္တ စသည် ဣတ္ထိလိင် ပုလ္လိင် စသည် သမာသ်၊ တဒ္ဓိတ် စသည် အပြားရှိကုန်သော ပုဒ်တို့၌ အပိတ်အပင် အဆီးအတားမရှိ သိသောဉာဏ် ရှိသည်၏ အဖြစ်သည် ပဒါမောဟဘာဝ မည်၏။

၂၇။ (ပ) ဤကျမ်းကို မိန်းမများလည်း သိအပ်သောကြောင့် သေယျတ္ထိ ကံဟု နပုလ္လိင်နှင့် ဆိုသင့်လျက် အဘယ့်ကြောင့် သေယျတ္ထိကောဟု ပုလ္လိင်ရုပ်နှင့် ဆိုပါသနည်း။

(ဖြေ) ပဓာနနည်း ယေဘုယျနည်းအားဖြင့် သေယျတ္ထိကောဟု ပုလ္လိင် နှင့် ဆိုပါသည်။

၂၈။ (ပ) ဂါထာပါဠိဝယ် ပဒမတောဟုသာ ရှိရကား ပဒ်ပုဒ်ကို 'ဟု' သာ အနက်ပေးသင့်လျက် အဘယ့်ကြောင့် ပဒ်အက္ခရာပုဒ်ကို 'ဟု' အက္ခရာနှင့်တွဲ၍ အနက်ပေးနိုင်ပါသနည်း။
(ဖြေ) အက္ခရပဒမတောဟု ဆိုလျက် အက္ခရသဒ္ဒါကို ချေ၍ဆိုသော ကြောင့် ပဒ်အက္ခရာပုဒ်ကို 'ဟု' အနက်ပေးနိုင်ပါသည်။

၂၉။ (ပ) အက္ခရပဒမတောသိုလျှင် ဆိုပါတော့လော။ အဘယ့်ကြောင့် အက္ခရသဒ္ဒါချေ၍ ပဒမတောမျှသာ ဆိုပါသနည်း။
(ဖြေ) ဘဂိုဏ်း ဟူသော ဆုံးဂိုဏ်းပျက်အံ့သည်မှ ကြောက်သော ကြောင့် ပဒမတော ဟု အက္ခရာသဒ္ဒါကိုချေ၍ ဆိုပါသည်။

၃၀။ (ပ) ဤသင်္ဂဟ စသော နှစ်ဂါထာတို့ဖြင့် ရှင်မဟာကစ္စည်းဆရာသည် အဘယ်ကို ပြပါသနည်း။
(ဖြေ) ပဌမဂါထာဖြင့် ရတနတ္တယ ပဏာမနှင့်တကွ မုချပယောဇဉ် လျှင် ငါးခုမြောက်ရှိသော ပုဗ္ဗပဋ္ဌကကို ပြပါသည်။ ဒုတိယ ဂါထာ ဖြင့် တပည့်သားတို့အား အားထုတ်ခြင်းကို ဖြစ်စေခြင်း အကျိုးငှာ အနုသင်္ဂိက ပယောဇဉ်ကို ပြပါသည်။

ပဏာမ ပြီး၏။

---

၁။ အတ္တော အက္ခရသညာတော

၃၁။ (ပ) သဒ္ဒါဟူသည် အဘယ်ကိုခေါ်ပါသနည်း။
(ဖြေ) ဝမ်းရုတ်သံ၊ မိုးသံ၊ လေယံ စသည်နှင့်တကွ အက္ခရာပုဒ်ဝါကျ တို့ကို ခေါ်ပါသည်။

၃၂။ (ပ) ၎င်းတို့ကို အဘယ့်ကြောင့် သဒ္ဒါဟု ခေါ်ဆိုပါသနည်း။
(ဖြေ) သဗ္ဗတိ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ ဟူသော ဝစနတ္ထနှင့်အညီ သောတဝိညာဏ်၏ အာရုံ၏အဖြစ်သို့ ရောက် တတ်သောကြောင့် သဒ္ဒါဟု ခေါ်ဆိုပါသည်။

၃၃။ (ပ) ထိုသဒ္ဒါသည် အဘယ်နှစ်မျိုး ပြားပါသနည်း။
(ဖြေ) ဥတုဇသဒ္ဒါ၊ စိတ္တဇသဒ္ဒါ ဟု နှစ်မျိုး။ တနည်း၊ ဧရမတ္တ သဒ္ဒါ၊ ပညတ္တိသဒ္ဒါ ဟု နှစ်မျိုး။ မာဂဓသဒ္ဒါ၊ သက္ကတသဒ္ဒါ စသော အားဖြင့် ၁၀၁–မျိုး ပြားပါသည်။

၃၄။ (ပ) ထိုသဒ္ဒါ အပြားတို့တွင် ဤကစ္စည်းကျမ်း၌ အဘယ်သဒ္ဒါတို့ကို ယူရမည်နည်း။
(ဗျာ) ပရမတ္ထ၊ ပညတ္တိ ဟူသော စိတ္တဇသဒ္ဒါနှင့် မာဂဓသဒ္ဒါ တို့ကို သာ ယူရမည်။

၃၅။ (ပ) အဘယ့်ကြောင့် စိတ္တဇနှင့် မာဂဓသဒ္ဒါကိုသာ ယူ၍ ကျန်သဒ္ဒါ စုကို မယူရပါသနည်း။
(ဗျာ) အနက်အား ကျေးဇူးများသောကြောင့် စိတ္တဇသဒ္ဒါကို သာ သနာတော်အား ကျေးဇူးများသောကြောင့် မာဂဓသဒ္ဒါကို ယူပါ သည်။ အနက်အား ကျေးဇူးမများသောကြောင့်၎င်း၊ သာသနာတော် အား ကျေးဇူးမများသောကြောင့်၎င်း၊ ကြွင်းသောသဒ္ဒါစုကို မယူရပါ။

၃၆။ (ပ) ဤ၌ ယူသော သဒ္ဒါတို့သည် အဘယ့်ကြောင့် သဒ္ဒါမည်ပါ သနည်း။
(ဗျာ) သဒ္ဒီယတိ ဥစ္စာရီယတီတိ သဒ္ဒေါ ဟူသော ဝစနတ္ထနှင့်အညီ ရွတ်ဆိုအပ်သောကြောင့် သဒ္ဒါမည်ပါသည်။

၃၇။ (ပ) ဤ၌ မယူရသော သဒ္ဒါတို့သည် အဘယ့်ကြောင့် သဒ္ဒါမည်ပါ သနည်း။
(ဗျာ) သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ ဟူသော ဝစနတ္ထနှင့်အညီ သောတဝိညာဏ်၏ အာရုံ၏အဖြစ်သို့ ရောက်တတ် သောကြောင့် သဒ္ဒါမည်ပါသည်။

၃၈။ (ပ) အဘယ့်ကြောင့် သဒ္ဒါကျမ်း မည်ပါသနည်း။
(ဗျာ) ရွတ်ဆိုအပ်သော သဒ္ဒါတို့ကို ပြရာပြကြောင်း ဖြစ်သောကြောင့် သဒ္ဒါကျမ်း မည်ပါသည်။

၃၉။ (ပ) အဘယ့်ကြောင့် သုတ်မည်ပါသနည်း။
(ဗျာ) အတ္ထေ သူစေတီတိ သုတ္တံ ဟူသော ဝစနတ္ထနှင့်အညီ ကွယ် ဝှက်သော အနက်တို့ကို ပြတတ်သောကြောင့် သုတ်မည်ပါသည်။

၄၀။ (ပ) သုတ်၏လက္ခဏာကို သရုပ်ထုတ်၍ ပြခဲ့ပါ။
(ဗျာ) အပ္ပက္ခရမသန္ဒိဒ္ဓံ၊ သာရဝန္တံ ဂူဠနိဏ္ဏယံ။
အဒေါသမနဝဇ္ဇဉ္စ၊ သုတ္တမိစ္စာဟု ပဏ္ဍိတာ—
ဟု ဝဏ္ဏနာဆရာ မိန့်သည်နှင့်အညီ—

၁–နည်းသောအက္ခရာရှိခြင်း၊ ၂–ယုံမှားကင်းခြင်း၊ ၃–ကောင်းသောအနက်ရှိခြင်း၊ ၄–ဖုံးလွှမ်းအင်သောအနက်ရှိခြင်း၊ ၅–ကဲ့ရဲ့ပြစ်တင်ခြင်းမှကင်းခြင်း၊ ၆–သူတပါးတို့ လှုပ်ချောက်ချားခြင်းမှ ကင်းခြင်း၊ ၇-အပြစ်မရှိခြင်းတို့သည် သုတ်၏လက္ခဏာ ဖြစ်ပါသည်။

မှတ်ချက်။ ။အပ္ပက္ခရမသန္ဒေဟံ၊ သာရဝန္တံ ဂူဠနိဏ္ဏယံ။
　နိဒ္ဒေါသံ ဟေတု မံ တဝံ၊ သုတ္တလက္ခဏသမ္မတံ–
ဟူ၍၎င်း၊
　အပ္ပက္ခရမသန္ဒေဟံ၊ သာရဝန္တံ သမ္ဗုဒသာ မုခံ။
　အခေါဘမနဝဇ္ဇဉ္စ၊ ဆမ္ဗိဝံ သုတ္တလက္ခဏံ–
ဟူ၍၎င်း မိန့်ဆိုကြသေး၏။

၄၁။ (ပ) အဘယ့်ကြောင့် ဝုတ္တိမည်ပါသနည်း။ ဝုတ္တိကို ဝိဂြိုဟ်ပြု၍ အရကောက်ပြခဲ့ပါ။
(ဖြေ) သုတ်၏အနက်ကို ဖွင့်ဆိုကြောင်း ဖြစ်သောကြောင့် ဝုတ္တိမည်ပါသည်။ သုတ္တဿ အတ္ထော ဝုစ္စတိ ဝိဝရိယတိ ဧတာယာတိ ဝုတ္တိ။ (ကရဏသာဓနကိတ်ဝိဂြိုဟ်) ဝစဓာတ် တိပစ္စည်း။ အရကား—သဗ္ဗဝစနာနမတ္ထော-စသော သဒ္ဒပဗန္ဓ ရ၏။

၄၂။ (ပ) ဝုတ္တိအပြားနှင့်တကွ ထိုဝုတ္တိအမျိုးအစား၏ အဓိပ္ပာယ်အကျဉ်းချုပ်ကို ပြခဲ့ပါ။
(ဖြေ) ၁-သုတ္တဝုတ္တိ၊ သုတ်၌ပါသော ပုဒ်တို့ကို ဖွင့်ပြခြင်း။ ၂-အနုဝတ္တနဝုတ္တိ၊ ရှေ့သုတ် နောက်သုတ်တို့မှ လိုက်သော ပုဒ်အားဖြင့် ဖွင့်ပြခြင်း။ ၃-ပက္ခိပနဝုတ္တိ၊ အသစ်ဖြစ်သောပုဒ်တို့ကို ထည့်၍ဖွင့်ပြခြင်းဟု ၃-ပါး ရှိ၏။

၄၃။ (ပ) ဤ အတ္ထော အက္ခရသညာတော-ဟူသော သဒ္ဒပဗန္ဓကို သုတ်ဟု မှတ်ရအံ့လော၊ သို့မဟုတ် ဝါကျဟု မှတ်ရအံ့လော။
(ဖြေ) ဉာသ၊ နိရုတ္တိမဉ္ဇူ၊ ဓာတွာယန ဝဏ္ဏနာဆရာတို့ အလိုအားဖြင့် သုတ်ဟုမှတ်။ ရူပသိဒ္ဓိ၊ နိဒ္ဒေသဆရာတို့၏ အလိုအားဖြင့် ပုဗ္ဗဝါကျဟု မှတ်ရမည်။

၄၄။ (ပ) သုတ်ဟု မှတ်ရမည်ဆိုသော် အဘယ်သုတ်ဟု မှတ်ရမည်နည်း။
(ဖြေ) ဉာသ၊ နိရုတ္တိအလို- ကာရကဝိဓိသုတ်ဟု မှတ်။ ဝဏ္ဏနာဆရာအလို- ပရိဘာသာသုတ်ဟု မှတ်။

၄၅။ (ပ) ပရိဘာသာ၏ ဝိဂ္ဂဟနှင့်တကွ သဘောအဓိပ္ပာယ်ကို ပြခဲ့ပါ။
(ဖြေ) ပရိပုနပ္ပုနံ ဘာသီယတေတိ ပရိဘာသာ။ ကမ္မသာဓန။ အကြင်စကားကိုဆိုအပ်၏။ ထိုစကားကိုထပ်၍ တဖန်ဆိုပြန်၏။ အဖန်ဖန်အထပ်ထပ်ဆိုအပ်သော စကားသည် ပရိဘာသာမည်၏။ တနည်း-ပရိသံခိတ္တဓိဟာနေန ဘာသီယတေတိ ပရိဘာသာ။ ကမ္မသာဓန။ ကျမ်းအသွားအလာ ကျဉ်းစေခြင်းငှာ အကျဉ်းချုပ်အမှာဟူသမျှ ပုံနှိပ်အောင် ထားအပ်သော သင်္ကေတအမှတ် အထူးတည်း။

၄၆။ (ပ) အက္ခရေ ပေဟ၀–ဟူသောပုဒ်၌ ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ၊နိဝတ္တေတဗ္ဗတ္ထ။ အနုညာတတ္ထတို့ကို ထုတ်နုတ်၍ ပြခဲ့ပါ။
(ဖြေ) ပြည့်စုံသောအက္ခရာသည် ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ။ မပြည့်စုံသောအက္ခရာ ဝါ-ပျက်စီးသော အက္ခရာသည် ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ။ ပုဒ်သည် ဧဝ သဒ္ဒါ၏ အနုညာတတ္ထ ဖြစ်ပါသည်။

၄၇။ (ပ) မည်ကဲ့သို့ ဖြစ်သည်ကို အက္ခရဝိပတ္တိဟု ခေါ်ဆိုပါသနည်း။
(ဖြေ) သိထိလအက္ခရာ၏ ဓနိတအက္ခရာ ဖြစ်ခြင်း၊ ဓနိတအက္ခရာ၏ သိထိလအက္ခရာဖြစ်ခြင်းကို အက္ခရဝိပတ္တိ ခေါ်ပါသည်။

၄၈။ (ပ) အတ္ထော အက္ခရသညာတော–၌ အတ္ထအရ ဖြစ်နိုင်သော ဘေဒတို့ကို ပြပြီးလျှင် ဤ၌ လိုအပ်သော အတ္ထကို ပြခဲ့ပါ။
(ဖြေ) အဘိဓာနတ္ထ၊ အဘိဓေယျတ္ထအားဖြင့် နှစ်ပါး။ နီတတ္ထ၊ နေယျတ္ထအားဖြင့်နှစ်ပါး။ ပဒတ္ထ၊ ပဒတ္ထတ္ထ၊ အတ္ထတ္ထအားဖြင့် သုံးပါး။ ဥဒ္ဒေသတ္ထ၊ နိဒ္ဒေသတ္ထ၊ ပဋိနိဒ္ဒေသတ္ထအားဖြင့် သုံးပါး။ ကောဘိဓာနကေတ္ထ၊ ကောဘိဓာနနာနတ္ထ၊ နာနာဘိဓာနကေတ္ထ၊ နာနာဘိဓာနနာနတ္ထအားဖြင့် ၄–ပါး။ ဤ၌ ထိုအလုံးစုံသော အတ္ထတို့ကို ရ၏။

၄၉။ (ပ) ပုဒ်ဖြင့်လည်း အနက်ကို သိရသောကြောင့် အတ္ထော အက္ခရပဒသညာတော–ဟု မဆိုပဲ အဘယ့်ကြောင့် အတ္ထော အက္ခရသညာတော–ဟု ဆိုပါသနည်း။
(ဖြေ) ပုဒ်၏ အက္ခရာနှင့်ကင်း၍ မဖြစ်ခြင်းကြောင့် ပုဒ်ကို အက္ခရာ၌ သင်္ဂြိုဟ်ရေတွက်၍ အတ္ထော အက္ခရသညာတောဟု–ဆိုပါသည်။

၅၀။ (ပ) အဘယ့်ကြောင့် အက္ခရာမည်ပါသနည်း။
(ဖြေ) ပိဋကာ သုံးပုံသို့ ဝါစက၏ အဖြစ်ဖြင့် ရောက်၍ မကုန်နိုင်သောကြောင့် အက္ခရာမည်ပါသည်။

၅၁။ (ပ) အက္ခရာဟူသောပုဒ်ကို သမာသ်ဝိဂ္ဂိုဟ်၊ ကိတ်ဝိဂြိုဟ်ပြုပြီးလျှင် အရကောက်ပြခဲ့ပါ။

(ဖြေ) ခရန္တိ ဝိနဿန္တိတိ ခရာ၊ န ခရာ အက္ခရာ။ (တပ္ပုရိသ် သမာသ် ပိဂ္ဂိုဟ်၊) နတ္ထိ ခရံ ဧတေသန္တိ အက္ခရာ၊ (စတုတ္ထိဗဟုဗ္ဗီဟိ)အရကား– အက္ခရာဟူသော နာမပညတ်ရ၏။ နက္ခရန္တိ နခီယန္တိတိ အက္ခရာ။ (ကိတ် ဝိဂ္ဂိုဟ်)အရကား–အက္ခရာ·၄၁·လုံး ရ၏။

၁၂။ (ပ) ဤသုတ်ကို အက္ခရ သညာတော အတ္ထော-ဟု မတည်မူ၍ အဘယ့်ကြောင့် အတ္ထော အက္ခရသညာတော-ဟု တည်ပါသနည်း။
(ဖြေ) အနက်မရှိသော် အက္ခရာထားခြင်း၄ါ မတတ်ကောင်းသော ကြောင့် ဝါ-ပဋိသမ္ဘိဒါလေးပါးတွင် အတ္ထပဋိသမ္ဘိဒါကို ရှေ့ထား၍ ဟောတော်မူသောကြောင့် ဝါ· အနက်သဒ္ဒါ နှစ်ပါးတွင် အနက်သာ ရှေးဦးစွာ ဖြစ်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် အတ္ထော အက္ခရ သညာတော-ဟု တည်ပါသည်။

၁၃။ (ပ) ဝုတ္တိဝယ် အက္ခရကောသလ္လံဗဟူပကာရံ ဣ ဖြစ်သင့်သော ကော သလ္လဘေဒကို သရုပ်ထုတ်၍ ပြခဲ့ပါ။
(ဖြေ) ၁-အက္ခရကောသလ္လ။ ၂-ပဒ။ ၃-သမုစ္စယ။ ၄-လိင်္ဂ။ ၅-ဝိဘတ္တိ။ ၆-ပုဗ္ဗာပရ။ ၇-သန္ဓိ။ ၈-သမာသ။ ၉-ဗျာသ။ ၁၀-နိဗ္ဗစန။ ၁၁-အာယ။ ၁၂-အပါယ။ ၁၃-အာဒေသ။ ၁၄-ဥဂ္ဂဟဏ။ ၁၅-ဓာရ ဏ။ ၁၆-သမ္ပဋိပါဒနကောသလ္လ-ဟူ၍ ၁၆·ပါး အပြားရှိ၏။

ဧသောဥသဝိမံ ကောသလ္လံ၊ အက္ခရာပဒသမုစ္စယံ။
ဝိဘတ္တိလိင်္ဂဥ ပုဗ္ဗာပရံ၊ သန္ဓိသမာသဗျာသနိဗ္ဗစနံ။
အာယာပါယာဒေသုဂ္ဂဟဏံ၊ ဓာရဏံ သမ္ပဋိပါဒနကုသလတာ။

---

## ၂။ အက္ခရာပါဒယော ဧကစတ္တာလီသံ

၁၄။ (ပ) ဤသုတ်သည် သညာ·စသော သုတ်လေးပါးတွင် အဘယ်သုတ် ဖြစ်ပါသနည်း။ အကြောင်းပြ၍ ဖြေပါ။
(ဖြေ) ဤသုတ်သည် အက္ခရာဟူသော အမည်ကိုပြတတ်သောကြောင့် သညာသုတ် ဖြစ်ပါသည်။

၁၅။ (ပ) အဘယ့်ကြောင့် သညာမည်ပါသနည်း။ အဘယ်ကို သညာဟု မှတ်ရမည်နည်း။
(ဖြေ) သံသုဋ္ဌု နာမံ ဉာယတိ ဇောယာတိ သညာ-ဟူသော ဝိဂ္ဂဟ နှင့်အညီ အမည်ကို ကောင်းစွာသိကြောင်းဖြစ်သောကြောင့် သညာမည်

ပါသည်။ ဒြပ်ကို ခေါ်ဝေါ်ခြင်းဟု ဆိုအပ်သော နာမပညတ်ကို သညာဟု မှတ်ရမည်။

၅၆။ ( ပ ) သညာဘေဒနှင့်တကွ ဤသုတ်၌ လိုအပ်သော သညာကိုလည်း ညွှန်ပြခဲ့ပါ။

(ဗျာ) လဟုကသညာ၊ ဂရုကသညာအားဖြင့် နှစ်ပါး၊ ရုဠှီသညာ။ အန္ဝတ္ထသညာအားဖြင့် နှစ်ပါးပြား၏။ ထိုတွင် ဤ၌ ဂရုကသညာ၊ အန္ဝတ္ထသညာကို လိုအပ်ပါသည်။

၅၇။ ( ပ ) ရုဠှီသညာ၊ အန္ဝတ္ထသညာနှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) ရုဠှီသညာသည် ခေါ်ဝေါ်လွယ်စေခြင်းမျှသာ အကျိုးရှိပါသည်။ အန္ဝတ္ထသညာသည် ခေါ်ဝေါ်လွယ်စေခြင်းအကျိုး၊ မိမိ၏ အနက်သဘောကို ပြရခြင်း အကျိုးနှစ်ပါးရှိပါသည်။

၅၈။ ( ပ ) အထက်-ဈ-လ-ဂ-ပ-သညာများကဲ့သို့ တလုံးတည်း လဟုက သညာ မပြုမူ၍ အဘယ့်ကြောင့် အက္ခရာဟု အလုံးများစွာ ဂရုသညာ ပြုပါသနည်း။

(ဗျာ) ခေါ်ဝေါ် လွယ်စေခြင်း အကျိုးမျှကိုသာ မငဲ့မူ၍ မိမိ၏ အနက်သဘောကိုလည်း ပြရခြင်းအကျိုးငှါ အက္ခရာဟု ဂရုသညာပြုပါသည်။

၅၉။ ( ပ ) အက္ခရာဒယော ဧကစတ္တာလီသံ-ဟု သုတ်တည်က လိုအပ်သော အနက်ပြီးလျက် အဘယ်အကျိုးငှါ အပိသဒ္ဒါထည့်၍ အက္ခရာပါဒယော-ဟု သုတ်တည်ပါသနည်း။

(ဗျာ) ဤ၌ ဆိုအပ်သော အက္ခရာဟူသည် အတ္ထော အက္ခရသညာ တောသုတ်က ဆိုအပ်ပြီးသော အက္ခရာပင်တည်းဟု သိစေခြင်းအကျိုးငှါ အပိသဒ္ဒါနှင့်တကွ အက္ခရာပါဒယော ဧကစတ္တာလီသံ-ဟု တည်ပါသည်။

၆၀။ ( ပ ) အပိသဒ္ဒါ ဟောနိုင်သော အနက်တို့ကို ပြပြီးလျှင် ဤသုတ်၌ လိုအပ်သောအနက်ကို ညွှန်ပြပါ။

(ဗျာ) သမုစ္စယေ အပေက္ခေစ၊ သမ္ဘာဝနေစ နိန္ဒာယံ။
ပိသဒ္ဒေါစ အပိသဒ္ဒေါ၊ စတုတ္ထေသု ပကာသိတော—

ဟူသည်နှင့်အညီ—

၁-သမုစ္စယ။ ၂-အပေက္ခ။ ၃-သမ္ဘာဝနာ။ ၄-နိန္ဒာအနက်တို့ကို ဟောနိုင်၏။ ထိုတွင် ဤ၌ အပေက္ခတ္ထကို လိုအပ်ပါသည်။

၆၁။ (ပ) အောက်သုတ်မှ အက္ခရသဒ္ဒါအလိုက်ခံ၍ အာဒယော ဧကစတ္တာလီသံ ဟုဘည်က လိုအပ်သောဆန့်ကပြီးလျက် အဘယ့်ကြောင့် အက္ခရာ ပါဒယော။လ။လီသံ-ဟု သုတ်တည်ပါသနည်း။

(ဖြေ) အက္ခရာသဒ္ဒါအလိုက်ခံခဲ့သော် အတ္ထသဒ္ဒါလည်း လိုက်မည် ဖြစ်သောကြောင့် အက္ခရသဒ္ဒါ အလိုက်မခံမူ၍ အက္ခရာပါ။ လ။ သံ-ဟု တည်ပါသည်။

၆၂။ (ပ) အက္ခရာပါဒယောမျှသာ တည်က အ-အာ-စသည်တို့၏ အက္ခရသညာပြီးသင့်လျက် ဧကစတ္တာလီသံ သဒ္ဒါထည့်၍ အဘယ့်ကြောင့် အက္ခရာ။လ။လီသံ-ဟု သုတ်တည်ပါသနည်း။

(ဖြေ) ဤ အ-အာ-စသော ၄၁-လုံးမှ တပါးသော အက္ခရာတို့သည် ဘုရားဟောမဟုတ်။ ဘုရားပါဠိတော်အား မလျော်ကုန်။ ဤ ၄၁-လုံးသော အက္ခရာတို့သာ ဘုရားပါဠိတော်အား လျော်သော အက္ခရာတို့တည်းဟု ပြလိုသောကြောင့် ဧကစတ္တာလီသံ ထည့်၍ အက္ခရာ။လ။ လီသံ-ဟု တည်ပါသည်။

၆၃။ (ပ) အက္ခရာပါဒယော၌ အာဒိသဒ္ဒါ၏ ဟောသင့်သမျှ အနက်တို့ကို ပြပြီးလျှင် ဤသုတ်၌ လိုအပ်သော အနက်ကို ညွှန်းပြခဲ့ပါ။

(ဖြေ) အာဒိသီမာပကာရေသု၊ သမီပေ ဝယဝေ မတော-ဟု လာရကား မရိယာဒတ္ထအနက်၊ ပကာရအနက်၊ သမီပအနက်၊ အဝယဝ အနက်၊ ဤအနက်လေးပါးကို ဟောနိုင်ပါ၏။ ထိုတွင် ဤ၌ ချာသ အလို မရိယာဒအနက်။ ရူပသိဒ္ဓိအလို-ပကာရ အနက်ကို လိုအပ်ပါသည်။

၆၄။ (ပ) သန္ဓိပြုလိုသူသည် ၎ှမံ ကရေ ပဒစ္ဆေဒံ ဟူသည်နှင့်အညီ ပဒစ္ဆေဒဖြစ်သော ပုဗ္ဗမဓော။လ။ဝိယောဇယေ ဟူသော သုတ်ကို ရှေးဦးတည်သင့်လျက် မတည်ပဲ အဘယ့်ကြောင့် ဤ အက္ခရာ။ လ။ လီသံ-သုတ်ကို ရှေးဦးတည်ပါသနည်း။

(ဖြေ) မသိအပ်သော သညာရှိသူအား ဝေါဝေါဖြင်း၏ မပြီးသောကြောင့် အက္ခရသညာ စသည်ကို သိစေခြင်းငှာ ဤသညာသုတ်ကို ရှေးဦးတည်ပါသည်။

၆၅။ (ပ) အ-အာ-စသော ဝဏ္ဏတို့၏ အစဉ်ထားခြင်းသည် ဒေသနာက္ကမ၊ ပဝတ္တိက္ကမ၊ ဌာနုပဋိပါဋိက္ကမ၊ နိဿယာဒိက္ကမအားဖြင့် လေးပါးတို့တွင် အဘယ် ''ကမ'' ဖြင့် ထားပါသနည်း။

(ဗျာ) ဌာနပဋိပါဠိက္ကမ၊ နိဿယာဒိက္ကမအားဖြင့် ထားပါသည်။

၆၆။ (ပ) အဘယ့်ကြောင့် ဝဏ္ဏမည်ပါသနည်း။ ဝဏ္ဏနှင့် အက္ခရာ တူမတူ ဆုံဖြတ်ခဲ့ပါ။
(ဗျာ) ဝဏ္ဏီယတိ ဂဏီယတိ အတ္ထော ဧတေဟီတိ ဝဏ္ဏာ ဟူသော ဝိဂ္ဂဟနှင့်အညီ အနက်ကိုဆိုကြောင်း ဖြစ်သောကြောင့် ဝဏ္ဏ မည်ပါသည်။ ဝဏ္ဏ-အက္ခရာ အတူတူပင်။

---

## ၃။ တတ္ထော ဒန္တာ သရာ အဋ္ဌ

၆၇။ (ပ) ဤသုတ်ကို တတ္ထောဒန္တာ သရာ အဋ္ဌ-ဟု တည်က လိုအပ်သော အနက်ပြီးလျက် အဘယ့်ကြောင့် တတ္ထော ဒန္တာ သရာ အဋ္ဌ ဟု သုတ်တည်ပါသနည်း။
(ဗျာ) စကားပြေပြစ် ရွတ်လွယ်စေလိုသောကြောင့် ဒ— အက္ခရာ လာ၍ တတ္ထော ဒန္တာ သရာ အဋ္ဌ-ဟု တည်ပါသည်။

၆၈။ (ပ) တတ္ထော ဒန္တာ သရာ မျှသာတည်က သရသညာ ပြီးသင့်လျက် အဘယ့်ကြောင့် အဋ္ဌသဒ္ဒါနှင့်တကွ တတ္ထော ဒန္တာ သရာ အဋ္ဌ—ဟု တည်ပါသနည်း။
(ဗျာ) မောဂ္ဂလာန် စသော ကျမ်းတပါးတို့၌ ဤ ၈-လုံးမှ တပါးသော သရတို့ ရှိကုန်သေး၏ဟု သိစေလိုသောကြောင့်၊ (နျာသ၊ ရူပသိဒ္ဓိ ဆရာများအလို။) တနည်း၊ သရသည် ၈—လုံးသာ ၎င်း၏။ အယုတ်အလွန်မရှိသော အနက်လွန်ကို ပြလိုသောကြောင့် အဋ္ဌသဒ္ဒါနှင့်တကွ တတ္ထော ဒန္တာ သရာ အဋ္ဌ—ဟု တည်ပါသည်။

၆၉။ (ပ) ဤသုတ်ကို အခြားသောနေရာမှာ မတည်ပဲ အဘယ့်ကြောင့် ဤနေရာ၌ တည်ပါသနည်း။
(ဗျာ) သဗ္ဗသာဓာရဏသညာဖြစ်သော အက္ခရာပါ။လ။ လိင်္ဂ-သုတ်၏ အခြားမဲ့၌ ၈-လုံးသော အက္ခရာတို့၏ သရသညာကို ဆိုသင့်သည်၏အဖြစ်ကြောင့် ဤ၌ တည်ပါသည်။

၇၀။ (ပ) အောက်သုတ်မှ အက္ခရသဒ္ဒါအလိုက်ခံ၍ ဩ ဒန္တာ သရာ အဋ္ဌ-မျှသာ တည်ကပြီးလျက် အဘယ့်ကြောင့် တတ္ထသဒ္ဒါနှင့်တကွ သုတ်တည်ပါသနည်း။
(ဗျာ) ကျမ်းတပါး၌လာသော အက္ခရာတို့ကို နှစ်စေလိုသောကြောင့် ဟတ္ထသဒ္ဒါနှင့်တကွ သုတ်တည်ပါသည်။

၇၁။ (ပ) သရသညာပြုရခြင်း၏အကျိုးကို နှစ်မျိုးအောက် မယုတ်ပြခဲ့ပါ။
(ဗျာ) ၁-သရဟု ခေါ်ဝေါ်သိမှတ်ရခြင်း။ ၂-အက္ခရာ၌ မတွေဝေခြင်း အကျိုးရှိပါ၏။

၇၂။ (ပ) သုတ်ဟူသမျှ ဖွင့်ပြရသော သံဝဏ္ဏနာအပြား အဘယ်မျှ ရှိပါသနည်း။ သရုပ်နှင့်တကွ ထုတ်ပြပါ။

(ဗျာ) သမ္ဗန္ဓောစ ပဒဉ္စေဝ၊ ပဒတ္ထော ပဒဝိဂ္ဂဟော။
စောဒနာပရိဟာရော စ၊ ဆဗ္ဗိဓာ သုတ္တဝဏ္ဏနာ—

ဟု မိန့်ရကား—

၁—သမ္ဗန္ဓသံဝဏ္ဏနာ။ ၂—ပဒဉ္စဒပဒစိန္တာ။ ၃-ပဒတ္ထ။ ၄-ပဒဝိဂ္ဂဟ။ ၅-စောဒနာ။ ၆-ပရိဟာရသံဝဏ္ဏနာ ဟူ၍ ၆-ပါး အပြားရှိပါ၏။

၇၃။ (ပ) ထိုသံဝဏ္ဏနာ ၆—ပါးတို့ဖြင့် ဖွင့်ပြရခြင်း၏အကျိုးကို ပြခဲ့ပါ။
(ဗျာ) ၁-သမ္ဗန္ဓသံဝဏ္ဏနာဖြင့် နိရတ္ထကဒေါသကို ပယ်ရခြင်း အကျိုး ရှိပါ၏။ ၂—ပဒစ္ဆေဒပဒစိန္တာဖြင့် ပဒသက်ရဒေါသကို ပယ်ရခြင်း အကျိုးရှိပါ၏။ ၃—ပဒတ္ထဖြင့် သံသယ ဒေါသကို ပယ်ရခြင်း အကျိုးရှိပါ၏။ ၄—ပဒဝိဂ္ဂဟဖြင့် အက္ခရကောသလ္လ၊ ပဒကောသလ္လ ဉာဏ် ဖြစ်စေခြင်းအကျိုး ရှိပါ၏။ ၅-၆—စောဒနာ၊ ပရိဟာရ သံဝဏ္ဏနာတို့ဖြင့် စာသင်သားတို့အား ဉာဏ်ပွားခြင်း အကျိုးရှိပါ၏။

၇၄။ (ပ) ပဒဝိဂ္ဂဟသံဝဏ္ဏနာ ပြုလုပ်ရာပုဒ်ကို အဆုံးပြုခြင်း၊ ပိုင်းခြားခြင်းဟူသော အဝမိအပြားနှင့်တကွ ၎င်းတို့၏အထူးကို ပြခဲ့ပါ။
(ဗျာ) ပဒါဝမိကန္တ၊ ဝါကျာဝမိကန္တ ဟူ၍ နှစ်ပါးရှိ၏။ မိမိယှဉ်ဘက်ဖြစ်သော ပုဒ်ကိုမငဲ့မူ၍ အပိုင်းအခြားပြုခြင်းသည် ပဒါဝမိကန္တ၊ မိမိယှဉ်ဘက်ဖြစ်သော ပုဒ်ကိုငဲ့၍ အပိုင်းအခြားပြုခြင်းသည် ဝါကျာဝမိကန္တ။ တနည်း၊ ပဌမာဝိဘတ်အဆုံးရှိသည်ကိုပြု၍ ဝိဂ္ဂဟပြုခြင်းသည် ပဒါဝမိကန္တ၊ ပုဒ်အားလျော်စွာ ဝိဂ္ဂဟပြုခြင်းသည် ဝါကျာဝမိကန္တ၊ ဤသို့ နှစ်ပါးထူးကြ၏။

၇၅။ (ပ) သညီ၊ သညာနှစ်ပါးတို့၏အထူးကို ပြခဲ့ပါ။
(ဗျာ) သညီဟူသည် ဒြပ်အထည်ကိုယ်ကို ဆိုပါသည်။ သညာကား ထိုဒြပ်ကို ခေါ်ဝေါ်ကြောင်းဖြစ်သော အမည်ပညတ်ကို ဆိုပါသည်။ ဤကား အထူး။　　၁၅၆၀၇

၇၆။ (ပ) အဘယ့်ကြောင့် သရမည်ပါသနည်း။ သရဇာဒကိုလည်းပြခဲ့ပါ။
(ဖြေ) သရန္တိ သုယျမာနတံ ဂစ္ဆန္တီတိ သရာ။ အတ္တသံသဋ္ဌာနိ ဗျဉ္ဇနာနိ သာရေန္တိ သုယျမာနတံ ဂမေန္တီတိ သရာ။ ပရံ အနိဿာယ သရန္တိ ဂစ္ဆန္တိ ပဝတ္တန္တီတိ သရာ။ သယံ ရာဇန္တီတိ သရာ ဟူသည်တို့နှင့်အညီ ကြားအပ်သည်၏အဖြစ်သို့ ရောက်တတ်သောကြောင့်ရှင်း၊ မိမိနှင့် ရောနှောကပ်သော ဗျည်းတို့ကို နာသောသူကို ကြားအပ်သည်၏ အဖြစ်သို့ ရောက်စေတတ်သောကြောင့်ရှင်း၊ သူတပါးကို မမှီမူ၍ ဖြစ်တတ်သောကြောင့်ရှင်း၊ မိမိအလိုလို တင့်တယ်တတ်သောကြောင့်ရှင်း သရမည်ပါသည်။ သရဘေဒကား ရဿသရ၊ ဒီဃသရ ဟူ၍ နှစ်ပါးရှိ၏။ (မှတ်ရန်—မိမိအလိုလို တင့်တယ်ဟူသည် တဲပါးသောအက္ခရာကို မမှီပဲ အသံဖြစ်နိုင်သည်ကို ဆိုလိုပါသည်)။

---

## ၄။ လဟုမတ္တာ ၁ တယော ရဿာ

၇၇။ (ပ) အဘယ့်ကြောင့် ရဿမည်ပါသနည်း။ ရဿပုဒ်ကို တဒ္ဓိတ်ဝိဂ္ဂဟ၊ ကိတ်ဝိဂ္ဂဟ ပြုပြခဲ့ပါ။
(ဖြေ) တိုသော- လျင်သော တမကြာကာလနှင့် ယှဉ်သောကြောင့်ရှင်း၊ တိုသော- လျင်သော တမကြာကာလဖြင့် ရွတ်ဆိုအပ်သောကြောင့်ရှင်း ရဿမည်ပါသည်။ ရဿကာလေ နိယုတ္တာတိ ရဿာ။ (နိယုတ္တတဒ္ဓိတ်ဝိဂ္ဂဟ) ရဿေန ရဿီယတိ ဥစ္စာရီယတီတိ ရဿာ။ (ကမ္မသာဓနေကိတ်ဝိဂ္ဂဟ)

၇၈။ (ပ) အဘယ်သို့သောကာလကို တိုသောကာလ၊ လျင်သောကာလ၊ တမကြာကာလဟု မှတ်ရမည်နည်း။
(ဖြေ) မျက်စိတမှိတ်၊ လက်ဖျစ်တတွက်၊ လျှပ်တပြက်ခန့် ကာလကို (မာဂဓအလို။) ဒူးပေါ်၌ မှောက်ထားသောလက်ကို လှန်သောပမာဏခန့် ကာလကို (သက္ကဋအလို။) တိုသောကာလ၊ လျင်သောကာလ၊ တမကြာကာလဟု မှတ်ရမည်။

၇၉။ (ပ) မျက်စိတမှိတ်ခန့်ဆိုရာ အဘယ်သို့သောသူ၏ အဘယ်သို့ မှိတ်ခြင်းမျိုးကို ယူရမည်နည်း။
(ဖြေ) အားလျင်လျှုရှိသော ကလျာဏရှိရပုဂ္ဂိုလ်၏ အထက်အောက် မျက်တောင်နှစ်ရပ်တို့၏ မျက်လုံးအလယ်၌ ခတ်၍မှိတ်သော မှိတ်ခြင်းမျိုးကို ယူရမည်။

၈၀။ ( ပ ) တမတြာကာလ ရှိသောကြောင့် ရဿဟု ဆိုသော် ကေမတ္တာ တယော ရဿာ-ဟု မတည်မူ၍ အဘယ့်ကြောင့် လဟုမတ္တာ တယော ရဿာ-ဟု တည်ပါသနည်း။
(ဗျာ) ကေမတ္တာ-စသည်ဖြင့် တည်ခဲ့သော် အ-ဣ-ဥ-တို့သာ ရဿ မည်ရာ၏။ ဗျည်းနှင့်ယှဉ်သော က-ကိ-ကု-သရတို့ ရဿမ မည်ကုန်ရာ၊ ထိုဗျည်းနှင့်ယှဉ်သော သရတို့သည်လည်း ရဿမည်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် ကေမတ္တာ တယော ရဿာ-ဟု မတည်ပဲ လဟုမတ္တာ တယော ရဿာ-ဟု တည်ပါသည်။

၈၁။ ( ပ ) လဟုမတ္တာ ရဿာမျှ သုတ်တည်က လိုအပ်သော အတ္ထပြီးလျက် အဘယ့်ကြောင့် လဟုမတ္တာ တယော ရဿာ-ဟု သုတ်တည်ပါသနည်း။
(ဗျာ) ကျမ်းတပါးတို့၌ အ-ဣ-ဥမှ တပါးသော ရဿာသရတို့ ရှိကုန်သေး၏ဟူသော အနက်ကို သိစေလိုသောကြောင့် လဟုမတ္တာ တယော ရဿာ-ဟု သုတ်တည်ပါသည်။

၈၂။ ( ပ ) ဤသုတ်ကို တပါးသောဌာနတို့၌ မဘည်မူ၍ အဘယ့်ကြောင့် ဤဌာန၌ တည်ပါသနည်း။
(ဗျာ) ဒီဃသညာ၏ ရှေးဦးစွာ ရဿ-သညာကို ပြသင့်သောကြောင့် ဤ၌ တည်ပါသည်။

၈၃။ ( ပ ) အဘယ့်ကြောင့် ရဿသညာကို ရှေးဦးစွာ ပြသင့်ပါသနည်း။ ရဿ ဒီဃတို့သည် မိဿကဖြစ်သည် မဟုတ်ပါလော။
(ဗျာ) ရဿသည် ရှုတ်ဆိုသောကာလ ဒီဃသရမှ ရှေးဦးစွာ ပြီးဆုံးသောကြောင့် ရသညာကို ရှေးဦးစွာ ပြသင့်ပါသည်။

၈၄။ ( ပ ) ဤသုတ်၌ လဟုမတ္တာပါဌ်ဖြင့် ရှင်မဟာကစ္စည်းဆရာ၏ အလို အာဘော်ကို ပြခဲ့ပါ။
(ဗျာ) လဟုမတ္တာပါဌ်ဖြင့် ရှင်မဟာကစ္စည်းဆရာသည် ရဿဟူသည် အက္ခရာသဏ္ဌာန အထည်ကိုယ်ဒြပ် အလုံးအဝန်းအားဖြင့် မရကောင်း၊ ရှုတ်ဆိုသောကာလဖြင့်သာ ရကောင်း၏ဟု သိစေလိုရင်း အာဘောဂ ရှိပါသည်။

၈၅။ ( ပ ) လဟုမတ္တာအရ ကာလကို ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလ သုံးပါးတွင် မည်သည့်ကာလဟု ခေါ်ဆိုရမည်နည်း။
(ဗျာ) ကာလသုံးပါးတွင် မည်သည့်ကာလဟူ၍မျှ မခေါ်ဆိုရပါ။

၈၆။ ( ပ ) လဟုမတ္တာ တယော ရဿာ-သုတ်သည် နည်း ၄၀-တွင် မည်သည့်နည်း။ ဥပစာ ၁၀-ပါးတွင် အဘယ်ဥပစာ ဖြစ်ပါသနည်း။ ထင်ရှားအောင် ဖြေပါ။

(ဗျာ) လဟုကမတ္တာဟု ဆိုလိုလျက် က-အက္ခရာကိုချေ၍ ဆိုရကား ငဏ္ဏလောပနိရုတ္တိနည်း ဖြစ်ပါသည်။ ဌာနဖြစ်သော ကာလဝန္တရဿ သရကို ဌာနီဖြစ်သော ကာလ၌ တင်စား၍ လဟုမတ္တာဟု ဆိုရကား ဌာနူပစာ ဖြစ်ပါသည်။

၈၇။ (ပ) အ-ဣ-ဥ- သုံးလုံးကို အဘယ်အကျိုးငှာ ရဿဟု အမည်ပြုပါသနည်း။

(ဗျာ) ရဿံ စသော သုတ်တို့၌ ရဿဟု ခေါ်ဝေါ်စေခြင်းအကျိုးငှာ ရဿအမည် သညာပြုပါသည်။

---

## ၅-အညေ ဒီဃာ

၈၈။ (ပ) အဘယ့်ကြောင့် ဒီဃမည်ပါသနည်း။

(ဗျာ) ဒီဃကာလေ နိယုတ္တာတိ ဒီဃာ။ ဒီဃေန ဝတ္တဗ္ဗာတိ ဒီဃာ ဟူသော ဝိဂ္ဂဟနှင့်အညီ မျက်စိနှစ်မှိတ် လက်ဖျစ်နှစ်တွက်၊ လျှပ်နှစ်ပြက် ဟု ဆိုအပ်သော ရှည်သော နှစ်မတြာကာလနှင့် ယှဉ်တတ်သောကြောင့် ၎င်း၊ မျက်စိနှစ်မှိတ်၊ လက်ဖျစ်နှစ်တွက်၊ လျှပ်နှစ်ပြက်ဟု ဆိုအပ်သော နှစ်မတြာကာလဖြင့် ရွတ်ဆိုအပ်သောကြောင့်၎င်း ဒီဃမည်ပါသည်။

၈၉။ (ပ) နှစ်မတြာကာလဖြင့် ရွတ်အပ်သောကြောင့် ဒီဃဟူသော် ဒွိမတ္တာ ဒီဃာ—ဟု သုတ်တည်သင့်လျက် အဘယ်အကျိုးငှာ အညေ ဒီဃာဟု တည်ပါသနည်း။

(ဗျာ) ကာ-ကီ-ကေ-ကော-ဟူသော ဗျဉ္ဇနပဋိဗဒ္ဓဖြစ်သော သရတို့ လည်း ဒီဃမည်သည်၏ အဖြစ်ကို သိစေခြင်းအကျိုးငှာ အညေ ဒီဃာ ဟု တည်ပါသည်။

၉၀။ (ပ) အဘယ့်ကြောင့် ဤသုတ်ကို ဤနေရာဌာန၌ တည်ပါသနည်း။ ထင်ရှားအောင် ဖြေပါ။

(ဗျာ) အက္ခရာရေတွက်စဉ်၌ ရဿနောက်မှာ ဒီဃကို ဆိုအပ်သော ကြောင့် ရဿသညာ၏ အခြားမဲ့၌ ဒီဃသညာကို တည်သင့်၏။ ဤနေ ရာမှာ တည်သင့်သောကြောင့် တည်ပါသည်။

၉၁။ (ပ) ဤသုတ်၌ ဖြစ်သင့်သော အညသဒ္ဒါ၏ အပါဒါန် အညအရတို့ ကို ခွဲဝေပြခဲ့ပါ။

(ဗျာ) အ-ဣ-ဥ-ရဿသရသုံးလုံးသည် အညအပါဒါန်ဖြစ်ပါသည်။ အာ-ဤ-ဦ-ဧ-ဩ-ဟူသော ဒီဃသရငါးလုံးသည် အညအရဖြစ်ပါ သည်။

၄၂။ (ပ) ဤသုတ်တည်ရခြင်း၏အကျိုးနှင့်တကွ ဒီဃဘေဒ ထိုဒီဃတို့၏ ကာလပမာဏကိုလည်း ပြခဲ့ပါ။
(ဖြေ) ဒီဃဟု ခေါ်ဝေါ် သိမှတ်ရခြင်း အကျိုးရှိ၏။ ၁—သုဒ္ဓဒီဃ၊ ၂-ဗျဉ္ဇနပင်္ဂိဗဒ္ဒဒီဃ ဟူ၍ နှစ်ပါးပြား၏။ ထိုတွင် သုဒ္ဓဒီဃသည် နှစ်မတြာ ကာလ ပမာဏ ရှိပါသည်။ ဗျဉ္ဇနပင်္ဂိဗဒ္ဒဒီဃသည် နှစ်မတြာခွဲကာလ ပမာဏ ရှိပါသည်။

၄၃။ (ပ) အညေ ဒီဃာသုတ်သည် အဘယ်နည်း။ အဘယ်ဥပစာဖြစ်ပါသနည်း။ သိသာစွာ ပြခဲ့ပါ။
(ဖြေ) သရ ၈-လုံးတွင် ရဿ ၃-လုံးမှာ အကြွင်းကို ယူရသောကြောင့် ပါရိသေသနည်းဖြစ်ပါသည်။ ဌာနဖြစ်သော သရ၏အမည်ကို ဌာနီဖြစ်သော ကာလ၌ တင်စား၍ ဒီဃဟု ဆိုသောကြောင့် ဌာနူပစာဖြစ်ပါသည်။

---

## ၆-သေသာ ဗျဉ္ဇနာ

၄၄။ (ပ) အဘယ့်ကြောင့် ဗျည်းမည်ပါသနည်း။ ဗျည်း၏အပြားကိုလည်း ပြခဲ့ပါ။
(ဖြေ) ဗျဉ္ဇီယတိ အတ္ထော ဧတေဟီတိ ဗျဉ္ဇနာ၊ သရံ ဗျဉ္ဇေန္တီတိ ဗျဉ္ဇနာ၊ သရေ အနုဂစ္ဆန္တီတိ ဗျဉ္ဇနာ ဟူသော ဝိဂ္ဂဟများနှင့်အညီ အနက်ကို ပြကြောင်းဖြစ်သောကြောင့်၎င်း၊ သရကို ဖြစ်စေတတ်ကုန်သောကြောင့်၎င်း၊ သရသို့အစဉ်လိုက်တတ်သောကြောင့်၎င်း ဗျည်းမည်ပါသည်။ ပုဗ္ဗာသယဗျည်း ပရာသယဗျည်း အားဖြင့် နှစ်ပါးအပြားရှိ၏။ (မှတ်ရန်—သရကိုဖြစ်စေ၏ဟူသည် က—ခ—စသည် ရွတ်ဆိုသောအခါ ဥစ္စာရဏတ္ထ အသရကို ဖြစ်စေ၏ဟုလိုသည်။)

၄၅။ (ပ) အနက်ကို ပြတတ်သောကြောင့် ဗျဉ္ဇနဆိုသော် သရသည်လည်း အနက်ကို ပြတတ်ရကား ဗျဉ္ဇနမည်သင့်သည်မဟုတ်လော။ ဗျည်းမည်သင့် မမည်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။
(ဖြေ) သရဟူသော အမည်သညာအထူးကို ရပြီးဖြစ်သောကြောင့် ဗျည်းမမည်သင့်ပါ။

၄၆။ (ပ) ဗျည်းသည် မတြာခွဲကာလ ပမာဏရှိသောကြောင့် အဍ္ဎမတ္တာ ဗျဉ္ဇနာ ဟု တည်သင့်လျက် အဘယ့်ကြောင့် သေသာ ဗျဉ္ဇနာဟု တည်ပါသနည်း။

(ဗျာ) မတြာသာမညာဖြင့် ပယ်အပ်သော ဝဏ္ဏကို သိမ်းယူခြင်းဖြစ် ရာ၏ ဟူသော ယုံမှားသံသယဒေါသကို ပယ်လိုသောကြောင့် သေသာ ဗျဉ္ဇနာ—ဟု တည်ပါသည်။

၉၇။ (ပ) အဘယ့်ကြောင့် ဤသုတ်ကို တပါးသောဌာန၌ မတည်ပဲ ဤ၌ တည်ပါသနည်း။
(ဗျာ) ရှေးဦးပြုအပ်ကုန်သော သရတို့၏ ရဿ၊ ဒီဃသညာကို ပြုပြီး သည်၏ အခြားမဲ့၌ နောက်ပြုအပ်ကုန်သော အက္ခရာတို့တွင် ဗျည်း သည် သဗ္ဗသာဓာရဏသညာဖြစ်ရကား ဤ၌ တည်သင့်သောကြောင့် တည်ပါသည်။

၉၈။ (ပ) သေသာ ဗျဉ္ဇနာ၌ သေသသဒ္ဒါ၏ သမ္ဗန္ဓပဒါနှ် အဝယဝါ ပဒါနှ်တို့ကို ခွဲဝေပြီးလျှင် သေသအရကိုလည်း ပြခဲ့ပါ။
(ဗျာ) သေသ၏ သမ္ဗန္ဓပဒါနှ်ကား—သရ ၈—လုံး၊ အဝယဝါ ပဒါနှ်ကား—ရဿသရသုံးလုံး၊ ဒီဃသရ ငါးလုံးတည်း။ သေသအရ ကား—က-အစ နိဂ္ဂဟိတ်အဆုံး ဗျည်း ၃၃—လုံးတည်း။

၉၉။ (ပ) သီချင်းဆိုသံ၊ ငိုကြွေးသံ၊ အဝေးမှခေါ်သော အသံတို့ကို ရဿ၊ ဒီဃ၊ ဗျဉ္ဇန— သုံးပါးတွင် မည်သည့်အတွင်းသို့ သွင်းရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။
(ဗျာ) မတြာ ပိုလွန်သောကြောင့် မည်သည့်အတွင်းမျှ မသွင်းရပါ။

၁၀၀။ (ပ) ရဿ၊ ဒီဃ၊ ဗျဉ္ဇန-ထည်း မသွင်းရသော် အဘယ်သို့သော အမည်ဟု ခေါ်ရမည်နည်း။ ၎င်းတို့၏ ကာလပမာဏ အဘယ်မျှရှိ၏ ဟု မှတ်ရအံ့နည်း။
(ဗျာ) ပလုတ-ဟူသောအမည်၊ ဝါ-ပလုတ်သံဟူသော အမည်၊ ဝါ- ဖြူးတားဟူသော အမည်ဖြင့် ခေါ်ဝေါ်ရမည်။ သုံးမတြာ ကာလ ပမာဏရှိ၏ဟုမှတ်။

---

## ၇။ ဝဂ္ဂါ ပဉ္စပဉ္စသော မန္တာ

၁၀၁။ (ပ) အဘယ့်ကြောင့် ဝဂ်မည်ပါသနည်း။ ဖြစ်သင့်သော ဝဂ္ဂဘေဒ ကိုပါ ပြခဲ့ပါ။
(ဗျာ) ဂုမ္ဗံဂုမ္ဗံ ကတွာ ဝဂ္ဂီယန္တေ ဥစ္စာရီယန္တေတိ ဝဂ္ဂါ၊ ပဉ္စပဉ္စ ဝိဘာဂေန ဝဂ္ဂန္တိ ပဝတ္တန္တီတိ ဝဂ္ဂါ-ဟူသည်နှင့်အညီ အစုစုပြု၍ ရွတ် ဆိုအပ်သောကြောင့်၎င်း၊ ငါးပါးငါးပါး အဖို့ဖြင့် ဖြစ်တတ်သော

ကြောင့်ငါး-ဝဂ်မည်ပါသည်။ ကဝဂ်၊ စဝဂ်၊ ဋဝဂ်၊ ပဝဂ် ဟူ၍ ငါးပါးအပြားရှိ၏။

၁၀၂။ (ပ) အစုအစုပြု၍ ရွတ်အပ်သောကြောင့် ငါးလုံး ငါးလုံးသော ဗျည်းတို့ ဝဂ်မည်တန်စေ၊ တလုံးတလုံးသော က-စသော ဗျည်းတို့ အဘယ်သို့လျှင် ဝဂ်မည်နိုင်အံ့နည်း။

(ဖြေ) အပေါင်းဖြစ်သော ငါးလုံး ငါးလုံးသော ဗျည်းတို့၏ ဝဂ္ဂသညာကို စိတ်ဖြစ်သော တလုံးတလုံးသော ဗျည်း၌ တင်စားသော ကေဒေသူပစာအားဖြင့် တလုံး တလုံးသော ဗျည်းသည် ဝဂ်မည်နိုင်ပါသည်။

၁၀၃။ (ပ) ဤသုတ်ကို ဝဂ္ဂါ ပဉ္စပဉ္စသော-မျှသာ တည်က လိုအပ်သော အနက်ပြီးလျက် အဘယ့်ကြောင့် မန္တာသဒ္ဒါဖြင့် အထူးပြု၍ သုတ် တည်ပါသနည်း။

(ဖြေ) ယ-အစ အံ-အဆုံး ဂှင်လုံးသောဗျည်းတို့၏ အ-ဝဂ် ဟူသော အမည်သည်လည်း ဖြစ်၏ဟု သိစေလိုသောကြောင့် မန္တာသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၀၄။ (ပ) ဝဂ္ဂါမန္တာ-ဟုသာ သတ်တည်က ၂၅-လုံးသော ဗျည်းတို့၏ ဝဂ္ဂသညာပြီးလျက် အဘယ့်ကြောင့် ပဉ္စပဉ္စသော-သဒ္ဒါဖြင့် အထူးပြု၍ ကည်ပါသနည်း။

(ဖြေ) ငါးလုံး ငါးလုံးအစုဖြင့် ဝဂ္ဂသညာကို ရကုန်သော ဗျည်းတို့၏ များသည်၏ အဖြစ်ကို သိစေလိုသောကြောင့် ပဉ္စပဉ္စသော-သဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၀၅။ (ပ) အဘယ့်ကြောင့် ဤသုတ်ကို ဤနေရာ၌သာလျှင် တည်ပါသနည်း။

(ဖြေ) ရှေးဦးပြုအပ်သော ဗျည်းတို့ကို ရှေးဦးစွာ ဆိုသင့်သောကြောင့် ဤ၌ တည်ပါသည်။

၁၀၆။ (ပ) ပဉ္စပဉ္စသော-ပုဒ်ကို နှစ်နည်းအောက် ဖေယုတ်။ ပဒဝိဂ္ဂဟ သံဝဏ္ဏနာ ပြုပြီးလျှင် အရကောက်ပြခဲ့ပါ။

(ဖြေ) ပဉ္စပဉ္စဟိ ဝိဘာဂေဟိ ပဉ္စပဉ္စသော။ (ဝိဘာဂတဒ္ဓိတ ဝိဂ္ဂဟ) အရကား အစိတ်ဖြင့်၍ ဖြစ်ကုန်သော ငါးလုံးငါးလုံးသော အက္ခရာ အစုတို့ရ၏။ ပဉ္စပဉ္စ ဝေတသံ အတ္ထီတိ ပဉ္စပဉ္စသော။ (အသ္တတ္ထိ တဒ္ဓိတ ဝိဂ္ဂဟ) အရကား-အပေါင်းဖြစ်သော အက္ခရာ ၂၅-လုံး ရ၏။

၁၀၇။ (ပ) ဝဂ္ဂသညာကို ဤသုတ်ဖြင့် မှည့်သောကြောင့် သိရပေပြီ။ အဝဂ္ဂသညာကို အဘယ်သုတ်ဖြင့် မှည့်ရမည်နည်း။

(ဗျာ) အဝဂ္ဂသညာကိုလည်း ဤသုတ်ဖြင့်ပင် မှည့်ရပါမည်။

၁၀၈။ ( ပ ) အဘယ့်ကြောင့် အဘယ်ဗျည်းတို့သည် အ-ဝဂ်မည်ပါသနည်း။
(ဗျာ) န ဝဂ္ဂေါ အဝဂ္ဂေါ ဟူသည်နှင့်အညီ ဝဂ်ဟုဘ်သောကြောင့် ဝါ အစုအစုပြု၍ မရွတ်ဆိုအပ်သောကြောင့် ယ-စ၊ အံ-ဆုံး ၈-လုံးသော ဗျည်းတို့သည် အဝဂ် မည်ပါသည်။

၁၀၉။ ( ပ ) ဝဂ်မဟုတ်သောကြောင့် အဝဂ္ဂဟူသော် သရ-ရှစ်လုံးတို့လည်း ဝဂ်မဟုတ်ရကား အဝဂ် ဆိုသင့်မည်လော၊ အကြောင်းပြ၍ဖြေပါ။
(ဗျာ) သရ-ဟူသော အမည်ထူးကို ရပြီးဖြစ်သောကြောင့် အဝဂ် မဆိုသင့်တော့ပါ။

၁၁၀။ ( ပ ) ဤသုတ်ဝယ် မန္တာ-ဟု အဆုံးအက္ခရာကိုသာဆို၍ ကာဒယော ဟူသော အစအက္ခရာကို အဘယ့်ကြောင့် မဆိုပါသနည်း။
(ဗျာ) ကြဉ်ဘွယ် အနက်တပါးမရှိသောကြောင့် ကာဒယောဟူသော အစအက္ခရာကို မဆိုပါ။

၁၁၁။ ( ပ ) ဤသုတ်ဖြင့် ပြအပ်သော ဥဇုကတ္တ၊ ဝင်္ကတ္တတို့ကို ပြခဲ့ပါ။
(ဗျာ) က-အစ၊ မ-အဆုံး၊ ၂၅-လုံးသော ဗျည်းတို့၏ ဝဂ္ဂသညာ ပြုရခြင်းသည် ဥဇုကတ္တ၊ ယ-စ၊ အံ-ဆုံး၊ ဗျည်း ၈-လုံးတို့၏ အဝဂ္ဂ သညာပြုရခြင်းသည် ဝင်္ကတ္တ ဖြစ်ပါသည်။

၁၁၂။ ( ပ ) ဤသုတ်သည် စတ္တာလီသ နယတွင် အဘယ်နယ၊ ဥပစာဆယ် ဝတွင် အဘယ်ဥပစာ ဖြစ်ပါသနည်း။
(ဗျာ) အဝုတ္တသိဒ္ဓိနည်း၊ နေယျတ္တနည်း၊ ဗျတိရေကနည်း ဖြစ်ပါ သည်။ ဥပစာ ၁၀-ပါးတွင် ဧကဒေသူပစာ ဖြစ်ပါသည်။

---

ဂ—အံ့ဂ္ဂတိ နိဂ္ဂဟိတံ

၁၁၃။ ( ပ ) အဘယ့်ကြောင့် နိဂ္ဂဟိတ်မည်ပါသနည်း။ အဘယ်ကို နိဂ္ဂဟိတ် ဟု မှတ်ရမည်နည်း။
(ဗျာ) ရဿသရံ နိဿာယ ဂယှတိ ဥစ္စာရီယတီတိ နိဂ္ဂဟိတံ၊ ကရဏံ နိဂ္ဂဟိတွာ အဝိဝဋေန မုခေန ဂယှတိ ဥစ္စာရီယတီတိ နိဂ္ဂဟိတံ ဟူ လည်းနှင့်အညီ ရဿသရကိုမှီ၍ ရွတ်ဆိုအပ်သောကြောင့်၎င်း၊ မိမိ၏ မှီရာ ဌာနကရိုဏ်းကိုနှိပ်၍ မဖွင့်သော-ဝါ၊ စဉ်းငယ်ဖွင့်သော ခံတွင်းဖြင့်

ရွတ်ဆိုအပ်သောကြောင့်ရင်း နိဂ္ဂဟိတ်မည်ပါသည်။ ရဿသရ ၃-လုံးမှ နောက်၌ ကြားအပ်သော ဗိန္ဒုကို နိဂ္ဂဟိတ်ဟု မှတ်ရမည်။

မှတ်ရန်။ ။ကရဏဋ္ဌာနိဂ္ဂဟဟူသည် နိဂ္ဂဟိတ်မှိရာ အက္ခရာ၏ ဌာန်ကရိုဏ်းကို မထင်စေ၍ နိဂ္ဂဟိတ်ဖြစ်ရာ နာသိကဌာန် နှာခေါင်းသံ ထင်၍ ရွတ်ရမည် ဟူလို။

၁၁၄။ (ပ) ဤသုတ်ကို အံနိဂ္ဂဟီတံ-ဟု တည်က ပြီးသင့်လျက် အဘယ့်ကြောင့် အံက္ကတိ နိဂ္ဂဟီတံ-ဟု တည်ပါသနည်း။
(ဗျာ) အံ၌ အသရသည် နိဂ္ဂဟိတ်မမည်။ အပြောက် အစက် ဗိန္ဒုသည်သာ နိဂ္ဂဟိတ်မည်၏ဟု ညွှန်းပြလိုသောကြောင့် အံက္ကတိ နိဂ္ဂဟီတံဟု တည်ပါသည်။

၁၁၅။ (ပ) ဗိန္ဒုသာ နိဂ္ဂဟိတ် မည်သော် ဗိန္ဒုနိဂ္ဂဟီတံဟု သုတ်တည်သင့်လျက် အဘယ့်ကြောင့် အံက္ကတိ နိဂ္ဂဟီတံဟု တည်ပါသနည်း။
(ဗျာ) ဗိန္ဒုသည် ရဿသရ သုံးလုံးကိုသာမှီ၍ဖြစ်၏။ ဒီဃသရကိုမှီ၍ မဖြစ်ဟု သိစေလိုသောကြောင့် အံက္ကတိ နိဂ္ဂဟီတံဟု တည်ပါသည်။

၁၁၆၊ (ပ) ရဿသရကို မှီ၍ဖြစ်သော် က္ကံက္ကတိ နိဂ္ဂဟီတံဟူ၍ရင်း၊ ဥံက္ကတိ နိဂ္ဂဟီတံဟူ၍ရင်း မတည်မူ၍ အဘယ့်ကြောင့် အံက္ကတိ နိဂ္ဂဟီတံ ဟု တည်ပါသနည်း။
(ဗျာ) ဥပလက္ခဏနည်း၊ နိဒဿနနည်းကို ပြလိုသောကြောင့် ဝါ-ရဿ ၃-လုံးတွင် အသရကို ရှေးဦးစွာ ပြလိုသောကြောင့် အံက္ကတိ နိဂ္ဂဟီတံဟု တည်ပါသည်။

၁၁၇။ (ပ) က္ကံက္ကတိ နိဂ္ဂဟီတံ ဟူ၍ရင်း၊ ဥံက္ကတိ နိဂ္ဂဟီတံဟူ၍ရင်း သုတ်တည်က အပြစ်ရှိ မရှိ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။
(ဗျာ) နိဂ္ဂဟိတ်သည် ရဿသရ ၃-လုံးကို မှီသောကြောင့် အပြစ်မရှိ တည်သင့်ပါ၏။

၁၁၈။ (ပ) ဤသုတ်ကို အဘယ့်ကြောင့် ဤနေရာ၌ တည်ပါသနည်း။
(ဗျာ) ဗျည်း ၃၃-လုံးတွင် နောက်ဆုံးပြသော အက္ခရာကို ဆိုသင့်သောကြောင့် ဤ၌ တည်ပါသည်။

၁၁၉။ (ပ) အဘယ့်ကြောင့် အဘယ်အရာကို ဗိန္ဒုဟု ခေါ်ပါသနည်း။
(ဗျာ) လုံးသည်၏ အဖြစ်ကြောင့် အပြောက်အစက်ကို ဗိန္ဒုဟု ခေါ်ပါသည်။

၁၂၀။ (ပ) အံ့ဗျည်း၊ နိဂ္ဂဟိတ်၊ ဗိန္ဒု-ရင်းသုံးပါးတို့၏ ထူးခြားပုံကို ပြခဲ့ပါ။

(ဖြေ) မိမိမှီရာ သက်သက်မျှနှင့် နေသော ဗိန္ဒုသည်-အံဖျည်း။ ပုဗ္ဗသရလောပဖျည်း၊ ပရသရလောပဖျည်းနှစ်ပါးနှင့် ဆက်ဆံသော ဗိန္ဒုသည် နိဂ္ဂဟိတ်။ အပြောက် အစက်သက်သက်မျှသည် ဗိန္ဒု။

၁၂၁။ (ပ) အပြောက်အစက်သက်သက်ကို ဗိန္ဒုဟုဆိုပါလျက် အဘယ် အကျိုးငှါ သုတ်၌ အံ့ဂ္ဂတိ-ဟု အသရနှင့် တကွ ဆိုပါသနည်း။

(ဖြေ) ရွတ်ဆိုရခြင်းအကျိုးငှာ အသရနှင့်တကွ ဆိုပါသည်။

၁၂၂။ (ပ) ဤနိဂ္ဂဟိတ်ကို ကျမ်းတပါး၌ အဘယ်အမည်ဖြင့် ခေါ်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) သဒ္ဒါရတော အနုပစ္ဆာ နိဿယတီတိ အနုသ္သာရံ-ဟူသည်နှင့်အညီ သရမှ နောက်၌ မှီတတ်သောကြောင့် အနုသ္သာရဟူသော-အမည်ဖြင့် ကလာပ်ကျမ်း၌ ခေါ် ဆိုပါသည်။

---

## ၉။ ပရသမညာ ပယောဂ

၁၂၃။ (ပ) ပရသမညာဟူသာဆိုက ယုဇ္ဇနကြိယာကို သိအပ်သောကြောင့် လိုအပ်သောအနက်ပြီးလျက် အဘယ့်ကြောင့် ပယောဂေ-သဒ္ဒါထည့်၍ သုတ်ဘည်ပါသနည်း။

(ဖြေ) ဃောသ၊ အဃောသမှတပါးသော လောပ၊ သဝဏ္ဏ–စသော အမည် တို့ကို သင်္ဂြိုဟ်စေလိုသောကြောင့် ပယောဂေသဒ္ဒါ ထည့်၍ သုတ်တည်ပါသည်။

၁၂၄။ (ပ) အဘယ့်ကြောင့် ဤသုတ်ကို ဤနေရာ၌ တည်ပါသနည်း။ ကျမ်းတပါးအရ ယူရမည့်ကျမ်းကိုလည်း ညွှန်းပြခဲ့ပါ။

(ဖြေ) သကသညာ ပြပြီးသောနောက်၌ ပရသပညာကို ပြသင့်သောကြောင့် ဤ၌ တည်ပါသည်။ ကျမ်းတပါးအရ သင်္ဂကရိုက်သဒ္ဒါ ကျမ်းကို ယူရမည်။

၁၂၅။ (ပ) ကျမ်းတပါးလာ ပရသမညာ-ဟူသည် အဘယ်များ ဖြစ်ပါသနည်း။

(ဖြေ) ဃောသ၊ အဃောသ၊ လောပ၊ သဝဏ္ဏ၊ သရူပ၊ သံယောဂ၊ လိင်္ဂ၊ နာမ၊ ပဒ၊ တဒ္ဓိတ၊ ဥပသာရ၊ နိပါတ၊ ပစ္စယ၊ ဌာန၊ ကရဏ၊ ပယတန၊ သိထိလ၊ ဓနိတ၊ ဥပမ –စသောအမည်များ ဖြစ်ပါသည်။

၁၂၆။ (ပ) ဖျဉ်နဗုဒ္ဓိ-၁၀-ပါးတို့၏သရုပ်ကို ထုတ်နှုတ်ပြခဲ့ပါ။

(ဗျာ) သိထိလဉ္စ ဓနိတဉ္စ၊ ဒီဃရဿံ ဂရုံ လဟုံ။
နိဂ္ဂဟီတံ ဝိမုတ္တဉ္စ၊ သမ္ဗန္ဓဉ္စ ဝဝတ္ထိတံ–

ဟူသည်နှင့်အညီ—

၁–သိထိလ၊ ၂–ဓနိတ၊ ၃–ဒီဃ၊ ၄–ရဿ၊ ၅–ဂရု၊ ၆–လဟု၊ ၇–နိဂ္ဂဟိတ်၊ ၈–ဝိမုတ္တ၊ ၉–သမ္ဗန္ဓ၊ ၁၀–ဝဝတ္ထိတတို့ဖြစ်ပါသည်။

၁၂၇။ (ပ) အဘယ့်ကြောင့် ဗျဉ္ဇနဗုဒ္ဓိ မည်ပါသနည်း။ ကမ္မဝါအရာ ကံပျက်ခြင်းကို ပြုတတ်သော ဗျဉ္ဇနဗုဒ္ဓိများကိုလည်း ပြခဲ့ပါ။

(ဗျာ) ဗျဉ္ဇနံ ဗုဇ္ဈတေ ဉာယတေ တောယာတိ ဗျဉ္ဇနဗုဒ္ဓိ–ဟူသည် အညီ သဒ္ဒါကို သိကြောင်း ဖြစ်သောကြောင့် ဗျဉ္ဇနဗုဒ္ဓိ မည်ပါသည်။ သိထိလ၊ ဓနိတ၊ နိဂ္ဂဟိတ၊ ဝိမုတ္တ၊ ဤ ၄-ပါးသော ဗျဉ္ဇနဗုဒ္ဓိတို့သည် ကမ္မဝါအရာ၌ ကံပျက်ခြင်းကို ပြုတတ်ပါကုန်သည်။

၁၂၈။ (ပ) သိထိလအက္ခရာ၊ ဓနိတအက္ခရာတို့၏ သရုပ်သကောင်ကို ထုတ်ဆောင်ပြခဲ့ပါ။

(ဗျာ) ဝဂ်ငါးပါးတွင် က·စ·ဋ·တ·ပ–ဟူသော ပဌမက္ခရာ ငါးလုံး၊ ဂ·ဇ·ဍ·ဒ·ဗ–ဟူသော တတိယက္ခရာငါးလုံး၊ ဤ၁၀ -လုံးသည် သိထိလအက္ခရာ၊ (သဒ္ဒနီတိ သဒ္ဒါငယ်ဆရာတို့ အလို။) ၎င်း-၁၀-လုံးတွင် င-ဉ-ဏ-န-မ-ဟူသော ပ မက္ခရာငါးလုံးထည့်၍ ၁၅–လုံးသည် သိထိလ။ (ရူပသိဒ္ဓိဆရာအလို။) ခ-ဆ·ဌ·ထ·ဖ·ဟူသော ဒုတိယက္ခရာငါးလုံး၊ ဃ–ဈ–ဎ·ဓ–ဘ– ဟူသော စတုတ္ထက္ခရာငါးလုံး။ ဤ ၁၀–လုံးသည် ဓနိတအက္ခရာ။

၁၂၉။ (ပ) အဘယ့်ကြောင့် ဃောသ အဃောသမည်ပါသနည်း။
(ဗျာ) ပြင်းသောအသံရှိသောကြောင် ဃောသမည်ပါသည်။
ပြင်းသောအသံ မရှိသောကြောင့် အဃောသမည်ပါသည်။

၁၃၀။ (ပ) အဘယ့်ကြောင့် သိထိလ၊ ဓနိတမည်ပါသနည်း။
(ဗျာ) လျော့သော၊ မှမြဲမြံ မခက်ထန်သော၊ နူးညံ့သော ဝစီပယောဂဖြင့် ရွတ်ဆိုအပ်သော အက္ခရာဖြစ်သောကြောင့် သိထိလ။ မြဲမြံပြင်းပြသော အသံဖြင့် ရွတ်ဆိုအပ်သော အက္ခရာဖြစ်သောကြောင့် ဓနိတမည်ပါသည်။

၁၃၁။ (ပ) ဃောသလည်း ပြင်းသည်၊ ဓနိတလည်း ပြင်းသည်၊ အဘယ်သို့ ထူးကြပါသနည်း။
(ဗျာ) ဃောသကား သဘောအားဖြင့် အသံပြင်းသည်။ ဓနိတကား ရွတ်ဆိုအပ်သောပုဂ္ဂိုလ်၏ ဝစီပယောဂဖြင့် အသံပြင်းပါသည်။ တနည်း

ဃောသကား ဥစ္စာရဏဝိဓိကို မပြ၊ ဓနိတကား ဥစ္စာရဏဝိဓိကို ပြပါသည်။ ဤသို့ ထူးကြ၏။

၁၃၂။ (ပ) ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါးလာ သမ္ဗန္ဓ၊ ဝဝတ္ထိတ၊ ဝိမုတ္တတို့၏ အဓိပ္ပာယ်ကို ပြခဲ့ပါ။

(ဗျာ) နောက်ပုဒ်နှင့်စပ်၍ ရွတ်အပ်သောပုဒ်သည် သမ္ဗန္ဓ။ ပုဒ်ဖြတ်၍ ရွတ်အပ်သော ပုဒ်သည် ဝဝတ္ထိတ။ ဌာန်တို့ကို မနှိပ်မူ၍ ဖွင့်သော ခံတွင်းဖြင့် ရွတ်အပ်သောပုဒ်သည် ဝိမုတ္တ။

---

## ၁၀—ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ

၁၃၃။ (ပ) ဤသုတ်ကို အဿရံ သရေန ဝိယောဇယေ-မျှသာ တည်ကပြီးသင့်လျက် အဘယ့်ကြောင့် ပုဗ္ဗသဒ္ဒါ၊ အဓောဋ္ဌိတသဒ္ဒါတို့ကိုထည့်၍ သုတ်တည်ပါသနည်း။

(ဗျာ) တတြာယံ-စသော ပြယုဂ်တို့၌ သရမှနောက် ဖြစ်သော ယ စသော ဗျည်းကို နစ်စေလိုသောကြောင့် ပုဗ္ဗသဒ္ဒါကို ခွင်းပြီးသော ဗျည်းကို အဘယ်၌ ထားရအံ့နည်း ဟူသော ယုံမှားခြင်းကို နစ်စေလိုသောကြောင့် အဓောဋ္ဌိတသဒ္ဒါကို ထည့်၍ တည်ပါသည်။

၁၃၄။ (ပ) ပုဗ္ဗမဓောဋ္ဌိတံ သရေန ဝိယောဇယေ-ဟုသာ တည်ကပြီးလျက် အဘယ်အကျိုးငှာ အဿရံသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) သရေန-ဟူသောပုဒ်၏ သဟယောဂအနက်ကို နစ်စေ၍ အပါဒါန်အနက်ကို ပြခြင်းအကျိုးငှာရင်း၊ နယေ ပရံ ယုတ္တေ-သုတ်သို့လိုက်စေခြင်းအကျိုးငှာရင်း အဿရံသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၃၅။ (ပ) နောက်သုတ်သို့ လိုက်စေလို၍ဆိုသော် ၎င်းသုတ်ရောက်မှပင် ဆိုပါတော့လော၊ အဘယ့်ကြောင့် ဤသုတ်မှာ ဆိုပါသနည်း။

(ဗျာ) ဤသုတ်၌လည်း စိုးစဉ်းအနည်းငယ်မျှသော အကျိုး၏ ဖြစ်သင့်သေးသောကြောင့် ဤသုတ်မှာပင် ဆိုပါသည်။

၁၃၆။ (ပ) စိုးစဉ်းမျှသော အကျိုးဖြစ်ပုံကို ပြခဲ့ပါ။

(ဗျာ) အဿရံ သဒ္ဒါမရှိသော် သရေနဟု ဆိုသောကြောင့် သရနှင့် ခွင်းရာ၏ဟူသော ယုံမှားခြင်းဖြစ်ရာ၏။ အဿရံသဒ္ဒါဖြင့် ၎င်းအနက်၏ မဖြစ်သင့်သောကြောင့် သရမှခွင်းရာ၏ ဟူသောအနက်ကို ရ၏။ ဤသို့ စိုးစဉ်းမျှသော အကျိုးရှိပါသည်။

၁၃၇။ (ပ) ဤသို့ ဖြစ်ခဲ့သော် သရတောဟု ဆိုပါတော့လော၊ အဘယ့်ကြောင့် သရေန-ဟု ဆိုပါသနည်း။
(ဖြေ) သောတုဇနတို့အားပြန့်ပြောသောဉာဏ်ဖြစ်စေလိုသောကြောင့်ဝါ၊ ဉာဏ်ပွားစေလိုသောကြောင့် သရတော-ဟု မဆိုပဲ သရေန-ဟု ဆိုပါသည်။

၁၃၈။ ဤသုတ်၌ ဝိယောဇယ၏ အဓိပ္ပာယ်ကို ရေးပြခဲ့ပါ။
(ဖြေ) သရနှင့်ဗျည်းကို သီးခြား တလုံးစီပြုခြင်းသည်ပင် ဝိယောဇယ ခွင်းသည် မည်ပါသည်။

၁၃၉။ ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ-ဟူသော ပရိဘာသာအရ အယံအာဝိ-ဝယ် ရှေးဖြစ်သော ယ်-ဗျည်းကို ခွင်းသင့်ပါလျက် အဘယ့်ကြောင့် မခွင်းရပါသနည်း။
(ဖြေ) ပရာသယဗျည်း ဖြစ်သောကြောင့် မခွင်းရပါ။

၁၄၀၊ (ပ) အဘယ့်ကြောင့် အဘယ်သည် သန္ဓိမည်ပါသနည်း။
(ဖြေ) ဒွိန္နံ ပဒါနံ အန္တရံ အဓေယျတွာ သမ္မာဓိယတီတိ သန္ဓိ-ဟူသည်နှင့်အညီ ပုဒ်နှစ်ပါးတို့၏အကြားကို မမြင်စေမူ၍ ကောင်းစွာ စပ်အပ်သောကြောင့် ရှေ့နောက်ဟူသော ပုဒ်နှစ်ပါး စပ်ခြင်းသည် သန္ဓိမည်ပါသည်။

၁၄၁။ (ပ) သန္ဓိပြုခြင်း၏ အဆောက်အဦဟု ဆိုအပ်သော ဥပကရဏာတို့၏ အမည်များကို စုံလင်စွာ ဖော်ပြပါ။
(ဖြေ) ၁-ပုဗ္ဗ၊ ၂-ပရ၊ ၃-လောပ၊ ၄-အာဂမ၊ ၅-သံယောဂ၊ ၆-ဝိယောဂ၊ ၇-ပရနယန၊ ၈-ဝိပရိယာယ၊ ၉-ဝိကာရ၊ ၁၀-ဝိပရီတ တို့ ဖြစ်ပါသည်။ ။(မှတ်ရန်-ဤ ၁၀-ပါးကို သန္ဓိကိစ္စဟု ခေါ်ဆိုရသည်)။

---

## ၁၁-နယေ ပရံ ယုတ္တေ

၁၄၂။ (ပ) ဤသုတ်ကို နယေ ပရံ မျှသာတည်က ပြီးသင့်လျက် အဘယ် အကျိုးငှာ နယေ ပရံ ယုတ္တေဟု သုတ်တည်ပါသနည်း။
(ဖြေ) နိဂ္ဂဟိတ်ကိုနှစ်စေခြင်းအကျိုးငှာ(ရူပသိဒ္ဓိအလို။)ဝဏ္ဏခြားရာ ကာလခြားရာတို့၌ ဤသုတ်အစီအရင်မဖြစ်ဟု သိစေခြင်းအကျိုးငှာ (နီတိဒွေသအလို။) နယေ ပရံ ယုတ္တေဟု သုတ်တည်ပါသည်။

၁၄၃။ ( ပ ) ဤသုတ်ကို အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။
(ဖျာ) ဝိယောဂ၏အခြားမဲ့၌ သံယောဂအစီအရင်ကို ဆိုအပ်သောကြောင့် ဤ၌ တည်ပါသည်။

၁၄၄။ ( ပ ) ဤသုတ်ဖြင့် ပရနယနပြုရမည်ဆိုသော် ပုဗ္ဗာသယဖျည်း ပရာသယဖျည်း နှစ်ပါးတွင် အဘယ်ဖျည်းကို ပြုမည်နည်း။ အကြောင်းပြ၍ ဖြေပါ။
(ဖျာ) ယုတ္တောသဒ္ဒါဖြင့် နိဂ္ဂဟိတ်ကို တားမြစ်သောကြောင့် ပရာသယဖျည်းကို ပရနယနပြုရပါသည်။

၁၄၅။ ( ပ ) ဤသုတ်ကို နယေ ပရံ ဌာနေဟု တည်ခဲ့သော် သင့် မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။
(ဖျာ) ဌာနသည် ယုတ္တ၏ ပရိယာယ်သဒ္ဒါဖြစ်သောကြောင့် နယေ ပရံ ဌာနေဟု တည်သော်လည်း သင့်ပါ၏။

၁၄၆။ ( ပ ) ဤသုတ်၌ ယုတ္တဖြစ်သော အက္ခရာတို့ကို ပြခဲ့ပါ။
(ဖျာ) ဝိယောဂပြုပြီးသော အက္ခရာ၊ သရရဟိတဖြစ်သော အာဂမ အာဒေသအက္ခရာတို့သည် ယုတ္တဖြစ်ပါသည်။

၁၄၇။ ( ပ ) ဤသုတ်၏အမည်ကို ပြပြီးလျှင် ပရနယန၏ အဓိပ္ပာယ်ကိုလည်း ပြခဲ့ပါ။
(ဖျာ) ပရိဘာသာသုတ် ရှေ့နောက်အက္ခရာတို့၏ တပေါင်းတည်း အဖြစ်သို့ ရောက်ခြင်း တကွဖြစ်ကြခြင်းသည် ပရနယန မည်ပါသည်။

၁၄၈။ ( ပ ) အဘယ့်ကြောင့် ကျမ်းမည်ပါသနည်း။
(ဖျာ) ကဲပ္ပိယတ် ဟေ့ာတိ ကပ္ပေါ၊ ကပ္ပိယန္တိ ဧတေန နာနာဘေဒ ဘိန္နာ ဂမ္ဘီရာ အတ္ထာတိ ကပ္ပေါ ဟူသည်နှင့်အညီ အထူးထူး အပြားပြားဖြင့် ပြားကုန်သော နက်နဲကုန်သောအနက်တို့ကို ကြံရာကြံကြောင်းဖြစ်သောကြောင့် ကျမ်းမည်ပါသည်။

သန္ဓိပဌမပိုင်း ပြီး၏။

* * *

## ၁၂။ သရာ သရေ လောပံ

၁၄၉။ ( ပ ) သရာ သရေ လောပံသုတ်၌ ကာရိဖြစ်ကောင်းသော သရ၊ နိမိတ်ဖြစ်ကောင်းသော သရတို့ကို ပြခဲ့ပါ။

(ဖြေ) ကာရိဖြစ်ကောင်းသော သရကား သရရှစ်လုံးနှောင်းရာတို့၌ အသီးသီးရှိကောင်းသော ၆၄-လုံးသော သရတို့တည်း။ နိမိတ်ဖြစ်ကောင်းသော သရကား သရရှစ်လုံးတို့တွင် တလုံးလုံးတည်း။

၁၅၀။ (ပ) သရဟူသော ဗဟုဝစနန္တ ကာရိအား လျော်စွာ သရေသုဟု နိမိတ်ကို ဗဟုဝစနန္တနှင့် မဆိုပဲ အဘယ်အကျိုးငှာ သရေဟု ဧကဝစနန္တနှင့် ဆိုပါသနည်း။

(ဖြေ) တခုသောပြယုဂ်၌ တလုံးသော သရသာ နိမိတ်ဖြစ်၏ဟု သိစေခြင်းအကျိုးငှာ သရေဟု ဧကဝုစ်နှင့် ဆိုပါသည်။

၁၅၁။ (ပ) သရေ-ဟူသော ဧကဝုစ်နိမိတ်အားလျော်စွာ ကာရိကိုလည်း သရေဟု ဧကဝုစ်နှင့် ဆိုသင့်လျက် အဘယ့်ကြောင့် သရာဟု ဗဟုဝုစ်နှင့် ဆိုပါသနည်း။

(ဖြေ) သရတလုံးနှောင်းရာ၌ နှစ်လုံး သုံးလုံး လေးလုံးသော သရတို့ တပြိုင်နက်ကျေခြင်းသို့ ရောက်ကုန်၏ဟူသော အနက်ကို သိစေလိုသောကြောင့် သရာဟု ဗဟုဝုစ်နှင့် ဆိုပါသည်။

၁၅၂။ (ပ) သရာ လောပံ သရေ သုတ်မတည်ပဲ အဘယ့်ကြောင့် သရာ သရေ လောပံဟု တည်ပါသနည်း။

(ဖြေ) သရေ-ဟူသော နိမိတ်၏ အစွမ်းကြောင့် ကာရိနှင့် နိမိတ်သည် တစပ်တည်း တည်မှ ကျေ၏ဟု သိစေလိုသောကြောင့် သရာ သရေ လောပံဟု သုတ်တည်ပါသည်။

၁၅၃။ (ပ) သရာ သရေ-ဟူ၍ နိမိတ်နှင့် ကာရိမျှသာ သုတ်တည်က ပြီးသင့်လျက် အဘယ့်ကြောင့် ကာရိယပုဒ်ပါ ထည့်၍ သရာ သရေ လောပံ-ဟု တည်ပါသနည်း။

(ဖြေ) လောပံ-ဟူသော ယောဂဝိဘာဂဖြင့် သရနှောင်းရာ၌ ဗျည်းကျေ၊ ဗျည်းနှောင်းရာ၌ ဗျည်းကျေ၊ ဗျည်းနှောင်းရာ၌ သရကျေ၏ဟူသောအနက်ကို သိစေလိုသောကြောင့် လောပံသဒ္ဒါနှင့်တကွ သရာ သရေ လောပံ-ဟု သုတ်တည်ပါသည်။ ဥဒါဟရုဏ်ကား လိင်္ဂံ လီနအင်္ဂံ၊ ဒွင္ဒိပဒံ ဒွါသဋ္ဌိပဋိပဒံ၊ ကြိယစိတ္တံ ကိရိယစိတ္တံ။

၁၅၄။ (ပ) ဤသုတ်၌ လောပ၏ အဓိပ္ပာယ်ကို ပြပါ။

(ဖြေ) ထင်ရှားရှိသော ဝတ္ထု၏ ပျက်စီးခြင်းကို ဝါ-မမြင်ရခြင်း၊ မရွတ်ဆိုရခြင်းကို လောပ-ဟု ဆိုပါသည်။

၁၅၅။ (ပ) အဘယ်ကို ကာရီ၊ ကာရိယ၊ နိမိတ်ဟု ခေါ်ဆိုပါသနည်း။
(ဖြေ) မပြီးသေးသည်ကို၊ ဝါ-ပြုရမည်ဖြစ်သော ဝတ္ထုကို ကာရီ၊ ပြု၍ ပြီးသည်ကို ကာရိယ၊ ထိုကာရီ၊ ကာရိယတို့၏ အကြောင်းကို နိမိတ်ဟု ခေါ်ဆိုပါသည်။

၁၅၆။ (ပ) ကာရီ ဘေဒ၊ ကာရိယဘေဒ၊ နိမိတ္တဘေဒတို့ကို အသီးအသီး ပြခဲ့ပါ။
(ဖြေ) ပဌမာကာရီ၊ ဆဋ္ဌီကာရီ-ဟူ၍ နှစ်ပါး၊ ပဌမကာရိယ၊ ဒုတိယ ကာရိယ-ဟူ၍ နှစ်ပါး။ ပုဗ္ဗနိမိတ္တ၊ ပရနိမိတ္တ-ဟူ၍ နှစ်ပါး၊စီ အပြား ရှိကြ၏။

၁၅၇။ (ပ) ထိုဘေဒအသီးသီးတို့၏ စည်းကမ်းထုံးပုံကို ပြခဲ့ပါ။
(ဖြေ) ကာရီပုဒ်က ပဌမာဖြစ်အံ့၊ ကာရိယပုဒ်မှာ ပဌမာသော်၎င်း၊ ဒုတိယာသော်၎င်း ဖြစ်နိုင်၏။ ကာရီပုဒ် ဆဋ္ဌီဖြစ်အံ့၊ ကာရိယပုဒ်မှာ ပဌမာသာ ဖြစ်ရာ၏။ ပုဗ္ဗနိမိတ္တဖြစ်အံ့၊ ပဉ္စမီဖြင့် ပြရာ၏။ ပရနိမိတ္တ ဖြစ်အံ့၊ သတ္တမီဖြင့် ပြရာ၏။ ပုဗ္ဗ-ပရ နိမိတ္တနှစ်ပါးကို လက္ခဏာစ္စ သတ္တမီဖြင့် ထိုက်သင့်သည်အားလျော်စွာ ပြရာ၏။

၁၅၈။ (ပ) ဝိဓိသုတ်ဘေဒကို သရုပ်ထုတ်ပြီးလျှင် ဤသုတ်သည် အဘယ် သုတ် ဖြစ်ပါသနည်း။
(ဖြေ) လောပါဒေသဉ္စ ဒီဃဉ္စ၊ ရဿံ ပစ္စယမေဝ စ။

ဝိဘတျာဂမော ပၸ္ပီသေဓော၊ ဝိဓိနာမ အဋ္ဌ သိယုံ—

ဟု လာရကား— လောပဝိဓိ၊ အာဒေသ၊ ဒီဃ၊ ရဿ၊ ပစ္စယ၊ ဝိဘတ္တိ၊ အာဂမ၊ ပၸ္ပီသေဓ ဝိဓိသုတ်အားဖြင့် ၈-ပါးရှိ၏။ ထိုတွင် ဤသုတ် သည် လောပဝိဓိ ဖြစ်ပါသည်။

---

## ၁၃။ ဝါ ပရော အသရူပါ

၁၅၉။ (ပ) အဘယ့်ကြောင့် သရူပ၊ အဘယ့်ကြောင့် အသရူပမည်ပါ သနည်း။
(ဖြေ) သမာနံ ရူပံ ယဿာတိ သရူပေါ၊ န သရူပေါ အသရူပေါ-ဟူသည်နှင့်အညီ တူသောအသံရှိသောကြောင့် သရူပ၊ တူသောအသံ မရှိသောကြောင့် အသရူပ မည်ပါသည်။

၁၆၀။ သရူပဘေဒ၊ အသရူပဘေဒတို့ကို ပြပြီးလျှင် ဤ ဝါပရော အသရူပါ သုတ်၌ လိုအပ်သော သရူပ၊ အသရူပတို့ကို ပြခဲ့ပါ။

(ဖြေ) သရသရုပ်၊ ဗျဉ္ဇနသရုပ်၊ သရအသရုပ်၊ ဗျဉ္ဇနအသရုပ်အားဖြင့် နှစ်ပါးစီ အပြားရှိပါ၏။ ထိုတွင် ဤသုတ်၌ သရသရုပ်၊ သရအသရုပ်တို့ကို လိုအပ်ပါသည်။

၁၆၁။ (ပ) သရူပဖြစ်ကောင်းသော သရ၊ အသရူပ ဖြစ်ကောင်းသောသရတို့ကို ပြခဲ့ပါ။

(ဖြေ) အသရနှင့် အာသရ၊ ဣနှင့် ဤ၊ ဥသရနှင့် ဦသရ၊ ဤ ၆-လုံးတို့သည် သရူပသရ အစဉ်နှင့် ကြွင်းသရ ၆-လုံး၊ ဣဝဏ္ဏနှင့် ကြွင်းသရ ၆-လုံး၊ ဥဝဏ္ဏနှင့် ကြွင်းသရ ၆-လုံး၊ (ဧသရနှင့် ကြွင်း ၇-လုံး ကာဒိတိ အလို။)၊ (ဝါ-သရ ၈-လုံး၊ ပုဒ်စစ် အလို။) (ဩသရနှင့် ကြွင်း ၇-လုံး၊ သဒ္ဒနီတိ အလို။) (ဝါ-သရ ၈-လုံး။ ပုဒ်စစ်အလို)။ ၎င်းသရတို့သည် အသရူပသရ ဖြစ်ကြပါသည်။

၁၆၂။ (ပ) အသရူပါ၌ ရူပသဒ္ဒါ အဘယ်အနက်ကို ဟောပါသနည်း။

(ဖြေ) ဤ၌ ရူပသဒ္ဒါသည် ပြခြင်းဟူသော ပကာသနတ္ထကို ဟောပါသည်။

၁၆၃။ (ပ) ဤသုတ်၌ နိမိတ်ဖြစ်ကောင်းသော သရ၊ ကာရီဖြစ်ကောင်းသော သရတို့ကို ပြခဲ့ပါ။

(ဖြေ) နိမိတ်ဖြစ်ကောင်းသော သရကား-အသရူပဖြစ်သော သရ သရရှစ်လုံးတို့တည်း။ ကာရီဖြစ်ကောင်းသော သရကား-အသရ-အာ ဣ-ဤ ဥ-ဦသရတို့နေရာ ၆-လုံးစီ။ ဧ-သရ ဩ-သရတို့နေရာ သရ ၈-လုံးစီ အားဖြင့် ၂၅-လုံးတို့တည်း။

၁၆၄။ (ပ) ဤသုတ်ကို ပရော အသရူပါ-ဟု တည်ကပြီးလျက် အဘယ့်ကြောင့် ဝါသဒ္ဒါနှင့် တကွ ဝါ ပရော အသရူပါ-ဟု တည်ပါသနည်း။

(ဖြေ) ဝဝတ္ထိတ ဝိဘာသာအနက်ကို ပြလိုသောကြောင့် ဝါ ပရော အသရူပါ-ဟု တည်ပါသည်။

၁၆၅။ (ပ) ဝဝတ္ထိတ ဝိဘာသာ-ဟူသည် အဘယ်ကို ခေါ်ဆိုပါသနည်း။

(ဖြေ) အကြင်ကြင် ပိုင်းခြားတိုင်းသော ရုပ်ကို သိမ်းယူခြင်းကို ခေါ်ဆိုပါသည်။

၁၆၆။ (ပ) ဝဝတ္ထိတ ဝိဘာသာတ္ထ ဝါသဒ္ဒါသည် အဘယ်ဝိဓိ၊ အဘယ် ရုပ်တို့ကို ပြအပ်ပါသနည်း။

(ဖြာ) နိစ္စဝိဓိ၊ အနိစ္စဝိဓိ၊ အသန္တဝိဓိ—သုံးပါးလုံးကို သော်ရင်း၊ ထိုတွင် တပါးပါးကိုသော်ရင်း ပြတတ်၏။ ရုပ်အားဖြင့် ဒွိရုပ်ကိုပြတတ်ပါသည်။

၁၆၇။ ( ပ ) ဤသုတ်၌ ဝဝတ္ထိတ ဝိဘာသာ ဝါသဒ္ဒါဖြင့် ပြအပ်သော အနက်တို့ကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

(ဖြာ) စက္ခုန္ဒြိယံ စသည်၌ နိစ္စဝိဓိ၊ စတ္တာရော မေ စသည်၌အနိစ္စဝိဓိ၊ ယထိန္ဒြိယာနိ စသည်၌ အသန္တဝိဓိ၊ ဤ ၃-ပါးသော ဝိဓိအနက်တို့ကို ပြပါသည်။

၁၆၈။ ( ပ ) သရာ သရေ လောပံ-သုတ်ကိုထောက်၍ ဝါ အသရူပါ—မျှသော သုတ်တည်က လိုအပ်သော အနက်ပြီးလျက် အဘယ့်ကြောင့် ဝါ ပရော အသရူပါ—ဟု တည်ပါသနည်း။

(ဖြာ) အသရူပသရမှ ရှေ့ဖြစ်သောသရသည် အချို့သဖြင့် ကျေ၏ ဟူသော အနက်ကို တားမြစ်လို နှစ်စေလိုသောကြောင့် (ချာသအလို။) တနည်း—ဝါ ပရော- ဟူသော ယောဂဝိဘာဂဖြင့် ပပံ၊ ပ အာပံ၊ နာလံ၊ န အလံ-စသောပြယုဂ်တို့၌ သရူပသရနောင်မှလည်း ကျေသည်၏ အဖြစ်ကို သိစေလိုသောကြောင့် (နိဒ္ဒေသအလို။) ဝါ ပရော အသရူပါ-ဟု တည်ပါသည်။

---

### ၁၄။ ကွစာသဝဏ္ဏံ လုတ္တေ

၁၆၉။ (ပ) အဘယ့်ကြောင့် သဝဏ္ဏမည်ပါသနည်း။ ဤ၌ ဝဏ္ဏသဒ္ဒါ ဟောသောအနက်ကို ပြခဲ့ပါ။

(ဖြာ) သမာနော ဝဏ္ဏော ယေသန္တေတိ သဝဏ္ဏာ။ န သဝဏ္ဏာ အသဝဏ္ဏာ—ဟူသည်နှင့်အညီ တူသော ဌာန်ရှိသောကြောင့် သဝဏ္ဏ၊ တူသော ဌာန်မရှိသော၊ ဝါ—မတူသော ဌာန်ရှိသောကြောင့် အသဝဏ္ဏမည်ပါသည်။ ဤ၌ ဝဏ္ဏသဒ္ဒါ ဌာန်တူသောအနက်ကို ဟောပါသည်။

၁၇၀။ ( ပ ) သဝဏ္ဏဘေဒ၊ အသဝဏ္ဏဘေဒတို့ကို ပြပြီးလျှင် ဤ၌ လိုအပ်သော အသဝဏ္ဏကိုပြခဲ့ပါ။

(ဖြာ) သရ သဝဏ္ဏ၊ ဗျဉ္ဇန သဝဏ္ဏ၊ သရ အသဝဏ္ဏ၊ ဗျဉ္ဇန အသဝဏ္ဏအားဖြင့် နှစ်ပါးစီ ပြား၏။ ထိုတွင် ဤ၌ သရအသဝဏ္ဏကို လိုအပ်ပါသည်။

၁၇၁။ (ပ) သဝဏ္ဏ ဖြစ်ကောင်းသော သရ၊ အသဝဏ္ဏ ဖြစ်ကောင်းသော သရတို့ကို ပြခဲ့ပါ။

(ဖြေ) အဝဏ္ဏ၊ ဣဝဏ္ဏ၊ ဥဝဏ္ဏ၊ ဤ ၆-လုံးကား သဝဏ္ဏ ဖြစ်ကောင်းသော သရတို့တည်း။ ဧသရ၊ ဩသရ–နှစ်လုံးကား အသဝဏ္ဏ ဖြစ်ကောင်းသော သရ ဖြစ်ပါသည်။

၁၇၂။ (ပ) ဤသုတ်၌ နိမိတ် ဖြစ်ကောင်းသော သရ၊ ကာရီဖြစ်ကောင်းသော သရ၊ ကာရိယ ဖြစ်ကောင်းသော သရတို့ကို ပြခဲ့ပါ။

(ဖြေ) နိမိတ်ဖြစ်ကောင်းသော သရကား အ-အာ ၂-လုံး သာတည်း။ (ရူပသိဒ္ဓိအလို။) အ-အာ-ဣ-ဤ- ဥ-ဦ၊ ၆-လုံး တို့တည်း။ (ဆရာများအလို။) ကာရီ ဖြစ်ကောင်းသော သရကား- ဣ-ဤ-ဥ သုံးလုံးတည်း။ (ရူ–အလို။) ဣဝဏ္ဏ၊ ဥဝဏ္ဏသရ ၄-လုံး တည်း။ (သဒ္ဒနီတိအလို။) ကာရိယ ဖြစ်ကောင်းသော သရကား–ဧသရ၊ ဩသရ ၂-လုံး တည်း။

၁၇၃။ (ပ) အဘယ့်ကြောင့် ကာရီ ဖြစ်ကောင်းသော သရတို့ကို ဣဝဏ္ဏ ဥသရဟု သိနိုင်ပါသနည်း။

(ဖြေ) ဣဝဏ္ဏော ယံ နဝါ-သုတ်မှ ဣဝဏ္ဏသဒ္ဒါ၊ ဝမောဒုဒန္တာနံ-သုတ်မှ ဥအက္ခရာတို့သည် သီဟဝိလောကနနည်းအားဖြင့် လိုက်သောကြောင့် ဣဝဏ္ဏ ဥသရဟု သိရပါသည်။

၁၇၄။ (ပ) ဤသုတ်၌ အသဝဏ်ပြုဟု သာမည ဆိုပါလျက် အဘယ့်ကြောင့် ဣဝဏ္ဏကို ဧအသဝဏ်၊ ဥဝဏ္ဏကို ဩအသဝဏ်ပြုရပါသနည်း။

(ဖြေ) ဣဝဏ်နှင့် ဧသည် တာလုဌာန်အဖြစ်ဖြင့်တူ၍ ဌာန်နီးသောကြောင့်၎င်း၊ ဥဝဏ်နှင့် ဩသည် ဩဋ္ဌဌာန်အဖြစ်ဖြင့်တူ၍ ဌာန်နီးသောကြောင့်၎င်း ဣဝဏ်ကို ဧ၊ ဥဝဏ်ကို ဩပြုရပါသည်။

၁၇၅။ (ပ) ဝါပရော-သုတ်မှ ဝါသဒ္ဒါအလိုက်ခံ၍ အသဝဏ္ဏံ လုတ္တေ-ဟု သုတ်တည်က ပြီးလျက် အဘယ့်ကြောင့် ကွစာသဝဏ္ဏံလုတ္တေ-ဟု သုတ်တည်ပါသနည်း။

(ဖြေ) ဝါသဒ္ဒါနှင့် ကွစိသဒ္ဒါတို့၏ ပြားသောအနက်ရှိသောကြောင့် ဝါ-ကေရုပ်ကို ပြုလိုသောကြောင့်၊ (ဝဏ္ဏနာ ချာသအလို။) အဝဏ်ကျေရာ၌သာ ဤသုတ်အစီအရင်ဖြစ်၏ ဟူသောအနက်ကို သိစေလိုသောကြောင့် (ရူပသိဒ္ဓိအလို။) ကွစာသဝဏ္ဏံ လုတ္တေ-ဟု တည်ပါသည်။

၁၇၆။ (ပ) ဓါသဒ္ဒါ၊ ကွစိသဒ္ဒါတို့ အနက်ပြား၏ဟူသော် အဘယ်သို့ ပြားကြပါသနည်း။

(ဗျာ) ဝါသဒ္ဒါသည် ဝိဓိသုံးပါးကိုပြ၏။ ယေဘုယျအားဖြင့် ဒွိရုပ်ကို ပြပါ၏။ ကွစိသဒ္ဒါသည် အသန္တဝိဓိကိုသာ ပြ၏။ ယေဘုယျအားဖြင့် ကေရုပ်ကိုသာပြ၏။ ဤသို့ ပြားကြပါသည်။

၁၇၇။ (ပ) သရာ သရေ လောပံ-သုတ်မှ လောပသဒ္ဒါအလိုက်ခံ၍ ကွစာ သဝဏ္ဏံမျှသာ သုတ်တည်က ပြီးလျက် အဘယ့်ကြောင့် လုတ္တေသဒ္ဒါနှင့် တကွ သုတ်တည်ပါသနည်း။

(ဗျာ) လုတ္တေဟူသော ယောဂဝိဘာဂဖြင့် ဣသေလယော- ဣသိ အာလယော၊ သောတ္ထိ၊ သုဂတ္တိ-စသော ပြယုဂ်တို့၌ နောက်သရကျေ ရာ၌လည်း ရှေ့သရကို အသဝဏ်ပြုဟူသောအနက်ကို သိစေလိုသော ကြောင့် ကွစိသဒ္ဒါနှင့်တကွ သုတ်တည်ပါသည်။

၁၇၈။ (ပ) ဤသရ၊ ဦသရတို့ကို အသဝဏ္ဏပြုရသော ဥဒါဟရဏ် ထုတ် နှုတ်ပြခဲ့ပါ။

(ဗျာ) ဇိနေရိတံ-ဇိန ဤရိတံ။ ဝါမောရု-ဝါမ ဦရု။ ဥဒကောမိဝ- ဥဒကဥမိဝ။

၁၇၉။ (ပ) အာသရ၊ ဣသရကျေရာ အသဝဏ်ပြုသောပြယုဂ်ကို ပြခဲ့ပါ။
(ဗျာ) ဂင်္ဂေါဒကံ- ဂင်္ဂါ ဥဒကံ၊ အာကျေရာ၌ ပြယုဂ်။ ဝေါဒကံ ဝိဥဒကံ- ဣကျေရာ၌ ပြယုဂ်။

---

## ၁၅။ ဒီဃံ

၁၈၀။ (ပ) ဤသုတ်၌ နိမိတ်၊ ကာရီ၊ ကာရိယ ဖြစ်ကောင်းသော သရတို့ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ကား— သရ ဂ-လုံး၊ ကာရီကား— အ-ဣ-ဥ-ရဿ သရ သုံးလုံး။ ကာရိယကား အာ-ဤ-ဦ ဒီဃသရသုံးလုံးတို့ ဖြစ်ပါသည်။

၁၈၁။ (ပ) ဒီဃသရုပ်ကိုပြပြီးလျှင် ဤ၌လိုအပ်သောဒီဃတို့ကို ညွှန်းခဲ့ပါ။
(ဗျာ) အာဒီဃ ဤ-ဦ-ဧ-ဩ- ဒီဃ။ ထိုတွင် ဤ၌ အာ-ဤ-ဦ- သုံးလုံးကို လိုအပ်၏။

၁၈၂။ (ပ) ဒီဃံဟု သာမည ဆိုပါလျက် အဘယ်၏အစွမ်းဖြင့် အ-ကို အာ၊ ဣ-ကို ဤ၊ ဥ-ကို ဦဒီဃပြုသည်၏အဖြစ်ကို သိရပါသနည်း။

(ဗျာ) ဌာနာ သန္နဋ္ဌာန် နီးသည်၏အစွမ်းဖြင့် အကို အာပြုစသည်ဖြင့် သိရပါသည်။

၁၀၃။ (ပ) နောက်သုတ်နှင့် ပေါင်းလျက် ဒီဃဟုတည်က ပြီးလျက် အဘယ့်ကြောင့် ဒီဃံဟုခွဲ၍ သုတ်တည်ပါသနည်း။

(ဗျာ) ဌာနသန္နအားဖြင့် ရဿသရတို့၏ သဝဏ္ဏဒီဃအဖြစ်ကိုသိစေလိုသောကြောင့်၊ ဝါ-လောကုတ္တရံ-စသော သံယုဂ် နှောင်းသော ပြယုဂ်တို့၌ ဒီဃအဖြစ်သို့ မရောက်ဟု သိစေလိုသောကြောင့် ဒီဃံဟု ခွဲ၍ သုတ်တည်ပါသည်။

---

## ၁၆။ ပုဗ္ဗော စ

၁၀၄။ (ပ) ဤသုတ်ကို ဒီဃံသုတ်နှင့် တပေါင်းတည်းတည်က ပြီးလျက် အဘယ့်ကြောင့် ခွဲ၍ တည်ပါသနည်း။

(ဗျာ) အသရူပဖြစ်သော နောက်သရကျေရာ၌သာ ရှေ့သရ၏ ဒီဃအဖြစ်ကို သိစေလိုသောကြောင့် ခွဲ၍တည်ပါသည်။

၁၀၅။ (ပ) ဤသုတ်၌ ၁-နိမိတ်ဖြစ်ကောင်းသောသရ၊ ၂-ကာရီ ဖြစ်ကောင်းသောသရ၊ ၃-ကာရိယ ဖြစ်ကောင်းသော သရတို့ကို ပြခဲ့ပါ။

(ဗျာ) ၁-သရ ရှစ်လုံးတည်း။ ၂-ရဿသရ ၃-လုံးတည်း။ ၃-အာ ဤ-ဦ-၃-လုံးတည်း။

၁၀၆။ (ပ) ဤသုတ်ကို ပုဗ္ဗောမျှသာ မတည်မူ၍ အဘယ်အကျိုးငှာ စသဒ္ဒါကို ဆိုပါသနည်း။ ဤ၌ စသဒ္ဒါ၏ အနက်ကိုလည်း ပြခဲ့ပါ။

(ဗျာ) လုတ္တေသဒ္ဒါ၊ ဒီဃံသဒ္ဒါတို့ကို ငင်ခြင်းအကျိုးငှာ ဆိုပါသည်။ အနုကဍ္ဎန အနက်ရှိပါသည်။

၁၀၇။ (ပ) အဘယ်ကို အနုကဍ္ဎနဟု ခေါ်ဆိုပါသနည်း။ အနုကဍ္ဎန အပြားကိုရင်း၊ ထိုအပြား၏ အဓိပ္ပာယ်သဘောကိုရင်း၊ ဤ၌ လိုအပ်သော အနုကဍ္ဎနကိုရင်း ပြခဲ့ပါ။

(ဗျာ) ဆိုခဲ့ပြီးသော နိမိတ်၊ ကာရီ၊ ကာရိယပုဒ်တို့ကို ဆွဲယူခြင်း၊ ငင်ခြင်းကို အနုကဍ္ဎနဟု ခေါ်ဆိုပါသည်။ ၁-အနုဝတ္တမာန အနုကဍ္ဎန၊ ၂-အနနုဝတ္တမာနအနုကဍ္ဎန-ဟူ၍ နှစ်ပါး အပြားရှိ၏။ မိမိ ဘာသာလိုက်နိုင်လျက် ရှေ့သုတ်များသို့ မသွားစေလို၊ မိမိသုတ်တွင် ရပ်စေလို၍ ဆွဲငင်သော အနုကဍ္ဎနသည် အနုဝတ္တမာနအနုကဍ္ဎန။ မိမိ

အလိုအလျောက် မလိုက်နိုင် မလာနိုင်၍ ဆွဲငင်သော အနုကဍ္ဎနကား အနနုဝတ္တမာနအနုကဍ္ဎန။ ထိုနှစ်ပါးတို့တွင် ဤသုတ်၌ အနုဝတ္တမာန အနုကဍ္ဎနကို လိုအပ်ပါသည်။

၁၈၈။ (ပ) ဒီဃပြုဟု သာမညဆိုပါလျက် အဘယ့်ကြောင့် ဧ-ဩ-ဒီဃ တို့ကို မယူရပါသနည်း။

(ဗျာ) ဂေါဗလီဗဒ္ဒ နည်းအားဖြင့် ကွစာသဝဏ္ဏံ လုတ္တေ—သုတ်၌ ဧ-ဩတို့ကို စီရင်ပြီးဖြစ်သောကြောင့် မယူရပါ။

၁၈၉။ (ပ) ဒီဃံ၊ ပုဗ္ဗော စ-နှစ်သုတ်တို့သည် ဒီဃပြုခြင်း တူရကား အဘယ်သို့ အထူးမှတ်ရအံ့နည်း။

(ဗျာ) ဒီဃံသုတ်ကား ရှေ့သရကျေရာ၌သာ နောက်သရကို ဒီဃ ပြုသည်။ ပုဗ္ဗော စ—သုတ်ကား နောက်သရကျေရာ၌သာ ရှေ့သရကို ဒီဃပြုသည်။ ဤသို့ ထူး၏။

---

## ၁၇။ ယမေဒန္တဿာဒေသော

၁၉၀။ (ပု) ဤ ယမေဒန္တဿာဒေသော— သုတ်ကို သုံးနည်းအောက် မယုတ် ပဒစ္ဆေဒပြုပြခဲ့ပါ။

(ဗျာ) ၁—ယ ဧ အန္တဿ အာဒေသော၊ (ဝုတ္တိဆရာအလို။) ၂-ယော ဧ အန္တဿ အာဒေသော၊ (ဗာလာဝတာရဆရာ အလို။) ၃—ယံ ဧ အန္တဿ အာဒေသော၊ (ပဏ္ဏာသ အဋ္ဌကထာ ဆရာ အလို။)

၁၉၁။ (ပ) ဤသုတ်၌ နိမိတ်ဖြစ်ကောင်းသော သရ၊ ကာရီ ဖြစ်ကောင်းသော သရတို့ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ဖြစ်ကောင်းသော သရကား အသရ တလုံးသာတည်း။ ကာရီဖြစ်ကောင်းသော သရကား ပုဒ်၏ အစိတ်ဖြစ်သော ဧသရ တလုံး သာတည်း။

၁၉၂။ (ပ) ကာရီအရ ပုဒ်၏အစိတ် ပဒန္တ ဧသရ ဟူသော် ပုဒ်ဟူသမျှ၏ အစိတ်မှန်သမျှကို ယူရမည်လော၊ အဘယ်ပုဒ်တို့၏အစိတ်ကို ယူရ မည်နည်း။

(ဗျာ) ပဒန္တသာမညဆိုသော်လည်း အစိတ်မှန်သမျှ မယူရပါ။ တေ-ယေ-မေ—စသော ပုဒ်တို့၏ အစိတ်ဧသရကိုသာ ယူရမည်။ (ရူ-အလို။) ကေ-တေ-မေ-ပဗ္ဗတေ— စသော ပုဒ်တို့၏ အစိတ်ဧသရကိုသာ ယူရ မည်။ (သဒ္ဒနီတိအလို။)

၁၉၃။ (ပ) အဘယ့်ကြောင့် ဤပုဒ်တို့၏အစိတ်ကိုသာ ယူ၍ တပါးသော ပုဒ်တို့၏ အစိတ်ကို မယူပါသနည်း။

(ဗျာ) မြတ်စွာဘုရားပါဠိတော်အား လျော်စွာ လျောက်ပတ်သော ကြောင့် ဤပုဒ်တို့၏ အစိတ်ကိုသာ ယူပါသည်။ မြတ်စွာဘုရား ပါဠိ တော်အား မလျောက်ပတ်သောကြောင့် တပါးသောပုဒ်တို့၏ အစိတ် ကို မယူရပါ။

၁၉၄။ (ပ) ဤသုတ်၌ ယသဒ္ဒါသည် အာဒေသကို ငဲ့သောကြောင့် ယော ဒေန္တဿာဒေသော–ဟု တည်သင့်သည် မဟုတ်လော။ အဘယ့် ကြောင့် ယမေဒန္တဿာဒေသော-ဟု တည်ပါသနည်း။

(ဗျာ) ရှတ်ဆိုခြင်းငှာ လွယ်ကူစေလိုသောကြောင့် ယမေဒန္တဿာဒေ သော-ဟု တည်ပါသည်။

၁၉၅။ (ပ) ဤသို့ဖြစ်သော် ယမေဒန္တဿာဒေသော-ဟု တည်ကပြီးလျက် အဘယ့်ကြောင့် ဒအက္ခရာနှင့်တကွ ယမေဒန္တဿာဒေသော-ဟု သုတ် တည်ပါသနည်း။

(ဗျာ) သာရမိဿက ဒေါသကို ပယ်လိုသောကြောင့်၊ ဝါ–သရနှင့် အသရတို့မရောယှက်စေလိုသောကြောင့် ဒအက္ခရာလာ၍ ယမေဒန္တဿာ ဒေသော–ဟု သုတ်တည်ပါသည်။

၁၉၆။ (ပ) ဤသုတ်ကို ယမေကာရဿာဒေသော–ဟု တည်ကပြီးသင့် လျက် အဘယ့်ကြောင့် အန္တသဒ္ဒါနှင့်တကွ ယမေဒန္တဿာဒေသော- ဟု တည်ပါသနည်း။

(ဗျာ) ပဝတ္တောနေ္တာ ဒမေန္တော-စသော ပယောဂတို့၌ သရကို ယ– မပြုနိုင်ဟု သိစေလိုသောကြောင့် (ရူ·အလို။) ။ဇယာဂစ္ဆ–ဇေ အာ ဂစ္ဆ-စသော ပယောဂတို့၌ သရ၏ အယ-အပြုကို သိစေလိုသော ကြောင့် ယမေဒန္တဿာဒေသော–ဟု တည်ပါသည်။

---

## ၁၈။ ဝမောဒုဒန္တာနံ

၁၉၇။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယတို့၏ အရ ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ကား သရ ၈-လုံးတည်း။ ကာရီကား အစိတ်ဖြစ်သော ဥသရ၊ ဩသရ ၂-လုံးတည်း။ ကာရိယကား ဝအက္ခရာတည်း။

၁၉၈။ (ပ) ဤသုတ်၌ အစိတ်ဟူသည် အဘယ်သဒ္ဒါတို့၏ အစိတ်ကို ယူရမည်နည်း။

(ဖြေ) က-ခ-တ-ထ-ဒ-န-ယ-သ-ဟ-စသော သဒ္ဒါတို့၏ အစိတ်ကို သာ ယူပါ။ (သာသနိကဆရာတို့အလို။) လောကိသက္ကတသဒ္ဒါဆရာတို့ကား ဂ-ဓ-ဘ-သ-သဒ္ဒါတို့၏ အစိတ်ကိုလည်း ယူကုန်သေး၏။ ပြယုဂ်ကား–စိတြဂွါဒယော၊ မဓွာသဝေါ၊ ဘွာနုသာသနီယံ၊ အဿောခလွာဘိခါဝတိ-ဟူသည်တည်း။

၁၉၉။ (ပ) ဤသုတ်ကို အဘယ့်ကြောင့် နိရုတ္တကဖြစ်သော ဒအက္ခရာတို့နှင့်တကွ ဝမောဒုဒန္တာနံ ဟု တည်ပါသနည်း။

(ဖြေ) ဩသရနှင့် ဥသရ၊ ဥသရနှင့် အသရတို့ မရောယှက်စေလိုသောကြောင့် ဒ အက္ခရာလာ၍ ဝမောဒုဒန္တာနံ ဟု တည်ပါသည်။

၂၀၀။ (ပ) အောက်သုတ်မှ အန္တသဒ္ဒါအလိုက်ခံ၍ ဝမောဒုမျှသာ တည်ကပြီးသင့်လျက် အဘယ့်ကြောင့် အန္တသဒ္ဒါနှင့်တကွ ဝမောဒုဒန္တာနံဟု သုတ်တည်ပါသနည်း။

(ဖြေ) အောက်သုတ်၌ အန္တသဒ္ဒါသည် ပဒန္တ၌သာ ယ-ပြု၏။ ဤသုတ် အန္တသဒ္ဒါကား ပဒန္တ ပဒမဇ္ဈနှစ်ပါးတို့၌ ဝ ပြုရ၏ဟု သိစေလိုသောကြောင့်၊ တနည်း-ဣတေ့ဝ–ဣတိဧဝ၊ သဇ္ဇ-သာ အဇ္ဇ စသောပြယုဂ်တို့၌ အစိတ်ဖြစ်သော ဩ-ဥ-သရတို့မှ တပါးသော အစိတ်ဖြစ်သော ဣသရ အာသရတို့၏ ဝ အပြုကို သိစေလိုသောကြောင့် အန္တသဒ္ဒါနှင့်တကွ ဝမောဒုဒန္တာနံ ဟု တည်ပါသည်။

၂၀၁။ (ပ) သရက္ကမအားလျော်စွာ ဤသုတ်ကို ဝမုဒဒါဒန္တာနံ ဟု တည်သင့်လျက် အဘယ့်ကြောင့် ဩသရကို ရှေ့ထား၍ ဝမောဒုဒန္တာနံဟု တည်ပါသနည်း။

(ဖြေ) ကာရိယ ဝအက္ခရာ ဒွိဇဖြစ်သည်နှင့်အညီ ကာရီဩသရသည် ဒွိဇ အက္ခရာဖြစ်သောကြောင့် ဩသရရှေ့ထား၍ ဝမောဒုဒန္တာနံဟု တည်ပါသည်။

---

## ၁၉။ သဗ္ဗောစန္တိ

၂၀၂။ (ပ) ဤသုတ်၌ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယတို့၏ အရကို ထုတ်ပြခဲ့ပါ။

(ဖြေ) နိမိတ်အရကား- အ-အာ၊ ဥ-ဦ၊ ဧ-ဩ၊ သရ ၆-လုံးတည်း။ ကာရိအရကား တျပျည်း (ချေသအလို၊) ဟိပျည်း (ရူ-ဠလို။) ကာရိယအရကား- ဧပျည်းသာတည်း။

၂၀၃။ (ပ) အဘယ်ကို ထောက်၍ နိမိတ်အရ သရ ၆ လုံးဟု သိနိုင်ပါသနည်း

(ဖြေ) အထက်၌ အတိဿစန္တသ-ဟု တည်လတ္တံ့သော ဣဝဏ်အရာ၌ ပင့်သေသေတ်လို ထောက်၍ ဤ၌ နိမိတ်အရသရ ၆-လုံးဟု သိနိုင်ပါသည်။

၂၀၄။ (ပ) အဘယ်ကိုထောက်ထား၍ ဆရာနှစ်ပါးတို့ တျပျည်း၊ တိပျည်း ခြားနားကွဲပြားနေပါသနည်း။

(ဖြေ) ချေသဆရာကား သဗ္ဗော ဣစ္စေသော တိသဒ္ဒေါ ပျဥ္စနော ဟူသော ဝုတ္တိပါဠ်ကိုထောက်၍ တျပျည်းယူသည်။ ရူပသိဒ္ဓိဆရာကား ဣတိဿမုဟုတ္တမ္ပိ- ဟူသော ကိုဥဒါဟရဏ်၊ အထက် အတိဿ စန္တဿ-ဟူသောသုတ်နှင့် ဝုတ္တိပါဠ်ဘိုကိုရပ်း ထောက်၍ တိပျည်းဟု ယူပါသည်။

၂၀၅။ (ပ) ဤ၌ တျပျည်းကိုသာ စပြုလျက် အဘယ့်ကြောင့် အလုံးစုံပျည်း ဖြစ်ပြီးသော တိသဒ္ဒါဟု ဆိုနိုင်ပါသနည်း။

(ဖြေ) ရှေးက တိဖြစ်ဘူးသောကြောင့် ဟူဘပုဗ္ဗဂဟိကနည်းအားဖြင့် တျကို တိဟု ဆိုပါသည်။

၂၀၆။ (ပ) ဤ၌ တိ-ဟုသော မည့်ဆိုရကား ခပ်သိမ်းသော သဒ္ဒါတို့၏ တိကို ယူရမည်လော၊ အဘယ်တိကို ယူရမည်နည်း။ ဥဒါဟရဏ်နှင့်တကွ ပြဆိုပါ။

(ဖြေ) တိဟူသမျှ မယူရပါ။ အတိ၊ ပတိ၊ ဣတိ-သဒ္ဒါ ၃-ပါးတို့၏ တိ ကိုသာ ယူရပါမည်။

ဥဒါဟရဏ်ကား အစ္စန္တံ-အတိအန္တံ။ ပစ္စယော-ပတိအယော။ ဣစ္စဿ ဣတိ အဿ။

မှတ်ချက်။ ။(အပ္ပစ္စက္ခာတာယ၊ အပ္ပတိအက္ခာတာယ-ဟူသော သေခပဋိပဒါသုတ် ပြယုဂ်၌ တိ၏ စအပြုကိုမြင်ရကား အပ္ပတိသဒ္ဒါ၏ တိကိုလည်း ယူရန် သင့်မည်ပင်။)

၂၀၇။ (ပ) ဤသုတ်ကို စန္တိမျှသာ တည်သော တိ၏ စအပြုပြုသင့်ပါလျက် အဘယ်အကျိုးငှါ သဗ္ဗောသဒ္ဒါတည့်၍ သဗ္ဗော စန္တိ-ဟု သုတ်တည် ပါသနည်း။

(ဗျာ) တအက္ခရာနှင့် စပ်သော ယအက္ခရာ၏ စအပြုကို သိစေခြင်း အကျိုးငှါ (ချာသအလို။) နောက်ဆိုခဲ့ပြီးသော အန္တသဒ္ဒါကိုနစ်စေခြင်းအကျိုးငှါ (ရူ—အလို) သဗ္ဗာသဒ္ဒါထည့်၍ သဗ္ဗာ စန္တိ—ဟု သုတ်တည်ပါသည်။

၂၀၈။ (ပ) ဤသုတ်ကို ၎င်းဆရာနှစ်ပါး အလိုကျ အတ္ထယောဇနာ ပြုပြခဲ့ပါ။
(ဗျာ) ပရေ၊ နှောင်းသော၊ သရေ၊ သရကြောင့်။ သဗ္ဗော၊ တ်သက်သက်မဟုတ် က္လကို ယပြုပြီး၍ အလုံးစုံဗျည်းဖြစ်ပြီးသော။ တိ၊တိသဒ္ဒါသည်။ စံ၊ စအက္ခရာအဖြစ်သို့။ ပပ္ပေါတိ၊ ရောက်၏။ (ချာသအလိုကျ။) ပရေ၊ နှောင်းသော။ သရေ၊ ကြောင့်။ သဗ္ဗော၊ အောက်သုတ်များကဲ့သို့ အစိတ်မဟုတ်အလုံးစုံသော။ တိ၊ တိသဒ္ဒါသည်။ စံ၊ သို့။ ပပ္ပေါတိ၊ ၏။ (ရူ—အလိုကျ။)

၂၀၉။ (ပ) ဤသုတ်ကို မတည်သော်လည်း ဒေါ ဓော စ-သုတ်၌ စသဒ္ဒါဖြင့် ပင် အစ္စန္တံ-စသောပြယုဂ်တို့ ပြီးသင့်လျက် အဘယ့်ကြောင့် သဗ္ဗော စန္တိ-သုတ်ကို ထပ်၍ တည်ပါသနည်း။
(ဗျာ) စန္တိ-ဟူသော ယောဂဝိဘာဂဖြင့် ဇစ္စပမိရော-ဇာတိ ပမိရော၊ ဇစ္စမူဂေါ-ဇာတိမူဂေါ-စသောပဒယောဂတို့၌ နောက်ဗျည်း နှောင်းရာ၌လည်း တိ၏ စအပြုကို သိစေလိုသောကြောင့် ဤသုတ်ကို ထပ်၍ တည်ပါသည်။

၂၁၀။ (ပ) အဘယ်သို့ ပြုသည်ကို ယောဂဝိဘာဂ ခေါ်ဆိုပါသနည်း။ ၎င်းယောဂဝိဘာဂ၏အပြားဘေဒကို ပြပြီးလျှင် ဤသုတ်၌ လိုအပ်သော ယောဂဝိဘာဂကို ညွှန်းခဲ့ပါ။
(ဗျာ) သုတ်ကို ခွဲဝေခြင်းပြုသည်ကို ယောဂဝိဘာဂခေါ်ဆိုပါသည်။ ၁-ဝိသုံကရဏယောဂဝိဘာဂ။ ၂-ဒွိဓာကရဏယောဂဝိဘာဂ။ ၃-ဝိနာမိကာရယောဂဝိဘာဂအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ဤ၌ ဝိနာမိကာရယောဂဝိဘာဂဖြစ်ပါသည်။

၂၁၁။ (ပ) ထိုယောဂဝိဘာဂသုံးပါးတို့၏ အထူးဝိသေသတို့ကို ပြခဲ့ပါ။
(ဗျာ) ဒေါ ဓော-တသုတ်၊ တော ဒဿ- ဟု တသုတ်၊ ဤကဲ့သို့ မူလသုတ်ရင်းမှ အသီးခွဲဝေခြင်းသည် ဝိသုံကရဏ ယောဂဝိဘာဂ သရာ သရေ လောပံ၌ သရာ သရေ-တသုတ်၊ လောပံ-တသုတ်။ ဤသို့ မူလသုတ်ရင်းကို နှစ်ပိုင်းပြု၍ ခွဲဝေခြင်းသည် ဒွိဓာကရဏယောဂဝိဘာဂ။ ဤသုတ်၌ သရေ-ဟူသော နိမိတ်အလိုက်ခံ၍ သဗ္ဗော စန္တိ တသုတ်၊ သရေ-ဟူသော နိမိတ်အလိုက်မခံမူ၍ စန္တိ-ဟု တသုတ်။ ဤသို့

သဒ္ဒါတပါးအလိုက်မခံပဲ သုတ်ကို ခွဲဝေခြင်းသည် ဝိနာဒိကာရယောဂ ဝိဘာဂ၊ ဤသို့သော အထူးဝိသေသတို့ကိုမှတ်။

---

## ၂၀။ ဒေါ ဃဆ စ

၂၁၂။ (ပ) ဤသုတ်၌ ၁—နိမိတ်ဖြစ်ကောင်းသောသရ၊ ၂—ကာရိ ဖြစ်ကောင်းသောဗျဉ္ဇန၊ ၃—ကာရိယဖြစ်ကောင်းသော ဗျဉ္ဇနတို့ကို ပြခဲ့ပါ။
(ဗျာ) ၁—အသရတည်း။ ၂—ကား ဒန္တဇ စတုတ္ထ ဓအက္ခရာတည်း။ ၃—ကား ဒန္တဇ တတိယ ဒအက္ခရာတည်း။

၂၁၃။ (ပ) ဤ၌ ဓဃ—ဟု သာမန်ဆိုရကား ဓ-အက္ခရာဟူသမျှကို ယူရမည်လော၊ အဘယ် ဓ-ကို ယူရမည်နည်း။ အကြောင်းပြ၍ ဖြေခဲ့ပါ။
(ဗျာ) ဓ—သာမညမယူရပါ။ တဒနုပဒေသမနေဟု ပရိဘာသာလာသောကြောင့် ကေသဒ္ဒါ၏နောက်၌ဖြစ်သော ဣဓသဒ္ဒါ၏ ဓ-အက္ခရာကိုသာ ယူရမည်။

၂၁၄။ (ပ) ဤသုတ်၏ ဝိဓိကို နိစ္စဝိဓိ၊ အနိစ္စဝိဓိ နှစ်ပါးတွင် အဘယ်ဝိဓိ ဖြစ်ပါသနည်း။ အကြောင်းပြ၍ ဖြေပါ။
(ဗျာ) ကေ၏နောက်၊ ဣဓရှေ့ကက၊ မဖောက်သဘော၊ ဒ—ပြုသောကြောင့်၊ နိစ္စဝိဓိဖြစ်ပါသည်။

၂၁၅။ (ပ) ဤသုတ်ကို ဒေါ ဓဃ-ဟုတည်က ပြီးကောင်းလျက် အဘယ့်ကြောင့် ဒေါ ဓဃစ—ဟု တည်ပါသနည်း။
(ဗျာ) သရနှောင်းရာ၌သာ ဓ-ကို ဒ-ပြုသည် မဟုတ်သေး။ ဗျည်းနှောင်းရာ၌လည်း ဓ-စသည်ကို ဟ-ဓ သည်ပြုရသေး၏ ဟူသော အနက်ကို ဆည်းလိုသောကြောင့် ဒေါ ဓဃစ-ဟု သုတ်တည်ပါသည်။

၂၁၆။ (ပ) သုတ်အဋ္ဌကထာ၌ ဣဒါတိ နိပါတမတ္တံ-ဟု ဆိုသောကြောင့် ဣဒသဒ္ဒါသည် နိပါတ်မဟုတ်ပါလော၊ နိပါတ်ဖြစ်က အဘယ်သို့ ဒ-အစီအရင်ဖြစ်နိုင်ပါအံ့နည်း။ မဆန့်ကျင်အောင် ဖြေပြခဲ့ပါ။
(ဗျာ) အဋ္ဌကထာ၌ သဒ္ဒါ ပြီးခြင်း ဗျာပါရကို မငဲ့မူ၍ အရိယဝေါဟာရဖြင့်၊ ဝါ၊ မာဂဓသဒ္ဒါနှင့်စပ်သာဖြင့်၊ ဝါ-ဘုရားစကားတော်၏ အစွမ်းဖြင့် သုတိအသံမျှကိုစွဲ၍ နိပါတ်ဟုဆိုပါသည်။ ဤ၌ကား ပညာရှိတို့အား သဒ္ဒါပြယုဂ်၌ လိမ္မာစေခြင်းအကျိုးငှါ သဒ္ဒါပြီးခြင်း လုံ့လဗျာပါရကိုငဲ့၍ ဣဓသဒ္ဒါ၏အစွမ်းဖြင့်-ဓ ကို ဒ-ပြုရ မည်ဟု ဆိုပါသည်။ စကားနှစ်ရပ် မဆန့်ကျင်ပါ။

၂၂၈။ (ပ) ရှေး၌ဖြစ်သောသရ ရဿပြုဟူသော် အမှတ် မရှိ ဒီဃသရ ဟူသမျှကို ရဿသရ ဟူသမျှပြုဟု မှတ်ရအံ့လော။
(ဗျာ) ယထာ၊တထာ-သဒ္ဒါတို့၏အစိတ်ဖြစ်သော အာဒီဃ တလုံးကို သာ အ-ရဿတလုံးသာ ပြုရမည်။

၂၂၉။ (ပ) ဤသုတ်ကို ဧဝါဒိဿ ရိ ပုဗ္ဗော ရဿော-မျှသာတည်က ပြီး ကောင်းလျက် အဘယ့်ကြောင့် စသဒ္ဒါနှင့်တကွ သုတ်တည်ပါသနည်း။
(ဗျာ) ရိပြုဟူသော အနက်၌ ရဿပြုဟူသော အနက်ကို ပေါင်းခြင်း သမ္ပိဏ္ဍနပြုလိုသောကြောင့် စသဒ္ဒါနှင့်တကွ သုတ်တည်ပါသည်။

၂၃၀။ (ပ) ဧဝါဒိဿ ရိ"ပုဗ္ဗဿစ"ရဿော-ဟုမတည်မူ၍ အဘယ့်ကြောင့် ဧဝါဒိဿ ရိ"ပုဗ္ဗောစ"ရဿော-ဟု သုတ်တည်ပါသနည်း။
(ဗျာ)ကာရီ့,ကာရိယတို့သည် တူသောတည်ရာရှိသောကြောင့် အဘေဒူပစာရအားဖြင့် ဧဝါဒိဿ ရိ ပုဗ္ဗောစ ရဿော-ဟု တည်ပါသည်။

၂၃၁။ (ပ) ဤသုတ်၏ ဝုတ္တိလာ နဝါသဒ္ဒါ၊ အောက်သုတ်လာ နဝါသဒ္ဒါ တို့၏ အထူးကို ပြခဲ့ပါ။
(ဗျာ) ဤသုတ်လာ နဝါသဒ္ဒါကား အနိစ္စဝိဓိ ဒွိရုပ်ကို ပြပါသည်။ အောက်သုတ် နဝါသဒ္ဒါကား နိစ္စဝိဓိ၊ အသန္တဝိဓိ ကေရုပ်ကို ပြပါသည်။(အထူး)

သန္ဓိ-ဒုတိယပိုင်း ပြီး၏။

* * *

## ၂၃။ သရ ပကတိ ဗျဥ္စနေ

၂၃၂။ (ပ) ပကတိဟူသည် အဘယ်ကို ခေါ်ပါသနည်း၊ ပတာတို့၏ အဓိပ္ပာယ်ကို ပြခဲ့ပါ။
(ဗျာ) ပဌမံဝိယ ကရိယာတိတိ ပကတိ-ဟူရကား ရှေး၌ကဲ့သို့ ပြုသည်ကို၊ ဝါ-ရှေးအတိုင်းထားအပ်သည်ကို ပကတိခေါ်ပါ သည်။ ပကတိ နာမ အဝိကာရတ္တမာပဇ္ဇနံ- ဟူသည်နှင့်အညီ လောပါဒေသ စသော အစီအရင်ဖြင့် ဖောက်ပြန်ခြင်းသို့ မရောက်ခြင်းကို ပကတိဟု ဆိုလို ပါသည်။

၂၃၃။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယတို့၏ အရကို ပြပါ။

(ဖြေ) နိမိတ်ကား ဗျည်း ၃၃–တွင် တလုံးလုံးတည်း။ ကာရိကား သရ ၈–လုံးတည်း။ ကာရိယကား ရှေးအက္ခရာ ပြုခြင်း၊ ဝါ-နောက် ပြန်ခြင်းသို့ မရောက်ခြင်းတည်း။

၂၃၄။ (ပ) ဤသုတ်ကို သရာ ပကတိ ဗျဉ္ဇနေ ကွစိ-ဟု မတည်မူ၍ အဘယ့်ကြောင့် သရာ ပကတိ ဗျဉ္ဇနေ-ဟု တည်ပါသနည်း။

(ဖြေ) နိစ္စဝိဓိကို ပြလိုသောကြောင့်၎င်း၊ ပကတိဖြစ်သောအရာ၌နေ၏ များသည်၏ အဖြစ်ကို ပြလိုသောကြောင့်၎င်း ကွစိ သဒ္ဒါ မပါမူ၍ သုတ်တည်ပါသည်။

၂၃၅။ (ပ) ဝဏ္ဏက္ကမအား လျော်စွာ ဤသုတ်ကို သရေ ကွစိ သုတ်၏ အခြားမဲ့၌ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဖြေ) တတိယကဏ္ဍ အဆုံးသုတ်သို့ တိုင်အောင် ဗျဉ္ဇနေသဒ္ဒါ လိုက် သည်၏အဖြစ်ကို သိစေလိုသောကြောင့် ဗျဉ္ဇနေပကတိ သုတ်ကို ရှေးဦး တည်ပါသည်။

၂၃၆။ (ပ) ဤသုတ်တည်ရခြင်းသည် အဘယ်အကျိုး ရှိပါသနည်း။

(ဖြေ) ဒီဃံ၊ ရဿံ၊ လောပဉ္စ တတြာကာရော–သုတ်တို့ဖြင့်စီရင်သော ဒီဃ၊ ရဿ၊ လောပ အစီအရင်တို့ကို တား-မြစ်နှစ်စေခြင်း အကျိုး ရှိပါသည်။

၂၃၇။ (ပ) လောပ၊ အာဒေသ-စသော ဝိဓိ ၈-ပါးတွင် ဤသုတ်သည် အဘယ် ဝိဓိဖြစ်၍ အဘယ်သုတ်များကို တားမြစ်ပါသနည်း။

(ဖြေ) ပဋိသေဓ ဝိဓိ ဖြစ်ပါသည်။ ဒီဃံ၊ ရဿံ၊ လောပဉ္စ တတြာကာ ရော–သုတ်တို့ကို တားမြစ်ပါသည်။

---

## ၂၄။ သရေ ကွစိ

၂၃၈။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရိတို့ကို ပြခဲ့ပါ။

(ဖြေ) နိမိတ်ကား သရ ၈-လုံးတို့တွင် တလုံးလုံးတည်း။ ကာရိကား သရ ၈–လုံး နှောင်းရာဘို၌ အသီးသီးရှိကောင်းသော ၄၆-လုံးသော သရတို့တည်း။

၂၃၉။ အောက်သုတ်နှင့် ဤသုတ်တို့သည် ပကတိဝိဓိ ပဋိသေဓချင်းတူရ ကား သရာ ပကတိ သရေဝါ ဗျဉ္ဇနေ ဝါ ကွစိ–ဟု ပေါင်း၍ တည် သင့်လျက် မတည်ပဲ အဘယ့်ကြောင့် သီခြားခွဲ၍ တည်ပါသနည်း။

(ဖြေ) အောက်သုတ်ကား ဗျဉ္ဇနနိမိတ်နိစ္စဝိဓိ၊ ဤသုတ်ကား သရနိမိတ် အနိစ္စဝိဓိ၊ ဤသို့ နိမိတ်ဝိဓိတို့ ပြားသောကြောင့် ခွဲ၍ တည်ပါသည်။

၂၄၀။ (ပ) အက္ခရာဖြင့်စဉ်အား လျော်စွာ သရပကတိ သုတ်ကို ဗျဉ္ဇနပကတိသုတ်၏ ရှေးဦးစွာ တည်သင့်လျက် အဘယ့်ကြောင့် နောက်မှ တည်ပါသနည်း။

(ဖြေ) ဗျဉ္ဇနပကတိ သုတ်မှ ဗျဉ္ဇနသဒ္ဒါ တတိယာ ဒုဗ္ဗ ဆုံးသည့်တိုင်အောင် လိုက်သည်၏အဖြစ်ကို သိစေလိုသောကြောင့် သရပကတိ သုတ်ကို နောက်မှထည့်ပါသည်။

၂၄၁။ (ပ) ဤသုတ်၌ ကွစိသဒ္ဒါ အဘယ်အကျိုးငှါ ဆိုပါသနည်း။

(ဖြေ) အနိစ္စဝိဓိ ဒွိရုပ်ကို ပြခြင်းအကျိုးငှါ၊ (နျာသ,သဒ္ဒနီတိအလို။) အသန္တဝိဓိကေရုပ်ကို ပြခြင်းအကျိုးငှါ၊ (နိဒ္ဒေသအလို။)ကွစိသဒ္ဒါကို ဆိုပါသည်။

၂၄၂။ (ပ) ဤသုတ်ဖြင့် မြစ်၏ ဟူသော် အဘယ်သုတ်တို့၏ အစီအရင်ကို မြစ်ပါသနည်း။

(ဖြေ) သရာ သရေ လောပံ၊ ဝါ ပရော အသရူပါ၊ ဒီဃံ၊ ဝမော ဒုဒန္တာနံ သုတ်တို့၏ အစီအရင်ကို တားမြစ်ပါသည်။ (နျာ-ရူ-အလို။) သရာ သရေ လောပံ—သုတ်၏ အစီအရင်ကိုသာ တားမြစ်ပါသည်။ (သုတ်နက်ဆရာအလို။)

၂၄၃။ (ပ) ပကတိပြုသင့်သော ဌာနများကို ပြခဲ့ပါ။

(ဖြေ) ၁—ဆန္ဒဘေဒဌာန၊ ၂—သုခုစ္စာရဏဌာန၊ ၃-သန္ဓိစ္ဆာ ရဟိတ ဌာန ဟူ၍ ၃-ဌာနရှိ၏။

၂၄၄။ (ပ) ရင်းသုံးပါး၌ အကျုံးဝင်သော ပကတိဌာနတို့ကို စုံလင်အောင် ပြခဲ့ပါ။

(ဖြေ) ၁—ဣတိသဒ္ဒါနှင့်မယှဉ်သော အာလုပ်ပုဒ်၏အဆုံး၊ ၂—ဆန်းဂိုဏ်းစောင့်သင့်သော အရာ၊ ၃—သမာသ်ပုဒ်မှ တပါးသော ပဒန္တဒီဃသရ၊ ၄—နာမ်ပုဒ်၏ အဆုံးဖြစ်သော ဣအက္ခရာ—ဥအက္ခရာ၊ ၅—ကြိယာပုဒ်၏အစ၊ ဤသို့စသောအရာတို့သည် ပကတိဌာန မည်၏။ ပကတိဌာနံ နာမ အာလပနန္တာနီတိသို့ ဆန္ဒာနုရက္ခဏေ အသမာသေ

ပဒန္တဒီဃမိုစ ဣကာရုကာရနာမ ပဒန္တကြိယာဒိမိုတိ ဧဝမာဒိ-ဟူသော ရူပသိဒ္ဓိနှင့်အညီ ဖြေဆိုလိုက်သည်။

---

## ၂၅။ ဒီဃံ

၂၄၅။ (ပ) ဤသုတ်၌ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယတို့ကို ပြခဲ့ပါ။
(ဖြေ) နိမိတ်ကား ဗျည်း ၃၃-လုံး၊ ကာရီကား ရဿသရ သုံးလုံး၊ ကာရိယကား အာ၊ ဤ၊ ဦ-ဒီဃသရ သုံးလုံးတို့တည်း။

၂၄၆။ (ပ) အောက်၌ ပြခဲ့ပြီးသော သညာအစဉ် အားလျော်စွာ ဧဿ-သုတ်၏ အခြားမဲ့၌ တည်သင့်လျက် အဘယ့်ကြောင့် ဒီဃံသုတ်ကို ရှေးဦးတည်ပါသနည်း။
(ဖြေ) သရ ပကတိ ဗျဉ္ဇနသုတ်မှ မဏ္ဍူကဂတိက နည်း၏ အစွမ်းဖြင့် ဗျဉ္ဇနသဒ္ဒါလိုက်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် ဒီဃံ-သုတ်ကို ပဌမတည်ပါသည်။

၂၄၇။ (ပ) သရေ ကွစိ-သုတ်မှ သရေသဒ္ဒါ လိုက်သင့်ပါလျက် အဘယ့်ကြောင့် ဗျဉ္ဇနေသဒ္ဒါ လိုက်သည်၏အဖြစ်ကို သိရပါသနည်း။
(ဖြေ) သုတ်ကိုအစဉ်ဖျက်၍ တည်ထားသောကြောင့် သိရပါသည်။

၂၄၈။ (ပ) သရေ ကွစိ-သုတ်သည် အာသန္နဖြစ်သောကြောင့် သရေ-ဟူသော နိမိတ်ကိုလည်း အလိုက်ခံသင့်ပါလျက် အဘယ့်ကြောင့် အလိုက်မခံပါသနည်း။
(ဖြေ) နောက်သရနှောင်းရာ၌ ရှေ့သရ၏ ဒီဃအပြု ပြယုဂ်မရှိသောကြောင့် အနိဋ္ဌဖြစ်သော်သည်း အလိုက်မခံပါ။

၂၄၉။ (ပ) ဤသုတ်ဖြင့် ဒီဃပြုရသော ဌာနတို့ကို ပြပြီးလျှင် ဥ-ရဿကို ဦ-ဒီဃပြုသော ဥဒါဟရဏ်တခု ထုတ်ဆောင်ခဲ့ပါ။
(ဖြေ) ၁—ဂါထာတို့၌ ဆန္ဒာနုရက္ခဏဌာန၊ ၂-ဝုတ္တိယတို့၌ သုခုစ္စာရဏ ဌာနအားဖြင့် နှစ်ဌာနရှိ၏။ ဥဒါဟရဏ်ကား ဒူရင်္ဂမံ၊ ဒုရင်္ဂမံ။

၂၅၀။ (ပ) ဒုတိယာကဏ္ဍလာ ဒီဃံနှင့် တတိယကဏ္ဍလာ ဒီဃံသုတ်တို့၏ အထူးကို ပြခဲ့ပါ။
(ဖြေ) ရှေ့ဒီဃံကား သရနိမိတ်ခံရာ၌ ဒီဃပြုသည်။ ဝါ-ရှေ့၌ ကျေခြင်း စသည်ကို ပြုပြီးမှ ဒီဃပြုသည်။ ပါ-သနိဒ္ဒေသဒီဃ ဖြစ်သည်။ နောက်ဒီဃံကား ဗျဉ္ဇနနိမိတ်ခံရာ၌ ဒီဃပြုသည်။ ဝါ—ရှေ့၌ ကျေ

ခြင်း စသည်ကို မပြုမူ၍ ဒီဃပြုသည်။ ဝါ—အနိဒ္ဒေသဒီဃ ဖြစ်သည်။ ဤသို့ ထူးကြ၏။

---

## ၂၆။ ရဿ

၂၅၁။ (ပု) ဤသုတ်၌ဖြစ်ထိုက်သော နိမိတ်၊ ကာရီ၊ ကာရိယတို့ကို ပြ ခဲ့ပါ။

(ဖြေ) နိမိတ်ကား-ဗျည်း ၃၃-လုံး၊ ကာရီကား-အာ၊ ဤ၊ ဦ၊ ဒီဃ သုံးလုံး၊ ကာရိယကား—အ၊ ဣ၊ ဥ—ရဿသရ သုံးလုံးတို့တည်း။

၂၅၂။ (ပ) ဤသုတ်ဖြင့် ရဿပြုရမည် ဟူသော် အမှတ်မရှိသော ဒီဃကို အမှတ်မရှိ ရဿပြုရမည်ဟု မှတ်ရအံ့လော။

(ဖြေ) သာမညဆိုသော်လည်း ဌာနာသန္န၏အစွမ်းဖြင့် အာဒီဃကို အ၊ ဤဒီဃကို ဣ၊ ဦဒီဃကို ဥရဿ ပြုရပါမည်။

၂၅၃။ (ပ) သညက္ကမ အားလျော်စွာ ဒီဃံသုတ်၏ရှေ့၌ တည်သင့်လျက် အဘယ့်ကြောင့် နောက်၌ တည်ပါသနည်း။

(ဖြေ) ထရေ ကွစိ-သုတ်မှ သရေ-ဟူသော နိမိတ်လိုက်ခြင်းမှ နစ်စေ လိုသောကြောင့် အစဉ်ဖျက်၍ နောက်၌တည်ပါသည်။

၂၅၄။ (ပ) ဤသုတ်ဖြင့် ရဿပြုရသော ဌာနတို့ကို ဥဒါဟရဏ်တခုစီနှင့် ထုတ်ပြခဲ့ပါ။

(ဖြေ) ၁—ဆန္ဒာနုရက္ခဏဌာန၊ ယဒိဝသာဝကော-ယဒိဝါ သာဝကော။ ၂—အာဂမဌာန၊ သမ္မဒက္ခာတော—သမ္မာ အက္ခာတော။ ၃-သံယောဂဌာန၊ ထုလ္လစ္စယော-ထူလော အစ္စယော။ ဤသို့ ၃-ဌာန ရှိ၏။

၂၅၅။ (ပ) ရဿပြုရကျိုးကို နှစ်မျိုးအောက်မယုတ် ထုတ်ပြခဲ့ပါ။

(ဖြေ) ၁-ဆန္ဒာနုရက္ခဏ အကျိုး။ ၂-သုခုစ္စာရဏအကျိုးရှိပါ၏။

---

## ၂၇။ လောပဥ္စ တတြာကာရော

၂၅၆။ (ပ) ဤသုတ်လုံး၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယအရတို့ ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ကား ဗျည်း-၃၃-လုံး၊ ကာရိကား ဩသရတလုံးတည်း။ ကာရိယကား ထိုဩသရ၏ကျေခြင်းလောပတည်း။

၂၅၇။ (ပ) ဤသုတ်ကို လောပဋ္ဌဘာတြာ်မျှသာတည်က လိုအပ်သောအတ္ထ ပြီးလျက် အဘယ့်ကြောင့် ကာရသဒ္ဒါနှင့်တကွ လောပဥ္စ တတြာကာ ရော-ဟု တည်ပါသနည်း။

(ဗျာ) သုတိတူဖြစ်သော အာအက္ခရာကို နစ်စေလိုသောကြောင့် ကာရသဒ္ဒါနှင့်တကွ လောပဥ္စ တတြာကာရော-ဟု တည်ပါသည်။

၂၅၈။ (ပ) ဤသုတ်၌ အဘယ်အကျိုးငှာ စသဒ္ဒါနှင့်တကွ သုတ်တည်ပါသနည်း။

(ဗျာ) ကျေခြင်းဟူသော ပဥ္စမအနက်၌ လာခြင်းဟူသော ဒုတိယ အနက်ကို ပေါင်းခြင်း သမ္ပိဏ္ဍနအကျိုးငှာ(နျာ-အလို။)ကိစ္စနော တွံ စသော ပြယုဂ်တို့၌ ဩ၊ဉ-သရတို့၏ လာခြင်းကို ဆည်းခြင်းငှာ(ဗာလာ ဝတာရအလို။)ကတံ ဇာနေမု တေ မယံ-စသော ပယောဂတို့၌ အသရ မှတပါးသော ခုနစ်လုံးသော သရတို့၏ လာခြင်းကို ဆည်းခြင်းငှာ (ဇာလိနီအလို။) သေ အတ္တော၊ သေ အာဘောဂေါ-စသော ပယော ဂတို့၌ သရနှောင်းရာ၌လည်း ရှေ့သရ၏ ကျေခြင်း၊ အအက္ခရာလာခြင်း ကို ဆည်းခြင်းငှာ(ရူ-အလို။)စသဒ္ဒါနှင့် သုတ်တည်ပါသည်။

၂၅၉။ (ပ) ဤသုတ်၌ လောပအရ အမှတ်မရှိသောသဒ္ဒါ၏ အမှတ်မရှိ သော သရကျေခြင်းကို ယူ၍မှတ်ရမည်လော၊ အကြောင်းပြ၍ ဖြေ ပါ။

(ဗျာ) တဒနုပရောဓေန-ဟု ပရိဘာသာလာသောကြောင့် သေသဒ္ဒါ၊ တသဒ္ဒါတို့၏ အစိတ်ဖြစ်သော ဩသရကျေခြင်းကို မှတ်ယူ၍မည်။

---

## ၂၈။ ပရဒွေဘာဝေါဌာနေ

၂၆၀။ (ပ) ဤသုတ်၌ (က)အပါဒါန်ဖြစ်သော ဝဏ္ဏ၊ (ခ) အဝဓိဖြစ် ကောင်းသောဝဏ္ဏ၊ (ဂ)ကာရိယဖြစ်ကောင်းသော ဝဏ္ဏတို့ကို ပြခဲ့ပါ။

(ဗျာ) (က)ရဿသရသုံးလုံးတည်း။ (ခ)က-ဂ-င၊စ-ဇ-ည၊ ဋ-ဍ-ဏ၊ တ-ဒ-န၊ပ-ဗ-မ၊ ယ-လ-ဝ၊ သ-ဟ-ဠ-အက္ခရာအားဖြင့်-၂၁-လုံး။ (လောကီသဒ္ဒါကျမ်းအလို။) ထိုတွင် င-အက္ခရာနုတ်၍ အလုံး ၂၀ တည်း။(သာသနာတော်ကျမ်းအလို။) (ဂ)ရင်းအလုံး ၂၀-ပင်တည်း။

၂၆၁။ (ပ) ဤသုတ်ကို ပရသ ဒွေ ဘာဝေါ ဌာနေ–ဟု တည်သင့်လျက် အဘယ့်ကြောင့် ပရ ဒွေ ဘာဝေါ ဌာနေ-ဟု တည်ပါသနည်း။

(ဖြေ) သုခုစ္စာရဏဖြစ်စေလိုသောကြောင့်သဝိဘတ်ကိုချေ၍ ပရ ဒွေ ဘာဝေါ ဌာနေ-ဟု တည်ပါသည်။

၂၆၂။ (ပ) ပရ ဒွေ ဘာဝေါ ကွစိ-ဟု မတည်မူ၍ အဘယ့်ကြောင့် ပရ ဒွေ ဘာဝေါ ဌာနေ-ဟု တည်ပါသနည်း။

(ဖြေ) ဤကား ယှဉ်အပ် ယှဉ်သင့်သော ယုဇ္ဇိတဗ္ဗအက္ခရာ၊ဤကား မယှဉ်အပ် မယှဉ်သင့်သော အယုဇ္ဇိတဗ္ဗ အက္ခရာတည်းဟု သိစေလိုသောကြောင့် ပရ ဒွေ ဘာဝေါ ဌာနေ-ဟု တည်ပါသည်။

၂၆၃။ (ပ) ဤသို့ ယုဇ္ဇိတဗ္ဗ အယုဇ္ဇိတဗ္ဗ အက္ခရာကို သိစေလိုသောကြောင့် တည်ခဲ့သော် ပရ ဒွေဘာဝေါ ယုတ္တေ-ဟု တည်ပါတော့လော။အဘယ့်ကြောင့် ပရ ဒွေ ဘာဝေါ ဌာနေ-ဟု တည်ပါသနည်း။

(ဖြေ) ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဋိပတ္တိ–ဟူသော ပရိဘာသာနှင့်အညီ ဌာနေသဒ္ဒါနှင့် ဆိုလိုသောကြောင့် ပရ ဒွေ ဘာဝေါ ဌာနေ–ဟု တည်ပါသည်။

၂၆၄။ (ပ) ဤသုတ်ကို ပရ ဒွေ ဘာဝေါ ယုတ္တေ-တည်သော် သင့် မသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဖြေ) ယုတ္တေသဒ္ဒါသည် ဌာနေသဒ္ဒါ၏ ပရိယာယ်သဒ္ဒါ ဖြစ်သောကြောင့် တည်သင့်ပါ၏။

၂၆၅။ (ပ) ဤသုတ်ဖြင့် ဒွေဘာဝပြုဆိုသော် ဝဂ်–အဝဂ်နှစ်ပါးတွင် အဘယ်အက္ခရာကို ဒွေဘာဝပြုရမည်နည်း၊အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ဝဂ်-အဝဂ်အထူးမမှတ်မူ၍ သာမညဆိုသောကြောင့် နှစ်ပါးလုံးပင် ဒွေဘာဝပြုရမည်။

၂၆၆။ (ပ) သဒိသ၊ အသဒိသဒွေဘာဝနှစ်ပါးတွင် အဘယ်ဒွေဘာဝပြုရမည်နည်း၊ အကြောင်းပြ၍ ဖြေခဲ့ပါ။

(ဖြေ) ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမာ–ဟူသော သုတ်က အသဒိသဒွေဘာဝပြုဟု ဆိုသောကြောင့် ဤသုတ်ဖြင့် သဒိသ ဒွေဘာဝသာ ပြုရပါမည်။

၂၆၇။ (ပ) ဤသုတ်ကို အာဒေသ၊ အာဂမ နှစ်ပါးတွင် အဘယ်ဝိဓိသုတ်ဟု မှတ်ရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ထင်ရှားမရှိသေးသော ဧကဝုရု၏ ထင်ရှားစွာဖြစ်ပေါ်လာသောကြောင့် အာဂမဝိဓိသုတ်ဟု မှတ်ရမည်။

၂၆၈။ (ပ) ဒွေဘာဝ–ဟူသည် အဘယ်ကို ခေါ်ဆိုပါသနည်း။
(ဖြေ) ဒွိန္နံ ဘာဝေါ ဒွိဘာဝေါ-ဟူရကား နှစ်လုံးသော အက္ခရာတို့၏အဖြစ်ကို ခေါ်ပါသည်။

၂၆၉။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဒွေဘာဝဋ္ဌာနတို့ကို စေ့စုံအောင်ပြခဲ့ပါ။
(ဖြေ) ရဿသရမှရှင်း၊ အအက္ခရာမှရှင်း နောက်၌ ဖြစ်ကုန်သော ပ ပတိ ပဋိ ကမု ကုသ ကိ ဂဟ ဇုတ ဉာ သိ သု သူ သမ္ဘူ သရ ပသ သဇ တိက တယ တိံသ ဗတ-စသော သဒ္ဒါ၏ အစ အက္ခရာ၊ ဝဇ္ဇ ဝတု ဒိသာ–စသော သဒ္ဒါတို့၏ အဆုံးအက္ခရာ၊ ဥ ဒု နိ စတု ဆ–သဒ္ဒါတို့၏နောက်၌ရှိသော အက္ခရာ၊သန္တသဒ္ဒါ၏ ကာရိယသ၏နောက်အက္ခရာ၊ ယဝတံ-သုတ်၏ အာဒေသ-ဎ လ ဇ ဥ အက္ခရာ၊ ဧဟေဉံ၊ သယေစ၊ တဿ စဝဂ္ဂသုတ်တို့၏ အာဒေသ အက္ခရာ၊ တပါဒိတော သုတ်ဖြင့် သက်သော သီပစ္စည်း၊ ဂါထာအရာ၌ ဆန္ဒာနုရက္ခဏဋ္ဌာန–စသည်တို့ကား ယုတ္တဋ္ဌာနများ ဖြစ်ပါသည်။

---

## ၂၉။ ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမာ

၂၇၀။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယအရ တို့ကိုပြခဲ့ပါ။
(ဖြေ) နိမိတ်ကား အ-ဣ-ဥ-အာသရ ၄-လုံးတည်း။ ကာရီကား ဝဂ်ငါးပါးတို့၌ ဒုတိယ စတုတ္ထက္ခရာဖြစ်သော ခ-ဃ၊ ဆ-ဈ၊ ဌ-ဎ၊ ထ-ဓ၊ ဖ-ဘ-ဤ ၁၀-လုံးတို့တည်း။ (မှတ်ချက်—ၚင်းအက္ခရာ ၁၀–လုံးကို အာဝါသိက အက္ခရာဟူ၍လည်း ခေါ်သည်။) ကာရိယကား ဝဂ်ငါးပါး၌ ပဌမ တတိယက္ခရာဖြစ်သော က-ဂ၊ စ-ဇ၊ ဋ-ဍ၊ တ-ဒ၊ ပ-ဗ၊ ဤ ၁၀–လုံးတို့တည်း။ (မှတ်ချက်—ၚင်းအက္ခရာ ၁၀-လုံးကို အာဂန္တုက အက္ခရာဟူ၍လည်း ခေါ်၏ဟုမှတ်။)

၂၇၁။ (ပ) ဤသုတ်၌ ဖြစ်ထိုက်သော မိမိသရအရ၊သူတပါးသရအရတို့ကိုပြခဲ့ပါ။
(ဖြေ) မိမိသရအရကား သရ ဂ-လုံးတည်း။ သူ့သရအရကား ရဿသရသုံးလုံး၊ အာသရ၊ ပေါင်း ၄-လုံးတည်း။

၂၇၂။ (ပ) ပရ ဒွေ ဘာဝေါ ဌာနေ—သုတ်သည် သာမညဆိုသောကြောင့် ထိုသုတ်ဖြင့်ပင် အသဒိသဒွေဘာဝအဖြစ် ပြီးသင့်သည် မဟုတ်လော၊ ဝဇ္ဇဂရုဖြစ်အောင် အဘယ့်ကြောင့် ဤသုတ်ကို ထပ်၍တည်ပါသနည်း။ ထင်ရှားအောင် ဖြေပါ။

(ဗျာ) အဋ္ဌကထာနှင့်တကွသော ပိဋကသုံးပုံ၌ အဝဂ်အက္ခရာတို့၏ အသဒိသဒွေဘာဝ မရသင့်ရကား ဤအသဒိသဒွေဘာဝကို ဝဂ်အက္ခရာတို့၌သာ ရအပ် ရသင့်၏ဟု အက္ခရာဌာနကို မှတ်လိုသောကြောင့် ဤသုတ်ကို ထပ်၍တည်ပါသည်။

၂၇၃။ (ပ) ဤသုတ်ဖြင့် ဝဂ် ဃောသာဃောသ အက္ခရာတို့ကို ဝဂ် တတိယပဉ္စမာ ပြုစီရင်ရကား ဝဂ္ဂေ ဃောသာဃောသာနံ ဝဂ္ဂေ တတိယပဉ္စမာ - ဟု တည်သင့်လျက် အဘယ့်ကြောင့် ဝဂ္ဂေ ဃောသာဃောသာနံ တတိယ ပဉ္စမာ-ဟု ဝဂ္ဂသဒ္ဒါတခုတည်း သုတ်တည်ပါသနည်း။

(ဗျာ) ဝဂ္ဂေသဒ္ဒါ၏ ဃောသာဃောသာနံပုဒ်၊ တတိယ ပဉ္စမာပုဒ် နှစ်ပုဒ်ငဲ့သည်၏အဖြစ်ကို ပြလိုသောကြောင့် ဝဂ္ဂေ ဃောသာ ဃောသာနံ တတိယပဉ္စမာ-ဟု တည်ပါသည်။

၂၇၄။ (ပ) ဤသုတ်၌ ဝဂ္ဂေ-ဟူသောပုဒ်သည် နည်း ၄၀ တွင် အဘယ်နယ် ဖြစ်ပါသနည်း။

(ဗျာ) ဃောသာဃောသာနံ တတိယ ပဉ္စမာ-နှစ်ပုဒ်ကို ငဲ့ရကား ကာကောလောကနနည်း ဖြစ်ပါသည်။

၂၇၅။ (ပ) ဤသုတ်ကို ဝဂ္ဂ ဃောသာ ဃောသာနံ-စသည်ဖြင့် ဝဂ္ဂဟု လဟုကအားဖြင့် သုတ်မတည်ပဲ အဘယ့်ကြောင့် ဝဂ္ဂေ-ဟု ဂရုက အားဖြင့် သုတ်တည်ပါသနည်း။

(ဗျာ) ဝဂ္ဂေသဒ္ဒါသည် မိမိငဲ့အပ်သော အနီးဖြစ်သော ဃောသာ ဃောသာနံပုဒ်မှ တပါးသော အဝေးဖြစ်သော တတိယ ပဉ္စမာပုဒ်ကိုလည်း ငဲ့သောကြောင့် အယုတ္တဖြစ်၏။ အယုတ္တဖြစ်သောကြောင့် ဝဂ္ဂေ ဃောသာဃောသာနံ-စသည်ဖြင့် ဂရုကအားဖြင့် သုတ်တည်ပါသည်။

၂၇၆။ (ပ) ဤ၌ ဝဂ္ဂေသဒ္ဒါဖြင့် ယူအပ်သော အနက်၊ ပယ်အပ်သော အနက်တို့ကို ပြခဲ့ပါ။

(ဗျာ) ယူအပ်သောအနက်ကား ဃောသ၊ အဃောသ ဝဂ်အက္ခရာ၊ ပယ်အပ်သော အနက်ကား ဃောသ အဃောသ—အဝဂ်အက္ခရာတို့တည်း။

၂၇၇။ (ပ) ဤသုတ်ဝယ် တတိယပဉ္စမာ-ဟု သာမညဆိုရကား အမှတ်မရှိသော ဃောသာ ဃောသဝဂ် အက္ခရာကို အမှတ်မရှိသော ဝဂ္ဂဃောသာဃောသ တတိယ ပဉ္စမက္ခရာ ပြုရမည်လော။

(ဗျာ) သာမညဆိုသော်လည်း ဌာနာသန္နအစွမ်းဖြင့် ဝဂ္ဂဃောသ စတုတ္ထက္ခရာနှင့် ဝဂ္ဂဃောသ တတိယက္ခရာ။ ဝဂ္ဂအဃောသ ဒုတိယက္ခရာနှင့် ဝဂ္ဂအဃောသ ပဉ္စမက္ခရာတို့ကိုသာ အသဒိသဒွေဘာဝ ပြုရမည်ဟု မှတ်။

၂၇၈။ (ပ) ဤသုတ် ဝုတ္တိလာ ယထာသင်္ချ၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

(ဗျာ) ဃောသဖြစ်သော စတုတ္ထက္ခရာ၏ ဃောသဖြစ်သော တတိယက္ခရာနှင့်ယှဉ်ခြင်း၊ အဃောသဖြစ်သော ဒုတိယက္ခရာ၏ အဃောသ ဖြစ်သော ပဉ္စမက္ခရာနှင့် ယှဉ်ခြင်းသည်ပင်တည်း။

၂၇၉။ (ပ) ဤ၌ ဖြစ်သင့်သော ဌာနအရတို့ကို ပြခဲ့ပါ။

(ဗျာ) ခံ-သု-ဘ-မ-ဈေ-ဃ-ရ-စသော သဒ္ဒါ၊ ပ-ဥ-ဒု-နိ-သဒ္ဒါတို့၏ အစဗျည်းဖြစ်သော စတုတ္ထက္ခရာ၊ ယဝတံသုတ်၏ အာဒေသ ဈ အက္ခရာ၊ ရဿသရ၊ အာသရနောက်၌ရှိသော ဝဂ္ဂ ဒုတိယက္ခရာတို့ကား အသဒိသဒွေဘာဝဌာနတို့ ဖြစ်ပါသည်။

၂၈၀။ (ပ) ရှေ့နောက်ဖြစ်သော ဒွေဘာဝ နှစ်သုတ်တို့၏အထူးကို လေးမျိုးအောက်မယုတ် ပြခဲ့ပါ။

(ဗျာ) ၁—ရှေ့သုတ်ကား သဒိသဒွေဘာဝ၊ နောက်သုတ်ကား အသဒိသဒွေဘာဝ။ ၂—ရှေ့ကား သာမည၊ နောက်ကား ဝိသေသ။ ၃—ရှေ့ကား ဌာနအနိယမ၊ နောက်ကား ဌာနနိယမ။ ၄—ရှေ့သုတ်ကား ဝဂ်၊ အဝဂ်နှစ်ပါးစုံ၌ ဒွေဘော်ပြုသည်။ နောက်သုတ်ကား ဝဂ် အက္ခရာ၌သာ ဒွေဘော်ပြုသည်။ (ဤကားအထူး)

သန္ဓိ-တတိယပိုင်း ပြီး၏။

* * *

## ၃၀။ အံ ဗျဥ္ဇနေ နိဂ္ဂဟီတံ

၂၈၁။ (ပ) ဤသုတ်၌ ဖြစ်ထိုက်သော နိမိတ်၊ ကာရီ၊ ကာရိယအရတို့ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ကား အံမှကြွင်းသော ဗျည်း ၃၂-လုံးတည်း။ ကာရီကား သရကင်းသော ဗိန္ဒုတည်း။ ကာရိယကား သရနှင့်တကွသော ဗိန္ဒုတည်း။

၂၀၂။ (ပ) ဤသုတ်ဖြင့် စီရင်သောရုပ်သည် ကာရီ၊ ကာရိယ၊ နိပ္ဖန္န၊ အနိပ္ဖန္နတို့ မထူးခြားပဲလျက် အဘယ်အကျိုးငှာ ဤသုတ်ကို တည်ပါသနည်း။

(ဗျာ) လောပ၊ အာဒေသ၊ ဝိကာရတို့သို့ မရောက်စေခြင်းအကျိုးငှာ တည်ပါသည်။

၂၀၃။ (ပ) ဤသုတ်ဖြင့် နစ်စေအပ်သော သုတ်တို့ကို လေးသုတ်အောက်မနည်း ထုတ်ပြခဲ့ပါ။

(ဗျာ) ၁—ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ၊ ၂—ဧဟေ ဉံ၊ ၃—သယေ စ၊ ၄—ဗျဉ္ဇနေ စ။

၂၀၄။ (ပ) ဤသုတ်ကို အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ ဝါ-ဟူ၍ရင်း၊ အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ ကွစိ—ဟူ၍ရင်း မတည်မူ၍ အဘယ့်ကြောင့်- အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ-မျှသာ တည်ပါသနည်း။

(ဗျာ) နိစ္စဝိဓိကို ပြလိုသောကြောင့် အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ-ဟု တည်ပါသည်။

၂၀၅။ (ပ) ဤသုတ်၌ အံနှင့် နိဂ္ဂဟိတ်နှစ်ပါး အထူးကို ပြခဲ့ပါ။

(ဗျာ) သရနှင့်တကွသော ဗိန္ဒုသည် အံ၊ သရကင်းသော ဗိန္ဒုသည် နိဂ္ဂဟိတ်၊ ဤသို့ ထူးကြ၏။

---

## ၃၁။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ

၂၀၆။ (ပ) ဤသုတ်၌ ဖြစ်ကောင်းသော နိမိတ်၊ ကာရီ၊ ကာရိယတို့ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ကား င-အက္ခရာ ကြဉ်သော ဝဂ် အက္ခရာ ၂၄-လုံးတည်း။ ကာရီကား နိဂ္ဂဟိတ်တည်း။ ကာရိယကား င-ဉ-ဏ-န-မ-အက္ခရာတို့တည်း။

၂၀၇။ (ပ) င-ဗျည်းသည် ဝဂ်အက္ခရာ ဖြစ်ပါလျက် အဘယ့်ကြောင့် ဤ၌ မယူပါသနည်း။

(ဗျာ) သာသနာတော်ကျမ်း၌ င-ဗျည်းအဆုံးရှိသော ပုဒ်မရှိသော ကြောင့် င-ဗျည်းကို မသုံးပါ။

၂၈၈။ (ပ) ငဂ္ဂန္တဗျည်းတို့သည် င-ဉ-ဏ-န-မ အားဖြင့် များရကား ဝဂ္ဂန္တ ဝါ ဝဂ္ဂေ-ဟု ဗဟုဝုစ်နှင့်တည်သင့်လျက် အဘယ့်ကြောင့် ဝဂ္ဂန္တံ-ဟု ဧကဝုစ်နှင့် တည်ပါသနည်း။

(ဗျာ) များသော်လည်း ပဉ္စဂ္ဂဟသဘောကို မလွန်နိုင်သောကြောင့် ဝဂ္ဂသာမညဇာတိ ဗျာပေက္ခအားဖြင့် ငဂ္ဂန္တံ ဝါ ဝဂ္ဂေ-ဟု ဧကဝုစ်နှင့် သုတ်တည်ပါသည်။

၂၈၉။ (ပ) ဤသုတ်ကို အန္တံ ဝါ ဝဂ္ဂေ မျှသာတည်က ပြီးလျက် အဘယ့်ကြောင့် ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ-ဟု တည်ပါသနည်း။

(ဗျာ) မိမိဝဂ်ဗျည်းနှောင်းရာ မိမိဝဂ္ဂန္တသာ ပြုရမည်ဟူသော အနက် သိစေလိုသောကြောင့် ဝဂ္ဂန္တံ ပါ ဝဂ္ဂေ-ဟု တည်ပါသည်။

၂၉၀။ (ပ) ဤမည်သော ဝဂ်ဗျည်း ကြောင့် ဤမည်သော ငဂ္ဂန္တပြုလေဟု မမှတ်မူ၍ဆိုရကား အလုံးစုံသော ဝဂ်ဗျည်းကြောင့် အလုံးစုံသော ဝဂ္ဂန္တပြုသင့် မပြုသင့်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ပဉ္စမဝဂ္ဂသဒ္ဒါကို ရှုတ်ဆိုခြင်းကြောင့် (ဉာသအလို) ဌာန် မနီးသောကြောင့် (ရူပသိဒ္ဓိအလို) မပြုသင့်ပါ။

၂၉၁။ (ပ) ဤသုတ်ကို ဝါ ပဒေ အသရုပ်ါ-သုတ်၏ အခြားမဲ့၌တည်က 'ဝါ'သဒ္ဒါ မပါသော်လည်း ဝိကပ်အနက် ပြီးလျက် အဘယ့်ကြောင့် ဤနေရာမှာ 'ဝါ' သဒ္ဒါနှင့် တည်ပါသနည်း။

(ဗျာ) အဝဂ်ဗျည်းကြောင့်လည်း နိဂ္ဂဟိတ်၏ အဝဂ်ဗျည်းအပြု ဖြစ်သေး၏ဟူသော ဝိကပ်အနက်ကို ပြလိုသောကြောင့် ဤနေရာ၌ တည်ပါသည်။

၂၉၂။ (ပ) အဝဂ်ဗျည်းကြောင့် အဝဂ်ဗျည်းပြုဆိုသော် အဘယ်အဝဂ် ကြောင့် အဘယ်အဝဂ်ဗျည်း, အဘယ်သဒ္ဒါ၏ အစိတ်ကို ပြုရ မည်နည်း။ ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

(ဗျာ) သံ-ဥပသာရ ပုမသဒ္ဒါ၏ အစိတ်ကို လ-ဗျည်းနှောင်းသော ကြောင့် လ-ဗျည်းပြုရမည်။ ဥဒါဟရဏကား ပဋိသလ္လာနော၊ သလ္လာ ပေါ၊ ပုလ္လိင်္ဂ။

၂၉၃။ (ပ) ဤသုတ်၌ ဖြစ်သင့်သော 'ဝါ' သဒ္ဒတ္ထကို ပြခဲ့ပါ။

(ဗျာ) ဝဝတ္ထိတဝိဘာသာ၊ သမုစ္စယတ္ထ၊ ဝိကပ္ပနတ္ထ၊ (ရှ–အလို။) သမုစ္စယတ္ထ၊ ဝိကပ္ပနတ္ထ (စာကိုယ်, ချာသ, နိဒ္ဒေသတို့အလို။)

၂၉၄။ (ပ) ဝဝတ္ထိဘဝိဘာသာတ္ထ ဝါသဒ္ဒါဖြင့် ပြအပ်သော ဝိဓိ သုံးပါးကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

(ဗျာ) တဏှာကျေ စသည်တို့၌ နိစ္စဝိဓိ၊ ဓမ္မဥ္စရေ မမွံ စရေ စသည်တို့၌ အနိစ္စဝိဓိ၊ န တံ ဇမ္မံ ကတံ သာဓု စသည်တို့၌ အသန္တဝိဓိကို ပြပါသည်။

---

## ၃၂။ ဧဟော ဥ

၂၉၅။ (ပ) ဤသုတ်၌ ဖြစ်ကောင်းသော နိမိတ်၊ ကာရီ၊ ကာရိယတို့ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ကား ဧ–အက္ခရာ၊ ဟ–အက္ခရာ။ ကာရီကား နိဂ္ဂဟိတ်။ ကာရိယကား ဥ–အက္ခရာတည်း။

၂၉၆။ (ပ) ဤသုတ်ကို မတည်သော်လည်း ဝဂ္ဂန္တံ ဝါ ဝဂ္ဂေသုတ်၏ ဝါသဒ္ဒါဖြင့်ပင် ပြီးသင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဗျာ) ဝဂ္ဂန္တံသုတ်က ဝါသဒ္ဒါသည် ဝိဓိသုံးပါးလုံးကို ပြ၏။ ဤ၌ ဝိဓိသုံးပါးလုံးကို မပြ။ အနိစ္စ၊ အသန္တ ဝိဓိနှစ်ပါးကိုသာ ပြ၏ဟူသော အနက်ကို သိစေလိုသောကြောင့် ထပ်၍ တည်ပါသည်။

၂၉၇။ (ပ) ဤသုတ်ကို ဥ မေ ဟေ–ဟု မတည်မူ၍ အဘယ့်ကြောင့် ဧဟော ဥ ဟု–တည်ပါသနည်း။

(ဗျာ) ဟ–အက္ခရာကြောင့် နိဂ္ဂဟိတ်သည် ဥ–အပြု၊ ဓ–အပြုသို့ရောက်၏ ဟူသော အနက်ကို ယူမည်စိုးသောကြောင့် ဧဟော ဥ–ဟု တည်ပါသည်။

---

## ၃၃။ သ ယေ စ

၂၉၈။ (ပ) ဤသုတ်၌ ၁–နိမိတ်၊ ၂–ကာရီ၊ ၃–ကာရိယအရတို့ကို ပြခဲ့ပါ။

(ဗျာ) ၁–ယအက္ခရာ၊ ၂–ကား ယအက္ခရာနှင့် နိဂ္ဂဟိတ်၊ ၃–ကား ဥ အက္ခရာတည်း။

၂၉၉။ (ပ) ဤသုတ်ကို အနက်အားလျော်စွာ သဟာယေ စ-ဟု တည်သင့်လျက် အဘယ့်ကြောင့် သယေ စ-ဟု တည်ပါသနည်း။

(ဗျာ) ဝါစာသိလိဋ္ဌ၊ သုခုစ္စာရဏာဖြစ်စေလိုသောကြောင့် ဟကိုချေ၍ တနည်း-သဟသဒ္ဒါကို သပြု၍ သယေ စ-ဟု တည်ပါသည်။

၃၀၀။ (ပ) ဤသုတ်ကို ဧဟော့-သုတ်နှင့် တပေါင်းတည်း တည်က ပြီးလျက် အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။

(ဗျာ) နိမိတ်နှင့်တကွသော အာဒေသကို သိစေလိုသောကြောင့် ခွဲ၍ တည်ပါသည်။

၃၀၁။ (ပ) ဤသုတ်၌ စသဒ္ဒါ အဘယ်အနက်ရှိပါသနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) ဥ-ကာရိယကို ငင်ယူသောကြောင့် အနုကာဍနအနက်ရှိပါသည်။

၃၀၂။ (ပ) ဤသုတ်ဖြင့် ဥ-ပြုဟုဆိုသော် အဘယ်သဒ္ဒါ၏ နိဂ္ဂဟိတ်ကို ဥ-ပြုရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) လိုက်သော ဝါသဒ္ဒါ၏ ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် သံဥပသာမှ သဗ္ဗနာမ် ယတို့၏ နိဂ္ဂဟိတ်ကိုသာ ဥ-ပြုရမည်။ တပါးသော သဒ္ဒါတို့၏ နိဂ္ဂဟိတ်ကို ဥ-မပြုရပါ။

၃၀၃။ (ပ) ဤသုတ်၌ လိုက်သော ဝဝတ္ထိတဝိဘာသာတွ ဝါသဒ္ဒါသည် အဘယ်ဝိဓိကို ပြပါသနည်း။ ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

(ဗျာ) သညောဂေါ- သံယောဂေါ- စသည်တို့၌ အနိစ္စဝိဓိ၊ တံ ယောဇနံ သရဏံ ယန္တိ-စသည်တို့၌ အသန္တဝိဓိ၊ ဤဝိဓိနှစ်ပါးကို ပြပါသည်။

---

## ၃၄။ မဒါ သရေ

၃၀၄။ (ပ) ဤ၌ နိမိတ်၏အရကို ပြပြီးလျှင် မ-ကာရိယ၊ ဒ-ကာရိယတို့ ဖြစ်ပုံကို လိင်နှင့် ပိုင်းခြား၍ ပြခဲ့ပါ။

(ဗျာ) နိမိတ်အရကား-သရ-ဂ-လုံးတည်း။ နပုလ္လိင်ဖြစ်သော ယ-တ-ဧတ-သဒ္ဒါနောင် နိဂ္ဂဟိတ်ကို မ-ပြုရမည်။ ဣတ္ထိလိင် ပုလ္လိင်၌ဖြစ်သော

ယ–တ–တေ–သဒ္ဒါနောင် နိဂ္ဂဟိတ်ကို မ ပြုရမည်။ သမာသ် လိင်သုံးပါး ဖြစ်သော ယ–တ–တေ–သဒ္ဒါနောင် နိဂ္ဂဟိတ်ကို ဒ–ပြုရမည်။ ရင်းမှကြွင်းသော သဒ္ဒါတို့နောင် လိင်သုံးပါးလုံး၌ နိဂ္ဂဟိတ်ကို မ–ဒ–ပြုရမည်။

၃၀၅။ (ပ) ရင်းမှတပါးသော သဒ္ဒါတို့နောင် အမှတ်မရှိသော နိဂ္ဂဟိတ်ကို မဒါ–ဟု သာမညဆိုရကား ဒ–ပြုရန် သင့်မသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) ဝဝတ္ထိတဝိဘာသာ ဝါသဒ္ဒါလိုက်သောကြောင့် ဒ–ပြုရန် မသင့်ပါ။

၃၀၆။ (ပ) အဘယ်သဒ္ဒါနောင်ရှိသော နိဂ္ဂဟိတ်ကိုသာ ဒ–ပြုရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) လိုက်သော ဝါသဒ္ဒါ၏ ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ယ–တ–တေ–သဒ္ဒါနောင်ရှိသော နိဂ္ဂဟိတ်ကိုသာ ဒ–ပြုရမည်။ (မှတ်ချက်—မ–အပြုကား အပိုင်းအခြားမရှိဟု မှတ်။)

၃၀၇။ (ပ) ဤ၌ သရေ–ဟူသော နိမိတ်အားလျော်စွာ မဒေါ သရေဟု တည်သင့်လျက် အဘယ့်ကြောင့် မဒါ သရေဟု တည်ပါသနည်း။

(ဗျာ) မဒါ–ဟူသော ယောဂဝိဘာဂဖြင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တန္တိတံ စသော ပြယုဂ်တို့၌ ဗျည်းနှောင်းသောကြောင့်လည်း နိဂ္ဂဟိတ်၏ မ–အပြု ဒ–အပြုကို သိစေလိုသောကြောင့် မဒါ သရေ–ဟု ဗဟုဝစနန္တဖြင့် တည်ပါသည်။

၃၀၈။ (ပ) နောက်ဗျည်းနှောင်းရာ၌လည်း မ–အပြု၊ ဒ–အပြုဖြစ်ရကား မဒါ ဟု သာမည တည်သင့်လျက် အဘယ့်ကြောင့် မဒါ သရေဟု ဝိသေသ တည်ပါသနည်း။

(ဗျာ) သရေ—ဟူသောယောဂဝိဘာဂဖြင့် တယိဒံ—တံ ဣဒံ–စသော ပြယုဂ်တို့၌ နိဂ္ဂဟိတ်၏ ယ—အပြုကို သိစေလိုသောကြောင့် မဒါ သရေဟု ဝိသေသတည်ပါသည်။

၃၀၉။ (ပ) ဤ၌ လိုက်သော ဝါသဒ္ဒါသည် အဘယ်ဝိဓိကို ပြပါသနည်း။ ဥဒါဟရဏ်နှင့်တကွ ပိုင်းခြား၍ ပြခဲ့ပါ။

(ဗျာ) တမဟံ–စသည်၌ အနိစ္စဝိဓိ၊ အက္ကောစ္ဆိမံ အဝဓိမံ–စသည်၌ အသန္တဝိဓိ၊ ဤဝိဓိနှစ်ပါးကို ပြပါသည်။

## ၃၅။ ယ ဝ မ ဒ န တ ရ လာ စာဂမာ

၃၁၀။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်အရ ဝိသယီ၊ ဝိသယ အရာတို့ကို ပြခဲ့ပါ။

(ဖြေ) နိမိတ်ကား သရ ဂ-လုံးတည်း။ ဝိသယီကား ယ-ဝ-မ-ဒ-န တ-ရ-လ-တို့ဘည်း။ ဝိသယကား ထိုဝိသယီဘို့၏ လာရာဌာနဖြစ်သော ယထာနှင့် ဣဒံ-စသည်တို့၏ အကြားတည်း။

၃၁၁။ (ပ) ဤ၌ အာဂမအာဂုံ၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

(ဖြေ) အညတော ဝဏ္ဏာဂမန် အာဂမော-ဟူသည်နှင့်အညီ ထင်ရှားမရှိသော အက္ခရာ၏ ထင်ရှားဖြစ်ပေါ်၍ လာခြင်းကိုပင် အာဂမဟု ဆိုပါသည်။

၃၁၂။ (ပ) အာဂမဘေဒကို ပြပြီးလျှင် ဤသုတ်၌ လိုအပ်သော အာဂမကို ပြခဲ့ပါ။

(ဖြေ) ၁-သရာဂမ၊ ၂-ဗျဉ္ဇနာဂမ၊ ၃-နိဂ္ဂဟိတာဂမ။ ထိုတွင် ဤ၌ ဗျဉ္ဇနာဂမကို လိုပါသည်။

၃၁၃။ (ပ) ဤသုတ်၌ စ-သဒ္ဒါသည် သမ္ပိဏ္ဍနတ္ထ-စသည်တို့တွင် အဘယ် အနက် ရှိပါသနည်း။

(ဖြေ) သမုစ္စယအနက်ရှိပါသည်။

၃၁၄။ (ပ) စ-သဒ္ဒါဖြင့် ဆည်းအပ်သော အနက်တို့ကို ပြခဲ့ပါ။

(ဖြေ) မ-အက္ခရာ၏ ပ-အက္ခရာအပြု၊ က-၏ ဒ-အပြုကိုဆည်းပါသည်။ (ကစ္စည်းအလို။) ဂ-အက္ခရာ၏လာခြင်းကို ဆည်းပါသည်။ (ရူ-အလို။) ယ-ဝ-မ-ဒ-န-တ-ရ-လ-အံ-မှတပါးသော ၂၄-လုံးသော အက္ခရာတို့၏ လာခြင်းကို ဆည်းပါသည်။ (သဒ္ဒါငယ်အလို။)

၃၁၅။ (ပ) ဤ၌ လိုက်သော ပါသဒ္ဒါဖြင့် ပြအပ်သောဝိဓိကို ဥဒါဟရဏ်နှင့် ပိုင်းခြားပြပါ။

(ဖြေ) ဥဒဒဂ္ဂါ ပရိယန္တ-စသည်တို့၌ နိစ္စဝိဓိ၊ ယထယိဒံ-ယသာက္ခာဒံ-စသည်တို့၌ အနိစ္စဝိဓိ၊ အဇေယျော၊ အနုဂါမိဓယော-စသည်တို့၌ အသန္တဝိဓိ၊ ဤဝိဓိသုံးပါးကို ပြပါသည်။

၃၁၆။ (ပ) ဤ ယ-ဝ-မ-ဒ-နသုတ်၌ ယ-အက္ခရာစသည်တို့သည် မည်သည့် သဒ္ဒါနှောင် မည်သည့်သရအနှောင်းရာ၌ လာရမည်နည်း။

(ဗျာ) ယ–အက္ခရာသည် ယထာ–စသော သဒ္ဒါနှောင် က္ခ-ဧ- စသည် နှောင်းရာတို့၌ လာပါသည်။ ဝ-အက္ခရာကား တိ-စသော သဒ္ဒါနှောင် အဝဏ္ဏ ဥသရနှောင်းရာတို့၌ လာပါသည်။ မ-အက္ခရာကား လဟု-စသော သဒ္ဒါနှောင် သရ ဂ-လုံး နှောင်းရာတို့၌ လာသည်။ ဒ–အက္ခရာကား ဥ–ဟူသော ဥပသာရပုဒ်၊ သကိံ ကေနစိ ကိဉ္စိ ကိသ္မိဉ္စိ ကောစိ သမ္မာ ယာဝ တာဝ ပုန ယတ တေ အတ္တ–စသော သဒ္ဒါတို့နှောင် သရ ဂ-လုံး နှောင်းရာ၌ လာပါသည်။ န–အက္ခရာကား စိရံ စသော သဒ္ဒါနှောင် အာယတိ–စသောသဒ္ဒါ နှောင်းရာ၌ လာသည်။ တ–အက္ခရာကား ယသ္မာ တသ္မာ–စသောသဒ္ဒါနှောင်၊ ဣဟ–စသောသဒ္ဒါနှောင်းရာ၌လာသည်။ ရအက္ခရာကား နိပုဒ်၊ဒု ပါတု ပုန ဓိ ပါတ စတု-စသောပုဒ်တို့နှောင် သရ ဂ-လုံးနှောင်းရာတို့၌၎င်း၊သရနှောင်မှ ဣဝ,ဧဝသဒ္ဒါနှောင်းရာတို့၌၎င်း လာပါသည်။ လ-အက္ခရာကား ဆသဠ်ယသဒ္ဒါတို့နှောင် သရနှောင်းရာတို့၌ လာပါသည်။

၃၁၇။ (ပ) သုတ်၌'လ'ငယ် အက္ခရာနှင့် ရှိပါလျက် ဥဒါဟရဏ်ဝယ် ဆဠာဘိညာ စသည်ဖြင့် 'ဠ' ကြီးရှိရကား ဆန့်ကျင်နေသည်မဟုတ်ပါလော၊ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) လဠာနံမဝိသေသော-ဟူရကား 'လ'ငယ်နှင့်'ဠ'ကြီးတို့ အထူးမရှိသောကြောင့် သုတ်နှင့် ဥဒါဟရဏ် မဆန့်ကျင်ပါ။

---

## ၃၆။ ကွစိ ဩ ဗျဉ္ဇနေ

၃၁၈။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ဝိသယီ၊ ဝိသယအရတို့ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ကား,သာမညအားဖြင့် ဗျည်း ၃၃–လုံး၊ဝိသေသအားဖြင့် ဂ–ဗျည်း၊ သ–ဗျည်းတည်း။ ဝိသယီကား ဩသရတည်း။ ဝိသယကား အတိပ္ပ-ပရ-သရသဒ္ဒါတို့နှောင်တည်း။

၃၁၉။ (ပ) အောက်သုတ်မှလိုက်သော ဝါသဒ္ဒါရှိရကား ဩဗျဉ္ဇနေ-မျှသာ သုတ်တည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ကွစိ ဩ ဗျဉ္ဇနေ ဟု သုတ်တည်ပါသနည်း။

(ဗျာ) လိုက်သော ဝါသဒ္ဒါသည် ဒိဋ္ဌရူပကို ပြရကား ဤ၌ ကေရူပနိစ္စဝိဓိကို ပြလိုသောကြောင့် ကွစိ ဩ ဗျဉ္ဇနေ—ဟု သုတ်တည်ပါသည်။

၃၂၀။ (ပ) အောက်သုတ် စ-သဒ္ဒါဖြင့် ဂ-အက္ခရာလာသလို ဩ-အက္ခရာ လာ၍ အတိပ္ပဂေါ ခေါ-စသော ပြယုဂ်တို့ ပြီးသင့်ရကား ဤသုတ် မတည်သော်လည်း နေသာလျက် အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဗျာ) စ-သဒ္ဒါဖြင့် ဂ-လာခြင်းကား သရနိမိတ်ခံရာ၌သာ လာသည်။ ဤ၌ ဩ-လာခြင်းကား ဗျဉ္ဇနနိမိတ်ခံရာ၌သာ လာသည်ဟု သိစေလိုသောကြောင့် ဤသုတ်ကို ယပ်၍တည်ပါသည်။

၃၂၁။ (ပ) အံ ဗျဉ္ဇနေ-သုတ်မှ ဗျဉ္ဇနေ-သဒ္ဒါ အလိုက်ခံ၍ ကွစိ ဩ-မျှသာ တည်ကပြီးလျက် အဘယ့်ကြောင့် ဗျဉ္ဇနေ-သဒ္ဒါနှင့်တကွ ကွစိ ဩ ဗျဉ္ဇနေ-ဟု တည်ပါသနည်း။

(ဗျာ) ဗျဉ္ဇနေ-သဒ္ဒါ အလိုက်ခံက အာသန္နဖြစ်သော မဒါသရေ-သုတ်မှ သရေသဒ္ဒါလည်း လိုက်မည်ဖြစ်ရကား ထိုကို နစ်စေလိုသောကြောင့် ကွစိ ဩ ဗျဉ္ဇနေ-သဒ္ဒါနှင့်တကွ တည်ပါသည်။

၃၂၂။ (ပ) ဤသုတ်ဖြင့် ဩ-လာရမည်ဟူသော် အဘယ်သဒ္ဒါတို့နောင် လာရမည်နည်း။ အမှတ်မရှိသော သဒ္ဒါတို့နောင် လာရမည်လော။

(ဗျာ) အတိပ္ပ၊ ပရသဒ္ဒါတို့နောင်သာ လာရမည်။ (ရူ-အလို။) သရသဒ္ဒါနောင်၌လည်း လာရပါသည်။ (သဒ္ဒနီတိအလို။)

၃၂၃။ (ပ) အဘယ့်ကြောင့် အဘယ်ကို ဝိသယီ၊ ဝိသယဟု ခေါ်ရပါသနည်း။

(ဗျာ) ဝိဝိဓေန တံတံဌာနံ သယတိ ပဝတ္တတီတိ ဝိသယီ။ ပစ္စယော အာဂမောစေဝ ဝိသယီတိ ပဝုစ္စတိ-ဟူသည်နှင့်အညီ အထူးထူး အပြားပြားအားဖြင့် ထိုထိုအရပ်၌ ဖြစ်တတ်သောကြောင့် ပစ္စည်း၊ ဝိဘတ်၊ အာဂုံတို့ကို ဝိသယီဟု ခေါ်ပါသည်။ ဝိဝိဓေန သယတိ ပဝတ္တတိ ဧတ္ထာတိ ဝိသယော။ မဟာသံ အာဂမနဌာနံ ဝိသယောတိ ပဝုစ္စတိ-ဟူသည်တို့နှင့်အညီ ပစ္စည်း၊ ဝိဘတ်၊ အာဂုံ ဟူသော ဝိသယီတို့၏ အထူးထူး အပြားပြားအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် ၎င်းတို့၏ လာရာဌာနကို ဝိသယဟု ခေါ်ပါသည်။

၃၂၄။ (ပ) အတိပ္ပဂေါ ခေါ-ဟူသောပုဒ်သည် မည်သည့်ပုဒ်များဖြစ်၍ မည်သည့်အနက်များကို ဟောပါသနည်း။

(ဗျာ) အတိ-ဥပသာရ၊ ပ-ဥပသာရခေါ် နိပါတ်ပုဒ်၊ အတိပုဒ်က 'အလွန်'ကိုဟော၍ ပ-ဥပသာရပုဒ်က 'စောစော'ဟောဖြစ်ပါသည်။

(ဿျာသအလို)။ အတိ-ဥပသာရပုဒ်၊ ပဂေါ်-နိပါတ်ပုဒ်၊ ခေါ်-နိပါတ် ပုဒ်၊ အတိ-ပုဒ်က အလွန်ဟော၊ ပဂေါ်နိပါတ်က ပါတော သဒ္ဒါနှင့် တူသောကြောင့် 'နံနက်' ဟောဖြစ်ပါသည်။ (သဒ္ဒနီတိအလို။) အတိပ္ပဂ ပုဒ်၊ ခေါ်နိပါတ်ပုဒ် ဖြစ်ပါသည်။ (ကစ္စည်းဆရာအလို။)

---

## ၃၇။ နိဂ္ဂဟိတဥ္ဆ

၃၂၅။ (ပ) ဤသုတ်၌ ဖြစ်ကောင်းသောနိမိတ်နှင့် ဝိသယီအရတို့ကို ပြခဲ့ပါ။
(ဗျာ) နိမိတ်ကား-သရ ၈-လုံး၊ ဗျည်း ၃၃-လုံးတည်း။ ဝိသယီ ကား နိဂ္ဂဟိတ်တည်း။

၃၂၆။ (ပ) နိဂ္ဂဟိတ်သည် ဗျည်းဖြစ်သောကြောင့် ဗျဥ္ဇနာဂမသုတ်၏ အခြားမဲ့၌တည်သင့်လျက် အဘယ် သရာဂမသုတ်၏ အခြားမဲ့၌ တည်ပါ သနည်း။
(ဗျာ) ကွစိသဒ္ဒါ၊ ဗျဥ္ဇနေသဒ္ဒါ လိုက်သည်၏ အဖြစ်ကို သိစေလို သောကြောင့် ဤ၌တည်ပါသည်။

၃၂၇။ (ပ) ဤသုတ်ဖြင့် နိဂ္ဂဟိတ်လာ၏ဟူသော် မည်သည့်သဒ္ဒါ နောင် လာပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။
(ဗျာ) နိဂ္ဂဟိတ်သည် ရဿသရကိုသာ မှီသောကြောင့် ရဿသရ ဆုံး သော သဒ္ဒါနောင်သာ လာပါသည်။

၃၂၈။ (ပ) အဘယ်အကျိုးငှာ အဘယ်ဌာန၌ နိဂ္ဂဟိတ်လာရပါသနည်း။
(ဗျာ) ရွတ်လွယ်စေခြင်း အကျိုးငှာ သုခုစ္စာရဏဌာန၌ လာရပါ သည်။

၃၂၉။ (ပ) ဤ၌ စ-သဒ္ဒါမပါပဲ နိဂ္ဂဟိတ်-မျှသာ တည်ကပြီးလျက် အဘယ် အကျိုးငှာ စ-သဒ္ဒါနှင့်တကွ သုတ်တည်ပါသနည်း။
(ဗျာ) သမုစ္စယတ္ထကို ပြခြင်းအကျိုးငှာ (ဝုတ္တိအလို။) အနုကဍ္ဎနတ္ထ ကို ပြခြင်းအကျိုးငှာ (ဿျာသအလို။) စ-သဒ္ဒါနှင့်တကွ တည်ပါသည်။

၃၃၀။ (ပ) အနုကဍ္ဎနဟူသော် အဘယ်သဒ္ဒါကို ငင်ယူပြီး အနုကဍ္ဎန ဒွယတွင် မည်သည့်အနုကဍ္ဎန ဖြစ်ပါသနည်း။
(ဗျာ) သရေ သဒ္ဒါ၊ ဗျဥ္ဇနေသဒ္ဒါတို့ကို ငင်ပါသည်။ (ဿျာသ အလို။) ကွစိ သဒ္ဒါကိုလည်း ငင်ပါသည်။ (သုတ်နက်အလို။) အနု ကဍ္ဎနနှစ်ပါးလုံး ဖြစ်ပါသည်။

၃၃၁။ (ပ) အဘယ့်ကြောင့် သရေဗျဥ္စနေ- သဒ္ဒါတို့ကို ငင်ပါသနည်း။ ထင်ရှားအောင် ဖြေပါ။

(ဖြေ) ကွစိ ဩ ဗျဥ္စနေ— သုတ်၌ ဗျဥ္စနေ ဟူသော နိမိတ်ကို မြင်ရကား သရေသဒ္ဒါ မလိုက်နိုင်။ သရေသဒ္ဒါ မလိုက်နိုင်ရကား လိုက်စေလိုသောကြောင့် သရေသဒ္ဒါကို ငင်ပါသည်။ အထက်သုတ်သို့ ဗျဥ္စနေသဒ္ဒါ မလိုက်စေလိုသောကြောင့် ဗျဥ္စနေသဒ္ဒါကို ငင်ပါသည်။

၃၃၂။ (ပ) ဤသုတ်၌ အဓိကာရ ကွစိသဒ္ဒါသည် အဘယ်အနက် ရှိပါသနည်း။

(ဖြေ) ဝါ သဒ္ဒါ၏အနက် ရှိပါသည်။

၃၃၃။ (ပ) ၎င်းကွစိသဒ္ဒါဖြင့် ပြအပ် ပြသင့်သော ဝိဓိတို့ကို ဥဒါဟရဏ် နှင့်တကွ ပိုင်းခြားဝေဖန်ခဲ့ပါ။

(ဖြေ) ယာဝဒွိဓ စသည်တို့၌ နိစ္စဝိဓိ၊ စက္ခုံ ဥဒပါဒိ စသည်တို့၌ အနိစ္စဝိဓိ၊ ကွဓော န် ပေစ္စသင္ဂေ စသည်တို့၌ အသန္တဝိဓိ၊ ဤဝိဓိ သုံးပါးတို့ကို ပြပါသည်။

၃၃၄။ (ပ) စသဒ္ဒါဖြင့် ဆည်းနိုင်သောအနက်တို့ကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

(ဖြေ) ပစ္စေသာတိ၌ 'ဝိ'၏ ပ-အပြုကို ဆည်းပါသည်။ ပစ္စဝေက္ခဏာ ကာဂညာ စသည်တို့၌ 'ပ'၏ ဝ-အပြုကို ဆည်းပါသည်။ ဗျမ္ဘ၌ 'ဝိ'၏ ဗျ-အပြု၊ မာနသဒ္ဒါ၏ မှ-အပြုတို့ကို ဆည်းပါသည်။

(မှတ်ချက်—ဗျမ္ဘကို ဝိမှာနံ—ဟု ပဒစ္ဆေဒ ပြုရမည်။)

---

## ၃၈။ ကွစိ လောပံ

၃၃၅။ (ပ) နိဂ္ဂဟီတဥ္စသုတ်ကဲ့သို့ သရေ ဗျဥ္စနေ သဒ္ဒါနှစ်ပါးအလိုက်ခံ၍ ကွစိလောပံဟု သုတ်တည်က ဗျဥ္စနေစ ဟူသော သုတ်ကိုပင် မတည်သော်လည်း ပြီးသင့်လျက် အဘယ့်ကြောင့် ဗျဥ္စနေသဒ္ဒါအလိုက်မခံမူ၍ သုတ်တည်ပါသနည်း။

(ဖြေ) ဗျဥ္စနေ သဒ္ဒါ အလိုက်ခံခဲ့သော် ကာရိ မရှိသောကြောင့်၊ ဩသဒ္ဒါလည်း လိုက်၏ဟူသော ယုံမှားခြင်း ဖြစ်ရာသောကြောင့် ထိုယုံမှားခြင်းကို နစ်စေလိုရကား ဗျဥ္စနေသဒ္ဒါ အလိုက်မခံမူ၍ တည်ပါသည်။

၃၃၆။ (ပ) အောက်သုတ်မှ ကစ္စိသဒ္ဒါ အလိုက်ခံ၍ လောပ်မျှသာတည်ကား ပြီးလျက် အဘယ့်ကြောင့် ကစ္စိသဒ္ဒါ အသစ်ထည့်၍ တည်ပါသနည်း။
(ဗျာ) ကစ္စိသဒ္ဒါအလိုက်ခံက ဩလည်း လိုက်ရာ၏ဟူသော ယုံမှားခြင်းကို နစ်စေလိုသောကြောင့် ကစ္စိသဒ္ဒါအသစ်နှင့်တကွ သုတ်တည်ပါသည်။

၃၃၇။ (ပ) အခြားမဲ့သုတ်မှ နိဂ္ဂဟီတသဒ္ဒါသာ လိုက်သင့်လျက် အဘယ့်ကြောင့် ဩသဒ္ဒါလည်း လိုက်ရာ၏ဟူသော ယုံမှားခြင်း ဖြစ်နိုင်ပါသနည်း။
(ဗျာ) မည်သည့်သုတ်မှ နိမိတ်၊ ကာရီ၊ ကာရိယသာ လိုက်ရမည်၊ လိုက်စေ ဟူသောအမှတ်ကို သဒ္ဒါဆရာတို့ မပြုသောကြောင့်ရင်း၊ အခြားမဲ့ သုတ်တို့မှ ကာရီ၊ ကာရိယသို့ လိုက်ခြင်း၏ ဖြစ်သင့်သောကြောင့်ရင်း၊ ယုံမှားခြင်းဖြစ်နိုင်ပါသည်။

၃၃၈။ (ပ) ဤသုတ်ကို ကစ္စိ ဩ ဗျဥ္ဇနေ-သုတ်၏ အခြားမဲ့မှာ မဘည်မူ၍ အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။
(ဗျာ) အာဂမဝိဓိ၏ လောပဝိဓိနှင့် ရောယှက်သည်၏အဖြစ်ကို ပယ်လိုသောကြောင့် ဤနေရာ၌ တည်ပါသည်။

၃၃၉။ (ပ) ဤသုတ်ဖြင့် နိဂ္ဂဟိတ် ချေရမည်ဟူသော် အဘယ်ဌာနတို့၌ ချေရမည်နည်း။
(ဗျာ) သုခုစ္စာရဏ ဆန္ဒာနုရက္ခဏဌာနတို့၌ ချေရပါမည်။

---

[၃၉။ ဗျဥ္ဇနေ စ

၃၄၀။ (ပ) ဤသုတ်ကို ကစ္စိလောပံသုတ်နှင့် ပေါင်း၍တည်က ပြီးလျက် အဘယ့်ကြောင့် ခွဲ၍ တည်ပါသနည်း။
(ဗျာ) ဩသဒ္ဒါလည်း လိုက်၏ဟူသော ယုံမှားခြင်းကို ပယ်လိုသောကြောင့် ခွဲ၍တည်ပါသည်။

၃၄၁။ (ပ) ဤသုတ်၌ စသဒ္ဒါမဆိုပဲ ဗျဥ္ဇနေ—ဟု တည်က ပြီးလျက် အဘယ်အကျိုးငှာ စ—သဒ္ဒါနှင့်တကွ သုတ်တည်ပါသနည်း။
(ဗျာ) ကစ္စိသဒ္ဒါကိုင်ခြင်း အနုကစုန၊ စိရပ္ပဝါသိ-စသော ပြယုဂ်တို့၌ နိဂ္ဂဟိတ်၏ ပ-အပြုကို ဆည်းခြင်းသမုစ္စယအကျိုးငှာ စ-သဒ္ဒါနှင့်တကွ သုတ်တည်ပါသည်။

၃၄၂။ (ပ) အဘယ်အကျိုးငှာ ကွစိသဒ္ဒါကို ငင်ပါသနည်း။
(ဖြ) နောက်သုတ်များသို့ မလိုက်စေခြင်းအကျိုးငှာ ငင်ပါသည်။

၃၄၃။ (ပ) နောက်သုတ်၌ ဝါ သဒ္ဒါဖြင့်ပင် ကွစိသဒ္ဒါမလိုက်ဟု သိသင့်လျက် အဘယ့်ကြောင့် စ-ဖြင့် ငင်ရပါသနည်း။
(ဖြ) ဗျဥ္ဇနာစ ဝိသညောဂေါ-သုတ်သို့ မဏ္ဍူကဂတိကနယဖြင့် လိုက်မည်စိုးသောကြောင့် ငင်ပါသည်။

၃၄၄။ (ပ) ဤသုတ်ဖြင့်ချေသော် အဘယ်ဌာနများ၌ ချေရပါသနည်း။
(ဖြ) သုခုစ္စာရဏဌာန၊ ဆန္ဒာနုရက္ခဏဌာနများ၌ ချေရပါသည်။

---

## ၄၀။ ပရော ဝါ သရော

၃၄၅။ (ပ) ဤသုတ်၌ ကွစိသဒ္ဒါအလိုက်ခံ၍ ပရော သရော-ဟု မတည်ပဲ အဘယ့်ကြောင့် ပရော ဝါ သရော-ဟု တည်ပါသနည်း။
(ဖြ) ကွစိကား ကေရှုဗ္ဗတ္တ၊ ဝါသဒ္ဒါကား ဒွိရှုဗ္ဗတ္တ၊ ဤသို့ အတ္တ ပြားသောကြောင့် အလိုက်မခံပဲ ပရော ဝါ သရော-ဟု တည်ပါသည်။

၃၄၆။ (ပ) ဤသုတ်ကို ဝဂ္ဂန္တံဝါ ဝဂ္ဂေ-သုတ်၏ နေရာ၌တည်သင့်လျက် အဘယ့်ကြောင့် ဤနေရာ၌ တည်ပါသနည်း။
(ဖြ) ကွစိ လောပံ-သုတ်မှ လောပသဒ္ဒါလိုက်စေလိုသောကြောင့် ဤနေရာ၌ တည်ပါသည်။

၃၄၇။ (ပ) ဤသုတ်၌ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယတို့၏ အရကို ပြခဲ့ပါ။
(ဖြ) နိမိတ်ကား နိဂ္ဂဟိတ်တည်း။ ကာရီကား အ-က္က-ဧ-သရ ၃-လုံးတည်း။ ကာရိယကား ကျေခြင်းလောပတည်း။

၃၄၈။ (ပ) ဤသုတ်ဖြင့် သရချေဟူသော် အမှတ်မရှိသောသဒ္ဒါ၏သရကို ချေရတော့မည်လော၊ အဘယ်သဒ္ဒါတို့၏သရကို ချေရမည်နည်း။ အကြောင်းပြ၍ဖြေပါ။
(ဖြ) ဝါသဒ္ဒါ၏ ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ခပ် သိမ်းသောသဒ္ဒါ၏သရကို မချေရပါ။ ဣတိ-ဣဝ-ဣဒါနိ-အပိ-အသိ ဟူသော နိပါတ်တို့၏ သရကိုသာ ချေရပါသည်။

## ၃၁။ ဗျဉ္ဇနော စ ဝိသညောဂေါ

၃၄၉။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယတို့ကို ပြခဲ့ပါ။

(ဖြေ) နိမိတ်ကား သရလောပတည်း။ ကာရီကား သသံယောဂ ဗျည်းတည်း။ ကာရိယကား ဝိသံယောဂ ဗျည်းတည်း။

၃၅၀။ (ပ) ဤသုတ်ကို ပရော ဝါ သရော-သုတ်နှင့် တပေါင်းတည်း မတည်ပဲ အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။

(ဖြေ) ဤသုတ် အစီအရင်မြဲသည်၏အဖြစ်ကို သိစေလိုသောကြောင့် ခွဲ၍တည်ပါသည်။

၃၅၁။ (ပ) ဤ၌ ဗျဉ္ဇနော-ဟု သာမညဆိုသောကြောင့် အမှတ်မရှိသော ဗျည်းကို ယူရမည်လော။

(ဖြေ) သာမညဆိုသော်လည်း ဝိသံယောဂ ဖြစ်ထိုက်သော သသံယောဂဗျည်းကိုသာ ယူရပါမည်။

၃၅၂။ (ပ) ဤသုတ်၏ဝုတ္တိ၌ သရေ လုတ္တေ-အရ ကျေလောင်းသော သရ သရုပ် ထုတ်ပြခဲ့ပါ။

(ဖြေ) အ-ဣ-ဥ-ရဿသရ သုံးလုံးတို့တည်း။

၃၅၃။ (ပ) အဘယ်ကို သံယောဂဟု ခေါ်ပါသနည်း။ သံယောဂသံယုဂ်၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

(ဖြေ) ယှဉ်တတ်သောအက္ခရာ၊ ယှဉ်ရာဖြစ်သော အက္ခရာကို သံယောဂ ခေါ်ပါသည်။ ဒွိန္နံ ဗျဉ္ဇနာနမေကတြဌိတိ-ဟူရကား သရ တလုံးတည်း၌ ဗျည်းနှစ်လုံးတို့၏ တည်နေခြင်းကို သံယုဂ်ဟု ဆိုလိုပါသည်။ တနည်း-ဒွိန္နံ တိဏ္ဏံဝါ ဗျဉ္ဇနာနမေကတြသံဂတိ၊ သံယောဂေါ-ဟူသော နိရုတ်နှင့်အညီ ၂-လုံး ၃-လုံးသောဗျည်းတို့၏ သရ တလုံးတည်း၌ ပေါင်းဆုံခြင်းကို သံယုဂ်ဟု ဆိုလိုသည်။

၃၅၄။ (ပ) သံယောဂဘေဒနှင့်တကွ ဖြစ်သင့်သောအရကို ပြခဲ့ပါ။

(ဖြေ) ၁—သသံယောဂ၊ ၂—ဝိသံယောဂဟူ၍ နှစ်ပါးပြား၏။ သသံယောဂအရကား ရှေ့ဗျည်းနှင့်တကွ နောက်ဗျည်းရ၏။ ဝိသံယောဂ အရကား နောက်ဗျည်းရ၏။

၃၅၅။ (ပ) သံယောဂဘေဒကိုတနည်းပြပြီးလျှင် ထိုအားလျော်စွာ ဝိဂ္ဂဟ နှင့် အရကောက်ပြခဲ့ပါ။

(ဖြေ) ၁–အာဂန္တုက သံယောဂ၊ ၂–အာဝါသိက သံယောဂ ဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ၁–သံယုဇ္ဇတီတိ သံယောဂေါ-ရှေ့ဗျည်း ဟူသော အာဂန္တုက သံယောဂ ရ၏။ ၂–သံယုဇ္ဇာတိ ဧတ္ထာတိ သံယောဂေါ-နောက်ဗျည်းဟူသော အာဝါသိက သံယောဂ ရ၏။

၃၅၆။ (ပ) ဤသုတ်သည် လောပါ ဒေသ စသော ဝိဓိရှစ်ပါးတွင် အဘယ်ဝိဓိနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ဝိသံယောဂ ဗျည်းပြုဟူသည် သံယုဂ်ဗျည်းတလုံးကို ချေရသောကြောင့် လောပဝိဓိဖြစ်ပါသည်။

၃၅၇။ (ပ) ဗျည်းကိုချေသော် ရှေ့ဗျည်း၊ နောက်ဗျည်း ဝါ-အစဗျည်း အဆုံးဗျည်းနှစ်လုံးတွင် အဘယ်ဗျည်းကို ချေပါသနည်း။

(ဖြေ) ရှေ့ဗျည်းကို ဝါ-အစဗျည်းကို ချေရပါသည်။

၃၅၈။ (ပ) ဤဥ ဖြစ်သင့်သော စ-သဒ္ဒါ၏ အနက်ကို ပြပြီးလျှင် သုတ်လုံး အစီအရင်နှင့် စ-သဒ္ဒါအစီအရင်နှင့်မျှ တို့၏ ထူ ခြားပုံကို ပြခဲ့ပါ။

(ဖြေ) သမုစ္စယတ္ထ ဖြစ်သင့်ပါသည်။ သုတ်လုံးအစီရင်ကား သရူပ ဗျည်းနှစ်လုံး ရှိရာ တလုံးကို ချေပါသည်။ စ-သဒ္ဒါအစီအရင်ကား သရူပ ဗျည်းနှစ်လုံး၊ အသရူပတလုံး၊ ပေါင်းသုံးလုံးရှိရာ သရူပဗျည်းတလုံး ကို ချေပါသည်။ ဤကားအထူး။

၃၅၉။ (ပ) ဝါ ပရော အသရူပါသုတ်၌ အကျုံးဝင်သော သရူပနှင့် ဤသုတ် စ-သဒ္ဒါ၌ အကျုံးဝင်သော သရူပတို့၏ အထူးကို ပြခဲ့ပါ။

(ဖြေ) ရှေ့သုတ်၌ကား ဌာန်တူသည်ကို သရူပဟု ဆိုပါသည်။ ဤ၌ကား အသွင်သဏ္ဍာန် တူသည်ကို သရူပဟု ဆိုပါသည်၊ ဤသို့ ထူးကြ၏။

သန္ဓိ-ဓာတုတ္တပိုင်း ပြီး၏။

* * *

၄၂။ ဂေါသရေ ပုထဿာဂမော ကွစိ

၃၆၀။ (ပ) အောက် ယ ဝ မ ဒ န-သုတ် စ-သဒ္ဒါဖြင့်ပင် ဂကာရာဂမ ကိစ္စ ပြီးသင့်လျက် အဘယ့်ကြောင့် ဤသုတ်ကိုထပ်၍ ထည့်ပြန်ပါ သနည်း။

(ဗျာ) နိပါတ်အဆုံးဟူသော ဌာနကို မှတ်ပြလိုသောကြောင့် ဤသုတ်ကို ထပ်၍တည်ပါသည်။

၃၆၁။ (ပ) ဤသုတ် ဂကာရာဂမနှင့် အောက်သုတ် စ-သဒ္ဒါအရ ဂကာရာဂမ အထူးပြခဲ့ပါ။

(ဗျာ) ဤသုတ်ကား— ဌာနကိုမှတ်၍ လာသည်။ ဝါ၊ ယေဘုယျအားဖြင့်လာသည်။ စ-သဒ္ဒါကား ဌာနမှတ်မူ၍ လာသည်။ ဝါ-အပ္ပကကားဖြင့် လာသည်။ (ဤကား အထူး။)

၃၆၂။ (ပ) ဤ၌ သရေ အရ ဖြစ်ကောင်းသော သရကို အကြောင်းပြ၍ ကောက်ပြခဲ့ပါ။

(ဗျာ) သာမညဆိုသောကြောင့် သရ ၈-လုံးပင် ဖြစ်သင့်ပါသည်။

၃၆၃။ (ပ) ဤ၌ ပုထုဿ-ဟု သာမညဆိုရကား ပုထသဒ္ဒါ၏ စ-ဆုံး နှစ်ဌာနတွင် အဘယ်၌ လာရမည်နည်း။ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) သရေ-ဟူသော ပရနိမိတ်ကို ဆိုသောကြောင့် ပုထသဒ္ဒါ၏ အဆုံး၌ လာရပါမည်။

၃၆၄။ (ပ) ဤသုတ်၌ ကွစိ-သဒ္ဒါသည် ကွစတ္ထ၊ ဝါတ္ထ- နှစ်ပါးတွင် အဘယ်အတ္ထဖြစ်သင့်ပါသနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) ပုထဂေဝ ပုထဝေ-ဟူသော ဒွိရူပကိုမြင်သောကြောင့် ဝါတ္ထ ဖြစ်သင့်ပါသည်။

---

## ၄၃။ ပါဿ စန္တေ ရဿော

၃၆၅။ (ပ) ဤသုတ်၌ ဖြစ်သင့်သော အန္တအရ၊ ရဿအရတို့ကို ပြခဲ့ပါ။

(ဗျာ) အန္တအရကား— အာဒိဿရ၏။ ရဿအရကား— အသရ တလုံး ရ၏။

၃၆၆။ (ပ) အောက်သုတ်ကဲ့သို့ အန္တသဒ္ဒါမဆိုပဲ သုတ်တည်က ပြီးသင့်လျက် အဘယ့်ကြောင့် အန္တသဒ္ဒါနှင့်တကွ ပါဿ စန္တော ရဿော-ဟု သုတ်တည်ပါသနည်း။

(ဗျာ) နောက်သရ၏ ရဿအဖြစ်ကို နစ်စေလိုသောကြောင့်၊တနည်း ကာရိကို ညွှန်းပြလိုသောကြောင့် ပါဿ စန္တော ရဿော-ဟု တည်ပါသည်။

၃၆၇။ ( ပ ) ဤသုတ်လာ စ-သဒ္ဒါ အဘယ်အနက်ရှိပါသနည်း။
(ဖြေ) သမုစ္စယအနက် ရှိပါသည်။ တနည်း—သမုစ္စယအနက် ရှိပါသည်။

၃၆၈။ ( ပ ) ပေါင်းပုံအာကာရ၊ ဆည်းပုံအာကာရတို့ကို ပြခဲ့ပါ။
(ဖြေ) ဂ-အက္ခရာလာ၏ဟူသော ပဌမတ္ထ၌ အာကို အရဿပြုဟူသော ဒုတိယတ္ထကို ပေါင်းပါသည်။ ပဥ္စမ္ယာစသော ပယောဂတို့၌ နောက်ဗျည်းကြောင့်လည်းပါ၏၊ အစိတ်ရသာအပြုကိုလည်း ဆည်းပါသည်။

၃၆၉။ ( ပ ) သမုစ္စယ၊ သမုစ္စယ နှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။
(ဖြေ) တခုသောကာလ၊ တခုသောကြိယာ၌ တပြိုင်နက် ရသည်ကို ပေါင်းခြင်း၊ ဆည်းခြင်းကား သမုစ္စယ။ တခုသောကာလ၊ တခုသော ကြိယာ၌တပြိုင်နက်မရသည်ကို ပေါင်းခြင်း၊ဆည်းခြင်းကား သမုစ္စယ။ ဤသို့ ထူးကြ၏။

---

## ၄၄။ အဗ္ဘော အဘိ

၃၇၀။ ( ပ ) အောက် ဝဂ္ဂေ ဃောသာဃောသာနံ-သုတ်ဖြင့်ပင် အဗ္ဘု ဒီရိတံ စသော ပြယုဂ်တို့ ပြီးသင့်ရကား ဤသုတ်ကို မတည်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ထပ်၍တည်ပါသနည်း။

(ဖြေ) ဣဝဏ္ဏော ယံ နဝါ—သုတ်၏ အစီအရင်ကို နှစ်စေလိုသော ကြောင့် ဤသုတ်ကို ထပ်၍တည်ပါသည်။

၃၇၁။ ( ပ ) ဤသုတ်ကို အဗ္ဘော အဘိဿ- ဟု တည်သင့်ပါလျက် အဘယ် အကျိုးငှာ အဗ္ဘော အဘိ—ဟု တည်ပါသနည်း။

(ဖြေ) ဥပသာရ နိပါတ်ပုဒ်တို့သည် ယေဘုယျအားဖြင့် အဝိဘတ္တိက ဖြစ်ကုန်၏ဟု ပြခြင်းအကျိုးငှာ အဗ္ဘော အဘိ—ဟု တည်ပါသည်။

၃၇၂။ ( ပ ) ဤ၌ အဘိ-ပုဒ်ကို ဥပသာရအစစ် အတု-နှစ်ပါးတွင် အဘယ် ပုဒ်ဟု မှတ်ရအံ့နည်း။
(ဖြေ) နျာအလို-ဥပသာရအစစ်ဟုမှတ်။ ရူ-အလို-ဥပသာရအတုပုဒ် ဟု မှတ်လေ။

၃၇၃။ ( ပ ) ဤပုဒ်၌ ကွစိသဒ္ဒါလိုက်သင့်လျက် အဘယ့်ကြောင့် မလိုက် ပါသနည်း။

(ဗျာ) တေ န ဝါ ဣဝဏ္ဏေ—ဟု သုတ်တည်လတ္တံ့သောကြောင့် ကွဲစိသဒ္ဒါမလိုက်ပါ။

၃၇၄။ (ပ) အဇ္ဈော အဘိ-၌ အဘိ—ဟူသောပုဒ်သည် ပဌမန္တ ဖြစ်ပါလျက် အဘယ့်ကြောင့် ဆဋ္ဌီအနက် ယောဇနာနိုင်ပါသနည်း။

(ဗျာ) အဘိပုဒ်သည် အာဒေသကို ငဲ့သောကြောင့် ဆဋ္ဌီ အနက် ယောဇနာ နိုင်ပါသည်။

၃၇၅။ (ပ) ဤသုတ်တည်ရခြင်း၏ အကျိုးကို သုံးမျိုးအောက် မယုတ် ထုတ်ပြခဲ့ပါ။

(ဗျာ) ၁—ဣဝဏ္ဏော ယံ နဝါ·သုတ်ဖြင့် ယအပြုမဖြစ်ခြင်း ဟူသော အကျိုး။ ၂—သရနှောင်းရာ၌အဘိသဒ္ဒါ၏ အဗ္ဘအပြုမြဲ၏ဟု သိရခြင်း အကျိုး။ ၃—ဗျည်းနှောင်းရာ၌ တရံတဆစ်မျှ အဘိကို အဗ္ဘပြု၍ အဗ္ဘောဟု ရုပ်မဖြစ်ခြင်းကို သိရခြင်းအကျိုး ရှိပါသည်။

---

## ၄၅။ အဇ္ဈော အဓိ

၃၇၆။ (ပ) အဇ္ဈာသော ဝသိ အဒ္ဓဘူတော စသော ပြယုဂ်တို့၌ နောက်ဗျည်းကြောင့်လည်း အဓိသဒ္ဒါ၏ အဇ္ဈအပြု၊ အဒ္ဓအပြုတို့ ဖြစ်သင့်ရကား ဤသုတ်ကို အဇ္ဈော အဓိ-ဟု သာမန်တည်သင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် အဇ္ဈော အဓိ-ဟု ဝိသေသ တည်ပါသနည်း။

(ဗျာ) အဇ္ဈော ဟူသော ယောဂဝိဘာဂ၊ အဓိ ဟူသော ယောဂဝိဘာဂ နှစ်ပါးကို ပြလိုသောကြောင့် အဇ္ဈော အဓိ ဟု ဝိသေသ တည်ပါသည်။

၃၇၇။ (ပ) ၎င်း ယောဂဝိဘာဂတို့ စီရင်အပ်သောအနက်ကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

(ဗျာ) အဇ္ဈော ဟူသော ယောဂဝိဘာဂဖြင့် နောက်ဗျည်းကြောင့်လည်း အဓိသဒ္ဒါကို အဇ္ဈပြုပါသည်။ အဇ္ဈာသော ဝသိ၊ အဓိသော ဝသိ ဟူသည်တည်း။ အဓိ-ဟူသော ယောဂဝိဘာဂဖြင့် နောက်ဗျည်းကြောင့် အဓိကို အဒ္ဓပြုပါသည်။ အဒ္ဓဘူတော၊ အဓိဘူတော ဟူသည်တည်း။ (မှတ်ချက်— ၎င်းကား ဂါထာ၌သာ ရ၏။)

၃၇၈။ (ပ) အောက်သုတ် ဤသုတ်တို့သည် ဥပဒေသတို့ကို စီရင်ခြင်း တူရကားပေါင်း၍တည်သင့်လျက် အဘယ့်ကြောင့်ခွဲ၍တည်ပါသနည်း။

(ဗျာ) အက္ခရာများသည်၏အဖြစ်ဟူသော ဗဟုက္ခရဒေါသကို ပယ်လိုသောကြောင့် ခွဲ၍တည်ပါသည်။

၃၇၉။ (ပ) အဗ္ဘော အဘိ၊ အဇ္ဈော အဓိ-နှစ်သုတ်တို့သည် ဝိဓိသုံးပါးတွင် အဘယ်ဝိဓိကို ပြပါသနည်း။ အထောက်ပြ၍ဖြေပါ။

(ဗျာ) တေန ဝါ ဣဝဏ္ဏေ-သုတ်ကိုထောက်၍ ဝိဓိသုံးပါးလုံးကို ပြပါသည်။

၃၈၀။ (ပ) ၎င်းနှစ်သုတ်တို့ဖြင့် စီရင်သော ဝိဓိတို့ကို ပိုင်းခြားဝေဖန်ပါ။

(ဗျာ) အဝဏ္ဏ၊ ဥဝဏ္ဏ၊ ဧ-ဩသရနောင်ရာတို့၌ နိစ္စဝိဓိ၊ ဣဝဏ္ဏသရနောင်းရာ၌အနိစ္စဝိဓိ။ ဗျည်းနောင်းရာ၌ အသန္တဝိဓိတို့ကို ပြပါသည်။

---

## ၄၆။ တေ န ဝါ ဣဝဏ္ဏေ

၃၈၁။ (ပ) ဤသုတ်ကို တေ ဝါ ဣဝဏ္ဏေ—မျှသာတည်က ရူပဒွယ ဟူသော လိုအပ်သော အနက်ပြီးလျက် အဘယ့်ကြောင့် တေ န ဝါ ဣဝဏ္ဏေဟု တည်ပါသနည်း။

(ဗျာ) အတိဿ စန္တဿ-သုတ်သို့ နသဒ္ဒါသာ လိုက်၏။ ဝါသဒ္ဒါ မလိုက်ဟု သိစေလိုသောကြောင့် တေ န ပါ ဣဝဏ္ဏေ-ဟု တည်ပါသည်။

၃၈၂။ (ပ) နောက်သုတ်အတွက် နသဒ္ဒါဆိုခဲ့သော် ၎င်းသုတ်ရောက်မှပင် ဆိုပါတော့လော၊ အဘယ့်ကြောင့် ဤသုတ်က တင်ကြို၍ နသဒ္ဒါကို ဆိုနှင့်ရပါသနည်း။

(ဗျာ) ဤသုတ်၌လည်း စိုးစဉ်းအနည်းငယ်သော အကျိုးရှိသေးသောကြောင့် ဤသုတ်က တင်ကူး၍ဆိုပါသည်။

၃၈၃။ (ပ) နသဒ္ဒါကိုဆိုသဖြင့် ရသင့်သော စိုးစဉ်းသော အကျိုးဟူသည် အဘယ်ပါနည်း။

(ဗျာ) ဣဝဏ္ဏသရနောင်းရာ၌ အဗ္ဘ၊ အဇ္ဈအပြုတို့ကို မရခြင်းသည် ယေဘုယျမျှသာ၏။ အဗ္ဘ၊ အဇ္ဈအပြုတို့ကို ရခြင်းသည် အပွကနည်း၏ဟု သိရခြင်း အကျိုးရှိပါသည်။

၃၈၄။ (ပ) အောက်သုတ်မှ ကွစိသဒ္ဒါရှိရကား တေ န ဣဝဏ္ဏေ—ဟု တည်သင့်လျက် အဘယ့်ကြောင့် တေ န ဝါ ဣဝဏ္ဏေဟု တည်သနည်း။

(ဗျာ) ကွစိသဒ္ဒါ၌ရှိသော်လည်း ဤ၌ ဒိဋ္ဌရူပအနိစ္စဝိဓိကို ပြလိုသောကြောင့် တေန ဝါ ဣဝဏ္ဏော-ဟု ဝါ သဒ္ဒါနှင့်တကွ တည်ပ့ါသည်။

---

## ၄၇။ အတိဿ စန္တဿ

၃၈၅။ (ပ) ဤ၌ ကာရိအရ တိသဒ္ဒါကိုသာ ယူရကား တိဿ စန္တဿဟု သုတ်တည်သင့်လျက် အဘယ့်ကြောင့် အတိဿ စန္တဿ-ဟု သုတ်တည်ပါသနည်း။

(ဗျာ) အတိသဒ္ဒါ၏ တိမှတပါးသော တိသဒ္ဒါကို ကြဉ်စေလိုသောကြောင့် အတိဿ စန္တဿ-ဟု တည်ပါသည်။

၃၈၆။ (ပ) ဤသုတ်ကို အတိဿစ-ဟု မတည်မူ၍ အဘယ့်ကြောင့် အန္တသဒ္ဒါနှင့်တကွ တည်ပါသနည်း။

(ဗျာ) အစဖြစ်သော အ-ကိုရင်း၊ အလုံးစုံဖြစ်သော အတိသဒ္ဒါကိုရင်း နှစ်စေလိုသောကြောင့် အန္တသဒ္ဒါနှင့်တကွ တည်ပါသည်။

၃၈၇။ (ပ) ဤ၌ အန္တသဒ္ဒါဖြင့် တိ-ကို ယူရမည်လော၊ ဣ-ကို ယူရမည်လော၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) ဣဝဏ္ဏသရနှောင်းရာ အဗ္ဘ- အဇ္ဈ အပြုဟူသော သဒ္ဒဝိဓိကို မြစ်သောအရာ ဖြစ်သောကြောင့် တိ-ကိုသာ ယူရမည်၊ ဣ-ဝဏ်ကို မယူရပါ။

၃၈၈။ (ပ) ဤ၌ အတိသဒ္ဒါ၏ တိ-ကိုသာ ယူရကား အတိ တိဿ စန္တဿ-ဟု တည်သင့်ပါလျက် အဘယ့်ကြောင့် အတိဿ စန္တဿ-ဟု တည်ပါသနည်း။

(ဗျာ) အတိတိဿဟုဆိုလိုလျက် သရူပါနမေကသေသွသကိံ-သုတ်ဖြင့် ကေသိက် ပြုထားသည်၏ အဖြစ်ကို ပြလိုသောကြောင့် ဝါ၊ တေသု ဝုဒ္ဓိ-သုတ်ဖြင့် တိသဒ္ဒါတခုကို ချေထားသည်၏အဖြစ်ကို ပြလိုသောကြောင့် အတိဿ စန္တဿ-ဟု တည်ပါသည်။

၃၈၉။ (ပ) ဤသို့ အတိဿပုဒ် ကေသိက်ဟူသော် အတိဿ စ-မျှသာ တည်ကပြီးလျက် အဘယ့်ကြောင့် အတိဿ စန္တဿ-ဟု တည်ပါသနည်း။

(ဗျာ) ပုထဿု ဗျဉ္ဇနေသုတ်သို့ အန္တသဒ္ဒါလိုက်စေလိုသောကြောင့် အတိဿ စန္တဿ-ဟု တည်ပါသည်။

၃၉၀။ ( ပ ) ပုထဿသုတ်သို့ လိုက်စေလိုသော် ငင်းသုတ်ကျမှ အန္တသဒ္ဒါကို ဆိုပါတော့လော၊ အဘယ့်ကြော်ငှ့် ဤသို့ ဆိုပါသနည်း။

(ဖြေ) အတ်ဿ၌ အစိတ် တိ-ကိုသားယူ၊ အလုံးစုံသော အတိသဒ္ဒါကို မယူရဟူသော စိုးစဉ်းသောအကျိုးရှိသောကြောင့် ဤ၌ဆိုပါသည်။

၃၉၁။ ( ပ ) ဤသုတ်ကို အတိစန္တဿ-ဟု မတည်မူ၍ ဖ္မာဘယ့်ကြောင့် အတိဿ စန္တဿ-ဟု တည်ပါသနည်း။

(ဖြေ) ဥပသာရ အတုဘို့နောင် ဝိဘာက်မကျေဟု သိစေလိုသောကြောင့် အတိဿ စန္တဿ-ဟု တည်ပါသည်။

၃၉၂။ ( ပ ) ဤသုတ်၌ စ-သဒ္ဒါ အဘယ်အနက် ရှိပါသနည်း။

(ဖြေ) အနုစုကနအနက်၊ တနည်း—သမုစ္စယအနက် ရှိပါသည်။

၃၉၃။ ( ပ ) အနုကစုနသမုစ္စယဟူသော် ငင်ပုံ၊ ဆည်းပုံ အခြင်းအရာကို ပြခဲ့ပါ။

(ဖြေ) နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် န-သဒ္ဒါ၊ ဣဝဏ္ဏေ-သဒ္ဒါတို့ကို ငင်ပါသည်။ ဣတိဒံ ပတိတော-စသည်ဘို့၌ ဣတိ ပတိသဒ္ဒါတို့၏ တိဘာကိုလည်း မြစ်၏ဟူသောအနက်ကို ဆည်းပါသည်။

၃၉၄။ ( ပ ) တေန ဝါ ဣဝဏ္ဏေ၊ အတိဿ စန္တဿ-ဟူသော ပဋိသေဓ နှစ်သုတ်တို့ အထူးကို ပြခဲ့ပါ။

(ဖြေ) ရှေ့သုတ်ကား အဗ္ဗော အဘိ၊ အဇ္ဈော အဓိ-နှစ်သုတ်တို့၏ ဝိဓိကို တားမြစ်သည်။ နောက်သုတ်ကား သဗ္ဗောစန္တိ-သုတ်၏ဝိဓိကို တားမြစ်ပါသည်။

---

## ၄၀။ ကစ္စိ ပဋိ ပတိဿ

၃၉၅။ ( ပ ) ဤသုတ်ကို သရာဓိကာရဖြစ်သော ဂေါ သရေ-စသောသုတ်၊ ဗျဉ္ဇနာဓိကာရ ဖြစ်သော ပုထဿ ဗျဉ္ဇနေသုတ်တို့၏ နေရာ၌ မတည်မူ၍ အဘယ့်ကြောင့် ဤနေရာ၌ တည်ပါသနည်း။

(ဖြေ) ဂေါ သရေသုတ်မှ သရေသဒ္ဒါ၏ မဏ္ဍူကဂတိကနယအားဖြင့် လိုက်သည်၏အဖြစ်၊ ပုထဿ ဗျဉ္ဇနေသုတ်မှ ဗျဉ္ဇနေသဒ္ဒါ၏ သီဟဂတိကနယအားဖြင့် လိုက်သည်၏အဖြစ်ကို သိစေလိုသောကြောင့် ဤနေရာ၌ တည်ပါသည်။

၃၉၆။ (ပ) ဤသုတ်၌ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယအရတို့ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ကား သရ ၈-လုံး၊ ဗျည်း ၃၃-လုံးတည်း။ ကာရီကား ဒန္တဇပတိသဒ္ဒါတည်း။ ကာရိယကား မုဒ္ဓဇပဋိသဒ္ဒါတည်း။

၃၉၇။ (ပ) အောက် တေ န ဝါ ဣဝဏ္ဏေသုတ်မှ ဝါသဒ္ဒါအလိုက် ခံ၍ ပဋိပတိဿမျှသာ တည်သင့်လျက် အဘယ့်ကြောင့် ကွစိ ပဋိ ပတိဿ-ဟု တည်သနည်း။

(ဗျာ) ဧကရုပ်ကို ပြလိုသောကြောင့် ကွစိ ပဋိ ပတိဿ-ဟု တည်ပါသည်။

၃၉၈။ (ပ) ဂေါသရေသုတ်မှ သရေသဒ္ဒါလိုက်သကဲ့သို့ ကွစိသဒ္ဒါအလိုက် ခံ၍ ပဋိ ပတိဿ-ဟု မတည်မူ၍ အဘယ့်ကြောင့် ကွစိသဒ္ဒါအသစ် ဆိုပြန်ပါသနည်း။

(ဗျာ) ကွစိသဒ္ဒါအလိုက်ခံက ဝါသဒ္ဒါလည်း လိုက်မည်ဖြစ်ရကား ထိုကို နစ်စေလိုသောကြောင့် ကွစိသဒ္ဒါအသစ် ဆိုပါသည်။

---

## ၄၉။ ပုထဿ ဗျဉ္ဇနေ

၃၉၉။ (ပ) အောက်၌ ဗျဉ္ဇနေသဒ္ဒါ ရှိပြီးဖြစ်ရကား ပုထဿမျှသာ တည်က ပြီးလျက် အဘယ့်ကြောင့် ဗျဉ္ဇနေသဒ္ဒါ အသစ်ဆိုပြန်ပါသနည်း။

(ဗျာ) သရေသဒ္ဒါကို နစ်စေလိုသောကြောင့် ဗျဉ္ဇနေသဒ္ဒါသစ် ဆိုရပါသည်။

၄၀၀။ (ပ) ဤသုတ်ကို ပုထဿ အ ပုထအ-ဟု သမာသ်ပြု၍ အ-ကို ချေပြီး သုတ်တည်က အန္တသဒ္ဒါမလိုက်သော်လည်း ပြီးသင့်လျက် အဘယ့်ကြောင့် အန္တသဒ္ဒါအလိုက်ခံ၍ တည်သနည်း။

(ဗျာ) နောက်သရကြောင့် ပုထမဟုတ်သော သဒ္ဒါ၏ အစိတ်ဖြစ်သော သရ၏ ဥအပြု သိစေလိုသောကြောင့် အန္တသဒ္ဒါ အလိုက်ခံ၍ သုတ်တည်ပါသည်။

၄၀၁။ (ပ) ဤသုတ်ကို နိစ္စ၊ အနိစ္စဝိဓိနှစ်ဝတွင် အဘယ်ဝိဓိ မှတ်ရအံ့နည်း။ အကြောင်းပြ၍ဖြေပါ။

(ဗျာ) ကွစိ၊ နဝါ၊ ဝါ သဒ္ဒါစသည် မလိုက်မပါသောကြောင့် နိစ္စဝိဓိဟု မှတ်။

## ၅၀။ ဩ အ၀သ

၄၀၂။ ( ပ ) ဩလောကေတွာ စသော ပြယုဂ်တို့၌ အပ-ဟူသောပုဒ်၏လည်း ဩ-ပြုသောကြောင့် ဩ-အ၀ အပဿ-ဟု သုတ်တည်သင့်လျက် အဘယ့်ကြောင့် ဩ အ၀ဿ-ဟု တည်ပါသနည်း။

(ဗျာ) ဩ-ဟူသော ယောဂဝိဘာဂကို ပြုလိုသောကြောင့် ဩ အ၀ဿ ဟု တည်ပါသည်။

၄၀၃။ ( ပ ) ၎င်းယောဂဝိဘာဂဖြင့် စီရင်ပုံကို ပြယုဂ်နှင့်တကွ ပြခဲ့ပါ။

(ဗျာ) ဩ ဟူသော ယောဂဝိဘာဂဖြင့် နောက်ဗျည်းကြောင့် အပ-ဟူသော ဥ၁သာရကို ဩပြု။ ပြယုဂ်ကား–ဩမလောကေတွာ၊ အပလောကေတွာ။

၄၀၄။ ( ပ ) အဝပုဗ္ဗလောကဓာတ်၊ အပပုဗ္ဗလောကဓာတ် နှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။,

(ဗျာ) ရှေ့ကား ကြည့်ရှုခြင်းအနက်ကို ဟောပေ၏။ နောက်ဓာတ်ကား ပန်ကြားခြင်းအနက်ကို ဟောပေ၏။ ဤကား အထူး။

---

## ၅၁။ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော

၄၀၅။ ( ပ ) ဤသုတ်ဝယ် အနုပဒိဋ္ဌာနံ ၌ ဥပဒိဋ္ဌအရ၊ အနုပဒိဋ္ဌအရတို့ကို ဝစနတ္ထနှင့်တကွ ပြခဲ့ပါ။

(ဗျာ) ဥပဒဿေဘဗ္ဗာတိ ဥပဒိဋ္ဌာ၊ ဥပဒဿိယိတ္ထာတိ ဝါ ဥပဒိဋ္ဌာ။ (ကမ္မသာဓနကိတ်ဝိဂ္ဂိုဟ်။) ဥ၁ပုဗ္ဗ၊ ဒိသဓာတ်၊ တပစ္စည်း။ အရကား–အဘိ၊ အဓိ၊ ပုသ–စသော ပြအပ်ပြီးသော ဥပသာရနိပါတ်တို့ရ၏။ န ဥပဒိဋ္ဌာ အနုပဒိဋ္ဌာ၊ (တပ္ပုရိသ်သမာသ်ဝိဂ္ဂိုဟ်။) အရကား မပြအပ်ကုန်သေးသော ပ ပဆု စသော ဥ၁သာရ၊ နု-စသော နိပါတ်တို့ ရ၏။

၄၀၆။ ( ပ ) ဝုတ္တယောဂတော–၌ ဝုတ္တအရ၊ ယောဂအရ၊ ဝုတ္တယောဂအရတို့ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ ကောက်ပြပါ။

(ဗျာ) ဥစိတ္တာတိ ဝုတ္တော။ ကမ္မသာဓန၊ ဝစဓာတ်၊ တပစ္စည်း။ ဆိုအပ်ပြီးသောသုတ်ရ၏။ ယုဇ္ဇိတဗ္ဗာတိ ယောဂေါ၊ ကမ္မသာဓန၊ ယုဇဓာတ်၊ ဏပစ္စည်း၊ သုတ်ရ၏၊ ဝုတ္တော ယောဂေါ ဝုတ္တယောဂေါ၊ ကမ္မဓာရယ်သမာသ်၊ အပေါင်း ဝိဂ္ဂဟ။ ဆိုအပ်ပြီးသောသုတ်

ရ၏။ တနည်း-ဥပိတ္တာတိ ဝုတ္တော ဆိုအပ်ပြီးသော သန္ဓိရ၏။ ယုဇ္ဇနံ ယောဂေါ၊ ဘာဝသာဓန၊ ယှဉ်ခြင်းကြိယာရ၏။ အစိတ် အစိတ် ဝိဂ္ဂဟ။ ဝုတ္တေဟိ ယောဂေါ ဝုတ္တယောဂေါ၊ တတိယာ တပ္ပုရိသ သမာသ်။ ၊အပေါင်းဝိဂ္ဂဟ၊ ဆိုအပ်ပြီးသော သန္ဓိတို့နှင့် ယှဉ်ခြင်း ရ၏။

၄၀၇။ (ပ) ဤသုတ်ကို မတည်သော်လည်း သရာ သရေ လောပံ-စသော သုတ်တို့ဖြင့်ပင် ပါပန-စသောပြယုဂ်တို့ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍ ဤသုတ်ကို တည်ပြန်သနည်း။

(ဗျာ) အဗ္ဘော အဘိ-စသော သုတ်တို့ဖြင့် စီရင်အပ်သော ပြယုဂ်မှ တပါးသော ဥပသာရပုဒ်၊ နိပါတ်တို့သည် သန္ဓိမဖြစ်ဟူသော ယုံမှားသံသယကို နစ်စေလိုသောကြောင့် ထပ်၍တည်ပါသည်။

၄၀၈။ (ပ) ဝုတ္တိမှာ သရ၊ ဗျဉ္ဇန၊ ဝုတ္တ-ဟု သန္ဓိသုံးမျိုး ပြဆိုပါလျက် ဥဒါဟရဏ်ဝယ် အဘယ့်ကြောင့် ဝုတ္တသန္ဓိဥဒါဟရဏ်ကို မပြဆိုပါသနည်း။

(ဗျာ) ဝုတ္တသန္ဓိသည် သရသန္ဓိ၊ ဗျဉ္ဇနသန္ဓိ နှစ်ပါးတို့၏ အတွင်း၌ ဝင်ပြီးဖြစ်သောကြောင့် ဝုတ္တသန္ဓိဥဒါဟရဏ်ကို မပြဆိုပါ။

၄၀၉။ (ပ) အဘယ်သို့သော သန္ဓိကို ဝုတ္တသန္ဓိဟု ဆိုသနည်း။

(ဗျာ) ဂါထာတို့၌ ဆန္ဒာနုရက္ခဏ၊ သုခုစ္စာရဏ အကျိုးငှာရင်း၊ စုဏ္ဏိယတို့၌ သုခုစ္စာရဏအကျိုးငှာရင်း အက္ခရာချေ၍ လာ၍စီရင်သော သန္ဓိကို ဝုတ္တသန္ဓိဟု ခေါ်ပါသည်။

၄၁၀။ (ပ) ချေ၍လာ၍စီရင်အပ်သော် လောပသန္ဓိ၊ အာဂမသန္ဓိ ဆိုသင့်ပါလျက် အဘယ့်ကြောင့် ဝုတ္တသန္ဓိ ဟူသောအမည်ဖြင့် ဆိုပါသနည်း။

(ဗျာ) ဂါထာအား ကျေးဇူးများသောကြောင့် ဝုတ္တသန္ဓိ ဟူသော အမည်ဖြင့် ခေါ်ပါသည်။

၄၁၁။ (ပ) ဤသုတ်၌ မပြအပ်သေးဟူသည် အဘယ်၏အစွမ်းဖြင့် မပြအပ်သေးသည်ကို ယူရမည်နည်း။

(ဗျာ) ပြယုဂ်၊ ဥဒါဟရဏ်၏အစွမ်းဖြင့် မပြအပ်သေးသည်ကို ယူရမည်။

၄၁၂။ (ပ) ဤသုတ်ကို လေးပါးသောသုတ်တို့တွင် အဘယ်သုတ် မှတ်ရမည်နည်း။

(ဗျာ) အတိဒေသဝိဓိသုတ်ဟု မှတ်။ (မှတ်ချက်—ပရိဘာသာသုတ် ဟူ၍လည်း ဆိုကြ၏။ ပရိဘာသာသုတ် မဟုတ်ဟု မှတ်။)

၄၁၃။ (ပ) အတိဒေသဘေဒကို ပြပြီးလျှင် အတိဒေသ၏ အဓိပ္ပာယ်ကို ပြခဲ့ပါ။

(ဖြေ) ဗျပဒေသော နိမိတ္တဉ္စ၊ တံရူပံ တံသဘာဝတော။
သုတ္တဉ္စေဝ တထာ ကာရိ- ယာတိဒေသော တု ဆဗ္ဗိဓော—

ဟူ၍ကား ဗျပဒေသာတိဒေသ၊ နိမိတ္တာတိဒေသ၊ တံရူပါတိဒေသ၊ တံသဘာဝါတိဒေသ၊ သုတ္တာတိဒေသ၊ ကာရိယာတိဒေသ-ဟူ၍ ၆-ပါး ရှိ၏။ အတိဒေသဟူသည် အလွန်ညွှန်းပြခြင်းကို ဆိုပါသည်။

၄၁၄။ (ပ) ဤသုတ်သည် အတိဒေသ ၆-မျိုးတွင် အဘယ်အတိဒေသ ပါနည်း။ အကြောင်းပြ၍ဖြေပါ။

(ဖြေ) ဆိုအပ်ပြီးသောသုတ်တို့ကို အလွန်ညွှန် ပြခြင်းကြောင့် သုတ္တာတိဒေသ ဖြစ်ပါသည်။

၄၁၅။ (ပ) လောပါဒေသ-စသော ဝိဓိရှစ်ပါးတွင် အဘယ်ဝိဓိဟု မှတ်ရမည်နည်း။ အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဖြေ) ဝိဓိရှစ်ပါးလုံးနှင့်ဆက်ဆံသောသုတ်ဖြစ်သောကြောင့် ရှစ်ပါးလုံးဟုပင် မှတ်ရမည်။

၄၁၆။ (ပ) ဤသုတ်၏အင်္ဂါကို အဘယ်သို့ မှတ်ရမည်နည်း။ အကြောင်း ပြ၍ ဖြေပါ။

(ဖြေ) သုတ်အလုံးစုံတို့နှင့် ဆက်ဆံသောကြောင့် ထိုထိုသုတ်၏အင်္ဂါကို ဤသုတ်၏အင်္ဂါဟု မှတ်ရမည်။

၄၁၇။ (ပ) သန္ဓိမစပ်သော အရာဌာနတို့ကို ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

(ဖြေ) ၁—သုခုစ္စာရဏဝါစားသိလို၍ မဖြင်သောဌာန၊ ဣမံ ဥဒါနံ ဥဒါနေနသိ။ ၂-ဝဏ္ဏ ဗျဝဟိတ ဌာန၊ အက္ကောစ္ဆိမံ အဝဓိမံ။ ၃-ကာလ ဗျဝဟိတဌာန၊ အထ နိပ္ပန္နတိ ဒုက္ခေ၊ သေမဂ္ဂေါ ဝိသုဒ္ဓိယာ။ ၄-ပုဒ် စပ်လိုခြင်း ကင်းသောဌာန၊ သုဝဏ္ဏေန အဘိရူပေါ။ ၅-သန္ဓိစပ်သဖြင့် အနက်ပျက်သော အတ္ထဒူသနဌာန၊ အာယသ္မာ အာနန္ဒော။ ၆-ရှေ့က နိပါတ်၊ နောက်အာချာတ်ပုဒ်ရှိသောဌာန၊ နအတ္ထိ နအသိ။ ၇-ဂါထာ တို့၌ ဆန္ဒဘေဒဌာန၊ ရမဏီယာနိ အရညာနိ။

၄၁၈။ (ပ) နိပါတ်၊ အာချာတ်၊ နာမ်ပုဒ်တို့ ရှေ့နောက်ထား၍ သန္ဓိစပ် ရပုံတို့ကို ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

(ဖြေ) ရှေ့မှုနိပါတ်။ နောက်အာချာတ်။ သန္ဓိစပ်ရိုး မပြုရာ။ (နအတ္ထိ နအသိ။) ရှေ့မှုအာချာတ်။ နောက်နိပါတ်။ သန္ဓိစပ်အပ်ရာ။ (ဟော

တေ၀ အတ္တေ၀။) ရှေ့အဲချေတ။ နောက်နာမ။ သန္ဓိစပ်အပ်ရာ။ (စေ၀ှဇှမဟ၊)

၄၁၉။ (ပ) ဧကက္ခရ သန္ဓိ၊ အနေကက္ခရ သန္ဓိ၊ အနေကပဒ သန္ဓိတို့၏ အဓိပ္ပာယ်နှင့်တကွ ဥဒါဟရဏ်ပါ ပြခဲ့ပါ။

(ဗျာ) အက္ခရာတလုံးချင်းသာ စပ်သည်ကား-ဧကက္ခရ သန္ဓိ၊ သန္ဓိ။ အက္ခရာအများ ရှေ့နောက်စပ်သည်ကား အနေကက္ခရ သန္ဓိ။ ယာယိန္ဒြိယာနိ။ ပုဒ်အများ ရှေ့နောက် စပ်သည်ကား—အနေကပဒသန္ဓိ၊ ပဏ္ဍိတာတျမှာ ပဏ္ဍိတာက္လတိ အမှာ-စသည်တည်း။

၄၂၀။ (ပ) ဝဏ္ဏသန္ဓိ၊ ပဒသန္ဓိတို့၏ ဥဒါဟရဏ်ကို ပြပြီးလျှင် ၎င်းတို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) ဝဏ္ဏသန္ဓိ-သာဟု၊ သာဓု။ ပဒသန္ဓိ-တတြာယမာဒိ၊ တတြ အယံအာဒိ။ ပဒသန္ဓိကား—ရှေ့နောက်ပုဒ်ဖြတ်ခြင်းကို ရအပ်၏။ ဝါ— ပုဒ်ပြတ်၏။ ဝဏ္ဏသန္ဓိကား—ရှေ့နောက်အဖြစ်မျှကိုသာ ရအပ်၏။ ဝါ- ပုဒ်မပြတ်ဟူလို။ ဤကားအထူး။

၄၂၁။ (ပ) ၂-ကေသန္ဓိ-ဒွိသခေ်ပ။ ၂—ဒွိသန္ဓိ-တိသခေ်ပဖြစ်သော သန္ဓိ ၂-ပါးတို့၏ အဓိပ္ပာယ်နှင့် ဥဒါဟရဏ်တို့ကို ပြခဲ့ပါ။

(ဗျာ) အစပ်တခု၊ အလွှာနှစ်ခု ရှိသည်ကား-ဧကသန္ဓိ။ ဒွိသခေ်ပ။ ယာယိန္ဒြိယာနိ။ အစပ်နှစ်ခု၊ အလွှာ ၃-ခု၊ ဝါ-နှစ်စပ်၊ ၃-လွှာရှိသည်ကား—ဒွိသန္ဓိ-တိ သခေ်ပ သန္ဓိမည်၏။ ပဏ္ဍိတာတျမှာ-ဟူသည်တည်း။

၄၂၂။ (ပ) ဧကာဓိပ္ပါယသန္ဓိ၊ ဒွါဓိပ္ပါယသန္ဓိ၊ တျာဓိပ္ပါယသန္ဓိတို့၏ အဓိပ္ပာယ်နှင့်တကွ ဥဒါဟရဏ်တို့ကို ပြခဲ့ပါ။

(ဗျာ) ပုဒ်တခါသာ ဖြစ်ရသည်ကား ဧကာဓိပ္ပါယသန္ဓိ၊ တတြာယံ တတြအယံ။ ပုဒ်နှစ်ခါဖြစ်နိုင်သော သန္ဓိကား—ဒွါဓိပ္ပါယသန္ဓိ၊ သွာဂတံ သုအာဂတံ၊ သွာဂတံ သာဂတံ။ ပုဒ်သုံးခါဖြစ်နိုင်သော သန္ဓိကား တျာဓိပ္ပါယသန္ဓိ မည်၏။ ၁-သာဟံ သာအဟံ၊ ၂—သာဟံ သောအဟံ၊ ၃—သာဟံ သအဟံ-ဟူသည်တည်း။ (မှတ်ချက်—စတုယာဓိပ္ပါယ သန္ဓိကား-မရှိဟုမှတ်။)

၄၂၃။ (ပ) ယထာဝုတ္တဝ-ဟူသော ပုဒ်များကို ပါဠိတော်နည်း၊ သက္ကတနည်းအားလျော်စွာ သန္ဓိပုဒ်စပ်၍ ပြခဲ့ပါ။

(ဗျာ) ပါဠိတော်နည်းအားဖြင့် ယထာဝ၊ သက္ကတနည်းအားဖြင့် ယထေ၀-ဟု စပ်ပါ။

၄၂၄။ (ပ) ယဿိန္ဒြိယာနိ-ဟူသောပုဒ်ကို ဂဏ်စွဉ်းကျမ်း၊ သန္ဓိကျမ်းအဆို အမိန့်တို့နှင့် အလုံးစုံညီညွတ်စွာ နည်းရလောက်အောင် သန္ဓိရုပ်တွက်၍ ပြခဲ့ပါ။

(ဖြေ) ယဿိန္ဒြိယာနိကား ပိဋကတ်သုံးပုံမှ ထုတ်၍ ဆောင်အပ်သောကြောင့် ဥဒါဟရဏ်မည်၏။ ထိုဥဒါဟရဏ်ရုပ်ကို မြတ်စွာဘုရားပါဠိတော်အား လျောက်ပတ်စွာ ဇိနဝစနယုတ္တံဟိ-သုတ်ကိုလိုက်စေ၍ လိင်္ဂဉ္စ နိပ္ပဇ္ဇတေ-သုတ်၌ ကောင်းစွာအကျုံးဝင်သော သ မုစ္စယတ္ထစသဒ္ဒါဖြင့် ဆည်းအပ်သော ပဒဉ္စ ဆိဇ္ဇတေ-ဟူ၍ ပရိဘာသာ လာသောကြောင့် ယဿ ဣန္ဒြိယာနိ-ဟူ၍ပုဒ်ဖြတ်။ ဇိနဝစနယုတ္တံဟိ-သုတ်လိုက်စေ၍ အက္ခရာပါဒယော ဧကစတ္တာလီသံ-သုတ်ဖြင့် ယ,ဿ,ဣ,န္ဒြိ,ယာ,နိ-တို့ကို အသီးအသီး အက္ခရာအမည်မှည့်။တတ္ထော ဒန္တာ သရာ အဋ္ဌ သုတ်ဖြင့် ဣကို သရ အမည်၊ လဟုမတ္တာ တယော ရဿာ-သုတ်ဖြင့် ဣကို ရဿရအမည်၊ သေသာ ဗျဉ္ဇနာ-သုတ်ဖြင့် ယ-စသည်တို့ကို ဗျဉ္ဇနအမည်။ဝဂ္ဂါ ပဉ္စပဉ္စသော မန္တာ-သုတ်၊ အန္တယ,ဗျတိရေကတ္ထအားဖြင့် ယ,ဿ-တို့ကို အဝဂ်အမည်။ နိကို ဝဂ်အမည်မှည့်။ ပုဗ္ဗမဓော-သုတ်ဖြင့် အသရမှ ဿဗျည်းကိုခွင်း။ ဿ အစိတ် အ-ကြွင်းစေ။ ခွင်းအပ်ပြီ သောသရကင်းသော ဿဗျည်းကို ရှေ့ဟုဆိုအပ်သောအောက်၌ အစဉ်မပျက်ထား။တတ္ထော ဒန္တာ လဟုမတ္တာ-သုတ်တို့ဖြင့် အကို သရအမည်၊ ရဿအမည်မှည့်။ဇိနဝစနယုတ္တံဟိ-သုတ်လိုက်စေ၍ သရာသရေလောပံ-သုတ်ဖြင့် နောက်ဣသရကြောင့် ရှေ့သရကိုချေ။ နယေ ပရံ ယုတ္တေသုတ်ဖြင့် ဿဗျည်းကို နောက်ဣသရသို့ကပ်။ယဿိန္ဒြိယာနိ-ဟူသော ဥဒါဟရုဏ်ရုပ်သည် မြတ်စွာဘုရား ပါဠိတော်အား လျောက်ပတ်စွာပြီး၏။

သန္ဓိ-ပဉ္စမပိုင်း ပြီး၏။

သန္ဓိကျမ်း ပြီးပြီ။

# ၂-နာမ်

## ၁။ ဇိနဝစနယုတ္တံ ဟိ

၄၂၅။ ( ပ ) အဘယ်သို့သော ဝစနတ္တကြောင့် အဘယ်တို့သည် နာမ်မည်ပါသနည်း။

(ဗျာ) အတ္တေ နံမတီတိ နာမံဟူသော သဒ္ဒကတ္တုသာဓ်။ အတ္တံနီစတ္တေ နာမေတီတိ နာမံ-ဟူသော ဟေတုကတ္တုသာဓ် ဝစနတ်ကြောင့် မိမိကိုယ်တိုင် အနက်၌ ညွတ်တတ်၊ မိမိသို့ အနက်တို့ကို ညွတ်စေတတ်သော ဒြပ်ကို ဟောတတ်သော သဒ္ဒါတို့သည် နာမ်မည်ပါသည်။ (မှတ်ချက်–ဤ၌ ညွတ်ဟူသည် ဟောသည်ကိုပင် ဆိုပါသည်။)

၄၂၆။ ( ပ ) အဘယ်ကိုရည်၍ နာမ၏ဝစနတ္တကို နှစ်နည်းမိန့်ဆိုပါသနည်း။

(ဗျာ) ဝဒန္တ ပုဂ္ဂိုလ်ကိုရည်၍ ရှေ့နည်း၊ သုဏန္တပုဂ္ဂိုလ်ကို ရည်၍ နောက်နည်း၊ ဤသို့ နှစ်နည်းဆိုပါသည်။

ဝဒန္တမှာ သဒ္ဒကတ္တု၊ရည်မှတ်ပြု။
သုဏန္တမှာ၊ ဟေတုသာ၊နှစ်ဖြာနာမ်၏ ဝိဂ္ဂိုဟ်အထူးတည်း။
(နိယံ)

၄၂၇။ ( ပ ) နာမ်၏၊ သရုပ်အရ ထုတ်ပြပြီးလျှင် ဖြစ်သင့်သော ဘေဒကိုလည်း ၅-နည်းအောက်မယုတ် ပြခဲ့ပါ။

(ဗျာ) ဒြပ်ကို ဟောတတ်သော ပုရိသ-စသော အက္ခရသန္နိဝေသနာမပညတ်သည် နာမ်၏သရုပ်တည်း။ ဘေဒကား-ရုဠ္ဍီနာမ်၊ အန္ဝတ္ထနာမ် အားဖြင့်နှစ်ပါး။ ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင် အားဖြင့်သုံးပါး။ သာမည၊ ဂုဏ၊ ကြိယာ၊ ယဒိစ္ဆာနာမ်အားဖြင့် လေးပါး။ နာမနာမ်၊ သဗ္ဗ၊ သမာသ်၊ တဒ္ဓိတ်၊ ကိတ်နာမ်အားဖြင့် ၅-ပါး။ အကာရန္တနာမ်၊ အာကာရန္တ၊ ဣကာရန္တ၊ ဤကာရန္တ၊ ဥကာရန္တ၊ ဦကာရန္တ၊ ဩကာရန္တ နိဂ္ဂဟီတန္တနာမ်၊ ဤသို့ ပကတိကာရန္တအားဖြင့် ၈-ပါးရှိကြကုန်၏။

၄၂၈။ (ပ) ဤသုတ်သည် အောက်ဆုံးပြီးသော အကွရာကိုလည်း၊ ဝဲရကား၊ သန္ဓိကျမ်း၏အစ၌ တည်သင့်လျက် မတည်ပဲ အဘယ်ကြောင့် ဤနာမ်ကျမ်း၌လာ၍ တည်ပါသနည်း။

(ဗျာ) ဤနာမ်ကျမ်း၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် လိင်၊ ပုဒ်၊ ဝိဘတ်-စသည်တို့၏ မတူသည်၏အဖြစ်ကို သိစေလိုသောကြောင့် ဤနာမ်ကျမ်း၌ တည်ပါသည်။

၄၂၉။ (ပ) ဤသုတ်ကို ဤကျမ်း၌တည်သော် တပါးသောနေရာမှာ မတည်မူ၍ အဘယ့်ကြောင့် အစထား၍ တည်သနည်း။

(ဗျာ) ဤသုတ်၏ သဗ္ဗသာဓာရဏမဟာဝိသယဖြစ်သောကြောင့် အစထား၍ တည်ပါသည်။

၄၃၀။ (ပ) ဘုရား၏ အမည်တော်တို့သည် ဗုဒ္ဓါ-စသည်ဖြင့် များစွာရှိပါလျက် အဘယ့်ကြောင့် ဇိနအမည်ကိုသာယူ၍ ဇိနဝစနယုတ္တံဟိ-ဟု သုတ်ဘည်ပါသနည်း။

(ဗျာ) မြတ်စွာဘုရားကိုယ်တော်တိုင် နှုတ်တော်မှ မြွက်ဆိုသောအမည်ဖြစ်သောကြောင့်၊ တနည်း—ဆန့်ကျင်ဘက် ရန်သူတို့အား နှိပ်နင်းလိုသောကြောင့် ဇိနအမည်ကိုယူ၍ ဇိနဝစနယုတ္တံ ဟိ-ဟု သုတ်တည်ပါသည်။

၄၃၁။ (ပ) ဤသုတ်ကို ဇိနဝစနယုတ္တံ-မျှ တည်က ပြီးလျက် အဘယ်အကျိုးငှာ 'ဟိ'သဒ္ဒါကို ဆိုပါသနည်း။

(ဗျာ) အဝဓာရဏ အနက်ကို ပြခြင်းအကျိုးငှာ 'ဟိ' သဒ္ဒါကို ဆိုပါသည်။

၄၃၂။ (ပ) အဝဓာရဏဘေဒနှင့်တကွ ဤ၌ လိုအပ်သော အဝဓာရဏကို အကြောင်းပြ၍ ညွှန်းခဲ့ပါ။

(ဗျာ) နိဝတ္တာပနအဝဓာရဏ၊ သန္နိဋ္ဌာနအဝဓာရဏ-ဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ဤ၌ 'ဟိ'သဒ္ဒါသည် မြတ်စွာဘုရား ပါဠိတော်အား လျောက်ပတ်သော ဥဒါဟရဏ်ကို မြဲစေလိုသောကြောင့် သန္နိဋ္ဌာန အဝဓာရဏအနက်ကို လိုအပ်၏။

၄၃၃။ (ပ) ဤ၌ ဧဝဖြင့် ပြအပ်သော အနက်သုံးပါးတို့ကို ထုတ်ပြခဲ့ပါ။

(ဗျာ) ဘုရားပါဠိတော်အား လျောက်ပတ်သော ဥဒါဟရဏ်သည် ဂဟေတဗ္ဗတ္ထ။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ-စသည်တို့အား မလျောက်ပတ်သော လောကီသဒ္ဒါကျမ်းတို့၌လာသော ဥဒါဟရဏ်သည် ဆဋ္ဌေ

တဗ္ဗတ္တ။ အဋ္ဌကထာ၊ ဋီကာ-စသည်တို့အား လျော်ကပ်သော ဥဒါ
ဟရဏ်သည် အနုညာတတ္တ။

၄၃၄။ (ပ) ဤသုတ်သည် သညာ၊ အဓိကာရ-စသော သုတ် ၄-ပါးတွင်
အဘယ်သုတ်ဖြစ်ပါသနည်း။

(ဗျာ) အဓိကာရသုတ် ဖြစ်သည်။

၄၃၅။ (ပ) အဓိကာရ၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

(ဗျာ) ပုဗ္ဗသုတ္တဋ္ဌပဒဿ ပရသုတ္တေသု ပတိဋ္ဌိတအဓိကာရော-ဟူသည်
နှင့်အညီ ရှေ့သုတ်၌တည်သောပုဒ်တို့၏ နောက်သုတ်တို့၌ ကောင်းစွာ
တည်ခြင်း၊ ရောက်ခြင်းကိုပင် အဓိကာရ ဆိုပါသည်။

၄၃၆။ (ပ) အဓိကာရဘေဒနှင့်တကွ ဝစနတ္ထ၊ ဤသုတ်၌ လိုအပ်သော
အဓိကာရတို့ကို ပြခဲ့ပါ။

(ဗျာ) ၁—သီဟဂတိက အဓိကာရ၊ ၂—မဏ္ဍူကဂတိက အဓိကာရ၊
၃—ယထာနုပုဗ္ဗိက အဓိကာရ၊ ၀ါ-နဒီသောတ အဓိကာရ ဟူ၍
၃-ပါး ပြား၏။ အဓိကရီယတိတိ အဓိကာရော၊ ဤကား ဝစနတ္ထ။
ထို ၃-ပါးတွင် ဤ၌ ရှေ့နောက်တို့ကို ငဲ့သောကြောင့် သီဟဂတိက
အဓိကာရကို လိုအပ်ပါသည်။
(မှတ်ချက်—ရူပသိဒ္ဓိ၌ ယထာနုပုဗ္ဗိကအဓိကာရဟု ဆိုသေး၏။)

၄၃၇။ (ပ) ရှေ့နောက်တို့ကိုငဲ့ဟူသော် အဘယ်တို့ကို ငဲ့ပါသနည်း။

(ဗျာ) အောက် အက္ခရာပါဒယော ကေစတ္တာလီသံ-သုတ်၌ ဆိုအပ်
ပြီးသော အက္ခရာ၊ အထက်၌ ဆိုလတ္တံ့သော လေးပါးသောပုဒ်တို့ကို
ငဲ့ပါသည်။

---

## ၂။ လိင်္ဂ နိပ္ဖန္နတေ

၄၃၈။ (ပ) ဤသုတ်ကို လိင်္ဂ နိပ္ဖန္နတေ-ဟု တမည်ပဲ အဘယ်အကျိုးငှာ
လိင်္ဂ နိပ္ဖန္နတေဟု တည်ပါသနည်း။

(ဗျာ) သမုစ္စယအနက်ကို ပြခြင်းအကျိုးငှာ စ-သဒ္ဒါနှင့်တကွ တည်
ပါသည်။

၄၃၉။ (ပ) သမုစ္စယအပြားကို ပြပြီးလျှင် ဤ၌ လိုအပ်သော သမုစ္စယကို
ညွှန်းခဲ့ပါ။

(ဖြေ) ၁–ကာရကသမုစ္စယ၊ ၂–ကြိယာသမုစ္စယ၊ ၃-ဝါကျသမုစ္စယ ဟူ၍ ၃-ပါး ပြား၏။ ထိုတွင် ဤ၌ သုံးပါးလုံး လိုအပ်ပါသည်။

၄၄၀။ (ပ) ထိုသမုစ္စယ သုံးပါးအားလျော်စွာ သုတ်ကို အနက်ယောဇနာ ပြခဲ့ပါ။

(ဖြေ) ၁–လိင်္ဂဥ္စ။ လိင်ကိုလည်း။ နိပ္ပဇ္ဇတေ၊ ပြီးစေအပ်၏။ ဓာတုစ၊ ဓာတ်ကိုလည်း။ နိပ္ပဇ္ဇတေ၊ ပြီးစေအပ်၏၊ ဓာတု-ဟူသော ကာရက ကို ဆည်း။ ၂–လိင်္ဂံ၊ လိင်ကို။ နိပ္ပဇ္ဇတေ၊ ပြီးလည်း ပြီးစေအပ်၏။ ထပီယတေ စ၊ ထားလည်းထားအပ်၏။ ထပီယတေ-ဟူသော ကြိယာ ကို ဆည်း။ ၃–လိင်္ဂဥ္စ၊ လိင်ကိုလည်း။ နိပ္ပဇ္ဇတေ၊ ပြီစေအပ်၏။ ဓာတု စ၊ ဓာတ်ကိုလည်း။ ထပီယတေ၊ ထားအပ်၏။ ဓာတုစ ထပီယတေ-ဟူသော ဝါကျကို ဆည်း။

၄၄၁။ (ပ) ဤသုတ် စ-သဒ္ဒါဖြင့် ဓာတုစ ထပီယတေ-ဟူသော ဝါကျ တို့ကိုသာ ဆည်းသင့်ပါသလော။

(ဖြေ) ပဒဥ္စ ဆိဇ္ဈတေ-ဟူသော ဝါကျကိုလည်း ဆည်းသင့်သေး၏။ ပဒဥ္စ၊ ပုဒ်ကိုလည်း၊ ဆိဇ္ဈတေ၊ ဖြတ်အပ်၏။

၄၄၂။ (ပ) အဘယ့်ကြောင့် လိင်မည်ပါသနည်း။ ဤ၌ လိင်၏သရုပ်အရ ကို ထုတ်ပြပါ။

(ဖြေ) မထင်ရှားသော အစိတ်ဖြစ်သောကြောင့်၎င်း၊ ကွယ်ဝှက် သောအနက်ကို သိစေတတ်သောကြောင့်၎င်း၊ ယေးကျား-စသော ဒြပ်ကို သိကြောင်းဖြစ်သောကြောင့်၎င်း လိင်မည်ပါသည်။ သရုပ် အရကား ဒြပ်ကို ဟောတတ်သော ပုရိသ-စသော သဒ္ဒါအပေါင်း တို့တည်း။

၄၄၃။ (ပ) ဤသုတ်၌ သဒ္ဒလိင်၊ အတ္ထလိင် နှစ်ပါးတွင် အဘယ်ကို ယူရ မည်နည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ဓာတ်၊ ပစ္စည်းဝိဘတ်တို့သက်၍ ပြီးကောင်းသောကြောင့် သဒ္ဒလိင်ကိုသာ ယူရမည်။

၄၄၄။ (ပ) သဒ္ဒလိင်၌လည်း နိပ္ဖန္နသဒ္ဒလိင်၊ အနိပ္ဖန္နသဒ္ဒလိင် နှစ်ပါးတွင် အဘယ်လိင်ကို ယူရမည်နည်း။ ကစ္စည်းအထောက်ပြ၍ ဖြေပါ။

(ဖြေ) နိပ္ပဇ္ဇတေ-ဟူသော ကြိယာကိုထောက်၍ အနိပ္ဖန္နလိင်ကိုသာ ယူရမည်။

၄၄၅။ (ပ) လိင်တု၊ လိင်စစ် နှစ်ပါးတွင် အဘယ်ကို ယူရမည်နည်း။ အကြောင်းပြ၍ဖြေပါ။

(ဗျာ) ခေတ်၊ ပစ္စည်း၊ ဝိဘတ်တို့ဖြင့် ဝေဖန်ကောင်းသောကြောင့် လိင်တုကိုသာ ယူရမည်။

၄၄၆။ (ပ) လိင်စစ်၏အရ သရုပ်ကို ပြပြီးလျှင် ဤ၌ အဘယ့်ကြောင့် လိင်စစ်ကို မယူရပါသနည်း။

(ဗျာ) လိင်စစ်သရုပ်ကား နှုတ်မှရှုတ်ဆိုအပ်သော စိတ္တဇဝစီဘေဒသဒ္ဒာတည်း။ ခေတ်၊ ပစ္စည်း၊ ဝိဘတ်တို့ဖြင့် မခွဲခြမ်း မဝေဖန်ကောင်းသောကြောင့် ဤ၌ မယူရပါ။

၄၄၇။ (ပ) လိင်္ဂဟူသောပုဒ်ကို သဒ္ဒလိင်၊ အတ္ထလိင်၊ နိပ္ဖန္နလိင်၊ အနိပ္ဖန္နလိင်များကို ရအောင် အသီးသီးဝိဂ္ဂဟပြု၍ အရကောက်ပြီးလျှင် နာမ်နှင့် လိင် ထူး-မထူး ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) အတ္ထံ လိင်္ဂေတိ ဗောဓေတီတိ လိင်္ဂံ၊ ဒဏ္ဍာကကျမ်းလာ ဝိဂ္ဂိုဟ်။ လိင်္ဂဓာတ်၊ အပစ္စည်း။ တနည်း—ဏပစ္စည်း။ သဒ္ဒလိင်ရ၏။ ဝါ-နိပ္ဖန္န အနိပ္ဖန္န နှစ်ပါးလုံးရ၏။ လိင်္ဂီယတေ ဂမျတေ ပုရိသာဒိဒဗ္ဗံ အနေနာတိ လိင်္ဂံ။ ကရဏသာဓန၊ အတ္ထလိင်ရ၏။ လီနမတ္ထံ ဂမယတိ ဗောဓေတီတိ လိင်္ဂံ။ သာသနာ့တော်ကျမ်းလာ ဝိဂ္ဂဟ။ လီနသဒ္ဒူပပဒ ဂမုဓာတ်၊ အပစ္စည်း၊ နိပ္ဖန္နလိင်ရ၏၊ လီနံ အပါကဋံ အင်္ဂံ အဝယဝေါတိ လိင်္ဂံ။ (ကမ္မဓာရယသမာသဝိဂ္ဂဟ။) အနိပ္ဖန္နလိင်ရ၏။ နာမ် လိင်္ဂဝို သဒ္ဒံ-ဟူရကား—နာမ်နှင့်လိင် မထူးပါ။ ဝါ-တူကြပါ၏။

၄၄၈။ (ပ) သုတ်၌ အနိပ္ဖန္နလိင်ကိုသာ ယူအပ်လျက် အဘယ့်ကြောင့် ဥဒါဟရဏ်မှာ အနိပ္ဖန္နလိင်ကို ထုတ်ဆောင်ပါသနည်း။

(ဗျ) သဝိဘတ္တိကဖြစ်သော နိပ္ဖန္နသည်လည်း ဘူတပုဗ္ဗဂတိကနည်းအားဖြင့် လိင်မည်သည်၏အဖြစ်ကို သိစေလိုသောကြောင့် ဝါ-စန်းကျမ်းဆရာတို့၏ ဝါဒကို ပြလိုသောကြောင့် နိပ္ဖန္နလိင်ကို ထုတ်ဆောင်ပါသည်။

၄၄၉။ (ပ) ဤ၌ ဧသော၊ နေ၊ သတ္ထာ-တို့သည် အဘယ်နည်း။ အဘယ် ဥပစာများ ဖြစ်ပါသနည်း။

(ဗျာ) ဘူတပုဗ္ဗဂတိကနည်း၊ ကာရဏူပစာ ဖြစ်ကြပါသည်။

၄၅၀။ (ပ) ဤသုတ်သည် သညာ-စသော သုတ် ၄-မျိုးတွင် အဘယ် သုတ် ဖြစ်ပါသနည်း။ ထိုဖြစ်သင့်သော သုတ်၏အပြား၊ ဤ၌ လိုအပ်သော သုတ်အမှည်ကို ပြမဲ့ပါ။

(ဖြေ) ပရိဘာသာသုတ် ဖြစ်ပါသည်။ ၁—သညာ်ပရိဘာသာ၊ ၂—ဝိဓျာ်ပရိဘာသာ၊ ၃—အနျာ်ပရိဘာသာဟူ၍ သုံးပါးပြား၏။ ထိုတွင် ဤသုတ် အနျာ်ပရိဘာသာ ဖြစ်ပါသည်။

---

## ၃။ တတော စ ဝိဘတ္တိယော

၄၂၁။ (ပ) အောက်သုတ်တို့မှ ဇိနဝစနယုတ္တံပုဒ်၊ လိင်္ဂပုဒ်တို့ လိုက်သင့်ရကား ဝိဘတ္တိယော စ-ဟု တည်က ပြီးသင့်လျက် အဘယ့်ကြောင့် တတော သဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) နိပ္ဖန္နလိင်ကို နစ်စေလိုသောကြောင့် တတောသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၄၂၂။ (ပ) ဤသုတ်၌ဖြစ်သင့်သော စသဒ္ဒတ္ထ သဒ္ဒတ္ထာကာရတို့ကိုပြခဲ့ပါ။

(ဖြေ) သမုစ္စယတ္ထ ဖြစ်ပါသည်။ ပဌမာ၊ ဒုတိယာ-စသော သညာ၊ ဧကဝုစ်၊ ဗဟုဝုစ်-စသော သညာရခြင်းတို့ကို ဆည်းပါသည်။ (နျာသ အလို။) အလိင်ဖြစ်သော တွာ ပစ္စယန္တ-စသော ပုဒ်၊ နိပါတ်ပုဒ်တို့ နောင် ဝိဘတ်သက်ခြင်းကို ဆည်းပါသည်။ (ရူပသိဒ္ဓိအလို။)

၄၂၃။ (ပ) အဘယ့်ကြောင့် ဝိဘတ်မည်ပါသနည်း။

(ဖြေ) ကမ္မာဒိဝသေန စ ဧကတ္တာဒိဝသေန စ လိင်္ဂတ္ထံ ဝိဘဇန္တီတိ ဝိဘတ္တိယော။ ဝိဘဇ္ဇတေ ပါဋိပဒိကတ္ထော ဧတာယာတိ ဝိဘတ္တိ-ဟူသော ကတ္တုသာဓ်၊ ကရဏသာဓ်နှင့်အညီ ကံ၊ ကတ္တား စသည်တို့၏ အစွမ်းဖြင့်၎င်း၊ ဧကဝုစ် စသည်တို့၏ အစွမ်းဖြင့်၎င်း၊ လိင်၏အနက်ကို ဝေဖန်တတ်သောကြောင့်၎င်း၊ ပါဋိပဒိကပုဒ်၏ အနက်ကို ဝေဖန်ကြောင်း ဖြစ်သောကြောင့်၎င်း ဝိဘတ်မည်ပါသည်။

၄၂၄။ (ပ) ဝိဘတ်၏အဓိပ္ပာယ်နှင့်တကွ ဝိဘတ္တိအရ သရုပ်တို့ကို ပြခဲ့ပါ။

(ဖြေ) ဤပုဒ်ကား ကံပုဒ်၊ ဤပုဒ်ကား ကတ္တားပုဒ် စသည်ဖြင့်၎င်း ဤပုဒ်ကား ဧကဝစနပုဒ်၊ ဤပုဒ်ကား ဗဟုဝစနပုဒ်တည်း စသည် ဖြင့်၎င်း ခွဲဝေခြင်းပင်တည်း။ (သရုပ်ကား၊ သိ ယော အံ ယော နာ ဟိ သ နံ သ္မာ ဟိ သ နံ သ္မိံ သု-ဟူ၍ ၁၄-လုံးတို့တည်း။)

၄၂၅။ (ပ) ဤသုတ်တည်ရခြင်း၏အကျိုးကို ရေးခဲ့ပါ။

(ဖြေ) မြတ်စွာဘုရား ပါဠိတော်အား လျော်သော လိင်တို့နောင် ဝိဘတ်တို့ သက်ရကုန်၏။ လိင်၏ရှေ့၌ ဝိဘတ်တို့ မသက်ရကုန်-ဟူသော အနက်ကို သိရခြင်းအကျိုးရှိပါ၏။

၄၅၆။ ( ပ ) လိင်နှောင် ဝိဘတ်သက် ဟူသော် အဘယ်လိင်နှောင် သက်သည်ဟု မှတ်ရမည်နည်း။ အထောက်အကိုးပြ၍ ဖြေပါ။
(ဗျာ) ပက္ကန္တဝိသယဖြစ်သော တ-သဒ္ဒါနှင့် တတော-ဟုဆိုသောကြောင့် အနိပ္ဖန္နလိင်နှောင်သာ သက်သည်ဟု မှတ်ရမည်။

---

## ၄။ သိ ယော အံ ယော နာ ဟိ သ နံ သ္မာ ဟိ သ နံ သ္မိံ သု

၄၅၇။ ( ပ ) အဘယ့်ကြောင့် ဤသုတ်ကို ဤနေရာ၌ တည်ပါသနည်း။
(ဗျာ) တတော စ ဝိဘတ္တိယော-သုတ်၏ ရှေ့အဘို့၌ ဝိဘတ္တိသညာကို မထားမူ၍ဆိုသောကြောင့် ထိုဝိဘတ်တို့ကား ဤသည်တို့ပင်တည်းဟု ပြလိုသောကြောင့် ဤနေရာ၌ တည်ပါသည်။
၄၅၈။ ( ပ ) ဤသုတ်သည် လေးပါးသောသုတ်တို့တွင် အဘယ်သုတ် ဖြစ်ပါသနည်း။
(ဗျာ) ရှု-အလို သညာသုတ်။ နျာ-အလို ဝိဘတ္တိနိယမသုတ်။ နိဒ္ဒေသအလို သညာဂ်ပရိဘာသာသုတ်။
၄၅၉။ ( ပ ) ရှင်မဟာကစ္စည်းဝါဒကား အဘယ်သုတ်ဟု ဆိုလိုပါသနည်း။ အထောက်ပြ၍ ဖြေပါ။
(ဗျာ) ဝိဘတ္တိ ဣစ္စနေန ကွတ္တော။ အမုဿ မမံ သဝိဘတ္တိဿသေ-ဟု မိန့်သော ပုစ္ဆာ ဝိဿဇ္ဇနာ ပါဠိရပ်ကို ထောက်၍ ဝိဘတ္တိသညာသုတ်ဟု ဆိုလိုပါသည်။
၄၆၀။ ( ပ ) ဝိဘတ် ၁၄-လုံးတွင် သဒိသဝိဘတ် အသဒိသဝိဘတ် မည်မျှစီ ရှိကြောင်း ပြပြီးလျှင် အဝိကာရဝိဘတ် သဝိကာရဝိဘတ်တို့ကို ခွဲခြေ ခဲ့ပါ။
(ဗျာ) သဒိသဝိဘတ်ကား ယော ဟိ သ နံ ၂-လုံစီအားဖြင့် ၈-လုံး ရှိပါသည်။ အသဒိသဝိဘတ်ကား သိ အံ နာ သ္မာ သ္မိံ သု အားဖြင့် ၆-လုံး ရှိပါသည်။ သတ္တမီသုဝိဘတ်တလုံးကား အဝိကာရဝိဘတ်။ ကြွင်းသော ၁၃-လုံးသော ဝိဘတ်တို့ကား သဝိကာရဝိဘတ်တို့ ဖြစ်ကြပါသည်။

---

## ၅။ တဒနုပရောဓေန

၄၆၁။ ( ပ ) အောက်မှ ဇိနဝစနယုတ္တံဟိ-သုတ် လိုက်သောကြောင့် ဤ၌ တ-သဒ္ဒါကိုမဆိုပဲ အနုပရောဓေန-ဟုသာတည်က ပြီးလျက် အဘယ့်ကြောင့် တဒနုပရောဓေန-ဟု တည်ပါသနည်း။

(ဖြေ) ရှင်းသုတ်မှ ယုတ္တသဒ္ဒါကို နှစ်စေလိုသောကြောင့် တဒနု ပရောစေနေ-ဟု တည်ပါသည်။

၄၆၂။ (ပ) ဤသုတ်ကို အဘယ့်ကြောင့် ဤနေရာမှာ တည်ပါသနည်း။
(ဖြေ) ကျမ်းတပါး၌လာသော ဘုရားပါဠိတော်အား မလျော်သော ဝိဘတ်ကို ကြဉ်စေလိုသောကြောင့် ဤ၌ တည်ပါသည်။

၄၆၃။ (ပ) ဤသုတ်သည် အဘယ် ပရိဘာသာသုတ် ဖြစ်ပါသနည်း။ အဘယ်ကို မြစ်ပါသနည်း။
(ဖြေ) အနျဂ်ပရိဘာသာသုတ်၊ ဥပရိဘာသာသုတ် ဖြစ်ပါသည်။ သက္ကဋကျမ်း၌လာသော ဗွိဝုဒ်ကို မြစ်ပါသည်။

၄၆၄။ (ပ) "တစ်မှာကား- မာ။ နှစ်မှာ- တာ။ သုံးမှာကား- နွော။ လေးမှာ -ဆော"ဟူရကား ဝိနည်း၌ တပါးကို ဖောယသွာ၊ နှစ်ပါး- အာယသ္မန္တာ၊ သုံးပါး- အာယသ္မန္တော၊ လေးပါးကို သုံးသာဟု ဆို သောကြောင့် သာသနာတော်ကျမ်းမှာလည်း ဗွိဝုစ်ရှိကောင်းသည်ပင် မဟုတ်လော။ ဤသုတ်နှင့် မဆန့်ကျင်အောင် ဖြေပါ။
(ဖြေ) ဝိနည်း၌ နှစ်ပါးကို အာယသ္မန္တာဟု ဆိုသည်ကား ဝိနယ ဝေါဟာရအားဖြင့်သာဆိုသည်။ ဗွိဝုစ်ရှိကောင်းသောကြောင့်ဆိုသည် မဟုတ်၊ စင်စစ်မူချအားဖြင့် သာသနာတော်ကျမ်းမှာ ဗွိဝုစ်မရကောင်း မရှိကောင်းဟု မှတ်။

၄၆၅။ (ပ) အောက်သုတ်နှင့် ဤသုတ်တို့ ပရိဘာသာချင်း ထူးခြားပုံကို ပြခဲ့ပါ။
(ဖြေ) ရှေ့သုတ်ကား သာပည၊ နောက်သုတ်ကား ဝိသေသ။ ရှေ့ ကား မြစ်၏၊ နောက်ကား မမြစ်။ ရှေ့ကား သညဂ်ပရိဘာသာ၊ နောက် ကား အနျဂ်ပရိဘာသာ၊ ဤသို့ ထူး၏။

---

## ၆။ အာလပနေ သိ ဂသညော

၄၆၆။ (ပ) ဤသုတ်ကို အာလပနေသိ ဂေါဟု မတည်မူ၍ အဘယ့် ကြောင့် အာလပနေသိ ဂသညော-ဟု တည်ပါသနည်း။
(ဖြေ) အာဒေသသက်ာကို နှစ်စေလိုသောကြောင့်(နျာအလို။) ရှင်ဋီ သညာဖြစ်သောကြောင့် (နိဒ္ဒေသအလို။) အာလပနေ သိ ဂသညော ဟု သုတ်တည်ပါသည်။

၄၆၇။ (ပ) အားလုပ် သိဝိဘတ်ကို အဘယ့်ကြောင့် ဂ-အမည် မှည့်ပါသနည်း။
(ဗျာ) ရှပ်ပြီးစေလိုသောကြောင့် မှည့်ပါသည်။

၄၆၈။ (ပ) စတုတ္ထက္ခရာ ဃ-နှင့် အမည်မမှည့်မူ၍ အဘယ့်ကြောင့် တတိယက္ခရာ ဂ-နှင့် မှည့်ပါသနည်း။
(ဗျာ) အာလုပ်သည် အလေးပြုအပ်သော အရာဖြစ်သောကြောင့် ဘောဘောတိ ဂရုကာ-အရ ဂရုပုဒ်၊ ကာ၊ဂ-ကိုယူ၍ အမည်မှည့်ပါသည်။

၄၆၉။ (ပ) အဘယ့်ကြောင့် အဘယ်ကို အာလုပ်ဟု ခေါ်ပါသနည်း။
(ဗျာ) အာ အဘိမုခံ ကတွာ လပနံ အာလပနံ။ အာ အဘိမုခေန လပိတဗ္ဗန္တိ အာလပနံ-ဟူသည်နှင့်အညီ ရှေးရှုခေါ်ဝေါ်အပ်သောကြောင့် ရှေးရှုခေါ်ဝေါ်ခြင်းကြိယာ၊ ရှေးရှုခေါ်ဝေါ်သောအနက်ကို အာလုပ်ဟု ခေါ်ပါသည်။

၄၇၀၊ (ပ) အာလုပ်၏အဓိပ္ပာယ်နှင့်တကွ အာလပနဘေဒကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။
(ဗျာ) အာလုပ် ဟူသည် သူ့ဘပါးအား သိစေခြင်းပင်တည်း။ ၁-သဗီဝအာလုပ်၊ ဘောပုရိသ။ ၂-နိဇ္ဇီဝအာလုပ်၊ ဘောသေလ ဟူ၍ နှစ်ပါးပြား၏။

၄၇၁။ (ပ) ရှေးရှုခေါ်ဝေါ်တိုင်းပင် အာလုပ်ဖြစ်သည်ဟု မှတ်ရတော့မည်လော၊ အသို့မှတ်ရအံ့နည်း။
(ဗျာ) ထင်ရှားရှိသောဝတ္ထုကို ရှေးရှုခေါ်ဝေါ်မှသာလျှင် အာလုပ် ဖြစ်သည်ဟု မှတ်။ ထင်ရှားမရှိသောဝတ္ထုကို ရှေးရှုခေါ်ဝေါ်ရာ၌ အာလုပ်မဖြစ်ဟု မှတ်ရမည်။

၄၇၂။ (ပ) ဤသုတ်သည် ရူဠှီ-အန္တတ္ထ၊ သာမညဝိသေသ၊ သက-ပရသညာ နှစ်ပါးနှစ်ပါးတို့တွင် အဘယ်သညာ ဖြစ်ပါသနည်း။
(ဗျာ) ရူဠှီသညာ၊ ဝိသေသသညာ၊ ပရသညာ ဖြစ်ပါသည်။

---

## ၇။ ဣဝဏ္ဏုဝဏ္ဏာ ဈလာ

၄၇၃။ (ပ) ဤသုတ်ကို ဣကာရုကာရာ ဈလာ-ဟူ၍၎င်း၊ ဣ ဥ ဈလာ ဟူ၍၎င်း မတည်မူ၍ အဘယ့်ကြောင့် ဣဝဏ္ဏုဝဏ္ဏာ ဈလာ-ဟု တည်ပါသနည်း။

(ဖြေ) သဂဏ္ဏဖြစ်သော ဤ-ဦတို့ကိုလည်း ယူစေလိုသောကြောင့် ဝဏ္ဏသဒ္ဒါနှင့် တည်ပါသည်။

၄၇၄။ (ပ) ဤ-ဈသညာ၊ လ-သညာတို့ကို လိင်သုံးပါးတွင် အဘယ် လိင်၌ မှည့်ရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ဒုတိယ၌ တေ ကူတိုချာပေါ-ဟု ကုဏ္ဍလိင်ကို မှတ်၍ သုတ်တည်လာတဲ့ ဖြစ်သောကြောင့် ပုလ္လိင်၊ နပုလ္လိင်တို့၌သာ ဈလ-မှည့်ရမည်ဟု မှတ်။

၄၇၅။ ပုလ္လိင်၊ နပုလ္လိင်၌သာ ဈလ-မှည့်ရသော် ပုန္နပုံသကာ ဣဝဏ္ဏုဝဏ္ဏာ ဈလာ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ဣဝဏ္ဏုဝဏ္ဏာ ဈလာ ဟုသာ တည်ပါသနည်း။

(ဖြေ) ဈလသညာတို့သည် လိင်၏အဆုံး၌သာ မှည့်ရသည်မဟုတ်၊ လိင်၏အဆုံး၊ လိင်၏အလယ် နှစ်ဌာနတို့၌ရ၏၊ အာချာတ် ကိတ်တို့၏ အလယ်၌ရ၏၊ မှည့်ရသည်၏အဖြစ်ကို သိစေလိုသောကြောင့် ဣဝဏ္ဏုဝဏ္ဏာ ဈလာ-ဟု တည်ပါသည်။

၄၇၆။ (ပ) ဣဝဏ္ဏုဝဏ္ဏာ ဇ'ဌာ'ဟု မတည်မူ၍ ဣဝဏ္ဏုဝဏ္ဏာ ဈ'လာ' ဟု တည်ရခြင်းအကြောင်းကို ထင်ရှားအောင် ပြခဲ့ပါ။

(ဖြေ) ဣတ္ထိလိင်ထက် ပုလ္လိင်၊ နပုလ္လိင် မြတ်သောကြောင့် ကာမ တရားထက်မြတ်သော ဈာနတရား၊ လောကုတ္တရာပာရားတို့မှ ဈ-လ-တို့ကို ယူ၍ ဣဝဏ္ဏုဝဏ္ဏာ ဈ'လာ'ဟု တည်ပါသည်။

၄၇၇။ (ပ) ဝုတ္တိ၌ ယထာသင်္ချံ သဒ္ဒါသည် အဘယ်ကို နှစ်စေပြီးလျှင် အဘယ်နည်း၏ အဖြစ်ကို ပြပါသနည်း။

(ဖြေ) ယထာလာဘနည်းကို နှစ်စေပြီး ယထာသင်္ချာနည်း၏အဖြစ် ကို ပြပါသည်။

၄၇၈။ (ပ) ယထာသင်္ချံသဒ္ဒါ၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

(ဖြေ) ဣဝဏ်ကို ဈ-အမည်၊ ဥ-ဝဏ်ကို လ-အမည် အစဉ်အတိုင်း မှည့်ရမည်ဟူလို။

၄၇၉။ (ပ) ဤသုတ်သည် မည်သည့်ဂိုဏ်း၊ မည်သည့်လိင်၊ မည်သည့် ပကတိကာရန္တတို့၌ မှည့်ပါသနည်း။

(ဖြေ) ပုမာဒိဂဏ၊ ရာဇာဒိဂဏ၊ သတ္ထာဒိဂဏ၊ ရတ္တာဒိဂဏ ပုလ္လိင် နပုလ္လိင် အ-ဣ-ဤ-ဥ-ဦ-ကာရန္တ ၅-ပါးတို့၌ မှည့်ပါသည်။

## ဂ။ တေ ဣတ္ထိချာပေါ

၄၀၀။ အောက်သုတ်မှ ဣဝဏ္ဏုဝဏ္ဏာဟူသော သညီပုဒ်လိုက်သောကြောင့် ဣတ္ထိချာပေါ-မျှသာ တည်သင့်လျက် အဘယ့်ကြောင့် တေ ဣတ္ထိချာပေါ-ဟု တည်ပါသနည်း။

(ဖြေ) ဣတ္ထိချာ-ဟု လိင်ကိုမှတ်၍ ဆိုသောကြောင့်၎င်း၊နဒါဒိတော ဝါ ဤ-ဟု ဆိုသောကြောင့်၎င်း၊ ဣသဝဏ္ဏသာ လိုက်မည်ဖြစ်သော ကြောင့် ဣဝဏ္ဏ ဥဝဏ္ဏ နှစ်ပါးလုံးကို သိမ်းယူစေလိုသောကြောင့် တနည်း— အထက်သုတ်သို့ မလိုက်စေလိုသောကြောင့် တေ ဣတ္ထိ ချာပေါ-ဟု တည်ပါသည်။

၄၀၁။ (ပ) သညီမှာ ဗဟုဝုစ်အားလျော်စွာ သညာကိုလည်း ဗဟုဝုစ်နှင့် တေ ဣတ္ထိချာပါ-ဟုတည်သင့်လျက် အဘယ့်ကြောင့် တေ ဣတ္ထိချာ ပေါ-ဟု ဧကဝုစ်နှင့် တည်ပါသနည်း။

(ဖြေ) သညီတို့ကား များသောကြောင့် ဗဟုဝစနနှင့်၊ သညာ ကား တခုတည်းဖြစ်သောကြောင့် ဧကဝုစ်နှင့်တည်ပါသည်။ တနည်း— တေ ဣတ္ထိချာပါ-ဟု ဗဟုဝစနနှင့် ဆိုလိုလျက် သုခုစ္စာရဏာဖြစ်စေလို သောကြောင့် ယောဝိဘတ်-ချေ၍ တေ ဣတ္ထိချာပေါ-ဟု တည် ပါသည်။

၄၀၂။ (ပ) ဤ၌ 'ပေါ'ဟူသော သညာပုဒ်သည် ဧကဝစနန္တဖြစ်သင့်သ လော၊ ဗဟုဝစနန္တဖြစ်သင့်သလော။ကစ္စည်းအထောက်ပြ၍ဆုံးဖြတ်ပါ။

(ဖြေ) ပသညာ ယောန္တ-ဟူသော ဝုတ္တိပါဌ်ကိုထောက်၍ ဗဟုဝစ နန္တ ဖြစ်သင့်ပါသည်။

၄၀၃။ (ပ) တပါးသော သညာတို့ဖြင့် မမှည့်မူ၍ အဘယ့်ကြောင့် ပ- အမည်ကိုယူ၍ မှည့်ဆိုပါသနည်း။

(ဖြေ) ဣတ္ထိလိင်၏ ယုတ်ညံ့သောကြောင့် အယုတ်ဟော'ပါပ'သဒ္ဒါ မှ ပ-ကိုယူ၍ မှည့်ပါသည်။

၄၀၄။ (ပ) ဤ ပသညာကို အဘယ်ဌာနတို့၌ မှည့်ရမည်နည်း။

(ဖြေ) လိင်္ဂန္တ၊ လိင်္ဂမဇ္ဈ-နှင့်ဌာနတို့၌ မှည့်ရပါသည်။

၄၀၅။ (ပ) အဘယ့်ကြောင့် အောက်သန္ဓိကျမ်းမှာ ဣသ္မာဟု ကိုပုစ္ဆာ ထား၍ ဤနာမ်ကျမ်းမှာ ကိုမတ္ထ-ဟု ကိုထားပါသနည်း။

(ဗျာ) သန္ဓိမှာ ယကြောင်းဖြစ်သော အက္ခရာ ကောသလ္လဉာဏ်ကို ညွှန်ပြရာ ညွှန်ပြကြောင်း ဖြစ်သောကြောင့် အကြောင်းဟော 'ကသ္မာ' သဒ္ဒါနှင့် 'ကသ္မာ' ဟု ထားပါသည်။ နာမ်ကျမ်းကား အကျိုးဖြစ်သော ပဒကောသလ္လဉာဏ်ကို ညွှန်ပြရာ ညွှန်ပြကြောင်း ဖြစ်သောကြောင့် အကျိုးဟော ကိမတ္ထံသဒ္ဒါနှင့် 'ကိမတ္ထံ' ဟု 'ကိံ' ထားပါသည်။

၄၀၆။ (ဗျာ) ဤသုတ်ဖြင့် မှတ်နိုင်သော လိင်၊ ဂိုဏ်း၊ ပကတိ၊ ကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ဣတ္ထိလိင်သာ။ ၁—သာဂ္ဂါဒိ၊ ၂—ရတ္တာဒိ၊ ၃—နဒါဒိ၊ ၄—ဂဟပတာဒိဂိုဏ်း။ ဣ-ဤ-ဥ-ဦ-ကာရန္တတို့၌ မှတ်နိုင်ပါသည်။

---

## ၉။ အာ ဃော။

၄၀၇။ (ဂ) ဤသုတ်ကို အာကာရော ဃော-ဟု မဖွဲ့ဘဲ အဘယ့်ကြောင့် အာဃော-ဟု ဖွဲ့ပါသနည်း။

(ဗျာ) အပ္ပက္ခရလာ ဃ၀တ္တဖြစ်စေလိုသောကြောင့် အာဃော—ဟု ဖွဲ့ပါသည်။

၄၀၈။ (ပ) အက္ခရသမူဟော ပဒံ-ဟု ဆိုရကား တလုံးတည်းသော အာ—အက္ခရာကို အဘယ့်ကြောင့် ပဒဟု ဆိုနိုင်ပါသနည်း။

(ဗျာ) ပဋ္ဌဒေ ဘာ ဥဿယော အဖ္တော ဧတာနာ တိ ပဒံ ဟူသည်နှင့် အညီ အာသည် ဣတ္ထိလိင်ကို ဟောသောကြောင့်၎င်း၊ ဝိဘတျန္တံ ပဒံ ဟူသည်နှင့်အညီ ဝိဘတ်တလုံး အဆုံးရှိသောကြောင့်၎င်း-ပဒဟု ဆိုနိုင်ပါသည်။

၄၀၉။ (ပ) တတိယ ဂ-နှင့်မမှည့်မူ၍ စတုတ္ထ ဃ-နှင့် မှည့်ရပုံကို ပြပြီးလျှင် အဘယ်ဌာန၌ မှည့်ရသည်ကိုလည်း ပြခဲ့ပါ။

(ဗျာ) အာသည် ဒီဃဖြစ်သောကြောင့် ဒီဃံပုဒ်က ဃ-ကိုယူ၍ မှည့်ပါသည်။ လိင်၏အဆုံးဖြစ်သော လိင်္ဂန္တ၌သာ မှည့်ရပါသည်။

၄၁၀။ (ပ) ဤသုတ်ကို ပဒဝိဂ္ဂဟသံဝဏ္ဏနာ ပြုပြီးလျှင် ဝိဂ္ဂဟမပြုကောင်းသောပုဒ်တို့၏ သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

(ဗျာ) အာကား သဒ္ဒပဒတ္ထ ကသညီဖြစ်သော တကရုဋ္ဌိပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂဟိမပြုကောင်း။ ဃောကား သဒ္ဒပဒတ္ထ ကသညာ ဖြစ်သော ကရုဋ္ဌိပုဒ်

ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ ဤသို့ ဝိဂ္ဂဟမပြုရသည်ကို မပြုကောင်းဟု ညွှန်းပြခြင်းသည်ပင် ပဒဝိဂ္ဂဟသံဝဏ္ဏနာမည်၏။

ရုဠ္ဟီချာတံ နိပါတဥ္စ-ပသဂ္ဂါလပနံ တထာ။
သဗ္ဗနာမန္တိ မေ တေသု၊ န ကတော ဝိဂ္ဂဟော ဆသု—

ဟူသည်နှင့်အညီ ၁—ရုဠှီပုဒ်၊ ၂—အာချာတ်ပုဒ်၊ ၃—နိပါတ်ပုဒ်၊ ၄—ဥပသာရပုဒ်၊ ၅-အာလုပ်ပုဒ်၊ ၆—သဗ္ဗနာမ်ပုဒ်တို့ကား ဝိဂ္ဂဟ မပြုကောင်းသောပုဒ်များ ဖြစ်ပါသည်။

၂၉၁။ ( ပ ) သန္ဓိကျမ်းလာ-အက္ခရာ၊ဒီဃ၊ ရဿ—စသော သညာနှင့် နာမ်ကျမ်းလာ ဈ၊လ၊ဂ၊ဃ၊ပ-သညာတို့၏ ထူးကို ပြပါ။

(ဗျာ) သန္ဓိကျမ်းလာ သညာကား ဝါကျနက်သို့ အစဉ်လိုက်သော အန္ဝတ္ထ။နာမ်ကျမ်းလာ သညာကားဝါကျနက်သို့ အစဉ်မလိုက်သောရုဠှီ၊ တနည်း—သန္ဓိကား မဟာဝိသယ၊ နာမ်ကား အပ္ပဝိသယ။ တနည်း—သန္ဓိကား ဂရုသညာ၊ နာမ်ကား လဟုသညာ။ ဤသို့ ထူးကြ၏။

၄၉၂။ ( ပ ) ဤကျမ်းတွင် ဂ-သညာနှင့် ဈ၊လ၊ဃ၊ပ—သညာတို့၏ ထူးပုံကို ပြခဲ့ပါ။

(ဗျာ) ဂ-သညာကား မူလသညာ၊ ဈ၊လ၊ဃ၊ပ—တို့ကား အမူလသညာ။ဤသို့ ထူးကြ၏။

၄၉၃။ ( ပ ) ဤသုတ်အမည်မှည့်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ဣတ္ထိလိင်၊ ကညာဒိဂဏ၊ အ-အာ-ကာရန္တတို့၌ မှည့်ပါသည်။

---

## ၁၀။ သာဂမော သေ

၄၉၄။ ( ပ ) ဤသုတ်၌ နိမိတ်အရ သဝိဘတ်သည် နှစ်လုံးဖြစ်ရကား သာဂမော သေသု-ဟု ဗဟုဝစနန္တအားဖြင့် တည်သင့်လျက် အဘယ့်ကြောင့် သာဂမောသေ-ဟု ဧကဝစနန္တဖြင့် တည်ပါသနည်း။

(ဗျာ) ဇာတိပဒတ္ထိက ဆရာ့အလို ဇာတ်ကို ငဲ့သောအားဖြင့်၊ ဒဗ္ဗပဒတ္ထိကဆရာ့အလို ကေသေသနယအားဖြင့် 'သေ'ဟု ဧကဝစနန္တဖြင့် တည်ပါသည်။ တနည်း-သေ ဟူသော ယောဂ ဝိဘာဂဖြင့် ဗုဒ္ဓမာတုသာ·စသောပြယုဂ်တို့၌ အပ္ပကအားဖြင့် ဣတ္ထိလိင်၌လည်း သ-ကာရာဂမကို သိစေလိုသောကြောင့် 'သေ'ဟု ဧကဝုစ်နှင့် တည်ပါသည်။

၄၉၅။ (ပ) ဤသုတ်ကို သာဂမေ-မျှသာ မတည်မူ၍ အဘယ့်ကြောင့် သာဂမော သေ-ဟု တည်ပါသနည်း။

(ဗျာ) သ-ဝိဘတ်မှတပါးသော ဝိဘတ်တို့နေရာ၌ သ-အက္ခရာ မလာရသည်၏ အဖြစ်ကို သိစေလိုသောကြောင့် သာဂမော သေ-ဟု တည်ပါသည်။

၄၉၆။ (ပ) ဤသုတ်သည် အဘယ်လိင်၌ စီရင်ပါသနည်း။

(ဗျာ) သဒ္ဒနီတိ နိဒ္ဒေသအလို-ပုလ္လိင်၊နပုလ္လိင်၌ စီရင်သည်။ ရူပအလို-လိင်သုံးပါး၌ စီရင်ပါသည်။

၄၉၇။ (ပ) လိင်နှစ်ပါး၊ လိင်သုံးပါးဆိုသော ဆရာနှစ်ဦးတို့၏အလို အဘောဂပြခဲ့ပါ။

(ဗျာ) ယေဘုယျအားဖြင့် လိင်နှစ်ပါးစီရင်သည်ကို ရည်၍ ၂-ပါး ဆိုသည်။ ယေဘုယျ အပွကအားဖြင့် လိင်းသုံးပါးစီရင်သည်ကို ရည်၍ သုံးပါးဆိုပါသည်။

၄၉၈။ (ပ) ဤသုတ်စီရင်နိုင်သော ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) မနောဂဏ၊ မနောဂဏာဒိဂဏ၊ ပုရိသာဒိ၊ ဂုဏဝန္တု၊ ပုမာဒိ၊ ဂစ္ဆန္တာဒိ၊ ရာဇာဒိ၊ သတ္ထာဒိ၊ ရတ္တာဒိ၊စိတ္တာဒိဂဏအားဖြင့် ၁၀-ဂိုဏ်း။ အ-အာ၊ဣ-ဤ၊ ဥ-ဦ-ဩကာရန္တတို့၌ စီရင်ပါသည်။ ဤကား လိင်နှစ် ပါး ဆရာ့အလိုတည်း။

---

၁၁။ သံသာသေ့ကာဝစနေသုစ

၄၉၉။ (ပ) ဤသုတ်လည်း သကာရာဂမပင်ဖြစ်ရကား အောက်သုတ်နှင့် တပေါင်းတည်း တည်သင့်လျက် အဘယ့်ကြောင့် ခွဲ၍ တည်ပါသနည်း။

(ဗျာ) အောက်သုတ်ကား ယေဘုယျ-ပုလ္လိင်၊နပုလ္လိင်၌ စီရင်သည်။ ဤသုတ်ကား ဣတ္ထိလိင်၌သာ စီရင်သည်။ ဤသို့ပြားသော အနက်ရှိ သောကြောင့် ခွဲ၍ တည်ပါသည်။

၅၀၀။ (ပ) သံသာတို့သည် ဧကဝုစ်မရှိပါပဲလျက် အဘယ့်ကြောင့် ဧက ဝစနသံသာ-ဟု ဆိုနိုင်သနည်း။

(ဗျာ) ဧကဝုစ်မှ ဖြစ်သည်၏ အဖြစ်ကြောင့် ဧကဝစနသံသာ-ဟု ဆို နိုင်ပါသည်။

၅၀၁။ (ပ) ဤသုတ်ကို သံသာသွေက ဝစနေသုံ-မျှသာ တည်က ပြီးသင့်လျက် အဘယ့်ကြောင့် စ-သဒ္ဒါနှင့်တကွ သုတ်တည်ပါသနည်း။

(ဗျာ) အနုကာစုနတ္ထကို ပြလိုသောကြောင့်၊ တနည်း–သမုစ္စယတ္ထကို ပြလိုသောကြောင့် စ-သဒ္ဒါနှင့် တည်ပါသည်။

၅၀၂။ (ပ) အဘယ်ကိုငင်၍ အဘယ်အနက်ကို ဆည်းသနည်း။

(ဗျာ) အောက်သုတ်မှ သာဂမော-သဒ္ဒါကို ငင်ပါသည်။ တိယာဝယ စသော ပယောဂတို့၌သာ ယ-အပြုန္နောင်းရာ၌လည်း သအက္ခရာလာခြင်းကို ဆည်းပါသည်။

၅၀၃။ (ပ) ဤသုတ်သည် သုဒ္ဓနာမ်၊ သဗ္ဗနာမ်နှစ်ပါးတွင် အဘယ်၌ စီရင်ပါသနည်း။ အထောက်ပြ၍ဖြေပါ။

(ဗျာ) အထက်၌ တည်လတ္တံ့သော ဃပတော သ္မိံသာနံ သံသာ-သုတ်ကိုထောက်၍ သဗ္ဗနာမ်၌သာ စီရင်ပါသည်။

၅၀၄။ (ပ) သုတ်မှာ ဝိဘတ္တာဒေသေသု-ပုဒ် မပါမရှိပဲလျက် အဘယ့်ကြောင့် ကို၊ မှာ ဝိဘတ္တာဒေသေသုဟု ထုတ်နိုင်ပါသနည်း။

(ဗျာ) ကေဝုစ်သံသာတို့မရှိရကား ကေဝုစ်ဝိဘတ်၏အာဒေသသံသာဟူသော သိအပ်သောကြောင့် ဝိဘတ္တာဒေသေသု-ဟု ကို၊ ထုတ်နိုင်ပါသည်။

၅၀၅။ (ပ) ဤသုတ်သည် နိစ္စဝိဓိလော၊ အနိစ္စဝိဓိလော၊ အသန္တဝိဓိလော၊ အကြောင်းပြ၍ ဆိုးဖြတ်ပါ။

(ဗျာ) ရှေ့သုတ် နောက်သုတ်မှ လိုက်သောအားဖြင့်ရင်း၊ သုတ်လုံးပါ၌အားဖြင့်ရင်း ဝါဝိဘာသာသဒ္ဒါတို့ကို မမြင်ခြင်းကြောင့် နိစ္စဝိဓိ ဖြစ်ပါသည်။

၅၀၆။ (ပ) ဤသုတ်လာ ဧဝစနေ-သဒ္ဒါသည် ဥပစာ ၁၀- ပါးတွင် အဘယ်ဥပစာ ဖြစ်ကြောင်းကို ဖြစ်ပုံနှင့်တကွပြပြီးလျှင် နယ ၄၀-တွင် အဘယ်နည်းများ ဖြစ်ပါသနည်း။

(ဗျာ) ဈာသအလို-ဌာနူပစာ၊ နိရုတ္တိအလို-ကာရဏူပစာဖြစ်ပါသည်။ ဖြစ်ပုံကား ဌာနဖြစ်သော-သ္မိံ-သ-တို့၏ ဧကဝစနဟူသော အမည်ကို ဌာနီဖြစ်သော သံသာတို့၌ တင်စား၍ ဌာနီဖြစ်သော သံသာတို့ကို ဧကဝစနံ-ဟု ဆိုပါသည်။ တနည်း–ကာရီအကြောင်းဖြစ်သော သ္မိံသ-တို့၏ ဧကဝစန-ဟူသော အမည်ကို ကာရိယအကျိုးဖြစ်သော သံသာတို့၌ တင်စား၍ ကာရိယအကျိုးဖြစ်သော သံသာတို့ကို ဧကဝနစဟု ဆိုပါသည်။ နည်းကား အတ္ထာပတ္တိနည်း၊ နေယျတ္ထနည်းဖြစ်ပါသည်။

၅၀၇။ (ပ) ဤသုတ်စီရင်သော နာမ်၊ လိင်၊ ဂိုဏ်း၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) သဗ္ဗနာမ်-ဣတ္ထိလိင်၊ ကညာဒိ-ရတ္တာဒိဂဏ၊ အ-ဥ-ဩကာရန္တ၊ နိဂ္ဂဟိတန္တတို့၌ စီရင်သည်။

၅၀၈။ (ပ) သကာရာဂမ-နှစ်သုတ်တို့၏အထူးကိုငါးနည်းအောက် မယုတ် ပြခဲ့ပါ။

(ဗျာ) ၁—ရှေ့ကား သုဒ္ဓနာမ်-သဗ္ဗနာမ်-၂-ပါးလုံး၌၊ နောက်ကား သဗ္ဗနာမ်၌သာ စီရင်သည်။ ၂—ရှေ့ကား ပုလ္လိင်၊ နပုလ္လိင်-၂-ပါးတို့၌၊ နောက်ကား ဣတ္ထိလိင်၌သာ စီရင်သည်။ ၃—ရှေ့ကား ပုရိသာဒိ-စသော-၁၀-ဂိုဏ်းတို့၌၊ နောက်ကား ကညာဒိ၊ ရတ္တာဒိ၌သာ စီရင်သည်။ ၄—ရှေ့ကား အ-အာ၊ ဣ-ဤ၊ ဥ-ဦ-ဩကာရန္တတို့၌၊ နောက်ကား အ-ဥ-တို့၌သာ စီရင်သည်။ ၅—ရှေ့ကား မဟာဝိသယ၊ နောက်ကား အပ္ပဝိသယ။ ဤသို့ ထူးကြ၏။

---

## ၁၂။ တေိမာသမိ

၅၀၉။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယအရတို့ကို ပြခဲ့ပါ။

(ဗျာ) နိမိတ်ကား ဧကဝစနသံသာ၊ ကာရီကား အစိတ်အာအက္ခရာ၊ ကာရိယကား ဣအက္ခရာ။

၅၁၀။ (ပ) ဤသုတ်ကို တေိမာနမိ-ဟု တည်သင့်လျက် အဘယ့်ကြောင့် တေိမာသမိ-ဟု တည်သနည်း။

(ဗျာ) နျာသအလို-ဧကဝုစ်သံသာတို့၏ဝိသယကိုပြလိုသောကြောင့်၊ ဝဏ္ဏနာအလို-သံဗ္ဗနာမ်ဟုလည်း သဗ္ဗနာမ်အစီအရင်ဖြစ်၏ဟု သိစေလိုသောကြောင့်၊ နိဒ္ဒေသအလို - ဧကဝုစ် အာဒေသသံသာတို့ကြောင့် ဤသုတ်အစီအရင်မြဲ၏ဟု သိစေလိုသောကြောင့် တည်ပါသည်။

၅၁၁။ (ပ) အောက်သုတ်မှ လိုက်သော စ-သဒ္ဒါသည် အဘယ်အနက်ကို ဆည်းပါသနည်း။ ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

(ဗျာ) အညာ၊ ဧကာ၊ ဣတရာ-သဒ္ဒါတို့၏ အစိတ် သရ၏ ဣ-အပြု ဟူသော အနက်ကို ဆည်းပါသည်။ အညိဿံ-အညိဿာ၊ ဧကိဿံ-ဧကိဿာ၊ ဣတရိဿံ-ဣတရိဿာ။

၅၁၂။ (ပ) ဤသုတ်၏ ဝိဓိဖြစ်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ဣတ္ထိလိင်၊ ကညာဒိ၊ အကာရန္တဌ် စိရင်ပါသည်။

---

## ၁၃။ တဿာ ဝါ

၅၁၃။ (ပ) ဤသုတ်သည် သဗ္ဗနာမ်တုဖြစ်သောကြောင့် တဿ ဝါ-ဟု သဗ္ဗနာမ်ရုပ်တည်သင့်လျက် အဘယ့်ကြောင့် တဿာဝါ-ဟု သဗ္ဗိနာမ် ရုပ်နှင့် တည်ပါသနည်း။

(ဗျာ) အတုပြုခြင်းဟူသော အနုကရဏ ဖြစ် သော ကြောင့် ၎င်း၊ စိုးစဉ်းသော အကျိုး၏ဖြစ်သင့်သောကြောင့်၎င်း တဿာ ဝါ-ဟု တည်ပါသည်။

၅၁၄။ (ပ) သဗ္ဗနာမ်ရုပ်နှင့် သုတ်တည်ရခြင်းကြောင့် ဖြစ်သင့်သော အကျိုးကို ပြခဲ့ပါ။

(ဗျာ) ကေဝုစ် သံသာ-တို့၏ ဝိသယဖြစ်သော ဣတ္ထိလိင်ကို ယူရခြင်း အကျိုးရှိပါ၏။

၅၁၅။ (ပ) အနုကရဏအပြားကို ပြပြီးလျှင် ဤဌ် လိုအပ်သော အနုကရဏ ကို ညွှန်းခဲ့ပါ။

(ဗျာ) ပစ္စာက္ခာနုကရဏ၊ အပစ္စက္ခာနုကရဏ-ဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ဤဌ် အပစ္စက္ခာနုကရဏကို လိုအပ်ပါသည်။

၅၁၆။ (ပ) အဘယ့်ကြောင့် ဤသုတ်ကို အပစ္စက္ခာနုကရဏသုတ်ဟု ဆိုပါ သနည်း။

(ဗျာ) သဗ္ဗနာမ်အစီအရင်ကို မစွန့်သောကြောင့် အပစ္စက္ခာနုကရဏ သုတ်ဟု ဆိုပါသည်။

၅၁၇။ (ပ) အောက်သုတ်နှင့်ပေါင်း၍ ဘေတိမာသမိ-ဟု မတည်မူ၍ အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။

(ဗျာ) အောက်သုတ်ကား နိစ္စဝိဓိ၊ ဤသုတ်ကား အနိစ္စဝိဓိဖြစ်သော ကြောင့် ခွဲ၍တည်ပါသည်။

၅၁၈။ (ပ) တဿာ-ဟု သုတ်တည်က ပြီးသင့်လျက် အဘယ့်ကြောင့် တဿာ ဝါ-ဟု တည်ပါသနည်း။

(ဖြေ) ဝိကပ်အနက်ကို ပြလိုသောကြောင့် ဝါသဒ္ဒါနှင့် တကွ တည်ပါသည်။

၅၁၉။ (ပ) အောက်သုတ်၊ဤသုတ်တို့သည် ကာရိယချင်း တူသည်မဟုတ်ပါလော၊ အသို့ အထူးမှတ်ရအံ့နည်း။

(ဖြေ) အောက်သုတ်ကား နိစ္စဝိဓိ၊ တော၊ က္လမာ၊သဒ္ဒါတို့၏ အစိတ်အာကို ကြပြုသည်။ ဤသုတ်ကား အနိစ္စဝိဓိ၊ တာသဒ္ဒါ၏အစိတ်အာကိုသာ ကြပြုသည်။ ထနည်း-အောက်သုတ်ကား အရာကျယ်၏။ ဤသုတ်ကား အရာကျဉ်း၏ဟု မှတ်။

၅၂၀။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဖြေ) ဣတ္ထိလိင်၊ကညာဒိဂဏ၊အကာရန္တ၌ စီရင်ပါသည်။

---

## ၁၄။ တတော သဿ သာယ

၅၂၁။ (ပ) အောက်သုတ်တို့မှ တာ၊ တော၊ က္လမာ-သဒ္ဒါတို့လိုက်သော ကြောင့် သဿ သာယ-ဟု တည်သင့်လျက် မတည်မူ၍ အဘယ့်ကြောင့် တတောသဒ္ဒါဖြင့် အထူးပြု၍ သုတ်တည်ပါသနည်း။

(ဖြေ) ဤသုတ်သို့ တာ-သဒ္ဒါသာလိုက်၏။ တေိမာ-သဒ္ဒါမလိုက်ဟု ဖြစ်သော သံသယကို နစ်စေလိုသောကြောင့် တတော-သဒ္ဒါဖြင့် အထူး ပြု၍တည်ပါသည်။

၅၂၂။ (ပ) ဤသုတ်၏ ဝုတ္တိသည် စတ္တာလီသနဲ့ယတို့တွင် အဘယ်နယ ဖြစ်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) အဝေးဖြစ်သော တေိမာ-သဒ္ဒါကိုမစွဲမူ၍ အနီးဖြစ်သော တာ သဒ္ဒါကို အစရှေးဦးစွာ စွဲသောကြောင့် ပစ္စာသတ္တိနည်း ဖြစ်ပါသည်။

၅၂၃။ (ပ) တိဿာယ၊ တေိဿာယ-ပုဒ်တို့၌ အဘယ်သုတ်ဖြင့် ကြပြုမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) သာယ-အပြုသည့်လည်း သာဒေသနှင့် အလားတူသော ကြောင့် တဿ ဝါ၊ တေိမာသမိ-သုတ်တို့ဖြင့်ပင် ကြပြုရမည်။

၅၂၄။ (ပ) ဤသုတ်စီရင်သော လိင်၊ဂဏ၊ပကတိကာရန္တတို့ကိုပြခဲ့ပါ။

(ဖြေ) ဣတ္ထိလိင်၊ ကညာဒိဂဏ၊ အကာရန္တ၌ စီရင်ပါသည်။

၅၂၅။ (ပ) နာမ်ဂိုဏ်း-၁၃-ဂိုဏ်းတို့၏ သရုပ်ကို ဖြစ်သင့်သော လိင်နှင့် တကွ ဂိုဏ်း၊ ကာရန္တတို့ကိုပါ ခွဲဝေပြပါ။

(ဗျာ) ၁—မနောဂိုဏ်း၊ ပုဒ်စစ်အလို-ပုလ္လိင်၊ သဒ္ဒနီတိအလို-ပုလ္လိင်၊ နပုလ္လိင်၊ အကာရန္တ။ ၂—မနောဂဏာဒိဂိုဏ်း၊ ပုလ္လိင်၊ အကာရန္တ။ ၃—ပုရိသာဒိဂဏ၊ ပုလ္လိင်၊ အကာရန္တ။ ၄—ဂုဏဝါဒိဂဏ၊ ပုလ္လိင်၊ နပုလ္လိင်၊အ-အာ-ဣ-ဥ-ဦ-ဩ ကာရန္တအားဖြင့်-၆-ပါး။ ၅—ပုမာဒိဂဏ၊ ပုလ္လိင်၊ အကာရန္တ။ ၆—ဂစ္ဆန္တာဒိဂဏ၊ ပုလ္လိင်၊ နပုလ္လိင်၊ အကာရန္တ။ ၇—ရာဇာဒိဂဏ၊ ပုလ္လိင်၊ အကာရန္တ။ ၈—သတ္ထာဒိဂဏ၊ ပုလ္လိင်၊ ဣတ္ထိလိင်၊ ဥကာရန္တ။ ၉—စိတ္တာဒိဂဏ၊ နပုလ္လိင်၊ အကာရန္တ။ ၁၀—ရတ္တာဒိဂဏ၊လိင်-၃-ပါးလုံး၊ ဣ-ဤ-ဥ-ဦ-ဩ-ကာရန္တအားဖြင့် ၅-ပါး။ ၁၁—ကညာဒိဂဏ၊ဣတ္ထိလိင်၊ အ-အာ-ကာရန္တအားဖြင့်-၂-ပါး။ ၁၂—နဒါဒိဂဏ၊ ဣတ္ထိလိင်၊ အ-ဣ-ဤ-ဥ-ဦ-ဩ-ကာရန္တ အားဖြင့်-၆-ပါး။ ၁၃—ဂဟပတာဒိဂဏ၊ ဣတ္ထိလိင်၊ အ-ဣ-ဤ-ဥ-ဦ-ကာရန္တအားဖြင့်-၅-ပါး။

---

## ၁၅။ ဃော ရဿံ

၅၂၆။ (ပ) ဤသုတ်ကို သန္ဓိ-ဝေါဒိဿ ရှိ ပုဗ္ဗော စ ရဿော-သုတ်ကဲ့သို့ ဃော ရဿော-ဟု ကာရိ,ကာရိယပဌမန္တဖြင့် တည်သင့်လျက် အဘယ့် ကြောင့် ဃော ရဿံ-ဟု တည်ပါသနည်း။

(ဗျာ) ကာရိ ပဌမာ၊ ကာရိယ ဒုတိယာလည်း ဖြစ်သင့်သည်၏အဖြစ် ကို သိစေလိုသောကြောင့် ဃော ရဿံ-ဟု တည်ပါသည်။

၅၂၇။ (ပ) ဤသုတ်သို့ အောက်-တဿာဝါ-သုတ်မှ ဝါသဒ္ဒါလိုက်သင့်၊ မလိုက်သင့် အကြောင်းဂြရ် ဆိုးဖြက်ခဲ့ပါ။

(ဗျာ) ဤသုတ်သည် တဿာဝါသုတ်မှ ဝါသဒ္ဒါ၏အကျိုးကိုရည်၍ တည်သောသုတ်ဖြစ်ဒသာကြောင့် ဝါသဒ္ဒါ မလိုက်ဆင့်တော့ပါ။

၅၂၈။ (ပ) သန္ဓိကျမ်းလာ ရဿဝိဓိနှင့် ဤ ဃော ရဿံ-၌ ရဿဝိဓိတို့ ထူးပုံကို ပြခဲ့ပါ။

(ဗျာ) သန္ဓိရဿကား နောက်ဗျည်းကြောင့် ဒီဃသရ ၃-လုံးကို ရဿ ၃-လုံးပင်ပြုသည်။ ဤသုတ်ကား ဝိဘတ္တာဒေသကြောင့် အာဒီဃ ကိုသာ အရဿတလုံးသာ ပြုသည်။ တနည်း-သန္ဓိကား မဟာဝိသယ၊ ဆန္ဒာနုရက္ခဏ-စသည်၌ ရဿ ပြုသည်။ ဤသုတ်ကား အပ္ပဝိသယ၊နိမိတ်၊ ကာရီပြည့်စုံလျှင် ရဿပြုသည်။ ဤကား အထူး။

၅၂၉။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဖြေ) ဣတ္ထိလိင်၊ ကညာဒိဂဏ၊ အကာရန္တ၌ စီရင်သည်။

---

## ၁၆။ နေ၁ စ ဒွါဒိတော နံမို

၅၃၀။ (ပ) ယ ဝ မ ဒ န ကွစာဒိ-စသော သုတ်တို့ဖြင့်ပင် န-အက္ခရာ လာနိုင်ရကား ဤသုတ်ကို မတည်သော်လည်း ပြီးသင့်လျက် အဘယ် အကျိုးငှါ ထပ်၍တည်ပါသနည်း။

(ဖြေ) နိစ္စဝိဓိကို ပြခြင်းအကျိုးငှါ၊ တနည်း—ကေနဝိသတိ-စသော သဒ္ဒါတို့နောင် န-အက္ခရာမလာရဟူသော အနက်ကို သိစေခြင်းအကျိုး ငှါ ထပ်၍ တည်ပါသည်။

၅၃၁။ (ပ) ဤသုတ်သည် အာဂမဝိဓိဖြစ်သောကြောင့် နာဂမော စ ဒွါဒိ တော နံမို-ဟု တည်သင့်လျက် အဘယ့်ကြောင့် နေ၁ စ ဒွါဒိတော နံမိုဟု တည်ပါသနည်း။

(ဖြေ) သာဂမော သေ-သုတ်မှ အာဂမသဒ္ဒါ မဏ္ဍူကဂတိကနယ အားဖြင့် လိုက်သည်၏ အဖြစ်ကြောင့် နေ၁ စ ဒွါဒိတော နံမို - ဟု တည်ပါသည်။

၅၃၂။ (ပ) ဤသုတ်သည် သချ်ာ အရာ၌ စီရင်သောကြောင့် အထက် သချ်ာတဒ္ဓိတ်သို့ရောက်မှ တည်သင့်သည်မဟုတ်ပါလော၊ အဘယ့် ကြောင့် ဤ၌ တည်ပါသနည်း။

(ဖြေ) သာဂမော-သုတ်မှ အာဂမသဒ္ဒါအလိုက် ခံလိုသောကြောင့် ဤ၌ တည်ပါသည်။

၅၃၃။ (ပ) ဤ၌ ဒွါဒိ-ဟူသောပုဒ်ကို ဝိဂ္ဂဟပြု၍ အာဒိ၊ အာဒိဝန္တ အရတို့ကို ပြခဲ့ပါ။

(ဖြေ) ဒွိ အာဒိ ယေသန္တေတိ ဒွါဒိ၊ (စတုတ္ထီ၊ ဆဋ္ဌီ ဗဟုဗ္ဗိဟိသမာ သဝိဂ္ဂဟ။) အာဒိအရ ဒွိသချ်ာရ၏။ အာဒိဝန္တအရ တိအစ အဋ္ဌာ ရသအဆုံးရှိသော သချ်ာတို့ရ၏။

၅၃၄။ (ပ) ဤသုတ်၌ အာဒိသဒ္ဒါသည် သီမ၊ ပကာရ၊ သမီပ၊ အဝယဝ- ဟူသော ၄-နက်တို့တွင် အဘယ်အနက်ကို ဟောပါသနည်း။

(ဖြေ) ပကာရအနက်ကို ဟောပါသည်။

၃၃၅။ (ပ) ပကာရတွင်လည်း တုလျပကာရ၊ ဘေဒပကာရ-နှစ်ပါး တွင် အဘယ်ကို ဟောပါသနည်း။
(ဗျာ) အတူဟူသော တုလျအနက်ကို ဟောပါသည်။

၃၃၆။ (ပ) အာဒိသဒ္ဒါ-အတူဟော ပကာရတ္ထဟူသော် တူပုံအခြင်းအရာ ကို ပြခဲ့ပါ။
(ဗျာ) တိ-စသော သင်္ချာသဒ္ဒါတို့သည် ဒွိသင်္ချာသဒ္ဒါနှင့် တိလိင် အဖြစ်ဖြင့်ရင်း၊ ဗဟုဝစန အဖြစ်ဖြင့်ရင်း၊ သင်္ချေယျပဓာန အဖြစ်ဖြင့် ရင်း တူကြပါသည်။

၃၃၇။ (ပ) ဤသုတ်လာ စ-သဒ္ဒါသည် သမ္ပိဏ္ဍန၊ သမုစ္စယ စသော အနက်တို့တွင် အဘယ်အနက် ဖြစ်ပါသနည်း။ အထောက်ပြ၍ ဖြေပါ။
(ဗျာ) ဧကဂ္ဂဟဏေနဿဉ္စာဂမော ဟောတိ-ဟူသော ဝုတ္တိပါဌ်ထောက် ၍ သမုစ္စယတ္ထ ဖြစ်ပါသည်။

၃၃၈။ (ပ) ဿဉ္စာဂမော ဟောတိ-ဟူသော ဝုတ္တိပါဌ်၏ ပိဏ္ဍတ္ထအဓိပ္ပာယ် ကို ပြခဲ့ပါ။
(ဗျာ) ဿ-ဒွေဘော်နှင့်တကွ န-အက္ခရာ လာရမည်ဟူလို။ (နိဒ္ဒေသ အလို။) အဿံသဒ္ဒါ၊ ဣဿံသဒ္ဒါ လာရမည်ဟူလို။ (သဒ္ဒနီတိအလို။)

၃၃၉။ (ပ) ဿဉ္စ၌ စ-သဒ္ဒါဖြင့် ဆည်းအပ်သောအနက်ကို ပြခဲ့ပါ။
(ဗျာ) နိဒ္ဒေသအလို-န အက္ခရာလာခြင်းကို ဆည်းပါသည်။ သဒ္ဒ နီတိအလို-ဣဿံသဒ္ဒါလာခြင်းကို ဆည်းပါသည်။

၃၄၀။ (ပ) ဤ၌ ဿ-ဒွေဘော်လာခြင်း၊ နအက္ခရာလာခြင်း နှစ်ပါးတို့ ၏ အထူးကို ပြခဲ့ပါ။
(ဗျာ) ဿ-လာခြင်းကား သရနှင့်တကွ လာသည်။ န အက္ခရာ လာ ခြင်းကား သရမပါက် န-ဗျည်းသက်သက်သာ လာသည်။ ဤသို့ ထူး ကြ၏။

၃၄၁။ (ပ) ဒွါဒိနောဝ်ထိုင်သော စ-သဒ္ဒါဖြင့်ကား အဘယ်ကို ဆည်းပါ သနည်း။ ပြယုဂ်ပါ ထုတ်ပြပါ။
(ဗျာ) ဒွါဒိသင်္ချာမှတပါးသော သဒ္ဒါနောင် န-အက္ခရာလာခြင်း ကို ဆည်း။ ဂုန္နံ ဝိသာဏံ။

၃၄၂။ (ပ) ဤသုတ်၌ဆိုအပ်သော သဒ္ဒါတို့သည် မည်သည့်လိင်၊ မည်သည့် ဝုစ်များ ဖြစ်ကြပါသနည်း။ အကြောင်းပြ၍ ဆိုးဖြတ်ခဲ့ပါ။
(ဗျာ) လိင် ၃-ပါးလုံးနှင့် ဆက်ဆံသောကြောင့် တိလိင်၊ သင်္ချေယျ ပဓာနဖြစ်သောကြောင့် ဗဟုဝုစ် ဖြစ်ပါသည်။

၅၄၃။ (ပ) ဤသုတ် သုတ်လုံး အစီအရင်နှင့် စ-သဒ္ဒါ အစီအရင်တို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) သုတ်လုံးကား လိင် ၃-ပါးလုံး၌ စ-သဒ္ဒါကား ဣတ္ထိလိင်၌သာ စီရင်ပါသည်။ တနည်း—သုတ်လုံးကား အ-ဣ-ဥ-ကာရန္တတို့၌၊ စ-ကား ဣ-ဥ-ကာရန္တ နှစ်ပါး၌သာ။ တနည်း-သုတ်လုံးကား ဒွိအစဥ္စာရယ် အဆုံးရှိသော သင်္ချာသဒ္ဒါတို့၌၊ စ-ကား တိ၊ စတုသင်္ချာ၌သာ။ တနည်း—သုတ်လုံးကား နကာရာဂမသာ၊ စ-သဒ္ဒါကား ဒွေဘာဝ၊ နကာရာဂမ နှစ်ပါးစုံ။ တနည်း-သုတ်လုံးကား မဟာဝိသယ၊ စ-ကား အပ္ပဝိသယ၊ ဤသို့ထူးကြ၏။

၅၄၄။ (ပ) ဤသုတ် စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တ တို့ကို ပြခဲ့ပါ။

(ဗျာ) တိလိင်၊ ဝါ-အလိင်၊ ဂဏဝိမုတ္တ၊ အ-ဣ-ဥ-ကာရန္တ တို့၌ စီရင်နိုင်ပါသည်။

---

## ၁၇။ အမှာ ပတော သ္မိံ သ္မာနံ ဝါ

၅၄၅။ (ပ) ဤသုတ်ကို ဝိဘတ္တိက္ကမအားဖြင့် အမှာ ပတော သ္မာ သ္မိံနံ ဝါ ဟု တည်သင့်လျက် အဘယ့်ကြောင့် အမှာ ပတော သ္မိံ သ္မာနံ ဝါ-ဟု အစဉ်ဖျက်၍ တည်ပါသနည်း။

(ဗျာ) အာဒိတောသုတ်သို့ သ္မာဝိဘတ်မလိုက်၊ သ္မိံဝိဘတ်သာ လိုက်၏ဟူသော အနက်ကို သိစေလိုသောကြောင့် အစဉ်ဖျက်၍ သုတ်တည်ပါသည်။

၅၄၆။ (ပ) နိဂ္ဂဟီတျာ သုခမေဓတိ၊ ရတျာ တိယာမံ၊ ရတျာ ရုစ္စတိ စန္ဒော-စသော ပြယုဂ်တို့၌ နာ သ သ္မိံ-ဝိဘတ်တို့၏ အာအပြု ဖြစ်သင့်သောကြောင့် အမှာ ပတော နာ သ သ္မိံ သ္မာနံ ဝါ-ဟု တည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် အမှာ ပတော သ္မိံ သ္မာနံ ဝါ-ဟုတည်ပါသနည်း။

(ဗျာ) အာပတော-ဟူသော ယောဂဝိဘာဂဖြင့် နာ သ သ္မိံ ဝိဘတ် တို့၏ အာအပြုကို သိစေလိုသောကြောင့် တည်ပါသည်၊ (ရူ-အလို။)

၅၄၇။ (ပ) ဤသုတ်ကို အမှာ ပတော သ္မိံ သ္မာနံ-မျှသာ မတည်မူ၍ အဘယ့်ကြောင့် အမှာ ပတော သ္မိံ သ္မာနံ ဝါ-ဟု ဝါသဒ္ဒါနှင့်တကွ တည်ပါသနည်း။

(ဖြေ) နျာသ၊ နိဒ္ဒေသ၊ ၀ဏ္ဏနာတို့အလို-ဝိကပ်အနက်ကို ပြလိုသော ကြောင့်၊ ရူပသိဒ္ဓိအလို-၀၀တ္ထိတဝိဘာသာအနက်ကိုပြလိုသောကြောင့် သုတ်နက်အလို-သမုစ္စယအနက်ကို ပြလိုသောကြောင့် ၀ါသဒ္ဒါနှင့်တကွ သုတ်တည်ပါသည်။

၃၄၈။ (ပ) ဝိကပ္ပနတ္ထ၊ ၀၀တ္ထိတဝိဘာသာတ္ထ ၀ါ-သဒ္ဒါ နှစ်ပါးတို့၏ ခြားနားပုံကို ပြခဲ့ပါ။
(ဖြေ) ဝိကပ္ပနတ္ထ ၀ါကား ဒွိရုပ်၊ အနိစ္စဝိဓိမျှကိုသာ ပြပါသည်။ ၀၀တ္ထိတဝိဘာသာ၀ါကား နိစ္စ၊ အနိစ္စ၊ အသန္တဝိဓိသုံးပါးလုံး ကိုဝင်း၊ နှစ်ပါးကိုဝင်း၊ တပါးပါးကိုဝင်း ပြပါသည်။ ဤသို့ ထူး ကြ၏။

၃၄၉။ (ပ) ဤ၌ ရူပသိဒ္ဓိအလို- ၀ါသဒ္ဒါဖြင့် ပြအပ်သော ဝိဓိကို ဥဒါ ဟရုဏ်နှင့် ပိုင်းခြားခဲ့ပါ။
(ဖြေ) မတျံ-စသော ဣ၀ဏ္ဏန္တ၌ အနိစ္စဝိဓိ၊ ဓေနွံယံ-စသော ဥ ၀ဏ္ဏန္တ၌ အသန္တဝိဓိ၊ ဤဝိဓိနှစ်ပါးကို ပြပါသည်။

၃၅၀။ (ပ) နျာသအလို ပြအပ်သော ဝိကပ္ပနတ္ထ၏ အဓိပ္ပာယ်ကို ပြခဲ့ပါ။
(ဖြေ) သ္မာ-ဝိဘတ်ကို အာပြု၍ မတျာ-ဟူ၍ငင်း၊ အာ-မပြုမူ၍ မတိယာဟူ၍ငင်း၊ သ္မိံ ဝိဘတ်ကို အံပြု၍ မတျံဟူ၍ငင်း၊ အံ-မပြုမူ၍ မတိယံ-ဟူ၍ငင်း ဒွိရူပအနိစ္စဖြစ်၏ဟူလို။

၃၅၁။ (ပ) သုတ်နက်အလို-သမုစ္စယဟူသော် သမုစ္စယာကာရကို ပြခဲ့ပါ။
(ဖြေ) ပ-သည်ာနေဝင် နာ သ သ္မိံ-ဝိဘတ်တို့၏ အာ-အပြုကို ဆည်းပါသည်။

၃၅၂။ (ပ) ဤသုတ်၌ ပတော-ဟု သာမညဆိုသောကြောင့် ဣ၀ဏ္ဏ၊ ဥ၀ဏ္ဏ နှစ်ပါးစုံကို ယူရမည်လော။ အဘယ်ကို ယူရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။
(ဖြေ) ၀၀တ္ထိဘဝိဘာသာ ၀ါသဒ္ဒါကို ဆိုသောကြောင့် ဣ၀ဏ္ဏကို သာ ယူရမည်။ ဥ၀ဏ္ဏကို မယူရပါ။ (ရှေးလို။) ဣသ၀ဏ်သာ ပြယုဂ် အားဖြင့် ထင်ရှားသောကြောင့် ဣ၀ဏ္ဏကိုသာယူ၊ မထင်ရှားသော ကြောင့် ဥ၀ဏ်ကို မယူရပါ။ (နိဒ္ဒေသအလို။)

၃၅၃။ (ပ) ဤသုတ် စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဖြေ) ဣတ္ထိလိင်၊ ရတ္တာဒိဂဏ၊ ဣ-ဤ-ကာရန္တ၊ နဒါဒိဂဏ၊ အကာရန္တတို့၌ စီရင်ပါသည်။

## ၁၈။ အာဒိတော ဩ စ

၅၅၄။ (ပ) ဤသုတ်၌ အာဒိသဒ္ဒါမှ တပါးသော သဒ္ဒါနောင်လည်း အံ-အပြု၊ ဩ-အပြု ဖြစ်သောကြောင့် ဩစ-ဟု သာမညတည်သင့်လျက် အဘယ့်ကြောင့် အာဒိတော ဩ စ-ဟု ဝိသေသ တည်ပါသနည်း။

(ဖြေ) အာဒိသဒ္ဒါ၌ ဝိကပ်အနက်ကို အခါခပ်သိမ်း ရအပ်၏။ တပါးသောသဒ္ဒါတို့၌ ဝိကပ်အနက်ကို အခါခပ်သိမ်း မရအပ်ဟူသောအနက်ကို သိစေလိုသောကြောင့် ဝိသေသတည်ပါသည်။

၂၅၅။ (ပ) ဤသုတ်၌ စ-သဒ္ဒါ၏ ဖြစ်သင့်သော အတ္ထ၊ အတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) သမုစ္စယတ္ထ၊ ဝါ-အနုကဍ္ဎနတ္ထ အာဒိသဒ္ဒါမှ တပါးသော သဒ္ဒါနောင် သို့ဝိဘတ်၏ အာ-ဩ-အံ အပြုတို့ကို ဆည်းပါသည်။ မလိုက်နိုင်သောကြောင့် အံကာရိယကို ငင်ယူပါသည်။

၅၅၆။ (ပ) ဤ၌ သမုစ္စယအရ ဝုတ္တ၊ အဝုတ္တ၊ ဝုတ္တာဝုတ္တ သမုစ္စယ ၃-ပါးတို့တွင် အဘယ်သမုစ္စယ ဖြစ်ပါသနည်း။

(ဖြေ) သုတ်၌ဆိုအပ်ပြီးသော အံ-ဩကာရိယ၊ မဆိုအပ်သေးသော အာကာရိယကို ဆည်းရကား ဝုတ္တာဝုတ္တသမုစ္စယဖြစ်ပါသည်။

၅၅၇။ (ပ) သမုစ္စယ စ-ဖြင့် သို့ဝိဘတ် အာ-ဩ-အံ ပြုရမည်ဆိုသော် အဘယ်သဒ္ဒါတို့နောင်ရှိသော သို့ဝိဘတ်ကို ပြုရမည်နည်း။ အမှတ်မရှိ ပြုလိုတိုင်းပြုရမည်လော၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) တဒနုပဒေသေန-ဟု ပရိဘာသာလာသောကြောင့် ဒိဝ၊ ရတ္တိ၊ ဗာရာဏသီ- သဒ္ဒါတို့နောင်ရှိသော သို့ဝိဘတ်ကိုသာ အစဉ်အတိုင်း အာ-ဩ-အံပြုရမည်ဟု မှတ်။

၅၅၈။ ဒိဝါသဒ္ဒါ၏ အပြားဘေဒကို ပြပြီးလျှင် ဤ၌လိုအပ်သော ဒိဝသဒ္ဒါကို အကြောင်းပြ၍ ညွှန်းခဲ့ပါ။

(ဖြေ) နာမပဒဒိဝ၊ နိပါတပဒဒိဝဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ဤ၌ သို့ဝိဘတ်ကို အာပြု၍ပြီးသည်၏အဖြစ်ကြောင့် နာမပဒဒိဝသဒ္ဒါကို လိုအပ်ပါသည်။

၅၅၉။ (ပ) ဤ၌ သုတ်လုံးဖြင့် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တ၊ စ-သဒ္ဒါဖြင့် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို အသီးသီးပြခဲ့ပါ။

(ဖြေ) သုတ်လုံးကား လိင် ၃–ပါး၊ ရတ္တာဒိဂဏ၊ ဣကာရန္တ၌ စီရင်ပါသည်။ စ–သဒ္ဒါကား ဣတ္ထိလိင်၊ ရတ္တာဒိဂဏ၊ ဣ-ဤ-ကာရန္တ၊ နပုလ္လိင်၊ စိတ္တာဒိဂဏ၊ အကာရန္တတို့၌ စီရင်ပါသည်။

၅၆၀။ (ပ) အောက်သုတ် အံအာဒေသနှင့် ဤသုတ် အံအာဒေသတို့ အထူးကို ပြခဲ့ပါ။

(ဖြေ) အောက် သုတ်ကား ဣတ္ထိလိင်ပုဒ်၌သာ။ ဤသုတ်ကား လိင် ၃-ပါးလုံး၌ စီရင်သည်။ တနည်း၊ အောက်သုတ်ကား ဣ–ဤ ကာရန္တနှစ်ပါး၌၊ ဤသုတ်ကား ဣ–ကာရန္တ၌သာ စီရင်သည်။ တနည်း၊ အောက်ကား သညာကို မှတ်၍၊ ဤသုတ်ကား သဒ္ဒါကိုမှတ်၍ စီရင်သည်။ ဤသို့ လိင်၊ ကာရန္တ၊ သင်္ကေတအားဖြင့် ထူးကြ၏။

---

## ၁၉။ ဈလာနမိယု ဝါ သရေ ဝါ

၅၆၁။ (ပ) သန္ဓိကျမ်းလာ ယ ဝ မ ဒ န-စသော သုတ်ဖြင့်ပင် တိယန္တံ-စသော ပြယုဂ်များ ပြီးသင့်လျက် အဘယ့်ကြောင့် ဤသုတ်ကို တည်ပြန်ပါသနည်း၊ မတည်သင့်သည်ပင် မဟုတ်ပါလော။

(ဖြေ) တိယန္တံ ဘိက္ခုဝါသနေ-ဟူသော ပြယုဂ်များသာ ပြီးနိုင်ပါ၏။ သယမ္ဘုဝါသနေ၊ အဘိဘုဝါသနေ-ဟူသော ပြယုဂ်များမပြီးနိုင်ရကား ထိုကိုပြီးစေလိုသောကြောင့် ထပ်၍ တည်ပါသည်။

၅၆၂။ (ပ) အောက်မှလိုက်သော ဝါသဒ္ဒါရှိလျက် အဘယ့်ကြောင့် ဝါသဒ္ဒါထပ်၍ ဆိုပြန်ပါသနည်း။

(ဖြေ) ဣ-အက္ခရာ၏ အယ-ပြု ဟူသော အနက်ထူးကို ကြံလိုသောကြောင့်၊ ဝါ–သမုစ္စယအနက်ထူးကို သိစေလိုသောကြောင့် ဝါသဒ္ဒါ ထပ်၍ ဆိုပြန်ပါသည်။

၅၆၃။ (ပ) ဤသုတ်၌ ဝါသဒ္ဒါ ဘယ်နှစ်ခုရှိသည်ဟု မှတ်ရမည်နည်း။ ၎င်းတို့၏ အထူးကို ပြခဲ့ပါ။

(ဖြေ) ၁–လိုက်သော ဝါသဒ္ဒါ၊ ၂–သုတ်လုံးလာ ဝါသဒ္ဒါဟူ၍ ဝါသဒ္ဒါ နှစ်ခုရှိသည်ဟု မှတ်။ ၂ – လိုက်သော ဝါသဒ္ဒါကား ဝိကပ္ပနတ္ထ၊ ဝဝတ္ထိတဝိဘာသာအနက် ရှိ၏။ ၁·သုတ်လုံး ဝါသဒ္ဒါကား အတ္တန္တရ ဝိညာပနသမုစ္စယ အနက် ရှိ၏။ ဤကား အထူး။

(ဖြေ-အလို။) တနည်း၊ သုတ်လုံးလာ ဝါသဒ္ဒါတခုသာ ရှိသင့်၏ဟု မှတ်။ ထိုဝါသဒ္ဒါတခုဖြင့်ပင် ဝိဘာသာတ္ထ၊ သမုစ္စယတ္ထ အနက်နှစ်ပါးစုံကို ပြသည်။ (နိဒ္ဒေသ အလို။)

၃၆၄။ (ပ) ဤသုတ်သည် သန္ဓိဝိသယ၊ အာချာတဝိသယ၊ ကိတဝိသယ ၃-ပါးတို့တွင် အဘယ် ဝိသယဟု မှတ်ရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ပဒစ္ဆေဒပြု စီရင်ရသောကြောင့် သန္ဓိဝိသယဟု မှတ်ရမည်။

၃၆၅။ (ပ) အာမန္တနာဂိုဏ်း - ၁၁ - ပါးတို့တွင် (က) ပစ္စယန္တဂိုဏ်း၊ (ခ) ပဒန္တဂိုဏ်း၊ (ဂ) က ရန္တဂိုဏ်းတို့၏ သရုပ်ကို ထုတ်ပြခဲ့ပါ။

(ဖြေ) (က) ဂစ္ဆန္တာဒိဂဏ၊ ဂုဏဝါဒိဂဏ၊ သတ္ထာဒိဂဏအားဖြင့် ၃-ပါး။ (ခ) ရာဇာဒိဂဏ၊ ပုမာဒိ၊ ပုရိသာဒိ၊ ဗြဟ္မာဒိဂဏအားဖြင့် ၄-ပါး။ (ဂ) ရတ္တာဒိ၊ ကညာဒိ၊ နဒါဒိ၊ ဂဟာပတာဒိဂဏအားဖြင့် ၄-ပါး ဖြစ်ပါသည်။

---

## ၂၀။ ယဝကာရာ စ

၃၆၆။ (ပ) ဤသုတ်ကို ယ ဝါစ ဟု တည့်က ပြီးလျက် အဘယ့်ကြောင့် ကာရသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) ယ ဝ-တို့သည် အက္ခရာမဟုတ်ဟု ယုံမှားသံသယ မရှိစေလိုသောကြောင့် ကာရသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၃၆၇။ (ပ) ယ ဝ ကာရာ-မျှ သုတ်တည်သင့်လျက် အဘယ့်ကြောင့် ယ ဝ ကာရာစ-ဟု တည်ပါသနည်း။

(ဖြေ) သမ္ပိဏ္ဍနတ္ထကို၊ တနည်း-အနုကဍ္ဍနတ္ထကို ပြလိုသောကြောင့် ယဝကာရာစ-ဟု တည်ပါသည်။

၃၆၈။ (ပ) ဤ၌ ဖြစ်သင့်သော သမ္ပိဏ္ဍနာကာရ၊ အနုကဍ္ဍနာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) ဈ-လ-တို့၏ ဣယ-ဥဝ အပြုတို့၌ ဈ-လ တို့၏ ယ-ဝ အပြုကို ပေါင်းပါသည်။ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် ဈ-လ-ဟူသော ကာရီကို ငင်ပါသည်။

၅၆၉။ (ပ) အောက်သုတ်မှ ဝါသဒ္ဒါ-ဤသုတ်သို့လိုက်သင့်၊ မလိုက်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) သမ္ပိဏ္ဍနတ္ထ စ-သဒ္ဒါဖြင့်ပင် ဝိကပ်အနက်၏ ထင်ရှားသော ကြောင့် ဝါ-သဒ္ဒါမလိုက်သင့်တော့ပါ။

---

## ၂၀။ ပသညီဿ စ

၅၇၀။ (ပ) ဤသုတ်ကို မတည်သော်လည်း ဣဝဏ္ဏော ယံ နဝါ-သုတ် ဖြင့်ပင် ပြီးသင့်သည်မဟုတ်ပါလော၊ သို့ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဗျာ) ဣတ္ထိလိင်ဝိဘတ္တာဒေသသရ နိမိတ်နှောင်းရာ၌လည်း ယ-ပြု ဟူသော အနက်ကို သိမ်းယူလိုသောကြောင့် ထပ်၍ တည်ပါသည်။

၅၇၁။ (ပ) ဤသုတ်၌ စ-သဒ္ဒါ၏ ဖြစ်သင့်သော အနက်ကို ပြခဲ့ပါ။

(ဗျာ) ချာအလို-အနုကစ္စနတ္ထ၊ ရူအလို-နိဝတ္တနတ္ထ ဖြစ်သင့်ပါသည်။

၅၇၂။ (ပ) အဘယ်ကို ငင်၍ အဘယ်ကို နှစ်စေပါသနည်း။

(ဗျာ) အောက်သုတ်မှ ယ-ကာရိယကို ငင်ပါသည်။ ရတ္တော-စသော ပြယုဂ်တို့၌ ယ-အပြုကို နှစ်စေပါသည်။

၅၇၃။ (ပ) ဤသုတ်၌ ပသညအရ ဣငဏ္ဏ-ပ၊ ဥဝဏ္ဏ-ပ တို့တွင် အဘယ် ပ-ဖြစ်သင့်ပါသနည်း။ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) အနုကစ္စန စ-သဒ္ဒါဖြင့် ဝ-ကာရိယကို နှစ်စေသောကြောင့် ဣဝဏ္ဏ ပ-သာ ဖြစ်သင့်ပါသည်။

၅၇၄။ (ပ) အောက်သုတ်မှ ဝ-ကာရိယလည်း လိုက်သင့်လျက် အဘယ့် ကြောင့် နှစ်စေပါသနည်း။

(ဗျာ) ဝ-ကာရိယပြယုဂ် မရှိကောင်းသောကြောင့် နှစ်စေပါသည်။

၅၇၅။ (ပ) (က) ဣဝဏ္ဏောယံ နဝါ၌-ယ၊ (ခ) ယဝကာရာစ၌-ယ၊ (ဂ) ပသညဿစ၌-ယ၊ ၎င်းသုံးမျိုးတို့ ထူးခြားပုံကို ပြခဲ့ပါ။

(ဗျာ) (က) သရ သာမညနှောင်းရာ ဣဝဏ် သာမည၌၊ (ခ) သရသာမညနှောင်းရာ ဈသညဣဝဏ်ဝိသေသသည်၌၊ (ဂ) သရဝိသေသ နှောင်းရာ ပသညဣဝဏ်ဝိသေသသည်၌ စီရင်ကြပါသည်။ တနည်း (က)

လိင်သာမည သန္ဓိအရာ၌၊ (ခ) ပုလ္လိင်၊ နပုလ္လိင်၊ ဂုဏ်ကျော် နာမ်အရာ၌၊ (ဂ) ဣတ္ထိလိင် ဂုဏ်ကျော်နာမ်အရာ၌ စိရင်ကြပါသည်။ ဤသို့ထူးကြ၏။

၃၇၆။ (ပ) နာမ်ကျမ်းလာ ယ-ကာရိယနှစ်ခုတို့၏ အထူးကို ပြခဲ့ပါ။

(ဖြ) ယဝကာရာစ-ယ-ကား သရသာမည နိမိတ်နှောင်းရာ ပုလ္လိင်၊ နပုလ္လိင်၊ ဈသညာဂုဏ်ကျော်၌၊ ပသညာဿစ-ယ-ကား ဝိဘတ်အပြု ဖြစ်သော သရဝိသေသနိမိတ်နှောင်းရာ ဣတ္ထိလိင်၊ ပသညာဂုဏ်ကျော်၌ စိရင်ကြသည်။ ဤကား အထူး။

---

## ၂၂။ ဂါဝ သေ

၃၇၇။ (ပ) ဤ၌ စတုတ္ထီ၊ ဆဋ္ဌီအားဖြင့် သဝိဘတ်နှစ်လုံး ရှိရကား ဂါဝ သေသု-ဟု ဗဟုဝစနန္တ တည်သင့်လျက် အဘယ်၏အစွမ်းဖြင့် ဂါဝ သေဟု တည်ပါသနည်း။

(ဖြ) ဇာတိပဒတ္ထကဆရာ့အလို- ဝိဘတ်ဇာတ်ကို ငဲ့သည်၏အစွမ်းဖြင့်၊ ဒဗ္ဗပဒတ္ထကဆရာ့အလို- ဧကသိက်၏ အစွမ်းဖြင့် ဂါဝ သေ-ဟု သုတ်တည်ပါသည်။

၃၇၈။ (ပ) ဤသုတ်သည် ပုဒ်မည်မျှရှိသော သုတ်ဖြစ်ပါသနည်း။ ၎င်းသုတ်ကိုလည်း ပုဒ်ဖြတ်ပြခဲ့ပါ။

(ဖြ) န္യာသအလို- ဂါဝေ ါတပုဒ်၊ သေတပုဒ်အားဖြင့် နှစ်ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။ ရူပသိဒ္ဓိ-ဂေါတပုဒ်၊ အာဝေါတပုဒ်၊ သေတ ပုဒ်အားဖြင့် သုံးပုဒ်ရှိသောသုတ် ဖြစ်ပါသည်။ ဂေါ-သြ-အာဝေါ သေဟု ပဒစ္ဆေဒပြု။

၃၇၉။ (ပ) ပဒစ္ဆေဒအား လျော်စွာ ဂါဝေါ သေ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ဂါဝ သေ-ဟု တည်ပါသနည်း။

(ဖြ) ရွတ်လွယ်စေလိုသောကြောင့် သြ-ကို ချေ၍ သန္ဓိ၏အစွမ်းဖြင့် ဂါဝ သေ-ဟု တည်ပါသည်။

၃၈၀။ (ပ) ဂါဝသေ-၌ သ-သည် ဝိဘတ်ပင် မဟုတ်လော၊ အဘယ့်ကြောင့် ၎င်းသဝိဘတ်နောင် သို့ဝိဘတ် သက်နိုင်ပါသနည်း။

(ဖြ) ဝိဘတ်ဟူသည်လည်း ကရိုဏ်း၊ သမ္ပဒါန်-စသော အနက်တို့ကို ဟောတတ်၊ ထွန်းပြတတ်သောကြောင့် လိင်၌ အတွင်း ဝင်ရကား ဝိဘတ် ထပ်၍ သက်နိုင်ပါသည်။

## ၂၃။ ယောသု စ

၅၈၁။ (ပ) ဤသုတ်ကို ယောမှိ စ-ဟု ကောဝစနန္တမတည်မူ၍ အဘယ့်ကြောင့် ယောသု စ-ဟု တည်ပါသနည်း။
(ဖြေ) ဒွိပဒတ္ထိက ဆရာ့အလိုအားဖြင့် ဒြပ်ကို ငဲ့သောကြောင့် ယောသု စ-ဟု ဗဟုဝုစ်တည်ပါသည်။

၅၈၂။ (ပ) အောက်သုတ်နှင့် ကားရိယချင်းတူရကား ဂါဝသေ ယောသု စ-ဟု တပေါင်းတည်း တည်သင့်လျက် အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။
(ဖြေ) ပဌမာယောဝိဘတ်၊ ဒုတိယာယောဝိဘတ် နှစ်ရပ်လုံးကို ယူစေလိုသောကြောင့် ခွဲ၍တည်ပါသည်။

၅၈၃။ (ပ) ဤ၌ သမုစ္စယတ္ထ စ-သဒ္ဒါဖြင့် ဆည်းအပ်သော အနက်ကို ပြခဲ့ပါ။
(ဖြေ) နာ သ္မာ သ္မိံ သု ဝိဘတ်တို့ကြောင့် ဂေါ၏အစိတ် ဩ၏ အာဝ ါဒေသကို ဆည်းပါသည်။

၅၈၄။ (ပ) ဂါဝသေ-သုတ်၊ ယောသု စ-သုတ်လုံး သုတ်စွန်းတို့ဖြင့် စီရင်ကြသော အာဝ ါဒေသသုံးပါးတို့၏ ထူးခြားပုံကို ပြခဲ့ပါ။
(ဖြေ) ဂါဝ သေ-ကား သနိမိတ်နှောင်းရာ ပုလ္လိင်၊ နပုလ္လိင်၌၊ ယောသု စ-ကား ယောနိမိတ်နှောင်းရာ လိင်သုံးပါး၌၊ စ-သဒ္ဒါကား သ္မာ သ္မိံ သု ဝိဘတ်နိမိတ်တို့နှောင်းရာ ပုလ္လိင်၊ နပုလ္လိင်၌ စီရင်ကြပါသည်။ ဤသို့ လိင်နိမိတ္တအားဖြင့် ထူးကြပါသည်။

---

## ၂၄။ အဝံမှိ စ

၅၈၅။ (ပ) ယောသု စ-သဒ္ဒါဖြင့် အာဝ ါဒေသ၊ ဩသရေ စ-သုတ်ဖြင့် အာဝ ါဒေသတို့ ဖြစ်ရကား ဤသုတ်ကို မတည်သော်လည်း ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍ တည်ပြန်ပါသနည်း။
(ဖြေ) အောက်သုတ် စ-သဒ္ဒါဖြင့်ကား အာဝသာ ပြုသောကြောင့် အဝအပြုမဖြစ်သင့်ဟူသောယုံမှားခြင်းကို နစ်စေလိုသောကြောင့်၎င်း၊ ဩသရေ စ-ဖြင့်ကား သမာသ် အရာ၌သာ အဝ-ပြုသောကြောင့် အသမာသအရာ၌ အဝ-အပြုကို သိစေလိုသောကြောင့်၎င်း– ထပ်၍ တည်ပါသည်။

၅၀၆။ (ပ) ဤသုတ်၌ စ-သဒ္ဒါ အဘယ်အနက်များ ဖြစ်သင့်ပါသနည်း။
(ဗျာ) သမုစ္စယတ္ထ၊ တနည်း-အနုကစ္စနတ္ထဖြစ်သင့်ပါသည်။

၅၀၇။ (ပ) သမုစ္စယ စ-ဖြင့် ဆည်းနိုင်သော အနက်နှင့်တကွ အနုကစ္စနဖြင့် ငင်ပုံတို့ကို ထင်ရှားအောင် ပြခဲ့ပါ။

(ဗျာ) ဂါဝသေ၊ ယောသု စ-နှစ်သုတ်တို့၌ ဆိုအပ်ပြီးသော ယောနှာသ-စသောဝိဘတ်တို့ကြောင့် ဂေါသဒ္ဒါ၏ ဩ၏ အဝ-အပြုကို ဆည်းပါသည်။ (ဝုတ္တိဆရာအလို။) ဇရဂ္ဂမေပါ-စသောပြယုဂ်တို့၌ မဆိုရသေးသော သိဝိဘတ်ကြောင့် ဂေါ၏ဩ၏ အဝအပြုကို ဆည်းပါသည်။ (နိဒ္ဒေသဝဏ္ဏနာအလို။) အဝ-ဟူသော ကာရိယရှိနေရကား အာဝကာရိယမလိုက်နိုင်သောကြောင့် အာဝကာရိယကို ငင်ပါသည်။

၅၀၈။ (ပ) ဤသုတ်၏ ဝုတ္တိပါဌ်၌ဝယ် (က)သာဒိသေသေသုပုမ္ဗုတ္တာရဝစနေသု-ဟူ၍၎င်း၊ (ခ) သျာဒိသေသေသု ပုမ္ဗုတ္တဝစနေသု-ဟူ၍၎င်း၊ (ဂ)သာဒိသေသေသု ပုမ္ဗုတ္တဝစနေသု-ဟူ၍၎င်း ၃-မျိုး ရှိတတ်ရာ အဘယ်ပါဌ်သာ သင့်မြတ်ပါသနည်း၊ ဆိုးဖြတ်ပါ။

(ဗျာ) သအာဒိ ယေသန္တေတိ သာဒိ၊ ပုမ္ဗေ ဥတ္တာ ပုမ္ဗုတ္တာ၊ ပုမ္ဗုတ္တာသာဝစနံ ပုမ္ဗုတ္တဝစနံ-ဟု ဝိဂ္ဂဟပြု၍ ရှေ့နှစ်သုတ်၌ ဆိုအပ်ပြီးသော သစသောဝိဘတ်ကို အရကောက်ယင့်ရကား သဒ္ဒါအနက်နှစ်ပါးအား လျော်သောကြောင့် (ဂ)မှတ်ပါဌ်သာ အသင့်ဟု မှတ်။

၅၀၉။ (ပ) ဤသုတ်စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဗျာ) လိင်သုံးပါး၊ ရတ္တာဒိဂဏ၊ ဩကာရန္တ၌ စီရင်ပါသည်။

---

## ၂၅။ အာဝသောဝါ

၅၁၀။ (ဂ) ဂါဝ သေ-သုတ်မှ အာဝသဒ္ဒါအလိုက်ခံ၍ ဥဝါ-ဟု သုတ်တည်က ပြီးသင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် အာဝသော ဝါ ဟု တည်ပါသနည်း။
(ဗျာ) အဝကာရိယကို နှစ်စေလိုသောကြောင့် အာဝသော ဝါ- ဟု ကာရိယနှင့်တကွ တည်ပါသည်။

၅၁၁။ (ပ) ဤသုတ်ကို အာဝသော-မျှသာ မတည်မူ၍ အဘယ့်ကြောင့် အာဝသော ဝါ-ဟု တည်ပါသနည်း။

(ဖျာ) ဝိကပ္ပနတ္ထ၊ အနိစ္ဆိတ၀ိဓိ၊ ဒွိရုပ်ကို ပြလိုသောကြောင့် အာဝဿု ဝါ—ဟု တည်ပါသည်။

၅၉၂။ (ပ) ဤသုတ်၌ အာဝ-ဟု သာမညဆိုရာ၌ အမှတ်မရှိသော အာဝ—ကို ယူရမည်လော၊ အဘယ် အာဝ-ကို ယူရမည်နည်း။ အကြောင်းပြ၍ဖြေပါ။

(ဖျာ) သာမညဆိုသော်လည်း အောက်၌ အာဝ-အပြုကို ဆိုအပ်သည် ၏အဖြစ်ကြောင့် ထိုအာဒေသဖြစ်သော အာဝ-ကို ယူရမည်။

၅၉၃။ (ပ) ဤသုတ်၌ နိမိတ်၊ ကာရီ၊ ကာရိယတို့၏အရ သရုပ်ထုတ် ပြခဲ့ပါ။

(ဖျာ) နိမိတ်ကား အံဝိဘတ်၊ ကာရီကား အစိတ်အသရ၊ ကာရိယ ကား ဥသရရ၏။

၅၉၄။ (ပ) ဤသုတ်၌ စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဖျာ) ပုလ္လိင်သာ၊ ရတ္တာဒိဂဏ၊ ဩကာရန္တ၌ စီရင်ပါသည်။

---

## ၂၆။ တတော နမ် ပတိမှာ လုတ္တေ စ သမာသေ

၅၉၅။ (ပ) ဂါဝသေ-သုတ်မှ ဂေါသဒ္ဒါ လိုက်သင့်သောကြောင့် တတော သဒ္ဒါကို မဆိုသော်လည်း ပြီးလျက် အဘယ့်ကြောင့် တတော-သဒ္ဒါနှင့် တကွ သုတ်တည်သနည်း။

(ဖျာ) တတော-သဒ္ဒါကို မဆိုခဲ့သော် ဂေါ-သဒ္ဒါသည် ကာရီ၏ အ ဖြစ်ဖြင့်သာ လိုက်ရာ၏။ ဤ၌ကား နိမိတ်၏အဖြစ်ဖြင့် လိုက်ဟုသိစေလို သောကြောင့်၊ ဝါ-ဂေါသဒ္ဒါ၏ အဝမိအနက်ကို သိစေလိုသောကြောင့် တတော—သဒ္ဒါနှင့်တကွ သုတ်တည်ပါသည်။

၅၉၆။ (ပ) ဤသုတ်ကို တတော န မံ ပတိမှိ စ-မျှသာတည်က နံ ဝိဘတ်၏ အံအာဒေသပြီးသင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် တတော န မံ ပတိမှာ လုတ္တေစ သမာသေ-ဟု တည်ပါသနည်း။

(ဖျာ) ပတိသဒ္ဒါနှောင်းရှေ ဂေါသဒ္ဒါနောင် နံဝိဘတ်ကို အံပြုခြင်း သည် သမာသ်အရာ၌သာဖြစ်၏ဟူသောအနက်ကိုသိစေလိုသောကြောင့် တတော နမံ ပတိမှာ လုတ္တေ စ သမာသေ-ဟု တည်ပါသည်။

၅၉၇။ (ပ) ဤသုတ်၌ နံ-အံ-ဟူသောပုဒ်တို့ဖြင့်ပင် သမာသ်၌ အလုတ္တ အဖြစ် ထင်ရှားရကား တဲတော နမံ ပဇ်မှိစ သ:မာသေ·ဟု တည်သင့် လျက် အဘယ့်ကြောင့် လုတ္တ·သဒ္ဒါဖြင့် အထူးပြု၍တည်သနည်း။

(ဖြေ) သမာသ်၏ လုတ္တ,အလုတ္တသညာကို သိစေလိုသောကြောင့် တနည်း–လုတ္တသမာသ်ကို နစ်စေလိုသောကြောင့် အလုတ္တေသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၅၉၈။ (ပ) ဤသုတ်ကို ဝိဘတျန္တ၏ အစွမ်းဖြင့် ပဒစ္ဆေဒသံဝဏ္ဏနာ မာဂဓဖြင့် ပြုပြခဲ့ပါ။

(ဖြေ) တတောတိ ဧကံပဒံ၊ နန္တိ ဧကံပဒံ၊ အန္တိ ဧကံပဒံ၊ ပတိမှိတိ ဧကံပဒံ၊ အလုတ္တေတိ ဧကံပဒံ၊ စာတိ ဧကံပဒံ၊ သမာသေတိ ဧကံပဒန္တိ ဝိဘတျန္တပဒဝိဘာဂဝသေန သတ္တပဒမိဒံ သုတ္တံ။

၅၉၉။ (ပ) ဤသုတ်၌ စ·သဒ္ဒါ အဘယ်အနက် ဖြစ်သင့်ကြောင်းကို အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဖြေ) စဂ္ဂဟဏေန အသမာသေပိ နံဝစနဿ အံ အာဒေသော ဟောတိ၊ ဂေါ ဣစ္စေတဿ ဩကာရဿ အဝါဒေသော ဟောတိ-ဟူသော ဝုတ္တိပါဌ်ကို ထောက်သောအားဖြင့် သမုစ္စည်းအနက် ဖြစ်သင့်ပါသည်။

၆၀၀။ (ပ) ဤ၌ သုတ်လုံး အစီအရင်နှင့် စ·သဒ္ဒါ အစီအရင်တို့ထူးခြားပုံကို ပြခဲ့ပါ။

(ဖြေ) သုတ်လုံးကား အလုတ္တသမာသ် အရာ၌၊ စ·သဒ္ဒါကား သမာသ် မဟုတ်၊ ဝါကျအရာ၌ စီရင်ကြပါသည်။ တနည်း–သုတ်လုံးကား ပတိသဒ္ဒါနောင်းစေ၊ ဂေါသဒ္ဒါရှိစေ၊ နံဝိဘတ်ရှိစေ၊ အလုတ္တသမာသ် ဖြစ်စေ၊ ဤအင်္ဂါ-၄-ပါးစုံရာ၌ စီရင်သည်။ စ-သဒ္ဒါကား ဂေါသဒ္ဒါ ရှိစေ၊ နံဝိဘတ်ရှိစေ၊ ဤအင်္ဂါနှစ်ပါးစုံရာ၌ စီရင်သည်။ ဤသို့ ဌာန၊ အင်္ဂါအားဖြင့် ထူးကြ၏။

---

## ၂၇။ ဩ သရေ စ

၆၀၁။ (ပ) ဤသုတ်သို့အောက် ဂါဝသေ သုတ်မှ ဂေါသဒ္ဒါလိုက်ရကား ဩသဒ္ဒါလည်း လိုက်သင့်လျက် အဘယ့်ကြောင့် ဇ. လိုက်မခံပဲ ဩသဒ္ဒါ ကို ဆိုပြန်ပါသနည်း။

(ဗျာ) နောက်သုတ်သို့ ဩသဒ္ဒါမလိုက်၊ နစ်စေလိုသောကြောင့် ဩသဒ္ဒါကို ဆိုပြန်ပါသည်။

၆၀၂။ (ပ) ဤသုတ်ဝုတ္တိ၌ သမာသေ-ဟု သာမည ဆိုသောကြောင့် အမှတ်မရှိ သမာသ်ဟူသမျှ ယူရမည်လော၊ အဘယ်ကို ယူရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) အောက်သုတ်ဖြင့် အလုတ္တသမာသ်ကို ယူပြီးဖြစ်သောကြောင့် ဤ၌ လုတ္တသမာသ်ကိုသာ ယူရမည်။

၆၀၃။ (ပ) အောက်သုတ်၊ ဤသုတ်တို့သည် သမာသ်အရာ၌ စီရင်ကြသော သုတ်ဖြစ်ရကား အထက် သမာသကဏ္ဍသို့ရောက်မှ တည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ဤနာမ်ကျမ်း၌ တည်ပါသနည်း။

(ဗျာ) ဂေါသဒ္ဒါ၏ အစီအရင်တို့ကို ပေါင်း၍ တနေရာတည်း ပြလိုသောကြောင့် ဤ၌ တည်ပါသည်။

၆၀၄။ (ပ) ဘုဝိ၊ ပသဝေါ-စသော ပြယုဂ်တို့သည် ဈလာနမိယုဝါ သရေဝါ၊ လတော ဝေါကာရောစ-သုတ်တို့ဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ဤသုတ် စ-သဒ္ဒါဖြင့် စီရင်ပြန်ပါသနည်း။

(ဗျာ) ဤသုတ် စ-သဒ္ဒါဖြင့်လည်း ပြီး၏ဟု သိစေလိုသောကြောင့် စီရင်ပြန်ပါသည်။

၆၀၅။ (ပ) ဤသုတ် စ-သဒ္ဒါဖြင့် ဆည်းအပ်သောအနက်ကို ပြခဲ့ပါ။

(ဗျာ) ယောဝိဘတ်၊ သ္မိံဝိဘတ်ကြောင့် ဥဝဏ် အဆုံးရှိသော လိင်တို့၏ အစိတ်သရကို ဥဝ၊ အဝ၊ ဥရ ပြုရမည်ဟူသော အနက်ကို ဆည်းပါသည်။

---

## ၂၈။ တဒ္ဓိပရီတူပပဒေ ဗျဥ္ဇနေ စ

၆၀၆။ (ပ) ဤသုတ်၌ တဒ္ဓိပရီတပုဒ်ကို ဝိဂ္ဂဟပြု၍ တ-အရ၊ တဒ္ဓိပရီတ အရတို့ကို ပြခဲ့ပါ။

(ဗျာ) တဿ ဩကာရဿ ဝိပရီတော တဒ္ဓိပရီတော၊ (ဆဋ္ဌီတပ္ပုရိသ သမာသဝိဂ္ဂဟ) တအရ ဩအက္ခရာရ၏။ တဒ္ဓိပရီတအရ ဥအက္ခရာ ရ၏။ (ဤကား ရှုပသိဒ္ဓိအလို။) တဿ ဝိပရီတော တဒ္ဓိပရီတော။ တဿ တဒ္ဓိပရီတော တတ္တဒ္ဓိပရီတော-ဟု ဆိုလိုလျက် ကေသေသနည်းအားဖြင့်

နှစ်လုံးဆင့် 'တ'ကို ခေ့၍ တဗ္ဗိပရိတောဟု နေသည်။ ၎င်းမ'တ' အရကား အဝသဒ္ဒါရန်။ ဒုတိယကျေသော 'တ'အရကား ဩအက္ခရာရ၏။ တဗ္ဗိပရိတ အရကား ဥအက္ခရာ ရ၏။ (ဤကား နျာသ၊ ကစ္စာယနဝဏ္ဏနာ အလို။)

၆၀၇။ (မေ) ဥပပဒပုဒ်ကို ပဒဝိဂ္ဂဟ သံဝဏ္ဏနာပြု၍ ဥပပဒအရ ပြခဲ့ပါ။

(ဖြေ) ဥပသမီပေ ဥစ္စာရိတံ ပဒံ ဥပပဒံ၊ (သတ္တမီ အဗျယီဘာဝ သမာသဝိဂ္ဂဟ) အရကား အဝ-သဒ္ဒါရ၏။

၆၀၈။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယအရတို့ကို ပြခဲ့ပါ။

(ဖြေ) နိမိတ်ကား ဂ-ဗျည်း၊ ကာရီကား-အဝသဒ္ဒါ၊ ကာရိယကား ဥ အက္ခရာတည်း။

၆၀၉။ (ပ) ဤသုတ်၏ အစီအရင်ကား အဝကို ဥပြုသောကြောင့် အဝသု ဗျဥ္ဇနေ စ-ဟု တည်က ပြီးသင့်လျက် အဘယ့်ကြောင့် တဗ္ဗိပရိတူပပဒေ ဗျဥ္ဇနေစ-ဟု သုတ်ဘည်ပါသနည်း။

(ဖြေ) ဥသရ၏ ဩအက္ခရာ၏ ဝိပရိတ်အမည်သညာကို သိစေလိုသောကြောင့် တဗ္ဗိပရိတူပပဒေ ဗျဥ္ဇနေစ-ဟု တည်ပါသည်။

၆၁၀။ (ပ) ဤသုတ်၌ အဘယ်ကို ဝိပရိတ်ဟု မှတ်ရမည်နည်း။ ဖြစ်သင့်သော ဝိပရိတ်အပြားနှင့်တကွ ဤ၌လိုအပ်သော ဝိပရိတ်အရ ပြခဲ့ပါ။

(ဖြေ) အဝသဒ္ဒါ၏ ဥပြုခြင်းကိုပင် ဝိပရိတ်ဟု မှတ်။ ဘေဒကား အ-ဝိပရိတ၊ ဣ-ဝိပရိတ ဥ-ဝိပရိတဟူ၍ သုံးပါးပြား၏။ ထိုတွင် ဤ၌ ဥ-ဝိပရိတကို ယူအပ်။

၆၁၁။ (ပ) ဝိပရိတ်အပြား သုံးပါးဟူသော် အဘယ်အက္ခရာတို့၏ ဝိပရိတ် ဖြစ်ကြပါသနည်း။

(ဖြေ) အ-သည် အာ၏ ဝိပရိတ်၊ ဣသည် ဤ-ဧ-တို့၏ ဝိပရိတ်၊ ဥသည် ဦ-ဩ-တို့၏ ဝိပရိတ် ဖြစ်ကြပါသည်။

၆၁၂။ (ပ) ဝိပရိတ၊ ဝိကာရ၊ ဝိပရိယာယ-ဟု ခေါ်ဆိုကြသော သုံးပါးတို့၏ ထူးခြားပုံကို ဥဒါဟရုဏ်နှင့်တကွ ရှင်းလင်း၍ ပြခဲ့ပါ။

(ဖြေ) ဥဂ္ဂတော-ဟူသော ပြယုဂ်၌ အဝဂတော-ပုဒ်ဖြတ်၍ အဝသဒ္ဒါကို ဩ၏ဝိပရိတ် ဥ-ပြုသည်ကို ဝိပရိတဟု ခေါ်သည်။ မေတ္တံ မတ္တော စသော ပြယုဂ်တို့၌ သွာ သို-စသော ဝိဘတ်တို့ကို အံ-အာ-စသည်ပြုခြင်းကိုပင် ဝိကာရဟု ခေါ်သည်။ ဝုလှတိ-စသောပြယုဂ်တို့၌ ဟ-လ

အက္ခရာတို့၏ ရှေ့နောက်ပြန်ခြင်းကို ဝိပရိယာယဟု ခေါ်ပါသည်။ ဤကား သုံးပါးအထူးတည်း။

၆၁၃။ (ပ) ဤသုတ်၌ စ–သဒ္ဒါအဝဓာရဏဆိုသော် အဝဓာရဏနှစ်ပါးတွင် အဘယ်အဝဓာရဏ ဖြစ်ပါသနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြ) အဝသာနေ-စသော ပယောဂတို့၌ ဤသုတ်၏ အစီအရင်ကို တားမြစ်သောကြောင့် နိဝတ္တာပန အဝဓာရဏ ဖြစ်ပါသည်။

---

## ၂၉။ ဂေါဏ နံမှိ ဝါ

၆၁၄။ (ပ) ဤသုတ်ကို ဂေါဏော နံမှိ ဝါ–ဟု တည်သင့်လျက် အဘယ့်ကြောင့် အဘယ်အစွမ်းဖြင့် ဂေါဏ နံမှိ ဝါ–ဟု တည်ပါသနည်း။

(ဖြ) သုခုစ္စာရဏ ဖြစ်စေလိုသောကြောင့် လောပဥ္စသုတ်ဖြင့် ဩကို ချေ၍ သန္ဓိ၏အစွမ်းဖြင့် ဂေါဏ နမှိ ဝါ-ဟု တည်ပါသည်။ တနည်းကား— သဗ္ဗာသမာဝုသောဒသုတ်၌ အာဒိသဒ္ဒါဖြင့် သိဝိဘတ်ကို ချေသည်၏ အစွမ်းဖြင့် ဂေါဏ နံမှိ ဝါ-ဟု တည်ပါသည်။

၆၁၅။ (ပ) ဤသုတ်နှင့် အထက်သုတ်တို့သည် ကာရိယချင်း တူရကား ဂေါဏ နံ သုဟိ နာသု စ-ဟု တပေါင်းတည်း တည်သင့်လျက် အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။

(ဖြ) ဂေါဏော-ဟူသော ယောဂဝိဘာဂဖြင့် နိမိတ်မနှောင်းရာ၌လည်း ဂေါဏာဒေသကို သိစေလိုသောကြောင့် ခွဲ၍တည်ပါသည်။

၆၁၆။ (ပ) နံဝိဘတ် မနှောင်းသော်လည်း ဂေါဏအပြု ဖြစ်သင့်သောကြောင့် ဂေါဏနံမှိ ဝါ-ဟု ဝိသေသ မတည်သင့်သည် မဟုတ်လော။ အဘယ့်ကြောင့် ဝိသေသ တည်ပါသနည်း။

(ဖြ) ယောဂဝိဘာဂကို ပြလိုသောကြောင့် ဝိသေသတည်ပါသည်။

၆၁၇။ (ပ) ယောဂဝိဘာဂေန အညတြာပိ-၌ ယောဂဝိဘာဂ သုံးပါးတွင် ဖြစ်သင့်သော ယောဂဝိဘာဂကို ပြခဲ့ပါ။

(ဖြ) ဂေါဏော-ဟု သုတ်ကို နှစ်ဖြာပြုသောကြောင့် ဒွိဓာကရဏ ယောဂဝိဘာဂ ဖြစ်သင့်ပါသည်။ (နိဒ္ဒေသအလို။) သုဟိနာသု စ–သုတ်မှ အသီးအခြား၊ ဂေါဏ နံမှိ ဝါ-ဟု သုတ်ကို ရွတ်ဆိုသောကြောင့် ဝိသုံ ကရဏယောဂဝိဘာဂ ဖြစ်သင့်ပါသည်။ (နျာသအလို။)

၆၀၈။ (ပ) ဤ၌ သုတ်လုံးအစီအရင်နှင့် ယောဂဝိဘာဂ အစီအရင်တို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) သုတ်လုံးကား နိမိတ်နှောင်းရာ၌ စီရင်သည်၊ ဝါ-သနိမိတ္တဝိဓိဖြစ်သည်။ ယောဂဝိဘာဂကား နိမိတ်မနှောင်းရာ၌ စီရင်သည်။ ဝါ-အနိမိတ္တဝိဓိ ဖြစ်သည်။ ဤသို့ ထူးကြ၏။

၆၁၉။ (ပ) ဤသုတ်လာ ဝါသဒ္ဒါသည် အဘယ်အနက်ရှိ၍ အဘယ်ဝိဓိကို ပြပါသနည်း။

(ဗျာ) ဝိကပ်အနက်-အနိစ္စဝိဓိကို ပြပါသည်။

၆၂၀။ (ပ) ဤသုတ် စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ပုလ္လိင်၊ ရတ္တာဒိဂဏ၊ ဩကာရန္တ၌ စီရင်ပါသည်။

---

## ၃၀။ သုဟိနာသုစ

၆၂၁။ (ပ) ဤသုတ်ကို ဝိဘတ္တိသညာ အစဉ်အားလျော်စွာ နာဟိသုသုစ-ဟု တည်သင့်လျက် အဘယ့်ကြောင့် အစဉ်ဖျက်၍ သုဟိနာသု စ-ဟု တည်ပါသနည်း။

(ဗျာ) ရွတ်လွယ်စေလိုသောကြောင့်ရင်း၊ သုသဒ္ဒါတလုံး ကျေခြင်းမှ နစ်စေလိုသောကြောင့်ရင်း အစဉ်ဖျက်၍ သုဟိနာသု စ-ဟု တည်ပါသည်။

၆၂၂။ (ပ) အောက်သုတ်၊ ဤသုတ်တို့သည် ဂေါဏာဒေသဝိဓိချင်း တူရကား ပေါင်း၍တည်သင့်လျက် အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။

(ဗျာ) သုတ်လေးသည်၏အဖြစ်ကို ပယ်လိုသောကြောင့်၊ ဝါ-သုတ်ပေါ့စေလိုသောကြောင့် ခွဲ၍တည်ပါသည်။

၆၂၃။ (ပ) သျာဒိသေသေသုပါဌ်၌ သေသအပါဒီ၊ သေသအပါဒါန်တို့၏ အရကို ပြခဲ့ပါ။

(ဗျာ) သေသအပါဒီကား သိ ယော အံ ယော သ သ သ္မာ သ္မိံ ဝိဘတ်အားဖြင့် ၈-လုံးတည်း။ သေသအပါဒါန်ကား နာ ဟိ နံ ဟိ နံ သု အားဖြင့် ဝိဘတ် ၆-လုံးတည်း။

၆၂၄။ (ပ) သျာဒိသေသေသုံ-ဟူသော ဝုတ္တိပါဌ်၌ သျာဒိပုဒ်၊ သေသပုဒ်တို့ကို ဝိဂ္ဂဟပြုလုပ်၍ သိအရ၊ အာဒိအရ၊ သျာဒိအရ၊ အာဒိ- အာဒိဝန္တအရ၊ သေသအရတို့ကို ခွဲဝေပြခဲ့ပါ။

(ဗျာ) သီအာဒိ ယေသန္တေတိ သျာဒိ (ဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်) သီအရ၊ အာဒိအရကား သိဝိဘတ်ရ၏။ သျာဒိအရကား သိ-စသော ဝိဘတ် ၁၄-လုံးရ၏။ အာဒိအရ သိဝိဘတ်ရ၏။ အာဒိဝန္တအရကား ယော အံ ယော သ သ သ္မာ သ္မိံ ဟူသော ဝိဘတ် ၇-လုံးရ၏။ သီသန္တိတိ သေသာ၊ (ဂ.တ္တုသာဓ်ကိုတ်ဝိဂ္ဂဟ) သိစသော ဝိဘတ် ၁၄-လုံး ရ၏။

၆၂၅။ (ပ) ပုဗ္ဗုတ္တရဝစနေသုပိ၌ ပုဗ္ဗုတ္တရဝစန အရကို ပြပြီးလျှင် ၎င်း၏ ပိဏ္ဍတ္ထ အဓိပ္ပာယ်ကိုလည်း ပြခဲ့ပါ။

(ဗျာ) သိ-စသော ဝိဘတ် ၁၄-လုံးရ၏။ ပိဏ္ဍတ္ထကား နာ ဟိ နံ ဟိ သု နံ-ဟူသော ဝိဘတ် ၆-လုံးတို့၏ ရှေ့၌ရှင်း၊ နောက်၌ရှင်း ဖြစ်ကုန်သော သိ ယော-စသော ဧကဝုစ်၊ ဗဟုဝုစ် ဝိဘတ်တို့ကြောင့် ဟူလို။

၆၂၆။ (ပ) ပုဗ္ဗုတ္တရဝစနေသုပိ-ပါဌ်ဝယ် ပိသဒ္ဒါ၏ ဖြစ်သင့်သောအနက်ကို အကြောင်းပြ၍ ဖြေဆိုပြီးလျှင် ပိ၏အရသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

(ဗျာ) ဂေါဏ နံမှိဝါ၊ သုဟိနာသု စ-နှစ်သုတ်တို့၌ ဆိုခဲ့ပြီးသော ဝိဘတ်တို့ကို ဆည်းသောကြောင့် သမုစ္စယတ္ထ ဖြစ်ပါသည်။အရကား နံ-၂-လုံး၊ ဟိ-၂-လုံး၊ နာ သု-အားဖြင့် ဝိဘတ် ၆-လုံးတို့တည်း။

၆၂၇။ (ပ) စဂ္ဂဟဏေန (လ) ဟောန္တိ-ဟူသော ဝုတ္တိပါဌ် တခုလုံး၏ ပိဏ္ဍတ္ထ အဓိပ္ပာယ်ကို ပြခဲ့ပါ။

(ဗျာ) နံ-စသော ဝိဘတ် ၆-လုံးတို့မှ ကြွင်းကုန်သော သိ ယော-စသော ဝိဘတ် ၈-လုံးတို့ကြောင့် ဂေါဏအပြု၊ နံဝိဘတ် ၂-လုံးကြောင့် ဂု အပြု၊ နံ ၂-လုံး၊ ဟိ ၂-လုံး၊ နာ-သု-ဟူသော ဝိဘတ် ၆-လုံးတို့ကြောင့် ဂဝယအပြုတို့ ဖြစ်ကုန်၏ ဟူလို။ ဤကား နျာသ စသော ဆရာတို့ အလို။ ပဉ္စမာ-စသော ဝိဘတ် ၇-သွယ်တို့ကြောင့် ဂဝယ-ပြုရ၏။ ဤကား နိရုတ္တိသဆရာ အလို။

၆၂၈။ (ပ) ဤသုတ်၌ စသဒ္ဒါရှိပြီးဖြစ်သောကြောင့် ဝါသဒ္ဒါ မလိုက် သင့်သည် မဟုတ်လော၊ လိုက်သင့် မလိုက်သင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) စသဒ္ဒါကား သမုစ္စယတ္ထကို ပြသည်။ ဝါသဒ္ဒါကား ဝိကပ္ပနတ္ထကို ပြသည်။ ဤသို့ အနက်ပြားသောကြောင့် ဝါသဒ္ဒါ လိုက်သင့် ပါသည်။

၆၂၉။ (ပ) ဤသုတ် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ပုလ္လိင်၊ ရတ္တာဒိဂဏ၊ ဩကာရန္တ၌ စီရင်ပါသည်။

## ၃၁။ အံမော နိဂ္ဂဟိတံ ဈလာပေဟိ

၆၃၀။ ( ပ ) အောက်-ဈလာနမိယုဝါ သရေဝါ၊ ပသညဿ စ-သုတ်တို့မှ ဈလပတို့အလိုက်ခံ၍ ဇင်ႀသုဘ်တို့၏ အခြားမဲ့၌ပင် အံမော နိဂ္ဂဟိတံ မျှသာ တည်က ပြီးကောင်းသည် မဟုတ်လော။ အဘယ့်ကြောင့် ဈလပသဒ္ဒါနှင့်တကွ ဤ၌ တည်ရပါသနည်း။

(ဖြေ) ဈလပ အလိုက်ခံသော် ဝါသဒ္ဒါလည်း လိုက်လာမည်ဖြစ်ရကား ထို ဝဝတ္ထိဘဝိဘာသာတ္ထ ဝါသဒ္ဒါကို နစ်စေလိုသောကြောင့် ဝါ-နိစ္စဝိဓိကိုပြလိုသောကြောင့် ဈလပသဒ္ဒါနှင့်တကွ ဤ၌ တည်ပါသည်။

၆၃၁။ ( ပ ) ဤသုတ်၌ အံမော-ဟု ပဌမန္တထားသည့် အားလျော်စွာ ဝုတ္တိကိုလည်း ပဌမန္တနှင့်ပင် ဖွင့်သင့်လျက် အဘယ့်ကြောင့် အံဝစနဿ မကာရဿ-ဟု ဆဋ္ဌျန္တနှင့် ဖွင့်ပါသနည်း။

(ဖြေ) တခုသော အနက်၏ များသောအပြားတို့ဖြင့် ပြယုဂ်တို့သည် ထင်ကုန်၏ဟု သိစေလိုသောကြောင့်၊တနည်း-သုတ်၏မုချတ္ထ၊ အဓိပ္ပာယတ္ထ-ဟူသော အနက်နှစ်ပါးစုံကို ပြလိုသောကြောင့် အံဝစနဿ မကာရဿ-ဟု ဆဋ္ဌျန္တနှင့် ဖွင့်ပြပါသည်။

**မှတ်ချက်။**　။ဤ၌ အံမောအရ အံဝိဘတ်၊မအက္ခရာကိုယူရခြင်းသည် မုချတ္ထ၊ ဤသုတ်သည် အာဒေသဝိဓိဖြစ်၍။အာဒေသ ဟူက ဆဋ္ဌျန္တကိုငဲ့ရကား အာဒေသီဖြစ်သော အံမော-ဟူသောပုဒ်သည် ဆဋ္ဌျန္တဖြစ်သင့် ဖြစ်ထိုက်၏-ဟူသော အနက်သည် ဆွဲငင်၍ သိအပ်သော အနက်ဖြစ်သောကြောင့် အဓိပ္ပာယတ္ထဟု မှတ်။

၆၃၂။ ( ပ ) ဤ သုတ်ဝယ် အံမော-ဟူသော ကာရိပါဌ်၌ အံအရ ဝိဘတ်ကိုသာ ယူရမည်လော။ တပါးသော အံကို မယူရဟု မှတ်ရအံ့လော၊ အထောက်ပြ၍ ဖြေပါ။

(ဖြေ) ဝုတ္တိ၌-အံဝိဘတ္တိဿ-ဟု မဖွင့်မူ၍ အံဝစနဿဟု ဖွင့်ပြသည်ကို ထောက်၍ အံအရ အံဝိဘတ်ကိုသာ မယူနှင့်၊ အာဒေသဖြစ်သော အံကိုလည်း ယူရပါသည်။

**မှတ်ချက်။**　၊အံအရ ဝိဘတ်-အံ၊ အာဒေသ အံ-နှစ်ပါးစုံကို ယူရမည် ဟူလို။ အာဒေသ အံ၌ အာဒိံ-ဟူသော ပြယုဂ်ကို ရှု။

၆၃၃။ (ပ) အံ့ခမာ–ဟူသောပုဒ်ကို ဝိဂ္ဂဟပြုပြီးလျှင် ဤသို့ ဝိဂ္ဂဟပြုနိုင်ခြင်း၏အကြောင်းကိုလည်း ပြခဲ့ပါ။

(ဗျာ) အံ့ ဝ မောဝ အံ့မော (သမာဟာရဒွန် သမာသ်ဝိဂြိုဟ်) အံ့–နှင့် မသည် အချင်းချင်းငှဲ့ခြင်းလက္ခဏာ ရှိသောကြောင့် ဤသို့ဝိဂ္ဂဟပြုနိုင်ပါသည်။

၆၃၄။ (ပ) ပုနာရမ္ဘဂ္ဂဟဏ၌ အာရမ္ဘအရ သုတ်လုံးကို ယူရမည်လော၊ သုတ်တစိတ်ကို ယူရမည်လော၊ အဘယ်ကို ယူရမည်နည်း။ အထောက်ပြ၍ ဖြေပါ။

(ဗျာ) ဝိဘာသာ နိဝတ္တနတ္ထ–ဟူသော သဟ စရိတသဒ္ဒန္တရိုက်ကို ထောက်၍ ဈလပေဟိ ဟူသော သုတ်တစိတ်ကိုသာ အာရမ္ဘအရ ယူရမည်။

၆၃၅။ (ပ) ပဌမထုတ်ဆောင်သော အဂ္ဂိ၊ ဣသိ–စသော ပြယုဂ်တို့ဖြင့်ပင် ဥဒါဟရဏ ကိစ္စပြီးသင့်လျက် အဘယ့်ကြောင့် ဒုတိယတဖန် အဂ္ဂိ၊ ဝဓုံ–စသည်ဖြင့် ဥဒါဟရဏ် ထုတ်ပြန်ပါသနည်း။

(ဗျာ) ဈာလပတို့နောင် အံ၊ မ–အက္ခရာရှိက နိဂ္ဂဟိတ် အပြုမြသည်၏အဖြစ်ကို သိစေလိုသောကြောင့် ဝါ–နိစ္စဝိဓိကို ပြလိုသောကြောင့် ဒုတိယတဖန် ထုတ်ပြန်ပါသည်။

၆၃၆။ (ပ) ဤသုတ်စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) လိင်သုံးပါး။ ရတ္တာဒိဂဏ၊ နဒါဒိဂဏ၊ ဂဟပတာဒိဂဏ၊ ဣ–ဤ–ဥ၊ဦ–ဩ–ကာရန္တတို့၌ စီရင်ပါသည်။

---

## ၃၂။ သရလောပေ့ါမာ့ဒေသ ပစ္စယာဒိမှိ သရလောပေ တု ပကတိ

၆၃၇။ (ပ) သန္ဓိ၌ သရချေသော သုတ်တို့ကို ဆိုပြီးဖြစ်လျက် အဘယ့်ကြောင့် ဤ၌ သရချေသော သုတ်ကို ထပ်၍ ဆိုပြန်ပါသနည်း။

(ဗျာ) ပုရိသ–စသော ပယောဂတို့၌ ဒီဃ–စသော ဝိကာရ ရောက်ခြင်းမှ နှစ်စေလိုသောကြောင့် ဤ၌ သရချေသော သုတ်ကို ဆိုပြန်ပါသည်။

၆၃၈။ (ပ) ဤသုတ်ကို သရာ ပကတိ ဗျဥ္ဇနေ·သုတ်၏ အနန္တရ၌ ပကတိ သဒ္ဒါအလိုက်ခံ၍ သရလောပေါ။လ။ သရလေးပေ တု-မျှသာ တည်က လိုအပ်သောအနက်ပြီးလျက် အဘယ့်ကြောင့် ပကတိသဒ္ဒါနှင့်တကွ သုတ်တည်ပါသနည်း။

(ဗျာ) သေယျော-စသော ပယောဂတို့၌ ပကတိမပြုမူ၍ သန္ဓိဝိကာရ ရောက်သေး၏ ဟူသော အနက်ထူ ကို သိစေလိုသောကြောင့် ပကတိ သဒ္ဒါနှင့်တကွ တည်ပါသည်။

၆၃၉။ (ပ) ဤသုတ်ကို အာဒိသဒ္ဒါမပါပဲ သုတ်တည်က ပြီးသင့်လျက် အဘယ့်ကြောင့် အာဒိသဒ္ဒါနှင့်တကွ တည်ပါသနည်း။

(ဗျာ) အာချာတ်၊ ကိတ်တို့၌လာသော အာဂမသရကို ယူစေလို သောကြောင့် အာဒိသဒ္ဒါနှင့်တကွ သုတ်တည်ပါသည်။

၆၄၀။ (ပ) ဤသုတ်၌ အာ-ဒိ၊ အာဒိဝန္တအရတို့ကို ခွဲခြားပြခဲ့ပါ။

(ဗျာ) အာဒိအရကား-အံဝိဘတ်၊ အာဒေသပစ္စည်းတို့ ရ၏။ အာဒိ ဝန္တကား အာဂုံရ၏။

၆၄၁။ (ပ) ဤသုတ်-အမာဒေသပစ္စယာဒိမ္ဟိပုဒ်၌ဖြစ်ထိုက်သော အာဒေသ အရ ဘေဒကို ပြပြီးလျှင် ဤ၌ လိုအပ်သော အာဒေသကို ညွှန်ခဲ့ပါ။

(ဗျာ) ပုဒ်ကိုပြုသော ပဒါဒေသ၊ဝိဘတ်ကိုပြုသော ဝိဘတ္တာဒေသ-ဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ဤ၌ ဝိဘတ္တာဒေသကိုသာ ယူရမည်။

၆၄၂။ (ပ) ဤသုတ်၌ ပစ္စယအရ လိုအပ်သော ပစ္စည်းစုကို စေ့ငုအောင် ပြ ခဲ့ပါ။

(ဗျာ) သရသက်သက်ဖြစ်သော သုဒ္ဓသရပစ္စည်း၊ ဗျည်းနှင့်စပ်သော ဗျဥ္ဇနပဋိဗဒ္ဓသရ ပစ္စည်း အာချာတ်ဝိဘတ်တို့ကို လိုအပ်သည်။

၆၄၃။ (ပ) သန္ဓိလာ-သရာ သရေ လောပံ-သရချေသုတ်နှင့် နာမ်ကျမ်း လာ သရချေ နှစ်သုတ်တို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) သန္ဓိကား သရချေပြီးသော် ဒီဃ စသော အစီအရင်တပါးကို မတားမြစ်။ ဝါ-ခွင့်ပြု၏။ နာမ်ကား သရချေပြီးသော် ဒီဃ-စသော အစီအရင်တပါးကို တားမြစ်၏။ ဝါ-ခွင့်မပြု။ ဤသို့ ထူး၏။

၆၄၄။ (ပ) သန္ဓိ-သရာပကတိဗျဥ္ဇနေသုတ်နှင့် နာမ်ပကတိ သုတ်နှစ်မျိုးတို့ ၏ အထူးကို ပြခဲ့ပါ။

(ဗျာ) သန္ဓိကား မိမိစီရင်ပြီးသော် အခြားသုတ်တို့ မစီရင်နိုင်တော့ ပေ။ နာမ်ကား မိမိစီရင်ပြီးသော် အခြားသုတ်တို့ စီရင်နိုင်သေး၏။ တနည်း—သန္ဓိကား နိစ္စဝိဓိ၊ နာမ်ကား အနိစ္စဝိဓိ။ ဤသို့ ထူးကြ၏။

၆၄၅။ (ပ) ဤသုတ်စီရင်နိုင်သော လိင်္ဂ၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) လိင်သုံးပါး၊ ဂိုဏ်း ၁၃-ပါး၊ အ-အာ၊ ဣ-ဤ၊ ဥ-ဦ၊ ဩကာရန္တ ၇-ပါးတို့၌ စီရင်သည်။

---

### ၃၃။ အသော ရဿမေကဝစနယောသွပိစ

၆၄၆။ (ပ) ဤသုတ်၌ အသောအရ အဘယ်ကိုယူရမည်နည်း၊ အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဗျာ) အသောဌ် အ-သည် အညအနက်ဖြစ်သောကြောင့် ဿ-မှတပါးသော ဈလပတို့ကို ယူရမည်။

၆၄၇။ (ပ) အသောအရ ဈလပတို့ကို ယူရမည်ဆိုသော် အဘယ်ဈလပတို့ကို ယူရမည်နည်း။ ကစ္စည်းအထောက်ပြ၍ ဖြေပါ။

(ဗျာ) ဤသုတ် ရဿံဒ်ကိုထောက်၍ ဤ-ဦ ဖြစ်သော ဈလပတို့ကိုသာ ယူရပါမည်။

၆၄၈။ (ပ) ကေဝစနယောသွပိစ၌ ကေဝစနအရ ယူသင့်သော ဧကဝုစ်၊ မယူသင့်သော ဧကဝုစ်တို့ကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဗျာ) အပိသဒ္ဒါဖြင့် မြစ်သောကြောင့် သိဝိဘတ်ဟူသော ဧကဝုစ်ကို မယူသင့်ပါ။ အပိသဒ္ဒါဖြင့် မမြစ်သောကြောင့် သိမှတပါးသော အံ-နာ-သ-သ္မာ-သ္မိံ-သ-ဟူသော ၆-လုံးသော ဧကဝုစ်တို့ကို ယူသင့်ပါသည်။

၆၄၉။ (ပ) ဤသုတ်၌ ရဿံအရ ဖြစ်ထိုက်သော ရဿသရကို အကြောင်းနှင့်တကွ သရုပ်ထုတ်ပြပါ။

(ဗျာ) အသောအရ ဤ၊ဦ၊ဒီဃ ၂-လုံးကိုသာ ယူသောကြောင့် ဣ-ဥ-ရဿ ၂-လုံးသာ ဖြစ်ထိုက်ပါသည်။

၆၅၀။ (ပ) ဤသုတ်၌ လိုအပ်သော အပိသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) ပဋိသေဓနတ္ထ သိဝိဘတ် နှောင်းရာ၌ ရဿအပြုကို တားမြစ်သည်။

၆၅၁။ (ပ) ဤသုတ်ဝယ် အပိသဒ္ဒါကို မဆိုသော်လည်း နောက်သုတ်ဖြင့် ပင် ဣတ္ထိ-စသော ပယောဂတို့ ပြီးသင့်သည် မဟုတ်ပါလော၊ အဘယ့် ကြောင့် အပိသဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဖြေ) ဤသုတ် အပိသဒ္ဒါဖြင့်လည်း ပြီး၏ဟု သိစေလိုသောကြောင့် အပိသဒ္ဒါကို ဆိုပြန်ပါသည်။

၆၅၂။ (ပ) ဤသုတ်၌ ဧ-ဘ ဒ္ဒါ အဝဓာရဏဆိုသော် အဝဓာရဏ ၂-ပါး တွင် အဘယ်အဝဓာရဏဟု မှတ်ရပည်နည်း။

(ဖြေ) သန္နိဋ္ဌာနအဝဓာရဏ (နိဒ္ဒေသ၊ ဝဏ္ဏနာအလို။) နိဝတ္တာပန အဝဓာရဏဟုမှတ်။ (ချာအလို။)

၆၅၃။ (ပ) သန္နိဋ္ဌာနကာရ၊ နိဝတ္တာပနာကာရတို့ကို မဆန့်ကျင်အောင် ပြခဲ့ပါ။

(ဖြေ) သိမှ တပါးသော ဂေ ဝုစ်ဝိဘတ် ယောဝိဘတ်တို့ကြောင့် ရဿအပြုကို မြဲစေ၏။ သိမှတပါးသော ဂေဝုစ်ဝိဘတ် ယောဝိဘတ် တို့ကြောင့် ဈ-လ-ပတို့၏ ရဿ မဖြစ်ခြင်းကို တားမြစ်ပါသည်။

**မှတ်ချက်။** ။ရဿမဖြစ်ခြင်းကို တားမြစ်ဟူသည် ဆိုခဲ့ပြီးသော ဝိဘတ် တို့ကြောင့် ရဿအဖြစ် မြဲ၏ဟုပင် မှတ်ရမည်။

၆၅၄။ (ပ) ဤသုတ်ကို ဝိဓိသုံးပါးတွင် အဘယ်ဝိဓိ မှတ်ရမည်နည်း။ အထောက်ပြ၍ ဖြေပါ။

(ဖြေ) နိစ္စဝိဓိဟု မှတ်ရမည်။ ဝဂ္ဂဟဏမဝဓာရဏရတ္ထံ-ဟူသော ဝုတ္တိ ပါဌ်ကို ထောက်။

၆၅၅။ (ပ) ဤသုတ် စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြ ခဲ့ပါ။

(ဖြေ) လိင်သုံးပါး ရတ္တာဒိ၊ နဒါဒိ၊ ဂဟပတာဒိဂဏ၊ ဤ-ဦ- ကာ ရန္တတို့၌ စီရင်သည်။

---

## ၃၄။ န သိသ္မိမနပုံသကာနိ

၆၅၆။ ဤသုတ်ကို မတည်သော်လည်း အောက်သုတ် အပိသဒ္ဒါဖြင့်ပင် ပြီးသင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ထပ်၍တည်ပြန်ဘနည်း။

(ဗျာ) ဥဘသဒ္ဒါသည် ဒွိသဒ္ဒါ၏ပရိယာယ်ဖြစ်သော ကေန္တသဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် မူလ ပုဒ်ရပ်းဖြစ်ပါသည်။ (ရူ-အလို။) ဥဘသဒ္ဒါသည် ဒွိသဒ္ဒါ၏ ကာရိယဖြစ်သောကြောင့် မူလပုဒ်မဟုတ်၊ ဝိကာရပုဒ်ဖြစ်ပါသည်။ (ကစ္စည်းစာကိုယ်၊ ဉျာအလို။)

၆၆၃။ (ပ) ဤသုတ် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) တိလိင်၊ ဂဏဝိမုတ္တ။ ရူအလို - အကာရန္တ။ ဉျာအလို- ဣကာရန္တ။

---

## ၃၆။ ဣဏ္ဏာမိဏ္ဏာနံ့ တိဟိ သင်္ချာဟိ

၆၆၄။ (ပ) ဤသုတ်၌ တိသည် သဒ္ဒပဒတ္ထကဖြစ်၍ တခုတည်းဖြစ်ရကား တိတော သင်္ချာတော-ဟု ကေစုစ်နှင့် တည်သင့်လျက် အဘယ့်ကြောင့် တိဟိ သင်္ချာဟိ-ဟု တည်ပါသနည်း။

(ဗျာ) သင်္ချာဟော တိ-သဒ္ဒါနောင် အမြဲဗဟုစုစ်သာဖြစ်၏ဟု သိစေလိုသောကြောင့် တိဟိ သင်္ချာဟိ-ဟု ဗဟုဝစနန္တနှင့် သုတ်တည်ပါသည်။

၆၆၅။ (ပ) တိဟိ သင်္ချာဟိ-၌ တိသည် သုံးခု အရေအတွက်ကို ဟောသလော၊ သို့မဟုတ် တိသဒ္ဒါကိုပင် ဟောသလော၊ အကြောင်းပြ၍ ဆိုးဖြတ်ပါ။

(ဗျာ) ပရသဒ္ဒါနှင့် ယှဉ်သော အပါဒါန်ဖြစ်သောကြောင့် တိသဒ္ဒါကိုသာ ဟောပါသည်။

၆၆၆။ (ပ) ဤသုတ်သည် သင်္ချာအရာ၌စီရင်သောသုတ်ဖြစ်သောကြောင့် အထက်သင်္ချာတပ္ပိတ်သို့ ရောက်မှဆိုသင့်လျက် အဘယ့်ကြောင့် ဤ၌ ဆိုပါသနည်း။

(ဗျာ) အောက်သုတ်မှ နံ-ဟူသော ကာရိ အလိုက်ခံလိုသောကြောင့် ဤ၌ ဆိုပါသည်။

၆၆၇။ (ပ) အောက်-နောစ ဒွါဒိတော နံမှိသုတ်-တိန္န၊ ဤသုတ်-တိဏ္ဏံ တို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) အောက်သုတ်ကား လိင်သုံးပါး၊ ဤသုတ်ကား ပုလ္လိင်၊ နပုလ္လိင်။ ဤကား အထူး။

(ဗျာ) အပိသဒ္ဒါကား လိင်ကိုမမှတ်မူ၍ ဘာမည အားဖြင့် မြစ်၏။ ဤ၌ကား လိင်ကိုမှတ်၍ ဝိသေသအားဖြင့် မြစ်ခြင်းကို ပြလိုသော ကြောင့် ထပ်၍တည်ပါသည်။

၆၅၇။ (ပ) ဤသုတ်ကို ပဒဝိဂ္ဂဟသံဝဏ္ဏနာနယဖြင့် ဖွင့်ပြခဲ့ပါ။

(ဗျာ) န-ကား ပဋိသေဓဇောတက 'နိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ သိ-သို့ကား ရှဋ္ဌီပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြု ကောင်း။ န နပုံသကာနိ အနပုံသကာနိ။ ဣတ္ထိလိင်၊ ပုလ္လိင်ရ၏။ ဤကား ပဒဝိဂ္ဂဟသံဝဏ္ဏနာ။

၆၅၈။ (ပ) ဤသုတ်သည် ၄-ပါးသော သုတ်တို့တွင် အဘယ်သုတ် ဖြစ်ပါသနည်း။

(ဗျာ) ချာသအလို- ပဋိသေဓဝိဓိသုတ်။ နိဒ္ဒေသအလိုကား– ပရိဘာသာသုတ်ဖြစ်ပါသည်။

မှတ်ချက်။ ။ထိုတွင် ချာသအလို- ယုတ္တတရမှတ်။

၆၅၉။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ဣတ္ထိလိင်၊ ပုလ္လိင်၊ ရတ္တာဒိ၊ နဒါဒိ၊ ဂဟာပတာဒိ၊ ဤ-ဦ-ကာရန္တ။

---

၇၅ ။ဥဘာဒိတော နမိန္နံ

၆၆၀။ (ပ) ဤသုတ်သည် သဗ္ဗနာမ်အရာ၌ စီရင်အပ်သောသုတ် ဖြစ်ရကား အထက် တတိယာကဏ္ဍသို့ ရောက်မှ ဟည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) နောက်သုတ်သို့ နံ-ဟူသော ကာရိလိုက်စေလိုသောကြောင့် ဤ၌ တည်ပါသည်။

၆၆၁။ (ပ) ဤသုတ်၌ အာဒိ သဒ္ဒါဖြင့် အဘယ်ကို ယူရ မည်နည်း။ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) အာဒိသဒ္ဒါ၏ ပကာရ အနက်ဖြစ်သောကြောင့် ဥဘသဒ္ဒါ နှင့် အက္ခရာနှစ်လုံးအဖြစ်ဖြင့် တူသော ဒုဝိ-စသော သဒ္ဒါကို ယူရမည်။

၆၆၂။ (ပ) ဤ၌ ဥဘပုဒ်သည် မူလပုဒ်လော။ ဝိကာရ ပုဒ်လော၊ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၆၆၈။ ( ပ ) ဤသုတ် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဗျာ) ပုလ္လိင်၊ နပုလ္လိင်၊ ဂဏဝိမုတ္တ၊ ဧကာရန္တ၌ စီရင်သည်။

---

## ၃၇။ ယောသု ကတနိကာရလောပေသု ဒီဃံ

၆၆၉။ ( ပ ) ကစ္စာဒိ-စသော သုတ်ကြီးဖြင့်ပင် ဒီဃ အပြု ပြီးသင့်ရကား ဤသုတ်ကို မတည်သင့်သည်မဟုတ်ပါလော၊ အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။ တနည်း-ဃာပယော စ ယောနံလောပေါ-သုတ်၏ အခြားမဲ့၌ ယောပုဒ် အလိုက်ခံ၍ ကတနိကာရလောပေသု ဒီဃံ-မျှသာ တည်က ပြီးလျက် အဘယ့်ကြောင့် ယောသု သဒ္ဒါဖြင့် အထူးပြု၍ ဤ၌ တည်ပါသနည်း။
(ဗျာ) ဒီဃအပြု မြဲသည်၏ အဖြစ်ကို ပြလိုသောကြောင့်၊ ဝါ-နိစ္စဝိဓိကို ပြလိုသောကြောင့် ထပ်၍ တည်ပါသည်။ တနည်း-ဤ၌ ယောသု ဖြင့် အထူးပြု၍ တည်ပါသည်။

၆၇၀။ ( ပ ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယတို့၏အရကို ပြခဲ့ပါ။
(ဗျာ) နိမိတ်ကား နိ-ပြုပြီးသော ယော၊ ကျေပြီးသော ယောဝိဘတ်တို့တည်း။ ကာရီကား ရဿသရ ၃-လုံး၊ ကာရိယကား အာ-ဤ-ဦ-ဒီဃ ၃-လုံးတို့တည်း။

၆၇၁။ ( ပ ) ဝုတ္တိဝယ် သရာ-မျှသာဖွင့်ပြက ဒီဃံ-ဟူသော သဒ္ဒန္တရိက်ကြောင့် ရဿသရ ၃-လုံးကို သိကောင်းလျက် အဘယ့်ကြောင့် သဗ္ဗေ သရာ-ဟု ဖွင့်ပြပါသနည်း။
(ဗျာ) လိင် ၃-ပါးလုံး၌ဖြစ်သော ရဿသရတို့ကို ရယူစေလိုသောကြောင့် သဗ္ဗေ သရာ-ဟု ဆိုပါသည်။

၆၇၂။ ( ပ ) ဤသုတ် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဗျာ) တိလိင်၊ မနောဂဏာဒိ၊ ဂစ္ဆန္တာဒိ။ ရတ္တာဒိ၊ နဒါဒိ၊ စိတ္တာဒိ၊ အ-ဣ-ဥ-ကာရန္တ။

---

## ၃၈။ သုနံ ဟိသု စ

၆၇၃။ ( ပ ) ဤသုတ်ကို ဝိဘတ္တိ သညာ အစဉ်အားလျော်စွာ ဟိနံ သုစ-ဟု တည်သင့်လျက် အဘယ့်ကြောင့် သုနံ ဟိသုစ-ဟု အစဉ်ဖျက်၍ တည်ပါသနည်း။

(ဖြေ) သုသဒ္ဒါ တခုကျေခြင်းမှ နစ်စေလိုသောကြောင့်၊ ဝါ– သုခုစ္စာရဏဖြစ်စေလိုသောကြောင့် အစဉ်ဖျက်၍ တည်ပါသည်။

၆၇၄။ (ပ) ဒီဃဝိဓိချင်းတူသောကြောင့် အောက်သုတ်နှင့် တပေါင်းတည်း တည်သင့်လျက် မတည်ပဲ အဘယ့်ကြောင့် ခွဲ၍ တည်ပါသနည်း။

(ဖြေ) အောက်သုတ်ကား နိစ္စဝိဓိကို ပြသည်။ ဤသုတ်ကား ဝိဓိ သုံးပါးလုံးကို ပြသည်။ ဤသို့ အနက်ပြားသောကြောင့်၊ တနည်း-သုတ်ပေါ့စေလိုသောကြောင့် ခွဲ၍ တည်ပါသည်။

၆၇၅။ (ပ) ဤသုတ်ကို မတည်သော်လည်း ကွစာဒိသုတ်ဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍တည်ပါသနည်း။

(ဖြေ) သု နံ ဟိ- ဝိဘတ်တို့ နှောင်းရှာ ဝိဓိသုံးပါးကို ပြလိုသောကြောင့် ထပ်၍တည်ပါသည်။

၆၇၆။ (ပ) စဂ္ဂဟဏမဝဓာရဏတ္ထံ-၌ အဘယ် အဝဓာရဏအနက် ဖြစ်ပါသနည်း။

(ဖြေ) တားမြစ်ခြင်း- နိဝတ္တာပနအဝဓာရဏတ္ထ ဖြစ်ပါသည်။

၆၇၇။ (ပ) မြစ်၏ ဟူသော် အဘယ်အရာ၌ အဘယ်ကို မြစ်ပါသနည်း။

(ဖြေ) သု ဟိ ဝိဘတ်တို့နှောင်းရှာ၊ အကာရန္တအရာ၌ ဒီဃဒွပြုကို မြစ်သည်။ (နိဒ္ဒေသအလို။) သု နံ ဟိ– ဝိဘတ်တို့နှောင်းရှာ၊ ဣကာရန္တ ဥကာရန္တအရာတို့၌ ဒီဃပြုကို မြစ်သည်။ (ရှုအလို။)

၆၇၈။ (ပ) ဤသုတ်၌ စသဒ္ဒါဖြင့် ပြအပ်သော ဝိဓိသုံးပါးကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

(ဖြေ) နံ-ဝိဘတ်နှောင်းရှာ ပုရိသာနံ စသော အကာရန္တပြယုဂ်တို့၌ နိစ္စဝိဓိ။ သု၊ ဟိ-ဝိဘတ်တို့နှောင်းရှာ ဘိက္ခူသု၊ ပါဏိဘိ-စသော ဣ-ဥကာရန္တပြယုဂ်တို့၌ အနိစ္စဝိဓိ၊ သု-ဟိဝိဘတ်တို့နှောင်းရှာ သုဓေဝပ္ပသု၊ သခေဏဟိ - စသော အကာရန္တ ပြယုဂ်တို့၌ အသန္တဝိဓိတို့ကို ပြပါသည်။

၆၇၉။ (ပ) ဒီဃချင်းတူသော အောက်သုတ်၊ ဤသုတ် နှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။

(ဖြေ) နိမိတ်အားဖြင့် ထူးကြသည်။ တနည်း-ဝိဓိအားဖြင့် ထူးကြသည်။ တနည်း- ရှေ့ကား ဝိကာရလောပသို့ရောက်ပြီးသော ယော နိမိတ်ကြောင့် ဒီဃပြုသည်။ နောက်ကား ဝိကာရ- စသည်မရောက်သေးသော သု နံ ဟိ-နိမိတ်တို့ကြောင့် ဒီဃပြုသည်။ ဤကား အထူး။

၆၀၀။ ဤသုတ်စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တကိုကို ပြခဲ့ပါ။

(ဖြေ) တိလိင်၊ မနောဂဏ၊ မနောဂဏာဒိ၊ ပုရိသာဒိ၊ ဂုဏဝန္တာဒိ၊ ပုမာဒိ ဂစ္ဆန္တာဒိ၊ ရာဇာဒိ၊ သတ္တာဒိ၊ ဗြဟ္မာဒိ၊ ပိတ္တာဒိ၊ ကာအားဖြင့် ၁၀ ဂိုဏ်း၊ အာ-ကာ ဥ-ကာရန္တ၌ စီရင်သည်။

---

## ၃၉။ ပဉ္စာဒီနမတ္တံ

၆၀၁။ (ပ) ပဉ္စ-စသော ပယောဂတို့သည် ပကတိရုပ်နှင့် ဝိကတိရုပ် အထူး မရှိပဲလျက် အဘယ့်ကြောင့် ဤသုတ်ကို တည်ပါသနည်း။

(ဖြေ) အထူးမရှိသော်လည်း သုနံ ဟိသု စ၊ သုဟိသွကာရော ဧ-ဟူသော သုတ်တို့၏အစီရင်ကို တားမြစ်လိုသောကြောင့် တည်ပါသည်။

၆၀၂။ (ပ) ဤသုတ်သည် သန္ဓျာအရာ၌ စီရင်ရကား တဒ္ဓိတ်ရောက်မှ တည်သင့်လျက် အဘယ့်ကြောင့် ဤနာမ်ကျမ်း၌ တည်ပါသနည်း။

(ဖြေ) အောက်သုတ်မှ သုနံ ဟိ- နိမိတ် လိုက်စေလိုသောကြောင့် ဤ၌ တည်ပါသည်။

၆၀၃။ (ပ) ဤသုတ်ကို ပဉ္စာနမတ္တံ-မျှမတည်မူ၍ အဘယ့်ကြောင့် ပဉ္စာဒီနမတ္တံ-ဟု တည်ပါသနည်း။

(ဖြေ) အဋ္ဌာရသတိုင်အောင် သင်္ချာသဒ္ဒါတို့ကို ယူစေလိုသောကြောင့် ပဉ္စာဒီနမတ္တံ-ဟု တည်ပါသည်။

၆၀၄။ (ပ) ဤသုတ်၌ အာဒိအရ၊ အာဒိဝန်အရတို့ကို ပြခဲ့ပါ။

(ဖြေ) အာဒိကား ပဉ္စသဒ္ဒါ၊ အာဒိဝန်ကား ဆသင်္ချာမှ အဋ္ဌာရသတိုင်အောင်သော သင်္ချာသဒ္ဒါတည်း။

၆၀၅။ (ပ) ဤသုတ်ကို ပဉ္စာဒီနမ- မျှသာတည်က လိုအပ်သောအတ္တပြီးသင့်လျက် အဘယ့်ကြောင့် ပဉ္စာဒီနမတ္တံ-ဟု ဘာဝတ္တ 'တ္တ'နှစ်လုံး ပစ္စည်းဖြင့် အထူးပြု၍တည်ပါသနည်း။

(ဖြေ) စတသ္သန္နံ-စသော ပယောဂတို့၌ 'ယာ' ဒွေဘော်လာခြင်းနှင့် တကွ ဥ-အက္ခရာ၏ အ-အပြုကို သိစေလိုသောကြောင့် (စာကိုယ်အလို။) တနည်း- ဆာရတ္တံ-စသော ပယောဂတို့၌ နောက်ဗျည်းကြောင့် ဆသင်္ချာ၏အစိတ်သရ၏ ဒီဃအဖြစ်ကို သိစေလိုသောကြောင့် (သုတ်နက်အလို။) ပဉ္စာဒီနမတ္တံ-ဟု တည်ပါသည်။

၆၇၆။ (ပ) အောက်— နေ့ာစ ဒွါဒိကော- သုတ်လာ စ- သဒ္ဒါဖြင့် ပင်စတာသန္တ-စသော ပြယုဂ်များ ပြီးသင့်သည်မဟုတ်လော။ အဘယ့်ကြောင့် ဤသုတ် ဘာဝနိဒ္ဒေသဖြင့် ပြီးစေပြန်ပါသနည်း။
(ဖြေ) ဤသုတ် ဘာဝနိဒ္ဒေသဖြင့်လည်း ပြီးသေး၏ဟူသော စိန္တာမယဉာဏ် ထက်သန်စေလိုသောကြောင့် ထပ်၍ပြီးပြန်ပါသည်။

၆၇၇။ (ပ) ဤသုတ်စီရင်အပ်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဖြေ) အလိင်၊ ဇါ-တိလိင်၊ ဂဏမိုပုတ္တ၊ အကာရန္တ၌ စီရင်ပါသည်။

---

## ၄၀။ ပတိဿိနိမှို

၆၇၈။ (ပ) ဤသုတ်လာ ပတိသဒ္ဒါသည် ဣတ္ထိလိင်ကို ဟောသောကြောင့် ဧတိမာသမိ—သုတ်ကဲ့သို့ ပကာယိနိမှို—ဟု ဣတ္ထိလိင်ရုပ်နှင့် တည်သင့်လျက် အဘယ့်ကြောင့် ပတိဿိနိမှို- ဟု ပုလ္လိင်ရုပ်နှင့် သုတ်တည်သနည်း။
(ဖြေ) ဣ-အက္ခရာ၏ အ-အပြုဟူသောကာရိယကိုငဲ့၍ ပတိဿိနိမှို-ဟု တည်ပါသည်။တနည်း-ပတိသဒ္ဒါသည် သဒ္ဒပဒတ္ထကဖြစ်သောကြောင့် ပုလ္လိင်ကို ဟောရကား လိင်အားလျော်စွာ တိဿိနိမှိုဟု တည်ပါသည်။

၆၇၉ (ပ) ဤသုတ်ကို တပါးသောဌာန၌ မတည်ပဲ အဘယ့်ကြောင့် ဤဌာန၌ တည်ပါသနည်း။
(ဖြေ) အောက်သုတ်မှ အတ္တပုဒ် အလိုက်ခံလိုသောကြောင့် ဤ၌ တည်ပါသည်။

၆၈၀။ (ပ) ဤသုတ်စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာ ရန္တတို့ကို ပြခဲ့ပါ။
(ဖြေ) ဣတ္ထိလိင်၊ ဂဟပတာဒိဂဏ၊ ဣကာရန္တ၌ စီရင်သည်။

---

## ၄၁။ န္တုဿန္တော ယောသု စ

၆၈၁။ (ပ) န္တုဿ—ဟု ဆဋ္ဌီကာရိုဖြင့် ကျန်ရှိသောကြောင့် အဝိတ်က သိအပ်ကောင်းသည် မဟုတ်လော၊ အဘယ့်ကြောင့် အန္တဟူ၍ နှင့် န္တုဿန္တော ယောသု စ-ဟု တည်ပါသည်။

(ဗျာ) န္တုပစ္စည်း၌ ရှိခါ အစိတ်ပြုရ၏။ ရှိခါ အလုံးစုံကို ပြု၏—ဟူသောအနက်ကို သိစေလိုသောကြောင့် (နျာအလို။) ဒေချိုပြုယုဂ်၌ အစိတ်ဥသရ၏ အ-အပြု ယောဝိဘတ်၏ ဠ-အပြုကို သိစေလိုသောကြောင့် (ရူပသဒ္ဒိ၊ ဝုတ္တိဆရာအလို။) န္တုသန္တော ယောသုစ-ဟု တည်ပါသည်။

၆၉၂။ (ပ) တုသန္တော-ဟု သံယုဂ်ကင်းလျက် မဆိုမူ၍ အဘယ့်ကြောင့် န္တုသာန္တော-ဟု နသံယုဂ်နှင့်တကွ ဆိုပါသနည်း။

(ဗျာ) ပစ္စည်း၏ အစိတ်ဖြစ်သောကြောင့် န္တုသန္တော-ဟု နသံယုဂ်နှင့်တကွ ဆိုပါသည်။

၆၉၃။ (ပ) အောက်-ယောသုဂ-တနိကာရ-စသောသုတ်မှ ယောသုပုဒ် အလိုက်ခံ၍ န္တုသန္တောစမျှသာတည်က ပြီးသင့်လျက် အဘယ့်ကြောင့် န္တုသန္တော ယောသု စ-ဟု တည်ပါသနည်း။

(ဗျာ) သနိုဟိသု စ-သုတ်မှ သနိုဟိ-နိမိတ်ဖြင့် သတ်ပြီးဖြစ်ရကား ယောနိမိတ်မလိုက်ဟုဖြစ်သော ယုံမှားခြင်းကို နှစ်စေလိုသောကြောင့် န္တုသန္တော ယောသု စ-ဟု တည်ပါသည်။

၆၉၄။ (ပ) ဤသုတ်လာ စသဒ္ဒါသည် ဝုတ္တ-စသော သမုစ္စယတို့တွင် အဘယ်သမုစ္စယ ဖြစ်ပါသနည်း။

(ဗျာ) ရှေ့၌ ဆိုခဲ့ပြီသော သနိုဟိတို့ကိုရင်း၊ သုတ်၌ မဆိုရသေးသော အံ နာ သ္မာ သ္မိံ-ဝိဘတ်တို့ကိုရင်း ဆည်းရကား ဝုတ္တာဝုတ္တသမုစ္စယဖြစ်ပါသည်။

၆၉၅။ (ပ) ဝုတ္တိဝယ် အဋ္ဌေသု ဝစနေသု—၌ အညာပဒါနှ အညအရတို့ သရုပ်ကို ပြခဲ့ပါ။

(ဗျာ) အညာပဒါနှကား ယောဝိဘတ်နှစ်လုံးတည်း။ အည အရကား အံ နာ သ္မာ သ္မိံ-ဝိဘတ်လေးလုံးတည်း။

၆၉၆။ (ပ) ဤသုတ် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ပုလ္လိင်၊ နပုလ္လိင်၊ ဂုဏဝါဒိဂဏ၊ အ-ဣ-ဥ-ဦ-ဩ-ကာရန္တ။

---

## ၄၂။ သဗ္ဗဿ ဝါ အံသေသု

၆၉၇။ (ပ) အောက်သုတ်မှ န္တုဿ-ဟူသော ကာရိလိုက်သောကြောင့် အံသေသုဂါ-မျှ တည်က ပြီးလျက် အဘယ့်ကြောင့် သဗ္ဗဿ ဝါ အံသေသုဟု တည်ပါသနည်း။

(ဗျာ) အန္တသဒ္ဒါကိုနှစ်စေလိုသောကြောင့် သဗ္ဗသဝ္ဝါဒ်ခံသသုဟု တည်ပါသည်။

မှတ်ချက်။ ။အဝယဝါဒေသ၏ အခြားမဲ့၌ သဗ္ဗာဒေသ စီရင်လို သော် သဗ္ဗသဒ္ဒါဖြင့်အထူးပြု၍ သုတ်တည်မြဲဖြစ်ပေ၏။

၆၉၈။ (ပ) ဤသုတ်၌ ဝါသဒ္ဒါ အဘယ် အတ္ထ၌ ဖြစ်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) ဒွိရုပ်မျှကိုသာ ပြသောကြောင့် ဝိကပ် အနက်ဖြစ်ပါသည်။ (ချာသ အလို။) သတိမန္တု၊ ဗန္ဓုမန္တုပုဒ်မှ တပါးသော ပုဒ်တို့၌ အ-အပြု မဖြစ်သင့်သောကြောင့် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါ သည်။ (ရူ အလို။)

မှတ်ချက်။ ။ရူအလို-သတိမန္တု၊ ဗန္ဓုမန္တု-ပုဒ်တို့၌ အနိစ္စဝိဓိ၊ ၎င်း ပုဒ်မှ တပါးသော ပုဒ်တို့၌ အသန္တဝိဓိကို ပြလိုသည်။

၆၉၉။ (ပ) ဤသုတ်ဖြင့် န္တုပစ္စည်း အ-ပြုရမည်ဆိုသော် အဘယ် န္တုကို အ-ပြုရမည်နည်း၊ အမှတ်မထင်သော န္တုပစ္စည်းကို ပြုရမည်လော။

(ဗျာ) အံ သဝိဘတ်တို့ကြောင့် မန္တုပစ္စည်း တခုကိုသာ အ-ပြုရပါ သည်။ န္တုပစ္စည်းဟူသမျှ မပြုရပါ။

၇၀၀။ (ပ) အောက်သုတ်လာ-န္တုအရ၊ ဤသုတ်လာ န္တုအရ ထူးခြားပုံ ကို ပြခဲ့ပါ။

(ဗျာ) အောက်သုတ်ကား ဝန္တု၊ တဝန္တု၊ မန္တု၊ ဣမန္တု-ဟူသော လေးပစ္စည်းကို ရပါသည်။ ဤသုတ်ကား မန္တု တပစ္စည်းသာ ရပါသည်။ ဤကား အထူး။

၇၀၁။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ပုလ္လိင်၊ နပုလ္လိင်၊ ဂုဏဝ ဒိဂဏ၊ ဣ-ဥ-ကာရန္တတို့၌ စီရင် ပါသည်။

---

## ၅၃။ သိမှိဝါ

၇၀၂။ (ပ) အောက်သုတ်မှ ဝါသဒ္ဒါအလိုက်၍ သိမှိ-ဟု တည်က ပြီးလျက် အဘယ့်ကြောင့် ဝါသဒ္ဒါ ထပ်၍ ဆိုပြန်သနည်း။

(ဗျာ) ဝါသဒ္ဒါအလိုက်ခံက သမ္ဗသဒ္ဒါလည်း လိုက်မည်ဖြစ်ရကား တိုသမ္ဗသဒ္ဒါကို နှစ်စေလိုသောကြောင့် (ဗျာသ၊ နိဒ္ဒေသ အလို။) ပါဓဝန္တမှ-တပါးသော သဒ္ဒါတို့၌ အ-အာဒေသကို နှစ်စေလိုသော ကြောင့် (ဂ္ဂ အလို၊) ဝါသဒ္ဒါကို ကပ်၍ ဆိုပါသည်။

၇၀၃။ (ပ) ဤသုတ်ဖြင့် အ-ပြုရမည် ဟူသော် ဂါထာ၊ စုဏ္ဏိယ၊ နှစ်ဌာန တွင် အဘယ်၌ ပြုရမည်နည်း။ ဂါထာ၌ ဖြစ်သင့်သော နာမ်၏ဆရ သရုပ် ကိုလည်း ထုတ်ခဲ့ပါ။

(ဗျာ) ဂါထာအရာ၌သာ ပြုရမည်။ ဝန္တုပစ္စည်းတပါးသော ရ၏။

မှတ်ချက်။ ။ဆိုခဲ့ပြီးသော ဝိဘာဇ္ဇနာများကို ကြည့်ရှု၍ သုတ် သံ့ထုကိုသ လာသော နာ၊ ၃-ပါးတို့၏ အထူးကို သိရမည်။

၇၀၄။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဗျာ) ပုလ္လိင်၊ ဂုဏဝါဒိ၊ အ-ကာရန္တ၌ စီရင်သည်။

---

## ၄၄။ အဂ္ဂိဿိနိ

၇၀၅။ (ပ) ဤသုတ်သည် ဣနိ-ပြုဟူသော ဒွယ်ကွရ ကာရိယဖြစ်သော ကြောင့် မိမိနှင့်သဘောတူသော မာတုလာဒိနမာနတ္တမိကာရေ-သုတ်၏ ရှေ့နောက်ဌာနတို့၌ တည်သင့်လျက် အဘယ့်ကြောင့် အ-အပြုကို စီရင် သော သုတ်တို့၏အကြား၌ တည်ပါသနည်း။

(ဗျာ) သိမ္မိ-နိမိတ်လိုက်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် (ဗျာအလို။) သိမ္မိဝါသဒ္ဒါ လိုက်သည်၏ အဖြစ်ကို သိစေလိုသော ကြောင့် (နိဒ္ဒေသအလို။) ဤ၌ တည်ပါသည်။

၇၀၆။ (ပ) ဣနိ-အာဒေသသည် အဂ္ဂိသဒ္ဒါ၏ အစိတ်ကိုသာ ပြုသည် ကော်၊ ဂိနိ-စသော ပြယုဂ်တို့၌ ဂိ အစိတ်ကိုလည်း ပြုရကား အဂ္ဂိဿိနိ-ဟု ဝိဒသော မတည်သနည်း။ အဘယ့်ကြောင့် ဝိသော တည်ပါသနည်း။
(ဗျာ) ဣနိ-ဟူသော ပေဒဂပိဘာဂဖြင့် အလုံးစုံသော ဝိဘတ် နောင်ရှိ ဂိ၏အစိတ် ဣ-ကို ဣနိ-ပြု ဟူသော အတ္ထကို ပြလိုသော ကြောင့် ဝိဘသာ တည်ပါသည်။

၇၀၇။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဗျာ) ပုလ္လိင်၊ ရတ္တာဒိဂဏ၊ ဣ-ကာရန္တ၌ စီရင်ပါသည်။

## ၄၅။ ယောသဒ္ဒကတရသော ဓျော

၇၀၈။ (ပ) န္တုဿနေ္တာ ယောသု စ-သုတ်မှ ယောသု – အလိုက်ခံ၍ အကတရသော ဓျော-မျှသာ တည်က ပြီ·လျ ၁် အဘယ့်ကြောင့် အလိုက်မခံပဲ သုဘ် ာည်ပါသနည်း။

(ဗျာ) သဗ္ဗဿ ဝါ-သုဘ်မှ အံ့သာသု နိမိတ်သတ်၍ ယောသုနိမိတ် သေပြီးသောကြောင့် ယောသု-နိမိတ်နှစ်ဓါဟု ဖြစ်သော သံသယကို ပယ်လိုသောကြောင့် အလိုက်မခံပဲ တည်ပါသည်။

၇၀၉။ (ပ) ကတရသောပုဒ် အကတရသောပုဒ်တို့ကို ဝိဂ္ဂဟပြု၍ အရ ကောက်ပြပါ။

(ဗျာ) ကတော ရသော ယဿာတိ ကတရသော၊ (စတုတ္ထီဗဟုဗ္ဗီဟိ သမာသဝိဂ္ဂဟ။) အရကား ဒဏ္ဍီနော-စသော ဝိကတိဖြစ်သော ဓျသည ဣသရကို ရ၏။ န ကတရသော အကတရသော၊ (ဥဘောတပ္ပုရိသ သမာသဝိဂ္ဂဟ) အရကား အဂ္ဂယော-စသော ပကတိဖြစ်သော ဓျသည ဣသရကို ရ၏။

မှတ်ချက်။　။ဒင်းတို့ဖြင့် ဓျသည ဣသရ၏ ပကတိ၊ ဝိကတိအားဖြင့် ဒင်း၊ ကတရသာ၊ အကတရသာအားဖြင့်ဒင်း နှစ်ပါး ပြားသင့်သည်ကို သိရမည်။

၇၁၀။ (ပ) ဤသုတ်၌ ရသောအရ အ-ဣ-ဥ-သုံးပါးတွင် အဘယ်ကို ယူရမည်နည်း။ အထောက်ပြ၍ ဖြေပါ။

(ဗျာ) ဓျော-ဟူသော သဒ္ဒန္တရိက်ထောက်၍ ဣသရကိုသာ ယူရမည်။

မှတ်ချက်။　။ဒင်းဖြင့် အောက်၌ တွေ့ခဲ့သော ဓါပော နိဂ္ဂဟိတံ ဓျလောပဟိ-စသော သုတ်ဘို့၌ပါသော 'ဓျ'နှင့် ဤသုတ် လာ "ဓျ" အရတို့ ထူးပုံကိုလည်း သိရမည်။

၇၁၁။ (ဂ) ဤသုတ် ခိုင်ခိုင်သော လိင်၊ ဂဏ၊ ပကတိသာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ပုလ္လိင်၊ ရတ္တာဒိဂဏ၊ ဣကာရန္တ၊

## ၃၆။ ဝေဝေါ်သု လော စ

၇၁၂။ (ပ) အောက်-သံသာသွေကဝစနေသု စ - သုတ်ကဲ့သို့ ဝေဝေါ တို့သည် ဝိဘတ္တာဒေသဖြစ်သောကြောင့် ဝေဝေါသု ယောသု လောစ-ဟု ဝိသေသနနှင့်တကွ တည်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ဝေဝေါသု လောစ-ဟု ဝိသေသန ရဟိတ တည်ပါသနည်း။

(ဗျာ) ယောဝိဘတ်မှ တပါးသောဝိဘတ်တို့၌ ဝေဝေါအာဒေသ မရှိရကား လျှဉ်းပါးခြင်း၏မဖြစ်သင့်သောကြောင့် ဝေဝေါသုလောစ-ဟု တည်ပါသည်။

၇၁၃။ (ပ) ဤသုတ်ကို တပါးသောနေရာ၌ မတည်မူ၍ အဘယ့်ကြောင့် ဤနေရာ၌ တည်ပါသနည်း။

(ဗျာ) အတ္တာဒေသ ဝိဓိသုတ်တို့ကို တပေါင်းတည်း ပြလိုသောကြောင့် ဤ၌ တည်ပါသည်။

၇၁၄။ (ပ) ဤသုတ်လာ စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) အနုကစ္စနတ္ထ- နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် အတ္တသဒ္ဒါကို ငင်ပါသည်။ (ន្យាသအလို။) တနည်း— သမုစ္စယတ္ထ၊ ဘိက္ခုန၊ ဘိက္ခုသာ စသောပြယုဂ်တို့၌ အကတရဿ လသည ဥ-၏ အ-အပြုကို ဆည်းပါသည်။ (စူဠ-နိရုတ္တိအလို။)

၇၁၅။ (ပ) ကတရဿ လ၊ အကတရဿ လ- နှစ်ပါးတို့၏ ထူးခြားပုံကို ပြခဲ့ပါ။

(ဗျာ) ရှေ့ကား ပတတိဥကာရန္တ၊ နောက်၌ကား ပကတိဥကာရန္တ၊ ဤသို့ ထူး၏။

၇၁၆။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ပုလ္လိင်၊ ရတ္တာဒိဂဏ၊ ဥကာရန္တ။

---

## ၃၇။ မာတုလာဒီနမာနတ္တမီကာရေ

၇၁၇။ (ပ) ဤသုတ်လာ အာဒိသဒ္ဒါသည် သီမာပကာရ- စသည်တို့တွင် အဘယ်အနက်၌ ဖြစ်ပါသနည်း။

(ဗျာ) အတူဟော ပကာရအနက်၌ ဖြစ်ပါသည်။

၇၁၈။ (ပ) ပကာရ ဟူသော် ဥဘာဒိဟောသုတ်လာ အာဒိသဒ္ဒါကဲ့သို့ အက္ခရာအရေအတွက် တူသည်ကို ယူရမည်လော၊ အဘယ်သို့ တူ၍ အဘယ်သို့သော သဒ္ဒါတို့ကို ယူရမည်နည်း။

(ဖြေ) အက္ခရာ အရေအတွက်အားဖြင့် တူသည်ကို မယူရပါ။ မာတုလသဒ္ဒါနှင့် ဣတ္ထိလိင်အဖြစ်ဖြင့်တူသော အယျက၊ ဝရုဏ-စသော သဒ္ဒါတို့ကို ယူရမည်။ (သံပျင်အလို။) တနည်း— ဤပစ္စည်းမရှိသော် မာတုလသဒ္ဒါနှင့် ပုလ္လိင်ဝါစကအဖြစ်ဖြင့်တူသော အယျက၊ ဝရုဏ-စသော သဒ္ဒါတို့ကို ယူရမည်။ (နိဒ္ဒေသအလို။)

၇၁၉။ (ပ) မာတုလာဒီနမာနမီကာရေ-မျှ သုတ်တည်က လိုအပ်သော အတ္ထပြီးလျက် အဘယ့်ကြောင့် 'တ္တ' နှစ်လုံးဆင့် ပစ္စည်းဖြင့် အထူးပြု၍ မာနတ္တမီကာရေ-ဟု တည်ပါသနည်း။

(ဖြေ) နတ္ထာယောဒ္ဓ ယောဝိဘတ်ကြောင့် နဒီသဒ္ဒါ၏ ဒီ၏ 'ဇ္ဇာ' အပြု။ နဇ္ဇော၊ နဇ္ဇာ၊ နဇ္ဇံ-စသော ပြယုဂ်တို့၌ ယော နာ သ သ္မာ သ္မိံ ဝိဘတ်တို့ကြောင့် ယောဝိဘတ်တို့နှင့်တကွ နဒီသဒ္ဒါ၏ ဒီ၏ 'ဇ္ဇော' အပြု၊ နာ သ သ္မာ-ဝိဘတ်တို့နှင့်တကွ 'ဇ္ဇာ'အပြု၊ သ္မိံ ဝိဘတ်နှင့် တကွ 'ဇ္ဇံ'အပြုတို့ကို သိစေလိုသောကြောင့် ဘာဝတ္ထ'တ္တ'ပစ္စည်းဖြင့် အထူးပြု၍ တည်ပါသည်။

၇၂၀။ (ပ) သုတ်မှာ 'တ္တ'ပစ္စည်းကိုသာ လျှဉ်းပါးလိုပါလျက် အဘယ့် ကြောင့် ဝုတ္တိမှာ အာနတ္တဂ္ဂဟဏေန-ဟု ဆိုပါသနည်း။ တ္တဂ္ဂဟဏေန မျှသာ ဆိုသင့်သည် မဟုတ်ပါလော။

(ဖြေ) အာနယ ဘာဝေါ အာနတ္တံ-ဟု တဒ္ဓိတ်ဖြစ်ရကား အာနနှင့် တ္တ-မပြားသောကြောင့် အဘိန္နနည်း၏ အစွမ်းဖြင့် အာနတ္တဂ္ဂဟ ဏေန-ဟု ဆိုပါသည်။

၇၂၁။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကာကိကာရန္တတို့ကို ပြခဲ့ပါ။

(ဖြေ) ဣတ္ထိလိင်၊ နဒါဒိဂဏ၊ အကာရန္တ၌ စီရင်သည်။

---

## ၄၈။ သ္မာ ဟိ သ္မိံနံ မှာဘိမှိဝါ

၇၂၂။ (ပ) ဤသုတ်ကို ဝိဘတ်စဉ်အတိုင်း ဟိ သ္မာ သ္မိံနံ မှာဘိမှိ ဝါ-ဟု မတည်ပဲ အဘယ့်ကြောင့် အစဉ်ဖျက်၍ တည်ပါသနည်း။

(ဖြေ) အထက် ဓီသောရေဟိ-သုတ်သို့ သ္မာ-ဝိဘတ် လိုက်စေလို သောကြောင့် အစဉ်ဖျက်၍ တည်ပါသည်။

၇၂၃။ (ပ) ဤသုတ်လာ ဝါ-သဒ္ဒါသည် အဘယ်အနက် ဖြစ်သင့်ပါသနည်း။ အထောက်ပြ၍ ဖြေပါ။

(ဗျာ) ပုရိသမှာ၊ ပုရိသသ္မာ-စသော ဥဒါဟရုဏ်ဘို့ကို ထောက်၍ ဝိကပ်အနက် ဖြစ်သင့်ပါသည်။

၇၂၄။ (ပ) အဘယ့်ကြောင့် စတုတ္ထီ၌ သမ္ပဒာန-ဟု ဖွင့်ဆိုကြနည်း။

(ဗျာ) လိင်သုံးပါးကို ယူစေလိုသောကြောင့် (ဝဏ္ဏနာ၊ သဒ္ဒနီတိ အလို။) အလုံးစုံသော ဝိဘတ်ပစ္စည်းတို့သည် လိင်နှောင်သော ဖြစ်ကုန်၏ဟု သိစေလိုသောကြောင့် (နိဒ္ဒေသအလို။) သမ္ပဒာနဟု ဖွင့်ပြပါသည်။

မှတ်ချက်။ ။နိဒ္ဒေသအလို-သမ္ပဒာန လိင်တောအရ ပုံလ္လိင်၊ နပုလ္လိင်ကိုသာ ယူပြီးလျှင်-သပ္ပဒေသ သမ္ပဒါနဒ္ဒါဟု နိုင်၏။ ကတ္တိဘိ-စသည်ဖြင့် ကတ္တိလိင်အစီရင်သည်မှင်တွေ့ည်း။

၇၂၅။ (ပ) ဝုတ္တိပါဠ်လာ ယထာသင်္ချ ၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

(ဗျာ) သ္မာ-ဝိဘတ်ကို မှာ၊ သ္မိံ-ဝိဘတ်ကို မှိ၊ ဟိ-ဝိဘတ်ကို ဘိ-ပြုရမည်ဟူလို။

၇၂၆။ (ပ) မှာ မှိ ဘိ-ကာရိယာတို့ ဖြစ်သင့်သော လိင်၊ ဂဏ၊ ကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) မှာ မှိနှစ်ပါးကား ပုလ္လိင်၊ နပုလ္လိင်၊ ကညာဒိ၊ နဒါဒိ၊ ဂဟပတာဒိဂဏမှ ကြွင်း ၁၀-ဂိုဏ်း၊ အ-အာ၊ ဣ-ဤ၊ ဥ-ဦ-ဩ—ကာရန္တအားဖြင့် ၇-ပါးတို့၌ စီရင်သည်။ (မှတ်ချက်။ ဂုဏ်ထာ အရာ အချို့သော ကာဂဏန္တဘုက္တိလိင်အရာ၌ မှာ မှိ-အပြုဖြစ်သေး၏။) ဘိ-အပြုကား လိင်-၃-ပါး၊ ဂိုဏ်း-၁၃-ပါး၊ ကာရန္တ ၇-ပါးတို့၌ စီရင်၏။

---

၄၉။ န တိမေဟိ ကတာကာရေဟိ

၇၂၇။ (ပ) ဤသုတ်သို့ သ္မာ သ္မိံ-သာလိုက်၍ ကာရိချင်းတူသော ဟိဝိဘတ် အဘယ့်ကြောင့် မလိုက်လာပါသနည်း။

(ဗျာ) ဟိဝိဘတ်နှောင်းရာ သဗ္ဗနာမ်၏ အ-အာဒေသ မရှိသင့်သောကြောင့် မလိုက်လာပါ။

၇၂၈။ (ပ) ကတ္တာကာရပုဒ်ကို ဝိဂ္ဂဟပြု၍ အရကောက်ပြခဲ့ပါ။
(ဗျာ) ကတော အကာရော ယဿာတိ ကတ္တာကာရော (စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ဝိဂ္ဂဟ်)ပြုအပ်ပြီးသော အ-အက္ခရာရှိသော တ၊ က္ကမ-သဗ္ဗနာမ်သဒ္ဒါတို့ရ၏။

၇၂၉။ (ပ) ကတ္တာကာရ–အရ ပြုအပ်ပြီးသော အ-အက္ခရာရှိသော တ၊ ကူမ- သဗ္ဗနာမ်တို့ကိုယူ၍ အဘယ်သုတ်တို့ဖြင့် ပြုစီရင်ထားသော အ-အက္ခရာရှိသောတ၊ ကူမ- သဗ္ဗနာမ်တို့ကို ယူရမည်နည်း၊ အမှတ်မရှိ ယူရမည်လော။
(ဗျာ) သ သွာ သို့ သံသာသွတ္တံ၊ ကူမသဒ္ဒဿစ–နှစ်သုတ်တို့ဖြင့် အ–အပြုစီရင်ထားသော တ၊ ကုမ-သဗ္ဗနာမ်သဒ္ဒါတို့ကိုသာ ယူရမည်။

၇၃၀။ (ပ) ဤသုတ်သည် သုတ်ငယ်ပါးတွင် အဘယ်သုတ် ဖြစ်ပါသနည်း၊ အကြောင်းပြ၍ဖြေပါ။
(ဗျာ) တ၊ ကူမ- သဗ္ဗနာမ်အရာ၌ မှာ မို အာဒေသကို ဖြစ်ရကား ပဋိသေဓဝိဓိသုတ်ဖြစ်ပါသည်။

---

၅၀။ သုဟိသ္မကာရော ဧ

၇၃၁။ (ပ) ဝိဘတ္တိက္ကမအားလျော်စွာ ဟိသုသ္မကာရော ဧ-ဟု မတည်ပဲ အဘယ့်ကြောင့် သုဟိသ္မကာရော ဧ ဟု တည်ပါသနည်း။
(ဗျာ) သုသဒ္ဒါတလုံးကျခြင်းမှ နစ်စေလိုသောကြောင့် ဝါ ရွတ်လွယ်စေလိုသောကြောင့် သုဟိသ္မကာရော ဧ ဟု တည်ပါသည်။

၇၃၂။ (ပ) သုဟိသ္မ ဧ-ဟု သုတ်တည်က ပြီးသင့်လျက် အဘယ့်ကြောင့် ကာရသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။
(ဗျာ) ကာရသဒ္ဒါလွန်ဖြင့် ဥဘောသု၊ ဥဘောဟိ-စသော ၂ ပယောဂတို့၌ သု၊ ဟိ-ဝိဘတ်တို့နှောင်းရာ အဓိပ္ပါယ်ပြုကို သိစေလိုသောကြောင့် ကာရသဒ္ဒါဖြင့် အထူးပြု၍တည်ပါသည်။

၇၃၃ (ပ) ဤ၌ အကာရော- ဟု သာမည်ဆိုသောကြောင့် အ-အက္ခရာဟူသမျှ ယူရမည်လော၊ အဘယ် 'အ'ကို ယူရမည်နည်း။
(ဗျာ) သာမည ဆိုသော်လည်း အဓိပ္ပာယကရဏ အားလျော်စွာ လိင်၏အစိတ် အ-အက္ခရာကိုသာ ယူရမည်။

၇၃၄။ (ပ) ဤသုတ်စီရင်သော လက္ခဏ၊ ပကတိကာဝရူပတို့ကို ပြပါ။

(ဗျာ) ပုလ္လိင်၊ နပုလ္လိင်၊ မနေ့ာဂဏ၊ မနောဂဏာဒိဂဏ၊ ပုရိသာဒိ၊ ဂုဏဝါဒ်၊ ပုမာဒိ၊ ဂစ္ဆန္တာဒိ၊ ရာဇာဒိ၊ သတ္ထာဒိ၊ စိတ္တာဒိဂဏ- ဟူ၍ ၉-ဂိုဏ်း၊ အ-ဥ-ကာရန္တ။

---

## ၅၁။ သဗ္ဗနာမာနံ နမ္ဟိ စ

၇၃၅။ (ပ) ဤသုတ်သည် သဗ္ဗနာမ်အရာ၌ စီရင်ရကား အထက်တတိယကဏ္ဍမောက်မှ တည်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) အောက်သုတ်မှ အကာရော ဧ-ဟူသော ကာရိ၊ ကာရိယတို့ကို အလိုက်ခံလိုသောကြောင့်၊ တနည်း- ဧ- ပြုသောဝိဓိတို့ကို ပေါင်း၍ ပြလိုသောကြောင့် ဤ၌ တည်ပါသည်။

၇၃၆။ (ပ) ဤသုတ်၌ စသဒ္ဒါ အဘယ်အတ္ထဖြစ်သင့်ပါသနည်း။

(ဗျာ) အနုကစ္စနတ္ထ။ (ချာ,နီအလို၊)သမုစ္စယတ္ထ။ (သုတ်နက်အလို။)

၇၃၇။ (ပ) အဘယ်ကိုင်၍ အဘယ်အတ္ထကို ဆည်းသနည်း။ ထင်ရှားအောင် ဖြေပြပါ။

(ဗျာ) နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် ဧ-ဟူသော ကာရိယကို ငင်ပါသည်။ အဇမသံ၊ အနမသာနံ- စသော ပြယုဂ်တို့၌ ဥ-သရ၏ ဧ-အပြုကို ဆည်းပါသည်။

၇၃၈။ (ပ) ဤသုတ်သည် အဘယ်သဗ္ဗနာမ်၌ စီရင်ပါသနည်း။အကြောင်း ပြ၍ဖြေပါ။

(ဗျာ) အကာရောပုဒ်လိုက်သောကြောင့် အကာရန္တသဗ္ဗနာမ်၌သာ စီရင်ပါသည်။

၇၃၉။ (ပ) သဗ္ဗနာမ်ဟူရာ၌ တိလိင်ဖြစ်ရကား ဤသုတ်ဖြင့် လိင်သုံးပါးလုံးပင် စီရင်နိုင်မည်လော။ အကြောင်းပြ၍ဖြေပါ။

(ဗျာ) ဝုတ္တိ၌ အကာရော- ဟုဆိုသောကြောင့် ပုလ္လိင်၊ နပုလ္လိင်- ၂-ပါး၌သာ စီရင်ပါသည်။

၇၄၀။ (ပ)ဤသုတ်ဝယ် နံမှိတိ ကိမတ္ထံ- စသော ပါဠိရပ်တို့သည် ပါဌ်ဟောင်းဟုတ်မဟုတ် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) ချာသာ၊ နိဒ္ဒေသတို့၌ မဖွင့်သင့်ကြသောကြောင့် ပါဌ်ဟောင်းမဟုတ်ပါ။ နောက်ဆရာများထည့်သော ပါဌ်ဟုမှတ်။

## ၅၂။ အဟော နေန

၇၄၁။ (ပ) သုဟိသ္ဒကာရော ဧ-သုတ်မှ အကာရောပုဒ်အလိုက် ခံ၍ နေန မျှသာ တည်က ပြီးလျက် အဘယ့်ကြောင့် အတော နေန-ဟု တည်ပါသနည်း။

(ဖြေ) ကာရိကို နစ်စေလိုသောကြောင့် ဝါ-နိမိတ်၏အဖြင်ကို အလိုရှိသောကြောင့် အလိုက်မခံပဲ အတောနေန-ဟု တည်ပါသည်။

၇၄၂။ (ပ) ဤသုတ်လာ အတောပုဒ်ကို ဝိဂ္ဂဟပြု၍ အရ ကောက်ပြခဲ့ပါ။

(ဖြေ) အကာရော တေဿ အတ္ထိတိ အကော-အဿတ္ထိတဒ္ဓိတ်ဝိဂ္ဂဟ်။ အကာရန္တလိင်ကို ရ၏။

၇၄၃။ (ပ) ဤသုတ် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဖြေ) ပုလ္လိင်၊ နပုလ္လိင်၊ မနောဂဏ၊ မနောဂဏာဒိ၊ ပုရိသာဒိ၊ ဂုဏဝါဒိ၊ ပုမာဒိ၊ ဂစ္ဆန္တာဒိ၊ ရာဇာဒိ၊ စိတ္တာဒိဂဏ၊ အကာရန္တ။

---

## ၅၃။ သော

၇၄၄။ (ပ) ဤ 'သော' ဟူသော သုတ်သည် ပဒစ္ဆေဒသံဝဏ္ဏနာနည်းအားဖြင့် ဘယ်နှစ်ပုဒ်ရှိသော သုတ်ဖြစ်ပါသနည်း။

(ဖြေ) သိဿ — သြ — သော သမာသပဒဖြစ်၍ တပုဒ်သာ ရှိ၏။ (နျာ အလို။) သိ+သြ-ဟု ပဒစ္ဆေဒပြု၍ နှစ်ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။ (ရူ အလို။)

၇၄၅။ (ပ) ၎င်း ဆရာနှစ်ပါးတို့၏ အလိုကျအောင် သုတ်ကို ပဒတ္ထသံဝဏ္ဏနာ ပြုပြပါ။

(ဖြေ) သော၊ သိဝိဘတ်၏ သြအပြုသည်။ ဟောတိ၊ ဖြစ်၏။ (နျာ အလိုကျ။) သိ၊ သိဝိဘတ်၏။ သြ၊ သြအပြုသည်။ ဟောတိ၊ ဖြစ်၏။ (ရူ အလိုကျ။)

၇၄၆။ (ပ) ဤသုတ်၌-သိသဒ္ဒါသည် သာမညဖြစ်ရကား အဘယ့်ကြောင့် သိဝိဘတ်ဟု ဆိုနိုင်ပါသနည်း။

(ဖြေ) ဝိဘတ္တိကာရိယကို စီရင်သောအရာဖြစ်သောကြောင့်၊ တနည်း-တတောစ ဝိဘတ္တိယောသုတ်မှ ဝိဘတ္တိသဒ္ဒါလိုက်သောကြောင့် ဝိဘတ်ဟု ဆိုနိုင်ပါသည်။

၇၄၇။ (ပ) ဤ၌ သိ-ဟူသော ယောဂဝိဘာဂ၊ ဩ-ဟူသော ယောဂဝိဘာဂတို့ဖြင့် စီရင်ကြသော အနက်များကို ဥဒါဟရဏ်နှင့် တကွ ပြခဲ့ပါ။

(ဖြေ) သိ-ဟူသော ယောဂဝိဘာဂဖြင့် လိင်သုံးပါးတို့ နောင် သိ-ဝိဘတ်၏ ဧ-အပြု၊ အကာရန္တနောင် သိ-ဝိဘတ်၏ အ-အပြု၊ သိ-ဝိဘတ်၏ ဩ-အပြုတို့ကို စီရင်ပါသည်။ ကောသိယာယနေ၊ သသိလဝါ၊ ယဒေါနိဒါနံ-တို့ကား အစဉ်အတိုင်း ဥဒါဟရဏ်တည်း။ ဩ-ဟူသော ယောဂဝိဘာဂဖြင့် အကာရန္တနောင် အာလုပ် သိ-ဝိဘတ်၊ အာလုပ် ယော-ဝိဘတ်တို့၏ ဩ-အပြုကို စီရင်ပါသည်။ ဟာယျော၊ ဟေမောင်၊ အမောင်တို့။ ဤကား ဥဒါဟရဏ်တည်း။

၇၄၈။ (ပ) ပုရိသာဒိဂိုဏ်း၏ လက္ခဏာနှင့် ဖြစ်သင့်သော သဒ္ဒါမျိုးကို ပြခဲ့ပါ။

(ဖြေ) သော-ဟူသော ဤသုတ်ဖြင့် သိ-ဝိဘတ်ကို ဩ-ပြု၍ပြီးခြင်း သည်ပင် လက္ခဏာ၊ အကာရန္တ သဒ္ဒါမျိုးတို့ ဖြစ်ပါသည်။

၇၄၉။ (ပ) ဤသုတ် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဖြေ) ပုလ္လိင်၊ မနောဂဏ၊ မနောဂဏာဒိ၊ ပုရိသာဒိဂဏ၊ အကာရန္တ။

---

## ၅၄။ သော ဝါ

၇၅၀။ ဤသုတ်ကို အတော မနေ-သုတ်၏ အခြားမဲ့၌ မတည်မူ၍ အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဖြေ) သော-ဟူသော သုတ်၏ နိစ္စဝိဓိ၏အဖြစ်ကို သိစေလိုသောကြောင့် ဤ၌ တည်ပါသည်။

၇၅၁။ (ပ) ဤသုတ်ရှိ ဝါသဒ္ဒါ၏ ဖြစ်သင့်သော အနက်ကို ပြခဲ့ပါ။

(ဖြေ) ဝဝတ္ထိတဝိဘာသာတ္ထ၊ တနည်း-သမုစ္စယတ္ထ ဖြစ်သင့်ပါသည်။

၇၅၂။ (ပ) သမုစ္စယဟူသော် အဘယ်ပယောဂဝယ် အဘယ် အတ္ထကို ဆည်းပါသနည်း။

(ဖြေ) မနတုသော၊ ယောနိသော-စသော ပြယုဂ်တို့၏ ဩကာရန္တ၊ ဥကာရန္တလိင်တို့နောင် နာဝိဘတ်၏ သော-အပြုဟူသော အနက်ကို ဆည်းပါသည်။

မှတ်ချက်။ ။ဤသုတ်ကို ရူပသိဒ္ဓိ၌ မဖွင့်ပြ။

## ၅၅။ ဒိသော်ရေဟိ

၇၅၃။ ( ပ ) ဤသုတ်ကို သွာ ဟိ သို့ နံ မှာဘိမှိ ဝါ၊ နတိမေဟိ ကတာ ကာရေဟိ-သုတ်တို့၏ အခြားမဲ့၌ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။
(ဖြေ) သောဝါ-သုတ်မှ သောပုဒ်၊ ဝါပုဒ်တို့ အလိုက်ခံလိုသော ကြောင့်၊ တနည်း-သောပြုသော ဝိဓိတို့ကို တပေါင်းတည်း ပြလိုသော ကြောင့် ဤ၌ တည်ပါသည်။

၇၅၄။ ( ပ ) ဤသုတ်၌ သွာဝိဘတ်သည် အဘယ်သုတ်မှ အဘယ်အစွမ်းဖြင့် လိုက်လာပါသနည်း။
(ဖြေ ) သွာ ဟိ သို့ နံ မှာဘိမှိ ဝါ-သုတ်မှ မဏ္ဍူကဂတိကနယ အစွမ်းဖြင့် လိုက်လာပါသည်။

၇၅၅။ ( ပ ) ၎င်းသုတ်မှ လိုက်လာသည်၏ အဖြစ်ကို အဘယ့်ကြောင့် သိပါသနည်း။
(ဖြေ) ဟိ သွာ သို့-စသည်ဖြင့် မတည်ပဲ သွာ ဟိ သို့-စသည်ဖြင့် အစဉ်ဖျက်၍ သုတ်တည်သောကြောင့် သိပါသည်။

၇၅၆။ ( ပ ) သောဝါ-သုတ်၏ ဝုတ္တိ၌ ရှိသော နာဝိဘတ် လိုက်သင့် လျက် အဘယ့်ကြောင့် မလိုက်ပါသနည်း။
**(ဖြေ) ဤသုတ်၌ နာဝိဘတ်ကို အလိုမရှိသောကြောင့် မလိုက်ပါ။**

---

## ၅၆။ သဗ္ဗယောနီနမာ ဧ

၇၅၇။ ( ပ ) ဤသုတ်ကို ယောနီနမာ ဧ-မျှသာ တည်က ပြီးသင့်ပါလျက် အဘယ့်ကြောင့် သဗ္ဗသဒ္ဒါနှင့်တကွ သဗ္ဗယောနီနမာ ဧ-ဟု တည်ပါ သနည်း။
(ဖြေ) နှစ်လုံးသော ပဌမာ ယောဝိဘတ်၊ ဒုတိယာ ယောဝိဘတ်၊ နှစ်လုံးသော ပဌမာယော၏ နီ၊ ဒုတိယာယော၏ နီ- အပြုတို့ကို ယူ သည်၏ အဖြစ်ကို သိစေလိုသောကြောင့် သဗ္ဗယောနီနမာ ဧ- ဟု တည်သည်။

၇၅၈။ ( ပ ) ဤသုတ်သာ ယထာ သချ်၏ အဒိပ္ပာယ်ကို ပြပါ။
(ဖြေ) ပဌမာယော ကိုရင်း၊ ပဌမာယော၏ အာဒေသ နီ ကိုရင်း မာပြုရမည်၊ ဒုတိယာယောကိုရင်း၊ ဒုတိယာယော၏ အာဒေသ နီကိုရင်း ဧပြုရမည်ဟူလို။

၇၅၉။ (ပ) ဤသုတ်ဖြင့် ယော-ဝိဘတ်၊ နိ-အက္ခရာတို့ကို အာ-ဧ-ပြုရမည်ဆိုသော် အဘယ်နေ့ာင်နေ့ာင်းသော ယော-နိ တို့ကို အာ-ဧ-ပြုရမည်နည်း။

(ဗျာ) ပုလ္လိင်အကာရန္တနောင်ရှိသော ပဌမာယော ဝိဘတ်ကို အာပြုရမည်။ နပုလ္လိင်အကာရန္တနောင်ရှိသော ပဌမာယော၏ နိအာဒေသကို အာပြုရမည်။ ပုလ္လိင်အကာရန္တနောင်ရှိသော ဒုတိယာယောဝိဘတ်ကို ဧပြုရမည်။နပုလ္လိင်အကာရန္တနောင်ရှိသော ဒုတိယာယော၏ နိအာဒေသကို ဧပြုရမည်။

၇၆၀။ (ပ) ဤသုတ်၌ လိုက်သော ဝါသဒ္ဒါသည် အဘယ်အနက်ရှိ၍ အဘယ်ဝိဓိကို ပြပါသနည်း။

(ဗျာ) ဝဝတ္ထိတဝိဘာသာ အနက်ရှိ၍ ဝိဓိသုံးပါးလုံးကို ပြပါသည်။

၇၆၁။ (ပ) ဝါသဒ္ဒါဖြင့် ပြအပ်သော ဝိဓိသုံးပါးကို ပြယုဂ်ဖြင့် ပိုင်းခြားခဲ့ပါ။

(ဗျာ) ပုရိသာ၊ ပုရိသေ-စသော ပုလ္လိင် အကာရန္တတို့၌ နိစ္စဝိဓိ။ ရူပါ၊ ရူပါနိ-စသော နပုလ္လိင် အကာရန္တတို့၌ အနိစ္စဝိဓိ။ အဂ္ဂယော-စသော ဈသညာကို အ-ပြုပြီးသော ပြယုဂ်တို့၌ အသန္တဝိဓိ။

---

## ၅၇။ သ္မာ သ္မိံနံ ဝါ

၇၆၂။ (ပ) အဘယ့်ကြောင့် ဤသုတ်ကို ဤနေရာ၌ တည်ပါသနည်း။ တပါးသောနေရာ၌ တည်သင့်သည် မဟုတ်လော။

(ဗျာ) အာ—ဧ-ကာရိယ လိုက်စေလိုသောကြောင့် ဝါ၊အာ-ဧ-အာဒေသတို့ကို တပေါင်းတည်း ပြလိုသောကြောင့် ဤ၌ တည်ပါသည်။

၇၆၃။ (ပ) အောက်-သော ဝါ-သုတ်မှ ဝါသဒ္ဒါ လိုက်သင့်လျက် အဘယ့်ကြောင့် ဝါသဒ္ဒါအသစ် ဆိုပြန်သနည်း။

(ဗျာ) လိုက်အပ်သော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိရကား ထိုကိုနှစ်စေလိုသောကြောင့် (နိဒ္ဒေသအလို။) အာ-ဧ-ကာရိယကို ငဲ့လိုသောကြောင့် (ဉာသအလို။) ဝါသဒ္ဒါကို ဆိုပြန်ပါသည်။

၇၆၄။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဝါသဒ္ဒါ၏အနက်ကို ပြခဲ့ပါ။
(ဖြေ) နိဒ္ဒေသအလို· ဝိကပ္ပနတ္ထ၊ နျာသအလို· အနုဂစ္ဆနတ္ထ ဖြစ်သင့်ပါသည်။

---

### ၅၈။ အာယ စတုတ္ထေကဝစနဿ တု

၇၆၅။ (ပ) အာယ– ဟူသော ကာရိယသည် ပဌမန္တဖြစ်ရကား အာယော စတုတ္ထေ· စသည်ဖြင့် တည်သင့်လျက် အာယဲ့ကြောင့် အာယ စတုတ္ထေ·စသည်ဖြင့် တည်ပါသနည်း။
(ဖြေ) ဝါစာသိလိဋ္ဌ၊ သုခုစ္စာရဏဖြစ်စေလိုသောကြောင့် အဝိဘတ္တိက နိဒ္ဒေသအားဖြင့် အာယစတုတ္ထေ–စသည်ဖြင့် တည်ပါသည်။

၇၆၆။ (ပ) ဤသုတ်၌ ကာရိယသည် သဝိဘတ်ဖြစ်သောကြောင့် အာယသော တု·ဟု တည်က ပြီးကောင်းလျက် အဘယ့်ကြောင့် အာယ စတု–တ္ထကဝစနဿ တု·ဟု စတုတ္ထီသဒ္ဒါ၊ ဧကဝစနသဒ္ဒါတို့ဖြင့် အထူးပြု၍ တည်ပါသနည်း။
(ဖြေ) ဆဋ္ဌီသဝိဘတ်ကို နစ်စေလိုသောကြောင့် စတုတ္ထီသဒ္ဒါ၊ စတုတ္ထီဗဟုဝုစ်ဝိဘတ်ကို နစ်စေလိုသောကြောင့် ဧကဝစနသဒ္ဒါတို့ဖြင့် အထူးပြု၍ သုတ်တည်ပါသည်။

၇၆၇။ (ပ) ဤသုတ်ကို အာယ စတုတ္ထေကဝစနဿ– မျှသာ တည်က ပြီးသင့်လျက် အဘယ့်ကြောင့် တုသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။
(ဖြေ) အတ္တတ္ထ–စသောပြယုဂ်၌ ‘တ္ထ’ ပုဒ်ကို ဆည်းလိုသောကြောင့် တုသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၇၆၈။ (ပ) ဝုတ္တိဝယ် တဂ္ဂဟဏေန တ္ထံ ဟောတိ·မျှသာ ဖွင့်ပဲ အဘယ်အကျိုး ငှါ တုဂ္ဂဟဏေန တ္ထဉ္စ ဟောတိ– ဟု ဖွင့်ပြပါသနည်း။
(ဖြေ) ကိမတ္ထံ·စသော ပြယုဂ်တို့၌ အတ္ထံ·ပုဒ်ဟူသော အနက်ကို ဆည်းခြင်းအကျိုးငှါ စ–သဒ္ဒါနှင့်တကွ တ္ထဉ္စ ဟောတိ ဟု ဖွင့်ပြပါသည်။

၇၆၉။ (ပ) ဤသုတ်ဖြင့် အာယပြုမည်ဆိုသော် စတုတ္ထီ သဟူသမျှကိုပင် ပြုရအံ့လော၊ အဘယ်သို့သော စတုတ္ထီသကို ပြုရမည်နည်း။

(ဖြေ) ဂတျတ္ထကမ္မနိစေဝ၊ နယနတ္ထာ ဂမ္မနိ။
ဝိဘင်္ဂယာ ဝိပလ္လာသေ၊ တာဒတ္ထေစာတိ နိဒ္ဒိသေ–

ဟူသော နိတိနှင့်အညီ ၁—ဂတိအနက်ရှိသော ဓာတ်တို့၏ ကံအနက်၌ သက်သော စတုတ္ထီ သ။ ၂—နယနအနက်ရှိသော ဓာတ်တို့၏ ကံ အနက်၌ သက်သော စတုတ္ထီ သ။ ၃—ဝိဘတ်ပြန်သောအရာ၌ သက် သော စတုတ္ထီ သ။ ၄—တာဒတ္ထသမ္ပဒါန်၌ သက်သော စတုတ္ထီ သ။ ဤ ၄-ဌာနတို့၌ ဖြစ်သော စတုတ္ထီ သ ဝိဘတ်ကိုသာ အာယပြုရ မည်ဟု မှတ်။

## ၅၉။ တဗေယျာ နေဝ စ သဗ္ဗနာမေဟိ

၇၇၀။ (ပ) ဤသုတ်၌ အဘယ့်ကြောင့် ဝေသဒ္ဒါနှင့်တကွ သုတ်တည်ပါ သနည်း။ ဝေသဒ္ဒါမပါသော်လည်း ပြီးသင့်သည်ပင် မဟုတ်လော။
(ဗျာ) အာ ဧ အာယာဒေသတို့ကို မြစ်၍ ဆိုသော်လည်း အခါ ခပ်သိမ်း မြစ်သည်မဟုတ်ဟု သိစေလိုသောကြောင့်၊ တနည်း— ယောနိ သဒ္ဒါကို နှစ်စေလိုသောကြောင့် ဝေသဒ္ဒါနှင့်တကွ တည်ပါသည်။

၇၇၁။ (ပ) ဤသုတ်၌ ဝေသဒ္ဒါ၊ စသဒ္ဒါတို့သည် အဘယ်အနက် ရှိကြပါ သနည်း။
(ဗျာ) ဝေသဒ္ဒါသည် နိပါတ္တာပန အဝဓာရဏအနက်ရှိ၏။ စသဒ္ဒါ ကား အနုကဍ္ဎနအနက် ရှိပါသည်။ (ဉာသ၊ နိဒ္ဒေသအလို။) တနည်း— စသဒ္ဒါ-အဝဓာရဏတ္ထ။ (ရူအလို။)

၇၇၂။ (ပ) အနုကဍ္ဎနဟူသော် အဘယ့်ကြောင့် အဘယ်ကို ငင်ယူပါ သနည်း။
(ဗျာ) အထက်သို့ မလိုက်စေလိုသောကြောင့် အတော-ပုဒ်ကို ငင် ယူပါသည်။ (ဉာအလို။) ယောနိတို့ကို နှစ်စေလိုသောကြောင့် သမ္မာ သိမ္မံ-ပုဒ်ကို ငင်ယူပါသည်။ (နိဒ္ဒေသ အလို။)

၇၇၃။ (ပ) အာဝဓာရဏတ္ထ ဝေသဒ္ဒါ၏ ဂဟေတဗ္ဗ-စသော အနက် သုံးပါးကို ခွဲဝေပြပါ။
(ဗျာ) အကာရန္တသဗ္ဗနာမ်၌ အာ ဧ အာယာဒေသကို တားမြစ် ခြင်းသည် ဂဟေတဗ္ဗ၊ အကာရန္တသဗ္ဗနာမ်၌ အာ ဧ အာယာဒေသကို မတားမြစ်ခြင်းသည် နိဝတ္တေတဗ္ဗ၊ အာ ဧ- အာယာဒေသတို့မှ တပါးသော မှာ မှိ-စသော အာဒေသတို့ကို တားမြစ်ရခြင်းသည် အနုညာတ။

၇၇၄။ (ပ) ဤသုတ်သည် ဝိဓိသုံးပါးတွင် အဘယ်ဝိဓိဖြစ်ပါသနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ဈာသ နိဒ္ဒေသအလို- အဝခါရဏတ္ထ ဝေသဒ္ဒါကို ဆိုသောကြောင့်၊ ရူပသိဒ္ဓိအလို- အဝခါရဏတ္ထ စသဒ္ဒါကို ဆိုသောကြောင့် အနိစ္စဝိဓိ ဖြစ်ပါသည်။

---

## ၆၀။ ဃတော နာဒိန်

၇၇၅။ (ပ) ဤသုတ်ကို တပါးသောဌာန၌ မတည်မူ၍ အဘယ့်ကြောင့် ဤဌာန၌ တည်ပါသနည်း။

(ဖြေ) အာယ စတုတ္ထေကဝစနဿ တု-သုတ်မှ အာယပုဒ်၊ ကေ ဝစနပုဒ်တို့ အလိုက်ခံယူလိုသောကြောင့် ဤဌာန၌ တည်ပါသည်။

၇၇၆။ (ပ) ဤသုတ်၌ အာဒိအရ၊ အာဒိဝန္တအရ သရုပ်ပြခဲ့ပါ။

(ဖြေ) အာဒိအရကား နာဝိဘတ်၊ အာဒိဝန္တအရကား သ၊ သ္မာ၊ သ၊ သ္မိံ-ဝိဘတ်တို့တည်း။

၇၇၇။ (ပ) ဤသုတ်ပါ အာဒိသဒ္ဒါ၏ ဖြစ်သင့်သော အတ္ထ၊ အတ္ထာကာရ တို့ကို ပြခဲ့ပါ။

(ဖြေ) အတူပေါ ပကာရတ္ထ နာဝိဘတ်နှင့် ကေဝုစ်အဖြစ်ဖြင့် တူရမည် ဟူလို။

၇၇၈။ (ပ) အောက်သုတ်၌ ကာရိယသုံးပါး လိုက်သောကြောင့် ဤ သုတ်သို့လည်း သုံးပါးလုံးပင် လိုက်သင့်သည် မဟုတ်ပါလော။ အဘယ့် ကြောင့် အာယ-သာ လိုက်ပါသနည်း။

(ဖြေ) အာယ စတုတ္ထေကဝစနဿတုသုတ်မှ ကေဝစနသဒ္ဒါ ဤ သုတ်သို့ လိုက်သောကြောင့် ၎င်း၏ကာရိယ ဖြစ်သင့်သော အာယ- သာ လိုက်ပါသည်။

၇၇၉။ (ပ) ဝုတ္တိဝယ် ဃတော နာဒိနံ-စသည်ဖြင့် ဖွင့်ပြက မြီးသင့်လျက် အဘယ့်ကြောင့် တသွာ သဒ္ဒါနှင့် ပသွာ ဃတော-ဟု ဖွင့်ပြပါ သနည်း။

(ဖြေ) ဤသုတ်၌ ဃ ဟူသည် အခြားမဟုတ်၊ အာဃော-သုတ်ဖြင့် မှည့်အပ်ပြီးသော ယညာရှိသော ဃ-ပါတည်းဟု သိစေလိုသော ကြောင့် တသွာ သဒ္ဒါနှင့် ဖွင့်ပြပါသည်။

## ၆၁။ ပစတော ယာ

၇၀၀။ ( ပ ) အတ္တိယာ၊ ဟေတုယာ-စသော ပြယုဂ်တို့၌ ဈ-လတို့နောင်လည်း နာ-စသော ဝိဘတ်တို့၏ ယာအပြုဖြစ်သင့်သောကြောင့် ဈ-လပတောယာ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ပတော ယာ-ဟုသာ တည်ပါသနည်း။

(ဗျာ) ဈလနောင် ယာဒေသကား အပ္ပကသာ၊ ပနောင် ယာဒေသကား ယေဘုယျ၊ ဤသို့ ယေဘုယျဖြစ်သောကြောင့် ပတော ယာ-ဟုသာ တည်ပါသည်။

၇၀၁။ ( ပ ) ဈလတို့နောင် ယာဒေသကိုကား အဘယ်သုတ်ဖြင့် စီရင်ရမည်နည်း။

(ဗျာ) ဤ ပတော ယာသုတ်၌ ယာ ဟူသော ယောဂဝိဘာဂဖြင့် စီရင်ရမည်။

---

## ၆၂။ သခါတော ဂဿေ ဝါ

၇၀၂။ ( ပ ) သသဒ္ဒါသည် အကာရန္တဖြစ်သည် မဟုတ်လော၊ ၎င်းအကာရန္တ အားလျော်စွာ သခတော ဂဿေဝါ-ဟု တည်သင့်လျက် အဘယ့်ကြောင့် သခါတော-ဟု အာကာရန္တနှင့် တည်ပါသနည်း။

(ဗျာ) ရွတ်လွယ်စေလိုသောကြောင့် ဒီဃပြု၍ သခါတော ဂဿေဝါ ဟု တည်ပါသည်။

မှတ်ချက်။ ။အချို့ စာအုပ်မှာ သခတော-ဟု ရှိဘတ်၏။ ဒီဃနှင့်ရှိမှ အသင့်ဟု မှတ်။

၇၀၃။ ( ပ ) ကာရိယ အားလျော်စွာ သခါတော ဂဿ အ-အာ-ဣ-ဤ-ဧဝါ-ဟု တည်သင့်လျက် အဘယ်အစွမ်းဖြင့် သခါတော ဂဿေဝါ-ဟု တည်ပါသနည်း။

(ဗျာ) အစ အာစ ဣစ ဤစ ဧတိ ဧ-ဟူသော ဧကသိက် အစွမ်းဖြင့်၎င်း၊ တနည်း—ကို အ အာ ဣ ဤ ဧ-ဟု ပဒစ္ဆေဒပြု၍ ရှေ့သရ လေးလုံးကို တပြိုင်နက်ချေသော သန္ဓိ၏ အစွမ်းဖြင့်၎င်း သခါတော ဂဿေဝါ-ဟု တည်ပါသည်။

၇၀၄။ ( ပ ) ဤသုတ်ရှိ ဝါသဒ္ဒါ၏ဖြစ်သင့်သော အနက်ကို ပြခဲ့ပါ။

(ဖြေ) နိဝတ္တာပနအဝဓာရဏတ္ထ။ (နျာသ အလို။) သမုစ္စယတ္ထ။ (ရူပ·နီ အလို။)

၇၁၅။ (ပ) အဘယ်ကို နှစ်စေပြီး အဘယ်ကိုဆည်းပါသနည်း။ ဥဒါဟရဏ် ပါပြခဲ့ပါ။

(ဖြေ) ပဓာနသဒ္ဒါကို နှစ်စေပါသည်။ သခသဒ္ဒါမှ တပါးသော သဒ္ဒါနောင်၌လည်း အချို့ ပြယုဂ်တို့၌ ဧ-ဣပြုဖြစ်၏ ဟူသော အနက်ကို ဆည်းပါသည်။ ဘဒ္ဒန္တေ၊ ဣသေ·စသည်တည်း။

---

## ၆၃။ ဃတေ စ

၇၁၆။ (ပ) အောက်သုတ်မှ ဧ-ဟူသော ကာရိယ အလိုက်ခံ၍ ဃတော စ·တည်သင့်လျက် အဘယ့်ကြောင့် ဃတေစ·ဟု တည်ပါသနည်း။

(ဖြေ) မမှုကြွင်းသော အ အာ ဣ ဤ-ဟူသော ကာရိယတို့ကို နှစ်စေလိုသောကြောင့် ဃတေ စ·ဟု အလိုက်မခံပဲ တည်ပါသည်။

၇၁၇။ (ပ) ဤသုတ်၌ စသဒ္ဒါ အဘယ်အနက် ရှိပါသနည်း။

(ဖြေ) ဝုတ္တိ အလို-သန္နိဋ္ဌာန အဝဓာရဏတ္ထ။ နျာသ အလို-နိဝတ္တာပနအဝဓာရဏတ္ထ။ နိဒ္ဒေသ၊ ဝဏ္ဏနာ အလို-သမုစ္စယတ္ထ—အနက် ဖြစ်ပါသည်။

၇၁၈။ (ပ) သမုစ္စယဟူသော် အဘယ်ပယောဂဝယ် အဘယ် အတ္ထကို ဆည်းပါသနည်း။

(ဖြေ) သေဋ္ဌိဓီတ၊ ရာဇဓီတေ-စသော ပြယုဂ်တို့၌ ပနောင်မှလည်း ဂသညသိ၏ ဧပြုဟူသော အနက်ကို ဆည်းပါသည်။

---

## ၆၄။ န အမ္မာဒိတော

၇၁၉။ (ပ) အဘယ်သုတ်၏ အစိအရင်ကို မြစ်ခြင်းငှာ ဤသုတ်ကို တည်ပါသနည်း။

(ဖြေ) ဃတေ စ သုတ်၏ အစိအရင်ကို မြစ်ခြင်းငှာ တည်ပါသည်။

၇၂၀။ (ပ) ဤသုတ်၌ အာဒိ အရ၊ အာဒိဝန္တ အရ၊ အာဒိ သဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) အာဒိ အရကား အမ္ဗသဒ္ဒါ၊ အာဒိဝဏ္ဏကား အနံ့၊ အမ္ဗ၊ တာတ-စသော သဒ္ဒါတို့ ရ၏။ ပကာရတ္ထ အနက်ရှိ၏။ အမ္ဗသဒ္ဒါသည် အမိကိုဟောသကဲ့သို့ အမိဟောသဒ္ဒါအဖြစ်ဖြင့် တူရမည် ဟူလို။

၇၉၁။ (ပ) အောက်ပါ သုတ်တို့၌ လာသော အာဒိသဒ္ဒါတို့၏ ပကာရတ္ထ ထူးခြားပုံကို ပြပါ။ (က) ဥဘာဒိတောနမိန္န၊ (ခ) မာတုလာဒီနမာနတ္တမီကာရေ၊ (ဂ) ဃတောနာဒီနံ၊ (ဃ) န အမ္ဗာဒိတော။

(ဖြေ) (က) အက္ခရာအရေအတွက်တူသော သဒ္ဒါတို့ကို ပြသည်။ (ခ) ဣတ္ထိလိင်္ဂဝါစက အဖြစ်ဖြင့် တူသောသဒ္ဒါတို့ကို ပြသည်။ (ဂ) ကောဝစနအဖြစ်ဖြင့် တူသောသဒ္ဒါတို့ကို ပြသည်။ (ဃ) မာတုဝါစက အဖြစ်ဖြင့် တူသောသဒ္ဒါတို့ကို ပြသည်။

---

## ၆၅။ အကတရဿာ လတော ယွာလပနဿ ဝေဝေါ

၇၉၂။ (ပ) ဤသုတ်ကို ယောသွကတရဿော ဈော၊ ဝေဝေါသုလော စ-သုတ်တို့၏ အခြားမဲ့၌ အကတရဿပုဒ်၊ လတောပုဒ်တို့ အလိုက်ခံ၍ ယွာလပနဿ ဝေဝေါ-မျှ တည်က ပြီးသင့်သည် မဟုတ်လော။ အဘယ့်ကြောင့် ဤ၌ အလိုက်မခံမူ၍ တည်ပါသနည်း။

(ဖြေ) ထိုသုတ်တို့၏ အခြားမဲ့မှာ တည်သော် မာတုလာဒီနမာနတ္တမီကာရေ-သုတ်သို့ ၎င်းသဒ္ဒါများလိုက်မည်ဖြစ်ရကား ထိုကို နှစ်စေလိုသောကြောင့် ဤ၌ တည်ပါသည်။

၇၉၃။ ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယအရတို့ကို ထုတ်ပြခဲ့ပါ။

(ဖြေ) နိမိတ်ကား အကတရဿ-လ၊ ကာရီကား အာလုပ် ယော ဝိဘတ်၊ ကာရိယကား ဝေ၊ ဝေါ-တို့တည်း။

၇၉၄။ (ပ) ဤ၌ လတောအရ ဥ၊ ဦ-နှစ်ပါးတွင် အဘယ်ကို ယူရမည်နည်း။ အထောက်ပြ၍ ဖြေပါ။

(ဖြေ) အကတရဿော--ဟု ကစ္စည်းဆရာမိန့်သည်ကို ထောက်၍ ပကတိဥကာရန္တလ-ကို ယူရမည်။

## ၆၆။ ဈလတော သဿ နော ဝါ

၇၉၅။ (ပ) အောက်သုတ်မှ လတောပုဒ်အလိုက်ခံရ၍ ဈတော သဿ နော ဝါ-ဟု တည်က ပြီးသင့်လျက် အဘယ့်ကြောင့် ဈလတော သဿ နော ဝါ-ဟု တည်သနည်း။

(ဗျာ) လတောပုဒ်အလိုက်ခံက အကာရန္တပုဒ်လည်း လိုက်မည်ဖြစ်ရကား ထိုကို နှစ်စေလိုသောကြောင့် အလိုက်မခံပဲ သုတ်တည်ပါသည်။

၇၉၆။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဝါသဒ္ဒါ၏အတ္ထကို အထောက်ပြ၍ ဖြေပါ။

(ဗျာ) အဂ္ဂိနော၊ အဂ္ဂိဿ-ဟူသော ဒွိရူပဥဒါဟရဏ်ကို ထောက်၍ ဝိကပ္ပနတ္ထ ဖြစ်ပါသည်။

၇၉၇။ (ပ) ယောသွကတရဿော ဈော၊ ဝေဝေါသု လော စ-သုတ်ဘို့၌ ဈလ။ ဤသုတ်၌-ဈလတို့၏ ထူးခြားပုံကို ပြခဲ့ပါ။

(ဗျာ) ရှေ့သုတ်တို့၌-ဈလကား ဣကာရန္တ-ဥကာရန္တ၊ ဤသုတ်-ဈလကား ဣဝဏ္ဏ-ဥဝဏ္ဏ၊ တနည်း—ရှေ့ ဈလကား ကာရီ၊ နောက် ဈလကား နိမိတ်-ဤသို့ ထူးကြ၏။

---

## ၆၇။ ဃပတော စ ယောနံ လောပေါ

၇၉၈။ (ပ) ဤသုတ်၌-စသဒ္ဒါသည် အဘယ့်ကြောင့် အဘယ်ကို ငင်ယူပါသနည်း။

(ဗျာ) မလိုက်နိုင်သောကြောင့် အောက်သုတ်မှ ဈလတောပုဒ်ကို ငင်ယူပါသည်။

၇၉၉။ (ပ) ဈလတောပုဒ် မလိုက်နိုင်ခြင်း၏ အကြောင်းနှင့်တကွ ဤ နေရာ၌ ဤသုတ်တည်ရခြင်း၏ အကြောင်းကို ပြခဲ့ပါ။

(ဗျာ) ဃပတောဟူသော အဝဓိက သတ်လားသောကြောင့် မလိုက် နိုင်ပါ၊ ဈလတောပုဒ် အလိုက်ခံလိုသောကြောင့် ဤနေရာ၌ တည် ပါသည်။

၈၀၀။ (ပ) ဤသုတ်စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) တိလိင်၊ ရတ္တာဒိ၊ ကညာဒိ၊ ပုမာဒိ၊ ဂဏပတာဂိ၊ အာ-ဣ-ဤ-ဥ-ဦ-ကာရန္တ။

## ၆၈။ လတော ဝေါကာရော စ

၀၀၁။ ( ပ ) ဤသုတ်ကို လတောဝေါစ-မျှသာ တည်က လိုအပ်သောအတ္ထပြီးလျက် အဘယ့်ကြောင့် လတော ဝေါကာရောစ-ဟု တည်ပါသနည်း။
(ဗျာ) ယောဝိဘတ်၏ နော အာဒေသကို သိစေလိုသောကြောင့် ကာရသဒ္ဒါနှင့် တည်ပါသည်။

၈၀၂။ ( ပ ) ဤသုတ်ကို အကတရဿ လတော ယွာလပနဿ ဝေဝေါသုတ်၏ အခြားမဲ့၌ လတော ဝေဝေါ-ပုဒ်တို့ အလိုက်ခံ၍ စ-မျှသာ လဟုကပြု၍ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ လတောဝေါကာရောစ-ဟု ဂရုကပြု၍ တည်သနည်း။
(ဗျာ) ၎င်းပုဒ်တို့ အလိုက်ခံက အကတရဿပုဒ်၊ အာလပနပုဒ်တို့လည်း လိုက်မည်ဖြစ်ရကား ထိုကိုနစ်စေလိုသောကြောင့်၎င်း၊ ဝါသဒ္ဒါ အလိုက်ခံလိုသောကြောင့်၎င်း ဤ၌ တည်ပါသည်။

၈၀၃။ ( ပ ) ဤသုတ်၌-စသဒ္ဒါ၊ ဝါသဒ္ဒါတို့၏ ဖြစ်သင့်သော အနက်ကို ပြခဲ့ပါ။
(ဗျာ) စသဒ္ဒါကား နိဝတ္တာပနအဝဓာရဏတ္ထ။ ဝါသဒ္ဒါကား ဝဝတ္ထိတဝိဘာသာတ္ထ။

၈၀၄။ ( ပ ) ဝဝတ္ထိတဝိဘာသာဝါဖြင့် ပြအပ်သော ဝိဓိကို ဥဒါဟရဏ်နှင့်တကွ ပိုင်းခြားခဲ့ပါ။
(ဗျာ) ဘိက္ခု-စသော သဒ္ဒါနောင် ယောဝိဘတ်ကို ဝေါပြုခြင်းသည် နိစ္စဝိဓိ၊ ဟေတု-စသော သဒ္ဒါနောင် ယောဝိဘတ်ကို ဝေါပြုခြင်းသည် အနိစ္စဝိဓိ၊ အမု-စသော သဒ္ဒါနောင် ယောဝိဘတ်ကို ဝေါမပြုရခြင်းသည် အသန္တဝိဓိ။ ဥဒါဟရဏ်ကား ဘိက္ခဝေါ၊ ဟေတဝေါ၊ ဟေတုယော၊ အမူ-စသည်တည်း။

၈၀၅။ ( ပ ) ဝေါပြုသော သုတ် ၂-ပါးတို့၏ အထူးကို ပြခဲ့ပါ။
(ဗျာ) ရှေ့သုတ်ကား အကတရဿ လနောင် အာလုပ်ယောဝိဘတ်ကိုသာ နိစ္စစီရင်သည်။ ဤသုတ်ကား အနိယမ လနောင် အာလုပ်မှတပါးသော ယောဝိဘတ်တို့ကို အနိစ္စအားဖြင့် စီရင်သည်။ ဤကား အထူး။

၈၀၆။ ( ပ ) ဤသုတ် စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဗျ) ပုလ္လိင်၊ ရတ္တာဒိဂဏ၊ ဥ-ဦ-ကာရန္တ၌ စီရင်ပါသည်။

ပဥ္စမပိုင်း ပြီး၏။

* * *

## ၆၉။ အမှသ မမံ သဝိဘတ္တိသ သေ

၀၀၇။ (ဗျာ) ဤသုတ်သည် အမှသဒ္ဒါကို စီရင်သော သုတ်ဖြစ်သောကြောင့် အမှသဒ္ဒါကို စီရင်သောသုတ်တို့နှင့် တပေါင်းတည်း သို့မှ ရသော ဆီစိနီ-စသောသုတ်တို့၏ အခြားမဲ့၌ ဟည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဖြေ) အထက်အထက် သုတ်များသို့ သဝိဘတ္တိသဒ္ဒါ လိုက်စေလို သောကြောင့် ဤ၌ တည်ပါသည်။

၀၀၈။ (ပ) ဤသုတ်၌ သဝိဘတ္တိသာဝယ် ဝိဘတ္တိအရ သာမညဖြစ်ရကား အမှတ်မရှိသော ဝိဘတ်ကို ယူရမည်လော၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) သာမညဖြစ်သော်လည်း သေဟူသော နိမိတ်ကို ဆိုသော ကြောင့် နိမိတ်ဖြစ်သော ဝိဘတ်ကို ယူရမည်။

၀၀၉။ (ပ) သဝိဘတ္တိပုဒ်ကို ပဒဝိဂ္ဂဟသံဝဏ္ဏနာပြု၍ အရကောက်ပြခဲ့ပါ။

(ဖြေ) ဝိဘတ္တိယာ သဟယော ဝတ္တတီတိ သဝိဘတ္တိ၊(ပဌမာဗဟုဗ္ဗီ ဟိသမာသဝိဂ္ဂဟ၊) သဝိဘတ်နှင့်တကွ အမှသဒ္ဒါရ၏။

၀၁၀။ (ပ) ဤသုတ်သည် သဗ္ဗာဒေသ၊ အဝယဝါဒေသသုတ်နှစ်ပါးတွင်၊ တနည်း-ဝိသံအာဒေသ၊ ကေတော အာဒေသ သုတ်နှစ်ပါးတွင် အဘယ် သုတ်များ ဖြစ်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) အမှသဒ္ဒါအလုံးစုံကို ပြုသောကြောင့် သဗ္ဗာဒေသသုတ်၊ အမှသဒ္ဒါနှင့် ဝိဘတ်တို့ကို တပေါင်းတည်း ပြုသောကြောင့် ကေတော အာဒေသသုတ် ဖြစ်ပါသည်။

၀၁၁။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဖြေ) အလိင်၊ ဂဏာဒိမုတ္တ၊ သဗ္ဗနာမ်၊ အကာရန္တ။

မှတ်ချက်။ ။တုမှသဒ္ဒါ၊ အမှသဒ္ဒါကိုစီရင်သောသုတ်ဟူသမျှ ဤနည်း အတိုင်း မှတ်ရမည်။)

---

## ၇၀။ ပယံ ယောမှိ ပဌမေ

၀၁၂။ (ပ) ဤသုတ်သည် အောက်သုတ်နှင့် ကာရိချင်း တူရကား တပေါင်းတည်း တည်သင့်လျက် အဘယ့်ကြောင့်ခွဲ၍ တည်ပါသနည်း။

(ဖြေ) ယောမှိ ပဌမေ-ဟူသောယောဂဝိဘာဂကို ပြလိုသောကြောင့်၊ တနည်း-သုတ်ပေါ်စေလိုသောကြောင့် ခွဲ၍တည်ပါသည်။

၈၁၃။ (ပ) ၎င်း ယောဂဝိဘာဂဖြင့် စီရင်အပ်သော အနက်ကို ပြခဲ့ပါ။
(ဗျာ) အသ္မာ-စသောပြယုဂ်တို့၌ ယောဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ အသ္မာအပြုကို စီရင်ပါသည်။

၈၁၄။ (ဂ) ဤသုတ်လည်း အမှသဒ္ဒါကိုပင် စီရင်ရကား အထက်သို့ ဆောက်မှ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။
(ဗျာ) အထက်သုတ်သို့ ယောမှ ပဌမ သဒ္ဒါတို့ လိုက်စေလိုသောကြောင့် ဤ၌ တည်ပါသည်။

---

## ၇၁။ န္တုဿ န္တော

၈၁၅။ (ပ) န္တုပစ္စည်းကို စီရင်သည့်အားလျော်စွာ န္တုဿန္တော ယောသုစ သုတ်၏အခြားမဲ့၌ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။
(ဗျာ) သဝိဘတ္တိဿ ပုဒ်၊ ယောမှိပဌမေပုဒ်တို့ အလိုက်ခံလိုသောကြောင့် ဤ၌ တည်ပါသည်။

၈၁၆။ (ပ) ဤသုတ်ကို မတည်သော်လည်း န္တုဿန္တော ယောသု စ၊ တတော ယောန မောတု-သုတ်တို့ဖြင့်ပင် ဂုဏဝန္တော ဟူသောပြယုဂ်တို့ ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍တည်ပါသနည်း။
(ဗျာ) သဗ္ဗယောနီနမာဧ-သုတ်၏ အစီအရင်ဖြစ်သော ဧ-အပြုကို နှစ်စေလိုသောကြောင့်၊ တနည်း– ပဌမာယော န္တောင်းရာ န္တောအပြု မြဲ၏ဟု သိစေလိုသောကြောင့် ထပ်၍ တည်ပါသည်။

၈၁၇။ (ပ) ဤသုတ်စီရင်သော လိင်္ဂ၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဗျာ) ပုလ္လိင်၊ နပုလ္လိင်၊ ဂုဏဝါဒိ၊ ဂစ္ဆန္တာဒိ၊ အ-အာ-ဣ-ဥ-ဦ-ဩ ကာရန္တ။

---

## ၇၂။ န္တဿ သေ ဝါ

၈၁၈။ (ပ) ဤသုတ်ကို မတည်သော်လည်း န္တုဿန္တော ယောသု စ–သုတ် စသဒ္ဒါဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။
(ဗျာ) အာယ စတုတ္ထေကဝစနဿတု-သုတ်ဖြင့် သဝိဘတ်၏ အာယာဒေသကို နှစ်စေလိုသောကြောင့် ထပ်၍ တည်ပါသည်။

၈၁၉။ (ပ) ဤသုတ်၌ ဝါသဒ္ဒါ အဘယ်အနက်ရှိ၍ အဘယ်ဝိဓိကိုပြပါသနည်း။
(ဗျာ) ဝိကပ်အနက်ရှိ၍ အနိစ္စဝိဓိကို ပြပါသည်။

---

## ၇၃။ အာ သိမှိ

၈၂၀။ (ပ) အောက်သုတ်မှ ဝါသဒ္ဒါ ဤသုတ်သို့ လိုက်သင့်လျက် အဘယ့်ကြောင့် မလိုက်ပါသနည်း။
(ဗျာ) ဒွိရူပ အနိစ္စဝိဓိ၏ အဖြစ်ကို အလိုမရှိသောကြောင့် မလိုက်ပါ။

၈၂၁။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဗျာ) ပုလ္လိင်၊ ဂုဏဝါဒီ၊ အ-အာ-ဣ-ဥ-ဦ-ဩ-ကာရန္တ။

## ၇၄။ အံ နပုံသကေ

၈၂၂။ (ပ) ဤသုတ်သည် အောက်သုတ်နှင့် ကာရိ တစိတ် နိမိတ်တို့ တူသောကြောင့် ပေါင်း၍ဟည်သင့်လျက် အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။
(ဗျာ) လိင်အထူးကို မှတ်လိုသောကြောင့်၊ ဝါ- လိင်ပြားသောကြောင့်၊ ပါ၊ နိစ္စ၊ အနိစ္စဝိဓိ ပြားသောကြောင့် ခွဲ၍တည်ပါသည်။

၈၂၃။ (ပ) ဤသုတ်သို့ ဝါသဒ္ဒါ လိုက်သင့် မလိုက်သင့် ဆုံးဖြတ်ခဲ့ပါ။
(ဗျာ) သဒ္ဒနီတိ၊ ကစ္စာယနဝဏ္ဏနာအလို ဒွိရူပဖြစ်သင့်သောကြောင့် လိုက်သင့်၏။ ဉျာသ၊ ရူပသိဒ္ဓိ၊ နိဒ္ဒေသတို့အလို ကေဝူပသာ ဖြစ်သင့်သောကြောင့် မလိုက်သင့်ပါ။

၈၂၄။ (ပ) ဂုဏဝါဒီဂိုဏ်း၏ဖြစ်သင့်သောလက္ခဏာကို ပြပြီးလျှင် အဘယ်သဒ္ဒါစုကို ဂုဏဝါဒီဂိုဏ်း သဒ္ဒါစုဟု မှတ်ရမည်နည်း။
(ဗျာ) ပုလ္လိင်ဖြစ်အံ့၊ အောက်သုတ်ဖြင့် သိဝိဘတ်နှင့်တကွ န္တုပစ္စည်းကို အာပြု၍ ပြီးစေခြင်း၊ နပုလ္လိင်ဖြစ်အံ့၊ ဤသုတ်ဖြင့် သိဝိဘတ်နှင့်တကွ န္တုပစ္စည်းကို အံပြု၍ ပြီးစေခြင်းပင် လက္ခဏာတည်းဟုမှတ်။ ဝန္တု၊ တဝန္တု၊ မန္တု၊ ဣမန္တု ပစ္စည်းအဆုံးရှိသော သဒ္ဒါစုကို ဂုဏဝါဒီဂိုဏ်း သဒ္ဒါစုဟု မှတ်ရမည်။

## ၇၅။ အဝဏ္ဏာ စ ဂေ

၀၂၅။ (ပ) ဤသုတ်ကို အဝ ဝဏ္ဏော အဝဏ္ဏော-ဟူသော ဝစနတ္ထ အားလျော်စွာ အဝဏ္ဏော စ ဂေ - ဟု ကေဝစနန္တ တည်သင့်သည် မဟုတ်လော။ အဘယ့်ကြောင့် အဝဏ္ဏာ စ ဂေ-ဟု ဗဟုဝစနန္တ တည်ပါသနည်း။

(ဖြေ) ဝုစ်ပြန်သော ဝစနဝိပလ္လာသ နည်းကို ပြလိုသောကြောင့် အဝဏ္ဏာ စ ဂေ ဟု တည်ပါသည်။

၀၂၆။ (ပ) ဤသုတ်၌ အံ-ဟူသော ကာရိယကို အဘယ့်ကြောင့် စသဒ္ဒါဖြင့် ငင်ရပါသနည်း။ မငင်သော်သည်း လိုက်သင့်သည် မဟုတ်လော။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) အဝဏ္ဏာ-ဟု ကာရိယကို ဆိုသောကြောင့် အံ-မလိုက်နိုင်။ ထို့ကြောင့် ငင်ရပါသည်။

၀၂၇။ (ပ) အာလုပ်အရာ၌ အံ-ကာရိယ သာသနာတော်ကျမ်းမှာရှိ မရှိ၊ သို့မဟုတ် အဘယ်ဆရာများ၏အလို ဖြစ်ပါသနည်း။

(ဖြေ) အံ-ကာရိယ သာသနာတော်ကျမ်းမှာ မရှိပါ။ လောကီသဒ္ဒါဆရာတို့၏အလို ဖြစ်ပါသည်။

၀၂၈။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တကို ပြခဲ့ပါ။

(ဖြေ) ပုလ္လိင်၊ နပုလ္လိင်၊ ဂုဏာဝါဒီ၊ အ-အာ-ဣ-ဥ-ဦ-ဩ-ကာရန္တ။

---

## ၇၆။ တောတိတာ သသ္မိံနာသု

၀၂၉။ (ပ) ဝိဘတ္တိက္ကမ အားလျော်စွာ တာ တော တိ နာ သ သ္မိံ သု-ဟု တည်သင့်လျက် အဘယ့်ကြောင့် အစဉ်ဖျက်၍ သုတ်တည်ပါသနည်း။

(ဖြေ) ရွတ်လွယ်စေလိုသောကြောင့် အစဉ်ဖျက်၍ တည်ပါသည်။

၀၃၀။ (ပ) ဝုတ္တိလာ-ယထာသချံ၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

(ဖြေ) သ ဝိဘတ်ကို တော၊ သ္မိံ ဝိဘတ်ကို တိ၊ နာဝိဘတ်ကို တာ-ပြုရမည်ဟူလို။

၀၃၁။ (ပ) ဤသုတ်သို့ ဝါသဒ္ဒါ အဘယ့်ကြောင့် အဘယ်၏အစွမ်းဖြင့် လိုက်လာပါသနည်း။

(ဖြေ) ဒိဋ္ဌရူပကို လိုသောကြောင့် မဏ္ဍူကဂတိကနယ အစွမ်းဖြင့် လိုက်လာပါသည်။

## ၇၇။ နံမိတံဝါ

၁၃၂။ (ပ) ဤသုတ်ကို အောက်သုတ်နှင့်ပေါင်း၍ တောတိတာဝဲ သည္မိ နာနံသု-ဟု တည်သင့်လျက် မတည်မူ၍ အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။

(ဖြေ) သုတ္တဂရုကာဒေါသကို ပယ်လိုသောကြောင့်၊ တနည်း—နွှပစ္စယ ဝိဓိ ပြီးဆုံးသည်၏အဖြစ်ကို သိစေလိုသောကြောင့် ခွဲ၍တည်ပါသည်။

၁၃၃။ (ပ) လိုက်သော ဝါ သဒ္ဒါရှိပြီးဖြစ်လျက် အဘယ့်ကြောင့် နံမိ တံဝါ-ဟု ဝါသဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဖြေ) နွှသ နွှောသုတ်မှ နွှသပုဒ်၏ နောက်သုတ်သို့ လိုက်ခြင်းမှ နစ်စေလိုသောကြောင့် ဝါသဒ္ဒါအသင်ကို ဆိုပြန်ပါသည်။

၁၃၄။ (ပ) ဤသို့သော အဓိပ္ပာယ်ကို အဘယ့်ကြောင့် သိနိုင်ပါသနည်း။

(ဖြေ) ပကတိဟေသာရေယာနံ ယေန ကေန ဈာဓိပ္ပါယ ဝိညာပနံ-ဟူသော ပရိဘာသာကြောင့် သိနိုင်ပါသည်။

မှတ်ချက်။ ။အမှတ်မရှိ တစုံတခုသော အခြင်းအရာဖြင့် မိမိအလိုကို သိစေခြင်းသည် ကျမ်းဆရာတို့၏ သဘာဝဓမ္မတာဟူလို။

---

## ၇၈။ ဣမဿိဒမံသိသု နပုံသကေ

၁၃၅။ (ပ) အံနပုံသကေသုတ်မှ မဏ္ဍူကဂတိကနယ၏ အစွမ်းဖြင့် နပုံ သကသဒ္ဒါ အလိုက်ခံ၍ ဣမဿိဒမံသိသု-မျှသာ တည်က ပြီးလျက် အဘယ့်ကြောင့် နပုံသကသဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဖြေ) ၎င်းသုတ်မှ နပုံသကသဒ္ဒါသည် အဝဏ္ဏာစ ဂေ-စသော သုံး သုတ်တို့သို့ မလိုက်သောကြောင့် ဤသုတ်သို့လည်း မလိုက်ဟု ဖြစ်သော သံသယကို ပယ်လိုသောကြောင့် နပုံသကသဒ္ဒါကို ဆိုပြန်ပါသည်။

၁၃၆။ (ပ) ဤသုတ်သည် သဗ္ဗနာမ ဝိဓိ ဖြစ်သည့်အားလျော်စွာ အထက် နာမတတ်ယကဏ္ဍရောက်မှ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည် ပါသနည်း။

(ဖြေ) အစသုတ်မှ ဒဝိပတ္တိသဒ္ဒါ အလိုက်ခံလိုသောကြောင့်၊ တနည်း ကေတော အာဒေသသုတ်တို့ကို တပေါင်းတည်း ပြလိုသောကြောင့် ဤ၌ တည်ပါသည်။

၁၃၇။ (ပ) ဣလမပုဒ်နှင့် ဣဒံပုဒ်သည် မည်သည့်ပုဒ်က မူလပုဒ်ရင်း ဖြစ်ပါသနည်း။

(ဗျာ) မောဂ္ဂလာန်ဆရာ၊ ကစ္စည်းဆရာအလိုမှာ ဣမပုဒ်ရင်း၊ သဒ္ဒနီတိ၊ စူဠနိရုတ္တိဆရာအလိုကား ဣဒံပုဒ်ရင်း ဖြစ်ပါသည်။

**မှတ်ချက်။** ။ဣဒသိမ်သိမှိ နပုံသကေ-ဟု ပုဒ်ရင်းအားလျော်စွာ နီတိဆရာက သုတ်တည်သည်။

---

## ၇၉။ အမုဿာဒို

၁၃၈။ (ပ) ဤသုတ်ကို အမုဿမောသံသုတ်ကဲ့သို့ အမုဿဿ မုဒုံ-ဟု တည်သင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် အမုဿာဒုံဟု တည်ပါသနည်း။

(ဗျာ) မုအပြု၊ ဒုံအပြု–ဟူသော ကာရိယနှစ်ရပ် ထင်မှတ်ခြင်းမှ နစ်စေလိုသောကြောင့် အမုဿာဒုံ–ဟု တည်ပါသည်။

၁၃၉။ (ပ) ဤသုတ်ကိုလည်း အထက်သဗ္ဗနာမဝိဓိရောက်မှ တည်သင့်လျက် အဘယ့်ကြောင့် ဤနေရာ၌ တည်ပါသနည်း။

(ဗျာ) သဝိဘတ္တိသဒ္ဒါ၊ အံသိသဒ္ဒါ၊ နပုံသကသဒ္ဒါတို့ကို အလိုက်ခံလိုသောကြောင့် ဤ၌ တည်ပါသည်။

၁၄၀။ (ပ) ဤသုတ်သည် အဝယဝါဒေသ၊သမုဒါယာဒေသ သုတ်နှစ်ပါးတွင် အဘယ်သုတ် ဖြစ်ပါသနည်း။ အထောက်ပြ၍ ဖြေပါ။

(ဗျာ) အမုဿ မုဒုံ–ဟု မတည်ပဲ အမုဿာဒုံ–ဟု ကစ္စည်းဆရာ သုတ်တည်သည်ကိုထောက်၍ သမုဒါယာဒေသသုတ် ဖြစ်ပါသည်။

---

## ၈၀။ ဣတ္ထိပုမနပုံသကသင်္ချာ

၁၄၁။ (ပ) ဤသုတ်၌ သင်္ချာသဒ္ဒါသည် ဣတ္ထိလိင်ကို ဟောသောကြောင့် ဣတ္ထိပုမနပုံသကသင်္ချာ- ဟု ဣတ္ထိလိင်ရုပ်နှင့် သုတ်တည်သင့်လျက် အဘယ့်ကြောင့် နပုလ္လိင်ရုပ်နှင့် သုတ်တည်ပါသနည်း။

(ဗျာ) ပဓာနီယဖြစ်သော နပုံသကသဒ္ဒါကို ငဲ့သောကြောင့် ဣတ္ထိပုမနပုံသကသင်္ချံ-ဟု နပုလ္လိင်ရုပ်နှင့် သုတ်တည်ပါသည်။

၀၄၂။ ( ပ ) ဤသုတ်ကို အဓိကာရဆိုသော် အဓိကာရသုံးပါးတွင် အဘယ် အဓိကာရသုတ် ဖြစ်ပါသနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) အစဉ်အတိုင်းလိုက်သော သုတ်ဖြစ်သောကြောင့် ယထာနုပုဗ္ဗိက အဓိကာရ၊ ဝါ-နုဒီသောတည့် အဓိကာရသုတ် ဖြစ်ပါသည်။

၀၄၃။ ( ပ ) ဤသုတ်၏ ပိုဏ္ဍတ္ထ အဓိပ္ပာယ်ကို ဖော်ပြပါ။

(ဖြေ) ယောသု ဒွိန္နံ ဒွေစ-သုတ်မှစ၍ ပဉ္စာဒီနမကာရော သုတ်တိုင်အောင် ဣတ္ထိပုမနပုံသကသဒ္ဒါ၊ သင်္ချာသဒ္ဒါ နှစ်ပါးတို့ လိုက်၏၊ လိုက်ရမည်၊ လိုက်လေ ဟူလို။

၀၄၄။ ( ပ ) ဇိနဝစနယုတ္တံဟိ-သုတ်နှင့် ဤနှစ်သုတ်တို့၏ အဓိကာရထူးခြားပုံကို ပြခဲ့ပါ။

(ဖြေ) ရှေ့သုတ်ကား သီဟဂတိကနယ၏ အစွမ်းဖြင့်လိုက်၏။ တနည်း ကစ္စည်းတကျမ်းလုံး လိုက်ရကား အရကျယ်၏။ နောက်သုတ်ကား ယထာနုပုဗ္ဗိကနယ အစွမ်းဖြင့် လိုက်၏။ တနည်း—ယောသု ဒွိန္နံ ဒွေစ-စသော သုံးသုတ်တို့၌သာ လိုက်ရကား အရကျဉ်း၏။ ဤသို့ထူး၏။

---

## ၀၁။ ယောသု ဒွိန္နံ ဒွေစ

၀၄၅။ ( ပ ) ဤသုတ်ကို သာဂမောသေ-သုတ်ကဲ့သို့ ယောမှိ ဒွိန္နံ ဒွေ စ-ဟု ဧကဝစနန္တ မတည်မူ၍ အဘယ့်ကြောင့် ယောသု ဒွိန္နံ ဒွေ စ—ဟု ဗဟုဝစနန္တ တည်ပါသနည်း။

(ဖြေ) ယောနှစ်လုံး ဟူသော ဒြပ်ကို ငဲ့သောကြောင့် ဒဗ္ဗပဒတ္ထိက ဆရာ့အလို၏ အစွမ်းဖြင့် ယောသုဟု ဗဟုဝစနန္တ တည်ပါသည်။

၀၄၆။ (ပ) အထက် ဝိဘတ္တိ ဓမယသု ဗာ ဒွိဿ တုး-သုတ်ကဲ့သို့ ယောသုဒွိဿ ဒွေစ—ဟု တည်သင့်လျက် အဘယ့်ကြောင့် ယောသု ဒွိန္နံ ဒွေစ- ဟု တည်ပါသနည်း။

(ဖြေ) သင်္ချာဝါစက ဒွိသဒ္ဒါနောင် ဗဟုဝုစ်သာ ဖြစ်၏ဟု သိစေလိုသောကြောင့် ဤသို့ တည်ပါသည်။

၀၄၇။ ( ပ ) ဤသုတ်သည် သင်္ချာအရာ၌ စီရင်ရကား သင်္ချာတို့ကို ပြသောတဒ္ဓိတ်သို့ရောက်မှ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌တည်ပါသနည်း။

(ဗျာ) သဝိဘတ္တိဿပုဒ် ဝုတ္တိပုမနပုံ ဤကသချို့သုတ်တို့ အလိုက်ခံလို သောကြောင့်၊ တနည်း— ကေတော အာဒေသသုတ်တို့ကို ပေါင်း၍ ပြလိုသောကြောင့် ဤ၌ တည်ပါသည်။

၈၄၈။ (ပ) ဤသုတ်သည် (က) ပရိစ္စတ္တာနုကရဏ၊ (ခ) အပရိစ္စတ္တာနုကရဏနှစ်ပါးတွင် အဘယ်ဟု မှတ်ရမည်နည်း။ ၎င်းနှစ်ပါးတို့၏ အဓိပ္ပာယ်အကျဉ်းချုပ်ကိုလည်း ပြခဲ့ပါ။

(ဗျာ) ပရိစ္စတ္တာနုကရဏသုတ်ဟု မှတ်ရမည်။ (က) ဥဒါဟရဏ်ကိုငဲ့၍ ဆိုအပ်သော သချာသဒ္ဒါ၊ (ခ) ဥဒါဟရဏ်ကိုမငဲ့ပဲ ဆိုအပ်သော သချာသဒ္ဒါတို့ကို ဆိုလိုသည်။

၈၄၉။ (ပ) သမုစ္စယ စ-သဒ္ဒါ၏ အစီအချင်ကို သာမည မှတ်ရမည်လော။ အသို့ မှတ်ရမည်နည်း။

(ဗျာ) ယောဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ဒွိသချာကို ဒုဝေ-စသည်ပြုရမည်။ နာ-အံ-နံ ဝိဘတ်တို့ကြောင့် ဒွိသချာကိုသာ ဒွယ-စသည်အပြုကို မှတ်ရမည်။

**မှတ်ချက်။** ။ဤသုတ် စ-သဒ္ဒါဖြင့် ယောဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ဒွိသချာကို ဥဘ-ဥဘယပြုအပြု၊ သုဟိဝိဘတ်တို့ကြောင့် ဒွိ-သချာကို ဥဘ-ဥဘယအပြု၊ နာဝိဘတ်၊ သဝိဘတ် တ္ထ-ပစ္စည်း၊ တော-ပစ္စည်း သမာသ်ပုဒ်တို့ကြောင့်လည်း ဒွိသချာကို ဥဘယ အပြု ဖြစ်ကုန်သေး၏ဟု မှတ်ရမည်။

အစဉ်အတိုင်း ဥဒါဟရဏ်ကား၊ (ဥဘော၊ ဥဘယော၊ ဥဘောသု၊ ဥဘောဟိ၊ ဥဘယေသု၊ ဥဘယေဟိ၊ ဥဘယေန၊ ဥဘယဿ၊ ဥဘယတ္ထ၊ ဥဘယတော၊ ဥဘယ အာဂတံ-ဟူသည်တို့တည်း။

၈၅၀။ (ပ) ဤသုတ်ကို နိစ္စ၊ အနိစ္စနှစ်ပါးတွင် အဘယ်ဟု မှတ်ရမည်နည်း။ အကြောင်းပြ၍ဖြေပါ။

(ဗျာ) ဝါ-သဒ္ဒါစသည် မလိုက်မပါသောကြောင့် နိစ္စဝိဓိဟု မှတ်ရမည်။

---

## ၈၂။ တိ စတုန္နံ တိဿော စတဿော တယော စတ္တာရော တီဏိ စတ္တာရိ

၈၅၁။ (ပ) ဤသုတ်ကို ကာရိ၊ ကာရိယ (အစဉ်အားလျော်စွာ တိ စတုန္နံ တိဿော တယော တီဏိ စတဿော စတ္တာရော စတ္တာရိ-ဟု တည်သင့်လျက် အဘယ့်ကြောင့် အစဉ်ဖျက်၍ တည်ပါသနည်း။

(ဖြေ) တိ စတုသင်္ချာ လဒ္ဒါတို့၏ ဠက္ခဏ်လိင် ပုလ္လိင် နပုလ္လိင် အရာ၌ ကာရိယ အထူ အပြားကို သိစေလိုသောကြောင့် အစဥ်ဖျက်၍ တည်ပါသည်။

၇၅၂။ (ပ) ဤသုတ်လာ ယထာသင်္ချာအဓိပ္ပာယ်ကို ဖော်ပြခဲ့ပါ။
(ဖြေ) ဠက္ခဏ်လိင် တိသင်္ချာသဒ္ဒါကို တိယောပြု၊ ၎င်းစတုသင်္ချာသဒ္ဒါကို စတာယောပြု၊ ပုလ္လိင်တ်သင်္ချာသဒ္ဒါကို တယောပြု၊ ၎င်း စတုသင်္ချာသဒ္ဒါကို စတ္တာရောပြု၊ နပုလ္လိင်-ပိကို တီဏိပြု၊ ၎င်းစဘုကို စတ္တာရိပြုရမည်ဟူလို။

၇၅၃။ (ပ) ကိယော စသည်ဖြင့်သာ ဥဒါဟရဏာထုတ်ဆောင်က ပြီးသင့်လျက် အပိုဖြစ်သော ဝေဒနာစသည်ကို အဘယ့်ကြောင့် တွဲဘက်၍ ထုတ်ဆောင်ပါသနည်း။
(ဖြေ) တိ၊ စတုသဒ္ဒါတို့၏ ဠက္ခဏ်လိင်၊ ပုလ္လိင်၊ နပုလ္လိင်အဖြစ်ကို သိစေလိုသောကြောင့် ဝေဒနာစသောပုဒ်တို့နှင့်တွဲ၍ ထုတ်ရပါသည်။

၇၅၄။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဖြေ) ဠက္ခဏ်လိင်၊ ပုလ္လိင်၊ နပုလ္လိင်၊ ဂဏာဝိမုတ္တ၊ ဥ-ကာရန္တ။

---

## ၇၃။ ပဥ္စာဒီနမကာရော

၇၅၅။ (ပ) ဤသုတ်ဖြင့် စီရင်ပြီးရုပ်သည် ပကတိမူလရုပ်နှင့် မထူးရကား ဤသုတ်ကို မတည်သော်လည်း ပြီးလျက် အဘယ့်ကြောင့် တည်ပါသနည်း။
(ဖြေ) မထူးသော်လည်း သမ္ဗယောနိနမာ ဧ-သုတ်၏ ဝိဓိကိုတားမြစ်လိုသောကြောင့် တည်ပါသည်။

၇၅၆။ (ပ) ဤသုတ်ကို ပဥ္စာဒီနမ- ဟုသာ တည်က လိုအပ်သောအတ္ထပြီးလျက် အဘယ့်ကြောင့် ကာရ-သဒ္ဒါထည့်၍ ပဥ္စာဒီန မကာရော-ဟု တည်သနည်း။
(ဖြေ) အထက်သုတ်သို့ ယောသုနိမိတ် ဠက္ခဏ်ပုမနပုံသကသင်္ချာသဒ္ဒါတို့ လိုက်ခြင်းမှ နစ်စေလိုသောကြောင့် ကာရ-သဒ္ဒါထည့်၍ တည်ပါသည်။

၇၅၇။ (ပ) ဤသုတ်လာ အာဒိ၊ အာဒိဝန္တ-အရတို့ကို ပြခဲ့ပါ။

(ဗျာ) အာဒိကား ပဉ္စသဒ္ဒါ၊ အာဒိဝန္တကား ဆမှ အဋ္ဌာရသတိုင် အောင်သော သဒ္ဒါ ရ၏။

၇၅၈။ (ပ) ပဉ္စ-ဆ-စသည်ဖြင့် ဥဒါဟရဏ်တခုစီထုတ်က ပြီးကောင်းလျက် အဘယ်ကြောင့် ပဉ္စပဉ္စ၊ ဆဆ-စသည်ဖြင့် နှစ်ခုစီ ထုတ်ပါသနည်း။

(ဗျာ) နိစ္စဝိဓိကို သိစေလိုသောကြောင့် ပဉ္စပဉ္စ-စသည်ဖြင့် နှစ်ခုစီ ထုတ်ပါသည်။

၇၅၉။ (ပ) အောက် ပဉ္စာဒီနမတ္တံ-လည်း အ-ပြုသည်၊ ဤသုတ်လည်း အ-ပြုသည်ပင်။ အဘယ်သို့ ထူးခြားပါသနည်း။

(ဗျာ) ရှေ့သုတ်ကားအနိမိတ္တာဒေသနောက်သုတ်ကားသနိမိတ္တာဒေသ။ တနည်း-ရှေ့ကား ဝိသုံအာဒေသ၊ နောက်ကား ကေဝေါအာဒေသ။ တနည်းရှေ့ကား သုနံ ဟိနိမိတ်နှောင်းရာ၌ စီရင်သည်။ နောက်ကား နိမိတ်ယောနှောင်းရာ၌သာ စီရင်သည်။ ဤသို့ ထူးခြားကြပေ၏။

---

## ၇၄။ ရာဇဿ ရညော ရာဇိနော သေ

၇၆၀။ (ပ) သဝိဘတ်နှောင်းရာ ရာဇသဒ္ဒါ၏ ရညဿအပြုလည်း ဖြစ်သင့်ရကား ရာဇဿ ရညော ရညဿ ရာဇိနော သေ-ဟု တည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ရာဇဿ ရညော ရာဇိနော သေ-ဟု တည်ပါသနည်း။

၇၆၁။ (ပ) သဝိဘတ်နှောင်းရာ ရညဿ-ဟူသောပြယုဂ် အဘယ်သုတ်ဖြင့် စီရင်မည်နည်း။

(ဗျာ) ဤသုတ်၌ သေ-ဟူသော ယောဂဝိဘာဂဖြင့် ရာဇသဒ္ဒါကို ရညဿပြုရမည်။

၇၆၂။ (ပ) ဤသုတ်သည် ရာဇာဒိဂိုဏ်းအရာ၌ စီရင်ရကား ၎င်းကိုပြရာ အထက်တတိယကဏ္ဍရှေ့ကမှ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) သဝိဘတ္တိပုဒ် အလိုက်ခံလိုသောကြောင့် ဝါ-ကေဝေါအာဒေသ၊ သမ္ဗာဒေသတုတ်တို့ကို တပေါင်းတည်း ပြလိုသောကြောင့် ဤ၌ တည်ပါသည်။

၇၆၃။ (ပ) ဤသုတ်သည် ပရိစ္စတ္တ၊ အပရိစ္စတ္တနှစ်ပါးတွင် အဘယ်သုတ် ဖြစ်ပါသနည်း။

(ဗျာ) ဥဒါဟရဏ်ကိုင့်၍ ရာဇဿဟု ကေဝလစ်နှင့် ဆိုသောကြောင့် ပရိစ္စတ္တာနုကရဏဟု မှတ်ရမည်။

## ၇၅။ ရည့်နံမှိ ဝါ

၇၆၄။ (ပ) ဤသုတ်လည်း ဧဇာဒိဂဏ ဝိသယဖြစ်ရကား အထက်သို့ ရောက်မှ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌တည်သနည်း။
(ဖြေ) ရာဇသပုဒ်၊ သဝိဘတ္တိပုဒ်တို့အလိုက်ခံလိုသောကြောင့် ဤ၌ တည်ပါသည်။

၇၆၅။ (ပ) အောက်သုတ်မှာ ဝါသဒ္ဒါမပါပဲ အဘယ့်ကြောင့် ဤသုတ်၌ ဝါသဒ္ဒါကို ဆိုသနည်း။
(ဖြေ) ဝိကပ်အနက်ကို အလိုရှိသောကြောင့် ဆိုသည်။

---

## ၇၆။ နာမှိ ရညာ ဝါ

၇၆၆။ (ပ) အောက်သုတ်မှ ဝါသဒ္ဒါလိုက်သင့်ရကား နာမှိ ရညာ—မျှတည်က ပြီးသင့်လျက် အဘယ်အကျိုးငှါ ဝါသဒ္ဒါအသစ်ထပ်၍ ဆိုပြန်ပါသနည်း။
(ဖြေ) အထက်သုတ်သို့ ဝါသဒ္ဒါမလိုက်စေခြင်းအကျိုးငှါ ဝါသဒ္ဒါ အသစ်ထပ်၍ ဆိုပါသည်။

၇၆၇။ (ပ) နာဝိဘတ်ကြောင့် ရာဇိနာအပြုထင်ရကား နာမှိ ရညာဝါ— ဟု မတည်သင့်ပဲလျက် အဘယ့်ကြောင့် တည်ပါသနည်း။ နာမှိ ရညာ ရာဇိနာဝါ-ဟု တည်သင့်သည် မဟုတ်လော။
(ဖြေ) ရာဇိနာဒေသကား အပ္ပကာ၊ ရညာဒေသကား ဗဟုကဟု သိစေလိုသောကြောင့် တည်ပါသည်။

၇၆၈။ (ပ) ဤသို့ တည်ခဲ့သော် အဘယ်သုတ်ဖြင့် ရာဇိနာ ပြယုဂ်ပြီးသည်ဟု မှတ်ရအံ့နည်း။
(ဖြေ) နာမှိဟူသော ယောဂဝိဘာဂဖြင့်-ရာဇသဒ္ဒါကို ရာဇိနာပြု၍ ပြီးသည်ဟု မှတ်။

---

## ၇၇။ သ္မိံမှိ ရညေ ရာဇိနိ

၇၆၉။ (ပ) သ္မိံဝိဘတ်နှောမ်းရာ ရာဇိနိပြယုဂ် အဘယ်သုတ်ဖြင့် ပြီး မည်နည်း။

(ဗျာ) သို့ မှို-ဟူသော ယောဂဝိဘာဂဖြင့် ရုဇိနေပြု၍ ပြီးပါသည်။

---

## ၈၀။ တုမှမှာကံ တယိ မယိ

၈၇၀။ (ပ) နာညံ သဗ္ဗနာမိကံ-ဟု သုတ်ရှိသောကြောင့် ဤသုတ်ကို တုမှမှာနံ တယိ မယိ-ဟု တည်သင့်လျက် အဘယ့်ကြောင့် တုမှမှာကံ တယိ မယိ တည်ပါသနည်း။

(ဗျာ) အပရိစ္စတ္တာနုကာရဏ ဖြစ်သော သဗ္ဗနာမ်အရာ၌ ကာရိယကို ငဲ့၏ဟု သိစေလိုသောကြောင့် တုမှမှာကံ တယိ မယိ–ဟု တည်ပါသည်။

၈၇၁။ (ပ) တုမှေ မဇ္ဈိမေ၊ အမှေ ဥတ္တမေ-ဟူသောပြယုဂ်တို့ကို မြင်သောကြောင့် ဤသုတ်၌ ဝိကပ္ပနတ္ထ ဝါသဒ္ဒါပါသင့်သည် မဟုတ်လော၊ ပါသင့် မပါသင့်အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ၎င်းပြယုဂ်များသည် သဒ္ဒါဟော ပြယုဂ်တို့မျှသာ ဖြစ်သင့်သောကြောင့် ဝါသဒ္ဒါ မပါသင့်ပါ။

မှတ်ချက်။ ။၎င်းပြယုဂ်တို့သည် ဒြပ်အနက်ကို မဟောဟူလို။

## ၈၉။ တွမဟံ သိမှိ စ

၈၇၂။ (ပ) ဤသုတ်၌ သမုစ္စယတ္ထစသဒ္ဒါဖြင့် ဆည်းသင့်သော အနက်တို့ကို ဥဒါဟရဏ်နှင့် ပြခဲ့ပါ။

(ဗျာ) တုဝံ သတ္ထာ-စသည်၌ တုဝံအပြုကို ဆည်းပါ၏။ (ဝုတ္တိအလို။) ဧဟာကဥ္စ ဂစ္ဆာမိ၌ အမှသဒ္ဒါ၏ အဟကံအပြုကို ဆည်း၏။ တနည်း–သမာသ်ပုဒ်၊ တဒ္ဓိတ်ပစ္စည်းနှောင်းရာတို့၌ တုမှသဒ္ဒါ၏ တွံ-အပြု၊ တုဝံ-အပြုကို ဆည်း၏။ တဝ မုခံ၊ တွံ မုခံ၊ တဝ သန္တကံ။

(မှတ်ချက်၊ ။တုဝိယံကား သန္တကတဒ္ဓိတ် ဣယပစ္စည်း၊ တုမှသဒ္ဒါကို တုဝံပြု။ ကစ္စိ ယောဂပံဖြင့် နိဂ္ဂဟိတ်ချေ။ နံငဲ့။ သိသက်၊ အံပြု၍ တုဝိယံ ပြီးစေရမည်။

---

## ၉၀။ တဝ မမ သေ

၈၇၃။ (ပ) တဝတော၊ မမတော စသည်ဖြင့် တောပစ္စည်းနှောင်းရာ၌လည်း တဝ မမာဒေသ ထင်သောကြောင့် တဝ မမတော သေ-ဟု တည်သင့်လျက် အဘယ့်ကြောင့် မတည်ပါသနည်း။

(ဗျာ) တောပစ္စည်း နှောင်းရာ၌ တ ဝ မမ အပြုကား အပွကဖြစ်သော ကြောင့် မတည်ပါ။

၁၇၄။ (ပ) ဤသို့ မတည်သော် တဝတော၊ မမဘော–ဟူသော ပြယုဂ် များ အဘယ်သုတ်ဖြင့် ပြီးရမည်နည်း။

(ဗျာ) ဤသုတ် တဝ၊ မမ ဟူသော ယောဂဝိဘာဂဖြင့် စီရင်၍ ပြီးပါသည်။

၁၇၅။ (ပ) ၎င်းယောဂဝိဘာဂ၏ ဝိသယကို ဤမျှသာ မှတ်ရတော့မည် လော၊ အခြား စီရင်သော အနက်ရှိသေးက ဥဒါဟရဏ်ပါ ထုတ် ဆောင်ပြခဲ့ပါ။

(ဗျာ) သမာသ်ပုဒ်၊ သို့မဟုတ် နာဝိဘတ် နှောင်းရာ၌ တုမှ၊ အမှ သဒ္ဒါကို တဝ၊ မမ ပြုရသေး၏။ တဝ ပဋိဗဒ္ဓါ၊ မမ ပဋိဗဒ္ဓါ-ဟူ သည်တည်း။

---

## ၉၁။ တုယှံ မယှဥ္ဆ

၁၇၆။ (ပ) ဤသုတ် အောက်သုတ်တို့သည် နိမိတ်၊ ကာရိတို့တူရကား တဝ မမ တုယှံ ယှံ သေ-ဟူ ပေါင်း၍ တည်သင့်လျက် အဘယ့် ကြောင့် ခွဲ၍ တည်ပါသနည်း။

(ဗျာ) သုဘ်သေးသည်၏ အဖြစ်ကို ပယ်လိုသောကြောင့်၎င်း၊သုခုစ္စာ ရဏဖြစ်စေလိုသောကြောင့်၎င်း ခွဲ၍တည်ပါသည်။

၁၇၇။ (ပ) ဤသုတ်၌-စသဒ္ဒါ၏ ဖြစ်သင့်သော အနက်ကို ပြခဲ့ပါ။

(ဗျာ) အနုကစ္စနတ္ထ။ တနည်း-အဝဓာရဏတ္ထ။ တနည်း-သမုစ္စယတ္ထ။

၁၇၈။ (ပ) တ ၂ မမ သေ၊ တုယှံ မယှဥ္ဆ နှစ်သုတ်တို့သည် ဝိဓိသုံးပါးတွင် အဘယ်ဝိဓိများ ဖြစ်ပါသနည်း။ အထောက်ပြ၍ ဖြေပါ။

(ဗျာ) အချင်းချင်း ကောက်၍ အနိယမဝိဓိ ဖြစ်ပါသည်။

၁၇၉။ (ပ) အဘယ်ကို ငဲ့ပါသနည်း၊ အဝဓာရဏာဂကာမျ၊ သမုစ္စယာကာရတို့ကား အဘယ်ပါနည်း။

(ဗျာ) သနိမိတ်ကို ငဲ့ပါသည်။ တုမှသ အမှသ ပရိဂ္ဂဟောပြယုဂ် တို့၌ တုယှံ ယှံ အပြုကို တားမြစ်ပါသည်။ သမာသ်ပုဒ်နှောင်းရာတို့၌ တုယှံ ယှံ အပြုကို ဆည်းပါသည်၊ တုယှံ မူလိကာ၊ ယှံ မူလိကာ ဟူ သည်တည်း။

## ၉၂။ တံ မမံမှိ

၈၈၀။ (ပ) ဤသုတ်သည် ကာရိယနှစ်ခုဖြစ်သောကြောင့် ဗဟုမှိ ဝတ္တဗ္ဗေ ဗဟုဝစနံ ဟူသည်နှင့်အညီ တံမံ ယော အံမှိဟု တည်သင့်လျက် အဘယ့်ကြောင့် တံ မမံမှိဟု တည်ပါသနည်း။
(ဖြေ) အနုကရဏ ပဒတ္တက ဖြစ်၍ သမ္ဗာသာမာဝုဒေါ စသော သုတ်၏ ဝိသယကို သိစေလိုသောကြောင့် တံမမံမှိ ဟု တည်ပါသည်။

၈၈၁။ (ပ) တံလေဏာ၊ မံလေဏာဟူသော သမာသ်အရာ ဖြစ်သော ပြယုဂ်တို့ကို အဘယ်သုတ်ဖြင့် စီရင်ရမည်နည်း။
(ဖြေ) ဤသုတ်၌ တံမံ ဟူသော ယောဂဝိဘာဂတို့ဖြင့် စီရင်ရမည်။

---

## ၉၃။ တဝ မမဉ္စ နဝါ

၈၈၂။ (ပ) အောက်သုတ်၊ ဤသုတ်နှစ်ပါးသည် နိမိတ်၊ ကာရိတူရကား တပေါင်းတည်းတည်သင့်လျက် အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။
(ဖြေ) သုတ် ပေါ့စေလိုသောကြောင့်ရင်း၊ ရှင်လွယ်စေလိုသော ကြောင့်ရင်း ခွဲ၍ တည်ပါသည်။

၈၈၃။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။
(ဖြေ) အနုကာစနုတ္ထ- နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် အံနိမိတ်ကို ငင်ပါသည်။ တနည်း-သမုစ္စယတ္ထ-တွမှာ၊ အသ္မာစသော ပြယုဂ်တို့၌ သွာ ဝိဘတ်နှောင်းရှာ တုမှသဒ္ဒါ၏ တွမှာ အပြု၊ သုဝိဘတ် နှောင်းရှာ အမှသဒ္ဒါ၏ အသွာ အပြုကို ဆည်းပါသည်။

၈၈၄။ (ပ) ဤသုတ်လာ နဝါသဒ္ဒါသည် အဘယ်အနက်ရှိ၍ အဘယ် ဝိဓိ ကို ပြပါသနည်း။
(ဖြေ) ဝဝတ္ထိတဝိဘာသာ အနက်ရှိ၍ အနိစ္စဝိဓိကို ပြပါသည်။

၈၈၅။ (ပ) တံမမံမှိ သုတ်ကိုယောဂ်၍ ဤသုတ်၏ အနိစ္စဝိဓိ အဖြစ်ကို သိအပ်သင့်လျက် အဘယ့်ကြောင့် နဝါသဒ္ဒါကို ဆိုပြန်ပါသနည်း။
(ဖြေ) နဝါသဒ္ဒါသည်လည်း ရှေ့ါ ဝိဘာသာအနက်ကို ဟောဧ်ဟု သိစေလိုသောကြောင့် နဝါသဒ္ဒါကို ဆိုပါသည်။

မှတ်ချက်။ ။ရင်းဖြင့် ကွစိနဝါစ ဧကတ္တာ၊ ယောဘုယျေနေကရှပ ကာ-ဟူသော စကားရပ်၏ ယောဘုယျအဖြစ်ကို သိရမည်။

## ၄၄။ နာမ္ဟိ တယာ မယာ

၈၈၆။ (ပ) တယာ နိဿဋ္ဌ မယာ နိဿဋ္ဌ-ဟူ၍ သွာဝိဘတ်ကြောင့်လည်း တယာမယာဒေသကို မြင်ရကား နာ သွာ သု တယာမယာ ဟု တည် သင့်လျက် အဘယ့်ကြောင့် နာမ္ဟိ တယာမယာ- ဟု တည်ပါသနည်း။

(ဗျာ) နာဝိဘတ်ကြောင့် ယောဘုယျ၊ သွာဝိဘတ်ကြောင့် အပ္ပက အဖြစ်ကို သိစေလိုသောကြောင့် နာမ္ဟိ တယာမယာ-ဟု တည်ပါသည်။

၈၈၇။ (ပ) တယာ မယာ နိဿဋ္ဌ-ဟူသော ပယောဂတို့ကို အဘယ်သုတ် ဖြင့် စီရင်ရမည်နည်း။

(ဗျာ) ဤသုတ် တယာ၊ မယာ-ဟူသော ယောဂဝိဘာဂဖြင့် စီရင် ရမည်။

၈၈၈။ (ပ) ဤသုတ်၌ တယာ၊ မယာ-ဟူသော ယောဂဝိဘာဂသာ ဖြစ် သင့်ပါသလော၊ တပါးသော ယောဂဝိဘာဂ ဖြစ်သေးက ဥဒါဟရဏ် နှင့်တကွ ထုတ်ပြခဲ့ပါ။

(ဗျာ) နာ၊-ဟူသော ယောဂဝိဘာဂဖြင့် နာဝိဘတ်ကြောင့် အမှ သဒ္ဒါကို မယုံပြုသေး၏။ အသာမေဝ သုကတေ မယုံ-ဟူသည်တည်း။

---

## ၄၅။ တုမှသ တုဝံ တွမ်မှိ

၈၈၉။ (ပ) တုမှမှာကံ တယိ မယိ-သုတ်မှ တုမှသဒ္ဒါ အလိုက်ခံ၍ တုဝံ တွမ်မှိ-မျှသာ တည်ကပြီးလျက် အဘယ့်ကြောင့် တုမှသာ တုဝံ တွမ်မှိ ဟု တည်ပါသနည်း။

(ဗျာ) တုမှသဒ္ဒါ အလိုက်ခံက အမှသဒ္ဒါလည်း လိုက်မည်ဖြစ်ရကား ထို အမှသဒ္ဒါကို နှစ်စေလိုသောကြောင့် တုမှသ တုဝံ တွမ်မှိ-ဟု တည် ပါသည်။

၈၉၀။ (ပ) အောက် တံ မမ်မှိ သုတ်မှ မဏ္ဍူကဂတိကနယ၏ အစွမ်းဖြင့် အံနိမိတ်အလိုက်ခံ၍ တုမှသ တုဝံ တွံ ဟု တည်သင့်လျက် အဘယ့် ကြောင့် အမှိ သဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဗျာ) အံနိမိတ် အလိုက်ခံက နာနိမိတ်လည်း လိုက်မည်ဖြစ်၍ ထို နာနိမိတ်ကို နှစ်စေလိုသောကြောင့် အမှိသဒ္ဒါကို ဆိုပြန်ပါသည်။

၈၉၁။ (ပ) ဤသုတ်၏ အစီအရင်သည် မမြဲသောကြောင့် နဝါသဒ္ဒါလိုက် သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် မလိုက်လာပါသနည်း။

(ဗျာ) တံ မမံမို၊ တဂံ မမ္ဗ နဝါ-သုတ်တို့ကို ထောက်၍ ဤသုတ်၏ အနိစ္စဝိဓိအဖြစ်ကို သိနိုင်သောကြောင့် နဝါသဒ္ဒါ မလိုက်လာပါ။

---

## ၉၆။ ပဒတော ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု ဝေါ နော

ဂ၉၂။ (ပ) ဤသုတ်၌ ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု-ဟု သာမည ဆိုရကား သာမန်ဖြစ်သော ဒုတိယာ စသည်ကို ယူရမည်လော၊ အဘယ် ဒုတိယာ စသည်ကို ယူရမည်နည်း၊ နည်းနယပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) သာမည ဆိုသော်လည်း တေမကာဝစနေသုစ၊ နအံမှိနှစ်သုတ် တို့ဖြင့် ဧကဝုစ်ကို ဆိုလတ္တံ့ဖြစ်၍ ထိုနှစ်သုတ်တို့ဖြင့် ဆိုအပ်သည်မှ ကြွင်းသော ဗဟုဝုစ် ဒုတိယာ စသည်ကိုသာ ပါရိသေသနည်းအားဖြင့် ယူရပါမည်။

ဂ၉၃။ (ပ) ဤသုတ်သည် ဗဟုဝုစ်ကို စီခြင်ရကား ပဒတော။လ။ဆဋ္ဌီ ဗဟု ဝစနေသု ဝေါ နော–ဟု တည်သင့်လျက် အဘယ့်ကြောင့် ပဒတော။ လ။ဝေါ နော–ဟု သာမည တည်ပါသနည်း။

(ဗျာ) တေမေကာဝစနေသုစ ဟု ဆိုလတ္တံ့ဖြစ်သောကြောင့် ဗဟုဝုစ် သာ ယူပါ ဟူသော အနက်ကို သိစေလိုသောကြောင့် ပဒတော။လ။ ဝေါ နော-ဟု သာမညတည်ပါသည်။

ဂ၉၄။ (ပ) ဤသုတ်လာ ပဒတောပုဒ်ကို ဝိဂ္ဂဟ်ဆိုပြီးလျှင် ဤ၌ လိုအပ်သော ပဒအရ ကောက်ပြပါ။

(ဗျာ) ပဇ္ဇတေ ဉာယတေ အနေနာ အတ္ထော ဧတေနာတိ ပဒံ၊ ကရဏသာဓန ပဒဓာတ်၊ အပစ္စည်း။ ဝိဘတျန္တပဒရ၏။ တနည်း။ အက္ခရပဒ၊ သမူဟပဒ ရ၏။

ဂ၉၅။ (ပ) ဥဒါဟရုဏ်ထုတ်ရာဝယ် ပဟာယ-စသောပုဒ်ကို အဘယ်အကျိုး ငှာ ထုတ်ပါသနည်း။

(ဗျာ) ပဒတောပရ အဖြစ်ကို သိစေခြင်းအကျိုး၊ ဒုတိယာ စသော အနက်ကို သိစေခြင်းအကျိုးငှာ ပဟာယ-စသော ပုဒ်တို့နှင့်တွဲ၍ ထုတ် ပါသည်။

## ၉၇။ တေမေကာဝစနေသုစ

၈၉၆။ (ပ) ဤသုတ်၌ ကောဝစနအရ အဘယ်ကေဝုစ်ကို ယူရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) နအံမှိသုတ်ဖြင့် ဒုတိယာ ကောဝစနကို မြစ်လတ္တံ့ ဖြစ်သော ကြောင့် စတုတ္ထီဆဋ္ဌီကေဝုစ်ကို ယူပါ။

၈၉၇။ (ပ) ဤသုတ်၏ ဝိဓိသည် စတုတ္ထီဆဋ္ဌီဧကဝုစ်၌သာ စီရင်သော ကြောင့် တေမေစတုတ္ထီဆဋ္ဌေကဝစနေသုစ- ဟု တည်ထိုက်လျက် အဘယ့်ကြောင့် တေမေကာဝစနေသုစ—ဟု တည်ပါသနည်း။

(ဗျာ) န အံမှိသုတ်ဖြင် ဒုတိယာကဝစနကို မြစ်ရကား သာမညကေ ဝစနသဒ္ဒါဖြင့် စတုတ္ထီဆဋ္ဌီဧကဝုစ်ကိုသာ ယူရမည်ဟူသော အနက်ကို သိစေလိုသောကြောင့် သာမည တည်ပါသည်။

၈၉၈။ (ပ) ဤသုတ်ရှိ စသဒ္ဒါ၏ ဖြစ်သင့်သော အတ္ထ၊ အတ္ထာကာရကို ပြခဲ့ပါ။

(ဗျာ) အနုက္ကစ္စနတ္ထ၊ တနည်း၊ အဝဓာရဏတ္ထ၊ အထက်သုတ်သို့မလိုက် စေလိုသောကြောင့် စတုတ္ထီ၊ ဆဋ္ဌီသဒ္ဒါတို့ကို ငင်ပါသည်။ တနည်း- နဝါသဒ္ဒါကို ငင်ပါသည်။ နအံမှိဟု သုတ်တည်လတ္တံ့ ဖြစ်သောကြောင့် ဒုတိယာကို နှစ်စေပါသည်။

၈၉၉။ (ပ) ဤနှစ်သုတ်တို့၌ ပဒတော ဟု ဆိုသောကြောင့် အလုံးစုံသော ပဒတောပရအရာဌာနတို့၌ ဝေါ၊နာ၊တေမေ အာဒေသကို မှတ်ရမည် လော၊ အကြောင်းပြ၍ဖြေပါ။

(ဗျာ) ဝဝတ္ထိတဝိဘာသာတ္ထနဝါသဒ္ဒါလိုက်သောကြောင့် အလုံးစုံ သော ပါဒ၏အစ၌ရှင်း၊ စ- ဝါ- ဧဝ စသော နိပါတ်တို့နှင့် ယှဉ်ရာ၌ ၎င်း ဝေါနောတေမေအာဒေသကို မရကောင်းဟုမှတ်။

၉၀၀။ (ပ) လိုက်သော နဝါသဒ္ဒါသည် ဝိဓိသုံးပါးတွင် အဘယ်ဝိဓိကို ပြပါသနည်း။

(ဗျာ) အနိစ္စဝိဓိ၊ အသန္တဝိဓိနှစ်ပါးကို ပြပါသည်။

## ၉၈။ န အံမှိ

၉၀၁။ (ပ) တေမေကာဝစနေသုစသုတ်သော သဒ္ဒါဖြင့်ပင် ဒုတိယာကို မြစ်ပြီးဖြစ်သောကြောင့် ဤသုတ်ကို မတည်သော်လည်း လိုအပ်သော ပဋိသေဓနည်းပြီးလျက် အဘယ့်ကြောင့် တည်ပြန်ပါသနည်း။

(ဗျာ) ဤသုတ်၏ နိစ္စဝိဓိ၏အဖြစ်ကို သိစေလိုသောကြောင့် ထပ်၍ တည်ပြန်ပါသည်။

၄၀၂။ (ပ) ဤသုတ်ဖြင့် မြစ်၏ဟူသော် အဘယ်ကာရိယတို့ကို၊ မြစ်ပါသနည်း။

(ဗျာ) ဝုတ္တိဆရာအလို-တော၊ မေ-ကာရိယနှစ်ပါးကို မြစ်ပါသည်။ ချာသ နိရုတ္တိဆရာတို့အလို-တော၊ မေ၊ဝေါ၊နော-ကာရိယ ၄-ပါးတို့ကို မြစ်ပါသည်။

၄၀၃။ (ပ) ပိဋကတ်သုံးပုံ၌ ယေဘုယျအားဖြင့် ပင်္ဂိုသေ စဝေ တက ဖြစ်ကောင်းသောနိပါတ်၊ ဥပသာရတို့ အဘယ်မျှရှိပါသနည်း၊ ၎င်းတို့၏ သရုပ်ကိုပါ ထုတ်ပြခဲ့ပါ။

(ဗျာ) နိသေဓနေအနော်မာလုံ၊ ယဌေ့ ကိဥ္ဆိနိပါတကာ။

နိ ဥ ဝိ အပ ပ ပရာ၊ ဒုပသဂ္ဂါစ ပေဌကေ—

ဟူသော ဂါထာနှင့်အညီ နိသေဓနေပုဒ်၊ အ နော မာ အလံ ယ ဌေ့ ကိဥ္ဆိ ပုဒ် အားဖြင့် နိပါတ် ၇-ပါး၊ နိပုဒ် ဥဝိ အပ ပ ပရာ ဒုပုဒ်အားဖြင့် ဥပသာရမှ ၇-ပါး၊ ပေါင်း ၁၄-ပါးရှိပါသည်။

---

## ၄၄။ ဝါ တတိယော စ

၄၀၄။ (ပ) အောက်သုတ်မှ နဝါသဒ္ဒါအလိုက်ခံ၍ တတိယော စ-ဟု သာ တည်က အနိစ္စဝိဓိအဖြစ်ပြီးလျက် အဘယ့်ကြောင့် ဝါသဒ္ဒါကိုထပ်၍ ဆိုပြန်ပါသနည်း။

(ဗျာ) ဤသုတ်သို့ နဝါသဒ္ဒါအလိုက်ခံက နောက်သုတ်သို့လည်း လိုက်မည် ဖြစ်ရကား ထိုနောက်သုတ်သို့ မလိုက်စေလိုသောကြောင့် ဝါသဒ္ဒါကို ဆိုပြန်ပါသည်။

၄၀၅။ (ပ) ဤသုတ်၌ပါသော နိပါတတ္ထနာမ်ဘိုကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဗျာ) ဝါသဒ္ဒါကား ဒိဋ္ဌချပ်ကို ပြသောကြောင့် ဝိကပ္ပနတ္ထ၊ စသဒ္ဒါ ကား နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် တော၊မေ-ကာရိယကို ငင်သော အနုကစ္စနတ္ထ။

၄၀၆။ (ပ) ဤသုတ်သည် ကေဝုပ်ကို စီရင်ရသောကြောင့် ဝါ တတိယေ ကဝစနေစ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ဝါ တတိယော စ-ဟု သာ တည်ပါသနည်း။

(ဗျာ) ဗဟုဝစနေသု ဝေါနော- သုတ်ဖြင့် ဗဟုဝုစ်ကို ဆိုလတ္တံ့ဖြစ် ရကား ဤ၌ ဧကဝုစ်သာ ယူဟု သိအပ်သောကြောင့် ဝါ တပ်ယေစ- ဟုသာ တည်ပါသည်။

၉၀၇။ (ပ) ဤသုတ်ကို တေမေကဝစေသု သုစ-သုတ်၏ အခြားမဲ့၌ ထား၊ မေသဒ္ဒါအလိုက်ခံ၍ ဝါ တတိယေမျှဘည်ကပြီးလျက် အဘယ့်ကြောင့် ဤနေရာ၌ ဝါ တတိယေစ-ဟု တည်ပါသနည်း။

(ဗျာ) နှ အမှိသုတ်၏ အနိစ္စဝိဓိအဖြစ်ကို နှစ်စေလိုသောကြောင့် ဤ၌ တည်ပါသည်။

---

## ၁၀၀။ ဗဟုဝစနေသု ဝေါ နော

၉၀၈။ (ပ) အောက်သုတ်ဖြင့် တတိယာဧကဝုစ်ကို စီရင်သောကြောင့် ၎င်းသုတ်မှ တတိယာလိုက်၍ ဝေါ နော- ဟု မတည်မူ၍ အဘယ့် ကြောင့် ဗဟုဝစနသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) ပဥ္စမာ ယောဝိဘတ်နှောင်းရာ၌လည်း ဝေါ၊ နော အပြုကို သိစေလိုသောကြောင့် ဗဟုဝစနသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၉၀၉။ (ပ) တတိယာဗဟုဝုစ်သည် ကာလုံတည်းသာ ဖြစ်ရကား ဧကမှိ ဝတ္တဗ္ဗေ ဧကဝစနံနှင့် အညီ ဗဟုဝစနေ ဝေါ နော- ဟု တည်သင့် လျက် အဘယ့်ကြောင့် ဗဟုဝစနေသု ဝေါ နော-ဟု တည်ပါသနည်း။

(ဗျာ) ပဥ္စမာဗဟုဝုစ်ယောဝိဘတ်နှောင်းရာ၌လည်း ဝေါ နော အာ ဒေသကို သိစေလိုသောကြောင့် ဗဟုဝစနေသု ဝေါ နော-ဟု သဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၉၁၀။ (ပ) ဗဟုဝစနသဒ္ဒါ၊ တနည်း- သု- ဟူသော ဗဟုဝစန ဆိုရခြင်း အကျိုးကို ၂-မျိုးအောက်မယုတ် ပြခဲ့ပါ။

(ဗျာ) တတိယာ ဗဟုဝုစ်နှောင်းရာ ဝေါ နော အာဒေသ၏ ဖြခြင်း အကျိုး၊ ပဥ္စမာယောဝိဘတ်နှောင်းရာ ဝေါ နော ပြုရခြင်း အကျိုးရှိ ပါ၏။

၉၁၁။ (ပ) ဤသုတ်ကို နိစ္စ၊ အနိစ္စ၊ အသန္တဝိဓိသုံးပါးတွင် အဘယ်ဝိဓိ ဟု မှတ်ရမည်နည်း။

(ဗျာ) ရှေ့သာ၊ သဒ္ဒနီတိအလို-နိစ္စဝိဓိ၊ ရူပသိဒ္ဓိ၊ မောဂ္ဂလာန်အလို- အနိစ္စဝိဓိဟုမှတ်။

၆၁၂။ (ပ) ဤသုတ်၏ဝုတ္တိ၌ ဝါသဒ္ဒါရှိသင့်၊ မရှိသင့် ဆုံးဖြတ်နဲ့ပါ။
(ဗျာ) ရှုသ္မိံ မောဂ္ဂလာနအလို- ဝါသဒ္ဒါရှိသင့်၏။ ရှာသ၊ နီတိ အလို- မရှိသင့်ပြီ။

၆၁၃။ (ပ) ရှာသအလိုမှာ အဘယ့်ကြောင့် ဝါသဒ္ဒါမရှိသင့်ပါသနည်း။
(ဗျာ) ဗဟုဝစနသဒ္ဒါဖြင့် နိစ္စဝိဓိ၏အဖြစ်ကိုလည်း ပြသောကြောင့် ဝါသဒ္ဒါ မရှိသင့်။

၆၁၄။ (ပ) ဤသုတ်လာ ဝေါနော အာဒေသ၊ အောက် ပဒတောသုတ်လာ ဝေါ နော အာဒေသနှစ်ပါးတို့၏ ထူးကို ပြခဲ့ပါ။

(ဗျာ) ဤသုတ်ကား နိစ္စ၊ အောက်သုတ်ကား အနိစ္စ၊ တနည်း– ဤသုတ်ကား တတိယာဟိ ပဉ္စမာဝိယာနှောင်းရာ၌၊ အောက်သုတ်ကား ဒုတိယာ၊ စတုတ္ထီ၊ ဆဋ္ဌီဗဟုဝုစ်နှောင်းရာ၌ စီရင်သည်။ ဤသို့ နိမိတ်၊ ဝိဓိအားဖြင့် ထူးကြ၏။

---

## ၁၀၁။ ပုမန္တသာ သိမှိ

၆၁၅။ (ပ) အစိတ်ကို ငဲ့ခြင်း ရှိသော ဆဋ္ဌီဝိဘတ်ဖြင့် ပုမသာ သိမှိ-ဟု သုတ်တည်ကလိုအပ်သော အဝယဝတ္ထပြီးကောင်းလျက် အဘယ့်ကြောင့် အန္တသဒ္ဒါပိုကို ဆိုပြန်ရသနည်း။

(ဗျာ) မဃဝ၊ ယုဝ စသော သဒ္ဒါတို့၏ အစိတ်ဘရ၏လည်း အာ- အပြုကိုသိစေလိုသောကြောင့် အန္တသဒ္ဒါပိုကို ဆိုရပြန်ပါသည်။ တနည်း နဝိဇ္ဇတိ ပုမော ဟဒ္ဒါ၌ သိဝိဘတ်နှင့်ကကူ ပုမန္တ၏သြ-အပြုကိုသိစေလို သောကြောင့် အန္တသဒ္ဒါပိုကို ဆိုပါသည်၊

၆၁၆၊ (ပ) ဤသုတ်ကို တပါးသောဌာနတို့၌ မဟည်ပဲ အဘယ့်ကြောင့် ဤနေရာ၌ ထည့်ပါသတည်း။

(ဗျာ) သဝိဘတ္တိသဒ္ဒါအလိုက်ခံလိုသောကြောင့်၊ တနည်း-ဇာတော အာဒေသသုတ်တို့ကို တပေါင်းတည်း ပြလိုသောကြောင့် ဤ၌ထည့် ပါသည်။

၆၁၇။ (ပ) ဤသုတ် အစီအရင်ကို ဝိဓိသုံးပါးတွင် အဘယ်ဝိဓိဟု မှတ် ရမည်နည်း။
(ဗျာ) ရှာသ၊ ရူ၊ နိဒ္ဒေသ-စသော ဆရာတို့အလို-နိစ္စဝိဓိ၊ နီတိအလို- အနိစ္စဝိဓိ-ဟုမှတ်။

၉၁၈။ (ပ) အာသိမှိသုတ်လည်း သိနှောင်းရာဝိဘတ်နှင့်တကွအာပြုသည်။ ဤသုတ်လည်း အာပြုသည်ပင်။ ၎င်းနှစ်သုတ်တို့ အဘယ့်သို့ ထူးကြပါသနည်း။

(ဖြေ) ရှေ့သုတ်ကား ဂုဏဝါဒီဂိုဏ်း၌သာ၊ ဤသုတ်ကား ပုမာဒိဂိုဏ်း၌သာ စီရင်သည်၊တနည်း ရှေ့သုတ်ကား သဗ္ဗာဒေသ၊ဤသုတ်ကား အဝယဝါဒေသ၊ ဤသို့ထူးကြ၏။

၉၁၉။ (ပ) ပုမာဒိဂဏ၏ ဖြစ်သင့်သော လက္ခဏာနှင့်တကွ ဖြစ်ကောင်းသော သဒ္ဒါစုကို သချပ်ထုတ်၍ ပြခဲ့ပါ။

(ဖြေ) ဤသုတ်ဖြင့် သိဝိဘတ်နှောင်းရာ ဝိဘတ်နှင့်တကွ အာပြု၍ပြီးခြင်းသည်ပင် လက္ခဏာဖြစ်ကောင်းသော သဒ္ဒါများကား ပုမသဒ္ဒါ၊ ရဟ၊ ဒဠှဓမ္မ၊ ပစ္စက္ခဓမ္မ၊ ဝိဝဋ္ဋစ္ဆဒ၊ ဝတ္တဟ၊ ဝုတ္တသိရ၊ ယုဝ၊ မဃဝ၊ အဒ္ဓ၊ မုဒ္ဓသဒ္ဒါအားဖြင့် ၁၁-ပါးတို့သာတည်း။

---

## ၁၀၂။ အမာလပနေကဝစနေ

၉၂၀။ (ပ) ဤသုတ်ကို အံဂေ-ဟု တည်က လိုအပ်သော အနက်ပြီးလျက် အပ္ပက္ခရဂုဏ်ရောက်သည် မဟုတ်ပါလော၊ သို့ရောက်လျက် အဘယ့်ကြောင့် အမာလပနေကဝစနေ-ဟု တည်ပါသနည်း။

(ဖြေ) ဂသညာဟောသော သဒ္ဒါတပါးကို ပြလိုသောကြောင့်(နျာသအလို) ဂသညာနိမိတ်ကို အလိုမရှိသောကြောင့် (နိဒ္ဒေသအလို) အမာလပနေကဝစနေ-ဟု တည်ပါသည်။

၉၂၁။ (ပ) ဤသုတ်ကို အမာလပနေ-မျှသာမတည်မူ၍ အဘယ့်ကြောင့် အမာလပနေကဝစနေ-ဟု တည်ပါသနည်း။

(ဖြေ) အာလုပ်ဗဟုဝုစ်ကို နှစ်စေလိုသောကြောင့် အမာလပနေကဝစနေ-ဟု တည်ပါသည်။

၉၂၂။ (ပ) အောက်သုတ်၊ ဤသုတ်ရှိ သိနိမိတ် နှစ်ပါးတို့၏ အထူးကိုပြခဲ့ပါ။

(ဖြေ) အောက်သုတ်ကား လိင်္ဂတ္ထ-သိ၊ ဤသုတ်ကား အာလပနတ္ထ-သိ၊ ဤသို့ ထူးကြ၏။

၉၂၃။ (ပ) ဤသုတ်စီရင်သော ပြယုဂ်သည် သာသနာတော် ကျမ်းမှာ ရှိ၊ မရှိ ဆုံးဖြတ်ပြီးလျှင် မည်သူ့အလိုဖြင့် တည်ထားသနည်း။

(ဗျာ) အာလုပ်သိဝိဘတ်နှင့် နိဂ္ဂဟိတာန္တပြယုဂ် သဒ္ဒါနီတိကျမ်း မှာ မရှိဟုမှတ်။ ဆရာမြတ်တို့၏ မူလိုဖြင့် တည်ပါသည်။

၉၂၄။ (ပ) အဝဏ္ဏာဝ ပေသုကိ အိကာရိယ၊ ဤသုတ် အိကာရိယနှစ်ချပ် အထူးကို ပြပါ။

(ဗျာ) ရှေ့သုတ်ကား ပုဏ္ဏာဒိဂဏာ ကာရန္တ ဖြစ်ပါ၏၊ သဗ္ဗာဒေသ။ ဤသုတ်ကား ပုမာဒိဂဏ၊ အကာရန္တ၊ အဝယဝါဒေသ၊ ဤသို့ထူး ကြ၏။

## ၁၀၃။ သမာသေ စ ဝိဘာသာ

၉၂၅။ (ပ) ဤသုတ်သည် သမာသ်အရာ၌ စီရင်ရကား သမာသ်သို့ ရောက်မှတည်သင့်လျက် အဘယ့်ကြောင့် ဤ၌တည်သနည်း။

(ဗျာ) ပုမန္တသဒ္ဒါ၊ အံသဒ္ဒါတို့ အလိုက် ခံလိုသောကြောင့် ဤ၌ တည် ပါသည်။

၉၂၆။ (ပ) ဤသုတ်၌ စ သဒ္ဒတ္ထ၊ ဝိဘာသာသဒ္ဒတ္ထတို့ကို အကြောင်းနှင့် တကွ ပြခဲ့ပါ။

(ဗျာ) စသဒ္ဒါကား အံကို ငင်သောကြောင့် အနုကဍ္ဎနတ္ထ။ ဝိဘာ သာသဒ္ဒါကား ဒွိရုပ်ကိုပြသောကြောင့် ဝါတ္ထ ဖြစ်ကြပါသည်။

၉၂၇။ (ပ) ဝိဘာသာသဒ္ဒါ ဝါတ္ထဟူသော် အပွက္ခရုပ် ပေါက်အောင် သမာသေစဝါ-ဟုမတည်ပဲ အဘယ့်ကြောင့် သမာသေ စ ဝိဘာသာ ဟု တည်ပါသနည်း။

(ဗျာ) ဝိဘာသာသဒ္ဒါ၏ ဝါသဒ္ဒါနှင့် အနက်တူသည်၏ အဖြစ်ကို ပြလိုသောကြောင့် ဝိဘာသာသဒ္ဒါနှင့် တည်ပါသည်။

မှတ်ချက်။ ။ဝါဝိဘာသာ သမာနတ္ထာ-ဂါထာအရပင်။

၉၂၈။ (ပ) ဝါ တတိယေစ-သုတ်မှ ဝါသဒ္ဒါအလိုက်ခံ၍ သမာသေစ မျှတည်က ပြီးကောင်းလျက် အဘယ့်ကြောင့် သမာသေစ ဝိဘာသာ ဟု တည်ပါသနည်း။

(ဗျာ) ဝါနှင့် ဝိဘာသာ အနက်တူသည်၏ အဖြစ်ကို ပြလိုသော ကြောင့်ရင်း၊ နောက်သုတ်သို့ ဝါသဒ္ဒါလိုက်ခြင်းမှ နစ်စေလိုသော ကြောင့်ရင်း သမာသေ စ ဝိဘာသာ ဟု တည်ပါသည်။

၄၂၉။ (ပ) ဤသုတ်လာ စ သဒ္ဒါသည် အနုက္ကမနုတ္တသာ ဖြစ်သင့်ပါ သလော၊ အဘာယ်ပယောဂဝယ် အဘာယ်အတ္ထများ ဖြစ်သင့်ပါသေး သနည်း။

(ဖြေ) သုဇာယ ပတိ သုဇံပတိ စသောပြယုဂ်တို့၌ ဇာ၏အစိတ် အာသရ၏ အံ အပြုကိုဆည်းရကား သမုစ္စယတ္ထလည်း ဖြစ်သင့်ပါ၏။

---

## ၁၀၄။ ယောသ္မာနော

၄၃၀။ (ပ) အောက် ယောသု ဒွိန္နံ ဧဒွ စ၊ ယောသ္မာနော နှစ်သုတ်တို့၏ ယောသု အရထူးပုံပြခဲ့ပါ။

(ဖြေ) ရှေ့သုတ်ကား လိင်္ဂတ္ထ ပဌမာယော၊ ဒုတိယာယော ဝိဘတ် နှစ်လုံးသာ ရ၏။ ဤ သုတ်ကား ပဌမာယော နှစ်လုံး၊ ဒုတိယာ ယော၊ ပေါင်းသုံးလုံးရ၏။

၄၃၁။ (ပ) ဤသုတ်သို့ ဝိဘာသာသဒ္ဒါ ယထာနုပုဗ္ဗိက အဓိကာရနည်း အားဖြင့် လိုက်သင့် မလိုက်သင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဖြေ) ဒွိရုပ်ကို အလိုမရှိသောကြောင့်၊ ဝါ-ဤသုတ်၏ နိစ္စဝိဓိဖြစ် သောကြောင့် မလိုက်သင့်ပါ။

---

## ၁၀၅။ အာနေ သို့ မှိ ဝါ

၄၃၂။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဝါသဒ္ဒါ၏ အနက်ကို ပြခဲ့ပါ။

(ဖြေ) ဝိဘာသာတ္ထ၊ တနည်း-သမုစ္စယတ္ထ ဖြစ်သင့်ပါသည်။

၄၃၃။ (ပ) ဝါသဒ္ဒါဖြင့် ဆည်းအပ်သောအနက်ကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

(ဖြေ) သို့ကြောင့် ဝိဘတ်နှင့်တကွ အဒ္ဓစသောသဒ္ဒါ၏ အစိတ်၏ အာနေအပြုကိုဆည်း၊ အဒ္ဒါနေစသည်တည်း။ တနည်း-အံ ယောသို့ သု-ဝိဘတ်တို့ကြောင့် ဣနအပြုကို ဆည်းပါသည်။ ဥဒါဟရဏ်ကား ပါဏိနံ၊ ပါဏိနေ၊ ပါဏိနေသု-စသည်တည်း။

၄၃၄။ (ပ) သမာသေ စ ဝိဘာသာသုတ်မှ ဝိဘာသာသဒ္ဒါအလိုက်ခံ၍ အာနေသို့မှိသာဟည်က ပြီးသင့်လျက် အဘာယ့်ကြောင့် အာနေသို့မှိ ဝါ-ဟုတည်ပါသနည်း။

(ဗျာ) အထက်သုတ်သို့ ဝိဘာသာသဒ္ဒါလိုက်ခြင်းမှ နှစ်စေလိုသော
ကြောင့်၊ တနည်း- ဝိဘတ်နှင့်တကွ စီရင်သော ဝိဇ၏ ပြီးဆုံးသည်၏
အဖြစ်ကို သိစေလိုသောကြောင့် ဝါသဒ္ဒါနှင့်တကွ တည်ပါသည်။

---

## ၁၀၆။ ဟိဝိဘတ္တိမှိ စ

၉၃၅။ (ပ) ဤသုတ်ကို ဟိမှိစ ဟုတည်က ဟိသည် ဝိဘတ်ကို ဟော၏ဟူ
သော အနက်ပြီးကောင်းလျက် အဘယ့်ကြောင့် ဟိဝိဘတ္တိမှိစ ဟု တည်
ပါသနည်း။
(ဗျာ) အမှသာ မမံ သဝိဘတ္တိဿ သေ သုတ်မှ သဝိဘတ္တိသဒ္ဒါကို
နှစ်စေလိုသောကြောင့် ဟိဝိဘတ္တိမှိ စ ဟု တည်ပါသည်။

၉၃၆။ (ပ) သမုစ္စယတ္ထ စ သဒ္ဒါ၏ သမုစ္စယာကာရကို ကျနစွာ ပြခဲ့ပါ။
(ဗျာ) သိ ယော၊ အံ ယောဝိဘတ်တို့ကြောင့် မဃဝ၊ ယုဝသဒ္ဒါတို့
တို့၏ အစိတ်သရ၏ အာန-အပြု၊ သ၊ သ္မာဝိဘတ်တို့ကြောင့် ပုမ၊ကမ္မ၊
ထာမသဒ္ဒါတို့၏ အစိတ်သရ၏ ဥ-အပြုကိုဆည်းသည်။ (ဝုတ္တိအလို)။
အလုံးစုံသော ဝိဘတ်တို့ကြောင့် မဃဝ၊ ယုဝသဒ္ဒါတို့၏ အစိတ်သရ၏
အာန-အပြုကို ဆည်းပါသည်။ (ရူပသိဒ္ဓိအလို)။

၉၃၇။ (ပ) ရှေ့ဥဒါဟရဏ်နှစ်ခုဖြင့်ပင် သုတ္တောဒါဟရဏကိစ္စ ပြီးသင့်
လျက် အဘယ့်ကြောင့် ပုမာနေဟိ-ဟု နောက်ထပ်၍ ထုတ်ပြန်ပါ
သနည်း။
(ဗျာ) သဝိဘတ္တိသဒ္ဒါနှင့်သည်၏ အဖြစ်ကို ပြလိုသောကြောင့် ထုတ်
ပြန်ပါသည်။

---

## ၁၀၇။ သုသ္မိမာ ဝါ

၉၃၈။ (ပ) အောက် သုနံဟိသု စ-သုတ်ဖြင့်ပင် သုဝိဘတ်နှောင်းရှာ ဒီဃ
ပြု၍ ပုမာသု-ဟူသော ပြယုဂ်ပြီးရကား ဤသုတ်ကို မတည်သော်
လည်းပြီးလျက် အဘယ့်ကြောင့် တည်ပြန်ပါသနည်း။
(ဗျာ) သုဝိဘတ်နှောင်းရှာ ပုမသဒ္ဒါ၌ အာ-အပြုမပြုသည်၏ အဖြစ်
ကို ပြလိုသောကြောင့်၊ ဝါ- အနိစ္စဝိဓိကို ပြလိုသောကြောင့် ဤ
သုတ်ကို တည်ပြန်ပါသည်။

၄၃၉။ (ပ) အောက်သုတ်မှ ဝါ-သဒ္ဒါအဟောင်း ရှိပါလျက် အဘယ့်ကြောင့် ဝါ-သဒ္ဒါအသစ် မိန့်ပြန်သနည်း။

(ဖြေ) အထက်သုတ်သို့ ဝါသဒ္ဒါလိုက်စေလိုသောကြောင့် ဝါသဒ္ဒါအသစ်ဆိုပြန်ပါသည်။

---

### ၁၀၈။ ဥနာမိ စ

၄၄၀။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စ-သဒ္ဒါ၏အနက်ကို ပြခဲ့ပါ။

(ဖြေ) ချာသ၊ နိဒ္ဒေသအလို၊ အနုကစ္စနတ္ထ။ ရှုအလို-သမုစ္စယတ္ထ။

၄၄၁။ (ပ) အဘယ့်ကြောင့် အဘယ်ကိုငင်၍ အဘယ်အနက်ကို ဆည်းပါသနည်း။

(ဖြေ) မလိုက်နိုင်သောကြောင့် အောက်သုတ်မှ အာ-ဟူသော ကာရိယကို ငင်ပါသည်။ သ၊ သွာဝိဘတ်ကြောင့် ပုမ၊ ကမ္မ ထာမသဒ္ဒါ၏ အစိတ်၏ ဥ-အပြုကိုဆည်းသည်။ (ရှုအလို) တနည်း၊ ဒေဝါနော၊ ဒေဝါနံ၊ ဒေဝါနေဟိ၊ ဒေဝါနသ၊ ဒေဝါနာနံ-စသည်တို့၌ အာန-အပြု၊ ဒေဝါနုသ္မိံ၊ ဒေဝါနေသု-စသည်တို့၌ အနအပြု၊ ဒေဝိနော၊ ဒေဝိနံ၊ ဒေဝိနေဟိ၊ ဒေဝိနသ၊ ဒေဝိနာနံ၊ ဒေဝိနမှာ၊ ဒေဝိနမှိ၊ ဒေဝိနေသု-စသည်တို့၌ ဣန-အပြုတို့ကို ဆည်းပါသည်။ (သုတ်နက်အလို။)

---

### ၁၀၉။ အကမ္မန္တဿ စ

၄၄၂။ (ပ) ဤသုတ်ကို အန္တပေက္ခာဆဋ္ဌီ၏ အစွမ်းဖြင့် အကမ္မဿ စ-ဟု တည်က လိုသောအနက်ပြီးလျက် အဘယ့်ကြောင့် အကမ္မန္တဿစဟု တည်ပါသနည်း။

(ဖြေ) ထာမ၊ အဒ္ဓ-စသော သဒ္ဒါတို့၏ အစိတ်သရ၏ ဥအာဒေသကို သိစေလိုသောကြောင့် အန္တသဒ္ဒါနှင့် အကမ္မန္တဿ စ-ဟု တည်ပါသည်။

၄၄၃။ (ပ) ဤသုတ်သည် စိတ္တာဒိဂုဏ်၌ စိရင်ရကား အထက်စတုတ္ထပိုင်းရောက်မှတည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) ဝိဘတ္တိသဒ္ဒါ၊ ဝါသဒ္ဒါ၊ ဥသဒ္ဒါ၊ နမှိသဒ္ဒါတို့ အလိုက်ခံလို သောကြောင့်၊ တနည်း— သုတ်တစ်တ်အားဖြင့် ပုမာဒိဂိုဏ်း၌ စီရင်သေးသောကြောင့် ဤ၌ တည်ပါသည်။

၉၄၄။ (ပ) စတ္တိ၌ စဂ္ဂဟဏေနပါဌ်ဖြင့် ပြသော စ-အရ သုတ်၌ပါသော စ-သဒ္ဒါ ဖြစ်ပါသလော။

(ဗျာ) အောက်သုတ်မှ လိုက်သော စ-သဒ္ဒါဟုမှတ်။ နိဒ္ဒေသ။

၉၄၅။ (ပ) သုတ်၌ပါသော စ-သဒ္ဒါကို အဘယ်သို့ မှတ်ရမည်နည်း။
(ဗျာ) ဥကာရိယကို ငဲ့သောကြောင့် အနုကဍ္ဍနတ္ထဟုမှတ်လေ။

ဒုတိယပိုင်း ပြီး၏။

* * *

## ၁၁၀။ တုမှမှေဟိ နမှာကံ

၉၄၆။ (ပ) ဤသုတ်သည် တုမှမှသဒ္ဒါတို့ကို စီရင်ရကား ၎င်းတို့ကို ပြသော တုမှမှာကံ တယိမယိသုတ်၏ အခြားမဲ့၌ တုမှမှပုဒ်အလိုက်ခံ၍ နမှာကံ မျှသာတည်က ပြီးလျက် အဘယ့်ကြောင့် ၎င်းနေရာမှာ မတည်ပါသနည်း။
(ဗျာ) ၎င်းနေရာ၌တည်က သဗ္ဗိဘတ္တိသဒ္ဒါလည်း လိုက်မည် ဖြစ်ရကား ထိုကိုနှစ်စေလိုသောကြောင့်၊ တနည်း— ဝိသုံ အာဒေသ၊ ကေတောအာဒေသ မှုရောယှက်စေလိုသောကြောင့် ထိုနေရာ၌ မတည်ပါ။

၉၄၇။ (ပ) ဤသို့ ဒုတိယကဏ္ဍမှာ မတည်ခဲ့သော် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။
(ဗျာ) အထက်သုတ်သို့ တုမှမှေဟိပုဒ်-အာကံပုဒ်တို့ လိုက်စေလိုသောကြောင့် ဤ၌ တည်ပါသည်။

၉၄၈။ (ပ) တုမှံ-ဟူသော ပြယုဂ်ကို အဘယ်သုတ်ဖြင့် စီရင်ရမည်နည်း။
(ဗျာ) ကစ္စည်းအလို ဤသုတ် နံ-ဟူသော ယောဂဝိဘာဂဖြင့် စီရင်ရမည်။ ရှုအလို ဤသုတ်လုံးဖြင့် စီရင်ရမည်။ နိဒ္ဒေသအလို ဝါ ယောပ္ပဋ္ဌမောသုတ်၌ ဝါသဒ္ဒါဖြင့် စီရင်ရမည်။

၉၄၉။ (ပ) ဤသုတ်ကို ဖြစ်သင့်သလို ပဒစ္ဆေဒပြုပြပါ။
(ဗျာ) ကစ္စည်းအလို-တုမှမှေဟိနံ အာကံ-ဟု ပုဒ်ဖြတ်။ ရှုအလို-တုမှမှေဟိ နံ အံ့ အာကံ-ဟု ပုဒ်ဖြတ်။

## ၁၁၁။ ဝါယောပဌမော

၉၅၀။ (ပ) ဤသုတ်သည် အောက်သုတ်နှင့် ကာရိယချင်း အတူပင်မဟုတ် ပါလော၊ တူလျှင် တုမှမေ့ဟိ ဝါယောပဌမော နမာကံ-ဟု တပေါင်း တည်း တည်သင့်လျက် အဘယ့်ကြောင့် မတည်ပါသနည်း။

(ဗျာ) နံဝိဘတ်၏ အာကံအပြုကား နိစ္စ၊ ဒုတိယာ ယော-ဝိဘတ်၏ အာကံအပြုကား အနိစ္စ၊ ဤသို့ ဝိဓိပြားသောကြောင့် ခွဲ၍တည်ပါသည်။

၉၅၁။ (ပ) ဤသုတ်၌ ဝါသဒ္ဒါ အဘယ်အနက်ကို ဟောပါသနည်း။
(ဗျာ) ဝိကပ်အနက် သမုစ္စယအနက်နှစ်ပါးကို ဟောပါသည်။

၉၅၂။ (ပ) ဝါသဒ္ဒါတခုတည်းဖြစ်ပါလျက် အဘယ့်ကြောင့် အနက် နှစ်ပါးကို ဟောနိုင်ပါသနည်း။

(ဗျာ) ဝါသဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်ရကား အနေကတ္ထဝိသယဖြစ် သောကြောင့် အနက်နှစ်ပါကို ဟောနိုင်ပါသည်။

၉၅၃။ (ပ) သမုစ္စယဝါသဒ္ဒါဖြင့် ဆည်းအပ် ဆည်းသင့်သောအနက်ကို ပြခဲ့ပါ။
(ဗျာ) တုမှံ၊ တုမှာနံ-စသော ပြယုဂ်တို့၌ ယောဝိဘတ်နှစ်လုံးတို့၏ အံအပြု အာနံအပြုတို့ကို ဆည်းပါသည်။(စာကိုယ်)နံဝိဘတ်၏ အံအပြု ကို ဆည်းပါသည်။ (နိဒ္ဒေသအလို။)

၉၅၄။ (ပ) သုတ်လုံးပါ ယောနှင့် ဝါသဒ္ဒါဖြင့် ပြအပ်သော ယောနှစ်ပါး တို့၏ ခြားနားပုံကို အထောက်ပြ၍ ရှင်းလင်းခဲ့ပါ။

(ဗျာ) သုတ်လုံးကား အပ္ပဌမော-ဟုဆိုသောကြောင့် ဒုတိယာယော တလုံးသာရ၏။ဝါသဒ္ဒါကား ယောသု-ဟု ဗဟုဝုစ်နှင့်ဆိုသောကြောင့် ပဌမာ ဒုတိယာယောဝိဘတ်နှစ်လုံးရ၏။ ဤသို့ ခြားနား၏။

---

## ၁၁၂။ သဿံ

၉၅၅။ (ပ) သဝိဘတ်ကိုသာ အံ-ပြုသည်မဟုတ်၊ နံဝိဘတ်ကိုလည်း အံပြု သောကြောင့် နံ သာနံ ဟု တည်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် သဿံ-ဟူ၍သာ တည်ပါသနည်း။

(ဗျာ) နံ၏ အံ-အပြုကား အပ္ပကာ၊ သ၏ အံအပြုကား ယေဘုယျ အဖြစ်ကို သိစေလိုသောကြောင့် သဿံ-ဟု တည်ပါသည်။

၉၅၆။ (ပ) ဤသို့တည်သော် နံ၏အဲအာဒေသကို အဘယ်သုတ်ဖြင့် စီရင်မည်နည်း။
(ဖြေ) ဤသုတ် အဲဟူသော ယောဂဝိဘာဂဖြင့် စီရင်ရမည်။

၉၅၇။ (ပ) ဤသုတ်၌သဿ-ဟု ဧကဝစ်နှင့်ဆိုသောကြောင့် စတုတ္ထီ၊ ဆဋ္ဌီ သနှစ်လုံးတွင် အဘယ်ကို ယူရမည်နည်း၊ အကြောင်းပြ၍ဖြေပါ။
(ဖြေ) ဇာတ်ကိုငဲ့၍ ဆိုသည်ဖြစ်သောကြောင့် သ-နှစ်လုံး ကိုပင် ယူရမည်။

၉၅၈။ (ပ) သဗ္ဗနာမ် မည်ခြင်း၏ အကြောင်းနှင့်တကွ သဗ္ဗနာမ်၏လက္ခဏာသရုပ်သချ်ာတို့ကို အသီးအသီးပြခဲ့ပါ။
(ဖြေ) လိင်သုံးပါးရှိကုန်၊ လိင်သုံးပါးတို့အားလျော်ကုန်၊ လိင်သုံးပါးတို့နှင့် ဆက်ဆံကုန်သော နာမ်ပုဒ်တို့ ဖြစ်သောကြောင့် သဗ္ဗနာမ် မည်ပါသည်။ အချို့သဗ္ဗနာမ်တို့သည် မိမိမှတပါးသော သဗ္ဗနာမ်တို့နှင့်၊ အချို့သဗ္ဗနာမ်တို့သည် နာမနာမ်တို့နှင့်တကွ ယှဉ်ခြင်းသဘောရှိကုန်၏၊ ဤတား သဗ္ဗနာမ်လက္ခဏာ၊ သရုပ်ကား-သဗ္ဗ၊ ကတရ၊ ကတမ၊ ဥဘယ၊ ဣတရ၊ အည၊ အညတရ၊ အညတမ၊ ပုဗ္ဗ၊ ပရ၊ အပရ၊ ဒက္ခိဏ၊ ဥတ္တရ၊ အဓရ၊ ယ၊ တ၊ ဧတ၊ ဣမ၊ အမု၊ ကိံ၊ ဧက၊ ဥဘ၊ ဒွိ၊ တိ၊ စတု၊ တုမှ၊ အမှ-တို့ဟူ၍ သချ်ာအားဖြင့် ၂၇—ပါးရှိပါသည်။

**မှတ်ချက်။** ။အထက်ပါလက္ခဏာမှ လွတ်က သဗ္ဗနာမ် မဟုတ်ဟူ၍ မှတ်လေ။

---

## ၁၁၃။ သဗ္ဗနာမကာရတေ ပဌမော

၉၅၉။ (ပ) ဝါယောပဌမောသုတ်မှ လိုက်သော ယောသည် ပဌမာဟု သိအပ်ရကား သဗ္ဗနာမကာရတေ-ဟု တည်ကပြီးလျှက် အဘယ်ကြောင့် ပဌမသဒ္ဒါနှင့်တကွ သုတ်တည်ပါသနည်း။
(ဖြေ) ဒွန္ဒဋ္ဌာဝါ သုတ်သို့ ပဌမသဒ္ဒါလိုက်စေလိုသောကြောင့် ပဌမ သဒ္ဒါနှင့်တကွ တည်ပါသည်။

၉၆၀။ (ပ) ဤသို့ နောက်သုတ်အကျိုးဖြစ်ခဲ့သော် ၎င်းသုတ်ရောက်မှပင် ဆိုပါတော့လော၊ အဘယ့်ကြောင့် ဤသုတ်၌ တင်ကြို၍ ပဌမသဒ္ဒါကို ဆိုရပါသနည်း။
(ဖြေ) ဤသုတ်၌လည်း ထင်ရှားသော အကျိုး၏ ဖြစ်သင့်သောကြောင့် ဤ၌ ဆိုပါသည်။

၉၆၁။ (ပ) ဗာလေစ ပဏ္ဍိတေစ-ဟူသော သုဒ္ဓနာမ်နောင်လည်း ပဉ္စမီစ ယော၏အပြုကိုမြင်သောကြောင့် အတေပဉ္စမော-ဟုသာမန်တည်သင့် လျက် အဘယ့်ကြောင့် သဗ္ဗနာမကာရတော ပဉ္စမော-ဟု ဝိသေသတည် ပါသနည်း။

(ဗျာ) သုဒ္ဓနာမ်၌ အပ္ပက၊ သဗ္ဗနာမ်၌ ယေဘုယျ-ဟု သိစေလိုသော ကြောင့် ဤသို့တည်ပါသည်။

၉၆၂။ (ပ) ဗာလေ၊ ပဏ္ဍိတေ-ဟူသောပြယုဂ်များ အဘယ်သုတ်ဖြင့် ပြီးရ မည်နည်း။

(ဗျာ) ဤသုတ် ဧ-ဟူသော ယောဂဝိဘာဂဖြင့် ဧ-ပြု၍ပြီးရမည်။

၉၆၃။ (ပ) ဤသုတ်စီရင်နိုင်သောလိင်ကို အကြောင်းပြ၍ ညွှန်းခဲ့ပါ။

(ဗျာ) အကာရတော - ဟု ဆိုသောကြောင့် ပုလ္လိင် နပုလ္လိင်၌သာ စီရင်ပါသည်။

---

### ၁၁၄။ ဒွန္နဥ္ဟာ ဝါ

၉၆၄။ (ပ) ဝါယောပဉ္စမော-သုတ်မှ ဝါသဒ္ဒါအလိုက်ခံ၍ ဒွန္နဥ္ဟာ-တည်က ပြီးလျက် အဘယ့်ကြောင့် ဝါသဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဗျာ) နောက်သုတ်သို့ ဝါသဒ္ဒါမလိုက်စေလိုသောကြောင့် ဝါသဒ္ဒါ သစ် ဆိုပြန်ပါသည်။

၉၆၅။ (ပ) ဤသုတ်၏ ဝိဓိသည် သမာသ်အရာ၌သာ ဖြစ်ရစား သမာသ ကဏ္ဍသို့ရောက်မှ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါ နည်း။

(ဗျာ) ယောသဒ္ဒါ၊ သဗ္ဗနာမသဒ္ဒါ၊ အကာရသဒ္ဒါ၊ ပဉ္စမသဒ္ဒါ၊ သေသဒ္ဒါတို့ အလိုက်ခံလိုသောကြောင့်၊ တနည်း -သဗ္ဗနာမဝိဓိတို့ကို တပေါင်းတည်း ပြလိုသောကြောင့် ဤ၌ တည်ပါသည်။

၉၆၆။ (ပ) ဒွန္နဥ္ဟာပုဒ်ကို နှစ်နည်းမအောက်မယုတ် ဝိဂ္ဂိုဟ်လုပ်၍ အရကောက် ပြခဲ့ပါ။

(ဗျာ) ဒွန္နေ ဥ္ဟိတော ဒွန္နဥ္ဟော။ (သတ္တမီတပ္ပုရိသ်ဝိဂြိုဟ်။) ဒွန္နံဝသေန ဥ္ဟိတော တ္တောတိ ဒွန္နဥ္ဟော။ (သတ္တမီဗဟုဗ္ဗိဟိသမာသ်ဝိဂြိုဟ်။) အရ တား သဗ္ဗနာမ် အကာရန္တရ၏။

## ၁၁၅။ နာညံ သဗ္ဗနာမိကံ

၄၆၇။ (ပ) ဤသုတ်၌ ဖြင်ထိုက်သော အညအပဒါနိ၊ အည အရတို့ကို ပြခဲ့ပါ။

(ဗျာ) အညႏၤပဒါနိကား ဒွန္ဒဋ္ဌာဝါသုတ်ဖြင့် စီရင်သော ငှမာ ယောဝိဘတ်၏ ဧ-အပြု။ အညအရကား သဗ္ဗနာမ်တို့၏ အစီအရင်ဖြစ်သော သံသာ-စသော ကာရိယတို့ ရ၏။

၄၆၈။ (ပ) သဗ္ဗနာမိကပုဒ်ကို စွမ်းအားရှိသလောက် ဝိဂ္ဂဟပြု၍ အရ ကောက်ခဲ့ပါ။

(ဗျာ) သဗ္ဗနာမာနံ ဝိဟိတံ သဗ္ဗနာမိကံ၊ သဗ္ဗနာမေသု ဝိဟိတံ သဗ္ဗနာမိကံ၊ (ဝိဟိတတဒ္ဓိတ်ဝိဂ္ဂဟ) သဗ္ဗနာမေသု နိယုတ္တံ သဗ္ဗနာမိကံ၊ (နိယုတ္တ တဒ္ဓိတ်)သဗ္ဗနာမေသု သန္ဓိမာနံ သဗ္ဗနာမိကံ။ (သန္ဓိမာန တဒ္ဓိတ်ဝိဂ္ဂဟ) အရကား သံသာ-စသော ကာရိယရ၏။

၄၆၉။ (ပ) သဗ္ဗနာမဝိဓိကို ဖြစ်ခြင်းသည် ဒွန္ဒ၌သာဖြစ်သည်မဟုတ်၊ မာသ ပုဗ္ဗာနံ-စသော တတိယာတပ္ပုရိသ်၌လည်း ဖြစ်သောကြောင် ဒွန္ဒဋ္ဌာပုဒ် အလိုက်ခံ၍ နာညံ သဗ္ဗနာမိကံ-ဟု မတည်သင့်၊ အလိုက်မခံပဲ နာညံ သဗ္ဗနာမိကံ-ဟု သာမညတည်သင့်သည် မဟုတ်လော။

(ဗျာ) တပ္ပုရိသ်၌ ဖြစ်ခြင်းကား အပ္ပက၊ ဒွန္ဒ၌ဖြစ်ခြင်းကား ယေဘုယျအဖြစ်ကို သိစေလိုသောကြောင့် အလိုက်ခံ၍ သုတ်တည်ပါသည်။

၄၇၀။ (ပ) ဤသို့တည်သော် မာသပုဗ္ဗာနံ-စသော တပ္ပုရိသ်သမာသ်ကို အဘယ်သုတ်ဖြင့် ဖြစ်ရမည်နည်း။

(ဗျာ) ဒွန္ဒဋ္ဌာပုဒ်အလိုက်ခံခြင်းကင်းသော နာညံ သဗ္ဗနာမိကံ-ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ဖြစ်ရပါမည်။

၄၇၁။ (ပ) ဤသုတ်ဖြင့် ဖြစ်၏ဆိုသော် အဘယ်သုတ်တို့၏ အစီအရင် ကာရိယကို တားမြစ်သနည်း။

(ဗျာ) သဗ္ဗနာမာနံ နံမှိစ၊ သဗ္ဗတော နံ သံသာနံ စသောသုတ်တို့၏ အစီအရင်ကာရိယကို တားမြစ်ပါသည်။

---

## ၁၁၆။ ဗဟုဗ္ဗိဟိမှိ စ

၄၇၂။ (ပ) ဤသုတ်၌ စသဒ္ဒါ ဘယ်အနက်ရှိသနည်း။

(ဗျာ) နိဝတ္တာပနအာဝဓာရဏအနက်ရှိပါသည်။

၉၇၃။ (ပ)အဝဓာရဏဟူသော် အဘယ် အရာ အဘယ်သုတ်၏ ဝိဓိကို မြစ်ပါသနည်း။

(ဖြေ) ဒိသတ္တသဗ္ဗနာမ်တို့၏ ဗဟုဗ္ဗီဟိသမာသ် အရာ ဤသုတ်၏ဝိဓိကို မြစ်ပါသည်။ (ရူပသိဒ္ဓိအလို)။ ဒွန္ဒသမာသ်အရာ ရှေ့သုတ်၏ ဝိဓိကို မြစ်ပါသည်။( န်ျာသအလို။)

၉၇၄။ (ပ) ဤသုတ်ဖြင့် မြစ်၏ဟူသော် အဘယ်သုတ်တို့၏ အစီအရင်ကို တားမြစ်ပါသနည်း။

(ဖြေ) သဗ္ဗတော နံ သံသာနံ၊ ဃပတောသ္မိံသာနံ သံသာ-သုတ်တို့၏ အစီအရင်ကို မြစ်ပါသည်။

၉၇၅။ (ပ) ဤသုတ်ဖြင့် ဗဟုဗ္ဗီဟိ၌ မြစ်ရမည် ဆိုသော် ဗဟုဗ္ဗီဟိဟူသမျှ မြစ်သည်ဟု မှတ်ရတော့မည်လော၊အဘယ်ဗဟုဗ္ဗီဟိ၌ မမြစ်ဟု မှတ်ရမည်နည်း။

(ဖြေ) ဒိသတ္တသဗ္ဗနာမ်တို့၏ ဗဟုဗ္ဗီဟိ သမာသ်၌ မမြစ်ဟု မှတ်။

၉၇၆။ (ပ) အောက်-ပဋိသေဓ၊ ဤပဋိသေဓ၊ သုတ်နှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။

(ဖြေ) ရှေ့သုတ်ကား ဒွန္ဒအရာ၌ မြစ်သည်။ ဤသုတ်ကား ဗဟုဗ္ဗီဟိ အရာ၌ မြစ်သည်။ တနည်း-ရှေ့သုတ်ကား အနိစ္စ။နောက်သုတ်ကား နိစ္စ။(န်ျာသအလို)၊ရှေ့သုတ်ကား နိစ္စ၊နောက်သုတ်ကား အနိစ္စ၊ (ရူပသိဒ္ဓိအလို။)ဤသို့ ထူးကြ၏။

---

## ၁၁၇။ သဗ္ဗတော နံ သံသာနံ

၉၇၇။ (ပ) သဗ္ဗနာမကာရတေ ပဌမော-သုတ်မှ သဗ္ဗသဒ္ဒါအလိုက်ခံ၍ နံ သံသာနံ-မျှဘည်က လိုအပ်သောအနက်ပြီးလျက် အဘယ့်ကြောင့် သဗ္ဗသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) အကာရတောသဒ္ဒါကို နှစ်စေလိုသောကြောင့် သဗ္ဗသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၉၇၈။ (ပ) ဤသုတ်ဖြင့် သံပြု၊ သာနံပြုဟူသော် သဗ္ဗနာမ်မှန်က ခပ်သိမ်းသော ဌာနတိုင်း၌ ပြုရသည်ဟု မှတ်ရတော့မည်လော၊အကြောင်းပြ၍ ဖြေပါ။

(ဗျာ) နာညံ့ သမ္ဗန္ဓာမိကံ၊ ဗဟုဗ္ဗိဟိမှိစ-ဟု ဆိုသောကြောင့် ဠာန တိုင်း မပြုရဟု မှတ်ရမည်။

---

## ၁၁၈။ ရာဇသ ရာဇု သုနံဟိသု စ

၉၇၉။ (ပ) ဤသုတ်သည် ရာဇသဒ္ဒါ၊ ရာဇာဒိဂဏအရာတို့၌ စီရင်သော ကြောင့် အောက်-ရာဇဿ ရညော ရာဇိနော သေ-သုတ်၏အခြားမဲ့၌ ၎င်း၊ အထက်-သျာစ-သုတ်တို့၏ အခြားမဲ့၌၎င်း တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) အထက်-သဗ္ဗဿိမဿေ ၀ါ-သုတ်သို့ သုနံဟိ နိမိတ်လိုက်စေလို သောကြောင့် ဤနေရာ၌ တည်ပါသည်။

၉၈၀။ (ပ) ဤသုတ်၌ စသဒ္ဒါဆိုရခြင်း၏ အကျိုးကို ထင်ရှားအောင် ပြခဲ့ပါ။

(ဗျာ) ရာဇေသု· ရာဇာနံ၊ ရာဇေဟိ-ဟူသော အချို့သော ပြယုဂ် တို့၌ ဤသုတ်၏ ဝိဓိကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

---

## ၁၁၉။ သဗ္ဗဿိမဿေ ၀ါ

၉၈၁။ (ပ) သဗ္ဗတော နံ သံသာနံ·သုတ်မှ သဗ္ဗသဒ္ဒါ အလိုက်ခံ၍ ဣမ ဿေ ၀ါ-ဟု တည်က ပြီးသင့်လျက် အဘယ့်ကြောင့် သဗ္ဗဿိမဿေ ၀ါ ဟု တည်ပါသနည်း။

(ဗျာ) ဣမသဒ္ဒါ၏ ကေဒေသကာရီကို နစ်စေလိုသောကြောင့် သဗ္ဗဿိမဿေ ၀ါ-ဟု တည်ပါသည်။

၉၈၂။ (ပ) ဒွန္ဒဋ္ဌာ ၀ါ-သုတ်မှ ၀ါသဒ္ဒါအလိုက်ခံ၍ သဗ္ဗဿိမဿေ-မျှ တည်က လိုအပ်သော ဝိကပ္ပနတ္ထ ပြီးသင့်လျက် အဘယ့်ကြောင့် သဗ္ဗဿိမဿေ ၀ါ-ဟု တည်ပါသနည်း။

(ဗျာ) အထက်သုတ်သို့ မလိုက်စေလိုသောကြောင့် သဗ္ဗဿိမဿေ ၀ါ ဟု တည်ပါသည်။

၉၈၃။ (ပ) ဤသုတ်စီရင်သင့်သော လိင်ကို အကြောင်းပြ၍ ညွှန်းခဲ့ပါ။

(ဗျာ) သဗ္ဗတ္ထဟု မဆိုသောကြောင့် ပုလ္လိင်၊ နပုလ္လိင်၌သာ စီရင် ပါသည်။

## ၁၂၀။ အနိမိနာမှိ စ

၄၀၄။ (ပ) ဤသုတ်၌ စသဒ္ဒါ၏ဖြစ်သင့်သော အနက်ကို ပြခဲ့ပါ။
(ဖြေ) နိဝတ္တာပန အဝဓာရဏအနက် ဖြစ်သင့်ပါသည်။

၄၀၅။ (ပ) နိဝတ္တာပန အဝဓာရဏတ္ထ ဟူသော် အဘယ်ကို အဘယ့်ကြောင့် တားမြစ်ပါသနည်း။
(ဖြေ) သမ္ဗန္ဓိမဿောဝ်ါ-သုတ်မှ ဝါသဒ္ဒါကို ဒိဋ္ဌရှပ်၊ အနိစ္စဝိဓိကို အလိုမရှိသောကြောင့် မြစ်ပါသည်။

၄၀၆။ (ပ) ရာဇဿ ရာဇူ သု နံ ဟိသု စ၊ အနိမိနာမှိ စ-သုတ်တို့၌ ပါသော စသဒ္ဒါတို့၏ အဝဓာရဏတ္ထ ထူးခြားပုံကို ပြခဲ့ပါ။
(ဖြေ) ရှေ့ကား မိမိသုတ်၏ ဝိဓိအနက်ကို တားမြစ်၍ အနိစ္စဝိဓိကို ပြသည်။ နောက်ကား တပါးသော သုတ်၏ ဝါသဒ္ဒါကို တားမြစ်၍ နိစ္စဝိဓိကို ပြသည်။

---

## ၁၂၁။ အနပုံသကဿာယံ သိမှိ

၄၀၇။ (ပ) ဣမသဒ္ဒါသည် တိလိင်ဖြစ်ရကား အယံ သိမှိ-ဟု တည်သင့်လျက် အဘယ့်ကြောင့် အနပုံသကဿာယံ သိမှိ-ဟု တည်သနည်း။
(ဖြေ) နပုလ္လိင် ဣမသဒ္ဒါ၌ ဤသုတ် အစီအရင် မဖြစ်သင့်သောကြောင့် ဤသို့ တည်ပါသည်။

၄၀၈။ (ပ) အဘယ့်ကြောင့် နပုလ္လိင် ဣမသဒ္ဒါ၌ ဤသုတ်၏ ဝိဓိမဖြစ်သင့်ပါသနည်း။
(ဖြေ) မြတ်စွာဘုရားပါဠိတော်အား မလျော် မလျောက်ပတ်သောကြောင့် မဖြစ်သင့်ပါ။

၄၀၉။ (ပ) ဤသုတ်သည် ဝိဓိသုံးပါးတွင် အဘယ်ဝိဓိ ဖြစ်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။
(ဖြေ) ဝိကပ္ပနတ္ထ ဝါသဒ္ဒါ မလိုက်မပါသောကြောင့် နိစ္စဝိဓိ ဖြစ်ပါသည်။

၄၁၀။ (ပ) ဤသုတ်၌ ဖြစ်သင့်သော အင်္ဂါကို ထုတ်ပြခဲ့ပါ။
(ဖြေ) သိဝိဘတ်လည်း နှောင်းစေ၊ ပုလ္လိင်၊ နပုလ္လိင်ဣမသဒ္ဒါလည်း ရှိစေ၊ ဤအင်္ဂါနှစ်ပါးပြည့်စုံက အမြဲ အယံပြုရမည်။

မှတ်ချက်။ ။သုတ်အင်္ဂါဟူသမျှ နိမိတ်၊ ကာရိ၊ ဝိသေသနပုဒ်တို့ကို ကြည့်၍ ခွဲရမည်။

---

## ၁၂၂။ အမုဿ မောသံ

၉၉၁။ (ပ) အောက်-အမုဿာဒုံ·သုတ်ကဲ့သို့ အမုဿာသံ-ဟု တည်သင့်လျက် အဘယ့်ကြောင့် အမုဿ မောသံ·ဟု တည်ပါသနည်း။
(ဗျာ) သမုဒါယာဒေသ၊ အဝယဝါဒေသအားဖြင့် နှစ်ပါးသော သုတ်တို့တွင် အဝယဝါဒေသ အစွမ်းဖြင့် အထူးထူးသော နည်းနယ၌ လိမ္မာစေလိုသောကြောင့် ဤသို့ တည်ပါသည်။

၉၉၂။ (ပ) ဤသုတ်သို့ ဝါသဒ္ဒါ အဘယ့်ကြောင့် လိုက်လာပါသနည်း။
(ဗျာ) ဝိကပ္ပနတ္ထကို အလိုရှိသောကြောင့် လိုက်ပါသည်။

၉၉၃။ (ပ) ဣမသဒ္ဒါနှင့် အမုသဒ္ဒါတို့၏ အတ္ထထူးခြားပုံကို ပြခဲ့ပါ။
(ဗျာ) ဣမသဒ္ဒါကား အစ္စန္တသမီပတ္ထ 'အလွန်အနီး' ကို ဟော၏။ အမုသဒ္ဒါကား အတိဒူရတ္ထ 'အလွန်အဝေး' ကို ဟော၏။ ဤကားအထူး။

---

## ၁၂၃။ ဘော ဘော သန္တော

၉၉၄။ (ပ) အာ ဂူတ္ထိ-စသော ပယောဂတို့၌ လိင်သုံးပါး၌လည်း ဘော၊ တတို့၏ အစိတ် အာ အပြုကို မြင်ရကား အဘယ့်ကြောင့် ဘော ဘော သန္တော-ဟု သာမညအားဖြင့် တည်သနည်း။
(ဗျာ) အာ-အပြုကား အပွက၊ သ-အပြုကား ယေဘုယျအဖြစ်ကို သိစေလိုသောကြောင့် ဘော ဘော သန္တောဟု တည်ပါသည်။

၉၉၅။ (ပ) ဤသို့တည်သော် အာ ဂူတ္ထိ· စသော ပြယုဂ်များ အဘယ် သုတ်ဖြင့် ပြီးရမည်နည်း။
(ဗျာ) ဤသုတ် ဘော ဘောသံ· ဟူသော ယောဂဝိဘာဂဖြင့် အာ ပြု၍ ပြီးရမည်။

၉၉၆။ (ပ) ဤသုတ်၌ ဘောသဒ္ဒါကား အက္ခရာနှစ်လုံး ဖြစ်သောကြောင့် အစိတ်ဟူသောစကား သင့်တန်စေ၊ တသဒ္ဒါကား ဧကက္ခရဖြစ်၍ အသို့လျှင် အစိတ်ဖြစ်ပါသနည်း။

(ဗျာ) တ–၌ မှီရာသရ ရှိရကား ၎င်းသရကိုငဲ့၍ တ-ဗျည်းကိုအစိတ် ဟု ဆိုပါသည်။

၉၉၇။ (ပ) တေ တေသံ တော-ဟူ၍၎င်း၊ ဘေ တေ သန္တော-ဟူ၍ ၎င်းရှိ တတ်ရာ မည်သည့်ပါဠိ သင့်မှန်ပါသနည်း၊အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) သန္ဓိကိစ္စသည် ဆားခပ်သော ဟင်းလျာကဲ့သို့ ဖြစ်ရကား ဂရု ဖြစ်သောကြောင့် သန္ဓိစပ်နှင့် တေ တေသဗ္ဗန္တာ-သာ အသင့်အမှန် ဖြစ်ပါသည်။

---

## ၁၂၄။ တဿ ဝါနတ္တံ သဗ္ဗတ္ထ

၉၉၈။ (ပ) အောက်သုတ်မှ 'တ' ပုဒ်အလိုက်ခံ၍ ဝါနတ္တံ သဗ္ဗတ္ထ-မျှသာ တည်က ပြီးလျက် အဘယ့်ကြောင့် တဿ ဝါ နတ္တံ သဗ္ဗတ္ထ-ဟု တည် ပါသနည်း။

(ဗျာ) တေသဒ္ဒါကို နစ်စေလိုသောကြောင့်၊ တနည်း–'တ' သဒ္ဒါ ကိုသာ ယူစေလိုသောကြောင့် တဿ ဝါ နတ္တံ သဗ္ဗတ္ထ-ဟု တည်ပါ သည်။

၉၉၉။ (ပ) ဤသုတ်ကို တဿ ဝါ န် သဗ္ဗတ္ထ-ဟု တည်က လိုအပ်သော အနက်ပြီးလျက် အဘယ့်ကြောင့် နတ္တံ-ဟု ဘာဝနိဒ္ဒေသနှင့် တကွ တည်ပါသနည်း။

(ဗျာ) န-ဟူသောပုဒ်၏ ပဋိသေဝေါစက အဖြစ်ကို နစ်စေလိုသော ကြောင့် နတ္တံ-ဟု ဘာဝနိဒ္ဒေသနှင့်တကွ တည်ပါသည်။

၁၀၀၀။ (ပ) သဗ္ဗဿိမ္ဟသောဝါ-သုတ်မှ ဝါသဒ္ဒါရှိလျက် အဘယ့်ကြောင့် ဝါသဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဗျာ) ဝိကပ္ပနတ္ထ၊ သမုစ္စယတ္ထအနက် နှစ်ပါးစုံကို ပြလိုသော ကြောင့် ဆိုပါသည်။

၁၀၀၁။ (ပ) သမုစ္စယဟူသော် အဘယ်ကို ဆည်းပါသနည်း၊ ဥဒါဟရုဏ် နှင့်တကွ ပြခဲ့ပါ။

(ဗျာ) တေသဒ္ဒါ၏အစိတ် 'တ' သဒ္ဒါ၏ 'န' အပြုကို ဆည်းပါ သည်။ နေ့ ဘိက္ခု-ဟူသည်တည်း။

၁၀၀၂။ (ပ) ဤသုတ်ဖြင့် 'တ'ကို 'န' ပြုဆိုသော် သာသနာတော်အား လျော်စွာ အဘယ်၌ရှိသော 'တ'ကို 'န'ပြုသည်ဟု မှတ်ရပါမည်နည်း၊ အထောက်ပြ၍ ဖြေပါ။

(ဗျာ) နစ နံ ပဋိနန္ဒတိ-စသော ပါဠိရုပ်များကို ထောက်၍ ပုဒ်နောင်၌ရှိသော 'တ'ကိုသာ 'န' ပြုသည်ဟု မှတ်ရမည်။

၁၀၀၃။ (ပ) တေသဒ္ဒါ၊ ဧတသဒ္ဒါ၊ တသဒ္ဒါတို့၏ အနက်ထူးခြားပုံကို ပြခဲ့ပါ။

(ဗျာ) တေကား 'အနီး'ကို ဟော၏။ ဧတကား 'အလွန်အနီး'ကို ဟော၏။ တ-ကား 'မျက်ကွယ်'ကို ဟော၏။ ဤကားအထူး။

---

## ၁၂၅။ သ သ္မာ သ္မိံ သံ သာ သတ္တံ

၁၀၀၄။ (ပ) ဤသုတ်ကို သ သ္မာ သ္မိံ သံ သာ သတ္တ-ဟု တည်က အ-အပြု ပြီးသင့်လျက် အဘယ့်ကြောင့် ဘာဝနိဒ္ဒေသဖြင့် တည်ပါသနည်း။

(ဗျာ) ဝါစာသိလိဋ္ဌ၊ သုခုစ္စာရဏ ဖြစ်စေလိုသောကြောင့် ဘာဝနိဒ္ဒေသဖြင့် တည်ပါသည်။

၁၀၀၅။ (ပ) ဤသုတ်သည် တဿ ဝါ နတ္တံ သဗ္ဗတ္ထ-သုတ်နှင့် ကာရိချင်း အနိစ္စဝိဓိချင်း တူရကား တပေါင်းတည်း တည်သင့်လျက် အဘယ့်ကြောင့် ခွဲ၍တည်ပါသနည်း။

(ဗျာ) သုတ်လေးသည်၏ အဖြစ်ကို ပယ်လိုသောကြောင့် ခွဲ၍တည်ပါသည်။

၁၀၀၆။ (ပ) ဝိဘတ်စဉ်အတိုင်း မတည်မူ၍ အဘယ့်ကြောင့် အစဉ်ဖျက်၍ သုတ်တည်ပါသနည်း။

(ဗျာ) သုခုစ္စာရဏ ဖြစ်စေလိုသောကြောင့် အစဉ်ဖျက်၍ တည်ပါသည်။

---

## ၁၂၆။ ဣမ သဒ္ဒဿ စ

၁၀၀၇။ (ပ) ဤသုတ်ကို ဣမဿ စ-ဟု တည်က အပ္ပက္ခရဂုဏ်လည်းရောက်၊ လိုအပ်သောအနက်လည်း ပြီးလျက် အဘယ့်ကြောင့် ဣမသဒ္ဒဿစ-ဟု တည်ပါသနည်း။

(ဗျာ) ယုံမှားသံသယ ကင်းစေလိုသောကြောင့် သဒ္ဒသဒ္ဒါနှင့်တကွ တည်ပါသည်။

၁၀၀၇။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရ တို့ကို ပြခဲ့ပါ။

(ဖြေ) အနုကမ္ပနတ္ထ-နေ့ာက်သုတ်သို့ မလိုက်စေခြင်းငှာ ဆတ္တသဒ္ဒါကို ငင်ယူပါသည်။ နျာသ၊ တနည်း- သမုစ္စယတ္ထ- အတော၊ ဣတော စသော ပြယုဂ်တို့၌ သ သွာ သို သံ သာ- တို့မှ တပါးသော အရာတို့၌လည်း ဣမသဒ္ဒါ၏ အ-အပြု၊ ဣ-အပြုတို့ကို ဆည်းပါသည်။

၁၀၀၉။ (ပ) ဤသုတ်သည် အောက်သုတ်နှင့် နိမိတ်၊ ကာရိယ နှစ်ပါးစုံတူညီရကား ပေါင်း၍တည်ထိုက်လျက် အဘယ့်ကြောင့် မပေါင်းပဲတည်ပါသနည်း။

(ဖြေ) သုတ်ပေါ့စေလိုသောကြောင့် မပေါင်းပဲ တည်ပါသည်။

---

## ၁၂၇။ သဗ္ဗတော ကော

၁၀၁၀။ (ပ) သဗ္ဗတော နံ သံ သာနံ-သုတ်မှ သဗ္ဗတောပုဒ် အလိုက်ခံ၍ ကော- မျှသာတည်က ပြီးလျက် အဘယ့်ကြောင့် သဗ္ဗတောကော-ဟု တည်ပါသနည်း။ တနည်း- သဗ္ဗနာမတော- ဟူသော သဒ္ဒါဖြင့်ပင် သဗ္ဗနာမ်အဖြစ်ပြီးလျက် အဘယ့်ကြောင့် သဗ္ဗတော-သဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဖြေ) သုဒ္ဓနာမ်ပုဒ်နောင်လည်း 'က' အက္ခရာလာရသည်၏အဖြစ်ကို သိစေလိုသောကြောင့် သဗ္ဗတော ကော ဟု တည်ပါသည်။

၁၀၁၁။ (ပ) ဝုတ္တိပါဌ်လာ အညအပါဒါန်၊ အညအရတို့ကို ပြခဲ့ပါ။

(ဖြေ) အညအပါဒါန်ကား သဗ္ဗနာမ်ပုဒ်၊ အညအရကား သုဒ္ဓနာမ်ပုဒ် ရ၏။

၁၀၁၂။ (ပ) ဤသုတ်သည် လိင်သုံးပါးတွင် အဘယ်လိင်၌ စီရင်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ဏပစ္စည်းဇာ ပုလ္လိင်ကို ထွန်းပြသောကြောင့် ပုလ္လိင်၌ စီရင်ပါသည်။

၁၀၁၃။ (ပ) ဤသုတ်ဖြင့် 'က' အက္ခရာလာခြင်းသည် 'က' မျည်း သက်သက်သာ လာသလော၊ သရနှင့်တကွပင် လာသလော၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) ကော သရေ-ဟု မဆိုသောကြောင့် သရနှင့်တကွ 'က' သဒ္ဒါ လာပါသည်။

## ၁၂၈။ ဃပတော သ္မိံ သာ နံ သံသာ

၁၀၁၄။ (ပ) ဝိဘတ္တိက္ကမ အားလျော်စွာ ဃပတော သ သ္မိံ သံသာ- ဟု တည်သင့်လျက် အဘယ့်ကြောင့် အစဉ်ဖျက်၍ သုတ်ဟည်ပါသနည်း။

(ဗျာ) ပဿည ဣုနောင် သ္မိံသ- ဝိဘတ်တို့ကို အမြဲနိစ္စအားဖြင့် သံသာပြုဟု သိစေလိုသောကြောင့် အစဉ်ဖျက်၍ဟည်ပါသည်၊

၁၀၁၅။ (ပ) သဗ္ဗဿာ ဣတ္ထိယာ ကတံ၊ သဗ္ဗဿာ ဣတ္ထိယာ အပေတံ၊ သဗ္ဗဿာ ဣတ္ထိယာ ပတိဋ္ဌိတံ-စသော ပြယုဂ်တို့၌ နာ သ္မာ သ္မိံ–ဝိဘတ်တို့၏လည်း သာဒေသဖြစ်ကောင်းရကား သ္မိံ သာ နံ သံသာ-ဟု သဝိဘတ်ကိုသာ ဝိသေသပြု၍ မတည်သင့်လျက် အဘယ့်ကြောင့် ဟည်ပါသနည်း။

(ဗျာ) သဝိဘတ်၏ သာဒေသများသည်၏အဖြစ်ကို သိစေလိုသောကြောင့်၊ တနည်း-နာ သ္မာ သ္မိံ–ဝိဘတ်တို့၏ သဝိဘတ်ကဲ့သို့ ငဲ့သည်၏ အဖြစ်ကို သိစေလိုသောကြောင့် ဝိသေသတည်ပါသည်။

၁၀၁၆။ (ပ) ဤသုတ်သည် အဘယ်လိင်၌ စီရင်ပါသနည်း။ အထောက် ပြ၍ ဖြေပါ။

(ဗျာ) ဃပတော- ဟူသော အဝမိကိုထောက်၍ ဣတ္ထိလိင်၌သာ စီရင်ပါသည်။

၁၀၁၇။ (ပ) ဝုတ္တိပါဌ်ဝယ် ယထာသင်္ချ၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

(ဗျာ) သ္မိံဝိဘတ်ကို-သံ၊ သဝိဘတ်ကို-သာပြုရမည်ဟူလို။

---

## ၁၂၉။ နေတာဟိ သ္မိံ မာယယာ

၁၀၁၈။ (ပ) ဤသုတ်သို့ သဗ္ဗတောပုဒ်၊ ဃပတောပုဒ်တို့ လိုက်သင့်သောကြောင့် နသ္မိံ မာယယာ- ဟုသာ တည်ကပြီးလျက် အဘယ့်ကြောင့် တောဟိပုဒ်ဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) သဗ္ဗတော၊ ဃပတောပုဒ်တို့ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် တောဟိပုဒ်ဖြင့် အထူးပြု၍ တည်ပါသည်။

၁၀၁၉။ (ပ) ဤသုတ်ကို ပဋိသေဓဝိဓိဆိုသော် အဘယ်သုတ်တို့၏ အစီအရင်ကို မြစ်ပါသနည်း။

(ဗျာ) ဃတောနာဒီနံ၊ ပတောယာ- နှစ်သုတ်တို့၏ အစီအရင်ကို တားမြစ်ပါသည်။

၁၀၂၀။ (ပ) ဤသို့ဖြစ်သော် ၎င်းသုတ်တို့၏ အခြားမဲ့၌သာနဲ့ တည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) သဗ္ဗနာမဝိဓိ တို့ကို တပေါင်းတည်း ပြလိုသောကြောင့် တနည်း- သဗ္ဗတော၊ ဿပတောပုဒ်တို့ အလိုက်ခံလိုသောကြောင့် ဤ၌ တည်ပါသည်။

၁၀၂၁။ (ပ) ဤသုတ်သည် ဝိဓိသုံးပါးတွင် အဘယ် ဝိဓိဖြစ်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) ဝါသဒ္ဒါလိုက်သောကြောင့် အနိစ္စဝိဓိ ဖြစ်ပါသည်။

၁၀၂၂။ (ပ) အနုဝတ္တန ဝါသဒ္ဒါဖြင့် အဘယ် ပြယုဂ်တို့၌ ဤသုတ် အစိအရင်မဖြစ်ပါသနည်း။

(ဗျာ) ဒက္ခိဏာယ စသော ပြယုဂ်တို့၌ ဤသုတ်၏ ဝိဓိမဖြစ်ပါ။

---

## ၁၃၀။ မနောဂဏာဒိတော သ္မိံနာနမိအာ

၁၀၂၃။ (ပ) အဘယ့်ကြောင့် အဘယ်တို့သည် ဂိုဏ်းမည်ပါသနည်း။

(ဗျာ) ဧကော ဒွေတိ အာဒိနာ ဂဏောတဗ္ဗောတိ ဂဏော။ ဂဏီယတိ အဝယဝေန သဟာတိ ဂဏော။ ဂဏီယန္တေ သင်္ချာယန္တေ ဧတေနာတိ ဂဏော ဟူသော ဝစနတ္ထတို့နှင့်အညီ တခု၊ နှစ်ခု စသည်ဖြင့် ရေတွက်အပ်၊ အစိတ်နှင့်တကွ ရေတွက်အပ်၊ အစိတ်သဒ္ဒါတို့ကို တပေါင်းတည်းပြု၍ ရေတွက်ကြောင်း ဖြစ်သောကြောင့် သဘောတူ ရှုပ်ပြီးသဒ္ဒါအပေါင်းတို့သည် ဂိုဏ်းမည်ပါသည်။

၁၀၂၄။ (ပ) မနောဂဏာဒိပုဒ်ကို အစိတ်အပေါင်း သမာသ် တွဲစပ်၍ မနောအရ၊ မနောဂဏအရ၊ အာဒိအရ၊ မနောဂဏာဒိ အရတို့ကို ပိုင်းခြား၍ ပြခဲ့ပါ။

(ဗျာ) မနော ပဘုတိ ဂဏော မနောဂဏော။ မနေန ဥပလက္ခိတော ဂဏော မနောဂဏော။ (အစိတ် ဝိဂြိုဟ်။) မနောဂဏော အာဒိ ယဿာတိ မနောဂဏာဒိ။ (အပေါင်းဝိဂြိုဟ်။) မနောအရ မနောသဒ္ဒါ ရ၏။ မနောဂဏအရ ဝ၀- အစရှိသော မနောဂိုဏ်း သဒ္ဒါစုရ၏။ အာဒိအရ ဗိလ၊ ပဒ—စသော သဒ္ဒါစုရ၏။ မနောဂဏာဒိအရ မနောဂိုဏ်း၊ မနောဂဏာဒိဂိုဏ်း သဒ္ဒါစုရ၏။

၁၀၂၅။ (ပ) ဤသုတ်ကို မနောဂဏတော။ လ။ မိအာ-မျ တည်က ပြီးလျက် အဘယ့်ကြောင့် အာဒိသဒ္ဒါနှင့်တကွ တည်ပါသနည်း။
(ဗျာ) ဗိလ၊ ပဒ-စသော သဒ္ဒါနောင်လည်း သို့နာ-ဝိဘတ်တို့၏ ဣအပြု၊ အာအပြုကို သိစေလိုသောကြောင့် အာဒိသဒ္ဒါနှင့် တည်ပါသည်။

၁၀၂၆။ (ပ) မနောဂိုဏ်း၏လက္ခဏာနှင့်တကွ ဖြစ်သင့်သော သဒ္ဒါစုကို သရုပ်ပါပြီးလျှင် နိစ္စလက္ခဏာ၊ အနိစ္စလက္ခဏာ ခွဲလိုက်ပါ။
(ဗျာ) ၁-နာဝိဘတ်နောင်းရာ-သာ၊ သ-ဝိဘတ်နောင်းရာ-သော၊ သို့-ဝိဘတ်နောင်းရာ—သိ အဆုံးရှိခြင်း။ ၂—သမာသ် – တဒ္ဓိတ်တို့၏ အလယ်၌ ဩအက္ခရာအဆုံးရှိခြင်း။ ၃—ကြိယာ၏ကံ၌ ဩအက္ခရာ အဆုံးရှိခြင်း။ ဤသုံးပါးကား မနောဂဏလက္ခဏာ။
မနော ဝစော ဝယော တေဇော၊ တပေါ စေတော တမော ယသော။
အယော ပယော သိရော ဆန္ဒော၊ သရော ဥရော ရဟော အဟော–
ဟူ၍ ဖြစ်သင့်သော သဒ္ဒါ ၁၆-မျိုး ရှိပါ၏။ ဒုတိယ လက္ခဏာကား နိစ္စ။ ၄၅မ၊ တတိယလက္ခဏာကား အနိစ္စလက္ခဏာ ဖြစ်ပါသည်။

၁၀၂၇။ (ပ) မနောဂဏာဒိဂိုဏ်းလက္ခဏာနှင့် ဖြစ်သင့်သော သဒ္ဒါစုတို့ကို ထုတ်ပြခဲ့ပါ။
(ဗျာ) ၁—ဗလ စသည်၌ နာ သ သို့-ဝိဘတ် နောင်းရာ-သာ သော သိ-အက္ခရာသာ အဆုံးရှိခြင်း။ ၂—အာပ စသည်၌ သမာသ် တဒ္ဓိတ်တို့၏အလယ်၌ ဩ-အက္ခရာသာ အဆုံးရှိခြင်း၊ ဤလက္ခဏာ နှစ်ပါးတွင် တပါးပါးနှင့် ပြည့်စုံမှု မနောဂဏာဒိဂိုဏ်း။ (ဝါယ၊ ဗိလ၊ ပဒ၊ မုခ၊ ခမ္ဘ၊ ထောမ၊ ဗလ၊ စါဟံ။ ဇရံ၊ အာပေါ၊ သရဒေါ-မှတ်လေ့ မနောဂဏာဒိ) ဖြစ်သင့်သော သဒ္ဒါစု ၁၁-မျိုး ရှိ၏။

၁၀၂၈။ (ပ) အမနောဂိုဏ်း၌ ဖြစ်သင့်သော လက္ခဏာ၊ ဖြစ်သင့်သော သဒ္ဒါစုကို ပြခဲ့ပါ။
(ဗျာ) နာဝိဘတ်၊ သွာဝိဘတ်နောင်းရာ၌ သော အဆုံးရှိခြင်း၊ ဤလက္ခဏာတပါးနှင့်သာ ယှဉ်သော အတ္တ၊ ဗြဟ္မန၊ ဒီဃ၊ ဩရ-စသော သဒ္ဒါအပေါင်းသည်ဂုဏ်း၊ မနောဂိုဏ်း၌ဆိုပြီးသော လက္ခဏာ သုံးပါးတို့နှင့် မယှဉ်ခြင်း၊ ဤလက္ခဏာတပါးနှင့်သာ ယှဉ်သော ပုရိသ၊ကညာ၊ စိတ္တ-စသော သဒ္ဒါအပေါင်းသည်ဂုဏ်း အမနောဂိုဏ်း။

၁၀၂၉။ (ပ) ဝုတ္တိပါဠ်၌ဝယ် အညာပါဒါန၊ အညအရတို့ကို ပြခဲ့ပါ။
(ဗျာ) အညပါဒါနကား မနောဂိုဏ်း သဒ္ဒါစု၊ အညအရကား မနောဂဏာဒိဂိုဏ်း သဒ္ဒါစုရ၏။

## ၁၃၁။ သဿ စေ

၁၀၃၀။ (ပ) ဤ၌ သဿအရ သ ဝိဘတ်နှစ်လုံးဖြစ်ရကား သာနစ္ဆာဟု ဗဟုဝုစ်အားဖြင့် တည်သင့်လျက် အဘယ့်ကြောင့် သဿ စေ-ဟု ဧကဝုစ်ဖြင့် တည်ပါသနည်း။

(ဖြေ) ဇာတိပဒတ္ထိက ဆရာ့အလို-ဇာတ်ကိုင့်သည်၏ အစွမ်းဖြင့် ဧကဝုစ်နှင့် တည်ပါသည်။

၁၀၃၁။ (ပ) ဤသုတ်၌ဖြစ်သော စသဒ္ဒာ၊ သဒ္ဒတ္ထာကာရတို့ကို ထင်ရှား စွာ ပြခဲ့ပါ။

(ဖြေ) သမုစ္စယတ္ထ။ အဗျဂ္ဂမာနံသော နယော ကဿပဿ ဝစော သုတ္တာ-စသော ပြယုဂ်တို့၌ သိ အံဝိဘတ်တို့၏ ဩ အပြုဟူသောအနက် ကို ဆည်းပါသည်။

---

## ၁၃၂။ ဧတေသမော လောပေ

၁၀၃၂။ (ပ) အောက် မနောဂဏာဒိတော စသောသုတ်မှ မနောဂဏာ ဒိတော ပုဒ်လိုက်ရကား ဤသုတ်ကို ဩလောပေ-မျှသာတည်က ပြီး သင့်လျက် အဘယ့်ကြောင့် ဧတေသမောလောပေ-ဟု တည်သနည်း။

(ဖြေ) အောက်သုတ်မှ မနောဂဏာဒိ ပုဒ်သည် အပါဒါန်၏အဖြစ် ဖြင့်မလိုက်၊ ဆဋ္ဌီကာရိ၏ အဖြစ်ဖြင့်သာ လိုက်၏ဟု သိစေလိုသော ကြောင့် ဧတေသမော လောပေ ဟု တည်ပါသည်။

၁၀၃၃။ (ပ) ဤသုတ်၌ လောပေအရ ပဒလောပ၊ ဝိဘတ္တိလောပ နှစ်ပါး ရှိရာတွင် အဘယ်လောပကို ယူရပါမည်နည်း၊ အကြောင်းပြ၍ဖြေပါ။

(ဖြေ) မနောဂဏာဒိတို့၏ အစိတ်ကျေခြင်းကို မရအပ် မရကောင်း သောကြောင့် ဝိဘတ္တိလောပကိုသာ ယူရမည်။

၁၀၃၄။ (ပ) ဤသုတ်၌ အာဒိသဒ္ဒါ မရှိမပါရကား အာဒိဂ္ဂဟဏံ ကိမတ္ထံ ဟု အဘယ့်ကြောင့် ဆိုနိုင်ပါသနည်း။

(ဖြေ) သုတ်၌မပါသော်လည်း ရှေ့သုတ်မှ အာဒိသဒ္ဒါလိုက်လာ သောကြောင့် လိုက်သောအာဒိသဒ္ဒါကို ရည်၍ ဆိုနိုင်ပါသည်။

---

### ၁၃၃။ သ သရေ ဝါဂမော

၁၀၃၅။ (ပ) ဤသုတ်၌ သရေအရ ဖြစ်ကောင်းသော သရတို့ကို သရုပ်ထုတ်၍ ပြခဲ့ပါ။

(ဗျာ) အာသရ၊ ဣသရ၊ ဩသရ-တို့ဖြစ်ပါသည်။

၁၀၃၆။ (ပ) ဤသုတ်၌ သရေအရ ပဒါဒိယဝသရ၊ ဝိဘတ္တာဒေသ သရ နှစ်ပါးတွင် အဘယ်ကို ယူရပါမည်နည်း၊ အကြောင်းပြ၍ ဖြေခဲ့ပါ။

(ဗျာ) မနောဂဏာဒိ သဒ္ဒါနောင် တပါးသောသရကို မရအပ်သောကြောင့် မနောဂဏာဒိတော စသောသုတ်ဖြင့် ပြုအပ်သော ဝိဘတ္တာဒေသ သရကိုသာ ယူရမည်။

၁၀၃၇။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဝါသဒ္ဒါ၏အနက်ကို ပြခဲ့ပါ။

(ဗျာ) ဝဝတ္ထိတ ဝိဘာသာတ္တ-ရှုအလို။ဝ်ကပ္ပနတ္ထ-နိဒ္ဒေသ။ သမုစ္စယတ္ထ-မောင်းထောင် ဆရာအလို။

မှတ်ချက်။ ။သမုစ္စယတ္ထဖြင့် စီရင်သော မာနသိကံ စသော ပြယုဂ်တို့ကို ဤသုတ်၌လိုက်သော အာဒိသဒ္ဒါဖြင့် စီရင်၍ထားရကား သမုစ္စယတ္ထ—ဟူသော စကားကို ဆင်ခြင်ရန်ရှိသည်။

၁၀၃၈။ (ပ) ဝဝတ္ထိတဝိဘာသာတ္ထ ဝါသဒ္ဒါဖြင့် ပြုအပ်သော ဝိဒိကို ဥဒါဟရဏ်နှင့်တကွ ပိုင်းခြားခဲ့ပါ။

(ဗျာ) မာနသိကံ၊ စေတသိကံ စသည်တို့၌ နိစ္စဝိဓိ။ မနသိ၊ မနသိ စသည်တို့၌ အနိစ္စဝိဓိ။ မနော၊ မနာ၊ မနံ၊ မနာယတနံ စသည်တို့၌ အသန္တဝိဓိ သုံးပါးတို့ကို ပြပါသည်။

---

### ၁၃၄။ သန္တသဒ္ဒဿ သော ဘေ ဗော စန္တေ

၁၀၃၉။ (ပ) ဤသုတ်ကို သန္တဿ သော ဘေ ဗော စန္တေ-ဟု တည်ကလိုအပ်သော အနက်ပြီးလျက် အဘယ့်ကြောင့် သန္တသဒ္ဒဿ သော ဘေ ဗော စန္တေ-ဟု တည်ပါသနည်း။

(ဗျာ) အလုံးစုံသော သန္တသဒ္ဒါကို ရယူစေလိုသောကြောင့် သဒ္ဒသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၀၄၀။ (ပ) သန္တသဒ္ဒဿ သော ဘေ ဗော စန္တေ-ဟု မတည်မူ၍ အဘယ်အကျိုးငှာ သန္တသဒ္ဒဿ သော ဘေ ဗော စန္တေ ဟု တည်ပါသနည်း။

(ဗျာ) သမုစ္စယတ္ထကို ပြခြင်းအကျိုးငှာ၊ တနည်း- သမ္ပိဏ္ဍနတ္ထကို ပြခြင်းအကျိုးငှာ သန္တသဒ္ဒာသ သော ဘော ဗောစန္တေ-ဟု တည်ပါသည်။

၁၀၄၁။ (ပ) သမုစ္စယ၊ သမ္ပိဏ္ဍန-ဟူသော် ဆည်းပုံ၊ ပေါင်းပုံအခြင်းအရာတို့ကို ပြခဲ့ပါ။

(ဗျာ) ဘ-အက္ခရာ မနှောင်းရာ၌လည်း သန္တသဒ္ဒါ၏ သ-အပြုကို ဆည်းပါသည်။ တနည်း-သဗ္ဗ၊ သဗ္ဗယော စသောပြယုဂ်တို့၌ အလုံးစုံသော ဝိဘတ်တို့ကြောင့် သန္တသဒ္ဒါ၏ သဗ္ဗအပြုကို ဆည်းပါသည်။ တနည်း-သရူပေါ စသော ပြယုဂ်တို့၌ သမာနသဒ္ဒါ၏ သအပြုကို ဆည်းပါသည်။ တနည်း- သဒေဝကော စသောပြယုဂ်တို့၌ သဟသဒ္ဒါ၏ သအပြုကို ဆည်းပါသည်။ တနည်း- လောဟိတေန သမ္ဗန္ဓော သလောဟိတော-စသောပြယုဂ်တို့၌ သမ္ဗန္ဓသဒ္ဒါ၏ သအပြုကို ဆည်းပါသည်။ တနည်း- သံသပ္ပုရိသော-စသောပြယုဂ်တို့၌ သိဝိဘတ်ကြောင့် ပဉ္စမီ၌ဖြစ်သော သန္တသဒ္ဒါ၏ န္တအက္ခရာ၏ အံအပြုကို ဆည်းပါသည်။ ဤကား ဆည်းပုံ အခြင်းအရာတည်း။ သပြုရမည်ဟူသော ပဌမအနက်၌ ဗအက္ခရာ လာရမည်ဟူသော ဒုတိယအနက်ကို ပေါင်းပါသည်။

၁၀၄၂။ (ပ) ဤသုတ်၌ နိမိတ်ဖြစ်သောဘအရ ပဒါဝယဝ၊ ဝိဘတ္တာဒေသ-နှစ်ပါးတွင် အဘယ်ကို ယူရမည်နည်း။

(ဗျာ) ဥဒါဟရုဏ်ကို ထောက်၍ နှစ်ပါးစုံကို ယူရမည်။

၁၀၄၃။ (ပ) အန္တေအရ အဆုံးဟူသော် သန္တသဒ္ဒါ၏ အဆုံးကို ယူရမည်လော၊ ဘ-အက္ခရာ၏အဆုံးကို ယူရမည်လော၊ နှစ်ပါးစုံကိုပင် ယူရမည်လော၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) သန္တ-သဒ္ဒါ၏အဆုံးကိုယူမှ ပြယုဂ်ပြီးခြင်းကြောင့် သန္တ-သဒ္ဒါ၏အဆုံးကိုသာ ယူရပါမည်။

၁၀၄၄။ (ပ) ဤသုတ်သည် ဝိဓိရှစ်ပါးတွင် အဘယ်ဝိဓိ ဖြစ်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) သ-ပြုရသောကြောင့် အာဒေသဝိဓိ၊ ဗ-အက္ခရာ လာရသောကြောင့် အာဂမဝိဓိ ဖြစ်ပါသည်။

၁၀၄၅။ (ပ) ဤသုတ်ဥဒါဟရုဏ်လာ သဗ္ဗ-သဒ္ဒါတို့၏ လိင်ကို အဘယ်သို့ မှတ်ရမည်နည်း။

(ဗျာ) သူတော်ကောင်းဟော သဗ္ဗ-သဒ္ဒါကို ပုလ္လိင်၊ နိဗ္ဗာန်အနက်ဟော သဗ္ဗ-သဒ္ဒါကို နပုလ္လိင်ဟု မှတ်ပါ။

## ၁၃၅။ သိမှိ ဂစ္ဆန္တာဒီနံ န္တုသဒ္ဒေါ အံ

၁၀၄၆။ (ပ) တေ ဂစ္ဆံ စက္ခုံ လစ္ဆာမ-စသော ပြယုဂ်တို့၌ ပဌမာယော ဝိဘတ်ကြောင့်လည်း အံ-အပြုကို ရသင့်ရကား ဂစ္ဆန္တာဒီနံ န္တုသဒ္ဒေါ အံ-ဟု သာမန်တည်သင့်လျက် အဘယ့်ကြောင့် သိမှိ ဂစ္ဆန္တာဒီနံ န္တု-သဒ္ဒေါ အံ-ဟု ဝိသေသ တည်ပါသနည်း။
(ဖြေ) သိဝိဘတ်နှောင်းရာ အံ-အပြု၏ ယေဘုယျအဖြစ်ကို သိစေလိုသောကြောင့်၊ တနည်း— ဂစ္ဆန္တသဒ္ဒါ၏ လိင်သုံးပါးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကို သိစေလိုသောကြောင့် သိမှိ ဂစ္ဆန္တာဒီနံ န္တု-သဒ္ဒေါ အံ-ဟု တည်ပါသည်။

၁၀၄၇။ (ပ) ဤသို့တည်သော် တေ ဂစ္ဆံ-စသော ပြယုဂ်ကို အဘယ်သုတ်ဖြင့် စီရင်ရမည်နည်း။
(ဖြေ) ဤသုတ် ဂစ္ဆန္တာဒီနံ န္တုသဒ္ဒေါ အံ-ဟူသော ယောဂဝိဘာဂဖြင့် စီရင်ရမည်။

၁၀၄၈။ (ပ) မဟာ၊ အရဟာ-စသော ပြယုဂ်တို့၌ န္တုသဒ္ဒါ၏ အာအပြုကို မြင်သောကြောင့် သိမှိ ဂစ္ဆာဒီနံ န္တု-သဒ္ဒေါ အံ အာ-ဟု တည်သင့်လျက် အဘယ့်ကြောင့် သိမှိ ဂစ္ဆန္တာဒီနံ န္တုသဒ္ဒေါ အံ-ဟူ၍သာ တည်ပါသနည်း။
(ဖြေ) အံ အာဒေသဖြင့်ပြီးသော ပြယုဂ်တို့၏ ယေဘုယျအဖြစ်ကို သိစေလိုသောကြောင့် သိမှိ ဂစ္ဆန္တာဒီနံ န္တုသဒ္ဒေါ အံ-ဟူ၍သာ တည်ပါသည်။

၁၀၄၉။ (ပ) မဟာ၊ အရဟာ-စသော ပြယုဂ်တို့ကို အဘယ်သုတ်ဖြင့် စီရင်၍ ပြီးမည်နည်း။
(ဖြေ) ဤသုတ် သိမှိဟူသော ယောဂဝိဘာဂဖြင့် စီရင်၍ပြီးရမည်။

၁၀၅၀။ (ပ) ဤသုတ်၌ အာဒျတ္တနှင့်တကွ အာဒိအရ၊ အာဒိဝန္တအရ တို့ကို ပြခဲ့ပါ။
(ဖြေ) အာဒိသဒ္ဒါ၏ အနက်ကား ပကာရတ္ထ၊ အာဒိအရကား ဂစ္ဆန္တသဒ္ဒါ၊ အာဒိဝန္တအရကား မဟန္တ၊ စရန္တ-စသောသဒ္ဒါတို့ရ၏။

၁၀၅၁။ (ပ) အာဒိသဒ္ဒါ ပကာရ ဟူသော် အဘယ်သို့ တူရမည်နည်း။
(ဖြေ) ဂစ္ဆန္တသဒ္ဒါနှင့် အက္ခရာ သုံးလုံးအဖြစ်ဖြင့် တူရမည်၊ တနည်း— အန္တပစ္စည်းအဆုံးရှိသည်၏အဖြစ်ဖြင့် တူရမည်။

၁၀၅၂။ (ပ) ဤသုတ်ကို သိမှိ ဂစ္ဆန္တာဒိနံ န္တော အံ-မျှ တည်ကပြီးလျှက် အဘယ့်ကြောင့် န္တသဒ္ဒေါ အံ-ဟု သဒ္ဒဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) န္တသည် ပစ္စည်းဖြစ်ရကား သဒ္ဒါမဟုတ်ဟုဖြစ်သော ယုံမှားခြင်းကို နစ်စေလိုသောကြောင့် သဒ္ဒပုဒ်ဖြင့် အထူးပြု၍တည်ပါသည်။

၁၀၅၃။ (ပ) ဂစ္ဆန္တာဒိဂိုဏ်း၏ လက္ခဏာကို ပြပြီးလျှင် အဘယ်သို့သော သဒ္ဒါမျိုးကို ဂစ္ဆန္တာဒိဂိုဏ်းသဒ္ဒါဟု မှတ်ရမည်နည်း။

(ဖြေ) သိဝိဘတ်နှောင်းရာ ဤသုတ်ဖြင့် အံပြု၍ ပြီးခြင်းသည်ပင် လက္ခဏာ၊ အန္တပစ္စည်းအဆုံးရှိသော သဒ္ဒါစုကို ဂစ္ဆန္တာဒိဂိုဏ်းသဒ္ဒါဟု မှတ်ရမည်။

---

## ၁၃၆။ သေသေသုန္တုဝံ

၁၀၅၄။ (ပ) ဤသုတ်၌ သေသအပါဒါန်၊ သေသအရ ဖြစ်ကောင်းသော ဝိဘတ်တို့သရုပ်ကို ထုတ်ပြခဲ့ပါ။

(ဖြေ) သေသေ အပါဒါန်ကား သဝိဘတ်၊ သေသအရဏား ယော-ယော-နာ-သ-သ-နံ သို့ိ-ဝိဘတ် ခုနစ်လုံးတည်း။

၁၀၅၅။ (ပ) ဤသုတ်ကို သေသေသုန္တု-မျှသာ တည်ကပြီးလျှက် အဘယ့်ကြောင့် သေသေသုန္တုဝ-ဟု တည်သနည်း။

(ဖြေ) အတိုဒေသဝိဓိ သုတ်အဖြစ်ကို သိစေလိုသောကြောင့် သေသေသုန္တုဝ-ဟု တည်ပါသည်။

၁၀၅၆။ (ပ) ဤသုတ်သည် အတိဒေသ ၆-ပါးတွင် အဘယ်အတိဒေသ ဖြစ်ပါသနည်း။ ၎င်းဖြစ်သင့်သော အတိဒေသ၏ အဓိပ္ပာယ်ကိုလည်း ပြခဲ့ပါ။

(ဖြေ) ကာရိယာတိဒေသ ဖြစ်ပါသည်။ န္တုပစ္စည်း မဟုတ်သော်လည်း န္တပစ္စည်းကို န္တုပစ္စည်းစီရင်သော သုတ်ဘို့ဖြင့် စီရင်လေဟု ကာရိယကို အလွန်ညွှန်းပြ၏ ဟူလို။

၁၀၅၇။ (ပ) ဤသုတ်ကို အားထုတ်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

(ဖြေ) တော တိ တာ သု သို့ိ နာသု၊ နံမှိ တံဝါ-သုတ်တို့ဖြင့် စီရင်ရခြင်း အကျိုးရှိပါ၏။

## ၁၃၇။ ဗြဟ္မတ္တသခရာဇာဒိတော အမာနံ

၁၀၅၈။ (ပ) ဗြဟ္မသဒ္ဒါ စသည်တို့သည် အများဖြင့်ရကား ဗြဟ္မတ္တ သခ ရာဇာဒီဟိ အမာနံ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ဗြဟ္မတ္တသခ ရာဇာဒိတော အမာနံ-ဟု တည်သနည်း။

(ဗျာ) တောပစ္စည်း၏ ကေဝုစ်၊ ဗဟုဝုစ် အနက်နှစ်ပါး ဟော သည်၏ အဖြစ်ကို သိစေလိုသောကြောင့် ဗြဟ္မတ္တသခရာဇာဒိတော အမာနံ-ဟု တည်ပါသည်။

၁၀၅၉။ (ပ) ဝိဘတ္တိကမ အားလျော်စွာ ဤသုတ်ကို သျာစသုတ်၏ အခြားမဲ့၌ တည်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) နောက်သုတ်များသို့ ဗြဟ္မတ္တသခရာဇာဒိတော-ပုဒ် လိုက်စေ လိုသောကြောင့်၎င်း၊ အောက်သုတ်မှ ဝါသဒ္ဒါ အလိုက်ခံလိုသော ကြောင့်၎င်း ဤ၌ တည်ပါသည်။

၁၀၆၀။ (ပ) ဤသုတ်၌ ဖြစ်သင့်သော အာဒျတ္ထ၊ အာဒျတ္ထာကာရ၊အာဒိ အရ အာဒိဝန္တအရတို့ကို ပြပါ။

(ဗျာ) အာဒိ အနက်ကား ပကာရတ္ထ၊ ဗြဟ္မ၊ အတ္တ-စသော သဒ္ဒါ တို့နှင့် အကာရန္တ အဖြစ်ဖြင့်၎င်း၊ ပုလ္လိင် အဖြစ်ဖြင့်၎င်း တူရမည်။ ဤကား အာဒျတ္ထာကာရ။ အာဒိအရကား ဗြဟ္မ၊ အတ္တ၊ သခ၊ ရာဇ သဒ္ဒါ၊ အာဒိဝန္တ အရကား အာတုမ-စသော သဒ္ဒါတို့ ရ၏။

---

## ၁၃၈။ သျာ စ

၁၀၆၁။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒါ၏ အနက်ကို ပြခဲ့ပါ။

(ဗျာ) ဝါစာသိလိဋ္ဌ၊ တနည်း - အဝဓာရဏတ္ထ၊ တနည်း— သမုစ္စယတ္ထ။

၁၀၆၂။ (ပ) စသဒ္ဒါ၏ အဝဓာရဏာကာရ၊ သမုစ္စယာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) အနိစ္စဝိဓိကို အလိုမရှိသောကြောင့် သသရေ ဝါဂမော သုတ်မှ ဝါသဒ္ဒါကို တားမြစ်ပါသည်။ ရာဇာ တိဋ္ဌတိ-စသော ပြယုဂ် တို့၌ ယောဝိဘတ်၏ အာ အပြုကို ဆည်းပါသည်။

၁၀၆၃။ (ပ) ရာဇာဒိဂိုဏ်း၏ လက္ခဏာ၊ ရာဇာဒိဂိုဏ်ဖြစ်ကောင်းသော သဒ္ဒါမျိုးတို့ကို ပြခဲ့ပါ။

(ဗျာ) ဤသုတ်ဖြင့် သိဝိဘတ်ကို အာပြု၍ ပြီးခြင်းသည်ပင် လက္ခဏာ၊ ရာဇာဒိဂဏဖြစ်ကောင်းသော သဒ္ဒါမျိုးကား ပုလ္လိင်-အကာရန္တ သဒ္ဒါမျိုးတို့တည်း။

---

## ၁၃၉။ ယောနမာနေ

၁၀၆၄။ (ပ) ဤသုတ်ကို ဂါဝသေ-သုတ်ကဲ့သို့ ယောဝစနဿာနေ-ဟု ကေဝုစ်နှင့် မတည်မူ၍ အဘယ့်ကြောင့် ယောနမာနေ-ဟု ဗဟုဝုစ်နှင့် တည်သနည်း။

(ဗျာ) အာလပနတ္ထဖြစ်သော ယောဝိဘတ်ကိုလည်း ယူစေလိုသောကြောင့် ယောနမာနေ-ဟု ဗဟုဝုစ်နှင့် တည်ပါသည်။

၁၀၆၅။ (ပ) ဤသုတ်ကို တပါးသောနေရာ၌ မတည်မူ၍ အဘယ့်ကြောင့် ဤနေရာ၌ တည်ပါသနည်း။

(ဗျာ) အောက်သုတ်မှ ဗြဟ္မတ္တသခရာဇာဒိတောပုဒ်ကို အလိုက်ခံလိုသောကြောင့်၎င်း၊ သခတော စာယောနော-သုတ်သို့ ယောနံပုဒ်လိုက်စေလိုသောကြောင့်၎င်း၊ ဤနေရာ၌ တည်ပါသည်။

---

## ၁၄၀။ သခတော စာယောနော

၁၀၆၆။ (ပ) အောက်ဗြဟ္မတ္တသခရာဇာဒိတောအမာနံ-သုတ်မှ သခသဒ္ဒါ အလိုက်ခံ၍ စာယောနော-မျှ တည်ကပြီးလျက် အဘယ့်ကြောင့် သခတောစာယောနော-ဟု တည်ပါသနည်း။

(ဗျာ) ဗြဟ္မ စသော သဒ္ဒါတို့ကို နုစ်စေလိုသောကြောင့် သခတော စာယောနော-ဟု တည်ပါသည်။

၁၀၆၇။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) အနုကစုနတ္ထ၊ တနည်း-သမုစ္စယတ္ထ။ အထက်သုတ်သို့မလိုက်စေလိုသောကြောင့် ယောနံပုဒ်ကို ငင်ပါသည်။ ဤကား အနုကစုနာကာရ။ ရဟိနော တိဋ္ဌန္တိ-စသော ပြယုဂ်တို့၌ ယောဝိဘတ်၏ နောအပြု

အစိတ်ဖြစ်သော အသရ၏ ဠ္လအပြုကို ဆည်းပါသည်။ တနည်း-ပုရိသာ ယော၊ ပုရိသာနော-စသော ပြယုဂ်တို့၌ ယောဝိဘတ်၏ အာယော အပြု၊ အာနောအပြုတို့ကို ဆည်းပါသည်။

၁၀၆၈။ (ပ) ဗြဟ္မတ္တသခရာဇာဒိတော၊ သခတော-နှစ်သုတ်တို့၌ပါသော တောပစ္စည်းနှစ်ခုတို့၏ ထူးပုံကို ပြခဲ့ပါ။

(ဗျာ) ရှေ့သုတ်-တောပစ္စည်းကား ဗဟုဝုစ် အနက်၌ သက်၏။ ဤသုတ်-တောပစ္စည်းကား ဧကဝုစ်အနက်၌ သက်၏။ ဤကား အထူး။

---

## ၁၄၁။ သ္မိမေ

၁၀၆၉။ (ပ) အောက်၌ သ္မာ သ္မိံ နံဝါ-သုတ် ရှိပြီးဖြစ်သောကြောင့် ဤသုတ်ကို မဘည်သော်လည်း ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဗျာ) နိစ္စဝိဓိကို ပြလိုသောကြောင့် ဝါ၊ သခသဒ္ဒါနောင် သ္မိံ ဝိဘတ်၏ အေပြုမြဲသည်၏ အဖြစ်ကို သိစေလိုသောကြောင့် ထပ်၍ တည်ပါသည်။

၁၀၇၀။ (ပ) ဤနေရာ၌ ဤသုတ်တည်ရခြင်း၏ အကြောင်းကို ပြခဲ့ပါ။

(ဗျာ) အောက်သုတ်မှ သခတော-ဟူသော အဝစိအလိုက်ခံလို သောကြောင့် ဤနေရာ၌ တည်ပါသည်။

---

## ၁၄၂။ ဗြဟ္မတော ဂဿ စ

၁၀၇၁။ (ပ) သခတေစ-သုတ်ဖြင့် အေ၁ဒေသရှိပြီးဖြစ်သောကြောင့် ဤ သုတ်ကို မဘည်သော်လည်းပြီးသည်မဟုတ်လော၊အဘယ့်ကြောင့် ထပ်၍ တည်သနည်း။

(ဗျာ) ဗြဟ္မသဒ္ဒါနောင် ဂ-အမည်ရှိသော သိဝိဘတ်၏ အေ၁ဒေသ မြဲသည်၏ အဖြစ်ကို သိစေလိုသောကြောင့် ထပ်၍တည်ပါသည်။

၁၀၇၂။ (ပ) ဤသုတ်၌ ဖြစ်နိုင်သော စ-သဒ္ဒတ္ထကို ပြပါ။

(ဗျာ) အနုကစ္စနတ္ထ၊တနည်း-သမုစ္စယတ္ထ။

၁၀၇၃။ (ပ) အနုကစ္စနာကာရ သမုစ္စယာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) အထက်သုတ်သို့မလိုက်စေလိုသောကြောင့် ဟေ့သော ကာ ရိယကို ငင်ပါသည်။ ဠ္လသေ မဟာမုနေ-စသောပြယုဂ်တို့၌ဠ္လသိစသော

သဒ္ဒါနှောင် ဂဿိဝိဘတ်၏အပြုကို ဆည်းပါသည်။ တနည်း၊ ဟော ဖြဟ္မာ နေ၊ ဟော ဖြဟ္မာန်-စသော ပြယုဂ်တို့၌ ဂဿိဝိဘတ်၏ အာဒေသအပြု၊ အာနံ အပြုတို့ကို ဆည်းပါသည်။

---

## ၁၄၃။ သခန္တသိနှောနာန်သေသု

၁၀၇၄။ (ပ) ဤသုတ်ကို သခန္တသိနာန်သေသု-မျှတည်က လိုအပ်သော သခိနော ပြယုဂ်ပြီးကောင်းလျက် အဘယ့်ကြောင့် နောသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) နှောနှောင်းရာ၌ သခိနော သခိသာ-ဟု ဒွိရှင်ကို သိစေလိုသောကြောင့် နောဖြင့် အထူးပြု၍ တည်ပါသည်။

၁၀၇၅။ (ပ) သခသိနှောနာန်သေသု-မျှသာတည်က လိုအပ်သော အဝယဝတ္ထပြီးသင့်လျက် အဘယ့်ကြောင့် အန္တသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) ရဟိနော-စသောပြယုဂ်တို့၌ နောအပြု၊ နာဝိဘတ်တို့ကြောင့် ရဟာသဒ္ဒါ၏ အစိတ်သရ၏ ဣအပြု၊ တနည်း ဒဠ္ဌမ္မိနာ-စသောပြယုဂ်တို့၌ နာဝိဘတ်ကြောင့် ဒဠ္ဌမ္မသဒ္ဒါ၏အစိတ် ဣအပြု၊ တနည်း-ငဏ္ဍဟိနော စသောပြယုဂ်တို့၌ သဝိဘတ်ကြောင့် ငဏ္ဍဟသဒ္ဒါ၏ အစိတ် ဣအပြု၊ တနည်း-အဒ္ဓုနာ အဒ္ဓုနော-စသော ပြယုဂ်တို့၌ နာ၊သွာ၊သ -ဝိဘတ်တို့ကြောင့် အဒ္ဓသဒ္ဒါ၏အစိတ် ဥ-အပြုတို့ကို သိစေလိုသောကြောင့် အန္တ သဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

---

## ၁၄၄။ အာရောဟိမှိ ဝါ

၁၀၇၆။ (ပ) အောက်သသရေဝါဂမော သုတ်မှ ဝါသဒ္ဒါရှိလျက် အဘယ့်ကြောင့် ဤ၌ဝါသဒ္ဒါကို ဆိုပြန်သနည်း။ ဝါသဒ္ဒါ၏ အတ္ထကိုလည်း ပြခဲ့ပါ။

(ဗျာ) သျာစသုတ်၌ စသဒ္ဒါဖြင့် နှစ်ငြေပြီးဖြစ်သောကြောင့် ဤ၌ ဝါသဒ္ဒါကို ဆိုပြန်ပါသည်။ ဝိကပ်အနက်ရှိပါသည်။

၁၀၇၇။ ဤသုတ်ကို တည်ထုတ်ရခြင်း၏ အကျိုးကို ပြပါ။

(ဗျာ) ဟိဝိဘတ်နှောင်းရာ၌ သခသဒ္ဒါ၏အစိတ် အသရကို ဝိကပ် အားဖြင့် အာရပြုရမည်ဟု သိရခြင်းအကျိုးရှိပါသည်။

## ၁၄၅။ သုနမ်သု ဝါ

၁၀၇၈။ ( ပ ) အောက်သုတ်၌ ဝါသဒ္ဒါဟောင်းရှိလျက် အဘယ့်ကြောင့် ဝါသဒ္ဒါသစ်ထပ်၍ ဆိုပါသနည်း။ ၎င်းဝါသဒ္ဒါ၏ဖြစ်သင့်သောအတ္ထ ကိုပါ ညွှန်ခဲ့ပါ။

(ဖြေ) နောက်သုတ်သို့ ဝါသဒ္ဒါမလိုက်ဟုသိစေလိုသောကြောင့် ဝါ သဒ္ဒါသစ်ဆိုပြန်ပါသည်။ ဝိကပ္ပနတ္ထ။ တနည်း- နိဝတ္တာပနအဝဓာရ ဏတ္ထ။ တနည်း-သမုစ္စယတ္ထ။

၁၀၇၉။ ( ပ ) အဝဓာရဏာကာရ သမုစ္စယာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) နောက်သုတ်သို့မလိုက်စေရန် အာဒေသော ဟိမှိဝါ-သုတ်မှ ဝါ သဒ္ဒါကို တားမြစ်ပါသည်။ ဝတ္တဟာနေသု၊ ရဟာနေသု၊ အဒ္ဓါနေသု၊ သာနေသု-ဟူသော ပြယုဂ်တို့၌ သုဝိဘတ်ကြောင့် ၎င်းသဒ္ဒါတို့၏ အစိတ် အာနေအပြုကို ဆည်းပါသည်။

၁၀၈၀။ ( ပ ) အောက်သုတ် ဤသုတ်တို့သည် ကာရိယချင်းတူရကား အာ ဒေသော ဟိ သုနံ့သုဝါ-ဟု ပေါင်း၍ တည်သင့်လျက် အဘယ့်ကြောင့် ခွဲ၍ တည်ပါသနည်း။

(ဖြေ) သုတ္တဂရုဒေါသကို ပယ်လိုသောကြောင့် ခွဲ၍တည်ပါသည်။

---

## ၁၄၆။ ဗြဟ္မတော တု သ္မိံနိ

၁၀၈၁။ ( ပ ) ဗြဟ္မတော ဂဿစသုတ်မှ ဗြဟ္မသဒ္ဒါအလိုက်ခံ၍ တုသ္မိံနိ-ဟု တည်ပြီးလျက် အဘယ့်ကြောင့် ဗြဟ္မတောတုသ္မိံနိ-ဟုတည်ပါသနည်း။

(ဖြေ) ဗြဟ္မသဒ္ဒါနောင်သ္မိံဝိဘတ်၏ နိအာဒေသကားနိစ္စ၊ မုဒ္ဓ၊ ကမ္မ- စသော သဒ္ဒါနောင် သ္မိံဝိဘတ်၏ နိအာဒေသကား အနိစ္စ-ဟု ခွဲခြား သိစေလိုသောကြောင့် ဗြဟ္မတောသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၀၈၂။ ( ပ ) ဗြဟ္မတော သ္မိံနိ-တည်ကပြီးလျက် အဘယ့်ကြောင့် ဗြဟ္မ တော တု သ္မိံနိ-ဟု တည်ပါသနည်း။

(ဖြေ) ကမ္မ၊ စမ္မ- စသော သဒ္ဒါတို့နောင်လည်း သ္မိံဝိဘတ်၏ နိအာဒေသကို သိစေလိုသောကြောင့် ဗြဟ္မတော တု သ္မိံနိ-ဟု တည် ပါသည်။

---

## ၁၄၇။ ဥတ္တံ သနာသု

၁၀၀၃။ (ပ) ဤသုတ်ကို ဥသနာသု-ဟု တည်က ပြီးသင့်လျက် အဘယ့်ကြောင့် ဥတ္တံသနာသု-ဟု ဘာဝနိဒ္ဒေသဖြင့် တည်ပါသနည်း။
(ဖြေ) အချို့ပြယုဂ်၌ ဥအာဒေသ မဖြစ်ဟု သိစေလိုသောကြောင့်။ တနည်း—ဖြဟ္မုနံ၊ ဖြဟ္မုသု-စသော ပြယုဂ်တို့၌ သ၊ နာမှ တပါးသော ဝိဘတ်တို့ကြောင့်လည်း ဥ-အပြုကို သိစေလိုသောကြောင့် ဘာဝနိဒ္ဒေသဖြင့် တည်ပါသည်။

၁၀၀၄။ (ပ) ဝိဘတ္တိက္ကမ အားလျော်စွာ ဥတ္တံ နာသသု-ဟု မတည်မူ၍ အဘယ့်ကြောင့် ဥတ္တံ သနာသု-ဟု တည်ပါသနည်း။
(ဖြေ) စကားပြေပြစ် ရွတ်လွယ်စေလိုသောကြောင့် အစဉ်ဖျက်၍ တည်ပါသည်။

---

## ၁၄၈။ သတ္ထုပိတာဒီနမာသိသ္မိံ သိလောပေါ စ

၁၀၀၅။ (ပ) ဤသုတ်၌ အာဒိအနက်—အာကာရ၊ အာဒိအရ၊ အာဒိဝန္တအရတို့ကို ခွဲဝေပြခဲ့ပါ။
(ဖြေ) ပကာရတ္ထ။ သတ္ထု၊ ပိတုသဒ္ဒါနှင့် ဥ-ကာရန္တ အဖြစ်ဖြင့် တူရမည်ဟူလို။ အာဒိအရ သတ္ထု၊ ပိတုသဒ္ဒါ၊ အာဒိဝန္တအရ မာတု၊ ဘာတု-စသော သဒ္ဒါတို့ရ၏။

၁၀၀၆။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။
(ဖြေ) သမ္ပိဏ္ဍနတ္ထ။ အာပြုသော ပဌမတ္တေ၌ သိဝိဘတ်ကျေသော ဒုတိယတ္ထကို ပေါင်းသည်။ တနည်း၊ သမုစ္စယတ္ထ။ သတ္ထာ တိဋ္ဌတိ—စသော ပြယုဂ်တို့၌ ယောဝိဘတ်နှောင်းရှာ သတ္ထုသဒ္ဒါ၏ အစိတ်သရ၏ အာအပြုကို ဆည်းပါသည်။

၁၀၀၇။ (ပ) သေသတော လောပံ ဂသိပိ-သုတ် ရှိသောကြောင့် သတ္ထုပိတာဒီနမာသိသ္မိံ-စ-မျှသာ တည်က ပြီးလျက် အဘယ့်ကြောင့် သတ္ထုပိတာဒီနမာသိသ္မိံ သိလောပေါ စ-ဟု တည်ပါသနည်း။
(ဖြေ) စန္ဒရကန္တ နည်းအားဖြင့် နိမိတ်မရှိသော်လည်း နိမိတ္တဖလဖြစ်သော အာ-အပြု မပျောက်ဟု သိစေလိုသောကြောင့် သတ္ထုပိတာဒီနမာသိသ္မိံ သိလောပေါ စ-ဟု တည်ပါသည်။

၁၀၈၈။ (ပ) ဤသုတ်သည် ဝိဓိ ရှစ်ပါးတွင် အဘယ်ဝိဓိသုတ် ဖြစ်ပါသနည်း။

(ဖြေ) အာဒေသဝိဓိ၊ လောပဝိဓိသုတ် ဖြစ်ပါသည်။

၁၀၈၉။ (ပ) ဤသုတ်၌ စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဖြေ) ပုဒ်ခစ်အလို- ပုလ္လိင်၊ ဣတ္ထိလိင်၊ ဦးရန်ကုန်အလို- ပုလ္လိင်၊ သတ္တာဒိဂဏ၊ ဥကာရန္တ။

၁၀၉၀။ (ပ) သတ္တာဒိဂိုဏ်း၏လက္ခဏာကို ပြပြီးလျှင် အဘယ်သဒ္ဒါမျိုးကို သတ္တာဒိဂိုဏ်းသဒ္ဒါစုဟု မှတ်ရမည်နည်း။

(ဖြေ) သိဝိဘတ်နှောင်းရာ ဤသုတ်ဖြင့် ဥကိုအာပြု၊ သိဝိဘတ်ကို ချေ၍ပြီးခြင်းသည်ပင် လက္ခဏာ၊ တု၊ ရတ္တု၊ ရာတု၊ ရိတု—ပစ္စည်းအဆုံးရှိသော သဒ္ဒါမျိုးကို သတ္တာဒိဂိုဏ်းသဒ္ဒါစုဟု မှတ်ရမည်။

---

## ၁၄၉။ အညေသ္ဝာရတ္တံ

၁၀၉၁။ (ပ) ဤသုတ်၌ အညအပါဒါန်၊ အညအရ ဖြစ်ကောင်းသော ဝိဘတ်တို့၏ သရုပ်ကို စုံလင်အောင် ထုတ်ပြခဲ့ပါ။

(ဖြေ) အညအပါဒါန်ကား သိဝိဘတ်။ အညအရကား အံ၊ ယော ၂-လုံး၊ နာ၊ ဟိ ၂-လုံး၊ သ ၂-လုံး၊ နံ- ၂-လုံး၊ သ္မာ၊ သ္မိံ၊ သု-ဝိဘတ်အားဖြင့် တဆယ့်တလုံးတည်း။

၁၀၉၂။ (ပ) ဤသုတ်ကို အညေသ္ဝာရ မျှသာတည်က အာရာဒေသ ပြီးသင့်လျက် အဘယ့်ကြောင့် အညေသ္ဝာရတ္တံ-ဟု တ္တံပစ္စည်းဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) အချို့သော နာဝိဘတ်၊ နံဝိဘတ် နှောင်းရာတို့၌ အာရအပြုမပြုသည်၏အဖြစ်ကို ပြလိုသောကြောင့် ရှုအလို။ တနည်း- အာရတ္တံ-ဟူသော ယောဂဝိဘာဂကို ပြလိုသောကြောင့် သုတ်အနက်အလို။ အညေသ္ဝာရတ္တံ—ဟု တည်ပါသည်။

၁၀၉၃။ (ပ) ၎င်းယောဂဝိဘာဂဖြင့် အဘယ်ပြယုဂ်ဝယ် အဘယ်အနက်ကို စီရင်ပါသနည်း။

(ဖြေ) ကေမှာတရော-စသော ပြယုဂ်၌ သမာသ်အရာ သိ- စသော ဝိဘတ်ကြောင့် သတ္တု-စသော သဒ္ဒါ၏ အစိတ်အာရအပြုကို စီရင်ပါ

သည်။ တနည်း- သတ္တာရတော၊ သတ္တာရဒသနံ- စသော ပြယုဂ်တို့၌ တောပစ္စည်းကြောင့်ရင်း၊ သမာသ်၌တည်သော နောက်ပုဒ်ကြောင့်ရင်း သတ္တု စသော သဒ္ဓါတို့၏ အစိတ်၏ အာရအပြုကို စီရင်ပါသည်။

၁၀၉၄။ (ပ) ဤသုတ်၌ ဘာဝနိဒ္ဒေသဖြင့် ပြအပ်သော ဝိဓိသုံးပါးကို ဝိဘတ်ဖြင့် ပိုင်းခြားပြခဲ့ပါ။

(ဗျာ) သိ၊ သ၊ သ-ဝိဘတ် သုံးလုံးတို့၌ အသန္တဝိဓိ၊ နာ၊ နံ၊ နံ-ဝိဘတ်သုံးလုံးတို့၌ အနိစ္စဝိဓိ၊ ကြွင်းသော ဝိဘတ်ရှစ်လုံးတို့၌ နိစ္စဝိဓိကို ပြပါသည်။

---

## ၁၅၀။ ဝါနံမှိ

၁၀၉၅။ (ပ) ဤသုတ်ကို မတည်သော်လည်း အောက်သုတ် ဘာဝနိဒ္ဒေသဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍ တည်ပြန်ပါသနည်း။

(ဗျာ) နံဝိဘတ်နှောင်းရာ၌ ဝိကပ်အနက်ကို ပြလိုသောကြောင့် ထပ်၍ တည်ပြန်ပါသည်။

၁၀၉၆။ (ပ)အောက်ပါပုဒ်တို့ကို အသီးသီးဝိဂ္ဂဟပြု၍ အရကောက်ပြီး လျှင်လိင်၊ ဂဏ၊ အန္တခြားနားပုံကို ပြခဲ့ပါ။ (က) သတ္တာ၊ (ခ) သတ္တော၊ (ဂ) သတ္တံ။

(ဗျာ) (က)သဒေဝကံ လောကံ သာသတိ အနုသာသတီတိသတ္တာ၊ (ကတ္တုသာခနေ့ ဘုရားရှင်။(ခ)အတ္တနော သဟယော ဝတ္တတီတိသတ္တော၊ (ဗဟုဗ္ဗီဟိသမာသ်) ကုန်သည်လှည်းမှူးရှင်။ (ဂ) သတ္တော သာသတိ ဟိံ သတီ တေနာတိသတ္တံ၊ (ကရဏသာခနေ)လက်နက်ရှင်။(က)ပုလ္လိင်၊ သတ္တာဒိဂဏ၊ ဉကာရန္တပကတိရှိသော အာကာရန္တ။ (ခ) ပုလ္လိင်၊ ပုရိသာဒိဂဏ၊ အကာရန္တပကတိရှိသော ဩကာရန္တ။ (ဂ) နပုလ္လိင်၊ စိတ္တာဒိဂဏ၊ အကာရန္တပကတိရှိသော နိဂ္ဂဟီတန္တ။

---

## ၁၅၁။ သတ္ထုနတ္တဥ

၁၀၉၇။ (ပ) ဤသုတ်ကို သံဝဏ္ဏနာ ၆-ပါးတွင် ပဒစ္ဆေဒသံဝဏ္ဏနာ ဖွင့်ပြခဲ့ပါ။

(ဗျာ) သတ္တုနန္တိ ကော် ပဒံ၊ အတ္တန္တိ ကော် ပဒံ၊ စာတိ ကောပဒန္တိ ဝိဘတျန္တပဒဝိဘာဂဝသေန တိပဒမိဒံ သုတ္တံ၊ န္យာ၊ ရှုအလို။ တနည်း– သတ္တုတိ ကော် ပဒံ၊ နန္တိ ကော် ပဒံ၊ အတ္တန္တိ ကော် ပဒံ၊ စာတိကော် ပဒန္တိ ဝိဘတျန္တပဒဝိဘာဂဝသေန စတုပ္ပဒမိဒံ သုတ္တံ။ နို့, ဝဏ္ဏနာအလို။

၁၀၉၀။ (ပ) ဆရာနှစ်ပါး အလိုအားလျော်စွာ သုတ်ကို အနက်ပေးပြခဲ့ပါ။

(ဗျာ) သတ္တုနံ၊ သတ္တုသဒ္ဒါတို့၏။ အန္တော၊ အစိတ်ဖြစ်သော ဥသာရသည်။ အတ္တဥ္စ၊ အ-အဖြစ်သို့လည်း။ အာပဇ္ဇတေ၊ ရောက်၏။ န္យာ၊ ရှုအလို။ နံ၊ နံဝိဘတ်ကြောင့်။ သတ္တု၊ သတ္တုသဒ္ဒါ၏။ အန္တော၊ အစိတ်ဖြစ်သော ဥသာရသည်။ အတ္တဥ္စ၊ အ-အဖြစ်သို့လည်း။ အာပဇ္ဇတေ၊ ရောက်၏။ နို့,ဝဏ္ဏနာအလို။

မှတ်ချက်။ ။န္យာ၊ ရှုအလို- သတ္တုနတ္တဥ္စ၊ နို့၊ ဝဏ္ဏနာတို့အလို- သတ္တုနတ္တဥ္စ-ဟု အသီးသီး ရှိရမည်။)

၁၀၉၉။ (ပ) အောက်သတ္တုမိတာဒိ–စသောသုတ်မှ သတ္တုပုဒ် အလိုက်ခံ၍ အတ္တဥ္စ-မျှသာ တည်ကပြီးလျက် အဘယ့်ကြောင့် သတ္တုနတ္တဥ္စ-ဟု တည်ပါသနည်း။

(ဗျာ) နိစ္စဝိဓိကို ပြလိုသောကြောင့်၎င်း၊ အနက်အထူးကို သိစေလိုသောကြောင့်၎င်း သတ္တုနတ္တဥ္စ-ဟု တည်ပါသည်။

၁၁၀၀။ (ပ) နိစ္စဝိဓိပနာကာရ၊ အတ္ထန္တရဝိညာပနာကာရ တို့ကို ပြခဲ့ပါ။

(ဗျာ) သတ္တုသဒ္ဒါနောင် နံဝိဘတ်နေ့ာင်းလျှင် အာရမပြုခဲ့သော် နိစ္စအားဖြင့် အ-ပြုရပါသည်။ ပိတု၊ မာတု- စသော သဒ္ဒါနောင် နံဝိဘတ် နေ့ာင်းလျှင် အာရမပြုခဲ့သော် ရံခါ ဤသုတ်ဖြင့် အ-ပြုရ၏။ ရံခါ အ-မပြုပဲ နေရသည်။ ဤကား အတ္ထန္တရဝိညာပနာကာရ။

၁၁၀၁။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရ တို့ကို ပြခဲ့ပါ။

(ဗျာ) သမုစ္စယတ္ထ၊ ပိတု၊ မာတု-စသော သဒ္ဒါတို့၏ အစိတ်ဥ၏ အ-အပြုကို ဆည်းပါသည်။

၁၁၀၂။ (ပ) ဝါနံမှိသုတ်မှ နိမိတ်အလိုက်ခံ၍ သတ္တုမတ္တဥ္စ-ဟု မတည်မူ၍ အဘယ့်ကြောင့် သတ္တုနတ္တဥ္စ-ဟု တည်ပါသနည်း။

(ဗျာ) နိစ္စဝိဓိကို ပြလိုသောကြောင့် အလိုက်မခံပဲ သတ္တုနတ္တဥ္စ-ဟူ၍ သုတ်တည်ပါသည်။

## ၁၅၂။ ဥသမ္ဘိ သလောပေါစ

၁၁၀၃။ (ပ) ဤသုတ်ဖြင့် စီရင်သော်သည်း ရုပ်အထူးမရှိပဲလျက် အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဗျာ) သဝိဘတ် နှောင်းရာ၌ အာရအပြုကို တား့မြစ်လို သောကြောင့် ထပ်၍ တည်ပါသည်။

၁၁၀၄။ (ပ) ဤသုတ်သည် ဝိဓိသုံးပါးတွင် အဘယ်ဝိဓိ ဖြစ်ပါသနည်း။

(ဗျာ) ဥအာဒေသကား နိစ္စဝိဓိ၊ သလောပကား အနိစ္စဝိဓိ ဖြစ်ပါသည်။

၁၁၀၅။ (ပ) ဤသုတ်၏ ဝုတ္တိ၌ အောက်ပါ ပါဠ်နှစ်ရပ်တွင် အဘယ်ပါဠ် သင့်မြတ်၍ အဘယ်ပါဠ် မသင့်မြတ်ပါသနည်း။အကြောင်းပြ၍ဖြေပါ။ (က) ဥတ္တံ ဟောတိ ဝါ သမ္ဘိ သလောပေါစ။ (ခ) ဥတ္တံ ဟောတိ သမ္ဘိ သလောပေါ စ ဝါ။

(ဗျာ) သဝိဘတ်နှောင်းရာ၌ အမြဲ ဥအာဒေသဖြစ်သောကြောင့် ရှေ့ပါဠ် မသင့်မြတ်ပါ။ သဝိဘတ်၏ ကျေခြင်းကား မမြဲသောကြောင့် နောက်ပါဠ်သာ သင့်ပါသည်။

---

## ၁၅၃။ သကမန္တာတာဒီနဥ

၁၁၀၆။ (ပ) အောက်သုတ်ဖြင့်ပင် သကမန္တာတု-စသောပြယုဂ်တို့ ပြီးသင့်လျက် အဘယ့်ကြောင့် ဤသုတ်ကို အားထုတ်ပြန်ပါသနည်း။

(ဗျာ) သကမန္ဒာတု သဒ္ဒါနောင် သဝိဘတ်ရှိက အမြဲဥပြုပြီး သဝိဘတ်ကို ချေရ၏ဟု သိစေလိုသောကြောင့်။ ဝါ-နိစ္စဝိဓိကို ပြလိုသောကြောင့် အားထုတ်ပြန်ပါသည်။

၁၁၀၇။ (ပ) ဤသုတ်၌ အာဒိသဒ္ဒါဖြင့် အဘယ်သဒ္ဒါတို့ကို ယူရမည်နည်း။

(ဗျာ) မဟာ,မန္ဒာတု စသောသဒ္ဒါတို့ကို ယူရမည်။

၁၁၀၈။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာဘာရတို့ကို ပြခဲ့ပါ။

(ဗျာ) ဝုတ္တိအလို-သမ္ဘိဏ္ဍနတ္ထ၊ ဥအပြု၌ သဝိဘတ်ကျေခြင်း အနက်ကို ပေါင်းပါသည်။ နိဒ္ဒေသအလို- အနုကစ္စနတ္ထ၊ အောက်သုတ်မှ နိမိတ်နှစ်ပါး ကာရိယနှစ်ပါးကို ငင်ပါသည်။

၁၁၀၉။ (ပ) ဤ၌ သက္ကမန္တာတာဒိနဥ္ဆ-ဟူ၍၎င်း၊ သကမန္တာတာဒိနဥ္ဆ-ဟူ၍၎င်း ပါဌ်နှစ်မျိုး ရှိတတ်ရာ အဘယ်ပါဌ် သင့်မြတ်မှန်ကန်ပါသနည်း။
(ဗျာ) ရူပသိဒ္ဓိဆရာအလို ဒွေဘော်နှင့် ရှေ့ပါဌ်၊ နိရုတ္တိမဉ္ဇူအလို ဒွေဘော်မဲ့ နောက်ပါဌ်သင့်ပါသည်။
၁၁၁၀။ (ပ) ဆရာနှစ်ပါးအလို အားလျော်စွာ သကမန္တာတု ပုဒ်ကို ဝိဂ္ဂဟပြု၍ အရကောက်ပြခဲ့ပါ။
(ဗျာ) သက္ကော စ မန္တာတု စ သက္ကမန္တာတု (ဒွန်သမာသ်) သိကြားမင်း, မန္တတ်မင်းရ၏။ ရူအလို။မာ ဝုစ္စတိ သိရိ တံ မာရေတီတိ မန္တာတု၊ သဿ အတ္တနော မန္တာတု သကမန္တာတု (တပ္ပုရိသ သမာသဝိဂ္ဂဟ) မိမိ၏ အသရေကို ဆောင်တတ်သော သကမန္တာတုအမည်ရှိသော မင်းရ၏။ နိရုတ္တိအလို။

---

## ၁၅၄။ တတော ယောနမောတု

၁၁၁၁။ (ပ) ဤသုတ်၌ တတောဒသဒ္ဒါကို အဘယ့်ကြောင့် ဆိုပါသနည်း။ အာရာဒေသ လိုက်သင့်သည် မဟုတ်လော။
(ဗျာ) သတ္ထုနတ္တာဒူ စသောသုတ်တို့ကို မြင်ရကား အာရာဒေသ မလိုက်ဟု ဖြစ်သောသံသယကို ပယ်လိုသောကြောင့် တတောသဒ္ဒါကို ဆိုပါသည်။
၁၁၁၂။ (ပ) ၎င်းတတောသဒ္ဒါဖြင့် အဘယ်ကို စွဲရမည်နည်း၊ အကြောင်းပြ၍ဖြေပါ။
(ဗျာ) ပြယုဂ်ပြီးခြင်းကြောင့်၎င်း၊ ပြယုဂ် ပြီးစေခြင်းငှာ သုတ်ကို ရွတ်ဆိုခြင်းကြောင့်၎င်း အာရာဒေသကို စွဲရမည်။
၁၁၁၃။ (ပ) တဂ္ဂဟဏေန အညသ္မာပိ၌ အညအပါဒါန်၊ အညအရတို့ကို ပြခဲ့ပါ။
(ဗျာ) အညအပါဒါန်ကား အာရအပြုရှိသော ပုဒ်ရ၏။ အညအရကား အာရအပြု မရှိသောပုဒ်ရ၏။

---

## ၁၅၅။ တတော သ္မိမိ

၁၁၁၄။ (ပ) အောက်သုတ်မှာ တတောသဒ္ဒါရှိပြီးလျက် အဘယ့်ကြောင့် တတောသဒ္ဒါကို ဆိုပြန်သနည်း။

(ဖြေ) အတ္ထန္တရကို သိစေလိုသောကြောင့် တတောသဒ္ဒါကို ဆို ပြန်ပါသည်။

၁၁၁၅။ (ပ) အတ္ထန္တရ ဝိညာပနာကာရကို ပြခဲ့ပါ။
(ဖြေ) အာရာဒေသမှ တပါးသော အာဒေသနောင်လည်း သို့ ဝိဘတ်ကို ကျပ်ဖုတ်ငှါဟူလို။

---

## ၁၅၆။ နာ အာ

၁၁၁၆။ (ပ) ဤသုတ်ကို ဆဋ္ဌျန္တဖြင့် နာသာ ဟု မတည်မူ၍ အဘယ့် ကြောင့် နာ-အာ-ဟု ပဥ္စမန္တဖြင့် တည်ပါသနည်း။
(ဖြေ) ဆဋ္ဌီအနက်၌ ပဥ္စမာဝိဘတ်ကျေသော ကာရိ၏ အဖြစ်ကို သိစေလိုသောကြောင့် တည်ပါသည်။

၁၁၁၇။ (ပ) ဝသာ စသော ပြယုဂ်တို့၌ အာရာဒေသမရှိရာ၌လည်း နာ ဝိဘတ်၏ အာ- အပြုထင်သောကြောင့် အာရာဒေသတော အလိုက်ခံ၍ နာအာ- ဟု မတည်သင့်လျက် အဘယ့်ကြောင့် တည်ပါသနည်း။
(ဖြေ) အာရာဒေသနောင် အာအပြု၏ ယောဂယျအဖြစ်ကို သိစေ လိုသောကြောင့် အလိုက်ခံ၍ တည်ပါသည်။

၁၁၁၈။ (ပ) ဤသို့တည်သော် ဝသာဟူသော ပြယုဂ်ကို အဘယ်သုတ် ဖြင့် စီရင်ရမည်နည်း။
(ဖြေ) အာရာဒေသတောပုဒ် အလိုက်မခံပဲ နာအာ ဟူသော ဝိနာဓိ ကာရ ယောဂဝိဘာဂဖြင့် စီရင်ရမည်။

၁၁၁၉။ (ပ) ဤသုတ်၌ လိုက်သော တတောသဒ္ဒါ၏ အကျိုးကို အဘယ် သို့ မှတ်ရမည်နည်း။
(ဖြေ) ဝိစက္ခဏာ စသောပြယုဂ်တို့၌ အာရာဒေသ မဟုတ်ရာ၌ လည်း နာဝိဘတ်ကို အာပြုရခြင်း အကျိုးရှိ၏ဟု မှတ်ရမည်။

---

## ၁၅၇။ အာရော ရဿမိကာရေ

၁၁၂၀။ (ပ) ဤသုတ်၌ အာရသည် အာဒေသဖြစ်ရကား အာရာဒေသော ရဿမိကာရေ ဟု ဝိသေသတည်သင့်လျက် အဘယ့်ကြောင့် အာရော ရဿမိကာရေ ဟု သာမည တည်ပါသနည်း။

(ဖြေ) အာရအပြု၌သာ ရဿအစီအရင်ကို ရအပ်၏ဟု သိစေလို
သောကြောင့် သာမည တည်ပါသည်။

၁၁၂၁။ (ပ) အညေ သွာရတ္တံသုတ်မှ အာရပုဒ် ဆလိုက်ခဲ့၍ ရဿမိ-
ကာရေ-ဟု တည်ကပြီးလျက် အဘယ့်ကြောင့် အာဒေ ရဿမိကာရေ-
ဟု တည်ပါသနည်း။

(ဖြေ) တတော ယောနမောတု၊ တတော သ္မိမိ၊ နာအာ—သုတ်များ
သို့ဆိုက်သော အဝဓိကို တားမြစ်၍ ပဌမာကာရ၏ အဖြစ်ဖြင့်သာ
လိုက်၏ဟု သိစေလိုသောကြောင့် အာဒေ ရဿမိကာရေ-ဟု တည်
ပါသည်။

၁၁၂၂။ (ပ) ဤ၌ အာဒေ-ဟု သာမညဆိုသောကြောင့် အဘယ်ကို
ရဿပြုသည်ဟု မှတ်ရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ရဿအား လျော်သောကြောင့် အာကိုသာ ရဿ ပြုရမည်
ဟု မှတ်။

---

### ၁၅၈။ ပိတာဒီနမသိမှိ

၁၁၂၃။ (ပ) ဤ၌ အသိမှိအရ ဖြစ်ထိုက်သော ဝိဘတ်တို့၏ သရုပ်ကို
စုံအောင် ထုတ်ပြခဲ့ပါ။

(ဖြေ) အံ-ယော-ယော-နာ-ဟိ-ဟိ-နံ-နံ-သ္မာ-သု- ဝိဘတ်အားဖြင့်
ပေါင်း (၁၀)လုံးတို့ ဖြစ်ပါသည်။

၁၁၂၄။ (ပ) သိဝိဘတ်၊ သ္မိံဝိဘတ်တို့သည် အသိမှိပင် မဟုတ်လော၊
အဘယ့်ကြောင့် ဤ၌ မယူပါသနည်း။

(ဖြေ) သိဝိဘတ်ကား အာရာဒေသ မဖြစ်သင့်သောကြောင့်၊ သ္မိံ
ဝိဘတ်ကား တတော သ္မိမိ-ဟု သုတ်အထူးတည်ပြီးသောကြောင့် ဤ၌
မယူပါ။

၁၁၂၅။ (ပ) အညေသွာရတ္တံ သုတ်ဖြင့် သိဝိဘတ်မှ ကြွင်းသော ဝိဘတ်
တို့ကိုသာ အာရပြုရကား ပိတာဒီနံမျှသာ တည်က ပြီးသင့်လျက်
အဘယ့်ကြောင့် အသိမှိဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) မာတိတော-စသော ပြယုဂ်တို့၌ တောပစ္စည်းနှောင်းရာ၌
လည်း ဣ-အပြုကို သိစေလိုသောကြောင့် အသိမှိဖြင့် အထူးပြု၍
တည်ပါသည်။

## ၁၅၉။ တယာ တယိနံ့ တကာရော တ္တွံ ဝါ

၁၁၂၆။ (ပ) ဤသုတ်ကို တယာ တယိနံ တော တ္တွံဝါ-ဟု တည်က လိုအပ်သော အနက်ပြီးလျက် အဘယ့်ကြောင့် ကာရသဒ္ဒါဖြင့် အထူး ပြု၍ တည်ပါသနည်း။

(ဗျာ) တုဝယာ၊ တုဝယိ-စသော ပြယုဂ်တို့၌ နာဝိဘတ်၊ သ္မိံဝိဘတ် တို့ကြောင့် ဝိဘတ်နှင့်တကွ တုမှသဒ္ဒါ၏ တုဝယာ၊ တုဝယ် ပြုအပ် သေး၏ ဟူသော အနက်ကို သိစေလိုသောကြောင့် အထူးပြု၍ တည်ပါသည်။

၁၁၂၇။ (ပ) ဤသုတ်ကို တယာ တယိနံ တကာရော တွံဝါ-ဟု တည်က ပြီးလျက် အဘယ့်ကြောင့် တွတ္တံ-ဟု ဘာဝတ္ထ-တ္တ ပစ္စည်းနှင့် တကွ တည်ပါသနည်း။

(ဗျာ) တျာသု ဣတ္ထိသုံ၊ တျမှိ ပုရိသမှိ-စသော ပယောဂတို့၌ တအက္ခရာ၏ တျအပြုကို သိစေလိုသောကြောင့် တွတ္တံ-ဟု ဘာဝနိဒ္ဒေသ ဖြင့် အထူးပြု၍ တည်ပါသည်။

၁၁၂၈။ (ပ) ဤသုတ်သည် အလိင်္ဂ၊ ဂဏဝိမုတ္တ အရာ၌သာ စီရင်သော သုတ်ဖြစ်ရကား ၎င်းတို့ကို ပြသော အောက် ဒုတိယကဏ္ဍ-တုမှမှာကံ တယိမယိ-စသော သုတ်တို့၏ အခြားမဲ့၌ တည်သင့်လျက် အဘယ့် ကြောင့် ဤနေရာ၌ တည်ပါသနည်း။

(ဗျာ) အာဒေသဖြစ်သော ကာရိတို့ကို တပေါင်းတည်းပြလိုသော ကြောင့် ဤနေရာ၌ တည်ပါသည်။

၁၁၂၉။ (ပ) ကိံ ထုတ်ရာ၌ သုတ်မှာလာတိုင်း တယာ တယိနန္တိ ကိမတ္ထံ- ဟု ထုတ်သင့်လျက် မထုတ်ပဲ အဘယ့်ကြောင့် တေသွိတိ ကိမတ္ထံ-ဟု ထုတ်ပါသနည်း။

(ဗျာ) ဝါစာသိလိဋ္ဌ၊ သုခုစ္စာရဏဖြစ်စေလိုသောကြောင့် တေ သွိတိ ကိမတ္ထံ-ဟု ထုတ်ပါသည်။

(တတိယပိုင်း ပြီး၏။)

* * *

## ၁၆၀။ အတ္တန္တော ဟိသ္မိမနတ္တံ

၁၁၃၀။ (ပ) ဤသုတ်ကို အတ္တန္တော ဟိသ္မိမနံ-ဟု တည်က ပြီးလျက် အဘယ့်ကြောင့် မနတ္တံ-ဟု တည်ပါသနည်း။

(ဗျာ) ဝိဘတ် ခုနစ်သွယ်နှောင်းရာတို့၌ အတ္တသဒ္ဒါ၏ သ-အပြုကို သိစေလိုသောကြောင့် ဘာဝနိဒ္ဒေသဖြင့် တည်ပါသည်။

၁၁၃၁။ (ပ) အတ္တသ—ဟုဆိုက အန္တာပေက္ခ အဖြစ် သိအပ်ရကား အတ္တသ ဟိသ္မိမနတ္တံ-မတည်ပဲ အဘယ့်ကြောင့် အန္တ သဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) အတ္တနသ္မိံ၊ အတ္တနေသု-စသော ပြယုဂ်တို့၌ သ္မိံ-သုဝိဘတ်တို့ကြောင့် အတ္တန္တ အ၏ အန အပြုကို သိစေလိုသောကြောင့် အန္တ-သဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၁၃၂။ (ပ) အောက်-သဗ္ဗတော ကော - သုတ်၌ပါသော သကော၊ ဤသုတ်၌ ပါသော သကော သဒ္ဒါနှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) အောက် သကောကား တ-သဗ္ဗနာမပဒ၊ ဤသုတ် သကောကား အတ္တသုဒ္ဓနာမပဒ၊ ဤသို့ထူးကြ၏။ တနည်း-အောက် သကောကား ထို သူဟူသောအနက်၊ ဤသုတ်သကောကား မိမိဟူသော အနက်ကို ဟော၏။ ဤသို့ ထူးကြသေး၏။

---

## ၁၆၁။ တတော သ္မိံနိ

၁၁၃၃။ (ပ) အောက်သုတ်မှ အတ္တသဒ္ဒါအလိုက်ခံ၍ သ္မိံနိ-ဟု တည်ကပြီးလျက် အဘယ့်ကြောင့် တတောသ္မိံနိ-ဟု တည်ပါသနည်း။

(ဗျာ) အန္တသဒ္ဒါကို နစ်စေ၍ အတ္တသဒ္ဒါကိုသာ ယူစေလိုသောကြောင့် တတောသ္မိံနိ-ဟု တည်ပါသည်။

၁၁၃၄။ (ပ) အောက်ဗြဟ္မတော တုသ္မိံနိ-သုတ်၌ တုသဒ္ဒါဖြင့်ပင် အတ္တနိ-ဟူသော ပြယုဂ်ပြီးသင့်လျက် အဘယ့်ကြောင့် ဤသုတ်ကိုထပ်၍ တည်ပါသနည်း။

(ဗျာ) နိစ္စဝိဓိကို ပြလိုသောကြောင့် ထပ်၍တည်ပါသည်။

၁၁၃၅။ (ပ) အောက်ဗြဟ္မတော တု သ္မိံနိ-သုတ်နှင့် ရာဇာဒိဂဏ၊ နိစ္စဝိဓိ၊ နိကာယရိယတို့ တူရကား ဗြဟ္မတ္တတော တုသ္မိံနိ-ဟု ပေါင်း၍တည်သင့်လျက် မတည်မူ၍ အဘယ့်ကြောင့် ခွဲ၍ ဤ၌ တည်ပါသနည်း။

(ဗျာ) အတ္တသဒ္ဒါသက်သက်ကို စီရင်သောသုတ်ကို အသီးအခြား ပါကဋပြု၍ ပြလိုသောကြောင့် မပေါင်းမူ၍ ဤ၌ တည်ပါသည်။

## ၁၆၂။ သဿ နော

၁၁၃၆။ (ပ) ဧျလတော သသ နောဝါ- သုတ်၌ သဿ နော-ဟူသော ယောဂဝိဘာဂဖြင့်ပင် အတ္တနော- ဟူသော ပြယုဂ်တို့ ပြီးသင့်လျက် အဘယ့်ကြောင့် ဤသုတ်ကို အားထုတ်တည်ပြန်ပါသနည်း။

(ဗျာ) အတ္တသဒ္ဒါနောက် သဝိဘတ်ရောက်က နိစ္စ နော- အပြုကို သိစေလိုသောကြောင့် တည်ပြန်ပါသည်။

၁၁၃၇။ (ပ) အတ္တနော ဒေန္တိ- စသော ပြယုဂ်တို့၌ နံဝိဘတ်၏လည်း နော-အပြုဖြစ်ရကား သ နံ နော-ဟု ဝိသေသဘည်သင့်လျက် အဘယ့်ကြောင့် သဿ နော ဟု သာမညဘည်ပါသနည်း။

(ဗျာ) နံဝိဘတ်၏ နော အပြုကား အပ္ပကာ၊ သဝိဘတ်၏ နော- အပြုကား ယေဘုယျအဖြစ်ကို သိစေလိုသောကြောင့် သဿ နော- ဟု သာမည တည်ပါသည်။

၁၁၃၈။ (ပ) အတ္တနော ဒေန္တိ၌ အတ္တနော- ဟူသော ပြယုဂ် အဘယ် သုတ်ဖြင့် စီရင်ရမည်နည်း။

(ဗျာ) ဤသုတ် ဦနော-ဟူသော ဒွိခါကရဏ ယောဂဝိဘာဂဖြင့် စီရင်ရမည်။

---

## ၁၆၃။ သ္မာ နာ

၁၁၃၉။ (ပ) ဤသုတ်ကို သ္မာဿ နာ-ဟု မတည်မူ၍ အဘယ့်ကြောင့် သ္မာ နာ-ဟု တည်ပါသနည်း။

(ဗျာ) သဗ္ဗာသမာဝုသော-စသော သုတ်၌ အာဒိသဒ္ဒါဖြင့် သဝိဘတ်ကျေသည်၏ အဖြစ်ကို သိစေလိုသောကြောင့်၊ တနည်း-သ္မာဿ နာသ္မာ နာ- ဟူသော သမာသ်ကို ညွှန်ပြလိုသောကြောင့် တည်ပါသည်။

၁၁၄၀။ (ပ) ဤသုတ်ကို ပဒစ္ဆေဒ သံဝဏ္ဏာနာ ဖွင့်ပြပြီးလျှင် ရင်းအာဗ လျော်စွာ အနက်ပေးပြခဲ့ပါ။

(ဗျာ) သ္မာတိ ဆေဒံ၊ နာတိ ဆေဒ္ဒန္တိ ဒွိပဒမိဒံသုတ္တံ။ တနည်း- သ္မာနာတိ ဧကပဒမိဒံ သုတ္တံ။ အနက်ကား-သ္မာ၊ သ္မာဝိဘတ်၏။ နာ၊ နာအပြုသည်။ဟောတိ၊ ဖြစ်၏။ ဒွိပဒအလို။ သ္မာနာ၊ သ္မာဝိဘတ်၏ နာအပြုသည်။ ဟောတိ၊ ဖြစ်၏။ ဧကပဒအလို။

၁၁၄၁။ (ပ) ဤသုတ်ကို မတည်သော်လည်း အမှ တုမှ န္တု-အစရှိသော သုတ်ဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ဤသုတ်ကို ထပ်၍တည်ပါ သနည်း။ တနည်း–အောက်သုတ်မှ အတ္တသဒ္ဒါလိုက်သင့်လျက် အဘယ့် ကြောင့် တတောသဒ္ဒါ လိုက်စေပါသနည်း။

(ဗျာ) အလုံးစုံသော ဝိဘတ်တို့ကြောင့် အတ္တသဒ္ဒါ၏ တ-အက္ခရာ တလုံး၏ ရအပြုကို သိစေလိုသောကြောင့် တည်ပါသည်။

၁၁၄၂။ (ပ) ဤသုတ်၏ ဝုတ္တိ၌ ပုနာရမ္ဘဂ္ဂဟဏေန၊ ပုန တတောဂဏ ဏေန- ဟူ၍ ပါ၍နှစ်ထွေရှိရာ အဘယ်ပါ၍သာ သင့်ပါသနည်း၊ ဆုံး ဖြတ်ပြပါ။

(ဗျာ) နျာ၊ ရူ-အလို၊ ရှေ့ပါ၍အသင့်။ နိ-အလိုနောက်ပါ၍အသင့် ဖြစ်ပါသည်။

---

## ၁၆၄။ ဈလတော စ

၁၁၄၃။ (ပ) ဤသုတ်၌ ဖြစ်ကောင်းသော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာ ကာရ၊ တို့ကို ပြခဲ့ပါ။

(ဗျာ) အနုကစ္စနတ္ထ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် သွာနာကို ငင်ပါသည်။ နျာ၊ နိဒ္ဒေသအလို နိဝတ္တာပနအဝဓာရဏတ္ထ။ အချို့သော ဘိက္ခုသွာ- စသော ပြယုဂ်တို့၌ ဤသုတ်၏ အစီအရင်ကို တားမြစ်သည်။ ရူ-အလို။

၁၁၄၄။ (ပ) နာ–ပြုသော သုတ်နှစ်သုတ်တို့၏ အသူးကို ပြခဲ့ပါ။

(ဗျာ) ရှေ့သုတ်ကား ဈလမမှည့်ရာ၌ ပြုသည်။ ဤသုတ်ကား ဈလ မှည့်ရာ၌ပြုသည်။ တနည်း-ရှေ့သုတ်ကား ပုလ္လိင်၌၊ ဤသုတ်ကား ပုလ္လိင် နပုလ္လိင်တို့၌ ပြုသည်။

---

## ၁၆၅။ ဃပတော သ္မိံ ယံ ဝါ

၁၁၄၅။ (ပ) ဃတော နာဒီနံ၊ ပတော ယာ-သုတ်တို့မှ ဃ-ပ-အလိုက် ခံ၍ သ္မိံယံဝါ-ဟု တည်ကပြီးလျက် အဘယ့်ကြောင့် ဃပတော သ္မိံ ယံဝါ-ဟု တည်ပါသနည်း။

(ဗျာ) အောက်သုတ်မှ ဈလတော-ဟူသော အဝဓိကို နစ်စေလို- သောကြောင့် ဃပတော သ္မိံ ယံဝါ-ဟု တည်ပါသည်။

၁၁၄၆။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဝါသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) ဝိကပ္ပနတ္ထ၊ တနည်း-သမုစ္စယတ္ထ။ နိသေ-စသော ပြယုဂ်၌ ဃနေခင် သို့ ဝိဘတ်၏ ဧ-အပြုကို ဆည်းပါသည်။

---

## ၁၆၆။ ယောနံ နိ နပုံသကေဟိ

၁၁၄၇။ (ပ) ဤသုတ်ကို ယောနံနိ-မျှသာ မတည်မူ၍ အဘယ့်ကြောင့် ယောနံ နိ နပုံသကေဟိ-ဟု တည်ပါသနည်း။

(ဖြေ) ယောဝိဘတ်ရှိသော်လည်း ပုလ္လိင်၊ ဣတ္ထိလိင်တို့၌ နိအာဒေသ မဖြစ်ဟု သိစေလိုသောကြောင့် ယောနံ နိ နပုံသကေဟိ-ဟု တည်ပါသည်။

၁၁၄၈။ (ပ) ဤသုတ်၌ နပုံသကေဟိ-အရ နပုလ္လိင်-ဟူသမျှ ယူရမည်လော၊ အဘယ် နပုလ္လိင်ကို ယူရမည်နည်း။ အထောက်ပြ၍ ဖြေပါ။

(ဖြေ) သာမညဆိုသော်လည်း နပုလ္လိင်တိုင်း မယူရ၊ အတောနိစ္စံ-သုတ်ကိုထောက်၍ ဣဝဏ္ဏန္တ၊ ဥဝဏ္ဏန္တနပုလ္လိင်ကိုသာ ယူရမည်။

## ၁၆၇။ အတော နိစ္စံ

၁၁၄၉။ (ပ) အောက်သုတ်ဖြင့်ပင် နပုလ္လိင်နောင် ယောဝိဘတ်၏ နိအာဒေသကို သိအပ်ရကား ဤသုတ်ကို မတည်သော်လည်း ပြီးလျက် အဘယ့်ကြောင့် ထပ်၍ တည်ပြန်ပါသနည်း။

(ဖြေ) အကာရန္တ နပုလ္လိင်နောင် ယောဝိဘတ်၏ နိ-အပြု မြဲသည်၏ အဖြစ်ကို သိစေလိုသောကြောင့် ထပ်၍ တည်ပါသည်။

၁၁၅၀။ (ပ) အတော-ဟူ၍သာ သုတ်တည်က နိစ္စဝိဓိအဖြစ် ပြီးလျက် အဘယ့်ကြောင့် အတော နိစ္စံ-ဟု တည်ပါသနည်း။

(ဖြေ) ဃပတော သို့ ယံဝါ-သုတ်မှ ဝါသဒ္ဒါကို နှစ်စေလိုသောကြောင့် နိစ္စံသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၁၅၁။ (ပ) ဤသုတ်၌ ယာနိ-ဟု ဥဒါဟရဏ် တခုမျှ ထုတ်က ပြီးလျက် အဘယ့်ကြောင့် ယာနိ၊ ယာနိ-ဟု နှစ်ခုဆင့်၍ ထုတ်ပါသနည်း။

(ဖြေ) နိစ္စဝိဓိ၏ အဖြစ်ကို သိစေလိုသောကြောင့် ဥဒါဟရဏ် နှစ်ခုစီ ထုတ်ပါသည်။

## ၁၆၀။ သိံ

၁၁၅၂။ (ပ) ဤသုတ်ကို သိဿ အံ-ဟု တည်သင့်လျက် အဘယ့်ကြောင့် သိံ-ဟု တည်ပါသနည်း။
(ဗျာ) ဤသုတ်၏ သမာသပဒ အဖြစ်ကို သိစေလိုသောကြောင့် သိံ-ဟု တည်ပါသည်။

၁၁၅၃။ (ပ) ဤသုတ်ကို ဝိဘတျန္တအစွမ်းဖြင့် ဘယ်နှစ်ပုဒ်ရှိသောသုတ်ဟု မှတ်ရမည်နည်း။
(ဗျာ) နျာအလို-သမာသ်ပုဒ် ဖြစ်ရကား ဧကပဒဟု မှတ်။ ရှုံ၊ နို၊ နျာသတို့ အလို-ဝါကျဖြစ်ရကား 'သိ' တပုဒ်၊ အံတပုဒ်အားဖြင့် ဒွိပဒဟု မှတ်။

၁၁၅၄။ (ပ) စိတ္တာဒိဂိုဏ်း၏ လက္ခဏာနှင့် ဖြစ်သင့်သော သဒ္ဒါမျိုးတို့ကို ပြခဲ့ပါ။
(ဗျာ) ဤသုတ်ဖြင့် သိဝိဘတ်ကို အံပြု၍ ပြီးခြင်းသည်ပင် လက္ခဏာ။ နပုလ္လိင်အကာရန္တသဒ္ဒါမျိုးတို့ ဖြစ်ပါသည်။

---

## ၁၆၁။ သေသတော လောပံ ဂသိပိ

၁၁၅၅။ (ပ) ဤသုတ်၌ ဖြစ်သင့်သော သေသအပဒါဒါန်၊သေသအရတို့ကို ပြခဲ့ပါ။
(ဗျာ) သေသ အပဒါဒါန်ကား သိံ၊ သော၊ သျာစ၊ အာသိမှိ၊ အံ နပုံသကေ၊ ပုမန္တဿာသိမှိ၊ သခါတော ဂဿေဝါ၊ ဃတေစ၊ အဝဏ္ဏာစ ဂေ၊ ပြဟ္မတော ဂဿစ-အစရှိသော သုတ်တို့ဖြင့် စီရင်အပ်သော လိင်တည်း။ သေသအရကား သိံ၊ သော-အစရှိသော သုတ်တို့ဖြင့် မစီရင်ရသော အဂ္ဂိဿိနို၊ အမုဿမောသံ-စသော သုတ်တို့ဖြင့် စီရင်သော လိင်ရ၏။

၁၁၅၆။ (ပ) ဤသုတ်ရှိ ဂသိပိပုဒ်ကို သန္ဓိပုဒ်ဖြတ်ပြီး ပြခဲ့ပါ။
(ဗျာ) နျာအလို-ဂသိပိ-ဟု ပုဒ်ဖြတ်၊ နိအလို-ဂသိအပိ-ဟု ပုဒ်ဖြတ်၊ ရှု-အလို–ဂေါ သိ အပိ-ဟု ပုဒ်ဖြတ်ရမည်။

၁၁၅၇။ (ပ) ဤသုတ်ကို လောပံ ဂသိပိ-ဟု သာမည တည်က ပြီးလျက် အဘယ့်ကြောင့် သေသတော လောပံ ဂသိပိ-ဟု ဝိသေသ တည်ပါသနည်း။

(ဗျာ) သိ၊ သော-အစရှိသော သုတ်တို့ဖြင့် စီရင်ပြီးသော လိင်တို့၌ စင်စစ်မှု၍ ဤသုတ်၏ အစီအရင်ကို မရအပ်ဟု သိစေလိုသောကြောင့် သေသတော လေးပံ ဂသိပိ-ဟု တည်ပါသည်။

၁၁၅၈။ (ပ) သေသတော လေးပံ သိပိ မျှ တည်ကပြီးလျက် အဘယ့်ကြောင့် သေသတော လေးပံ ဂသိပိဟု တည်ပါသနည်း။

(ဗျာ) တပါးသော သုတ်တို့၌ သိသဒ္ဒါသာမညဖြင့် အာလပနတ္ထသိဝိဘတ်ကို မယူစေလိုသောကြောင့် သေသတော လေးပံ ဂသိပိ ဟု တည်ပါသည်။

၁၁၅၉။ (ပ) ဤသုတ်၌ အပိသဒ္ဒတ္ထ သဒ္ဒတ္ထာကာရတို့ကို ပြပြီးလျှင် ဘယ်နှစ်ပုဒ်ရှိသော သုတ်ဖြစ်သည်ကိုလည်း ပြခဲ့ပါ။

(ဗျာ) သမ္ဗုဏ္ဏနတ္ထ၊ ဂမည်သော သိဝိဘတ်ကျေခြင်းဟူသော ပဌမအနက်၌ ဂ-မမည်သော သိဝိဘတ်ကျေခြင်းဟူသော ဒုတိယအနက်ကို ပေါင်းပါသည်။ ၄၂၊ နိတ္တိအလို၊ စတုပ္ပဒ။ ရူအလို- ပဥ္စပဒဖြစ်ပါသည်။

၁၁၆၀။ (ပ) ဤသုတ်၌ သောသတ္တာ သောရာဇာ ဟူသော ဥဒါဟရုဏ်များ ရှိသင့် မရှိသင့်၊ ကစ္စည်းဆရာ အလိုတော်ကျ အထောက်ပြ၍ ဖြေပါ။

(ဗျာ) သျာစ၊ သတ္ထုပိတာ ဒိနမာသိသွံ သိလောပေါစ သုတ်တို့သည် သေသအပါဒါန် ဖြစ်ထိုက်ရကား ကစ္စည်းဆရာအလို မရှိသင့်ဟုမှတ်။

မှတ်ချက်။ ။သဒ္ဒနီတိဆရာအလို ဝါဒအားဖြင့် ရှိသင့်၏ဟု မှတ်ရမည်။

၁၁၆၁။ (ပ) ရတ္တာဒိဂိုဏ်း၏ လက္ခဏာနှင့် ဖြစ်ကောင်းသော သဒ္ဒါမျိုးကို ပြခဲ့ပါ။

(ဗျာ) ဤသုတ်ဖြင့် ဂသညာ သိဝိဘတ်ကိုချေ၍ ပြီးခြင်းသည်ပင် လက္ခဏာ၊ ဣတ္ထိလိင်၊ ပုလ္လိင် နပုလ္လိင် ဖြစ်သော ဣဝဏ္ဏန္တ၊ ဥဝဏ္ဏန္တ ဩကာရန္တသဒ္ဒါတို့ ဖြစ်ပါသည်။

၁၁၆၂။ (ပ) ဤသုတ်ဖြင့် ဂသိဝိဘတ်ကျေသော သဒ္ဒါစုကို ရတ္တာဒိဂဏဆိုသော် ဘောဂဟပတိ စသောသဒ္ဒါစုကို ဤသုတ်ဖြင့် ဂသိ ကျေရကား ရတ္တာဒိဂဏမည်သင့်၊ မမည်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) ဏဝ ဏိက ဏေယျ ဏန္တုဟိ အစရှိသော သုတ်တို့ဖြင့် လက္ခဏာအထူးကို မှတ်၍ ဂဟပတာ ဒိဂဏ စသည်ဖြင့် အမည်ဝိသေသကို ပြေးဖြစ်သောကြောင့် ရတ္တာဒိဂဏ် မမည်သင့်ပါ။

---

၁၇၀။ ။သဗ္ဗာသမာဝုသောပသဂ္ဂနိပါတာဒီဟိ စ

၁၁၆၃။ (ပ) အာဝုသောပုဒ်သည် နိပါတပုဒ်ပင် ဖြစ်ရကား သဗ္ဗာသောပသဂ္ဂ နိပါတာဒီဟိစ မျှသာ တည်ကပြီးသင့်လျက် အဘယ့်ကြောင့် အာဝုသောပုဒ်ဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) အာဝုသောဟူသောပုဒ်၏ ဝုစ်နှစ်ပါး ရှိသည်၏ အဖြစ်ကို ပြလိုသောကြောင့် အာဝုသောပုဒ်ဖြင့် အထူးပြု၍ တည်ပါသည်။

၁၁၆၄။ (ပ) ဤသုတ်၌ ဖြစ်သင့်သော အာဒျတ္ထ၊ အာဒိ၊ အာဒိဝန္တအရ တို့ကို ပြခဲ့ပါ။

(ဖြေ) ပကာရတ္ထ၊ အာဒိအရကား အာဝုသော ဟူသော အာလုပ်ပုဒ်၊ နိပါတ်ပုဒ်၊ ဥပသာရပုဒ်ရ၏၊ အာဒိဝန္တအရကား ဝါဏာပစ္စေ စသောသုတ်ပုဒ် ကဓေတိ ခေတုစသော ရှင်္ဂီပုဒ်၊ အတ္တိတိ အသ စသော နာမ်ပုဒ်တို့ရ၏။

၁၁၆၅။ (ပ) ဤသုတ်၌ စသဒ္ဒါအဝဓာရဏ နှစ်ပါးတွင် အဘယ်အဝဓာရဏ ဖြစ်ပါသနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ဥပသာရ နိပါတ်တို့နောင် ဝိဘတ်၏ကျေခြင်းကို မြဲစေသောကြောင့် သန္နိဋ္ဌာနအဝဓာရဏ ဖြစ်ပါသည်။

၁၁၆၆။ (ပ) ဤသုတ်ဖြင့် ဝိဘတ်ကျေ၏ဟူသော် အမှတ်မရှိသော ဥပသာရ၊ နိပါတတို့နောင် အမှတ်မရှိသော ဝိဘတ်တို့ ကျေ၏ဟု မှတ်ရအံ့လော၊ အဘယ်ဝိဘတ်များ ကျေပါသနည်း။

(ဖြေ) ဥပသာရပုဒ် ၂၀–တို့နောင် ပဌမာဧကဝုစ် သိဝိဘတ်တလုံးသာ ကျေ၏၊ နိပါတ်ပုဒ်တို့နောင် ၁၄–လုံးသော ဧကဝုစ်၊ ဗဟုဝုစ် ဝိဘတ်တို့ ကျေကုန်၏ဟုမှတ်၊ နိဒ္ဒေသအလို။ တနည်း– ဥပသာရပုဒ်၊ နိပါတ်ပုဒ်တို့နောင် ဧကဝုစ်သာ ကျေ၏။ သဒ္ဒဝိဒူဆရာတို့အလို။ ဥပသာရပုဒ် နိပါတ်ပုဒ်တို့နောင် ဧကဝုစ်၊ ဗဟုဝုစ် နှစ်ပါးလုံးပင် ကျေ၏ဟု မှတ်။ သာသနိကဆရာတို့အလို။

၁၁၆၇။ (ပ) အဘယ့်ကြောင့် သဒ္ဒဝိဒူဆရာ သာသနိကဆရာ နှစ်ပါးတို့သည် ဗဟုဝုစ်ကျေခြင်းကို အလိုမရှိ။ ဝုစ်နှစ်ပါး ကျေခြင်းကို အလိုရှိကြပါသနည်း။

(ဖြေ) သဒ္ဒဝိဒူ ဆရာတို့အလိုကား ဥပသာရ၊ နိပါတ်တို့သည် အသုံးချသဒ္ဒါ ဖြစ်သောကြောင့်။ ဝါ၊ ဧကဝုစ် စသောသချ်ာ၊အတိတ် စသော ကာလအပြား မရှိသောကြောင့် ဗဟုဝုစ်ကျေခြင်းကို အလိုမရှိ။ ဧကဝုစ်ကျေခြင်းကိုသာ အလိုရှိပါသည်။ သာသနိကဆရာတို့အလိုကား အနက်ကို အလေးပြု၍ ယူအပ်သောကြောင့် ဧကဝုစ် ဗဟုဝုစ် နှစ်ပါးကျေခြင်းကို အလိုရှိ၏။

၁၁၆၈။ (ပ) အဘယ့်ကြောင့် ဥပသာရ မည်ပါသနည်း။

(ဖြေ) 'ဥပစ္စ အတ္ထံ သဇ္ဇန္တိတိ ဥပသဂ္ဂါ' ဟူသည်နှင့်အညီ အနီးသို့ကပ်၍ ဓာတ်နာမ်တို့၏ အနက်ကို စီရင်တတ်ကုန်သောကြောင့် ဥပသာရ မည်ပါသည်။

၁၁၆၉။ (ပ) ဥပသာရပုဒ်-၂၀တို့သည် အမှတ်မရှိဖြစ်လိုသောဌာနၥ် ဖြစ်နိုင်ပါသလော၊ အဘယ် ဥပသာရတို့သည် အဘယ်ဌာနတို့၌ ဖြစ်ပါသနည်း။

(ဖြေ) ဖြစ်လိုသောဌာန၌မဖြစ်နိုင်ပါ။ ပတိ၊ ပရိ၊ အဘိ၊ အနု— ဤဥပသာရ လေးပါးတို့သည် ပုဒ်တို့၏ အစဌာန်၊ အဆုံးဌာနတို့၌ ဖြစ်ကုန်၏။ ကြွင်း ၁၆-ပါးသော ဥပသာရတို့ကား ပုဒ်တို့၏ အစဌာန၌သာ ဖြစ်ကုန်၏။

၁၁၇၀။ (ပ) အဘယ့်ကြောင့် နိပါတ်မည်ပါသနည်း။ နိပါတ်၏ အင်္ဂါလက္ခဏာကိုလည်း ပြခဲ့ပါ။

(ဖြေ) သမုစ္စယာဒိအတ္ထံ နိပါတရိတွာ ပဒါနံ အာဒိမဇ္ဈာဝသာနေသု ပတန္တီတိ နိပါတာ ဟူသော ဝိဂ္ဂဟနှင့်အညီ သမုစ္စယ၊ ပူရဏ စသော အနက်ကိုဆောင်၍ ပုဒ်တို့၏ အစ၊ အလယ်၊ အဆုံးတို့၌ ကျတတ်ကုန်သောကြောင့် နိပါတ်မည်ပါသည်။ (၁) ပုဒ်တို့၏ အစ၊ အလယ်၊ အဆုံးတို့၌ ကျခြင်း။ (၂) လိင်သုံးပါး၊ ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်ခြင်း၊ (၃) ဒြပ်အနက်ကို မဟောခြင်းဟူ၍ ၃-ပါးရှိပါသည်။

၁၁၇၁။ (ပ) ဥပသာရပုဒ်ကဲ့သို့ နိပါတ်ပုဒ်များ အရေအတွက် ရှိ၊ မရှိ၊ ရှိသော် အဘယ်၏အစွမ်းဖြင့် အဘယ်မျှရှိကြောင်း၊ မရှိသော် အဘယ်၏ အစွမ်းဖြင့် မရှိရကြောင်းကို ပြခဲ့ပါ။

(ဗျာ) သရုပ်ကို မှတ်သည်၏ အစွမ်းဖြင့်ရင်း၊ ပဥ္စာနိပါတ်၏ အစွမ်းဖြင့်ရင်း အမြွက်မျှ အရေအတွက်ရှိ၏၊ နှစ်ရာတဆဲ့ခုနစ်ပါး (၂၁၇)ပါးရှိပါ၏။ ပရိမာဏ အစွမ်းဖြင့်ကား အရေအတွက်မရှိသင့်၊ အပိုင်းအခြားမရှိဟူလို။

၁၇၂။ (ပ) ဥဒါဟရဏ်ဝယ် ပ၊ ပရာ၊ နိ၊ နီ-စသည်မျှထုတ်က ပြီးသင့်လျက် အဘယ့်ကြောင့် ပဟာရော စသည်ကို ထုတ်ပြန်ပါသနည်း။

(ဗျာ) ဆိုခဲ့ပြီးသော ဝစနတ္ထ အားလျော်စွာ နာမ်ပုဒ်တို့နှင့် ယှဉ်၍ ပြလိုသောကြောင့် ပဟာရော စသည်ကို ထုတ်ပြန်ပါသည်။

---

## ၁၇၁။ ပုမသ္သ လိင်္ဂါဒီသု သမာသေသု

၁၇၃။ (ပ) ဤသုတ်ကို ပုမသ္သ လိင်္ဂါဒီသု-မျှသာ တည်က သမာသပဒ အဖြစ် ပြီးလျက် အဘယ့်ကြောင့် ပုမသ္သ လိင်္ဂါဒီသု သမာသေသု-ဟု တည်ပါသနည်း။

(ဗျာ) ဤသုတ်အစီအရင်ကို သမာသ်ဝါကျ၌ မရအပ်၊ နိပ္ဖန္န သမာသ်အရာ၌သာ ရအပ်၏ဟု သိစေလိုသောကြောင့် ပုမသ္သ လိင်္ဂါဒီသု သမာသေသု-ဟု တည်ပါသည်။

၁၇၄။ (ပ) ဤသုတ်ကို ပုမသ္သ လိင်္ဂါဒီသု သမာသေ-ဟု ဧကဝစနန္တဖြင့် မတည်မူ၍ အဘယ့်ကြောင့် ပုမသ္သလိင်္ဂါဒီသု သမာသေသု-ဟု ဗဟုဝစနန္တဖြင့် တည်ပါသနည်း။

(ဗျာ) သမာသ်ဘို၏ များသည်၏အဖြစ်ကို ပြလိုသောကြောင့် ဗဟုဝစနန္တဖြင့် တည်ပါသည်။

၁၇၅။ (ပ) ဤသုတ်သည်သမာသဝိသယဝိဓိဖြစ်သောကြောင့် အထက် သမာသ်သို့ရောက်မှ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) အောက်သုတ်မှ လောပံ ဟူသော ကာရိယအလိုက်ခံလို သောကြောင့်၊ တနည်း-လောပဝိဓိသုတ်တို့ကို တပေါင်းတည်း ပြလို သောကြောင့် ဤ၌ တည်ပါသည်။

၁၇၆။ (ပ) ဤသုတ်၌ အာဒိအနက်၊ အာဒိအရ၊ အာဒိဝန္တအရတို့ကို ပြခဲ့ပါ။

(ဗျာ) မရိယာဒတ္ထ။ အာဒိအရ လိင်္ဂသဒ္ဒါ ရ၏။ အာဒိဝန္တ အရ ကား ဘာဝ၊ ကောကိလ စသော သဒ္ဒါတို့ ရ၏။

## ၁၇၂။ အံ ယမိတော ပသညတော

၁၁၇၇။ (ပ) ဤသုတ်ကို ဇယံ ပသညတော-ဟု မတည်မူ၍ အဘယ့် ကြောင့် အံ ယမိတော ပသည္ဒတော-ဟု တည်ပါသနည်း။

(ဗျာ) ပသညာရသော ဣ-ဥ-ဦ-သရတို့ကို ပယ်လိုသောကြောင့် အံယမိတော ပသညတော-ဟု တည်ပါသည်။

၁၁၇၈။ (ပ) အံယမိတောမျှသာ တည်က ပြီးလျက် အဘယ့်ကြောင့် ပသညတောပုဒ်ဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) ဈသညာ၊ လသညာရသော 'ဤ' အက္ခရာနောင် အံဝိဘတ် ၏ ယံအပြုမဖြစ်ဟု သိစေလိုသောကြောင့် ပသညတောဖြင့် အထူး ပြု၍ တည်ပါသည်။

၁၁၇၉။ (ပ) ဤသို့ တည်သော် ဗောဓိယံ-စသော ပြယုဂ်များ အဘယ် သုတ်ဖြင့် ပြီးရမည်နည်း။

(ဗျာ) ဤသုတ် အံ-ယံ-ဟူသော ယောဂဝိဘာဂဖြင့် ပသညာ နောင် အံဝိဘတ်ကို ယံပြု၍ ပြီးရပါသည်။

---

## ၁၇၃။ နံ ဈတော ကတရဿာ

၁၁၈၀။ (ပ) ဤသုတ်၌ ဈတောပုဒ်၊ ကတရဿာပုဒ်တို့ဖြင့် ပယ်အပ် သော အနက်ကို ပြခဲ့ပါ။

(ဗျာ) ဈတောဖြင့် လသညာ၊ ပသညာရှိသော ဣဝဏ္ဏ၊ ဥဝဏ္ဏ တို့ကို ပယ်ပါသည်။ ကတရဿာဖြင့် အကတရဿ ဈကို ပယ်ပါသည်။

၁၁၈၁။ (ပ) မုနိနံ-စသော ပယောဂတို့၌ အကတရဿဈနောင်လည်း အံဝိဘတ်၏ နံအပြု ဖြစ်သင့်သောကြောင့် နံ ဈတော-ဟု သာမည တည်သင့်လျက် အဘယ့်ကြောင့် နံ ဈတော ကတရဿာ-ဟု ဝိသေသ တည်ပါသနည်း။

(ဗျာ) ကတရဿ ဈနောင် နံအာဒေသ၏ ယေဘုယျအဖြစ်ကို သိ စေလိုသောကြောင့် နံဈတော ကတရဿာ-ဟု ဝိသေသတည်ပါသည်။

၁၁၀၂။ (ပ) ဤသို့ ဝိသေသတည်သော် မုနိန်ပြယုဂ် အဘယ်သုတ်ဖြင့် စီရင်ရမည်နည်း။

(ဗျာ) ဤသုတ် နံစျတော-ဟူသော ဒွိခါကရဏ ယောဂဝိဘာဂ ဖြင့် စီရင်ရမည်။

---

## ၁၇၄။ ယောနံ နော

၁၁၀၃။ (ပ) ဤသုတ်ကို မဘည်သော်လည်း လတော ဝေါ ထာရော စ– သုတ်လာ ကာရသဒ္ဒါဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဗျာ) ကတရဿစျနောင် ယောဝိဘတ်၏ နောအာဒေသ မြဲ၏ဟု သိစေလိုသောကြောင့် ထပ်၍တည်ပါသည်။

၁၁၀၄။ (ပ) ဒဏ္ဍိနေ–စသည်ဖြင့် ယောဝိဘတ်၏ ဣနေအပြုလည်း ဖြစ် ထိုက်ရကား ယောနံ နော ဣနေ–ဟု တည်သင့်လျက် အဘယ့် ကြောင့် ယောနံ နော-မျှသာ တည်ပါသနည်း။

(ဗျာ) ကတရဿစျနောင် ယောဝိဘတ်၏ နောအာဒေသ၏ ယေဘု ယျဖြစ်သောကြောင့် ယောနံ နော–မျှသာ တည်ပါသည်။

၁၁၀၅။ (ပ) ဤသို့တည်သော် ဒဏ္ဍိနေ–ဟူသော ပြယုဂ် အဘယ်သုတ်ဖြင့် စီရင်ရမည်နည်း။

(ဗျာ) ဤသုတ် ယောနံ–ဟူသော ဒွိခါကရဏ ယောဂဝိဘာဂ ဖြင့် စီရင်ရမည်။

၁၁၀၆။ (ပ) သာရမတိနော-စသော ပြယုဂ်တို့၌ အကတရဿစျနောင် လည်း နောအပြု ထင်ရကား ကတရဿပုဒ် အလိုက်မခံမူ၍ ယော နံ နော–ဟု တည်သင့်လျက် အဘယ့်ကြောင့် အလိုက်ခံ၍တည်သနည်း။

(ဗျာ) အကတရဿစျနောင် နောအာဒေသကား အပ္ပက၊ ကတ ရဿစျနောင် နောအာဒေသကား ယေဘုယျအဖြစ်ကို သိစေလိုသော ကြောင့် အလိုက်ခံ၍ တည်ပါသည်။

၁၁၀၇။ (ပ) သာရမတိနော-ဟူသော ပြယုဂ်၌ အဘယ်သုတ်ဖြင့် နော ပြုရမည်နည်း။

(ဗျာ) ကတရဿပုဒ် အလိုက်ခံခြင်းကင်းသော ယောနံ နော– ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် နောပြုရမည်။

## ၁၇၅။ သမ္ဗိ နိ

၁၁၈၈။ (ပ) ဤသုတ်ကို မုတည်သော်လည်း ပြဟ္မတော တု သမ္ဗိနိ-သုတ်လာ တုသဒ္ဒါဖြင့်ပင် ပြီးသင့်သည်မဟုတ်ပါလော၊ သို့ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍တည်ပါသနည်း။

(ဗျာ) ကတရဿ-ဈနောင် သမ္ဗိဝိဘတ်၏ နိအာဒေသကို ထင်ရှားစွာ ပြုလိုသောကြောင့် ဤသုတ်ကို ထပ်၍တည်ပါသည်။

**မှတ်ချက်။** ။သုတ်စွန်းဖြင့် စီရင်သည်တား အပါကဋ္ဌ-အညတရ ဖြစ်၍ မထင်ရှား၊ သုတ်လုံးဖြင့် စီရင်မှ ပါကဋ္ဌဖြစ်၏ဟူလို။

၁၁၈၉။ (ပ) ဒဏ္ဍိနေ ပတိဋ္ဌိတံ— စသော ပြယုဂ်တို့ကို အဘယ်သုတ်ဖြင့် အဘယ်ဝိဓိရောက်၍ ပြီးရမည်နည်း။

(ဗျာ) ဤသုတ် သမ္ဗိ-ဟူသော ဒွိခဏ္ဍရဏာ ယောဂဝိဘာဂဖြင့် ကတရဿ-ဈ နောင် သမ္ဗိဝိဘတ်ကို ဣနေ ပြု၍ ပြီးပါသည်။

၁၁၉၀။ (ပ) ဤသုတ်၏ ဝုတ္တိ၌ ဝါသဒ္ဒါ ရှိသင့်၊ မရှိသင့် ဆုံးဖြတ်ပြခဲ့ပါ။

(ဗျာ) န္ယာသအလို-ဝါသဒ္ဒါမရှိသင့်။ ရူ၊ နီတိအလို-ဝါသဒ္ဒါရှိသင့်၏။

၁၁၉၁။ (ပ) က—ပြဟ္မတော တု သမ္ဗိနိ။ ခ-တတော သမ္ဗိနိ၊ ဂ—သမ္ဗိနိ-သုတ်သုံးခုတို့၏ နိအာဒေသထူးခြားပုံကို ပြခဲ့ပါ။

(ဗျာ) က-ရာဇာဒိဂိုဏ်းအကာရန္တပြဟ္မသဒ္ဒါနောင်သာ အနိစ္စအားဖြင့် နိပြုသည်။ ခ-ရာဇာဒိဂဏ အကာရန္တ အတ္တသဒ္ဒါနောင်သာ နိစ္စအားဖြင့် နိပြုသည်။ ဂ-ရတ္တာဒိဂဏ ဤကာရန္တ ကတရဿ-ဈနောင်သာ အနိစ္စအားဖြင့် နိပြုရပါသည်။ ဤသို့ ထူးကြပါ၏။

---

## ၁၇၆။ ကိယာ က ဝေ စ

၁၁၉၂။ (ပ) အလုံးစုံသော ဝိဘတ်ပစ္စည်း နောင်းရှာ၌ပင် ကိံ-သဒ္ဒါ၏ က-အပြု ဖြစ်သင့်ရကား ကိယာ က သဗ္ဗတ္တ-ဟု တည်သင့်လျက် မဘည်ပဲ အဘယ့်ကြောင့် ကိယာ က ဝေစ-ဟု တည်သနည်း။

(ဗျာ) ဝ-ပစ္စည်းမှ တပါးသောပစ္စည်းများ နောင်းရှာ၌ ကိံသဒ္ဒါကို က-ပြုခြင်း အလိုမရှိအံ့၊ က-အပြုမဖြင်။ ဝ-ပစ္စည်းမှ တပါးသောယံ၊ ဟံ—စသော ပစ္စည်းနောင်းရှာ ကိံသဒ္ဒါကို က-ပြုခြင်းကို အလိုရှိအံ့၊ က-အပြုဖြစ်၏ဟု သိစေလိုသောကြောင့် ကိယာ က ဝေစ-ဟု တည်ပါသည်။

၁၀၉၃။ (ပ) သမ္ပဒါနကာရကပြဆိုရာ စဂ္ဂဟာဓေန အာ—ဓပစ္စယေ ပရေမိဒ္ဓိ အာ–ဝပစ္စယအရ ဖြစ်သင့်သော ပစ္စည်းကို ပြခဲ့ပါ။

(ဗျာ) ထံ·ဟံ- စသော ပစ္စည်းစုများ ဖြစ်သင့်ပါသည်။ ရှုအလို၊ တနည်း-ထံ·ဟံ–စသောပစ္စည်းစုအလုံးစုံသော နာမ်ဝိဘတ်တို့ ဖြစ်သင့်ပါသည်။ ချာအလို။

၁၀၉၄။ (ပ) ဤသုတ် စီရင်သော ပုဒ်၊ လိင်၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) သဗ္ဗနာမ်ပုဒ်၊ တိလိင်၊ နိဂ္ဂဟီတန္တ။

---

## ၁၇၇။ ကု ဟိံ ဟံသု စ

၁၀၉၅။ (ပ) ဤသုတ်၌ စသဒ္ဒါဖြင့် မဆည်းပဲ ကု ဟိံ ဟံ ဟိဉ္စနံ ဒါစနံသု-ဟု မတည်မူ၍ အဘယ့်ကြောင့် ပစ္စည်းနှစ်ပါးကို စသဒ္ဒါဖြင့် ဆည်း၍ ကု ဟိံ ဟံသုစ-ဟု တည်ပါသနည်း။

(ဗျာ) သုတ်လေးသည်၏အဖြစ်ကို ပယ်လိုသောကြောင့်ရင်း၊ဟိဉ္စနံ၊ ဒါစနံ-ပစ္စည်းတို့ကြောင့် ကုအာဒေသ၏ အပါကဋ္ဌဖြစ်သောကြောင့် ရင်း၊ ကု ဟိံ ဟံသုစ-ဟု တည်ပါသည်။

၁၀၉၆။ (ပ) ဤသုတ်၏ ဝုတ္တိ၌ အညအပါဒါန်၊ အညအရဲတို့ကို ပြခဲ့ပါ။

(ဗျာ) အညအပါဒါန်ကား ဟိံ·ဟံ။ အညအရကား ဟိဉ္စနံ၊ ဒါစနံ ပစ္စည်းတို့ ရ၏။

---

## ၁၇၈။ သေသေသု စ

၁၀၉၇။ (ပ) ဤသုတ်၌ ဖြစ်သင့်သော သေသအပါဒါန်၊သေသဝန္တအရ တို့ကို ပြခဲ့ပါ။

(ဗျာ) သေသာပါဒါနကား ဝပစ္စည်း၊ သေသဝန္တကား ရင်းမှ ကြွင်းသော အလုံးစုံသောဝိဘတ်။ ထံ·ဟံ–စသော ပစ္စည်းစုချ၏။ ချာ အလို၊ တနည်း–သေသာပါဒါနဝပစ္စည်း။ သေသဝန္တအလုံးစုံသော ဝိဘတ်။ ရှုအလို၊ တနည်း– သေသာပါဒါန- ဝ၊ဟိံ၊ ဟံ၊ ၃-ပစ္စည်း။ သေသဝန္တ ရင်းမှကြွင်းသော အလုံးစုံသော ဝိဘတ်၊ ထံ·ဟံ–စသော

ပစ္စည်းစုရ၏။ နိဒအလို။ တနည်း-သေသာပါဒါန၊ ဟိ°-ဟံ-နှစ်ပစ္စည်း။ သေသဝန္တ၊ ရင်းမှကြွင်းသော အလုံးစုံသောဝိဘတ်၊ ထံ-ဟံ-စသော ပစ္စည်းစုရ၏။ ဝဏ္ဏနာအလို။

၁၁၉၈။ (ပ) ကိုသ က ဝေစ- သုတ်၌ စသဒ္ဒါဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ဤသုတ်ကို တည်ပြန်သနည်း။

(ဖြ) အမှတ်ကို ပြုလိုသောကြောင့်ရင်း၊ အနက်ထူးကို သိစေလိုသောကြောင့်ရင်း၊ နျာအလို။ ထင်ရှားစွာ ပြုလိုသောကြောင့်ရင်း၊ ဥဿာဟပြုလိုသောကြောင့်ရင်း၊ နိဒအလို။ ဤသုတ်ကိုတည်ပြန်ပါသည်။

၁၁၉၉။ (ပ) နိယမာကာရ၊ အတ္ထန္တရ ဝိညာပနာကာရတို့ကို ပြခဲ့ပါ။

(ဖြ) အကယ်၍ ကိ°သဒ္ဒါကို ကပြုအံ့။ ဝပစ္စည်းမှ ကြွင်းသော ဝိဘတ်ပစ္စည်းတို့ နှောင်းရာ၌သာ ပြု၏။ မနှောင်းရာတို့၌ က-အပြု တရံ တဆစ်မျှမဖြစ်ဟု မှတ်သည်။ နိယာမာကာရ။ ကိသ၊ ကိသ္မိ°-စသော ပြယုဂ်တို့၌ က-အပြုမဖြစ်ဟု အနက်ထူးကို သိစေပါသည်။

၁၂၀၀။ (ပ) ဤသုတ်ကို ကိသ က ဝေစ သုတ်၏အခြားမဲ့၌ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌တည်ပါသနည်း။

(ဖြ) မဏ္ဍူကဂတိက၊ အဓိကာရ နည်းတို့သည်လည်း ဖြစ်ကုန်၏ဟု သိစေလိုသောကြောင့် နျာအလို။ ဟိ°-ဟံပစ္စည်းတို့ကို သေသအပါဒါန်အဖြစ်ဖြင့် သိမ်းယူစေလိုသောကြောင့် နိဒအလို။ ဤနေရာ၌ တည်ပါသည်။

၀၂၀၁။ (ပ) ဤသုတ်၌ စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြ) အနုကစုနတ္ထ။ ကု ဟိ° ဟံသုစ-သုတ်၌ ကု-ကာရိယရှိ၍ က-ကာရိယနစ်ရာသောကြောင့် က-ကို ငင်ယူပါသည်။ နိဒအလို။ တနည်း-နိဝတ္တာပနအဝဓာရဏတ္ထ။ ကိသ ကိသ္မိ°-စသောအချို့သော ပြယုဂ်တို့၌ က-မပြုရဟု တားမြစ်သည်။ ရှုအလို။

၁၂၀၂။ (ပ) ကိသ က ဝေစ- သုတ်လာ စသဒ္ဒါဥဒါဟရဏ်ဝယ် ကထံ-ဟု နိပ္ဖန္နမျှသာထုတ်သကဲ့သို့ မထုတ်မူ၍ အဘယ့်ကြောင့် ဤ၌ ကောပကာရော ကထံ-ဟု ဝါကျနှင့်တကွ ထုတ်ပါသနည်း။

(ဖြ) ထံပစ္စည်း၏ ပကာရတ္ထဝါစက-ဟူသော အတ္ထဝါကျ ကိစ္စ၊ ဤသုတ်၏ ဥဒါဟရဏ ကိစ္စနှစ်ပါးကို ပြီးစေတတ်သော အမွှသေစနဂုရှသိနနည်းကို ပြလိုသောကြောင့် ဝါကျနှင့်တကွ ထုတ်ပါသည်။

## ၁၇၉။ တြ တော ထေသုစ

၁၂၀၃ (ပ) ကုအာဒေသသုတ်နှစ်ပါးကို တပေါင်းတည်းပြု၍ ကု ဟိံ ဟံ တြ တော ထေသုစ-ဟု တည်သင့်လျက် မတည်ပဲ အဘယ့်ကြောင့် ခွဲ၍ တည်ပါသနည်း။

(ဗျာ) သုတ္တဂရုဒေါသကို ပယ်လိုသောကြောင့် ခွဲ၍ တည်ပါသည်။

၁၂၀၄။ (ပ) ဤသို့ ခွဲ၍တည်သော် ကု ဟိံ ဟံသုစ- သုတ်၏ အနန္တရ၌ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) တြပစ္စည်း၊ တောပစ္စည်းတို့၏ သေသအပါဒါန် မဟုတ်သည်၏အဖြစ်ကို ပြလိုသောကြောင့် ဤ၌ တည်ပါသည်။

---

## ၁၈၀။ သဗ္ဗသောတဿာကာရော ဝါ

၁၂၀၅။ (ပ) ဤသုတ်ကို တေဿာကာရောဝါ-မျှ တည်က လိုအပ်သော အတ္ထ ပြီးလျက် အဘယ့်ကြောင့် သဗ္ဗသောတဿာကာရောဝါ-ဟု တည်ပါသနည်း။

(ဗျာ) အန္တာပေက္ခဆဋ္ဌီကာရိ၏ အဖြစ်ကို ပယ်၍ သဗ္ဗာဒေသကာရီ အဖြစ်ကို သိစေလိုသောကြောင့် သဗ္ဗသောတဿာကာရောဝါ-ဟု တည်ပါသည်။

၁၂၀၆။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဝါသဒ္ဒတ္ထ၊ သဒ္ဒတ္ထာဓာဇရတို့ကို ပြခဲ့ပါ။

(ဗျာ) ဝိကပ္ပနတ္ထ-ရှ၊ န၊ နီ-တို့အလို။ နိဝတ္တာပန-အဝဓာရဏတ္ထ တြတောထေသုစ-သုတ်မှ တြပစ္စည်းကို မြစ်ပါသည်။

၁၂၀၇။ (ပ) ဤသုတ်သို့ တြ တော ထေသုစ-သုတ်မှ နိမိတ် အလုံးစုံပင် လိုက်သင့်လျက် အဘယ့်ကြောင့် တြပစ္စည်း မလိုက်ပါသနည်း။

(ဗျာ) အထက်၌ တြေ နိစ္စံ-ဟူသော သုတ်ကို မြင်သောကြောင့် မလိုက်လာပါ။

## ၁၈၁။ ဩ ဒွိ

၁၂၀၈။ (ပ) ဩတောထေသုံ စ – သုတ်မှ နိမိတ်အလုံးစုံ အလိုက်ခံ၍ သဗ္ဗသောတသာဘကာရော ဝါ-သုတ်ဖြင့်ဝင် အဩဟူသော ပြယုဂ် ပြီးသင့် လျက် အဘယ့်ကြောင့် ဤသုတ်ကို ထပ်၍ တည်ပြန်ပါသနည်း။

(ဗျာ) တော၊ ထပစ္စည်းနှောင်းရာ အ–အပြကား အနိစ္စ။ ဩပစ္စည်း နှောင်းရာ အ-အပြကား နိစ္စ-ဟု သိစေလိုသောကြောင့် ဤသုတ်ကို ထပ်၍ တည်ပါသည်။

၁၂၀၉။ (ပ) ဩ–ဟူသော တည်က အဓိပ္ပေတတ္တ ပြီးသင့်လျက် အဘယ့် ကြောင့် ဩ နိစ္စ-ဟု တည်ပါသနည်း။

(ဗျာ) အောက်သုတ်မှ ဝါသဒ္ဒါကိုနှစ်စေလိုသောကြောင့် ဩ နိစ္စ-ဟု တည်ပါသည်။

---

## ၁၈၂။ ဧ တောထေသု စ

၁၂၁၀။ (ပ) ဩ တော ထေသုစ-သုတ်မှ တော၊ ထေ-နိမိတ်အလိုက်ခံ၍ စေ-မျှ တည်ကပြီးလျက် အဘယ့်ကြောင့် ဧ တောထေသု စ- ဟု တည်ပါသနည်း။

(ဗျာ) ဩ နိစ္စ သုတ်မှ ဩနိမိတ်လည်း လိုက်ရာသောကြောင့် ထိုကို နှစ်စေလိုရကား ဧ တောထေသု စ-ဟု တည်ပါသည်။

၁၂၁၁။ (ပ) ဤသုတ်သည် ပါဠိဟောင်း ဟုတ်၊ မဟုတ်၊ ဤသုတ် ရှိသင့်၊ မရှိသင့်၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) အောက် ဩ တောထေသု စ-သုတ်၌ ဧတ္တော၊ ဧတ္ထ-ရုပ် များကို သရလောပေါ-စသော ဆိုခဲ့ပြီးသော သုတ်တို့၏ အစီအရင် ဖြင့်ပင် ပြီးသင့်သောကြောင့် ပါဠိဟောင်းမဟုတ်၊ ပါဠိဟောင်းမဟုတ် သောကြောင့် မရှိသင့်ပါ။ ချသာ။

---

## ၁၈၃။ ဣမသ္သိ ထံ ဒါနိ ဟတောဓေသု စ

၁၂၁၂။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရဘို့ကို ပြခဲ့ပါ။

(ဗျာ) ချာအလို-သန္ဒိဋ္ဌာနအာဝဓာရဏတ္ထ၊ ထံ၊ ဒါနိ၊ ဟ၊ ဓော၊ ဝ-ပစ္စည်းနှောင်းရာတို့၌ ဣမသဒ္ဒါ၏ ဣ-အပြုကို မြဲစေပါသည်။ ရှုအလို အနုကဍ္ဍနတ္ထ။ သဗ္ဗဿေဘဿာကာရောဝါ-သုတ်မှ မလိုက်နိုင်သော ကြောင့် သဗ္ဗသဒ္ဒါကို ငင်ယူပါသည်။

၁၂၁၃။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိမိတ်၊ ကာရီ၊ ကာရိယတို့ အရ ထုတ်ပြပြီးလျှင် ဝိဓိသုံးပါးတွင် အဘယ်ဝိဓိဖြစ်ကြောင်းကို အထောက် ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) နိမိတ်ကား ထံ၊ ဒါနိ၊ ဟ၊ ဓော၊ ဓာစ္စည်း။ ကာရီကား ဣမသဒ္ဒါ၊ ကာရိယကား ဣ-အက္ခရာတို့ဖြစ်ပါသည်။ သန္ဒိဋ္ဌာနအာဝဓာရဏတ္ထ၊ စသဒ္ဒါနှင့်တကွ သုတ်တည်သည်ကိုထောက်၍ နိစ္စဝိဓိဖြစ် ပါသည်။

---

၁၇၄။ အ ဧနာမှိ စ

၁၂၁၄။ (ပ) ဤသုတ်၌ဖြစ်ထိုက်သော စသဒ္ဒါ၏အနက်ကို ပြခဲ့ပါ။

(ဗျာ) ချာအလို – သန္ဒိဋ္ဌာနအာဝဓာရဏတ္ထ။ ရှုအလို – ဟေဋ္ဌာ ပေက္ခတ္ထ။ စုဏ္ဏိနိရုတ္တိအလို-သမုစ္စယတ္ထ။

၁၂၁၅။ (ပ) သမုစ္စယတ္ထ ဝါဒအလို အဘယ်ပယောဂ၌ အဘယ် အတ္ထကို ဆည်းပါသနည်း။

(ဗျာ) အဇ္ဇ၊ အဇ္ဇု-စသော ပြယုဂ်တို့၌ ဇ္ဇ၊ ဇ္ဇု ပစ္စည်းနှောင်းရာတို့၌ လည်း ဣမသဒ္ဒါ၏ အ-အပြုဟူသော အနက်ကို ဆည်းပါသည်။

---

၁၇၅။ တေ ရဟိမှိ

၁၂၁၆။ (ပ) ဤသုတ်သည် ပဉ္စမာကာရီဖြစ်ရကား ဧတော ရဟိမှိဟု တည်သင့်လျက် အဘယ့်ကြောင့် တေ ရဟိမှိ-ဟု တည်ပါသနည်း။

(ဗျာ) အဝိဘတ္တိကနိဒ္ဒေသအားဖြင့် ပြလိုသောကြောင့် တေ ရဟိမှိ ဟု တည်ပါသည်။

၁၂၁၇။ (ပ) ဤသုတ်၌ စသဒ္ဒါ ရှိသင့်၊ မရှိသင့်၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ချာ၊ ရှု၊ နိ-ဆရာတို့ မဖွင့်ကြသောကြောင့် မရှိသင့်ပါ။

## ၁၇၆။ ဣတ္ထိယမတော အာပစ္စယော

၁၂၁၈။ (ပ) ဤသုတ်ကို ဣတ္ထိယမာပစ္စယော-ဟု တည်ကုန်ပြီးလျက် အဘယ့်ကြောင့် ဣတ္ထိယမတော အာပစ္စယော-ဟု တည်ပါသနည်း။

(ဖြေ) ဤ၌ အာပစ္စည်း၏ ဣတ္ထိလိင်ဇောတက၏အဖြစ်ကို သိစေလိုသောကြောင့်၊ တနည်း- အာပစ္စည်း၏ ဇောတကဝါစကနှစ်ပါး ရှိသည်၏ အဖြစ်ကို သိစေလိုသောကြောင့် တည်ပါသည်။

၁၂၁၉။ (ပ) ဒေဝတာ-စသော ပြယုဂ်တို့၌ အာကာရန္တနောင်လည်း အာပစ္စည်း သက်သောကြောင့် ဣတ္ထိယာ ဝဏ္ဏန္တတော အာပစ္စယော- ဟု ဝိသေသ တည်သင့်လျက်အဘယ့်ကြောင့် သာမညတည်ပါသနည်း။

(ဖြေ) အကာရန္တ ဣတ္ထိလိင်နောင် အာပစ္စည်း၏ ယေဘုယျအဖြစ် ကို သိစေလိုသောကြောင့် ဣတ္ထိယမတော အာပစ္စယော-ဟု သာမည တည်ပါသည်။

၁၂၂၀။ (ပ) ဤသို့ သာမညတည်သော် အာကာရန္တနောင် အဘယ် သုတ်ဖြင့် အာပစ္စည်းသက်ရမည်နည်း။

(ဖြေ) ဤသုတ် အာပစ္စယောဟူသော ဒွိခေါကရဏယောဂဝိဘာဂ ဖြင့် သက်ရမည်။

၁၂၂၁။ (ပ) ဤသုတ်၌ အာပစ္စည်း၏ ဇောတက အဖြစ်ကို အဘယ်ကို မြင်၍ သိပါသနည်း။

(ဖြေ) ဣတ္ထိယံ ဇောတမာနာယ အကာရတော အာပစ္စယော- ဟူသော ဝုတ္တိပါဌ်ကိုမြင်၍ သိပါသည်။

၁၂၂၂။ (ပ) ဝါစကတပ်သော အာပစ္စယအား လျော်စွာ ဤသုတ်ကို အတ္ထယောဇနာ ပြုပြပါ။

(ဖြေ) ဣတ္ထိယံ၊ ဣတ္ထိလိင်အနက်၌။ အတော၊ အကာရန္တနောင်မှ။ အာပစ္စယော၊ အာပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

၁၂၂၃။ (ပ) ဤသုတ်လာ အာပစ္စည်းကို ဇောတက ဝါစကဆိုသော် အဘယ်အရာဌာနတို့၌ ဇောတက၊ အဘယ်အရာဌာနတို့၌ ဝါစကဟု ခွဲခြားမှတ်ရမည်နည်း။

(ဖြေ) သကတ်၊ ဒြပ်၊ လိင်-ဟု ဆိုအပ်သော တိကဘ္ဘကို ဟော သော သဒ္ဒါတို့၌-ဇောတက။ သကတ်၊ ဒြပ်-ဟု ဆိုအပ်သော ဒွိကတ္တ ကို ဟောသော သဒ္ဒါတို့၌ ဝါစကတည်း၏ဟု မှတ်ရမည်။

၁၂၂၄။ (ပ) အာပစ္စည်းသက်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ဣတ္ထိလိင်။ ကညာဒိ၊ အ–အာ၊ သဒ္ဒနီတိအလို၊ အ–အာ၊ ဥ၊ ဦး ရန်ကုန်အလို။

၁၂၂၅။ (ပ) အာပစ္စည်းသက်နိုင်သော ပကတိကာရန္တတို့၏ ဥဒါဟရဏ် တခုစီ ထုတ်ပြပါ။

(ဗျာ) အကာရန္တ-ကညာ။ အကာရန္တ-ဒေဝတာ။ ဥကာရန္တ-မာတာ။

၁၂၂၆။ (ပ) မာတာ-ဟူသော ပုဒ်၏ ဆက်ဆံနိုင်သောဂိုဏ်း၊ ဂိုဏ်း အားလျော်စွာ ဖြစ်သင့်သော ပကတိ၊ ဝိကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ၁–ကညာဒိဂိုဏ်း၊ မာတာ-ဥကာရန္တပကတိရှိသော အာကာရန္တ ဣတ္ထိလိင်။ ၂–သတ္ထာဒိဂိုဏ်း၊ မာတာ-ဥကာရန္တပကတိ ရှိသော အာကာရန္တပုလ္လိင်။ ၃–ရတ္တာဒိဂိုဏ်း၊ မာတာ-ဥကာရန္တပကတိရှိသော ဥကာရန္တ-ဣတ္ထိလိင်-ပုလ္လိင်။ ဤဂိုဏ်းသုံးပါးတို့နှင့် ဆက်ဆံ၏။

၁၂၂၇။ (ပ) ကညာဒိဂိုဏ်း၏ လက္ခဏာနှင့်တကွ ဖြစ်သင့်သော သဒ္ဒါမျိုး ကို ပြခဲ့ပါ။

(ဗျာ) ဤသုတ်ဖြင့် အာပစ္စည်းသက်၍ ပြီးခြင်းသည်ပင် ကညာဒိ ဂဏ လက္ခဏာ။ ဣတ္ထိလိင်၊ အ-အာ-ကာရန္တ သဒ္ဒါမျိုး။ တနည်း– အ-အာ-ဥ-ကာရန္တသဒ္ဒါမျိုးတို့ ဖြစ်ပါသည်။

---

၁၀၇။ နဒါဒိတောဝါ ဤ

၁၂၂၈။ (ပ) ဤသုတ်၌ အာဒျတ္ထ၊ အာဒျတ္ထာကာရ၊ အာဒိအရ၊ အာဒိ ဝန္တအရတို့ကို ပြခဲ့ပါ။

(ဗျာ) ပကာရတ္ထ၊ နဒီသဒ္ဒါနှင့် အက္ခရာဒွယ၊ အကာရန္တ၊ အဝိညာဏက ဣတ္ထိလိင် အဖြစ်ဖြင့် တူရမည်။ အာဒိအရ နဒသဒ္ဒါ၊ အာဒိဝန္တအရ မဟာ-အစရှိသော သဒ္ဒါတို့ရ၏။

၁၂၂၉။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဝါသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) ချာ၊ ရူအလို၊ သမ္ပိဏ္ဍနတ္ထ။ နဒါဒိသဒ္ဒါတို့၌ အနဒါဒိသဒ္ဒါ တို့ကို ပေါင်းသည်။ နီအလို၊ သမုစ္စယတ္ထ၊ သဝိညာဏကဖြစ်သော သဒ္ဒါတို့ကို ဆည်းပါသည်။ စူဠနိရုတ္တိ အလို-ဝိကပ္ပနတ္ထ၊ ဒိဋ္ဌပတ္တကို ပြသည်။

၁၂၃၀။ (ပ) ဝုတ္တိ၌ နဒါဒိ၊ အနဒါဒိတို့၏အရ အဘယ်ကို ယူရမည်နည်း။
(ဗျာ) နဒါဒိဖြင့် အဝိညာဏကနဒါဒိသဒ္ဒါတို့ကိုယူ၊ အနဒါဒိဖြင့် သဝိညာဏက အနဒါဒိသဒ္ဒါတို့ကို ယူရမည်။
၁၂၃၁။ (ပ) ဤသုတ် သက်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။
(ဗျာ) ဣတ္ထိလိင်၊ နဒါဒိ၊ အ-ဣ-ဤ-ဥ-ဦ-ဩ-ကာရန္တ။

---

## ၁၈၈။ ဏဝ ဏိက ဏေယျ ဏန္တုဟိ

၁၂၃၂။ အောက်သုတ်ဖြင့်ပင် နဒါဒိ၊ အနဒါဒိသဒ္ဒါတို့နောင် ဤပစ္စည်း သက်ရကား ဤသုတ်ကို မတည်သော်လည်း ပြီးလျက် အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။
(ဗျာ) အဝဓိဝိသေသကို မှတ်လိုသောကြောင့်။ တနည်း- ဏဝ စသော ပစ္စယန္တသဒ္ဒါတို့နောင် 'ဤ' ပစ္စည်းသက်ခြင်း၏ အနိစ္စ၏အဖြစ်ကို သိစေလိုသောကြောင့် ထပ်၍တည်ပါသည်။
၁၂၃၃။ (ပ) ဤသုတ်၌ န္တုအရ ဖြစ်ကောင်းသော ပစ္စည်းသရုပ် ထုတ်ပြခဲ့ပါ။
(ဗျာ) န္တု၊ ဝန္တု၊ မန္တု၊ ဣမန္တု၊ တဝန္တု အားဖြင့် ငါးပါးဖြစ်ပါသည်။
၁၂၃၄။ (ပ) ဤသုတ်ဝုတ္တိ၌ ဤပစ္စယော ဟောတိ။ ဤပစ္စယော ဟောတိ ဝါ ပါဌ်နှစ်ထွေရှိရာ အဘယ်ပါဌ် သင့်ပါသနည်း၊ ဆုံးဖြတ်ပြခဲ့ပါ။
(ဗျာ) နျာသလို ရှေ့ပါဌ်။ ရူပလို နောက်ပါဌ် သင့်ပါသည်။
၁၂၃၅။ (ပ) ဤပစ္စယဝိဓိ သုတ်နှစ်ပါးတို့၏ ထူးခြားပုံကို ပြခဲ့ပါ။
(ဗျာ) ရှေ့သုတ်ကား အဝဓိသာမည။ နောက်သုတ်ကား အဝဓိဝိသေသ။ နျာသလို။ ရှေ့သုတ်ကား နိစ္စဝိဓိ။ နောက်သုတ်ကား အနိစ္စဝိဓိ။ ရူပလို။
၁၂၃၆။ (ပ) နဒါဒိဂဏလက္ခဏာနှင့် ဖြစ်သင့်သော သဒ္ဒါမျိုးကို ပြခဲ့ပါ။
(ဗျာ) ၎င်းသုတ် နှစ်ပါးတို့ဖြင့် သက်သော ဤပစ္စည်း အဆုံးရှိခြင်းပင် လက္ခဏာ။ ဣတ္ထိလိင် အ-ဣ-ဤ-ဥ-ဦ-ဩ-ကာရန္တသဒ္ဒါမျိုးတို့ ဖြစ်သင့်ပါသည်။
၁၂၃၇။ (ပ) ဖြစ်သင့်သော ကာရန္တအားလျော်စွာ ဥဒါဟရဏ်တခုစီမျှ ထုတ်ပြခဲ့ပါ။

(ဗျာ) မဟီ-အကာရန္တ။ ခန္တီ-ဣ၊ ကာမဓေနုဂ်-ဤ၊ ပဋိ-ဥ၊ ဝိဒ္ဓီ-ဦ၊ ဂါဝီ-ဩ-ကာရန္တ။

---

## ၁၀၉။ ပတိဘိက္ခုရာဇီကာရန္တေဟိ ဏီ

၁၂၃၀။ (ပ) ဏီခ္ဓိမန္တိနီ စသည်တို့၌ န္တုပစ္စယန္တ ပုဒ်နောင်လည်း ဏီ ပစ္စည်းထင်ရကား ပတိဘိက္ခုဒီဟိ ဏီ-ဟု တည်သင့်လျက် အဘယ့် ကြောင့် ပတိဘိက္ခုရာဇီကာရန္တေဟိ ဏီဟု တည်ပါသနည်း။

(ဗျာ) ပတိ စသော သဒ္ဒါတို့နောင် ဏီပစ္စည်း၏ ယေဘုယျ အဖြစ်ကို သိစေလိုသောကြောင့် တည်ပါသည်။

၁၂၃၉။ (ပ) ဏီခ္ဓိမန္တိနီ-စသော ပြယုဂ်တို့နောင် အဘယ်သုတ်ဖြင့် ဏီ ပစ္စည်း သက်ရမည်နည်း။

(ဗျာ) ဏီဟူသော ဒွိခါကရဏ ယောဂဝိဘာဂဖြင့် သက်ရမည်။

၁၂၄၀။ ဤသုတ်၏ ဝုတ္တိ၌ ဝါသဒ္ဒါပါသင့်၊ မပါသင့် ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) ရှုအလို ပါသင့်၏။ ချာအလို မပါသင့်။

၁၂၄၁။ (ပ) ရှုအလို ဝါ သဒ္ဒါဖြင့် အဘယ်ကိုဆည်း၍ အဘယ်သမုစ္စည်း ဖြစ်သနည်း။

(ဗျာ) သုတ်၌ မဆိုအပ်သေးသော ဝိဒူ၊ ယက္ခစသော သဒ္ဒါတို့ နောင်လည်း ဏီပစ္စည်းသက်ခြင်းကို ဆည်းပါသည်။အဝုတ္တသမုစ္စည်း ဖြစ်ပါသည်။

၁၂၄၂။ (ပ) ဂဟပတာဒိဂိုဏ်း၏ လက္ခဏာဖြစ်သင့်သော သဒ္ဒါမျိုးတို့ ကို ပြခဲ့ပါ။

(ဗျာ) ဤသုတ်ဖြင့် ဏီပစ္စည်းသက်၍ ပြီးခြင်းသည်ပင် လက္ခဏာ။ အ-ဣ-ဤ-ဥ-ဦ-ကာရန္တသဒ္ဒါမျိုးတို့ ဖြစ်ပါသည်။

---

## ၁၉၀။ န္တုဿ တမီကာရေ

၁၂၄၃။ (ပ) နဒါဒိတော ဝါ ဤ-သုတ်မှ ဝိသယီ ဤကို နိမိတ်အဖြစ် အလိုက်ခံ၍ န္တုဿ တော- ဟု တည်ကပြီးလျက် အဘယ့်ကြောင့် န္တုဿ တမီကာရေ- ဟု တည်ပါသနည်း။

(ဗျာ) ဤသို့အလိုက်ခံခဲ့သော် ပတိဘိက္ခုစသောသုတ်မှ ဣနိလည်း လိုက်မည်ဖြစ်ရကား ထိုကိုနှစ်စေလိုသောကြောင့် န္တုသာ တမိကာရေ ကု တည်ပါသည်။

၁၂၄၄။ (ပ) ဤသုတ်၌ ဤကာရေ ဟု သာမညဆိုရကား အဘယ် ဤကို ယူရမည်နည်း။ အထောက်ပြ၍ ဖြေပါ။
(ဗျာ) သာမညဆိုသော်လည်း ပြယုဂ်ဥဒါဟရဏ်ကို ထောက်၍ ၎င်း၊ န္တုသာပုဒ်ကို ထောက်၍၎င်း၊ နဒါဒိဂိုဏ်းဝင် ဏဝ ဏိက ဏေယျ ဏန္တုဟိသုတ်ဖြင့် သက်သော 'ဤ'ပစ္စည်းကိုယူ။

၁၈၁။ ဘဝတော ဘောတော

၁၂၄၅။ (ပ) ဤသုတ်ကို မတည်သော်လည်း အညေသုစ၊ ဗုဓေဂမာဒိတွေ ကတ္တာရိသုတ်တို့ဖြင့်ပင် ဘောတိပြယုဂ်ပြီးကောင်းလျက် အဘယ့်ကြောင့် တည်ပြန်ပါသနည်း။
(ဗျာ) ဘောတိဟူသောပုဒ်၏ အာလုပ်ပုဒ်၏ အဖြစ်ကို သိစေလို သောကြောင့် တည်ပါသည်။

၁၈၂။ ဘော ဂေ တု

၁၂၄၆။ (ပ) ဤသုတ်ကို ဘောဂေစ ဟု တည်က သမုစ္စယအဖြစ်ပြီးလျက် အဘယ့်ကြောင့် ဘောဂေတု ဟု တည်ပါသနည်း။
(ဗျာ) နိပါတာပရိယာယ်၌ လိမ္မာ စေလိုသောကြောင့်၊ ဝါ-တု သဒ္ဒါဖြင့်လည်း ဆည်းနိုင်သည် ၏ အဖြစ်ကို သိစေလိုသောကြောင့် ဘောဂေတု ဟု တည်ပါသည်။

၁၂၄၇။ (ပ) ဝုဍ္ဎိဝယ် အညသိ္မံပိ ဝစနေ၌ အညအပါဒါန်။ အည အရတို့ကို ပြခဲ့ပါ။
(ဗျာ) အညအပါဒါန်-ဂအမည်ရသော သိဝိဘတ်ရ၏။ အညအရ ကား ဂ-အမည်မရသော အာလုပ်သိဝိဘတ် ယော၊ လိင်္ဂတ္ထ ယော၊ ဒုတိယာယော၊ နာ၊ သ္မာ၊ စတုတ္ထီ၊ ဆဋ္ဌီ သဝိဘတ်တို့ ရ၏။

၁၂၄၈။ (ပ) ဤသုတ်၏ အခြားမဲ့၌ (က) သြဘာဒေဝါ ကွစိ ယောသု ဝကာရဿ၊ (ခ) ဘဝန္တဿ ဘဒ္ဒန္တ ဘန္တေဟူသောသုတ်ကို အချို့စာကိုယ်၌ ရှိကြ၏၊ ရှိသင့်မရှိသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ဤသုတ် တုသဒ္ဒါဖြင့်ပင် ပြီးသင့်သောကြောင့် ပါဌ်ဟောင်း မဟုတ်ရကား မရှိသင့်ပါ။

၁၂၄၉။ (ပ) သမုစ္စယတုသဒ္ဒါ၏ ဥဒါဟရဏ်တို့တွင် အဘယ်ဥဒါဟရဏ် နှောင် အဘယ်ဝိဘတ်တို့ ဖြစ်ပါသနည်း။

(ဗျာ) ဘောန္တာ၊ ဘန္တေ၊ ဘောန္တော၊ ဘဒ္ဒေတို့နှောင် သိဝိဘတ်။ ဘောတာနှောင်နာဝိဘတ်။ ဘောတောနှောင် သဝိဘတ်တို့ ဖြစ်ပါသည်။

---

### ၁၉၃။ အကာရပိတာဒျန္တာနမာ။

၁၂၅၀။ (ပ) ဤသုတ်ကို အကာရပိတာဒျာနမာ- ဟု တည်က ပြီးလျက် အဘယ့်ကြောင့် အန္တသဒ္ဒါနှင့်တကွ တည်ပါသနည်း။

(ဗျာ) စကားပြေပြစ် ရွတ်လွယ်စေလိုသောကြောင့် အန္တသဒ္ဒါနှင့် တကွ တည်ပါသည်။

၁၂၅၁။ (ပ) ဤသုတ် အာဒျန္တအရနှင့် အောက် ပိတာဒီနမသိမှိသုတ် အာဒျန္တအရ ထူးခြားပုံကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဗျာ) ဤသုတ်၌ အာဒိဝန်ကို သတ္ထုသဒ္ဒါပ ယူရ၏။ ဘောသတ္ထာ ပြယုဂ်ဖြစ်သင့်သောကြောင့်တည်း။ အောက်သုတ်၌ သတ္ထုသဒ္ဒါကို မယူရ၊ သတ္ထာရာ၊ သတ္ထာရော ပြယုဂ် မဖြစ်သင့်သောကြောင့်တည်း။

၁၂၅၂။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင်၊ မနောဂဏ၊ မနောဂဏာဒိဂဏ၊ ပုရိသာဒိ၊ ရာဇာဒိ၊ စိတ္တာဒိ၊ သတ္ထာဒိအားဖြင့် ၆-ဂိုဏ်း၊ အ-ဥ-ကာ ရန္တ။

---

### ၁၉၄။ ဈလပါ ရဿံ။

၁၂၅၃။ (ပ) ဈလပတို့သည် ဈ မဟုတ်ရကား အဿော ရဿမေကာဝစန ယောသွပိစ သုတ်ဖြင့်ပင် ပြီးနိုင်လျက် အဘယ့်ကြောင့် ဤသုတ်ကို ထပ်၍ တည်ပါသနည်း။

(ဗျာ) ချာအလို အမှတ်ပြုလိုသောကြောင့်၊ နိအလို နိစ္စဝိဓိကို ပြလို သောကြောင့် ထပ်၍တည်ပါသည်။

၁၂၅၄။ (ပ) အမှတ်ပြုဟူသော် အမှတ်ပြုပုံ အခြင်းအရာ နိယမာကာရကို ပြခဲ့ပါ။

(ဗျာ) အကယ်၍ ဂသိန္နောင်းရာ ရဿဝိဓိဖြစ်အံ့၊ အာကာရော ဝါ သုတ်၏ ဝိသယဖြစ်သော ပြယုဂ်ဘို့ကို ကြည့်၍ ဈ-လ-ပ-သညာရသော ဤ-ကာရန္တ ဥကာရန္တပြယုဂ်တို့၌သာ ဖြစ်၏ဟု မှတ်သည်။ ထို့ကြောင့် ပင် ဘောဓေါစသော ပြယုဂ်တို့၌ ရဿမဖြစ်။

၁၂၅၅။ (ပ) ဤသုတ်စီရင်နိုင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ပုံ၊ နပုံ၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ နဒါဒိ၊ ဂဟပတာဒိ၊ ဤ-ဦ-ကာရန္တ။

---

## ၁၉၅။ အာကာရော ဝါ

၁၂၅၆။ (ပ) အကာရပိဘာချန္တာနမာသုတ်ကို ဝါသဒ္ဒါထည့်၍ တည်က ဤသုတ်၌ လိုအပ်သောအနက် ပြီးသင့်လျက် ဤသုတ်ကို အဘယ့် ကြောင့် တဝါကျပြု၍ အားထုတ်ပါသနည်း။

(ဗျာ) ဝေးသောသုတ်ကိုခေါ်ဝေါ်ရာ၌ ရံခါ ရဿ၊ရံခါ ဒီဃဖြစ် ၏ဟူသော အနက်ထူးကို သိစေလိုသောကြောင့် ဤသုတ်ကို တည် ပါသည်။

၁၂၅၇။ (ပ) ဤသုတ်စီရင်သော လိင်၊ ဂဏ၊ ပကတိကာရန္တတို့ကို ပြခဲ့ပါ။

(ဗျာ) ပုံ၊ နပုံ၊ ဣ၊ ရာဇာဒိ၊ သတ္ထာဒိ၊ အ-ဥ-ကာရန္တ။

၁၂၅၈။ (ပ) ရဿဝိဓိ သုတ်နှစ်ပါးတို့၏ ထူးခြားပုံကို ပြခဲ့ပါ။

(ဗျာ) ရှေ့သုတ်ကား ဈလပသညာ အထူးရသော ဒီဃကို ရဿပြု သည်။ ဤသုတ်ကား အာဒေသဖြစ်သောအာကို ရဿပြုသည်။ တနည်း- ရှေ့၌ ရဿအရ ဣ-ဥ၊ နောက်၌ ရဿအရ-အ၊ ဤသို့ ထူးကြ၏။

စတုတ္ထပိုင်း ပြီး၏။

* * *

## ၁၉၆။ တွာဒယော ဝိဘတ္တိသညာယော

၁၂၅၉။ (ပ) တွာဒိပစ္စည်းတို့ကို ဝိဘတ္တိသညာ မှတ်ခြင်းကြောင့် ရုပ်အထူး မရှိရကား ဤသုတ်ကို မတည်သင့် မဟုတ်ပါလော။ အဘယ့်ကြောင့် တည်ပါသနည်း။

(ဗျာ) တွာဒိပစ္စယန္တ ပုဒ်တို့၏ ဝိဘတျန္တ ပဒ၏အဖြစ်ကို သိစေလိုသောကြောင့် တနည်း- တွာဒိ ပစ္စယန္တ ပုဒ်တို့နောင် ဝိဘတ်မသက်ရသည်၏ အဖြစ်ကို သိစေလိုသောကြောင့် တည်ပါသည်။

၁၂၆၀။ (ပ) အဘယ့်ကြောင့် တွာဒိပစ္စယန္တပုဒ်တို့နောင် ဝိဘတ်မသက် ရပါသနည်း။

(ဗျာ) တွာဒိပစ္စည်းတို့၏ ပဉ္စမီ ဗဒသောအနက်တို့၌ ဖြစ်ရကား ဝိဘတ်ဟောရန် အနက်ထူး မရှိပြီဖြစ်သောကြောင့် ဝိဘတ်မသက်ရ တော့ပါ။

၁၂၆၁။ (ပ) တွာဒယော၌ အာဒျတ္ထနှင့်တကွ အာဒိအရ၊ အာဒိဝန္တအရ ပြခဲ့ပါ။

(ဗျာ) မရိယာဒတ္ထ။ အာဒိအရ တွာပစ္စည်း။ အာဒိဝန္တအရ ဒါနိ အဆုံးရှိသော ပစ္စည်းစုတို့ ရ၏။

၁၂၆၂။ (ပ) ဤသုတ်သည် သညာ အစရှိသော သုတ်လေးပါးတွင် အဘယ်သုတ်ဖြစ်ပါသနည်း။

(ဗျာ) ရှုအလို-သညာသုတ်။ ချာ၊ နီအလို-သညာဂ်ပရိဘာသာ သုတ်ဖြစ်ပါသည်။

၁၂၆၃။ (ပ) ဤတွာဒိပစ္စည်းတို့သည် ကေဝုစ် ဗဟုဝုစ် သချာနှစ်ပါးတွင် အဘယ်၌ ဖြစ်ပါသနည်း။

(ဗျာ) သချာနှစ်ပါးလုံး၌ပင် ဖြစ်ပါသည်။

မှတ်ချက်။ ။ကေဝုစ်၌ ယေဘုယျ၊ ဗဟုဝုစ်၌ အပ္ပကသာဖြစ်၏ဟု မှတ်။

၁၂၆၄။ (ပ) အောက် ကိတ်လိင် အာ-ဤ-ဣနီ ပစ္စည်းတို့နှင့် တွာဒိ ပစ္စည်းတို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) ကိတ်လိင်ပစ္စည်းတို့ကား လိင်ဇောတက၊ သကတ္ထဝါစကသာ ဖြစ်၍ အပါဒါနတ္ထစသည်ကို ဝါစက မတပ်နိုင်ပါ။ တွာဒိပစ္စည်းတို့ ကား သချာကမ္မာဒိကာရကတို့ကို ဇောတက တင်၍ သချာကမ္မာဒိ ကာရကတို့ကိုလည်း ဝါစကတပ်ရကား အပါဒါနတ္ထ-စသည်ကို ဟော

နိုင်၏။ တနည်း-ကူတ္တိလိင်ပစ္စည်းတို့ နောင်ကား ဝိဘတ်သက်ရ၏။ တွာဒိပစ္စည်းတို့နောင်ကား ဝိဘတ်မသက်ရတော့ပေ။ ဤသို့ထူးကြ၏။

၁၂၆၅။ (ပ) ဤသုတ်တည်ရခြင်း၏ အကျိုးကို နှစ်မျိုးအောက်မယုတ် ပြခဲ့ပါ။

(ဗျာ) ၁—တွာဒိပစ္စယန္တပုဒ်တို့နောင် ဝိဘတ် မသက်ရသည်၏ အဖြစ်ကိုသိရခြင်းအကျိုး၊ ၂—တွာဒိပစ္စယန္တပုဒ်တို့၏ ဝိဘတျန္တနိပ္ဖန္နပဒ အဖြစ်ကို သိရခြင်းအကျိုးရှိပါသည်။

---

## ၁၉၇။ ကွစိ တော ပဉ္စမျတ္တေ

၁၂၆၆။ (ပ) ဒုတိယာ၊ ဆဋ္ဌီ၊ သတ္တမီ အနက်တို့၌လည်း တောပစ္စည်းဖြစ်ရကား ကွစိ တော-ဟု သာမည တည်သင့်လျက် အဘယ့်ကြောင့် ကွစိ တော ပဉ္စမျတ္တေ-ဟု ဝိသေသ တည်ပါသနည်း။

(ဗျာ) တောပစ္စည်း၏ ပဉ္စမျတ္တ၌ ဟုဘုယျအဖြစ်ကို သိစေလိုသောကြောင့် ဝိသေသတည်ပါသည်။

၁၂၆၇။ (ပ) ဤသို့ ဝိသေသတည်သော် ဒုတိယတ္ထ-စသည်တို့၌အဘယ် သုတ်ဖြင့် သက်ရမည်နည်း။

(ဗျာ) ဤသုတ် ကွစိ တော-ဟူသော ဒွိခါကရဏယောဂဝိဘာဂ ဖြင့် သက်ရမည်။

၁၂၆၈။ (ပ) ယောဂဝိဘာဂဖြင့် သက်နိုင်သော တောပစ္စည်း၏ အနက်တို့ကို ညွှန်ပြပါ။

(ဗျာ) ရူ-အလို-တတိယာအနက်၊ သတ္တမီအနက်၊ နီတိအလို— တတိယာ၊ ဆဋ္ဌီ၊ သတ္တမီအနက်၊ စူဠနိရုတ္တိအလိုမှာ ပဌမာ၊ ဒုတိယာ၊ တတိယာ၊ ဆဋ္ဌီ၊ သတ္တမီ-၅-နက် ဖြစ်ပါသည်။

၁၂၆၉။ (ပ) ဤသုတ်၌ ကွစိသဒ္ဒါ အဘယ်အတ္ထ၌ဖြစ်၍ အဘယ် ဝိဓိကို ပြပါသနည်း။

(ဗျာ) ဝါသဒ္ဒါ၏အနက်၌ဖြစ်၍ အနိစ္စဝိဓိကို ပြပါသည်။

၁၂၇၀။ (ပ) ပဉ္စမျတ္တေ၌ ပဉ္စမီအပြားကိုပြပြီးလျှင် ဤ၌ လိုအပ်သော ပဉ္စမီကို ညွှန်ခဲ့ပါ။

(ဗျာ) မုချပဉ္စမီ၊ သာမညပဉ္စမီ-ဟူ၍ နှစ်ပါးပြား၏။ ထိုတွင် သာမညပဉ္စမီကို လိုအပ်ပါသည်။

## ၁၉၈။ တြ ထ သတ္တမိယာ သဗ္ဗနာမေဟိ

၁၂၇၁။ (ပ) ဤသုတ်ကို တြ ထ သတ္တမျတ္ထေ သဗ္ဗနာမေဟိ-ဟု တည်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် တြ ထ သတ္တမိယာ သဗ္ဗနာမေဟိ-ဟု တည်ပါသနည်း။

(ဗျာ) ပဉ္စမျတ္ထေပုဒ်မှ အတ္ထေဟူသောပုဒ် တစိတ်လိုက်လာသောကြောင့် တြ ထ သတ္တမိယာ သဗ္ဗနာမေဟိ-ဟု တည်ပါသည်။

၁၂၇၂။ (ပ) ကွစိ တော ပဉ္စမျတ္ထေသုတ်ကဲ့သို့ တြ ထ သတ္တမိယာ-မျှ တည်က ပြီးသင့်လျက် အဘယ့်ကြောင့် သဗ္ဗနာမေဟိပုဒ်ဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) သုဒ္ဓနာမ်ပုဒ်ကို နှစ်စေလိုသောကြောင့် သဗ္ဗနာမေဟိပုဒ်ဖြင့် အထူးပြု၍ တည်ပါသည်။

၁၂၇၃။ (ပ) ဤသုတ်၏ ဝုတ္တိ၌ ကွစိသဒ္ဒါ လိုက်သင့် မလိုက်သင့် ဆုံးဖြတ်ပါ။

(ဗျာ) ရှုအလို-သဗ္ဗသို့ စသော ပြယုဂ်ကိုထောက်၍ လိုက်သင့်၏။ ချာအလို-မလိုက်သင့်ပါ။

၁၂၇၄။ (ပ) ဤ တြ ထ ပစ္စည်းတို့သည် သတ္တမျတ္ထ၌သာ ဖြစ်သင့်ပါသလော။ အဘယ်ပြယုဂ်ဝယ် အဘယ်အနက်တို့၌ အဘယ်၏အစွမ်းဖြင့် ဖြစ်နိုင်ပါသနည်း။

(ဗျာ) ယတြဟိနာမ သာဝကော။ တွေ ယာမိ။ တတြိဒံ ပမာဏံ-စသော ပြယုဂ်များဝယ် ပဌမာ၊ ဒုတိယာ၊ ဆဋ္ဌီ အနက်တို့၌လည်း တြ ထ ဟူသော ယောဂဝိဘာဂအစွမ်းဖြင့် ဖြစ်နိုင်ပါသည်။

---

## ၁၉၉။ သဗ္ဗတော ဓိ

၁၂၇၅။ (ပ) အောက်သုတ်မှ သဗ္ဗတစိတ် အလိုက်ခံ၍ ဓိ မျှသာ တည်က လိုအပ်သော အတ္ထ ပြီးလျက် အဘယ့်ကြောင့် သဗ္ဗတော ဓိ-ဟု တည်ပါသနည်း။

(ဗျာ) သဗ္ဗသာဓာရဏဖြစ်သော သဗ္ဗနာမေဟိ-ဟူသော အဝဓိကို နှစ်စေလိုသောကြောင့် သဗ္ဗတော ဓိ-ဟု တည်ပါသည်။

## ၂၀၀။ ကိံသွာ ဝေါ

၁၅၇၆။ ( ပ ) ကိံသဒ္ဒါနောင် ဝပစ္စည်းတပါးသာ ဖြစ်သည်ဟု မှတ်ရ တော့မည်လော၊ ထင်ရှားအောင် ဖြေဆိုပါ။

(ဖြေ) ကွစိ၊ ကွစနံ-စသော ပြုယုဂ်တို့၌ ကိံသွာ-ဟူသော ယောဂ ဝိဘာဂဖြင့် ဝစိပစ္စည်း၊ ဝစနံပစ္စည်းတို့လည်း ဖြစ်ကုန်သေး၏ဟု မှတ်။

၁၂၇၇။ ( ပ ) ဝပစ္စည်းသည် သတ္တမီ အနက်၌သာ ဖြစ်သင့်ပါသလော၊ တပါးသော အနက်၌ မဖြစ်ပြီလော၊ ဖြစ်သော် အဘယ်ပြုယုဂ်၊ အဘယ် အနက်၊ အဘယ်သုတ်ဖြင့် သက်ပါသနည်း။

(ဖြေ) ကွ ဂတောသိ-စသော ယုဂ်ဝယ် ဒုတိယာ အနက်၌လည်းပြု ဤသုတ် ဝေါ ဟူသော-ဒွိဓောကစ္ဆာယောဂဝိဘာဂဖြင့် သက်ပါသည်။

---

## ၂၀၁။ ဟိံ ဟံ ဟိဉ္စနံ

၁၂၇၀။ ( ပ ) ဤသုတ်၌ အဘယ် ယောဂဝိဘာဂဖြင့် အဘယ်ပြုယုဂ်ဝယ် အဘယ် ပစ္စည်းများ သက်နိုင်ပါသနည်း။

(ဖြေ) ကိံသွာ-ဟူသော အနုဝတ္တမာနယောဂဝိဘာဂဖြင့် ကရဟာ စိနံ၊ ကရဟာစနံ၊ ကရဟာနံ-စသော ပြုယုဂ်တို့၌ ရဟာစိနံ ပစ္စည်း၊ ရဟာစနံပစ္စည်း၊ ရဟာနံ ပစ္စည်းတို့ သက်နိုင်၏။

---

## ၂၀၂။ တမှာ စ

၁၅၇၄။ ( ပ ) ဤသုတ်၌ ဖြစ်သင့်သော စ-သဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) နိဝတ္တာပန အဝဓာရဏတ္ထ၊ ဟိဉ္စနံပစ္စည်းကို နစ်စေပါသည်။ ၎င်တွက်အလို။ တနည်း–သမုစ္စယတ္ထ။ ကိံသဒ္ဒါနောင် ဒါစိပစ္စည်း၊ ရဟာစိ ပစ္စည်း၊ ရဟာနံပစ္စည်းတို့ သက်ခြင်းကို ဆည်းပါသည်။ ဝုဋ္ဌိရှတ္တိအလို။

---

## ၂၀၃။ ဣမသွာ ဟ ဓာ စ

၁၂၀၀။ ( ပ ) ဤသုတ် အဝဓာရဏတ္ထ စသဒ္ဒါဖြင့် ပြအပ်သော ဂဟ ထဗ္ဗတ္ထ-စသော အနက် သုံးပါးတို့ကို ပြခဲ့ပါ။

(ဗျာ) ဣမသဒ္ဒါနောင် ဟပစ္စည်း၊ ဓပစ္စည်းတို့ အမြဲသက်ရသည်ကား ဂဟေတဗ္ဗတ္ထ၊ ဣမသဒ္ဒါနောင် ဒါနိ-စသော ပစ္စည်းတို့ သက်ရသေးသည်ကား အနုညာဘတ္ထ။ ဣမသဒ္ဒါမှဘပါးသော သဒ္ဒါတို့နောင် ဟ၊ ဓပစ္စည်းတို့ မသက်ရသည်ကား နိဝတ္တေတဗ္ဗတ္ထ။

၁၂၈၁။ (ပ) ဤ၌ စသဒ္ဒါ အဝစာရဏတ္ထသာ ဖြစ်သင့်ပါသလော၊ တပါးသော အနက်ဖြစ်သေးက ဖြစ်ပုံအခြင်းအရာနှင့်တကွ စုံလင်စွာ ပြပါ။

(ဗျာ) သမုစ္စယတ္ထလည်း ဖြစ်ပါသေး၏။ ကံအနက်၌လည်း ဟ၊ ဓ ပစ္စည်း သက်ခြင်းကို ဆည်းပါသည်။

---

## ၂၀၄။ ယတော ဟိံ

၁၂၈၂။ (ပ) ဟိံ ဟံ ဟိဉ္စနံ-သုတ်မှ ဟိံပစ္စည်း တစိတ် အလိုက်ခံ၍ ယတောမျှသာ တည်ကပြီးလျက် အဘယ့်ကြောင့် ယတော ဟိံ-ဟု တည်ပါသနည်း။

(ဗျာ) ဟံပစ္စည်း၊ ဟိဉ္စနံ၊ ဟ၊ ဓ ပစ္စည်းတို့လည်း လိုက်လာမည်ဖြစ်ရကား ၎င်းတို့ကို နှစ်စေလိုသောကြောင့် ယတော ဟိံ-ဟု တည်ပါသည်။

---

## ၂၀၅။ ကာလေ

၁၂၈၃။ (ပ) ဤသုတ်တည်ရခြင်း၏ အကျိုးကို ပြခဲ့ပါ။

(ဗျာ) ဤမှ အထက်၌သက်သော ဒါ၊ ဒါစနံ စသော ပစ္စည်းတို့သည် ကာလ၌သာ သက်ကုန်၊ ဖြစ်ကုန်၏ဟု သိရခြင်းအကျိုး ရှိပါသည်။

၁၂၈၄။ (ပ) ဤသုတ်၌ ကာလအရ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလတို့တွင် မည်သည့်ကာလဟု ခေါ်ဆိုရပြီးလျှင် ကာလအရ အဘယ်ကို ယူရမည်နည်း။

(ဗျာ) ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်-ဟူ၍ မခေါ်ဆိုရပါ။ နေ့၊ ညဉ့်၊ ဥတု၊ သံဝစ္ဆရ-စသော အနာမဌကာလသည်ပင် ကာလအရ ဖြစ်ပါသည်။

မှတ်ချက်။ ။ဆရာတော်ဦးဝိုင်းအလိုမှာ ၌ဟုဆိုအပ်သော သတ္တမျတ္ထပင် ကာလအရဟု ဆိုသည်။

## ၂၀၆။ ကိံသဗ္ဗညေကယကဲ့ဟိ ဒါ ဒါစနံ

၁၂၇၅။ (ပ) ဒါစနံပစ္စည်းသည် ကိံသဒ္ဒါနောင်သာ သက်၍ ကုသဒ္ဒါနောင် မသက်သောကြောင့် ကိံသဗ္ဗညေကယာဟိ ဒါ ဒါစနံ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ကုသဒ္ဒါဖြင့် အထူးပြု၍ သုတ်တည်ပါသနည်း။

(ဗျာ) ဒါစနံပစ္စည်းနောင်းရာ ကိံသဒ္ဒါ၏ ကုအာဒေသ မြဲ၏ဟု-နိစ္စဝိဓိကိုမှတ်လိုသောကြောင့် နိဒ္ဒေသ၊တနည်း-ကုဟူသောပုဒ်၏ နိပါတပဒအဖြစ်ကို ပြလိုသောကြောင့်၊ တနည်း—ဒါစနံပစ္စည်းသည် ကုသဒ္ဒါနောင်သာ ဖြစ်၏ဟု သိစေလိုသောကြောင့်၊ ရှု။ကိံသဒ္ဒါရှေ့က ရှိသော်လည်း ကုသဒ္ဒါဖြင့် အထူးပြု၍ သုတ်တည်ပါသည်။

---

## ၂၀၇။ တမှာ ဒါနိ စ

၁၂၇၆။ (ပ) စသဒ္ဒါဖြင့်ပင် မငင်သော်လည်း ဒါပစ္စည်းသည် မိမိအလိုလို လိုက်သင့်လျက် အဘယ့်ကြောင့် စသဒ္ဒါဖြင့် ငင်ယူရပါသနည်း။

(ဗျာ) ဒါနိ ဟူသော ဝိသယီကိုမြင်ရကား ဒါပစ္စည်းမလိုက်နိုင်ပါ။ ထို့ကြောင့် စသဒ္ဒါဖြင့် ငင်ယူရပါသည်။

---

## ၂၀၈။ ဣမသ္မာ ရဟိ ဓုနာ ဒါနိ စ

၁၂၇၇။ (ပ) အောက်သုတ်မှ ဒါနိပုဒ်အလိုက်ခံ၍ ဣမသ္မာ ရဟိ ဓုနာစ ဟု တည်သင့်သည်မဟုတ်လော။ ထိုသို့ တည်သင့်လျက် အဘယ့်ကြောင့် ဣမသ္မာ ရဟိ ဓုနာ ဒါနိစ-ဟု တည်ပါသနည်း။

(ဗျာ) ဒါနိပုဒ်အလိုက်ခံက အနုဝတ္တမာန ဒါပုဒ်လည်း လိုက်လာခြင်းဖြစ်ရကား ထိုကိုနှစ်စေလိုသောကြောင့် ဣမသ္မာ ရဟိ ဓုနာ ဒါနိစ ဟု တည်ပါသည်။

၁၂၇၈။ (ပ) ဤသုတ်၌ ဖြစ်နိုင်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) အနုကဍ္ဍနတ္ထ။ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် အတ္တေသဒ္ဒါ သတ္တမီသဒ္ဒါ ကာလေသဒ္ဒါတို့ကို ငင်ပါသည်။ ဝုတ္တိအလို။ တနည်း-သမုစ္စယတ္ထ။ အင္ဇ,အင္ဇု၊သင္ဇ,သင္ဇု၊အပရင္ဇ,အပရင္ဇု၊

စသည်တို့၌ ဣမ,သမာန,အပရသဒ္ဒါတို့နောင် ဌ,ဌုပစ္စည်းသက်ခြင်း ကို ဆည်းပါသည်။ နိရုတ္တိ။

၁၂၇၉။ (ပ) ဝိဘတ္တိသညာ ရခကောင်းသော ပစ္စည်းတို့ကို (က) ဂဟိတဂ္ဂဟဏနည်း၊ (ခ) အဂ္ဂဟိတဂ္ဂဟဏနည်းအားဖြင့် အဘယ်မျှစီ ရှိသနည်း၊ သရုပ်နှင့်တကွ ပြခဲ့ပါ။

(ဖြေ) (က) ၂၀-ရှိ၏။ တော၊ တြ၊ ထ၊ ဓိ၊ ဝ၊ ဟိံ၊ ဟံ၊ ဟိဉ္စနံ၊ ဟိံ၊ ဟံ၊ ဟ၊ ဓ၊ ဟိံ၊ ဒါ၊ ဒါစနံ၊ ဒါနိ၊ ဒါ၊ ရဟိ၊ ဓုနာ၊ ဒါနိ-အားဖြင့် နှစ်ဆယ်ဖြစ်ပါသည်။ (ခ) ၁၅-ပစ္စည်းရှိ၏။ တော၊ တြ၊ ထ၊ ဓိ၊ ဝ၊ ဟိံ၊ ဟံ၊ ဟိဉ္စနံ၊ ဟ၊ ဓ၊ ဒါ၊ ဒါစနံ၊ ဒါနိ၊ ရဟိ၊ ဓုနာ-အားဖြင့် ၁၅-ဖြစ်ပါသည်။

၁၂၈၀။ (ပ) အကာလ သတ္တမျတ္ထ၌ သက်နိုင်သော ပစ္စည်းစုကို (က) ဂဟိတဂ္ဂဟဏ၊ (ခ) အဂ္ဂဟိတဂ္ဂဟဏနယအားဖြင့် ထုတ်ပြပါ။

(ဖြေ) (က)တော၊ တြ၊ ထ၊ ဓိ၊ ဝ၊ ဟိံ၊ ဟံ၊ဟိဉ္စနံ၊ ဟိံ၊ ဟံ၊ ဟ၊ ဓ၊ဟိံ-အားဖြင့် တဆယ့်သုံးပစ္စည်းဖြစ်ပါသည်။ (ခ) တော၊ တြ၊ ထ၊ ဓိ၊ ဝ၊ ဟိံ၊ ဟံ၊ ဟိဉ္စနံ၊ ဟ၊ ဓ အားဖြင့် ဆယ်ပစ္စည်းဖြစ်ပါသည်။

၁၂၈၁။ (ပ) ကာလသတ္တမျတ္ထ၌ဖြစ်သော ပစ္စည်းများကို (က)ဂဟိတဂ္ဂဟဏ၊ (ခ)အဂ္ဂဟိတဂ္ဂဟဏနည်းအားဖြင့် သရုပ်ထုတ်၍ပြခဲ့ပါ။

(ဖြေ) (က)ဒါ၊ ဒါစနံ၊ ဒါနိ၊ ဒါ၊ ရဟိ၊ ဓုနာ၊ ဒါနိ အားဖြင့် ၇-ပါးဖြစ်ပါသည်။ (ခ) ဒါ၊ ဒါစနံ၊ ဒါနိ၊ ရဟိ၊ ဓုနာ၊ အားဖြင့် ၄ါးပါးဖြစ်ပါသည်။

---

## ၂၀၉။ သဗ္ဗဿ သော ဒါမှိဝါ

၁၂၈၂။ (ပ) ကိံသဗ္ဗညေသုတ်မှ သဗ္ဗပုဒ် တစိတ်အလိုက်ခံ၍သော ဒါမှိဝါ မျှတည်က ပြီးလျှက် အဘယ့်ကြောင့် အလိုက်မခံမူ၍ သဗ္ဗဿ သော ဒါမှိဝါ-ဟု တည်ပါသနည်း။

(ဖြေ) ကိံ၊ အည၊ ဧက၊ ယ သဒ္ဒါတို့လည်း လိုက်မည် ဖြစ်ရကား ထိုကိုနှစ်ခစလိုသောကြောင့် သဗ္ဗဿ သော ဒါမှိဝါ-ဟုတည်ပါသည်။

၁၂၈၃။ (ပ) ဤသုတ်၌ ဝါသဒ္ဒါအဘယ်အနက်ရှိကြောင်း အထောက် ပြ၍ဖြေပါ။

(ဖြေ) သဒါ၊ သဗ္ဗဒါ-ဟူသော ဒွိရူပဥဒါဟရဏ်ကိုထောက်၍ ဝိကပ်အနက်ရှိပါသည်။

## ၂၁၀။ အဝဏ္ဏော ယေ လောပဉ္စ

၁၂၉၄။ (ပ) အောက် ပဋ္ဌမကဏ္ဍလာ သရလောပေါ-စသောသုတ်ဖြင့် ပင် အဝဏ္ဏလောပ ပြီးသင့်ပြီမဟုတ်လော၊ အဘယ့်ကြောင့် ဤသုတ်ကို ထင်၍တည်ပါသနည်း။

(ဗျာ) ယပစ္စည်းနှောင်းရှ အဝဏ် ကြဝဏ်တို့သာ လျှင် ကျေ၏ ဟူသော အနက်ကို မှတ်လိုသောကြောင့် ထင်၍တည်ပါသည်။

၁၂၉၅ (ပ) ဤသုတ်သည် တဒ္ဓိတ်အရာ၌ စိရင်ရကား အထက်တဒ္ဓိတ်သို့ ရောက်မှ တည်သင့်လျက် အဘယ့်ကြောင့် နာမ်ကျမ်း၌ တည်ပါသနည်း။

(ဗျာ) ပစ္စယနိမိတ္တာဒေသသုတ်ချင်း အလျဉ်းသင့်သောကြောင့်၊ ဝါ၊ ပစ္စယနိမိတ္တာဒေသသုတ်တို့ကို တပေါင်းတည်း ပြလိုသော ကြောင့် ဤနာမ်ကျမ်း၌ တည်ပါသည်။

၁၂၉၆။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စ-သဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရ တို့ကို ပြခဲ့ပါ။

(ဗျာ) ချ အလို နိဝတ္တာပနအာဝေဒရဏတ္ထ၊ ဝိကပ်အနက်ရှိသော ဝါသဒ္ဒါကို မြစ်ပါသည်။ ရှုအလို-သမုစ္စယတ္ထ၊ အာဒိစ္စော ကောဏ္ဍညော-စသော ပြယုဂ်တို့၌ ယပစ္စည်းကြောင့် ဣဝဏ်၏ ကျေခြင်းကို ဆည်းပါသည်။

၁၂၉၇။ (ပ) အာသရကျေသော ဥဒါဟရဏ် ထုတ်ပြပြီးလျှင် ဤသုတ်၏ ဝိဓိသုံးပါးတွင် အဘယ်ဝိဓိဖြစ်ကြောင်း အဆောက်ပြ၍ ဖြေပါ။

(ဗျာ) ငါဝေါယ အပစ္စံ ဝေဇ္ဇော။ အာကျေပြယုဂ်။ နိဝတ္တာပန အဝဓာရဏတ္ထ စ သဒ္ဒါဆိုသည်ကို ထောက်၍ နိစ္စဝိဓိဖြစ်ပါသည်။

---

## ၂၁၁။ ဝုဍ္ဎဿ ဇော ဣယိဋ္ဌေသု

၁၂၉၈။ (ပ) ဣယိဋ္ဌ ပစ္စည်းနှောင်းရှ ပသတ္ထသဒ္ဒါ၏လည်း ဇ-အပြု ဖြစ်ရကား ဝုဍ္ဎဿ ဇော ဣယိဋ္ဌေသု-ဟု ဝိသေသ မတည်သင့်ပါလျက် အဘယ့်ကြောင့် ဝိသေသ တည်ပါသနည်း။

(ဗျာ) ဣယ၊ ဣဋ္ဌ ပစ္စည်းနှောင်းရှ ဝုဍ္ဎသဒ္ဒါ၏ ဇ-အပြုကား မြဲ၏၊ ပသတ္ထသဒ္ဒါ၏ ဇ-အပြုကား မမြဲဟု သိစေလိုသောကြောင့် ဝိသေသ တည်ပါသည်။

၁၂၉၉။ (ပ) ဤသုတ်၌ ဝုဍ္ဎဿ ဇော ဣယိဋ္ဌေသု- ဟူ၍ရှင်း၊ ဝုဒ္ဓဿ ဇော ဣယိဋ္ဌေသု-ဟူ၍ရှင်း ပါဌ်နှစ်မျိုး ရှိဘတ်ရာ အဘယ်ပါဌ်သာ သင့်ပါသနည်း။ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) ဝုဍ္ဎ ဝုဍ္ဎနေ-ဟူ၍ရှင်း၊ ဝဒ္ဓ ဝဒ္ဓနေ-ဟူ၍ရှင်း ဓာတုမာလာ လာရကား ဓာတ်နှစ်ပါးလုံးပင် ကြီးပွားခြင်းအနက်ဟော တူကြသော ကြောင့် ပါဌ်နှစ်ထွေသုံးပင် ရှိသင့်ကြပါသည်။

၁၃၀၀။ (ပ) ဇေယျော-ဟူသောပုဒ်ကို တဒ္ဓိတ်ဝါကျပြုလုပ်၍ ပြခဲ့ပါ။

(ဗျာ) အယဥ္စ ဝုဍ္ဎော၊ အယဥ္စ ဝုဍ္ဎော၊ သဗ္ဗေ ဣမေ ဝုဍ္ဎာ၊ အယမိမေသံ ဝိသေသေန ဝုဍ္ဎောတိ ဇေယျော။

---

## ၂၁၂။ ပသတ္ထဿ သော စ

၁၃၀၁။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထာကာရတို့ကို ပြပါ။

(ဗျာ) နျာသအလို-သမ္ပိဏ္ဍနတ္ထ၊ သာဒေသပဌမတ္တ၌ ဇာဒေသဒုတိယတ္ထကို ပေါင်းသည်။ နိရုတ္တိအလို-အနုကဍ္ဎနတ္ထ။ မလိုက်နိုင်သောကြောင့် ဇာကို ငင်ပါသည်။ သဒ္ဒါလွှန်အလို-သမုစ္စယတ္ထ။ သတ္ထော၊ သတ္တမော- စသော ပြယုဂ်တို့၌ ပသတ္ထသဒ္ဒါ၏ သတ္ထအပြု တမပစ္စည်း နှောင်းရှာ ပသတ္ထသဒ္ဒါ၏ သအပြုကို ဆည်းပါသည်။

၁၃၀၂။ (ပ) ပသတ္ထဿ သောစ-ဟူ၍ရှင်း၊ ပသဋ္ဌဿ သောစ-ဟူ၍ရှင်း ပါဌ်ရှိဘတ်ရာ အဘယ်ပါဌ် သင့်ပါသနည်း။ အထောက်ပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) နီတိအလို-ဒန္တဇ-တ္ထနှင့် ရှေ့ပါဌ်အသင့်၊ ပသတ္ထဿ သတ္ထော နိစ္စံသုတ်ကိုထောက်။ ကစ္စည်းအလို-မုဒ္ဓဇ-ဋ္ဌ-နှင့် နောက်ပါဌ်သာ အသင့်၊ သာဒိသန္တပုစ္ဆဘဉ္ဇဟံသာဒီဟိ ဋ္ဌော-ဟူသော ကစ္စည်းသုတ်ကိုထောက်။

၁၃၀၃။ (ပ) သေယျော၊ သေဋ္ဌော-ပုဒ်များကို ဝရှကနည်းဖြင့် ဝါကျ ပြုပြခဲ့ပါ။

(ဗျာ) အယဥ္စ ပသတ္ထော၊ အယဥ္စ ပသတ္ထော၊ သဗ္ဗေ ဣမေ ပသတ္ထာ။ အယမိမေသံ ဝိသေသေန ပသတ္ထောတိ သေယျော။ ဧဝံ သေဋ္ဌော။

---

## ၂၁၃။ အန္တိကဿ နေဒေါ

၁၃၀၄။ (ပ) ဤသုတ်ကို အန္တိကော နေဒေါ-ဟု ပဌမကာရိဖြင့် တည် သင့်လျက် အဘယ့်ကြောင့် အန္တိကဿ နေဒေါ-ဟု တည်ပါသနည်း။

(ဖြေ) ဆင်္ခိကာရိ၊ ပဌမကာရိယ၏ အဖြစ်ကို သိစေလိုသော ကြောင့် အန္တိကဿ နေဒေါ-ဟု တည်ပါသည်။

၁၃၀၅။ (ပ) နေဒိဋ္ဌော-ပုဒ်ကို တဒ္ဓိဘင်္ဂဝဂ္ဂဟ ပြုပြပါ။

(ဖြေ) အယမိမ္မ အန္တိကော၊ အယမိမ္မ အန္တိကော၊ သဗ္ဗေ ဣမေ အန္တိကာ၊ အယမိမေသံ ဝိသေသေန အန္တိကောတိ နေဒိဋ္ဌော။

---

## ၂၁၄။ ဗာဠ္ဟဿ သာဓော

၁၃၀၆။ (ပ) ပြယုဂ်အရာအားဖြင့် ဗာဠ္ဟသဒ္ဒါတို့ များသောကြောင့် ဗာဠ္ဟာနံ သာဓော-ဟု ဗဟုဝစနဖြင့် တည်သင့်လျက် အဘယ့်ကြောင့် ဧကဝုစ်နှင့် တည်ပါသနည်း။

(ဖြေ) ဇာတျာပေက္ခာအားဖြင့် ဇာတ်ကိုငဲ့သောကြောင့် ဧကဝုစ်နှင့် တည်ပါသည်။

၁၃၀၇။ (ပ) သာဓိယောပုဒ်ကို ဝါကျကျယ်ပြုလုပ်၍ ပြပါ။

(ဖြေ) အယမိမ္မ ဗာဠ္ဟော၊ အယမိမ္မ ဗာဠ္ဟော၊ သဗ္ဗေ ဣမေ ဗာဠ္ဟာ၊ အယမိမေသံ ဝိသေသေန ဗာဠ္ဟောတိ သာဓိယော။

---

## ၂၁၅။ အပ္ပဿ ကဏ်

၁၃၀၈။ (ပ) ဣယိဋ္ဌပစ္စည်းနှောင်းရှ 'ကဏ' သဒ္ဒါဖြင့် ကဏိယော၊ ကဏိဋ္ဌော- ပြယုဂ်တို့ ပြီးရကား အပ္ပဿ ကဏာ-ဟု တည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် အပ္ပဿ ကဏ်ဟု တည်သနည်း။

(ဖြေ) ဏဒ္ဒ သရမရှိသည်၏အဖြစ်ကို သိစေလိုသောကြောင့် တံခွန် ပြု၍ အပ္ပဿ ကဏ်ဟု တည်ပါသည်။

၁၃၀၉။ (ပ) ကဏိဋ္ဌောပုဒ်ကို ဝဂ္ဂကနည်း ဝိဂ္ဂဟ ပြုခဲ့ပါ။

(ဖြေ) အယမိမ္မ အပ္ပေါ၊ အယမိမ္မ အပ္ပေါ၊ သဗ္ဗေ ဣမေ အပ္ပါ၊ အယမိမေသံ ဝိသေသေန အပ္ပေါတိ ကဏိဋ္ဌော။

## ၂၁၆။ ယုဝါနဒွ

၁၃၁၀။ (ပ) ယုဝသဒ္ဒါတခုတည်း ဖြစ်သောကြောင့် ယုဝဿစ-ဟု သုတ် တည်သင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ယုဝါနဒွ-ဟု တည် ပါသနည်း။

(ဖြေ) ဝစနဝိပလ္လာသ နည်းကို ထင်စွာပြလိုသောကြောင့် ယုဝါနဒွ ဟု တည်ပါသည်။

၁၃၁၁။ (ပ) ဤနာမ်ကျမ်းနှင့် ဆက်ဆံနိုင်သော ဝိပလ္လာသနည်း အပြား ကို ဥဒါဟရုဏ်နှင့် ပြခဲ့ပါ။

(ဖြေ) ၁–အက္ခရာဝိပလ္လာသ–သုဂတော။ ၂–လိင်္ဂဝိပလ္လာသ– ပဗ္ဗတာနိ ဝနာနိစ။ ၃–ဝိဘတ္တိဝိပလ္လာသ–မဏိမှိ ပဿ နိမ္မိတံ။ ၄– ဝစနဝိပလ္လာသ-အမှေဟိ။

၁၃၁၂။ (ပ) ကနိဋ္ဌော-ဟူသော ပုဒ်ကို ဂရုကန္နယဖြင့် ဝိဂြိုဟ်လုပ်ပြပါ။
(ဖြေ) အယဥ္စ ယုဝါ၊ အယဥ္စ ယုဝါ၊ သဗ္ဗေ ဣမေ ယုဝါ။ အယမိ မေသံ ဝိသေသေန ယုဝါတိ ကဏိဋ္ဌော။
မှတ်ချက်။ ၊ယုဝသဒ္ဒါ၏ ကဏ အပြု၌ ဏကြီးကို နငယ် ပြု၍ ကနိဋ္ဌောဟု ရှိရမည်။

---

## ၂၁၇။ ဝန္တုမန္တုဝီနဒွ လောပေါ

၁၃၁၃။ (ပ) ဝန္တု၊ မန္တုတို့သည် န္တုပစ္စယန္တဖြစ်ရကား န္တုနဒွ လော ပေါ-ဟု တည်က ပြီးသင့်လျက် အဘယ့်ကြောင့် ဝန္တုမန္တုဝီနဒွ လော ပေါ-ဟု တည်ပါသနည်း။

(ဖြေ) ဝန္တု၊ မန္တုပစ္စည်းတို့၏ အစိတ်ကျေခြင်းမှ နစ်စေလိုသော ကြောင့် ဝန္တုမန္တုဝီနဒွ လောပေါ-ဟု တည်ပါသည်။

၁၃၁၄။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စ-သဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရ တို့ကို ပြခဲ့ပါ။

(ဖြေ) အနုကဍ္ဎနတ္ထ။ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် ဣယိဋ္ဌသဒ္ဒါကို ငင်ယူပါသည်။

## ၂၁၈။ ယဝတံ တ လ ဏ ဒကာရာနံ ဗျဥ္ဇနာနိ စ လ ဉ ဇကာရတ္တံ

၁၃၁၅။ (ပ) ယဝန္တဖြစ်သော တ-လ-ဏ-ဒ-တို့သည် ဗျည်းမှ အသီး မရှိသောကြောင့် ယဝတံ တ-လ-ဏ-ဒကာရာနံ ဗျဥ္ဇနာနိ-စသည်ဖြင့် တည်သင့်လျက် အဘယ့်ကြောင့် ယဝတံ တ-လ-ဏ-ဒကာရာနံ ဗျဥ္ဇနာနိ စသည်ဖြင့် တည်ပါသနည်း။

(ဖြေ) မပြားသော်လည်း ပြားသကဲ့သို့ တင်စားသော အဘေဒဘေဒူပစာ အဖြစ်ကို သိစေလိုသောကြောင့် ယဝတံ တ-လ-ဏ-ဒကာရာနံ ဗျဥ္ဇနာနိ-စသည်ဖြင့် တည်ပါသည်။

၁၃၁၆။ (ပ) ဤသုတ်ကို ယဝတံ တ လ ဏ ဒကာရာနံ စ လ ဉ ဇကာရတ္တံ မျှ တည်က ဗျည်းဟူသော အတ္ထ ပြီးသင့်လျက် အဘယ့်ကြောင့် ဗျဥ္ဇနာနိပုဒ်ဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) သရအမှီရှိသော ယဝန္တ တ လ ဏ ဒ-အက္ခရာတို့သည် စ လ ဉ ဇ-အက္ခရာ အဖြစ်သို့ မရောက်ကုန် ဟူသော အနက်ကို သိစေလိုသောကြောင့် ဗျဥ္ဇနာနိ-ဖြင့် အထူးပြု၍ တည်ပါသည်။

၁၃၁၇။ (ပ) ယဝတံ တ လ ဏ ဒကာရာနံ ဗျဥ္ဇနာနိ - ဟူသော ပုဒ်၏ အဓိပ္ပာယ်နှင့်တကွ အရသာရုပ်ကို ထုတ်ပြခဲ့ပါ။

(ဖြေ) ယပစ္စည်းနှင့် ယှဉ်သော သရကင်းသော သံယုဂ်ဖြစ်သော တ လ ဏ ဒ-ဗျည်းတို့ကို ဆိုလိုပါသည်။ အရကား သုဒ္ဓဗျဥ္ဇနဖြစ်သော တျ လျ ဏျ ဒျ-ဗျည်းတို့ကို ရ၏။

၁၃၁၈။ (ပ) ဤသုတ်ကို ယဝတံ တ လဏ ဒါနံ ဗျဥ္ဇနာနိ-စသည်ဖြင့် တည်က ပြီးသင့်လျက် အဘယ့်ကြောင့် ဒကာရာနံ-ဟု ကာရသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) ယဝန္တ ဖြစ်သော၊ ဝါ-ယ အက္ခရာရှိသော သ-အက္ခရာ၊ က-စ-ဌ-ပ-ဝဂ်တို့၏ သ-အက္ခရာ၊ က-စ-ဌ-ပ-ဝဂ် အက္ခရာ အပြုကိုရင်း၊ ယဝန္တဖြစ်သော ထ ဒ ဏ-အက္ခရာတို့၏ ဆ-ဈ-ဉ-အက္ခရာ အပြုကိုရင်း သိစေလိုသောကြောင့် ကာရသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၃၁၉။ (ပ) ကာရဂ္ဂဟဏာဉ် သုတ်မှာ ကာရသဒ္ဒါ နှစ်ပါးဖြစ်ရကား အဘယ်၌ရှိသော ကာရသဒ္ဒါကို ယူရပါမည်နည်း၊ ပြပြီးလျှင် ယထာ သင်္ချ၏ အဓိပ္ပာယ်ကို ရေးပါ။

(ဗျာ) ဧကာရန္ဒ်ရှိသော ကာရသဒ္ဒါကို ယူရမည်။ ယထာသင်္ချိုဏ်၏ အဓိပ္ပာယ်ကား။ တျ-ဗျည်းကို စဗျည်း၊ လျ-ကို လ၊ ဏျ-ကို ဉ၊ ဒျ-ကို ဇ-ပြုရမည် ဟူလို။

၁၃၂၀။ (ပ) ဤသုတ်၏ ဝုတ္တိ၌ ဝါသဒ္ဒါ ရှိသင့်၊ မရှိသင့် ဆုံးဖြတ်ခဲ့ပါ။
(ဗျာ) န်ျာအလို-မရှိသင့်ပါ။ ရူအလို-ရှိသင့်၏။

၁၃၂၁။ (ပ) ရူအလိုလိုက်သော ဝါသဒ္ဒါ၏ အတ္ထ၊ အတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) သမုစ္စယတ္ထ။ သရနှင့်တကွသော တျ-လျ-ဏျ-ဒျ-ဗျည်းတို့၏ စ-လ-ဇ-ဉ-ဗျည်းအပြုတို့ကို ဆည်းပါသည်။

၁၃၂၂။ (ပ) ဤသုတ်တ လ ဏ ဒကာရာန္ဒ် ဒန္တဇ-န၊ မုဒ္ဓဇ-ဏတို့တွင် အဘယ်အက္ခရာနှင့် သင့်ပါသနည်း။ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) မုဒ္ဓဇ-ဏသည် ဒန္တဇ န၏ ကာရိယ ဖြစ်သင့်သောကြောင့် မုဒ္ဓဇ-ဏနှင့်သာ အသင့်ဖြစ်ပါသည်။

---

၂၁၉။ အမှ တုမှန္တု ရာဇ ဗြဟ္မတ္တ သခ သတ္ထု
ပိတာဒီဟိ သ္မာ နာဝ

၁၃၂၃။ (ပ) မစ္ဆုနာ မုတ္တော-စသော ပြယုဂ်တို့၌ မစ္ဆု-စသော သဒ္ဒါနောင်လည်း သ္မာဝိဘတ်၏ နာဘာဝါတိဒေသကို မြင်ရကား သ္မာ နာဝ ဟု သာမည တည်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အမှ။ လ။ သ္မာနာဝ-ဟု ဝိသေသ တည်ပါသနည်း။

(ဗျာ) အမှစသော သဒ္ဒါနောင် နာဝင့်ရခြင်း မြဲ၏ဟု သိစေလိုသောကြောင့် တနည်း-မစ္ဆုစသော သဒ္ဒါတို့ကို အာဒိဖြင့် သိမ်းယူသည်၏ အဖြစ်ကို သိစေလိုသောကြောင့် အမှ တုမှ။ လ။ သ္မာ နာဝ-ဟု ဝိသေသ တည်ပါသည်။

၁၃၂၄။ (ပ) ဤသုတ်၌ အာဒျတ္ထ၊ အာဒျတ္ထာကာရကို ပြပြီးလျှင် အာဒိ အရ၊ အာဒိဝန္တအရတို့ကို ပြခဲ့ပါ။

(ဗျာ) ပကာရတ္ထ၊ န်ျာအလို-အမှ စသော သဒ္ဒါတို့နှင့် အက္ခရာ နှစ်လုံးချင်း တူရမည်။ ရူအလို-သတ္ထု-စသော သဒ္ဒါတို့နှင့် တုပစ္စယန္တ အဖြစ်ဖြင့် တူရမည်ဟူလို။ အာဒိအရ အမှသဒ္ဒါ။ လ။ ပိတုသဒ္ဒါတို့

ရ၏။ အာဒိဝန္တအရနျာအလို-သရေန၊ မစ္စုနာ-စသော ဒွယက္ခရသဒ္ဒါ တို့ရ၏။ ရူအလို-မာတု-စသော တုပစ္စယန္တ သဒ္ဒါတို့ရ၏။

၁၃၂၅။ (ပ) ဤသုတ်၏ ဝိဓိကို နာကဲ့သို့ ငဲ့သည်ဟု မှတ်ရမည်လော၊ သို့မဟုတ် နာ-ပြုသည်ဟုပင် မှတ်ရမည်လော၊ အဘယ်သို့ မှတ်ရအံ့နည်း။

(ဖြေ) ပြဟ္မုနာ-စသည်တို့၌ သွာ ဝိဘတ်ကို နာပြုရသည်။ တယာ၊ မယာ-စသည်တို့၌ သွာဝိဘတ်ကို နာကဲ့သို့ ငဲ့ရုံသာငဲ့ရသည်ဟု မှတ်ရမည်။

၁၃၂၆။ (ပ) ဤသို့ နာပြုရသော်အမှ တုမှန္တု။ လ။ သွာနာ-ဟု တည်က ပြီးသင့်သည်ပင် မဟုတ်လော၊ အဘယ့်ကြောင့် ဣဝသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) ဤသုတ်၏ အတိဒေသဝိဓိ၏ အဖြစ်ကို ပြလိုသောကြောင့် တည်ပါသည်။

၁၃၂၇။ (ပ) အတိဒေသဟူသော် အတိဒေသ-၆-ပါးတွင် အဘယ် အတိဒေသ ဖြစ်ပါသနည်း။ ဤ၌ ဖြစ်သင့်သော အတိဒေသ၏ အဓိပ္ပာယ်ကိုလည်း ပြခဲ့ပါ။

(ဖြေ) တံရူပါတိဒေသ ဖြစ်ပါသည်။ သွာဝိဘတ်သည် နာဝိဘတ်ရုပ် ဖောက်ပြန်ခြင်းသို့ရောက်၏ဟု ရုပ်ကို အလွန်အားဖြင့် ညွှန်းပြသည်ဟုလို။

၁၃၂၈။ (ပ) အောက် သွာနာသုတ်ဖြင့်ပင် အတ္တနာပြယုဂ် ပြီးသင့်လျက် အဘယ့်ကြောင့် အတ္တသဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဖြေ) နိစ္စဝိဓိကို ပြလို၊ သိစေလိုသောကြောင့် ဆိုပြန်ပါသည်။

၁၃၂၉။ (ပ) ဤနာမ်ကျမ်း၌ နာမနာမ်-စသော ငါးပါးတွင် ရှင်မဟာ ကစ္စည်းဆရာသည် အဘယ်နာမ်၏အစွမ်းဖြင့် ပြသနည်း။

(ဖြေ) နာမနာမ်၊ သဗ္ဗနာမ် နှစ်ပါး၏အစွမ်းဖြင့် ပြပါသည်။

၁၃၃၀။ (ပ) နာမ်ကျမ်း၌ ဂဏနိယမ သုတ်များကို သရုပ်ထုတ်၍ ပြပြီးလျှင် ဂဏအနိယမ-ဖြစ်သင့်သောသုတ်တို့၏ အပေါင်းသချာကိုလည်း ပြခဲ့ပါ။

(ဖြေ) ၁—သော။ ၂—သောဝါ။ ၃—ဓိတောဒေဟိ၊ ၄—ဘာသိမှိ၊ ၅—အံနပုံသကေ။ ၆—မနောဂဏာဒိတော သ္မိံနာနမိဘာ။ ၇—သဿ စော။ ၈—ဧတေသမော လောပေ။ ၉—သသရေ ဝါဂမော။ ၁၀—

သိမ္ဘိဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ အံ။ ၁၁—သျာစ။ ၁၂—သတ္တုပိတာဒီနမာ သိသ္မိံ သိလောပေါစ။ ၁၃—သိံ ။ ၁၄—သေသတော လောပံ ဂသိပိ။ ၁၅–ဣတ္ထိယမတော အာပစ္စယော။ ၁၆—နဒါဒိတော ဝါ ဤ။ ၁၇—ဏဝ ဏိက ဏေယျ ဏန္တုဟိ။ ၁၈—ပတိဘိက္ခုရာဇီကာရန္တေဟိ ဣနီ-အားဖြင့်-၁၈-ပါး ရှိပါသည်။ ဂဏအနိယမ သုတ်ပေါင်းကား နှစ်ရာ့တစ် (၂၀၁)သုတ် ဖြစ်ပါသည်။

မှတ်ချက်။ ။သောဝါ၊ ဒီဃောရေဟိ-နှင့်သုတ်တို့သည် အမှနော ဂိုဏ်း သာမညကို မှတ်သော ဂဏနိယမသုတ်များ ဖြစ် ပါသည်။

၁၃၃၁။ (ပ) ဤနာမ်ကျမ်း၌ ထိုထို သုတ်တို့၏ ပကတိကာရန္တကို ပြဆိုရာ ဝယ် ကောရန္တကို စီရင်နိုင်သော သုတ်ဟူ၍ မရှိမပါ မတွေ့ရခြင်း၏ အကြောင်းကို ပြခဲ့ပါ။

(ဗျာ) ကောရန္တဖြစ်သော ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင်တို့မရှိကောင်း သောကြောင့် ကောရန္တကို စီရင်သောသုတ် မရှိပါ။

၁၃၃၂။ (ပ) ဤနာမ်ကျမ်း၌ (က) သညာသုတ်ပေါင်း၊ (ခ) အဓိကာရ သုတ်ပေါင်း၊ (ဂ) ပရိဘာသာ သုတ်ပေါင်းမည်မျှစီရှိကြောင်းပြခဲ့ပါ။ (သင်္ချာမျှသာပြရန် ဖြစ်သည်။)

(ဗျာ) (က) ၆-သုတ်၊ (ခ) ၃-သုတ်၊ (ဂ) နှစ်သုတ်စီ ရှိကြ ကုန်၏။

၁၃၃၃။ (ပ) ဤနာမကပ္ပ၌ (က) ဒီဃ၊ (ခ) ရဿ၊ (ဂ) လောပ၊ (ဃ) အာဂမ၊ (င) ပဋိသေဝိဓိသုတ်ပေါင်းအသီးသီးမျှစီရှိကြောင်း ပြခဲ့ပါ။

မှတ်ချက်။ ။သုတ်များကို ရှာ၍ သိအောင် ပြုထားပါ။

(ဗျာ) က–၂။ ခ–၆။ ဂ–၉။ ဃ–၆။ င—ဂ-သုတ်စီ ရှိကြပါ သည်။

၁၃၃၄။ (ပ) အာဒိသဒ္ဒါ တိုက်ရိုက်ပါရှိသော သုတ်ပေါင်း၊ သုတ်စွန်း စီရင်သော သုတ်ပေါင်းတို့ကို ပြခဲ့ပါ။

(ဗျာ) အာဒိသဒ္ဒါပါသော သုတ် ၁၉၊ သုတ်စွန်း စီရင်ရသော သုတ် ၃၄-သုတ် ဖြစ်ပါသည်။

မှတ်ချက်။ ။အဘယ်သုတ်များ ဖြစ်သည်ကို ရှာကြံ၍ သိအောင်ပြု ထားလေ။

၁၃၃၅။ (ပ) ဤနာမ်ကျမ်း၌ အောက်ပါ နိပါတ်ပုဒ်များ ပါရှိသော သုတ်ပေါင်းသင်္ချာတို့ကို ပြခဲ့ပါ။ ကွစိ၊ နဝါ၊ ဝါ၊ ဝိဘာသာ၊ ဟိ၊ စ၊ နှ၊ တု၊ ပိ၊ အပိ၊ က္လဝ၊ ဧဝ။

(ဗျာ) 'ကွစိ' တစ်သုတ်သာ။ ကွစိတော ပဉ္စမျတ္ထေ။ 'နဝါ' ဘစ်သုဘ်သာ။ တဝံ မမဉ္စ နဝါ။ 'ဝါ' ၃၃-သုဘ်။ 'ဝိဘာသာ' တစ်သုတ်။ သမာသေ စ ဝိဘာသာ။ 'ဟိ' တစ်သုတ်-ဇိနှ ၁စနံယုတ္တံဟိ၊ 'စ' ၅၃။ 'နှ' ၇-သုဘ်။ 'တု' ၅-သုဘ်။ 'ပိ' တစ်သုတ်။ သေသတော လောပံ ဂသိပိ။ 'အပိ' တစ်သုတ်။ အဃောရဿမေကာဝစနယောသွပိစ။ 'က္လဝ' ၂-သုတ်။ 'ဧဝ' တစ်သုတ်။ တတောနေဝ စ သဗ္ဗနာမေဟိ။

မှတ်ချက်။ ။ဆိုခဲ့ပြီးမှ ကြွင်းကျန်သော အ-ပြုသောသုတ်၊ အာ-ဣ-ဤ-စသည် ပြုရသောသုတ်၊ ဝိဘတ္တာဒေသ၊ ပဒါဒေသ-စသောသုတ်ဘို့ကို အသီးသီးသိအောင် ခွဲခြမ်းဝေဖန်၍ ထားပါလေ။

ပဉ္စမပိုင်း ပြီး၏။

နာမ်ကျမ်း ပြီးပြီ။

# ၃-ကာရက

## ၁။ ယသ္မာဒပေတိ ဘယမာဒတ္တေဝါ

၁၃၃၆။ (ပ) အသင်သည် ကာရကအကြောင်း နားလည်ပါ၏လော။ အဘယ့်ကြောင့် အဘယ်ကို ကာရကဟု ခေါ်ဆိုပါသနည်း။

(ဖြေ) ကြိယံ ကရောတီတိ ကာရကော-ဟူသော ဝိဂ္ဂဟနှင့်အညီ မုချအားဖြင့်၎င်း၊ အမုချအားဖြင့်၎င်း ကြိယာကို ပြီးစေတတ်သော ကြောင့် ပုဒ်၏အနက် ပဒတ္ထကို ကာရကဟု ခေါ်ဆိုပါသည်။

၁၃၃၇။ (ပ) ကြိယာကို ပြီးစေတတ်သောကြောင့် ကာရက မည်သော် ကတ္တားသာ ကြိယာကို ပြီးစေတတ်ရကား ကတ္တားတပါးသာ ကာရက မည်သင့်သည် မဟုတ်ပါလော၊ ကံ–စသည်တို့သည် ကာရက အဘယ် သို့ မည်ပါသနည်း။

(ဖြေ) ကံ- စသည်တို့သည် ကြိယာပြီးခြင်း၏ အကြောင်းဖြစ်၍ ဥပစာအားဖြင့် ကာရကမည်ပါသည်။

၁၃၃၈။ (ပ) ကာရက အပြားသည် သခေ်ပအားဖြင့်၎င်း၊ နာတိသခေ်ပ၊ နာတိဝိတ္ထာရအားဖြင့်၎င်း အဘယ်မျှ ရှိပါသနည်း။

(ဖြေ) အကျဉ်းသခေ်ပအားဖြင့် ၆–ပါး၊ မကျဉ်းမကျယ်အားဖြင့် ၁၀–ပါး ရှိပါသည်။

၁၃၃၉။ (ပ) အဘယ်အင်္ဂါနှင့် ညီညွတ်သော ပဒတ္ထကို ကာရကဟု မှတ် ရအံ့နည်း။ ကာရက၏ လက္ခဏာကိုလည်း ပြခဲ့ပါ။

(ဖြေ) ကြိယာပြီးခြင်း၏ အကြောင်းလည်း ဖြစ်စေ၊ စင်စစ်ကြိယာ ဟူသော အကျိုးရှိသည်လည်းဖြစ်စေ၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပဒတ္ထကို ကာရကဟု မှတ်ရမည်။ ကြိယာဘိသမ္ဗန္ဓလက္ခဏံ ကာရကံ။ သဒ္ဒနီတိ၊ ကြိယာဝိသေသော ယေဝတ္တ ကာရကလက္ခဏံ—သံဗျင်

ဆရာတို့ ဆိုရကား ကြိယာ၌ စပ်ရခြင်းလက္ခဏာရှိ၏။ တနည်း— ကြိယာအထူးလျှင် လက္ခဏာရှိ၏။

မှတ်ချက်။ ။ကြိယာဘိနိပ္ဖာဒန လက္ခဏာရှိသည်ကို ကတ္တား၊ ကြိယာပါပုနဏ လက္ခဏာရှိသည်ကို ကမ္မ၊ ဤသို့ စသည်ဖြင့် ကာရကသည် ကြိယာအထူးလျှင် လက္ခဏာရှိ၏ ဟူလို။

၁၃၄၀။ (ပ) ဤကျမ်းသည် ကံ၊ ကတ္တား—စသော အနက်ကို ပြသော ကျမ်းဖြစ်သောကြောင့် အပါဒါနေ ပဌမီ·စသောသုတ်ကို ရှေးအစ တည်သင့်လျက် အဘယ့်ကြောင့် ဤ ယသ္မာဒပေတိ- စသော သုတ်ကို ရှေးဦးအစ တည်ပါသနည်း။

(ဖြေ) သညာသုတ်၊ ဝိဓာနသုတ်၊ ကာရကသုတ် သုံးပါးတို့တွင် သညာသည် ရှေ့သွား ပုဗ္ဗင်္ဂမ ဖြစ်သောကြောင့် သညာသုတ်ကို ရှေးဦးအစ တည်ပါသည်။

၁၃၄၁။ (ပ) ဤသို့ သညာကို အစပြု၍တည်သော် ကာရကအစဉ် အားလျော်စွာ ကတ္တုသညာ သုတ်ကို ရှေးဦး တည်သင့်လျက် အဘယ့်ကြောင့် အပါဒါနသညာသုတ်ကို ရှေးဦးစွာ တည်ပါသနည်း။

(ဖြေ) ခပ်သိမ်းသော ကာရကတို့ထက် အပါဒါနကာရကသည် အရာကျယ်သောကြောင့် ရှေးဦးစွာ တည်ပါသည်။

၁၃၄၂။ (ပ) ဤအပါဒါန ကာရက၏ မဟာဝိသယ အဖြစ်ကို အဘယ့်ကြောင့် သိနိုင်ပါသနည်း။

(ဖြေ) ကတ္တု·စသော သညာသုတ်တို့ကို တသုတ်စီသာ တည်သကဲ့သို့ မတည်မူ၍ အပါဒါန သညာပြ သုတ်တို့ကို ငါးသုတ် တည်ထားသောကြောင့် သိနိုင်ပါသည်။

၁၃၄၃။ (ပ) ယသ္မာ ဒပေတိ ဘယမာဒတ္တေ၌ ဘယအပြားကို ပြပြီးလျှင် ဤသုတ်၌ လိုအပ်သော ဘယကို ညွှန်းလိုက်ပါ။

(ဖြေ) အာရမ္မဏဘယ၊ အကုသလဘယ၊ ကုသလဘယအားဖြင့် သုံးပါး အပြားရှိ၏။ ထိုဘွင် ဤ၌ အာရမ္မဏဘယကို ယူရမည်။

၁၃၄၄။ (ပ) ဘယမာဒတ္တေ၌ ဘယ်ပုဒ်ကို ဘယဘေဒ အားလျော်စွာ ဝိဂ္ဂဟပြု၍ အရကောက်ပြခဲ့ပါ။

(ဖြေ) ဘာယိတဗ္ဗန္တိ ဘယံ၊ ကမ္မသာဓန။ ဘာယန္တိ သတ္တာ ဧတေနာတိ ဘယံ၊ ကရဏသာဓန။ အရကား အာရမ္မဏဘယ ရ၏။ ဘာယနံ ဘယံ၊ ဘာဝသာဓန။ အကုသလဘယရ၏။ ဘာယန္တိ သတ္တာ ဧတေနာတိ ဘယံ၊ ကရဏသာဓန။ ကုသလဘယရ၏။

၁၃၄၅။ (ပ) ဤသုတ်ကို ယသ္မာ ဒပေတိ တဒပါဒါန်-မျှသာ တည်က ပြီးသင့်လျက် အဘယ့်ကြောင့် ဘယံအာဒတ္တပုဒ်တို့ဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) ကာယသံယောဂပုဗ္ဗကသာ အပါဒါန်မည်သည် မဟုတ်၊ စိတ္တသံယောဂပုဗ္ဗကသည်လည်း အပါဒါန်မည်၏ဟု သိစေလိုသော ကြောင့် အထူးပြု၍ တည်ပါသည်။

၁၃၄၆။ (ပ) ဘယံပုဒ်ဖြင့်သာ အထူးပြု၍ ယသ္မာ ဒပေတိ ဘယံ တဒပါဒါန်-ဟု တည်က ကာယစိတ္တပုဗ္ဗကတို့၏ အပါဒါနသညာပြီးကောင်း လျက် အဘယ့်ကြောင့် အာဒတ္တပုဒ်ကို ဆိုပြန်သနည်း။

(ဖြေ) အာပုဗ္ဗ-ဒါဓာတ်သည် သမ္ပဒါန်အနက်၌လည်းဖြစ်။ အပါဒါန် အနက်၌သာဖြစ်၏ဟု သိစေလိုသောကြောင့် အာဒတ္တ-ပုဒ်ကို ဆိုပြန် ပါသည်။

၁၃၄၇။ (ပ) ဤသုတ်ကို ယသ္မာပေတိ-စသည်ဖြင့် တည်က ပြီးလျက် အဘယ့်ကြောင့် ယသ္မာ ဒပေတိ-စသည်ဖြင့် တည်ပါသနည်း။

(ဖြေ) အာသနနှင့်အသရတို့၏ ရောယှက်ခြင်းဟူသော သမုသက်ရ ဒေါသကို ပယ်လိုသောကြောင့် ဒအက္ခရာလာ၍ ယသ္မာ ဒပေတိ-စသည်ဖြင့် တည်ပါသည်။

၁၃၄၈။ (ပ) သမာသ်မှာ နာမာနံ သမာသော ယုတ္တတ္ထော-ဟူ၍ သမညသညာသုတ်ကို ရှေးဦးတည်သကဲ့သို့ ဤကာရကကျမ်း၌လည်း သာမညသညာသုတ်ကို ရှေးဦးစွာ တည်သင့်လျက် အဘယ့်ကြောင့် မတည်ပါသနည်း။

(ဖြေ) ပရ သမညာပယောဂေသုတ်ဖြင့်ပင် သာမညသညာပြီးသင့် သောကြောင့်၎င်း၊ ကရောတီတိ ကာရကော-ဟူသော စစနတ္ထဖြင့် ထင်ရှားသောကြောင့်၎င်း၊ သာမညသညာသုတ်ကို မတည်တော့ပါ။

၁၃၄၉။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဝါသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြပါ။

(ဖြေ) သာမုစ္စယတ္ထ။ ယသ္မာဝါ-စသော ကာရကကို ဆည်းပါ သည်။ တနည်း-ယသ္မာ အပေတိ-စသော ဝါကျကို ဆည်းပါသည်။

၁၃၅၀။ (ပ) ရှေ၌ အပါဒါနသညာသုတ်မရှိသေးရကား လက်ညှိုးသည် မိမိကိုပြန်၍ မသုံးသပ်နိုင်သကဲ့သို့ ယသ္မာပုဒ်ကို ဤသုတ်ဖြင့် အပါဒါန သညာ မမှည့်နိုင်သည် မဟုတ်လော၊ အဘယ်သုတ်ဖြင့် မှည့်ရမည်နည်း အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ဤသုတ်သည် အင်္ဂုလောပမာ မဟုတ်၊ ဆီမီးသည် ထပြိုင်နက် အမိုက်ပျောက်ခြင်း၊ အလင်းရောက်ခြင်း၊ ဆီကို ခန်းစေခြင်း၊ ဆီမီးစာတို ကုန်စေခြင်းကိစ္စကို ပြသကဲ့သို့သော ပဒီပေါပမာ- ပဒီပနည်းဖြစ်ရကား ဤသုတ်ဖြင့်ပင် မှည့်ရပါသည်။

၁၃၅၁။ (ပ) ယသ္မာ တံ အပါဒါနံ-ဟူသော သညီ သညာပုဒ်တို့ကို ကေဝုစ်နှင့်ဆိုသောကြောင့် စေ့ရာ ဘယံ ဇာယတေ-စသော ကေဝုစ် ပြယုဂ်တို့သာ အပါဒါနသညာဖြစ်သင့်၍ ဂါမာ အပေန္တိ-စသော ဗဟုဝုစ် ပြယုဂ်များ အပါဒါနသညာ မဖြစ်သင့်သည် မဟုတ်လော၊ ဖြစ်သင့်၊ မဖြစ်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) ဝိဘတ်ဖြင့် ကေဝုစ်၊ ဗဟုဝုစ်သချာကို ဤ၌ မလိုအပ်သောကြောင့် ဗဟုဝုစ်ပြယုဂ်တို့လည်း ဤသုတ်ဖြင့်ပင် အပါဒါနသညာဖြစ်သင့်ပါသည်။

၁၃၅၂။ (စ) သချာကို မလိုသော် အဘယ့်ကြောင့် သညီ၊ သညာတို့ကို ဝိဘတ်ဖြင့် ပြပါသနည်း။

(ဖြေ) ဝိဘတ်နှင့် ကင်း၍ အနက်ကို မပြကောင်းသောကြောင့် ဝိဘတ်ဖြင့် ပြရပါသည်။

၁၃၅၃။ (ပ) ဝိဘတ္တျုပ္ပတ္တိ အပြားကို ပြပြီးလျှင် ဤသညီ၊ သညာပုဒ်တို့၌ လိုအပ်သော ဝိဘတ္တျုပ္ပတ္တိကို ညွှန်းခဲ့ပါ။

(ဖြေ) ၁-သချာဝိကရဏ ဝိဘတ္တျုပ္ပတ္တိ၊ ၂-လိင်္ဂတ္ထာဝိကရဏ ဝိဘတ္တျုပ္ပတ္တိ-ဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ဤ၌ လိင်္ဂတ္ထာဝိကရဏ ဝိဘတ္တျုပ္ပတ္တိကို ယူမည်။

၁၃၅၄။ (ပ) ဝိဘတ္တျုပ္ပတ္တိနှစ်ပါး၏ အဓိပ္ပာယ်ကို ဥဒါဟရုဏ်တခုစီနှင့် တကွ ပြခဲ့ပါ။

(ဖြေ) က-ဝတ္ထုကား ထင်ရှား၍ သချာမထင်ရှားသော ပုဒ်တို့နောင် သချာကို ထင်စွာပြခြင်းငှါ ဝိဘတ်သက်ရသည်ကား သချာဝိကရဏဝိဘတ္တျုပ္ပတ္တိမည်၏။ ပြယုဂ်၊ ပုရိသော-စသည်။ ခ-သချာထင်ရှား၍ လိင်မထင်ရှားသော ပုဒ်တို့နောင် လိင်္ဂတ္ထကို ထင်စွာပြခြင်းငှါ ဝိဘတ်သက်ရသည်ကား လိင်္ဂတ္ထာဝိကရဏ ဝိဘတ္တျုပ္ပတ္တိမည်၏။ ပြယုဂ်ကား ကော၊ ဒွေ-စသည်တည်း။

၁၃၅၅။ (ပ) ဤသုတ်ကို ယေဟိ။ လ။ တာနိ အပါဒါနိ- ဟု ဗဟုဝုစ်နှင့် မတည်မူ၍ အဘယ့်ကြောင့် ယသ္မာဒပေတိ ဘယမာဒတ္တေဝါ-ဟု ကေဝုစ်နှင့် တည်ပါသနည်း။

(ဗျာ) ဗဟုဗ္ဗီဟိ ဒေါသ၊ ဂန္ထဂရုဒေါသကို ပယ်လိုသောကြောင့် ကေစဝစ်နှင့် တည်ပါသည်။

၁၃၅၆။ (ပ) အဘယ့်ကြောင့် အဘယ်သည် အပါဒါန်မည်ပါသနည်း။

(ဗျာ) အပနေတဗ္ဗ ဣတော အာဒဒါတီတိ အပါဒါနံ၊ အပေစ္စ ဣတော အာဒဒါတီတိ အပါဒါနံ-ဟူသော ဝစနတ္ထနှင့်အညီ ဖဲ၍ ယူရာ ဖြစ်သော သတ္တိကြောင့် ရဟန်းဒြပ်မှ ကင်းသောရွာဒြပ်စသည်၏ ကြိယာအပဂမနသတ္တိသည် အပါဒါန်မည်ပါသည်။

၁၃၅၇ (ပ) ရဟန်းလည်း ရွာမှ ကင်း၍ ရွာသည်း ရဟန်းမှ ကင်းရကား နှစ်ပါးစုံပင် ကြိယာပဂမနသတ္တိရှိသောကြောင့် ရဟန်းလည်း အပါဒါန် မည်သင့်လျက် အဘယ့်ကြောင့် ရွာဒြပ်သာ အပါဒါန်မည်၍ ရဟန်းဒြပ်မှာ မမည်ပါသနည်း။

(ဗျာ) ရွာဒြပ်ကား ရှေးသဘောမှ ရွေ့လျောခြင်း သဘောမရှိ သောကြောင့် အပါဒါန်မည်ပါသည်။ ရဟန်းဒြပ်ကား ရှေးသဘောမှ ရွေ့လျောခြင်း သဘောရှိသောကြောင့် အပါဒါန်မမည်ပါ။

၁၃၅၈။ (ပ) အပါဒါန်၏ သဘောလက္ခဏာကို ပြခဲ့ပါ။

(ဗျာ) မရွေ့ခြင်းအစွဲတသဘော၊ အပိုင်းအခြားဟူသော အဝဓိ လက္ခဏာ ဖြစ်ပါသည်။

၁၃၅၉။ (ပ) သုတ်၌အပေတိ အာဒတွေ-ဟူ၍ ကြိယာပုဒ်တို့ကို ပစ္စုပ္ပန် ကာလိကဝိဘတ်နှင့် ဆိုသာရကား ဂါမာ အပေတ္တိ-စသော ပြယုဂ်တို့ အပါဒါနသညာရတန်စေ၊ ဂါမာ အပေတော၊ ဂါမာ အပေဆာတိ— စသော အတီတာနာဂတပြယုဂ်တို့ အပါဒါနသညာ မရသင့်မဟုတ် လော။ ရသင့်၊ မရသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ဥပလက္ခဏာနည်းအားဖြင့် ပစ္စုပ္ပန်ကာလတစိတ်ကို ယူ၍ အပေတိ-ဟု ဆိုသောကြောင့် အတီတာနာဂတ ပြယုဂ်များလည်း အပါဒါနသညာရသင့်ပါသည်။

၁၃၆၀။ (ပ) ဤသုတ်သည် သဒ္ဒ၊ အတ္ထ၊ သဒ္ဒတ္ထသုံးပါးတွင် အဘယ် အပါဒါန်၌သာ မှည့်ရပါသနည်း။

(ဗျာ) သဒ္ဒတ္ထအပါဒါန်၌ အပါဒါနသညာ မှည့်ရပါမည်။

---

## ၂။ ဓာတုနာမာနမုပသဂ္ဂယောဂါဒိသွပိစ

၁၃၆၁ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဓာတုအရ၊ နာမအရ၊ ဥပသဂ္ဂ အရတို့ကို ပြခဲ့ပါ။

(ဖြေ) ယသ္မာဒပေတိ-စသော၃သုတ်၊ ဒူရန္တိ-စသော သုတ်တို့ဖြင့် စီရင်အပ်သည်မှ ကြွင်းသော ကြိယာဝါစက-အာချာတ်ဓာတ်ကို ဓာတုအရ ယူရမည်။ ကြိယာဝါစက-ကိတ်နာမ်ကို နာမအရယူပါ။ ဝဇ္ဇနတ္ထဖြစ်သော အပ၊ ဥပရိ ဥပသာရ။ မရိယာဒ အဘိဝိဓိ အနက်ရှိသော အာ–ဥပသာရ။ ပတိနိဓိ၊ ပတိဒါနအနက်ရှိသော ပတိ–ဥပသာရပုဒ်တို့ကို ဥပသဂ္ဂ အရယူပါ။

၁၃၆၂။ (ပ) ဤသုတ်လာ ဓာတုယောဂ– စသည်၌ အယုဉ်ဟူသည် အဘယ်ကို ဆိုလိုပါသနည်း။

(ဖြေ) အပါဒါန်၏ ကြိယာဖြစ်သည်ကို အယုဉ်ဟု ဆိုလိုပါသည်။

၁၃၆၃။ (ပ) ဤသုတ်သည် အရာခပ်သိမ်းတို့၌ပင် အပါဒါနသညာ မှတ်ရကား သဗ္ဗေသုပိစ-ဟု သာမညမတည်မူ၍ အဘယ့်ကြောင့် ဓာတုနာမာန-သည်ဖြင့် ဝိသေသ တည်ပါသနည်း။

(ဖြေ) အပါဒါန်ဖြစ်ခြင်းငှါထိုက်သော ဓာတ်အယှဉ်၊ နာမ်အယှဉ်၊ ဥပသာရအယှဉ်-စသည်တို့ကို ပြလိုသောကြောင့် ဓာတုနာမာန စသည်ဖြင့် ဝိသေသ တည်ပါသည်။

၁၃၆၄။ (ပ) ဤ၌ ဓာတုနာမာနမုပသဂ္ဂယောဂါ-ဟု သာမညဆိုသောကြောင့် အာချာတ်ဓာတ်မှန်သမျှ၊ ကိတ်နာမ်မှန်သမျှ၊ ဥပသာရ မှန်သမျှ ယူရတော့မည်လော၊ အဘယ်ကိုသာ ယူရအံ့နည်း။

(ဖြေ) သာမညဆိုသော်လည်း အကြင်ဓာတ်နာမ် ဥပသာရတို့၏ အယှဉ်၌ အပါဒါန် ဖြစ်ထိုက်၏။ ထိုဓာတ်နာမ် ဥပသာရတို့ကိုသာ ယူရမည်။

၁၃၆၅။ (ပ) သုတ်၌ သာမညဆိုပါလျက် အဘယ့်ကြောင့် အနက်ဝိသေသကို ယူနိုင်သနည်း။

(ဖြေ) သာမညတေနာပိ ဝိသေသ ဗဟိဋ္ဌနတော-ဟူသော ပရိဘာသာအရ သာမညတေနာသည်လည်း ဝိသေသ၌ တည်သောကြောင့်၎င်း၊ အပါဒါန ဝိသယဖြစ်သောကြောင့်၎င်း အနက်ဝိသေသကို ယူနိုင်ပါသည်။

၁၃၆၆။ (ပ) အောက်သုတ်ဖြင့်ပင် ဗုဒ္ဓသ္မာ–စသောပြယုဂ်တို့ အပါဒါနသညာ မြီးကောင်းရကား ဤသုတ်ကို မတည်သော်လည်း ပြီးလျက် အဘယ့်ကြောင့် တည်ပါသနည်း။

(ဖြေ) ဤ၌ ဓာတုဇ္ဇယောဂမဟုတ်ရကား မပြီးသင့်ပါ။ ဓာတုမတ္တယောဂ၌သာ အပါဒါနသညာကို သိစေလိုသောကြောင့်၊ တနည်း

လျှဉ်းပါးဘွယ်ရှိသော ဓာတုယောဂ စသည်တို့၌ အပါဒါနသညာကို သိစေလိုသောကြောင့် ဤသုတ်ကို တည်ပါသည်။

၁၃၆၇။ (ပ) ဤသုတ်၏ ဝုတ္တိကို ဓာတုနာမာနံ။လ။ အပါဒါနသည် ဟောတိမျှသာ ဖွင့်ပြက ပြီးသင့်ပါလျက် အဘယ့်ကြောင့် ဓာတူနံ ပယောဂေ တာဝ။လ။ဟောတိ-ဟူသော အနုဝုတ္တိကို ဖွင့်ပြပါသနည်း။

(ဗျာ) အပါဒါန်၏ ပြယုဂ်ဖြစ်ထိုက်သော ဓာတုဝိသေသ စသည်ကို ပြလိုသောကြောင့် ဓာတူနံ ပယောဂေ တာဝ-စသော အနုဝုတ္တိကို ဖွင့်ပြပါသည်။

၁၃၆၈။ (ပ) ပရာဇယ္ဗ-ဇိခါတ်၏ အယှဉ်၌ ကြိယာအပဂမနသတ္တိရှိသော ကာရကကိုသာ အပါဒါနသညာ မည်သင့်လျက် အဘယ့်ကြောင့် အသဟောသဒ္ဒါကို ဆိုပါသနည်း။

(ဗျာ) မာရံ ပရာဇယတိ ဗုဒ္ဓါ-စသည်တို့၌ အပါဒါန သညာကို တားမြစ်လိုသောကြောင့် ဆိုပါသည်။

၁၃၆၉။ (ပ) ဗုဒ္ဓသ္မာ ပရာဇေန္တိ၌ ဇိခါတ်သည် ကမ္မာပေက္ခဖြစ်ရကား ဗုဒ္ဓံ ပရာဇေန္တိ–ဟု ကံပုဒ်ဖြစ်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် အပါဒါန်ပုဒ်ဖြစ်ရပါသနည်း။

(ဗျာ) အပဂမနတ္ထ–ဝါစက ပရာပုဗ္ဗ-ဇိခါတ်၏ အယှဉ်ဖြစ်သော ကြောင့် အပါဒါန်ပုဒ်ဖြစ်ပါသည်။

၁၃၇၀။ (ပ) ဤ၌ ဇိခါတ်၏ အပဂမနတ္ထ–ဝါစက၏ အဖြစ်ကို အဘယ့် ကြောင့် သိနိုင်ပါသနည်း။

(ဗျာ) ပရာဇေန္တိ၌ ပရာဟူသော ဥပသာရသည် ဓာတွတ္ထဗာဓက ဖြစ်ရကား ရှုံး၏ဟူသော အနက်ကို ဟောသောကြောင့် အပဂမနတ္ထ-ဝါစက၏အဖြစ်ကို သိနိုင်ပါသည်။

၁၃၇၁။ (ပ) ဘူတ္တစ္စေတသာ ဓာတုသာ ပပုဗ္ဗသာ ပယောဂေ ယော သော အပါဒါနသညာ ဟောတိ–မျှသာဆိုကပြီးလျက် အဘယ့်ကြောင့် အစ္စန္တပဘဝေ၊ သဒ္ဒါတို့ကို ဆိုပြန်ပါသနည်း။

(ဗျာ) ဘိက္ခုသံဃသာ ပဘူ အယံ ဘာဂဝါ-စသည်တို့၌ အပါဒါန သညာကို နစ်စေလိုသောကြောင့် အစ္စန္တပဘဝေ၊ သဒ္ဒါကို ဆိုရပြန် ပါသည်။

၁၃၇၂။ (ပ) ဟိမဝတာ ပဘဝန္တိ ပဉ္စ မဟာနဒိယော၌ ဘူခါတ်သည် အာခါရ ကိုငဲ့ရကား ဟိမဝန္တသ္မိ–ဟု နေသင့်လျက် အဘယ့်ကြောင့် အပါဒါနသညာမှည့်ရပါသနည်း။

(ဗျာ) စီးသွားခြင်းအနက်ကို ဟောသော ပဟ္ဗ-ဘူဓာတ်၏ အယှဉ် ဖြစ်သောကြောင့် အပါဒါနသညာ မှည့်ရပါသည်။

၁၃၇၃။ (ပ)' အဘယ့်ကြောင့် 'ဤ၌ ဘူဓာတ်သည် အာခါရကို ငဲ့ပါ သနည်း။

(ဗျာ) ဌာနဖြစ်သော ဘဝနကြိယာသည် ဌာနီဖြစ်သော ဟိမ ဝန္တာတောင်ရှိမှသာ ဖြစ်၏။ ဌာနီဖြစ်သော ဟိမဝန္တာတောင်မရှိသော် ဌာနဖြစ်သော ဘဝနကြိယာ၏ မဖြစ်သင့်သောကြောင့် ဘူဓာတ်သည် အာခါရကို ငဲ့ပါသည်။

၁၃၇၄။ (ပ) ဥရသ္မာ ဇာတော ပုတ္တော၌ ဥရသည် အပဂမနကြိယာနှင့် စပ်ခြင်းမရှိရကား ဥရေ-ဟု အာခါရသာ ဖြစ်သင့်သည်မဟုတ်ပါ လော၊ အဘယ်သို့ အပါဒါန်ဖြစ်ပါသနည်း။

(ဗျာ) ဇာတိသည် ဂဗ္ဘဝေါက္ကန္တိဇာတိ၊ နိက္ခမနဇာတိနှစ်ပါးတွင် ဤ၌ အမိဝမ်းမှ မွေးဖွားခြင်းဟူသော နိက္ခမနဇာတိကို ယူအပ်ရကား ဌာနတော ဌာနသကန္တိဖြစ်သော အပဂမန ကြိယာကို ဟောသော ကြောင့် အပါဒါန သညာဖြစ်ပါသည်။ တနည်း—ဇာတော ဟူ သောနာမ်ပုဒ်၏ အယှဉ်ဖြစ်သောကြောင့် အပါဒါန်ဖြစ်ပါသည်။

၁၃၇၅။ (ပ) ဇာတော အရ ဂဗ္ဘဝေါက္ကန္တိကို ယူခဲ့သော် အပါဒါန် ဖြစ် မဖြစ် အကြောင်းပြ၍ဖြေပါ။

(ဗျာ)ဤသို့ယူသော် အပဂမန သတ္တိမရှိသောကြောင့် အပါဒါန် မဖြစ်သင့်ပါ။

၁၃၇၆။ (ပ) အပါဒါန် မဖြစ်ခဲ့သော် အဘယ်သညာ ဖြစ်ရပါသနည်း။ အကြောင်းပြ၍ဖြေပါ။

(ဗျာ) ဇနနကြိယာသည် အာခါရကို ငဲ့သောကြောင့် ဩကာသ သညာ ဖြစ်ရပါမည်။

၁၃၇၇။ (ပ) ဤ၌ ဇနနကြိယာသည် အဘယ့်ကြောင့် အာခါရကို ငဲ့ပါ သနည်း။

(ဗျာ) ဌာနီဖြစ်သော ဇနနကြိယာသည် ဌာနဖြစ်သော အမိဝမ်း တိုက်ရှိမှသာ ဖြစ်၏။ မရှိသော် မဖြစ်သင့်သောကြောင့် အာခါရကို ငဲ့ပါသည်။

၁၃၇၈။ (ပ) အပ သာလာယ အာယန္တိ-ဟူသော ပြယုဂ်၌ သာလပုဒ်ကို အဘယ့်ကြောင့် ကံအနက် လျဉ်းပါးသင့်ပါသနည်း။

(ဗျာ) သက္ကဋကျမ်း၌ ပရိဝဇ္ဇနတ္ထ၊ အာပုဒ်ကို ကမ္မပ္ပဝစနီယသညာဖြင့် စီရင်အပ်သောကြောင့် ကမ္မပ္ပဝစနီယယုတ္တသုဘ်အရ ကံ့အနက် လျှဉ်းပါးသင့်ပါသည်။

၁၃၇၉။ (ပ) ကမ္မပ္ပဝစနီယအယှဉ် ကံအနက် ဖြစ်ထိုက်လျက် အဘယ့်ကြောင့် အပါဒါန် ဖြင်ပါသနည်း။

(ဗျာ) သာသနာတော်ကျမ်း၌ အပပုဒ်ကို ဥပသာရ အမည်ဖြင့် စီရင်အပ်သောကြောင့် အပဂမနတ္ထ-ဝါစက အပဥပသာရနှင့် ယှဉ်ရကား အပါဒါန် ဖြစ်ပါသည်။

၁၃၈၀။ (ပ) အာဗြဟ္မလောကာ၌ အဘယ့်ကြောင့် အပါဒါန် ဖြစ်ပါသနည်း။

(ဗျာ) သာသနာတော်ကျမ်းလာ အဘိဝိဓိအနက်ရှိသော အာ-ဟူသော ဥပသာရပုဒ်နှင့် ယှဉ်သောကြောင့် အပါဒါန်ဖြစ်ပါသည်။

၁၃၈၁။ (ပ) ဥပရိ ပဗ္ဗတာ ဒေဝေါ ဝဿတိ-၌ ဥပရိပုဒ်သည် ဥပသာရ ၂၀-တွင် မပါရကား နိပါတပဒဟု မှတ်ရအံ့လော၊ ဥပသာရပဒဟု မှတ်ရအံ့လော၊ အကြောင်းနှင့်တကွ ဖြေပြပါ။

(ဗျာ) ဥပသဂ္ဂယောဂ ဥဒါဟရဏ်ကို ပြဆိုသောအရာဖြစ်သောကြောင့် နိပါတ်မဟုတ်၊ ဥ-ဟူသော ပရိဟူသော ဥပသာရပုဒ် နှစ်ခုအပေါင်းဟူ၍ မှတ်ရမည်။

၁၃၈၂။ (ပ) ဥပရိပုဒ်သည် နိပါတပဒဖြစ်ခဲ့သော် အဘယ်သို့ ပါဌ်နေရမည်နည်း။

(ဗျာ) ဥပရိ ပဗ္ဗတဿ-ဟူ၍ရှင်း၊ ဥပရိ ပဗ္ဗတေ-ဟူ၍ရှင်း နေရမည်။

၁၃၈၃။ (ပ) ဗုဒ္ဓသ္မာ ပတိ၌ ပတိ-ဟူသော ကမ္မပ္ပဝစနီယအယှဉ်ဖြစ်ရကား ဗုဒ္ဓံ ပတိ-ဟု ကမ္မတ္ထနှင့် နေသင့်လျက် အဘယ့်ကြောင့် ဗုဒ္ဓသ္မာ ပတိ-ဟု နေပါသနည်း။

(ဗျာ) ပတိဘာဂ သဒိသအနက်ကို ဟောသော ပတိ ဟူသော ဥပသာရ၏အယှဉ်ဖြစ်သောကြောင့် ကမ္မတ္ထကိုမြစ်၍ ဗုဒ္ဓသ္မာ ပတိ-ဟု အပါဒါန်နှင့် နေပါသည်။

၁၃၈၄။ (ပ) အာဒိဂ္ဂဟဏေန ကာရကမဇ္ဈေပိ၌ ကာရကမဇ္ဈေ-ဟုသာ ရှိရကား ကာရကနှစ်ပါးတို့၏ အလယ်သာ ရသင့်လျက် အဘယ့်ကြောင့် ကြိယာနှစ်ပါးတို့၏အလယ် ဖြစ်သင့်ပါသနည်း။

(ဖြေ) ကာရကပုဒ်၏ ဇနကာံ ကာရကော-ဟု ဘာဝသာဓနလည်း ဖြစ်ကောင်းသောကြောင့် ကြိယာနှစ်ပါးတို့၏ အလယ်ဟူသော အနက်လည်း ဖြစ်သင့်ပါသည်။

စ၃၀၅။ (ပ) ပဋ္ဌမိဝိဘတ္တိ ယောဇိ-ဟု ဆိုရာ၌ အာဒိသဒ္ဒါဖြင့် ပဋ္ဌမိဝိဘတ် သက်ရမည်လော။ သို့မဟုတ် အပါဒါနသညာပင် မှည့်ရမည်လော၊ အသို့ မှတ်ရအံ့နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) အကျိုးဖြစ်သော ပဋ္ဌမိဝိဘတ်၏ ပဋ္ဌမိဝိဘတ္တိ-ဟူသော အမည်ကို အကြောင်းဖြစ်သော အပါဒါနသညာ၌ တင်စား၍ အကြောင်းဖြစ်သော အပါဒါနသညာကို ပဋ္ဌမိဝိဘတ္တိ-ဟု ဖလူပစာရဖြင့် ဆိုသောစကားဖြစ်သောကြောင့် အပါဒါနသညာ မှည့်ရမည်ဟု မှတ်၊ နိအလို။ တနည်း-အာဒိဂ္ဂဟဏေန ကာရကမဇ္ဈေပိ-ဟုဆိုသောကြောင့် အပါဒါနသညာလည်းမှည့်။ ပဋ္ဌမိဝိဘတ်လည်း သက်ရမည်ဟု မှတ်၊ ဝဏ္ဏနာ-အလို။

၁၃၀၆။ (ပ) ကာရကမဇ္ဈေပိ၌ အဘယ်ကာရကတို့၏ အလယ် အဘယ်ပုဒ်တို့ကို အပါဒါနသညာ မှည့်ရပါမည်နည်း။ အမှတ်မရှိ မှည့်လိုတိုင်း မှည့်ရမည်လော။

(ဖြေ) အပါဒါနကာရက၊ ကမ္မကာရက နှစ်ပါးတို့၏ အလယ် ကာလဝါစီ၊ အဒ္ဓဝါစီပုဒ်တို့ကို မှည့်ရမည်၊ နျာ၊ ရူအလို။

တနည်း—ကတ္တုန္နံ ကတ္တုကမ္မာနံ၊ ကမ္မာပါဒါနသတ္တိနံ။
ကမ္မောကာသကြိယာနဉ္စ၊ ကာလဒ္ဓာ ဒီပိတာ မဇ္ဈေ—

ဟူသော ဂါထာအရ (က) ကတ္တုကာရကနှစ်ပါးတို့၏အလယ်၌၎င်း၊ (ခ) ကတ္တုကာရက၊ ကမ္မကာရက နှစ်ပါးတို့၏ အလယ်၌၎င်း၊ (ဂ) ကမ္မကာရက၊ အပါဒါနကာရကနှစ်ပါးတို့၏ အလယ်၌၎င်း၊ (ဃ) ကမ္မကာရက၊ ဩကာသကာရက နှစ်ပါးတို့၏ အလယ်၌၎င်း ကာလဝါစီ၊ အဒ္ဓဝါစီပုဒ်တို့ကို မှည့်ရပါမည်။ နိ၊ ဝဏ္ဏနာတို့ အလို။

၁၃၀၇၊ (ပ) ဤ၌ ဖြစ်သင့်သော ကာရကမဇ္ဈတို့၏ ဥဒါဟရဏ်ဘနံစီမျှ ထုတ်ပြခဲ့ပါ။

(ဖြေ) က-လုဒ္ဒကော ပက္ခသ္မာ ပက္ခေ ဝိဇ္ဈတိ မိဂံ။ ကတ္တုကာရကမဇ္ဈ။ ခ-လုဒ္ဒကော ပက္ခသ္မာ မိဂံ ဝိဇ္ဈတိ။ ကတ္တု၊ ကမ္မ ကာရကမဇ္ဈ။ ဂ-လုဒ္ဒကော ဂေဟတော ပက္ခသ္မာ မိဂံ ဝိဇ္ဈတိ။ အပါဒါန၊ ကမ္မကာရကမဇ္ဈ။ ဃ-လုဒ္ဒကော မိဂံ ပက္ခသ္မာ ဂေဟေ ဝိဇ္ဈတိ။ ကမ္မ၊ ဩကာသ ကာရကမဇ္ဈ။

၁၃၈၈။ (ပ) ကြိယာမဇ္ဈအရ အဘယ်ကြိယာတို့၏ အလယ်ဟု မှတ်ရမည်နည်း၊ ဥဒါဟရဏ်နှင့်တကွ ပြပါ။

(ဗျာ) လုဒ္ဒကော အဇ္ဇ ဝိဇ္ဈိတွာ ပက္ခသွာ ဝိဇ္ဈတိ မိဂံ–၌ ဝိဇ္ဈိတွာ-ဟူသော ပုဗ္ဗ ကာလ ကိတ်ကြိယာ၊ ဝိဇ္ဈတိ-ဟူသော အပရကာလ အာချာတ် ကြိယာနှစ်ပါးတို့၏ အလယ်၌ အပါဒါနသညာ မှည့်ရမည်ဟု မှတ်ပါလေ။

၁၃၈၉။ (ပ) အဘယ့်ကြောင့် ဤ၌ ပက္ခပုဒ်သည် သတ္တမီပသင်္ဂဖြစ်ပါသနည်း။

(ဗျာ) ပက္ခပုဒ်၏ ကာလကို ဟောသောကြောင့် ကာလဘာဝေသု စ-ဟု ဆိုရကား သတ္တမီပသင်္ဂ ဖြစ်ပါသည်။

၁၃၉၀။ (ပ) ဤ၌ အာဒိသဒ္ဒါဖြင့် အဘယ်ကို တားမြစ်ပါသနည်း။
(ဗျာ) ကာလဘာဝေသု စ- သုတ်ကို တားမြစ်ပါသည်။

၁၃၉၁။ (ပ) အပိဂ္ဂဟာဓော နိပါတပယောဂေပိ ပဉ္စမီဝိဘတ္တိပိ ဟောတိ၊ ဒုတိယာစ တတိယာစ-ဟူသော ပါဌ်၌ အပါဒါနသညာ၊ ဝိဘတ္တိဝိဓိ နှစ်ပါးတွင် အဘယ်ဟု မှတ်ရအံ့နည်း။

(ဗျာ) ဖလူပစာရအားဖြင့် ဆိုသော စကားဖြစ်သောကြောင့် အပါဒါနသညာ မှည့်ရမည်ဟု မှတ်။ တနည်း –အပိသဒ္ဒါ၏ မုချကျိုး၊ ပရမ္ပရကျိုး၊ နှစ်ပါး ဖြစ်သင့်သောကြောင့် အပါဒါနသညာ၊ ဝိဘတ္တိဝိဓိ နှစ်ပါးလုံးပင် မှတ်ရမည်။

၁၃၉၂။ (ပ) ဖလူပစာရ ဆရာအလို အဘယ်သုတ်ဖြင့် ဒုတိယာ၊ တတိယာ ဝိဘတ်သက်ရမည်နည်း။

(ဗျာ) တတိယာ သတ္တမီနဉ္စ-သုတ်၌ စသဒ္ဒါဖြင့် ဒုတိယာဝိဘတ်၊ ကတ္တရိစ- သုတ်၌ စသဒ္ဒါဖြင့် တတိယာ ဝိဘတ်သက်ရမည်ဟု မှတ်။

၁၃၉၃။ (ပ) နိပါတပယောဂေပိ၌ ဖြစ်သင့်သော နိပါတအရကို ပြခဲ့ပါ။

(ဗျာ) အပါဒါန်ဖြစ်ထိုက်သော ရဟိတာ၊ ရိတေ၊ ဝိနာ၊ နာနာ၊ ပုထု၊ ယာဝ–စသော နိပါတ်တို့ ရ၏။

၁၃၉၄။ (ပ) ရဟိတာ မာတုဇာ၌ ကမ္မပ္ပဝစနီယ ယုတ္တာဖြစ်ရကား အပါဒါန်မဖြစ်သင့် မဟုတ်လော၊ အဘယ့်ကြောင့် အပါဒါန်ဖြစ်ပါသနည်း။

(ဖြေ) ရဟိတာ- ဟူသော နိပါတ်၏ အယှဉ်ဖြစ်သောကြောင့် အပါဒါန်ဖြစ်ပါသည်။

၁၃၉၅။ (ပ) စဂ္ဂဟာဏေန အညတ္ထာပိဠ-အညအပါဒါန်၊ အညအရတို့ကို ပြခဲ့ပါ။

(ဖြေ) ၁—ဓာတုယောဂ၊ ၂— နာမယောဂ၊ ၃—ဥပသဂ္ဂယောဂ၊ ၄—ကာရကမဇ္ဈ၊ ၅—ရဟိတာ-စသော နိပါတယောဂတို့ကား အညအပါဒါန်။ ပဘုတိယောဂ၊ ပဘုတျတ္ထယောဂ၊ ဟေတွတ္ထယောဂတို့ကား အညအရ ဖြစ်ကြပါသည်။

၁၃၉၆။ (ပ) ပဘုတိ-ဟူသည် နိပါတ်ပင် ဖြစ်ရကား အပိသဒ္ဒါဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် စသဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဖြေ) ပဘုတျတ္ထယောဂ၊ ဟေတွတ္ထယောဂတို့၌လည်း အပါဒါနသညာကို ပြလိုသောကြောင့် စသဒ္ဒါကို ဆိုပြန်ပါသည်။

၁၃၉၇။ (ပ) အပိသဒ္ဒါ အပါဒါန်နှင့် စသဒ္ဒါ အပါဒါန်နှစ်ပါးတို့ အထူးကို ပြခဲ့ပါ။

(ဖြေ) အပိကား နိပါတယောဂအပါဒါန်၊ စသဒ္ဒါကား ပဘုတျာယောဂ၊ ပဘုတျတ္ထယောဂ၊ ဟေတွတ္ထယောဂအပါဒါန်။ ဤသို့ ထူးကြ၏။

၁၃၉၈။ (ပ) ယသ္မာ ဒပေတိ၊ ဓာတုနာမာနံ နှစ်သုတ်တို့၏ အပါဒါနသညာထူးပုံကို ပြခဲ့ပါ။

(ဖြေ) ရှေ့သုတ်ကား လျဉ်းပါးရန်မရှိသော နိပသင်အရာ၌ အပါဒါန်မှည့်သည်။ ဤသုတ်ကား လျဉ်းပါးရန်ရှိသော သပသင်အရာ၌ အပါဒါန်မှည့်သည်။ တနည်း- ရှေ့သုတ်ကား သဒ္ဒတ္ထအရာ၌သာ အပါဒါန် သညာပြုသည်။ ဤသုတ်ကား သဒ္ဒ၊ အတ္ထ၊ သဒ္ဒတ္ထသုံးပါးလုံးတို့၌ အပါဒါနသညာပြုသည်။

၁၃၉၉။ (ပ) ဤသုတ်-သုတ်လုံး၊ သုတ်စွန်းတို့ဖြင့် မှည့်အပ်သော အပါဒါနသညာတို့ကို ပြခဲ့ပါ။

(ဖြေ) သုတ်လုံး၁—ဓာတုယောဂ၊ ၂—နာမယောဂ၊ ၃—ဥပသဂ္ဂယောဂ ါပါဒါန။ သုတ်စွန်း၁—ကာရကမဇ္ဈ၊ ၂—နိပါတယောဂ၊ ၃—ပဘုတိယောဂ၊ ၄—ပဘုတျတ္ထယောဂ၊ ၅—ဟေတွတ္ထယောဂ အပါဒါန်တို့ ဖြစ်ပါသည်။

## ၃။ ရက္ခနတ္ထာနမိဿိတံ

၁၄၀၀။ (ပ) ရက္ခနတ္ထာနံ-ဟူသောပုဒ်ကို ဖြစ်သင့်သလို၊အစိတ်အပေါင်း ဝိဂြိုဟ်ဆို၍ အရကောက်ပြပါ။

(ဖြေ) ရက္ခိယတေ ရက္ခနံ၊ ဘာဝသာဓန-အစိတ်ဝိဂ္ဂဟ။ စောင့်ခြင်း ကြိယာကိုရ၏။ ရက္ခနံ အတ္ထော ယေသန္တေတိ ရက္ခနတ္ထာ။ တေဂုတ္တိဗဟုဗ္ဗီဟိသမာသ-အပေါင်းဝိဂ္ဂဟ။ အရကား ရက္ခ၊ ပါလ၊ ပါ၊ ဂုပ၊ တာ၊ အာ-စသော ဓာတ်တို့ကို ရ၏။ တနည်း- ရက္ခိတဗ္ဗာတိ ရက္ခနာ။ ကမ္မသာဓန-အစိတ်ဝိဂ္ဂဟ။ စောင့်အပ်သော ဆန်၊ ကြီး-စသော ကာရကရ၏။ ရက္ခနာဒေ အတ္ထာ ရက္ခနတ္ထာ၊ အာဓာရဏကမ္မဓာရယသမာသ၊ အပေါင်းဝိဂ္ဂဟ။ ဆန်၊ ကြီး-စသော ကာရကပင်ရ၏။

၁၄၀၁။ (ပ) ဓောက်သုတ်ဖြင့်ပင် ကာကေ ရက္ခန္တိ တဏ္ဍုလာ-စသော ပြယုဂ်တို့ ပြီးသင့်ရကား ဤသုတ်ကို မထည့်သင့်ပင် မဟုတ်သော၊ အဘယ့်ကြောင့် ထပ်၍ တဖန်ထည့်ပြန်ပါသနည်း။

(ဖြေ) ရက္ခနတ္ထဖြစ်သော ဓာတ်အထူးနှင့်ယှဉ်ရာ၌ ဣစ္ဆိတ၊ အနိစ္ဆိတ နှစ်ပါးတွင် ဣစ္ဆိတကာရကာ၏ အပါဒါနသညာကို သိစေလိုသောကြောင့် ထပ်၍ထည့်ပါသည်။

၁၄၀၂။ (ပ) ဤသုတ်ကို ရက္ခနတ္ထာနံ-မျှသည်က ပြီးသင့်လျက် အဘယ့်ကြောင့် ရက္ခနတ္ထာနမိဿိတံ-ဟု ထည့်ပါသနည်း။

(ဖြေ) ဣစ္ဆိတကာရက၌သာ အပါဒါန သညာဖြစ်၏ဟူသော အနက်ကိုသိစေလိုသောကြောင့် ရက္ခနတ္ထာနမိဿိတံ-ဟု ထည့်ပါသည်။

၁၄၀၃။ (ပ) ကာကေ ရက္ခန္တိ တဏ္ဍုလာ-ပြယုဂ်၌ ရက္ခဓာတ်၏ အယှဉ်ဖြစ်၍ အပါဒါန သညာသင့်စေတော့၊ ယပါင်ရှိသေမစ္ဆိ၌ အဘယ့်ကြောင့် အပါဒါနသညာ ဖြစ်သင့်ပါသနည်း။

(ဖြေ) မြစ်ခြင်းသည်လည်း ရက္ခနပင် မည်သောကြောင့် အပါဒါနသညာ ဖြစ်သင့်ပါသည်။

၁၄၀၄။ (ပ) ကာကေ ရက္ခန္တိ တဏ္ဍုလာ-စသည်တို့၌ တဏ္ဍုလ-စသည်၏ ဣစ္ဆိတအဖြစ် သင့်တန်စေ၊ ပါပါ စိတ္တံ နိဝါရယေ၊ ကုပါ အန္တံ နိဝါရယေ-စသော ပြယုဂ်တို့၌ ပါပ၊ ကုပ-တို့သည် အနိစ္ဆိတပင် မဟုတ်လော၊ အဘယ့်လျှင် ဣစ္ဆိတအပါဒါန်ဖြစ်ပါသနည်း။

(ဖြေ) ပါပ၏ အကြောင်းဖြစ်သော သုဘ စသောအာရုံ၊ တွင်း၌ရှိသော ရေတို့ကို စိတ်၊ သူကန်းတို့သည် အလိုရှိအပ်သောကြောင့် ဣစ္ဆိတအပါဒါန်ဖြစ်ပါသည်။

၁၄၀၅။ (ပ) ဤသုတ်သို့ အောက်သုတ်မှ စသဒ္ဒါ လိုက်သင့်၊ မလိုက်သင့် ဆုံးဖြတ်ခဲ့ပါ။

(ဖြေ) နျာ၊ နိတ္တိအလို-မလိုက်သင့်ပါ။ရူ,နိတိတို့အလို လိုက်သင့်၏။

၁၄၀၆။ (ပ) လိုက်သော သမုစ္စယစသဒ္ဒါဖြင့် အဘယ်ကို ဆည်းပါသနည်း။

(ဖြေ) ပါပါ စိတ္တံ နိဝါရယေ၊ ရာဇံဝတာဝါ-စသော အနိစ္ဆိတ အရာ၌လည်း အပါဒါန် သညာကို ဆည်းပါသည်။

မှတ်ချက်။ ။နိဒ္ဒေသဆရာကား ပါပါ စိတ္တံ-စသည်ကို ဣစ္ဆိတအပါဒါန်ဟု ဆိုသည်။ ရူပသိဒ္ဓိ သဒ္ဒနီတိကား အနိစ္ဆိတ အပါဒါန်သာဟူ၏။

---

### ၄။ ယေန ဝါ ဒဿနံ

၁၄၀၇။ (ပ) ယသ္မာ ဒပေတိ—စသော သုတ်တို့ဖြင့်ပင် အပါဒါန်သညာ ပြီးသင့်သောကြောင့် ဤသုတ်ကို မတည်ပဲ နေသင့်လျက် အဘယ့်ကြောင့် တည်ပါသနည်း။

(ဖြေ) ဇေတဝနေ အန္တရဓာယတိ-စသော ပဥ္စမျန္တ မဟုတ်သော ပြယုဂ်များ ကြွင်းကျန်ရာသောကြောင့် ထိုပြယုဂ်တို့ကို သိမ်းယူစေလို ရကား ထပ်၍ ဤသုတ်ကို တည်ပါသည်။

၁၄၀၈ (ပ) ဤသုတ်၌ အဒဿနိစ္ဆာ၏ အဓိပ္ပာယ်ကို ပြခဲ့ပါ။

(ဖြေ) ကြောက်သောအားဖြင့် ဥပဇ္ဈာယ်ဆရာမှ ပုန်းကွယ်ခြင်းကို ဆိုလိုပါသည်။

၁၄၀၉။ (ပ) အဒဿနိစ္ဆာအရ ဖြစ်သင့်သော အန္တရဓာန အပြားကို ပြပြီးလျှင် ဤ၌ လိုအပ်သော အန္တရဓာနကိုလည်း ညွှန်းလိုက်ပါ။

(ဖြေ) ဘယအန္တရဓာန၊ ဣဒ္ဓိအန္တရဓာနဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ဘယအန္တရဓာနကို လိုပါသည်။တနည်း-၂ ပါးလုံးကို လိုအပ်ပါသည်။

၁၄၁၀။ (ပ) ဤသုတ်ကို ဝါဒဿနံ-ဟုသာ တည်က ပြီးသင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ယေနပဒဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) ယက္ခော တတ္ထေဝ အန္တရဓာယတိ—စသော တန်ခိုးဖြင့် ကွယ်သော အရာ၌ နတ္ထို အပါဒါန်သညာမရအပ်ဟု သိစေလိုသော ကြောင့် ယေနပုဒ်ဖြင့် အထူးပြု၍ တည်ပါသည်။

၁၄၁၁။ (ပ) ဝါတိပဒံ သတ္တမီဝိဘတျတ္ထံ၏ ပိဏ္ဍတ္ထအဖွင့်ပွားယ်ကို ပြပါ။

(ဖျာ) ဇေတဝနေ အန္တရဓာယတိ–စသောပြယောဂ်တို့၌ အပဂမန သတ္တိရှိသည်ဖြစ်၍ သုတ်လုံးဖြင့် အပါဒါနသညာမှည့်၍ ဝါသဒ္ဒါဖြင့် ပဉ္စမီအနက်၌ ဝိဘတ်သက်ရမည်ဟူလို။ ချာအလို။ တနည်း–ရင်းပြယောဂ်တို့၌ ကြဒ္ဓိအန္တရဓာန ဖြစ်သောကြောင့် ဝါသဒ္ဒါဖြင့် အပါဒါန သညာကို တားမြစ်၍ ဩကာသအနက်၌ သတ္တမီဝိဘတ်သက်ရမည် ဟူလို။ ရူ၊နီတိ။တနည်း-ရင်းပြယောဂ်တို့၌ ဤသုတ်ဖြင့် အဒဿနတ္ထ ယောဂအပါဒါန်မှည့်၍၊ ဝါသဒ္ဒါဖြင့် ပဉ္စမီဝိဘတ်ကို တားမြစ်၍ ပဉ္စမျတ္ထေစသုတ်ဖြင့် သတ္တမီသက်ရမည်ဟူလို။ နီအလို။တနည်း–သတ္တမီဝိဘတျတ္ထံ-ဟူသောစကားသည် မုချမဟုတ်၊ ဖလူပစာရဖြစ်သော ကြောင့် ဝါသဒ္ဒါဖြင့် အပါဒါန်မှည့်၍ ပဉ္စမျတ္ထေစ–သုတ်ဖြင့် သတ္တမီဝိဘတ်သက်ရမည်ဟူလို၊ အပရေဆရာအလို။

မှတ်ချက်။ ။ချာအလို–ဝါသဒ္ဒါ ဝိဓိသမုစ္စည်း။ ရူ, နီတိအလိုမှာ ဝါသဒ္ဒါ နိဝတ္တာပနအဝဓေရဏတ္ထ၊ ဝိဓိကိုမြစ်သည်။ နီအလိုမှာနိဝတ္တာပန အဝဓာရဏတ္ထ သညာကို မြစ်သည်။အပရေအလို သညာသမုစ္စည်းရှိ၏ဟုမှတ်။

၁၄၁၂။ (ပ) ဇေတဝနေ အန္တရဓာယတိ၌ ဇေတဝနေ ပုဒ်သည် အဘယ်နယ,အဘယ်ဥပစာရ ဖြစ်ပါသနည်း။ အကြောင်းပြ၍ဖြေပါ။

(ဖျာ) ဇေတဝန်ကျောင်းတော်နှင့် ရင်းကျောင်း၌ တည်သော လူကို အပြားမဲ့အားဖြင့်ဆိုသောကြောင့် အဘေဒနည်းဖြစ်ပါသည်။ဇေတဝနေသဒ္ဒါသည် ဇေတဝန်ကျောင်းတော်၌နေသော ဌာနီဖြစ်သော လူကိုဟောသောကြောင့် ဌာနူပစာသဒ္ဒါဖြစ်ပါသည်။

---

၅။ ဒူရန္တိကဒ္ဓကာလ နိမ္မာန တွာလောပ ဒိသာယောဂ
ဝိဘတ္တာရပ္ပယောဂ သုဒ္ဓပမောစန ဟေတု ဝိဝိတ္တပ္ပမာဏ
ပုဗ္ဗယောဂ ဗန္ဓန ဂုဏဝစန ပဉ္စာကထန ထောကာကတ္တုသု စ

၁၄၁၃။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖျာ) သမုစ္စယတ္ထ။ သုတ်၌လာသော အယှဉ်တို့မှ တပါးသော အယှဉ်တို့၌လည်း အပါဒါနသညာ။ ဒူရံ ဂါမံ အာဂတော-စသည်တို့၌

ဒုတိယာဝိဘတ်၊ တတိယာဝိဘတ်၊ ဆဋ္ဌီဝိဘတ်တို့ သက်ရခြင်းကို ဆည်းပါသည်။ တနည်း-ပုရိသဿ ပါဒါ ဖလိ-စသော ပြယုဂ်ဘို့၌ ဆဋ္ဌီအနက်၌ ပဉ္စမီဝိဘတ်သက်ခြင်းကို ဆည်းပါသည်။

၁၄၁၄။ (ပ) ဤသုတ်ဝယ် ဟေတုပုဒ်ဖြင့်ပင် ပုညာယ-စသော ပြယုဂ်တို့ အပါဒါနသညာ ပြီးသင့်ပါလျက် အဘယ့်ကြောင့် ဂုဏဝစနပုဒ်ကို ဆိုပြန်ပါသနည်း။

(ဗျာ) ဂုဏ်၊ ဟိတ်ကို အထူးမှတ်လိုသောကြောင့် ဂုဏဝစနပုဒ်ကို ဆိုပြန်ပါသည်။

၁၄၁၅။ (ပ) ဤ၌ တွာလောပ-ဟူသော ပဒဖြင့်ပင် အဘိဓမ္မာ ပုစ္ဆန္တိ-စသော ပြယုဂ်တို့၏ အပါဒါနသညာ ပြီးသင့်သောကြောင့် ပဉ္စကာဆနပုဒ်တို့ကို မဆိုသင့်ပြီ မဟုတ်ပါလော၊ သို့မဆိုသင့်လျက် အဘယ့်ကြောင့် ဆိုပါသနည်း။

(ဗျာ) ပဉ္စာအနက်၊ ကထန အနက်ကို ပြလိုသောကြောင့်ရင်း၊ ၎င်းအနက်တို့၌ အပါဒါနသညာ မမြဲဟူသော အနိစ္စကို ပြလိုသောကြောင့်ရင်း ပဉ္စာကထနပုဒ်တို့ကို ဆိုပါသည်။

၁၄၁၆။ (ပ) ဤသုတ်၌ ဟေတု-ဟူသောပုဒ်ဖြင့်ပင် ကမ္မဿ ကတတ္တာ-စသော ပြယုဂ်တို့ အပါဒါနသညာ ပြီးနိုင်သည် မဟုတ်သော၊ အဘယ့်ကြောင့် အကတ္တရိသဒ္ဒါကို ဆိုပြန်ပါသနည်း။

(ဗျာ) ဟေတုဖြင့် ပြီးသည်တား ကဿ ဟေတုနာ၊ ဓနေန ဟေတုနာ-စသည်ဖြင့် ရုပ်အထူးထူး အထွေထွေ ဖြစ်၏။ ဤ၌ကား ကတတ္တာ၊ ဥပစိတတ္တာ-ဟု ကေရုပ်သာဖြစ်၏ ဟူသော အနက်ထူးကို သိစေလိုသောကြောင့် အကတ္တရိသဒ္ဒါကို ဆိုပြန်ပါသည်။

၁၄၁၇။ (ပ) ကတတ္တာ-စသည်တို့သည် ဉာပကဟိတ်ဖြစ်ရကား ဉာပကဟေတွတ္ထေသု-ဟု ဆိုသင့်လျက် မဆိုမူ၍ အဘယ့်ကြောင့် အကတ္တရိဟု ဆိုပါသနည်း။

(ဗျာ) ဉာပကဟိတ် အနက်သည် ကြိယာကို ပြီးစေတတ်ရကား ကတ္တားဖြစ်ရာ၏ဟူသော မိစ္ဆာဉာဏ်ကို တားမြစ်လိုသောကြောင့် ဆိုပါသည်။

၁၄၁၈။ (ပ) ဒူရတ္ထ၌သာ အပါဒါနသညာဖြစ်သည်မဟုတ်၊ ဒူရ၊ ဒူရယောဂတို့၌လည်း အပါဒါန်ဖြစ်ရကား ဒူရန္တိ-စသည်ဖြ‌ ့ သာမညာ မတည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် သာမညာသာ ထည်ပါသနည်း။

(ဖြေ) ဒူရေ စ ဒူရယောဂေ စ ဒူရတ္တယောဂေ စာတိ ဒူရေ ဟူသော ကေသေသနယကို ပြလိုသောကြောင့် ပါ-ဒူရဒူရတ္တံ-ဟု ဆိုလိုလျက် ကေသေသနည်း၏ အစွမ်းဖြင့် ဒူရန္တိ-စသည်ဖြင့် သာမညတည်သည်။

၁၄၁၉။ (ပ) ဤ၌ ဒူရတ္တယောဂဟူသည် အဘယ်ကို ဆိုသနည်း။

(ဖြေ) အဝေးဟူသော အနက်ကိုဟောသော ဒူရ၊ အနာသန္န၊ အသန္တိက၊ အသမီပ၊ အာရကာ-စသော သဒ္ဒါတို့၏ အယှဉ်ကို ဆိုပါသည်။

၁၄၂၀။ (ပ) ဒူရာပါဒါန်၊ ဒူရယောဂါပါဒါန်၊ ဒူရတ္တယောဂါပါဒါန် တို့၏ ဥဒါဟရုဏ်တခုစီမျှ ထုတ်ပြပါ။

(ဖြေ) ဒူရာပါဒါန်ကား ဒူရတော ဝါဂမ္မ။ ဒူရယောဂါပါဒါန်ကား ကိံ ဒူရေ ဣတော နဠကာရဂါမော။ ဒူရတ္တယောဂါပါဒါန်ကား အာရကာ တေ မောဃပုရိသာ ဣမမှာ ဓမ္မဝိနယာ-ဟူသည်တို့တည်း။

၁၄၂၁။ (ပ) အန္တိကတ္တ ယောဂ-ဟူသည် အဘယ်ကို ဆိုပါသနည်း။

(ဖြေ) အန္တိကအနက်ကိုဟောသော အာသန္န၊ သမီပ၊ သန္တိက စသော သဒ္ဒါတို့၏ အယှဉ်ကို ဆိုပါသည်။

၁၄၂၂။ (ပ) အဒ္ဓနိမ္မာန၊ ကာလနိမ္မာနတို့၏ ဝိဂ္ဂဟကို ပြခဲ့ပါ။

(ဖြေ) ရှည်သော ခရီးကို ပိုင်းခြားခြင်းကို အဒ္ဓနိမ္မာန၊ အတိတ်စသော ကာလကို ပိုင်းခြားခြင်းကို ကာလနိမ္မာနဟု ဆိုပါသည်။

၁၄၂၃။ (ပ) ဣတော မဓုရာယ စတူသု ယောဇနေသု သင်္ကဿံ နာမ နဂရံ အတ္ထိ၌ အဒ္ဓနိမ္မာန ဖြစ်ပုံကို ပြခဲ့ပါ။

(ဖြေ) ယောဇနေသုဟူသော အခွင့်ကို စတူသု ဟူသော လေးခုသင်္ချာဖြင့် ပိုင်းခြားသည် ဟူလို။

၁၄၂၄။ (ပ) တွာလောပေပုဒ်၌ တွာပစ္စည်းကျေသော အရာ ဌာနကို တွာလောပ-ဟု ယူရမည်လော၊ အဘယ်ကို တွာလောပ-ဟု ယူရပါမည်နည်း။

(ဖြေ) တွာပစ္စည်းကျေသော အရာဌာနကို မယူရပါ။ တွာပစ္စည်း အဆုံးရှိသော သဒ္ဒါ၏ အနက်ဖြစ်သင့်ပါလျက် တွာပစ္စယန္တပုဒ် ထင်ရှားမရှိခြင်း၊ မမြင်ခြင်း၊ မပါရှိခြင်းကိုပင် တွာလောပဟု ယူရပါမည်။

**မှတ်ချက်။** ။တွာပစ္စယန္တပုဒ်၏ အနက်ကား ဖြစ်သင့်၏။ တွာပစ္စယန္တပုဒ်ကား မပါမရှိဟူလို။

၁၄၂၅။ (ပ) တဒ္ဒလောပေ ကမ္မာဓိကရဏေသု- ဟူသော ပုဒ်၏ ပိဏ္ဍတ္ထကို ရေးပြပါ။

(ဖြေ) အကြင်ပါသာဒ -စသော ပုဒ်သည် တဒ္ဓပစ္စည်းသဒ္ဒါ ပါခဲ့သော်ပါသာဒံ-ဟု ကံသော်ရှင်း၊ အာသနေ-ဟု အာဓာရသော်ရှင်း ဖြစ်ထိုက်၏။ ဖြစ်ရမည်။ တဒ္ဓပစ္စယန္တသဒ္ဒါမပါခဲ့သော် ကံ၊ အာဓာရ ဖြစ်ထိုက်သော ထိုပါသာဒစသော ပုဒ်တို့သည် အပါဒါန် ဖြစ်ရမည် ဟူလို။

၁၄၂၆။ (ပ) အဝိစိတော ယာဝ ဥပရိ ဘဝဂ္ဂံ-ဟူသော ပြင်္ဂ၌ ဥပရိ ပဒ္ဓ တာ ဒေဝေ ဝဿတိ-၌ကဲ့သို့ ဥပသဂ္ဂယောဂအပါဒါန်ဟု ဆိုသင့်မည်လော။ ဆိုသင့်၊ မဆိုသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) ဤ၌ ဥပရိသည် ဥပသာရပုဒ်အပေါင်းမဟုတ်၊ ဒိသတ္ထဝါစီ နိပါတ်ပုဒ် ဖြစ်သောကြောင့် ဥပသဂ္ဂယောဂအပါဒါန်ဟု မဆိုသင့်ပါ။

၁၄၂၇။ (ပ) ဤ၌ အဝိစိတော အပါဒါန်နှင့်အောက်-နိပါတ ယောဂ အပါဒါန်တို့၏ ထူးပြပါ။

(ဖြေ) အရပ်မျက်နှာ ဟောသော နိပါတ်တို့နှင့် ယှဉ်ရာ၌ကား ဒိသတ္ထ အပါဒါန်။ ကင်းခြင်း စသော အနက်တို့ကို ဟောသော နိပါတ် တို့နှင့် ယှဉ်ရာ၌ကား နိပါတယောဂအပါဒါန်။ တနည်း- ဒိသတ္ထအပါ ဒါန်ကား လျဉ်းပါးရန်မရှိ။ နိပါတယောဂ အပါဒါန်ကား လျဉ်းပါး ရန်ရှိ၏။ ဤသို့ ထူးကြသည်။

၁၄၂၈။ (ပ) ဝိဘတ္တေပုဒ်၌ ဝိဘဇနအပြားကို ပြပြီးလျှင် ဤ၌ အဘယ် ဝိဘဇနကို ယူရမည်နည်း။

(ဖြေ) အဝိဘတ္တိဝိဘဇန၊ ဝိဘတ္တိဝိဘဇန- ဟူ၍ နှစ်ပါးပြား၏။ ဤ၌ ဝိဘတ္တိဝိဘဇနကို ယူရမည်။

၁၄၂၉။ (ပ) အဘယ်သည် အဝိဘတ္တိဝိဘဇနမည်၍ အဘယ်သည် ဝိဘတ္တိ ဝိဘဇနမည်ပါသနည်း၊

(ဖြေ) ဓာတ်စသည်တို့ဖြင့် တပေါင်းတည်းအဖြစ်သို့ ရောက်သော အနက်ကို ဂုဏ်၏ အစွမ်းဖြင့် အသီးပြုခြင်း၊ ခွဲဝေခြင်းသည် အဝိဘတ္တိ ဝိဘဇနမည်၏။ ကွဲပြားပြီးသားဖြစ်သော အနက်ကို ဂုဏ်၏ အစွမ်းဖြင့် အသီးပြုခြင်း ခွဲဝေခြင်းသည် ဝိဘတ္တိဝိဘဇနမည်ပါ၏။

၁၄၃၀။ (ပ) ထိုနှစ်ပါးတွင် အဝိဘတ္တိဝိဘဇနသည် အဘယ်သဘောကားရှိ၍ အဘယ်၌သာ ရအပ်ပါသနည်း။

(ဖြေ) နိဒ္ဒါရဏ လက္ခဏာဇရှိ၍ အကာရက အရာ၌သာ ရအပ်ပါသည်။

၁၄၃၁။ (ပ) ဂါမဓမ္မာစသော ပြယုဂ်တို့သည် အာရတိသဒ္ဒါ၏ အယှဉ်ဖြစ်ရကား အာရတိပဝ္စယောဂ၊ အာရတ္တိပဝ္စယောဂေ-ဟူ၍ သုတ်၌ရင်း၊ ဝုတ္တိ၌ရင်း ဆိုသင့်လျက် အဘယ့်ကြောင့် အာရပဝ္စယောဂေ-ဟူ၍ တိအက္ခရာကို ချန်၍ ဆိုပါသနည်း။

(ဖြေ) သုခုစ္စာရဏ ဖြစ်စေလိုသောကြောင့် တိကိုချေ၍ အာရပဝ္စယောဂေ-ဟု ဆိုပါသည်။

၁၄၃၂။ (ပ) ဟေတွတ္ထေ၌ ဇနကစသော ဟိတ်သုံးပါးတွင် လိုအပ်သော ဟိတ်အရပြုပြီးလျှင် ဟေတွတ္ထ၏ လိုရင်းအဓိပ္ပာယ်ကို ပြပါ။

(ဖြေ) ဟိတ်သုံးပါးတွင် ဇနကဟိတ်ကို လိုအပ်ပါသည်။ ဟေတုယောဂေ ါစ ဟေတွတ္ထောစာတိ ဟေတွတ္ထော-ဟု ကေ သေသဖြင့် ယူအပ်သောကြောင့် ဟေတုယောဂ၊ ဟေတွတ္ထနှစ်ဌာနတို့၌ အပါဒါန်သညာ မှည့်ရမည်ဟူလို။

၁၄၃၃။ (ပ) ပမာဏတ္ထေ၌ ပမာဏတ္ထ အရ အဘယ်တို့ကို ယူရမည်နည်း။

(ဖြေ) ဒီဃ၊ အာယာမ၊ တိရိယ-စသော ပမာဏတ္ထဝါစက သဒ္ဒါတို့ကို ယူရမည်။

၁၄၃၄။ (ပ) နဝသဲ့ချာသဒ္ဒါလည်း ပမာဏတ္ထ ဝါစက သဒ္ဒါဖြစ်ပါလျက် အဘယ့်ကြောင့် ဤ၌ မယူပါသနည်း။

(ဖြေ) အက္ခရာ အရေအတွက် နှစ်လုံးသာဖြစ်၍ နည်းသောကြောင့် မယူရပါ။

၁၄၃၅။ (ပ) ပုဗ္ဗယောဂေ၌ သာမညဆိုသောကြောင့် ပုဗ္ဗသဒ္ဒါ ဟူသမျှ ယူရတော့မည်လော၊ အဘယ်ပုဗ္ဗသဒ္ဒါကို ယူရမည်နည်း၊ အကြောင်းပြ၍ ဖြေဆိုပါ။

(ဖြေ) အရပ်မျက်နှာဟော- ဒိသတ္တဝါစီ ပုဗ္ဗသဒ္ဒါကား ဒိသတ္တေ၌ ဝင်ပြီးဖြစ်သောကြောင့် ဤ၌ ရှေးဦးဟူသောအနက်ကို ဟောသော ကာလတ္တဝါစီပုဗ္ဗသဒ္ဒါကိုသာ ယူရမည်။

၁၄၃၆။ (ပ) ပုဗ္ဗယောဂေ၌ ရသင့်၊ ယူသင့်သော သဒ္ဒါစုကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဖြေ) ပုဗ္ဗယောဂေသဒ္ဒါသည် ဥပလက္ခဏ နည်းပြဖြစ်သောကြောင့် ပရ၊ အပရ၊ ဥတ္တရိ-စသော သဒ္ဒါတို့ကိုလည်း ရသင့် ယူသင့်ပါသည်။

၀၄၃၇။ (ပ) ဂုဏာဝစနေ၌ ဂုဏာဝစနဟူသည် အဘယ်ကို ဆိုပါသနည်း။
(ဗျာ) အကျိုးပြီးခြင်း၏ အကြောင်းဖြစ်သော ကျေးဇူးကို ဆိုခြင်းကို ဂုဏာဝစန-ဟု ဆိုလိုသည်။

၀၄၃၈။ (ပ) တ္တာလောပ အပါဒါန်နှင့် ပဉ္စာကာထန အပါဒါန်တို့၏ အထူးကို ပြခဲ့ပါ။
(ဗျာ) တ္တာလောပကား ပဉ္စမီဝိဘတ် မြဲသောကြောင့် နိစ္စ။ ပဉ္စာကာထနကား- ပဉ္စမီဝိဘတ်မမြဲသောကြောင့်အနိစ္စ။ တနည်း-တ္တာလောပကား သဒ္ဒတ္ထအပါဒါန်တပါးသာရ၏။ ပဉ္စာကာထနကား အတ္ထ၊ သဒ္ဒတ္ထ အပါဒါန်နှစ်ပါးရ၏။ ဤကား အထူး။

၀၄၃၉။ (ပ) ထောကာ မုစ္စတိ-စသော ပြယုဂ်တို့သည် ပမောစနတ္ထဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ထောကပုဒ်ကို ဆိုပြန်သနည်း။
(ဗျာ) ဒြပ်ကို မဟောရာ၌ ပဉ္စမီဝိဘတ် မမြဲသည်၏ အဖြစ်ကို ပြလိုသောကြောင့် ဆိုပြန်ပါသည်။

၀၄၄၀။ (ပ) က—ပမောစနတ္ထ၊ ခ-ထောကတ္ထ အပါဒါန် နှစ်ပါးတို့၏ အထူးကို ပြပါ။
(ဗျာ) က-ပဉ္စမီ ဝိဘတ်မြဲရကား နိစ္စ။ ခ-ပဉ္စမီဝိဘတ် မမြဲရကား အနိစ္စ။ တနည်း- (က) သဒ္ဒတ္ထ၌သာ ရ၏။ (ခ) အတ္ထ, သဒ္ဒတ္ထနှစ်ပါးတို့၌ ရ၏။ တနည်း- (က) ဒြပ်စသည်ကို ဟောသော ပမောစနတ္ထယောဂတို့၌ အပါဒါန်သညာပြုသည်။ (ခ) ဒြပ်ကို မဟောသော ထောကတ္ထ၌ အပါဒါန်သညာပြုသည်။ ဤကားအထူး။

၀၄၄၁။ (ပ) အကတ္တရိ၌ အသည် ပဋိသေဓစသောအနက်တို့တွင် အဘယ်အနက်ဟော ဖြစ်ပါသနည်း။
(ဗျာ) ရှုအလို-ပဋိသေဓဝါစက၊ နိအလို-အညဝါစက၊ ဗားကရာဆရာတော်အလို-အတူဟော သဒိသဝါစကဖြစ်ပါသည်။

၀၄၄၂။ (ပ) ကမ္မတော ဟောတိ စက္ခုဝိညာဏံ-မျှသာထုတ်က ဉာပကဟိတ်အဖြစ်ပြီးလျက် အဘယ့်ကြောင့် ကမ္မဿ။ လ။ စက္ခုဝိညာဏံ-ဟု ထုတ်ဆောင်ပါသနည်း။
(ဗျာ) ဗလဝကုသိုလ်ကံကြောင့်သာ စက္ခုဝိညာဏ်ဖြစ်၏။ ဒုဗ္ဗလကုသိုလ်ကံကြောင့် စက္ခုဝိညာဏ် မဖြစ်နိုင်ဟူသော အနက်ကို သိစေလိုသောကြောင့် ထုတ်ဆောင်ပါသည်။

၀၄၄၃။ (ပ) စဂ္ဂဟဏေန သေသေသုပါဌ်၌ (က) သေသ အပါဒါန်၊ (ခ) သေသအရတို့ကို ပြခဲ့ပါ။

(ဗျာ) (က) ဆိုခဲ့ပြီးသော ဒုရ, ဒုရတ္တ အယှဉ်စသည်တို့ကို ရ၏။ (ခ) ဒုရစသော အယှဉ်တို့မှ တပါးသော ဓာတုယောဂ-နာမယောဂ စသည်တို့ ရ၏။

---

## ၆။ ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ

၁၄၄၄။ (ပ) သမ္ပဒါနဟူသောပုဒ်၏ ဖြစ်သင့်သော ဝစနတ္ထ၊ သမ္ပဒါန် မည်ခြင်း၏ အကြောင်း၊ သမ္ပဒါန်၏သချုပ်သကောင်တို့ကို ထုတ်ဆောင်၍ ပြခဲ့ပါ။

(ဗျာ) သမ္ပဇ္ဇ အဿ အာဒဒါတီတိ သမ္ပဒါနံ။ သမ္ပဇ္ဇ အဿ ဒဒါတီတိ သမ္ပဒါနံ။ သမ္မာ ပကာရေန ဒီယတေ ယဿာတိ သမ္ပဒါနံ။ ဤကား ဝစနတ္ထ။ သမ္ပဒါနသာဓန။ ကပ်၍ယူရာ၊ ဝါ-ကပ်၍ ပေးရာဖြစ်သော ကြောင့်ရင်း၊ ကောင်းစွာအပြားအားဖြင့် ပေးရာဖြစ်သောကြောင့်ရင်း သမ္ပဒါန် မည်ပါသည်။ သချုပ်ကား ပဋိဂ္ဂါဟက သတ္တိဘည်း။

၁၄၄၅။ (ပ) အဘယ်သို့ ပေးသည်ကို သမ္မာဒါန၊ ပကာရဒါန-ဟု မှတ်ရမည်နည်း။

(ဗျာ) ပူဇော်လို-ချီးမြှောက်လို၍ ပေးသည်ကို ကောင်းစွာ ပေးသည်ဟု မှတ်။ ဥစ္စာရှင်အဖြစ်သို့ ရောက်အောင် အပိုင်ပေးသည်ကို ပကာရဒါနဟု မှတ်ရမည်။

၁၄၄၆။ (ပ) သမ္ပဒါန်၏ အင်္ဂါ၊လက္ခဏာတို့ကို ပြခဲ့ပါ။

(ဗျာ) ပဌမ ဝိကပ်အလို-ပေးသော သူ၏ဥစ္စာကို ကပ်၍ ယူသည် ဖြစ်စေ အင်္ဂါတပါးသာ။ တတိယဝိကပ်အလို-ပူဇော် ချီးမြှောက်လို၍ ပေးသည်ဖြစ်စေ၊ ဥစ္စာရှင်ဖြစ်အောင် အပိုင်ပေးသည်ဖြစ်စေ အင်္ဂါ နှစ်ပါး။ ပဋိဂ္ဂါဟက လက္ခဏာရှိပါသည်။

၁၄၄၇။ (ပ) ပဋိဂ္ဂါဟက အပြားကို ပြပြီးလျှင် အဘယ်အရာဌာနတို့၌ အဘယ်ပဋိဂ္ဂါဟက ဖြစ်သင့်သည်ကိုလည်း ပြခဲ့ပါ။

(ဗျာ) ၁-ဝတ္ထုပဋိဂ္ဂါဟက၊ ၂—ကြိယာ ပဋိဂ္ဂါဟက-အားဖြင့် နှစ်ပါးပြား၏။ သကမ္မကဓာတ်နှင့်ယှဉ်ရာ၌ ဝတ္ထုပဋိဂ္ဂါဟက။ အကမ္မက ဓာတ်နှင့် ယှဉ်ရာ၌ ကြိယာပဋိဂ္ဂါဟက ဖြစ်သင့်ပါသည်။

၁၄၄၈။ (ပ) ရငကဿ ဒဒေ ငတ္တံ၊ ရငော ဒက္ခံ-စသော ပြယုဂ်တို့၌ သမ္ပဒါန်ဖြစ်သင့်၊ မဖြစ်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) ပဋိဂ္ဂါဟက လက္ခဏာရှိသောကြောင့် သမ္ပဒါန်ဖြစ်သင့်ပါ၏။ သာသနာတော်အလို။ ပူဇာနုဂ္ဂဟကာမ မရှိသောကြောင့် မဖြစ်သင့်ပါ။ လောကီသဒ္ဒါဆရာတို့အလို။

၁၄၄၉။ (ပ) အပါဒါန သညာ သုတ်တို့၏ အခြားမဲ့၌ တပါးသော ကတ္တု-စသော သညာသုတ်တို့ကို မတည်မူ၍ အဘယ့်ကြောင့် သမ္ပဒါန သညာသုတ်ကို တည်ပါသနည်း။

(ဖြေ) ကတ္တု-စသော ကာရက ငါးပါးတွင် သမ္ပဒါနကာရကလည်း မဟာဝိသယ ဖြစ်သောကြောင့် ဤသမ္ပဒါန သညာသုတ်ကို တည်ပါသည်။

၁၄၅၀။ (ပ) ဤသုတ်ကို ယဿ ဒါတုကာမော ဝါတံ သမ္ပဒါနံ-မျှသာ တည်တာ ပြီးသင့်လျက် အဘယ့်ကြောင့် ရောစတေ၊ ဓာရယတေ-ပုဒ်တို့နှင့်တကွ တည်ပါသနည်း။

(ဖြေ) သမဏဿ ရောစတေ သစ္စံ- စသည်တို့၌ ကံ၏ အဖြစ်၊ ကြိယာ၏အဖြစ်ဖြင့် အလိုမရှိအပ်၊ သက်သက် သမ္ပဒါန်တည်းဟူသော ကာရက အထူးသို့ရောက်သော ကာရကန္တရ ပတ္တသမ္ပဒါန်၏အဖြစ်ကို သိစေလိုသောကြောင့် တကွတည်ပါသည်။

၁၄၅၁။ (ပ) ယေနဝါဒဿနံ-သုတ်မှ ဝါသဒ္ဒါလိုက်သင့်လျက် အဘယ့်ကြောင့် ဝါသဒ္ဒါသစ် ဆိုပြန်သနည်း။

(ဖြေ) ဝုတ္တာဝုတ္တသမုစ္စယကို ပြုလိုသောကြောင့် အသစ်ဝါသဒ္ဒါ ဆိုပြန်ပါသည်။

၁၄၅၂။ (ပ) ဝုတ္တာဝုတ္တ ဆည်းပုံ ဥ ခြင်းအရာတို့ကို ပြခဲ့ပါ။

(ဖြေ) သုတ်၌ဆိုအပ်ပြီးသော ယဿ ဝါ ဒါတုကာမော- စသော ကြိယာကာရက သုတ်၌ မဆိုအပ်သေးသော ဓာတုယောဂ၊ နာမယောဂ၊ ဥပသဂ္ဂယောဂ၊ နိပါတယောဂ-တို့၌ သမ္ပဒါန သညာကို ဆည်းပါသည်။

---

**၇။ သိလာဃ ဟနု ဌာ သပ ခေါ ပိဟ ကုဓ ဒုဟိဿောသူယ**
**ရာဓိက္ခပစ္စာသုဏ အနုပတိ ဂိဏ ပုဗ္ဗ ကတ္တာရောစနတ္ထ**
**တဒတ္ထ တုမတ္ထာလမတ္ထ မညာနာဒရပ္ပာဏိနိ ဂတျတ္ထ ကမ္မနိ**
**အာသိသတ္ထ သမ္မုတိ ဘိယျ သတ္တမျတ္ထေသု စ**

၁၄၅၃။ (ပ) အောက်သုတ်ဖြင့်ပင် အလုံးစုံသော သမ္ပဒါနသညာတို့ ပြီးသင့်ရကား ဤသုတ်ကို မတည်သင့် မဟုတ်လော။ အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဗျာ) အောက်သုတ်ကား လျဉ်းပါးခြင်းမရှိသော နိပသဂ်၌သာ၊ ဤသုတ်ကား လျဉ်းပါးခြင်းရှိသော သပသဂ်အရာ၌ သမ္ပဒါနသညာ ဖြစ်၏ဟူသော အနက်ထူးကို ပြလိုသောကြောင့် ဤသုတ်ကို တည်ပြန်ပါသည်။

၁၄၅၄။ (ပ) ဤသုတ်၌ သပသဂ်ဟူသော် အဘယ် ဓာတုယောဂတို့၌ အဘယ်ပသဂ် ဖြစ်သနည်း။ အသီးသီးပြခဲ့ပါ။

(ဗျာ) သိလာဃဓာတ်၊ ဟနု-ဌာ-သပ-ပိဟ-ကုဓ-ဒုဟ-ဣဿ-ဥသူယ-ရာဓ-ဣက္ခဓာတ်တို့၏ အယှဉ်၌ရှိုင်း၊ အာပုဗ္ဗ-သုဓာတ်၊ ပတိပုဗ္ဗ-ဂဓာတ်တို့၏ ရှေးကြိယာ၏ ကတ္တား၌ရှိုင်း၊ အာရောစနအနက်ရှိသော ဓာတ်၏ အယှဉ်၌ရှိုင်း၊ သမ္မုတိ သဒ္ဒါ၏ အယှဉ်၌ရှိုင်း ကမ္မတ္ထပသဂ်ဖြစ်ပါသည်။ ဝါ-ကံအနက် လျဉ်းပါးရမည်ဟူလို။ မြီကိုဆောင်ခြင်း အနက်ဟော ဓာဓာတ်၏အယှဉ်၊ ပတိပုဗ္ဗသုဓာတ်၊ အနုပုဗ္ဗ ဂေဓာတ်တို့၏ ရှေးကြိယာ၏ ကတ္တား၌ သာမျတ္ထပသဂ်ဖြစ်ပါသည်။ ကုဓ၊ ဒုဟ၊ အာသိသတ္ထ ယောဂတို့၌ သတ္တမျတ္ထပသဂ်၊ အလံသဒ္ဒယောဂ၌ သဟတ္ထပသဂ်၊ ဘိယျသဒ္ဒယောဂ၌ အပါဒါနတ္ထပသဂ်၊ တဒတ္ထ၊ တုမတ္ထတို့၌ သမ္ပဒါနတ္ထဝိသေသ၊ မညတိသဒ္ဒါ၏ အယှဉ်ဖြစ်သော ဂတိအနက်ရှိသော ဓာတ်တို့၏ကံ၊ သတ္တမီအနက်တို့၌ သမ္ပဒါနသညာဝိဓာနမျှသာ ဖြစ်ကြကုန်၏ဟူလို။

၁၄၅၅။ (ပ) အောက်ဒုရန္တိ-အစချီသော သုတ်ဝယ် နှစ်ပုဒ်သာဆိုသကဲ့သို့ ဤသုတ်ကိုလည်း နှစ်ပုဒ်မျှသာမဆိုပဲ အဘယ့်ကြောင့် လေးပဒပြု၍ ဆိုပါသနည်း။

(ဗျာ) ဝါစာသိလိဋ္ဌ ဖြစ်စေလိုသောကြောင့်ရှိုင်း၊ ဝတ္တိစ္ဆာ၏ အစွမ်းဖြင့်ရှိုင်း လေးပဒဆိုပါသည်။

၁၄၅၆။ (ပ) ဤသုတ်ကို သိလာဃ။ လ။ သတ္တမီသုစ-ဟု တည်ရာပြီးသင့်လျက် အဘယ့်ကြောင့် အတ္ထသဒ္ဒါနှင့်တကွ သတ္တမျတ္ထေသု စ – ဟု တည်ပါသနည်း။

(ဖျာ) ဥပမာသဒ္ဒါ၏ အယူဥ်၊ သႃရတ္တ-စသည်တို့၌ သမ္ပဒါန သညာကို သိစေလိုသောကြောင့် အတ္တသဒ္ဒါနှင့်တကွ တည်ပါသည်။

၁၄၅၇။ (စ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖျာ) ချာ၊ နိအလို-အနုကစုနတ္ထ၊ နောက်သုဘ်သို့ မလိုက်စိမ့်သော ငှာ ဝါသဒ္ဒါကို ငင်ယူပါသည်။ ရှုအလို-သမုစ္စယတ္ထ၊ ပဟိဏာတိ ကပ္ပတိ ပဟောတိ-စသည်တို့၏ အယူဥ်၌လည်း သမ္ပဒါန သညာကို ဆည်းပါသည်။

၁၄၅၈။ (ပ) အနုပတိဂိဏာ၌ ဂိသည် ဂေဓာတ်ပင်ဖြစ်ရကား အနုပတိဂေ ဟု ဆိုသင့်လျက် အဘယ့်ကြောင့် အပိုဖြစ်သော ဏ-အက္ခရာနှင့်တကွ ဂိဏာဟု ဆိုပါသနည်း။

(ဖျာ) ဤ၌ ဂေ-ဟူသည် တပါးပုဒ်မဟုတ် ဓာတ်ဖြစ်သောပုဒ်ဟု ဓာတ်ကို ညွှန်းပြလိုသောကြောင့် အနုပတိဂိဏ-ဟု ဆိုပါသည်။

၁၄၅၉။ (ပ) ဓာတုနိဒ္ဒေ ဟူသော ဓာတ်ညွှန်းအက္ခရာတို့၏ သရုပ်ကို ထုတ်ပြခဲ့ပါ။

(ဖျာ) ဏကာရန္တ၊ ဋကာရန္တ၊ တိကာရန္တအက္ခရာတို့ ဖြစ်ပါသည်။

၁၄၆၀။ (ပ) သုတ်ကို လေးပဒပြု၍ တည်သည် အားလျော်စွာ ဝုတ္တိ ကိုလည်း လေးပုဒ်ဖြင့်သာ ဖွင့်ပြလျက် အဘယ့်ကြောင့် နာနာပဒဧွဒ ပြု၍ ဖွင့်ပါသနည်း။

(ဖျာ) နာနာလက္ခဏ၊ နာနာတ္ထအဖြစ်ကို ညွှန်းပြလိုသောကြောင့် နာနာပဒစ္ဆေဒပြု၍ ဖွင့်ပြပါသည်။

၁၄၆၁။ (ပ) ဌာပယောဂေ-၌ သာမညဆိုရကား အမှတ်မရှိ ဌာဓာတ် ကို ယူရမည်လော၊ အဘယ်ဌာဓာတ်ကို ယူရပါမည်နည်း၊ အကြောင်း ပြ၍ ဖြေပါ။

(ဖျာ) အမှတ်မရှိသော ဌာဓာတ်ကို မယူရပါ။ ဥပရှေ့ရှိသော ဌာဓာတ်ကိုသာ သကမ္မကဓာတ်ဖြစ်သောကြောင့် ယူရပါသည်။

**မှတ်ချက်။** ။သုဒ္ဓဌာဓာတ်ကိုကား အကမ္မကဓာတ်ဖြစ်သောကြောင့် ဤ၌ မယူရဟု မှတ်ရမည်။

၁၄၆၂။ (ပ) တုယှံ သပတေ၌ ကျိန်ဆဲသည်ကို သပတ-ဟု မှတ်ရမည် လော၊ အဘယ်ကို သပတ-ဟု မှတ်ရအံ့နည်း။

(ဗျာ) သူဘာ ါး ယုံကြည်နှစ်သက်အောင် သစ္စာပြုသည်ကို သ ာဘ ဟူ၍ မှတ်ရမည်။

၁၄၆၃။ (ပ) ဓာရုပ္ပဃာဂေဉ္ဈ ဓရ ဓာတ် ဘူသမျှ ယူရအံ့လော၊ အဘယ် ဓရဓာတ်ကို ယူရမည်နည်း။

(ဗျာ) ကြွေးမြီကို ဆောင်ခြင်းအနက်ကို ဟောသော ဓရ ဓာတ်ကို သာ ယူရမည်။

၁၄၆၄။ (ပ) ဒုတိယာစ ဟူဆို၍ အဘယ်သုတ်ဖြင့် အဘယ် အနက်၌ ဒုတိယာဝိဘတ် သက်ရမည်နည်း။

(ဗျာ) ဤသုတ်သာ စသဒ္ဒါဖြင့်သော်ငှါး၊ သမ္ပဒါနစ-သုတ်၌ စသဒ္ဒါဖြင့်သော်ငှါး သမ္ပဒါနတွင်၌ ဒုတိယာဝိဘတ် သက်ရမည်။ နိဒဿနမှာ တနည်း–ကမ္မတွေ ဒုတိယာသုတ်ဖြင့် ကမ္မတွင်၌ သက်ရမည်။ ဝဏ္ဏနာအလို။

၁၄၆၅။ (ဝ) သုဏောတိဿ။ လ။ ဟောတိ-ဝုတ္တိပါဌ်၏ ပိဏ္ဍတ္ထကို ပြခဲ့ပါ။

(ဗျာ) ပတိရှေး၊ အာရှေးရှိသော သုဓာတ်၏ အယှဉ် အကြင် ရှေးကြိယာ၏ ကတ္တားသည် ရှိခဲ့၏။ ထိုကတ္တားသည် နောက်ကြိယာ၌ သမ္ပဒါနသညာ ဖြစ်ရမည်ဟူလိုသော်။

၁၄၆၆။ (ပ) ဤ၌ ဘဂဝါ ဘိက္ခူ ဘောဒဓာဝါစ-ဟူသော ဥဒါဟရုဏ်သည် သမ္ပဒါနံပြ ဥဒါဟရုဏ်မဟုတ်ပဲလျက် အဘယ့်ကြောင့် ဤ၌ ထုတ်ဆောင်၍ ပြပါသနည်း။

(ဗျာ) ရှေးကြိယာ၏ ကတ္တားဖြစ်ပုံကို ပြလိုသောကြောင့် ဤ၌ ထုတ်ဆောင်၍ ပြပါသည်။

၁၄၆၇။ (ပ) ဤ၌ သုဏောတိဿ ပစ္စာယောဂေ၊ ဂိဏာဿ အနုပတိ ယောဂေ၊ ယဿ ကမ္မနော။ လ။ ဟောတိ-ဟူ၍ သုဓာတ်၊ ဂေဓာတ် ကိုကို တပေါင်းတည်း ဖွင့်က ပြီးသင့်သည် မဟုတ်ပါလော၊ ထိုသို့ ပြီးသင့်လျက် အဘယ့်ကြောင့်ခွဲ၍ ဖွင့်ပြပါသနည်း။

(ဗျာ) ကတ္တား ကံဘို့၏ ရောယှက်ခြင်းဟူသော သင်္ကရဒေါသကို ပယ်လိုသောကြောင့် ခွဲ၍ ဖွင့်ပြပါသည်။

၁၄၆၈။ (ပ) ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ-စသည်ဖြင့်သော ထုတ်ဆောင်က ဥဒါဟရုဏ်ကိစ္စပြီးပြီလျက် အဘယ့်ကြောင့် ယော ဂဒေတိ။ လ။ သမ္ပဒါနံ ဝိဇာနိယာ-ဟူသော ဂါထာကို ဆိုရပြန်ပါသနည်း။

(ဖြေ) ကတ္တား၊ ကံ၊ သမ္ပဒါန်တို့၏ အထူးကို ပြလိုသောကြောင့် ယော ဝဒေတိ-အစရှိသော ဂါထာကို ဆိုရပြန်ပါသည်။

၁၄၆၉။ (ပ) ယဿ ကမ္မုနော ပုဗ္ဗဿ-၌ ပုဗ္ဗကမ္မအရ အဘယ်ကို ယူရမည်နည်း။

(ဖြေ) အဝေါစ သဝန ကြိယာနှစ်ပါးတွင် အဝေါစ-ဟူသော ကြိယာကို ယူရမည်။ ဘိက္ခု၊ ဓေတံ ဟူသော ကံနှစ်ပါးတွင် ဘိက္ခု ဟူသော ကံကို ယူရမည်။

၁၄၇၀။ (ပ) အာမန္တယာမိ ဝေါ ဘိက္ခဝေ-ဟူသော ဥဒါဟရဏ်၌ သမ္ပဒါန်ဖြစ်ပုံ၊ မဖြစ်ပုံကို ပြခဲ့ပါ။

(ဖြေ) အာမန္တယ၏အရ အာရောစနတ္ထယူမူ သမ္ပဒါန် ဖြစ်၏။ အာမန္တနတ္ထယူမူ သမ္ပဒါန်မဖြစ်သင့်၊ ကံသာ ဖြစ်ရမည်။

၁၄၇၁။ (ပ) အာရောစနတ္ထေဟူရာ၌ အာရောစနတ္ထ၌သာ သမ္ပဒါန သညာကို မှတ်ရမည်လော၊ တပါးသောအရတို့၌ သမ္ပဒါနသညာ ဖြစ်သင့်၊ မဖြစ်သင့် အကြောင်းပြ၍ ဆိုးဖြတ်ပါ။

(ဖြေ) အာရောစနသဒ္ဒါ၏ ကထနာဒပကာရ အနက်၏ အဖြစ်ကြောင့် ဒေသနတ္ထ-စသည်တို့၏ အယှဉ်၌သည်း သမ္ပဒါနသညာဖြစ်သင့်ပါသည်။ ပြယုဂ်ကား— မေ ဝေါ ဒေသိဿာမိ၊ ယထာ နော ဘဂဝါ ဗျာကရေယျ-စသည်တည်း။

၁၄၇၂။ (ပ) တဒတ္ထ၊ တုမတ္ထသမ္ပဒါန်နှစ်ပါးတို့ ထူးခြားပုံကို ဋွမ်းအားရှိသလောက် ပြခဲ့ပါ။

(ဖြေ) ၁—ကြိယာ အကျိုးရှိလျှင် တဒတ္ထ၊ ကြိယာအကျိုးမရှိလျှင် တုမတ္ထသမ္ပဒါန်။ ၂—မုချအကျိုးရှိသည်ကား တဒတ္ထ၊ ပရမ္ပရ အကျိုးရှိသည်ကား တုမတ္ထ။ ၃—အကြောင်းအကျိုး ပြန်လှန်၍ ရသည်ကား တဒတ္ထ။ ၎င်းပြန်၍မရသည်ကား တုမတ္ထ။ ၄—ကံကင်းသော အနက်၌ စီရင်သည်ကား တဒတ္ထ၊ ကံနှင့် တကွသော အနက်၌ စီရင်သည်ကား တုမတ္ထ။ ၅-ဒြပ်၌ စီရင်ရသည်ကား တဒတ္ထ။ ကြိယာ၌ စီရင်ရသည်ကား တုမတ္ထ။ ၆—ပစ္စည်းနှင့် မယှဉ်ရသည်ကား တဒတ္ထ၊ တုံပစ္စည်းနှင့် ယှဉ်ရသည်ကား တုမတ္ထ။ ဤသို့ ထူးခြားကြပါ၏။

၁၄၇၃။ (ပ) အလမတ္ထပယောဂေမျှသာ ဆိုကပြီးလျက် အဘယ့်ကြောင့် အလမိတိ အရဟတိ ပဋိက္ခေတ္တသုကို ဆိုပြန်ပါသနည်း။

(ဖြေ) အလံသဒ္ဒါ ဘူသနတ္ထ၌ ဖြစ်သော် သမ္ပဒါနသညာ မဖြစ်ဟု သိစေလိုသောကြောင့် ဆိုပြန်ပါသည်။

၁၄၇၄။ (ပ) မညတိပ္ပယောဂေမျှသာဆိုက တဒ္ဓသ-စသည်တို့ သမ္ပဒါန သညာပြီးသင့်လျက် အဘယ့်ကြောင့် အနာဒရေ၊ အပ္ပါဏိနိသဒ္ဒါတို့ကို ဆိုလိုပါသနည်း။

(ဗျာ) သုဝဏ္ဏံ ငိယ တံမညေ။ ဂဒြဘံ တုဝံ မညေ-စသော သာဒရ၊ သပါဏိနိပြယုဂ်တို့၌အောက်မေ့ခြင်းအနက်နှင့်ပင် ယှဉ်သော်လည်း သမ္ပဒါနသညာမဖြစ်သင့်ဟူသော အနက်ထူးကို ပြလိုသောကြောင့် ဆိုပါသည်။

၁၄၇၅။ (ပ) မညတိပ္ပယောဂသမ္ပဒါန်၌ ဖြစ်သင့်သော အင်္ဂါတို့ကို ထုတ်ပြခဲ့ပါ။

(ဗျာ) အောက်မေ့ခြင်းအနက်နှင့်လည်းယှဉ်စေ၊ ရိုသေခြင်းသည်း မရှိစေ၊ အသက်မရှိသောအနက်လည်းဖြစ်စေ၊ ဤအင်္ဂါသုံးပါးပြည့်စုံမှ သမ္ပဒါန်ဖြစ်၏။

၁၄၇၆။ (ပ) ဂတိဓာတုကမ္မနိ-ဟူ၍ မဆိုပဲ အဘယ့်ကြောင့် ဂတျတ္ထကမ္မနိ-ဟု အတ္ထသဒ္ဒါနှင့် တကွ ဆိုပါသနည်း။

(ဗျာ) အာဂမနတ္ထ-ဟု ဆိုအပ်သောပဋိကာသနကြိယာ၏ကံကိုင်း၊ ဒကာယ နေတိ-စသည်တို့၌ နယနတ္ထ၏ကံကိုင်း ယူစေလိုသောကြောင့် အတ္ထသဒ္ဒါနှင့်တကွ ဆိုပါသည်။

၁၄၇၇။ (ပ) ဤ ဂတျတ္ထ ကမ္မနိ-သမ္ပဒါန်အရာ၌ စလ-ကံ၊ အစလ-ကံ နှစ်ပါးတွင် အဘယ်ကို ယူရမည်နည်း။

(ဗျာ) အစလ-ကံကိုသာ ယူရမည်။

၁၄၇၈။ (ပ) ရာဓိက္ခသမ္ပဒါန်အရာ၌ ဒုတိယာစနှင့် ဤ ဂတျတ္ထကမ္မနိ သမ္ပဒါန်အရာ၌ ဒုတိယာစနှစ်ခုတို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) ရှေး၌ကား သမ္ပဒါနသညာကို မဖြစ်၊ စတုတ္ထီဝိဘတ်ကိုသာ ဖြစ်သည်။ ဤ၌ကား သမ္ပဒါနသညာ စတုတ္ထီဝိဘတ် နှစ်ရပ်လုံးကို ဖြစ်သည်။ ဤသို့ ထူးကြ၏။

၁၄၇၉။ (ပ) သေသေသု အက္ခရပ္ပယောဂေပိ အညေပိ ပယောဂါ-စသောပါဠိတို့၌ ဖြစ်သင့်သော သေသအပဒါန် သေသအရ၊ အည အပဒါန် အညအရတို့ကို ပြခဲ့ပါ။

(ဗျာ) သေသအပဒါန် ဤ၌ ဆိုအပ်သော ဥပမာ စသော အက္ခရာတို့၏ အယှဉ်ရ၏။ သေသအရ ဤ၌ ဆိုပြီးသော အယှဉ်တို့မှ တပါးသော အက္ခရာတို့၏ အယှဉ်ရ၏။ အညအပဒါန် ဤ၌ ထုတ်အပ်သော ဥပမံ တေ-စသောပြယုဂ်တို့ကိုရ၏။ အညအရ ၎င်းတို့မှ တပါးသော အက္ခရာတို့၏ အယှဉ်ဖြစ်သော ပြယုဂ်တို့ကို ရ၏။

၁၄၀၀။ (ပ) ဤသုတ် အတ္ထသဒ္ဒါဖြင့်ပင် ဘိက္ခုသံဃဿ ပဘုစသော ပြယုဂ်တို့ သမ္ပဒါနသညာပြီးသင့်လျက် အဘယ့်ကြောင့် စသဒ္ဒါဖြင့် ငင်အပ်သော ဝါသဒ္ဒါဖြင့် သမ္ပဒါနသညာ ပြုရပါသနည်း။

(ဖြေ) ဘိက္ခုသံဃဿ-စသော ပြယုဂ်တို့၏ သမ္ပဒါနသညာ မမြဲသည်၏ အဖြစ်ကို ပြလိုသောကြောင့် ငင်သောဝါသဒ္ဒါဖြင့် သမ္ပဒါနသညာပြုပါသည်။

၁၄၀၁။ ဤသုတ်၏အဆုံး၌ ကွစိ ဒုတိယာ တတိယာ ပဉ္စမီ ဆဋ္ဌီ သတ္တမျတ္ထေသု စ-ဟူသောပါဌ်သည် ပါဌ်ဟောင်းဟုတ် မဟုတ် အကြောင်းပြ၍ဆိုးဖြတ်ပါ။

(ဖြေ) ဍျာ,ရူ, နိဆရာတို့ မဖွင့်ကြသောကြောင့် ပါဌ်ဟောင်းမဟုတ်ပါ။

၁၄၀၂။ (ပ) ၎င်း ကွစိ ဒုတိယာစသောပါဌ်၏ ပိဏ္ဍတ္ထ အဓိပ္ပာယ်ကို ပြခဲ့ပါ။

(ဖြေ) အချို့သော ဒုတိယာအနက်၊ တတိယာအနက်၊ ပဉ္စမီအနက်၊ ဆဋ္ဌီအနက်၊ သတ္တမီအနက် လျဉ်းပါရန်ရှိသော ပြယုဂ်တို့၌ ဤသုတ်ဖြင့် သမ္ပဒါနသညာပြု၏ဟူလို။

၁၄၀၃။ (ပ) သဒ္ဒ၊ အတ္ထ၊ သဒ္ဒတ္ထ-ဟူ၍ အပါဒါန်သုံးပါး ရှိသလို ဤ သမ္ပဒါန်အရာ၌ ရှိသင့်၊ မရှိသင့်၊ရှိသင့်က ဥဒါဟရုဏ် တခုစီထုတ်ပြပါ။

(ဖြေ) ရှိသင့်၏။ သဒ္ဒသမ္ပဒါန် ဘိယျော သော မတ္တာယ၊ တုယှဉ္စဿ အာဝိကရောမိ။ အတ္ထသမ္ပဒါန် ရဇာနံ။ သဒ္ဒတ္ထသမ္ပဒါန် သမဏဿ ရောစတေ သစ္စံ။

---

## ၀။ ဃော ဝါ ရော တမော ကာသံ

၁၄၀၄။ (ပ) အဘယ့်ကြောင့် အဘယ်သည် ဩကာသမည်ပါသနည်း။

(ဖြေ) အဝကာသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဩကာသံ-ဟူသည်နှင့်အညီ ကတ္တား ကံ၌တည်သော ကြိယာတို့၏ တည်ရာဖြစ်သောကြောင့် ကြိယာ ပတိဋ္ဌာနသတ္တိသည် ဩကာသမည်ပါသည်။

၁၄၀၅။ (ပ) ကြိယာ၏ တည်ရာဖြစ်သောကြောင့် ဩကာသ ဆိုသော် ဘူမိသုမနဿာ ဂစ္ဆန္တိ။ ထာလိယံ ဩဒနံ ပစတိ-စသည်တို့၌ ဂမန၊ ပစနကြိယာတို့သည် လူဒြပ်-ထမင်းဒြပ် ဟူသော ကတ္တား ကံတို့၌သာ

တည်သည်မဟုတ်ပါလော၊ အဘယ်သို့ ဘူမိ ထေ းလိတို့သည် ကြိယာ၏ တည်ရာဩကာသ မည်နိုင်ပါအံ့နည်း။

(ဗျာ) ဂမန ကြိယာသည် လူ၌ တည်သည်။ လူသည် မြေ၌တည်သည်။ ပစန ကြိယာသည် ဩဒန၌ တည်သည်။ ဩဒနသည် ထာလိ၌ တည်ပါသည်။ ဤသို့ အဆင့်ဆင့် တင်စားသော ပရမ္ပရူပစာအားဖြင့် ၎င်း၊ ဌာနီဖြစ်သော လူဩဒ၏ တည်ခြင်း ကြိယာကို ဌာနဖြစ်သော မြေဩဒ၌ တင်စားသော ဌာနျူပစာအားဖြင့်၎င်း ကြိယာ၏ တည်ရာ ဖြစ်ရကား ဩကာသမည်ပါသည်။

၁၄၀၆။ (ပ) ကတ္တား ကံတို့သာ မုချကြိယာ၏ တည်ရာဖြစ်သောကြောင့် ဩကာသမည်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ဩကာသသညာ မရပါသနည်း။

(ဗျာ) ကတ္တားဟူသော၊ ကံဟူသော အမည်ထူးဝိသေသကို ရပြီး ဖြစ်သောကြောင့် ဩကာသသညာ မရသင့်တော့ပါ။

မှတ်ချက်။ ။ဩကာသဟူသော သညာသည် အလုံးစုံသော ကာရက နှင့် ဆက်ဆံရကား သာမညအမည်၊ ကတ္တား-ကံဟူသော သညာသည်အလုံးစုံသော ကာရကနှင့် မဆက်ဆံ၊ ကတ္တား ကံနှင့်သာ ဆက်ဆံရကား ဝိသေသ အမည်ဟုမှတ်။

၁၄၀၇။ (ပ) အဘယ်ဝစနတ္ထအားလျော်စွာ အဘယ့်ကြောင့် အာဓာရ မည်ပါသနည်း။

(ဗျာ) အာဘုသော ကြိယံ ဓာရေတီတိ အာဓာရော- ဟူသော ကတ္တုသာဓနအားလျော်စွာ ကတ္တား ကံ၌ တည်သော ကြိယာကို လွန်စွာ ဆောင်ထားတတ်သောကြောင့် အာဓာရမည်ပါသည်။

၁၄၀၈။ (ပ) အာဓာရနှင့် ဩကာသ တူသလော၊ ထူးသလော၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) အာဓာရသည် ဩကာသ၏ ပရိယာယ်မျှ ဖြစ်သောကြောင့် အနက်အားဖြင့် တူကြ၏။ သဒ္ဒါမျှသာ ထူးပါသည်။

၁၄၀၉။ (ပ) ကာရကနှင့် လျော်စွာ အာဓာရသဒ္ဒါကို အာဓာရီယတိ ဧတ္ထာတိ အာဓာရော-ဟူ၍ အဓိကရဏသာဓနပြုသင့်လျက် အဘယ့် ကြောင့် ကတ္တုသာဓနဝိဂ္ဂဟ ပြုပါသနည်း။

(ဗျာ) ပရမ္ပရာဓာရ-စသော ဩကာသကို သိမ်းယူစေလိုသော ကြောင့် ကတ္တုသာဓနပြုပါသည်။

၁၄၉၀။ (ပ) တပါးသော ကာရကသညာသုတ်တို့၌ ယသ္မာ ဒဲပတိ၊ ယဿ ဒါတုကာမော-စသည်ဖြင့် ကာရက အားလျော်စွာ သုတ်တည် သကဲ့သို့ ဤသုတ်ကိုလည်း ယသ္မိံ အာဓာရော တမောကာသံ-ဟု တည် သင့်လျက် အဘယ့်ကြောင့် ယောဓာရော တမောကာသံ-ဟု ပဌမန္တ ဖြင့် တည်ပါသနည်း။

(ဗျာ) အာဓာရသဒ္ဒါ၏ ကာရကကို ဟောသောကြောင့် ထိုအာဓာ ရသဒ္ဒါနှင့် တုလျာဓိကရဏ၏ အစွမ်းဖြင့်၊ တနည်း- သြကာသကာရ က၏ မုချ၊ ဥပစာ-စသည်၏ အစွမ်းဖြင့် သြကာသ၏ အဖြစ်ကို ပြလို သောကြောင့် ယော ဓာရော တမောကာသံ-ဟု တည်ပါသည်။

၁၄၉၁။ (ပ) ဤ၌ တံ-ဟူသော နိယတ်အားလျော်စွာ ယမိကရဏံ တမောကာသံ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ဘိန္နလိင်အားဖြင့် ယောဓာရော တမောကာသံ-ဟု တည်ပါသနည်း။

(ဗျာ) သုခုစ္စာရဏဖြစ်စေလိုသောကြောင့်၊ တနည်း- လိင်မတူ သော နိယတ်၊ အနိယတ်တို့သည်း ရှိကုန်၏ဟု သိစေလိုသောကြောင့် ယောဓာရော တမောကာသံ-ဟူ၍ တည်ပါသည်။

၁၄၉၂။ (ပ) အပါဒါန-စသော ကာရကသညာသုတ်တို့ဝယ် ယသ္မာ ဒဲပတိ-စသည်ဖြင့် အာချာတ်ကြိယာနှင့် သုတ်တည်သကဲ့သို့ ဤသုတ် ကိုလည်း ယမာဓာရေတိ တမောကာသံ-ဟု အာချာတ်ကြိယာနှင့် တည်သင့်သည်မဟုတ်ပါလော၊ အဘယ့်ကြောင့် ကြိယာနှင့် ကင်း၍ ယောဓာရော စသည်ဖြင့် တည်ပါသနည်း။

(ဗျာ) ဤကာရကသည် ကြိယာမပါသော်လည်း မိမိ၏ သဘော ဖြစ်သော ပတိဋ္ဌာနသတ္တိထင်သောကြောင့် ကြိယာမပါပဲ သုတ်တည် ပါသည်။

၁၄၉၃။ (ပ) ကြိယာ၏ တည်ရာဖြစ်သောကြောင့် အာဓာရ ဟူသော် ဇောဘဝနေ ဝိဟရတိ ဘာဂဝါ-စသည်တို့၌ ဝိဟရန ကြိယာသည် ဘုရား ဖြင့်၌သာ တည်သည် မဟုတ်ပါလော၊ အဘယ်၏ အစွမ်းဖြင့် ဇေတ ဝနေသည် အာဓာရဖြစ်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) သဒ္ဒါပြယုဂ်သည် လောကဝေါဟာရအားဖြင့် ပြီးခြင်း ကြောင့် လူတို့၏ အလို၏ အစွမ်းဖြင့်၊ တနည်း- ဝဒန္တပုဂ္ဂိုလ်၏ အလို၏ အစွမ်းဖြင့် ဇောဘဝနေသည် အာဓာရ ဖြစ်ပါသည်။

၁၄၉၄။ (ပ) တပါးသော ကာရကသညာသုတ်တို့၌ အပါဒါန်အပြား စသည်ကို မပြပဲလျက် အဘယ့်ကြောင့် ဤကာရကသညာသုတ်၌

သွာခါရော စတုဗ္ဗိဓော- စသည်ဖြင့် အာခါရဘေဒကို ထုတ်ပြပါ သနည်း။

(ဗျာ) တပါးသော ကာရကတို့ထက် အာခါရဘေဒ၏ ယေဘုယျ ဖြစ်သောကြောင့် ဤသုတ်၌ အာခါရဘေဒကိုပါ ထုတ်ပြပါသည်။

---

## ၉။ ယေန ဝါ ကရိယတေ တံ ကရဏံ

၁၄၉၅။ (ပ) အဘယ့်ကြောင့် အဘယ်သည် ကရဏမည်ပါသနည်း။

(ဗျာ) ကရိယတေ အနေနာတိ ကရဏံ-ဟူသည်နှင့်အညီ ကြိယာကို ဧထူးသဖြင့် လွန်စွာပြီးခြင်း၏အကြောင်းဖြစ်သောကြောင့် တံစဉ် ဒြပ်စသည်၏ ကြိယာ သာဓကတမသတ္တိသည် ကရဏမည်ပါသည်။

၁၄၉၆။ (ပ) အလုံးစုံသော ကာရကသည်ပင် ကြိယာ ပြီးခြင်း၏ အကြောင်းဖြစ်ရကား ကရဏသညာ ရသင့်သည် မဟုတ်လော၊ ရသင့်၊ မရသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ကံ-စသော ကာရကတို့သည် ကြိယာကို ပြီးစေရာ၌ လွန်ကဲသော သတ္တိမရှိသောကြောင့် ကရဏသညာ မရသင့်ပါ။ ဤကာရကသာ ကတ္တားအား ကျေးဇူးပြုတတ်သောကြောင့်၎င်း၊ ကတ္တားမှတပါးသော ကာရကတို့ထက် လွန်ကဲသော သတ္တိရှိသောကြောင့်၎င်း ကရဏသညာ ရပါသည်။

၁၄၉၇။ (ပ) ဤကာရကသည် ကတ္တား ကံတို့အောက် အရာကျဉ်း၍ အပ္ပဝိသယဖြစ်ရကား ကတ္တုသညာ၊ ကမ္မသညာသုတ်တို့၏ နောက်၌ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) အပ္ပဝိသယပင်ဖြစ်သော်လည်း ကြိယာကို လွန်စွာပြီးစေတတ်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် ကတ္တုသညာ၊ ကမ္မသညာသုတ်တို့၏ ရှေးဦးစွာ ဤ၌ တည်ပါသည်။

၁၄၉၈။ (ပ) ဤသုတ်၌ သမုစ္စယတ္ထဝါသဒ္ဒါဖြင့် အဘယ်ကို ဆည်းပါသနည်း။

(ဗျာ) ယေနဝါ ပဆံတိ-စသော ဝါကျအနက်တို့ကို ဆည်းပါသည်။

၁၄၉၉။ (ပ) ဤ၌ သမုစ္စယတ္ထဝါသဒ္ဒါမထည့်ပဲ သုတ်တည်က ပြီးသင့်၏ မဟုတ်ပါလော၊ အဘယ့်ကြောင့် သမုစ္စယတ္ထဝါသဒ္ဒါနှင့်တကွ သုတ်တည်ပါသနည်း။

(ဖြေ) အဇ္ဈတ္တိက ကရိုဏ်းကိုလည်း ပြလိုသောကြောင့် ဝါသဒ္ဒါနှင့်တကွ သုတ်ဘည်ပါသည်။

၁၅၀၀။ (ပ) ကာရက ဟူသမျှပင် ကြိယာဇနက သတ္တိ ရှိကြပါလျက် အဘယ့်ကြောင့် ဤကာရကကိုသာ ယေနဝါ ကရိယတေ-ဟု ကတ္တု ရုပ်ဖြင့် တည်ပါသနည်း။

(ဖြေ) ဤကာရကသာ ကြိယာသာဓကတမသတ္တိ စိသေသရှိသည် ဖြစ်၍ ကရဏမည်သည်၏အဖြစ်ကို ထင်စွာပြလိုသောကြောင့် ယေနဝါ ကရိယတေဟု ကတ္တုရုပ်နှင့် တည်ပါသည်။

၁၅၀၁။ (ပ) ကြိယာသာဓကတမသတ္တိ ရှိသောကြောင့် ကရဏဟူသော် ကတ္တားထက်ပင် သတ္တိရှိသည်ဟု မှတ်ရတော့မည်လော၊ ကတ္တားထက် သတ္တိရှိ၊ မရှိ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) ကရိုဏ်းသည် ကတ္တား၏ အဆောက်အဉီမျှသာ ဖြစ်ရကား၊ ဝါ-ဖြစ်သောကြောင့် ကတ္တားထက် သတ္တိ မရှိပါ။

မှတ်ချက်။ ။ကတ္တားကလွဲလျှင် ကရဏသည် သတ္တိအရှိဆုံးဟူလို။

၁၅၀၂။ (ပ) ကတ္တားထက် သတ္တိမပိုက၊ ဝါ-ကတ္တားလောက် သတ္တိမရှိက ကတ္တားသည် ကရဏမည်သင့်အံ့လော၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) ကိုယ်တိုင် ကြိယာကိုပြီးစေတတ်သော သတ္တိရှိသောကြောင့် ကရဏ မမည်သင့်ပါ။ ကတ္တားသာ မည်သင့်ပါသည်။

၁၅၀၃။ (ပ) ကရဏသည် ကြိယာကို လွန်စွာပြီးစေတတ်ရကား ကတ္တု မည်သင့်အံ့လော၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ကြိယာကို ကိုယ်တိုင် မပြီးစေတတ်၊ ကြိယာပြီးခြင်း၏ ထူးသော အကြောင်းမျှသာဖြစ်သောကြောင့် ကတ္တု မမည်သင့်ပါ။

၁၅၀၄။ (ပ) ဤ ယေနဝါ ကရိယတေ တံ ကရဏံ-ဟူသော သုတ်စကား ရပ်ဖြင့် ရှင်မဟာကစ္စည်းဆရာသည် ကရဏပုဒ်ကို အဘယ် ဝိဂ္ဂဟပြုစေ လိုပါသနည်း။

(ဖြေ) ကရိယတေ အနေနာတိ ကရဏံ-ဟု ကရဏသာဓ်ဝိဂ္ဂဟ ပြုစေလိုပါသည်။

၁၅၀၅။ (ပ) ဤသုတ်၏ ဝုတ္တိ၌ ယေနဝါ သုဏာတိ-ဟူသော ပါဠိရပ် ရှိသင့်၊ မရှိသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဖြေ) ယေနဝါ ပဿတိ-ဟူသော ပါဠိဖြင့်ပင် အဇ္ဈတ္တိက ကရိုဏ်း ကို ယူပြီးဖြစ်သောကြောင့် မရှိသင့်တော့ပါ။

## ၁၀။ ယံ ကရောတိ တံ ကမ္မံ

၁၅၀၆။ (ပ) အဘယ့်ကြောင့် အဘယ်သည် ကံ မည်ပါသနည်း။

(ဗျာ) ကရီယတေ ကြိယာယ ပါပုဏီယတေတိ ကမ္မံ၊ ကရီယတိ ကြိယာယ သမ္ဗန္ဓီယတီတိ ကမ္မံ-ဟူသည်တို့နှင့်အညီ ကြိယာဖြင့် ရောက်အပ်၊ ဝါ-ကြိယာနှင့် စပ်အပ်သောကြောင့် ကြိယာပါပုဏာသတ္တိသည် ကံ မည်ပါသည်။

၁၅၀၇။ (ပ) ကြိယာနှင့် စပ်အပ်သောကြောင့် ကံမည်သော်—အလုံးစုံသော ကာရကတို့ပင် ကြိယာနှင့် စပ်ကြရကား ကမ္မသညာ ရသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် မရပါသနည်း။

(ဗျာ) ကြိယာနှင့် စပ်ကြသော်လည်း မိမိတို့၏ ကတ္တုသတ္တိ-စသည်သို့ အစဉ်လိုက်၍ ကတ္တုကာရက စသည်ဖြင့် မှတ်ပြီးဖြစ်သောကြောင့် ကမ္မသညာ မရသင့်ပါ။

၁၅၀၈။ (ပ) ကမ္မကာရကသည် ကတ္တားလောက် အရာမကျယ်ရကား ကတ္တုသညာသုတ်၏ နောက်၌ တည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ရှေ့၌ တည်ပါသနည်း။

(ဗျာ) ကတ္တား၏အဆောက်အဦဖြစ်သော ကာရကတို့ကို တပေါင်းတစုတည်း ပြလိုသောကြောင့် ကတ္တုသညာသုတ်၏ ရှေ့၌ တည်ပါသည်။

၁၅၀၉။ (ပ) ကမ္မကာရက အားလျော်စွာ ဤသုတ်ကို ယံ ကရီယတိ တံ ကမ္မံ-ဟူ၍ ကမ္မရုပ်နှင့် တည်သင့်လျက် မတည်ပဲ အဘယ့်ကြောင့် ယံ ကရောတိ တံ ကမ္မံ-ဟူ၍ တည်ပါသနည်း။

(ဗျာ) ဤ ကမ္မကာရက၏ ကတ္တုကာရကအား ကျေးဇူးပြုတတ်သည်၏ အဖြစ်ကို ပြလိုသောကြောင့် ယံ ကရောတိ တံ ကမ္မံ-ဟူ၍ တည်ပါသည်။

၁၅၁၀။ (ပ) ဤ၌ ယံ ကရောတိ-ဟု ဆိုသည်အားလျော်စွာ ၎င်း ကရောတိ-စသော ပြယုဂ်တို့သာ ကံမည်သင့်၍ ရူပံ ပဿတိ-စသော ပြယုဂ်များ ကံမမည်သင့် မဟုတ်လော၊ မည်သင့် မမည်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ဝုတ္တ၊ အဝုတ္တ-စသော ကံဟူသမျှ အလုံးစုံကို သိမ်းကျုံး၍ ယံ ကရောတိ တံ ကမ္မံ-ဟု ဆိုခြင်းကြောင့်၎င်း၊ သမုစ္စယတ္ထ ဝါသဒ္ဒါ လိုက်ခြင်းကြောင့်၎င်း ကံမည်သင့်ပါ၏။

၁၅၁၁။ (ပ) ကမ္မံပုဒ်ကို ရှင်မဟာကစ္စည်း ဆရာ၏ အလိုတော်ကျ အထောက်ပြ၍ ဝစနတ္တ ပြုပြီးလျှင် သာဓနအမည်ကိုလည်း ညွှန်းခဲ့ပါ။

(ဖြေ) ယံ ကရောတိ တံ ကမ္မံ-ဟု ဝိဂြိုဟ်ပြု သုတ်တည်သည်ကို ထောက်၍ ကရောတီတိ ကမ္မံ-ဟူ၍ပြု၊ အဝုတ္တကမ္မသာဓန။

၁၅၁၂။ (ပ) ရထံ ကရောတိ-ဟူသော ဥဒါဟရုဏ်၌ ပြုဆဲခဏ ရထား ဒြပ် မရှိသေး၊ ပြုပြီးကာလ ကရောတိ မဟုတ်ရကား ဤပြယုဂ်ကို မထုတ်သင့် မဟုတ်ပါလော၊ အဘယ့်ကြောင့် ထုတ်နိုင်သနည်း။

(ဖြေ) မပြီးမီကာလ ပြုဆဲခဏာ၌ပင် ရထားဟူသော ခေါ်ဝေါ် ခြင်း ဝေါဟာရ၏ ဖြစ်သင့်သောကြောင့် ဤပြယုဂ်ကို ထုတ်ဆောင် နိုင်ပါသည်။

---

## ၁၁။ ယော ကရောတိ သ ကတ္တာ

၁၅၁၃။ (ပ) အဘယ့်ကြောင့် အဘယ်သည် ကတ္တားမည်ပါသနည်း။

(ဖြေ) အတ္တပဓာနော ဟုတွာ ကြိယံ ကရောတိ အဘိနိပ္ဖာဒေတီ တိ ကတ္တာ-ဟူသော ဝစနတ္ထနှင့်အညီ မိမိ ပြဋ္ဌာန်းသည်ဖြစ်၍ ကြိယာ ကို ပြီးစေတတ်သောကြောင့် ကြိယာဘိနိပ္ဖာဒနသတ္တိသည် ကတ္တားမည် ပါသည်။

၁၅၁၄။ (ပ) ဤကာရကသည်သာ မုချကြိယာကို ပြီးစေတတ်ရကား ခပ်သိမ်းသော ကာရကသညာသုတ်တို့၏ရှေ့၌ တည်သင့်သည် မဟုတ် လော၊ အဘယ့်ကြောင့် နောက်ဆုံးထား၍ တည်ပါသနည်း။

(ဖြေ) ကမ္မ-စသော ကာရက ငါးပါးတို့ထက် သတ္တိလွန်ကဲသည်၏ အဖြစ်ကို ပြလိုသောကြောင့် ဤကတ္တုသညာသုတ်ကို နောက်ဆုံးထား ၍ တည်ပါသည်။

၁၅၁၅။ (ပ) ဤသုတ်ကို ယော ကရိယတေ သကတ္တာ-ဟူ၍ ကတ္တုရုပ်၊ ကမ္မရုပ်နှစ်ပါး စုံသင့်စွာ တည်သင့်လျက် အဘယ့်ကြောင့် ယော ကရော တိ သကတ္တာ-ဟု ကတ္တုရုပ်နှစ်ခုတို့ဖြင့် တည်ပါသနည်း။

(ဖြေ) တပါးသော ကာရကတို့ထက် ကြိယာဇနက သတ္တိအထူးရှိ သည်၏ အဖြစ်ကို ပြလိုသောကြောင့်၊ တနည်း- ကြိယာပြီးခြင်း၏ နီးစွာသော အကြောင်းဖြစ်သည်၏ အဖြစ်ကို ပြလိုသောကြောင့် ယော ဟူ၍၊ ကရောတိဟူ၍ ကတ္တုရုပ် နှစ်ခုတို့ဖြင့် တည်ပါသည်။

၁၅၁၆။ ( ပ ) ကြိယာကို ပြီးစေတတ်သောကြောင့် ကတ္တားဆိုသော် အဟိ နာ ဒဋ္ဌော နရော-စသော ပြယုဂ်တို့၌ သင့်တန်စေ၊ သံယော ဂေါ ဇယ တေ၊ အဘာဝေါ ဟောတိ-စသော ပြယုဂ်တို့၌ ကြိယာဘိနိပ္ဖါဒန သတ္တိ မရှိသည်မဟုတ်လော၊ အဘယ်သို့ ကတ္တားဖြစ်နိုင်အံ့နည်း၊ အကြောင်းပြ၍ဖြေပါ။

(ဗျာ) သဒ္ဒါပြယုဂ်သည် လောကသင်္ကေတအားဖြင့် ပြီးသော ကြောင့် အသိဉာဏ် ကြံဆသည်၏ အစွမ်းဖြင့် ကတ္တားဖြစ်ပါသည်။

၁၅၁၇။ ( ပ ) ပုရိသော ဂစ္ဆတိ-စသည်တို့၌ ဤသုတ်ဖြင့် ကတ္တုသညာ မှည့်သင့် မမှည့်သင့် ကစ္စည်းအထောက်ပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ယော ကရောတိ သကတ္တာ-ဟု သာမည အစွမ်း ဖြင့် ဆိုသည် ကို ထောက်၍ရှင်း၊ ယသ္မာ ကမ္မုနော ပုဗ္ဗသ္မာ ယော ကတ္တာ၊ သော ဘဂဝါ ယော ကရောတိ သကတ္တာတိ သုတ္တာဝစနေန ကတ္တုသညာဟု ကစ္စည်း ဆရာဆိုသည်ကို ထောက်၍ရှင်း ဤသုတ်ဖြင့် ကတ္တုသညာ မှည့်သင့်ပါသည်။

၁၅၁၈ ( ပ ) ကတ္တုသညာ မှည့်သင့်လျက် အဘယ့်ကြောင့် ပုရိသော၌ တတိယာဝိဘတ် မသက်ပါသနည်း။

(ဗျာ) ကတ္တားအနက်ကို ဂစ္ဆတိ ဟူသော အာချာတ်ဝါစက-က ဟောပြီးဖြစ်သောကြောင့် တတိယာဝိဘတ် မသက်ရပါ။

၁၅၁၉။ ( ပ ) အာချာတ်ဝါစက ဟောပြီးသော်လည်း တတိယာဝိဘတ် ထပ်၍ သက်သင့်သည်ပင် မဟုတ်ပါလော၊ အဘယ့်ကြောင့် ထပ်၍ မသက်ပါသနည်း။

(ဗျာ) အာချာတ်ဝါစက ဟောပြီးရကား မိမိဟောရန် အနက်မရှိ၍ အကျိုးထူးမရှိလေသောကြောင့် တတိယာဝိဘတ် မသက်တော့ပါ။

၁၅၂၀။ ( ပ ) တတိယာဝိဘတ်မသက်ရသော် အဘယ့်ကြောင့် ကတ္တုသညာကို ပြုရပါသနည်း။

(ဗျာ) တပါးသော ကာရကသညာကို နစ်စေလိုသောကြောင့် ကတ္တုသညာပြုရပါသည်။

၁၅၂၁။ ( ပ ) အလုံးစုံသော ကာရကသည် ကြိယာကို ပြီးစေတတ်သော သတ္တိဖြင့် တပါးသာ ဖြစ်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ခြောက်ပါး ပြားရပါသနည်း။

(ဗျာ) ကြိယာအပဂမန အစရှိသော သတ္တိအခိုက်အတန့် ပြားသော ကြောင့် ၆-ပါး ပြားရပါသည်။

၁၅၂၂။ (ပ) ပုရိသော မဂ္ဂံ ဂစ္ဆတိ၌ ကြိယာဘိနိပ္ဖာဒန သတ္တိကို ကတ္တား ဟူသော် ယောကျ်ားဟူသောအနက် ပုရိသ သဒ္ဒါတို့ကို ကတ္တားမမည် သင့် မှတ်ရအံ့လော၊ ကတ္တားမည်သော် အဘယ်၏အစွမ်းဖြင့် မည်ပါ သနည်း။ အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဖြေ) ယောကျ်ားဟူသော အနက်ဒြပ်သည် သတ္တိ၏ တည်ရာဖြစ် သောကြောင့် ဥာချုပစာရ၏ အစွမ်းဖြင့် ကတ္တားမည်ပါသည်။ ပုရိသသဒ္ဒါသည် ယောကျ်ားဟူသော အနက်ကို ဟောတတ်သော ကြောင့် အနက်ဒြပ်ကို အကြောင်းပြု၍ ကာရကူပစာရ၏ အစွမ်းဖြင့် ကတ္တားမည်ပါသည်။

၁၅၂၃။ (ပ) ကာရက ၆-ပါးတို့ကို သတ္တိစွမ်းအား ကြီးငယ် အစဉ်လိုက် ပြခဲ့ပါ။

(ဖြေ) ကတ္တု၊ ကရဏ၊ ကမ္မ၊ သမ္ပဒါန၊ အပါဒါန၊ ဩကာသ ကာရက။

မှတ်ချက်။ ။ကတ္တုကား အားအရှိဆုံး၊ ဩကာသကား အား အနည်းဆုံးဟု သတိပြု။

၁၅၂၄။ (ပ) ကာရက ၆-ပါးကို မဟာဝိသယ အပ္ပဝိသယ အစဉ်ကျ ဖော်ပြပါ။

(ဖြေ) အပါဒါန၊ သမ္ပဒါန၊ ဩကာသ၊ ကတ္တု၊ ကမ္မ၊ ကရဏ ကာရက။

မှတ်ချက်။ ။အရာအကျယ်ဆုံး အပါဒါန၊ အရာအကျဉ်းဆုံးကား ကရဏ ဟု သတိပြု။

၁၅၂၅။ (ပ) ကြိယာတခုတည်း၌ အများဆုံး ဖြစ်သင့် ဖြစ်နိုင်သော ကာရကတို့ကို ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

(ဖြေ) က—ကတ္တု၊ ကမ္မ၊ ကရဏ၊ ဩကာသ၊ ပုရိသော အရညေ ဟတ္ထေန ကမ္မံ ကရောတိ။ ခ-ကတ္တု၊ ကမ္မ၊ သမ္ပဒါန၊ ဩကာသ၊ ပုရိ သော ဒါနံ ဘိက္ခုသံဃေ အဒါသိ။ ဂ-ကတ္တု၊ ကမ္မ၊ အပါဒါန၊ ဩကာသ၊ပုရိသော ဂေဟာ သိဿာဠကေ ဘတ္တံ ဩကိရိ။ ဤကား သဒ္ဒ နီတိအလို အများဆုံး ကာရက လေးပါးသာ ဖြစ်နိုင်၏။ ဘေဒစိန္တာ ဒီပနီဋီကာအလိုကား ကြိယာတခုတည်း၌ ကာရကငါးပါးဖြစ်နိုင်၏။ ပုရိသော ဂါမာ ဝနံ ပါဒေန မဂ္ဂေ ဂစ္ဆတိ။

---

## ၁၂။ ယော ကာရေတိ သဟေတု

၁၅၂၆။ (ပ) အဘယ့်ကြောင့် အဘယ်သည် ဟေတုမည်၍ အဘယ်သည် ကတ္တားမည်ပါသနည်း။

(ဖြေ) အညံ ဗျာပါရံ ပဋိစ္စ ဟိနောတိ ပဝတ္တေတီတိ ဟေတု-ဟူသည်နှင့်အညီ သူတပါး၏ ဗျာပါရကိုစွဲ၍ ကြိယာကို ဖြစ်စေတတ်သောကြောင့်။ ဝါ၊ ကြိယာပြီးခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်၊ ဝါ-ကာရိက်ပစ္စည်းသည် ဟောအပ်သည်၏ အဖြစ်ကြောင့် ပယောဇက ဗျာပါရသည် ဟေတုမည်ပါသည်။ မိမိဗျာပါရကိုစွဲ၍ ကြိယာကို ပြီးစေတတ်သော ကာရကသည် ကတ္တားမည်ပါသည်။

၁၅၂၇။ (ပ) အဘယ်သို့သော အကြောင်းကြောင့် အဘယ်သည် ဟေတု ကတ္တားမည်ပါသနည်း။

(ဖြေ) ကြိယာပြီးခြင်း၏ အကြောင်းဖြစ်သော ပယောဇက ဗျာပါရကြောင့်၎င်း၊ မိမိပဓာနဖြစ်၍ ကြိယာကို ပြီးစေတတ်သောကြောင့်၎င်း၊ ဤအကြောင်းနှစ်ပါးတို့ကြောင့် ပယောဇကဗျာပါရ ရှိသော ကတ္တားသည် ဟေတုကတ္တား မည်ပါသည်။

၁၅၂၈။ အောက်သုတ်ဖြင့်ပင် ကတ္တား ဟူသမျှ အမည်မှည့်သင့်လျက် အဘယ့်ကြောင့် ဤသညာသုတ်ကို ထပ်၍ တည်ပြန်ပါသနည်း။

(ဖြေ) ပယောဇကဗျာပါရရှိသော ကတ္တားသည် ဟေတု-ဟူသော ကတ္တားဟူသော အမည်နှစ်ပါးရသည်၏အဖြစ်ကို ပြလိုသောကြောင့် တနည်း-မုချဟေတု၊ ဥပစာဟေတု နှစ်ပါးရှိသည်၏ အဖြစ်ကို ပြလို သောကြောင့် ဤသုတ်ကို ထပ်၍ တည်ပါသည်။

၁၅၂၉။ (ပ) ကမ္မကတ္တားသည်လည်း အမည်နှစ်ပါး ရသင့်ရကား ကမ္မကတ္တုသညာသုတ်ကို တည်သင့်လျက် အဘယ့်ကြောင့် မတည်ပဲ နေဘိ သနည်း။

(ဖြေ) ကမ္မကတ္တားသည် သယံသဒ္ဒါနှင့် မယှဉ်သော် ကတ္တုသညာ စွန့်၍ ကံ စင်စစ်ဖြစ်ရကား အခါခပ်သိမ်း အမည်နှစ်ပါးမရသင့်သော ကြောင့် ကမ္မကတ္တုသညာသုတ်ကို မတည်ပဲနေပါသည်။

၁၅၃၀။ (ပ) ပယောဇကဗျာပါရရှိသော ကတ္တားကို ဟေတုကတ္တုမည်၏ ဟူသော် အလုံးစုံ ပယောဇကဗျာပါရရှိတိုင်း ဟေတုကတ္တု မည် သင့်အံ့လော၊ အဘယ်အရာ၌သာ ဟေတုကတ္တု မည်သင့်ပါသနည်း။

(ဖျေ) ကျွန် စသည်ကို စေခိုင်းသော အရှင်သခင်တို့၌ မမည်သင့်၊ တပါးသော ပုဂ္ဂိုလ်တို့ကို စေခိုင်းရာ၌သာ ဟေတုကတ္တား မည်သင့်ပါသည်။

၁၅၃၁။ (ပ) ဤသုတ်၌ ဟေတုအရ ဖြစ်သင့်သော ဘေဒကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

(ဖျေ) မုချဟေတု-ပုရိသော ပုရိသံ ကမ္မံ ကာရေတိ။ ဥပစာရဟေတု-ဘိက္ခာ ဘိက္ခုံ ဝါသာပယတိ-ဟု နှစ်ပါး ပြားသင့်၏။

၁၅၃၂။ (ပ) အထက်ပါ ပုရိသော-စသော ပြယုဂ်တို့၌ ကာရိုက်ကတ္တား၊ ကာရိုက်ကံ၊ ခေတ်ကတ္တား၊ ခေတ်ကံတို့ကို ပြခဲ့ပါ။

(ဖျေ) ပုရိသောကား ကာရိုက်ကတ္တား။ ပုရိသံကား ကာရိုက်ကံ။ ထိုပုရိသပင် ကာရိုက်ပစ္စည်း မယှဉ်သော် ခေတ်ကတ္တား၊ ကမ္မံကား ခေတ်ကံ။

မှတ်ချက်။ ။ကာရိုက်ကံနှင့် ခေတ်ကတ္တားကား အတူတူပင်။ ဝုတ္တ၊ အဝုတ္တမျှသာ ထူး၏ ပြား၏ ဟူ၍မှတ်။ ထို့ကြောင့် "ကာရိုက်ကံကား၊ ခေတ်ကတ္တား၊မပြား ဝုတ္တ အဝုတ္တ" ဟူ၍ နိယံဆရာတို့ မိန့်ကြ၏။

၁၅၃၃။ (ပ) ကာရိုက်ကံဖြစ်သော ပုဒ်တို့နောင် အဘယ် ဝိဘတ်များ သက်နိုင်ပါသနည်း။ ဝုတ္တကံ၊ အဝုတ္တကံ အသီးသီးကို ပြခဲ့ပါ။

(ဖျေ) ဝုတ္တကာရိုက်ကံပုဒ်နောင် ဟောရာ ဟောရာ ပဌမာဟူရကား ပဌမာဝိဘတ်သာ သက်နိုင်ပါသည်။ အဝုတ္တကာရိုက်ကံပုဒ်နောင် ဒုတိယာ၊ တတိယာ၊ ဆဋ္ဌီဝိဘတ် သုံးပါးတို့ သက်နိုင်ပါသည်။

၁၅၃၄။ (ပ) ဟေတုသညာ မှည့်ရခြင်း၏အကျိုးကို ပြခဲ့ပါ။

(ဖျေ) ခေတူဟိ ဏေ ဏယ-အစရှိသော သုတ်တို့၌ ဟိတ်ဟူ၍ ခေါ်ဝေါ်ရခြင်း အကျိုးရှိပါသည်။

---

## ၁၃။ ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ

၁၅၃၅။ (ပ) ဤသုတ်၌ အဘယ်အကြောင်းကြောင့် အဘယ်သည် သာမိမည်ပါသနည်း။

(ဖျေ) သံ ဓနံ အဿ အတ္ထိတိ သာမိ-ဟူသော ဝစနတ်နှင့် အညီ သိမ်းဆည်းအပ်သော ဥစ္စာရှိသောကြောင့် ဥစ္စာရှင်ဖြစ်သော ပုရိသ-

စသော ဒြပ်သည် သာမိမည်ပါသည်။ ဤကား ကေဒေသသာမိရဏ။ တနည်း-သမ္ဗန္ဓော အဿ အတ္ထိတိ သာမိ-ဟူသည်နှင့်အညီ စပ်ခြင်းရှိသောကြောင့် သမ္ဗန္ဓီဒြပ်အနက်သည် သာမိ မည်ပါသည်။ ဤကား သမ္ဗန္ဓသာမိရဏ။

၁၅၃၆။ (ပ) အဘယ်အနက်သဘောကြောင့် အဘယ်ကို သမ္ဗန်ဟု မှတ်ရမည်နည်း။

(ဗျာ) ဒွိန္နံ သမ္ဗန္ဓီနံ အန္တရေ အဒဿဘာဝေန သမ္ဗန္ဓေန္တော သမ္ဗန္ဓော နာမ-ဟူသည်နှင့်အညီ သမ္ဗန္ဓီဒြပ်နှစ်ပါတို့၏အကြားကို မမြင်စေမူ၍ ကောင်းစွာစပ်ခြင်း အနက်သဘောကြောင့် သမ္ဗန္ဓီဒြပ် နှစ်ပါးတို့၏ အချင်းချင်း ငဲ့ခြင်းဟု ဆိုအပ်သော အညောညာ ပေက္ခအနက်ကို သမ္ဗန်ဟု မှတ်ရမည်။

၁၅၃၇။ (ပ) ထိုသမ္ဗန်သည် ကာရက မည်သင့်ပါသလော၊ မည်သင့် မမည်သင့် အကြောင်းပြ၍ ဖြေပါ။

(ဗျာ) သမ္ဗန်သည် ကြိယာနှင့်စပ်ခြင်း မရှိသောကြောင့် ကာရက မမည်သင့်။ အကာရကသာ မည်ပါသည်။

၁၅၃၈။ (ပ) အကာရကတို့၌ ဖြစ်သင့်သော အင်္ဂါကို ပြခဲ့ပါ။

(ဗျာ) ကြိယာနှင့်မစပ်သည်လည်းဖြစ်စေ၊ ကြိယာဟူသောအကျိုး မရှိသည်လည်းဖြစ်စေ၊ ဤအင်္ဂါ နှစ်ပါး ဖြစ်သင့်ပါသည်။

၁၅၃၉။ (ပ) သမ္ဗန်၏အင်္ဂါကို ထုတ်ပြပြီး လက္ခဏာကိုလည်း ညွှန်းလိုက်ပါ။

(ဗျာ) ၁—ကာရက ၆-ပါးတို့မှ တပါးလည်းဖြစ်စေ။ ၂—ကြိယာ ကာရကတို့ ပြဋ္ဌာန်းသည်လည်းဖြစ်စေ၊ ၃—သမ္ဗန္ဓီဒြပ်နှစ်ပါးကိုသိခြင်းကို ဖြစ်စေတတ်သည်လည်းဖြစ်စေ။ ၄—သမ္ဗန္ဓီဒြပ်နှစ်ပါးတို့၌ မှီသည်လည်းဖြစ်စေ၊ ဤသို့ အင်္ဂါလေးပါးဖြစ်ပါသည်။ အချင်းချင်း ငဲ့ခြင်းဟူသော အညောညာပေက္ခ လက္ခဏာ ရှိ၏။

၁၅၄၀။ (ပ) သမ္ဗန်သည် စက္ခုဝိညေယျဖြစ်သလော၊ မနောဝိညေယျဖြစ်သလော၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) ဉာဏ်ဖြင့် မှန်းဆ၍သာ သမ္ဗန်ကို သိအပ်သောကြောင့် မနောဝိညေယျသာ ဖြစ်ပါသည်။

၁၅၄၁။ (ပ) နိဒ္ဓါရဏ၊ ဟေတု-စသော အကာရကသညာတို့ကဲ့သို့ ပရသမညာသုတ်ဖြင့်ပင် သမ္ဗန္ဓသညာ ပြီးသင့်လျက် အဘယ့်ကြောင့် သာမိ အကာရကသညာသုတ်ကို ဝိသေသတည်ပါသနည်း။

(ဖြေ) နိဒ္ဒါရဏ-စသော အကာရကတို့ထက် သမ္ဗန်သည် မဟာဝိသယ ဖြစ်သောကြောင့် အထူးပြု၍ ဤသုတ်ကို တည်ပါသည်။

၁၅၄၂။ (ပ) ပရိဂ္ဂဟယောဂ၌သာ သမ္ဗန်မည်သည်မဟုတ်၊ တပါးသော သာမိ၊ သမိပ၊ သမူဟ-စသည်တို့၌လည်း သမ္ဗန်မည်ရကား ယဿ ဝါ တံ သာမိ-ဟု သာမညတည်သင့်လျက် အဘယ့်ကြောင့် ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ-ဟု ပရိဂ္ဂဟသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) ပရိဂ္ဂဟယောဂအရာ၌ သမ္ဗန်၏ ယေဘုယျအဖြစ်ကို သိစေလိုသောကြောင့် ပရိဂ္ဂဟသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၅၄၃။ (ပ) ဤသုတ်၌ ဝါသဒ္ဒါဖြင့် အဘယ်အနက်ကို ဆည်းပါသနည်း။

(ဖြေ) သုတ်၌ မဆိုအပ်သေးသော သာမိ၊ သမိပ-စသော အရာမကသော အနက်တို့ကို ဆည်းပါသည်။

၁၅၄၄။ (ပ) သမ္ဗန်သည် ကာရက ကြိယာမဟုတ်ခဲ့သော် ၎င်းတို့၏ အကြောင်းတရားဟု မှတ်ရတော့မည်လော၊ အဘယ်သို့ မှတ်ရအံ့နည်း၊ အကြောင်းနှင့်တကွ ပြပါ။

(ဖြေ) ကြိယာကာရကတို့ကြောင့်သာ သမ္ဗန်ဖြစ်ရကား၊ ဝါ-ဖြစ်သောကြောင့် ကြိယာကာရကတို့၏ အကျိုးတရားဟု မှတ်ရမည်။

၁၅၄၅။ (ပ) ဟတ္ထဿ သမိဥ္စနံ-စသည်တို့၌ ကြိယာနှင့် စပ်နေရကား ကာရကမည်သည် မဟုတ်လော၊ မည်သင့်၊ မမည်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) ကြိယာနှင့်ပင် စပ်သော်လည်း ကြိယာ၏ အကြောင်း၏ အဖြစ်ဖြင့် မရအပ်၊ ကွေးခြင်းကြိယာမျှကိုသာ ရအပ်သောကြောင့် ကာရက မမည်သင့်ပါ။

၁၅၄၆။ (ပ) အရာမကသော သမ္ဗန်တို့ကို အကျဉ်းသဓေပအားဖြင့် ပေါင်းသော် ဖြစ်သင့်သော အပြားဘေဒ၏ သရုပ်ကို ဥဒါဟရုဏ် တခုစီနှင့် တကွ ပြခဲ့ပါ။

(ဖြေ) ၁-ဝိသေသန သမ္ဗန်-ရညော ပုရိသော။ ၂-ဌာနီ သမ္ဗန်-ယမေဒန္တဿာဒေသော။ ၄-အာဂမိသမ္ဗန်-ပုထဿုဂမော။ ဤသို့ အားဖြင့် သုံးပါးပြားသင့်၏။

## ၁၄။ ။လိင်္ဂတ္ထေ ပဌမာ

၁၅၄၇။ (ပ) လိင်္ဂတ္ထ ပဌမာ၌ အကြောင်းနှင့်တကွ လိင်္ဂအရကို ထုတ်ပြခဲ့ပါ။

(ဗျာ) နိပ္ဖန္နဓာတ်၏ အစိတ်ဖြစ်သောကြောင့်ရင်း၊ မထင်ရှားသောကြောင့်ရင်း၊ ကွယ်ဝှက်သောအနက်ကို သိစေတတ်သောကြောင့်ရင်း ရှေးဦးစွာ တည်ထားအပ်သော အနိပ္ဖန္နပါဋိပဒိက သျာဒိဝိဘတျန္တပဒ ပကတိရုပ်ရ၏။

၁၅၄၈။ (ပ) လိင်္ဂတ္ထ၏ အရ ဝါဒအမျိုးမျိုးပြပြီးလျှင် ဤ၌ လိုအပ်သော ဝါဒကို ညွှန်းခဲ့ပါ။

(ဗျာ) အသိဉာဏ်ဖြင့် ကြံဆအပ်သော တခုသော အခြင်းအရာဟု ဆိုအပ်သော ဝေါဟာရတ္ထသည် လိင်္ဂတ္ထ၊ ဘေဒစိန္တာ ဝါဒ။ ကြီးသောလက် ခြေ-စသော သဏ္ဌာန်သည် လိင်္ဂတ္ထ၊ အင်္ဂသာလိနီ ဝါဒ။ ဝိသဒါကာရ၊ အဝိသဒါကာရ၊ နေဝဝိသဒါနာဝိသဒါကာရသည် လိင်္ဂတ္ထ၊ ရူပသိဒ္ဓိ၊ မုတ်ဆိတ်၊ ကျင်စွယ်၊ ဆံပင်၊ သားမြတ်-စသည်တို့သည် လိင်္ဂတ္ထ၊ နျာသဝါဒ။ နိပ္ဖန္နသဒ္ဒါ၏ အနက်သည် လိင်္ဂတ္ထ၊ စန်းကျမ်းဝါဒ။ အနိပ္ဖန္နသဒ္ဒါ၏ အနက်သည် လိင်္ဂတ္ထ၊ ကလာပဝါဒ။ ကလာပ်ကျမ်း ဆရာ၏ ဝါဒကို ဤသုတ်၌ လိုအပ်ပါသည်။

၁၅၄၉။ (ပ) လိင်္ဂတ္ထအပြားကို ပြပြီးလျှင် ဤ၌ လိုအပ်သော လိင်္ဂတ္ထကို ပြခဲ့ပါ။

(ဗျာ) ပရမတ္ထလိင်္ဂတ္ထ၊ ပညတ္တလိင်္ဂတ္ထဟူ၍ နှစ်ပါးပြား၏။ နှစ်ပါးလုံးကို လိုအပ်၏။ ထိုတွင် တပါးတပါး၌ သုဒ္ဓလိင်္ဂတ္ထ၊ သံသဋ္ဌလိင်္ဂတ္ထ-ဟူ၍ နှစ်ပါးစီ ပြား၏။ ထိုတွင် သုဒ္ဓတ္ထလိင်္ဂတ္ထကိုသာ ဤ၌ ယူရမည်။

၁၅၅၀။ (ပ) သုဒ္ဓလိင်္ဂတ္ထ၏ သရုပ်အရ ထုတ်ပြပါ။

(ဗျာ) ဝါစ္စဝါစကအလို-သကတ်၊ ဒြပ်၊ လိင်-ဟု ဆိုအပ်သော တိကတ္တ။ အပရေ ဆရာအလို-သကတ်၊ ဒြပ်၊ လိင်၊ သင်္ချာ-ဟု ဆိုအပ်သော စတုက္ကတ္တ၊ သမ္ဗန္ဓစိန္တာ၊ ကစ္စာယန ဆရာတို့၏ အလို-သကတ်၊ ဒြပ်၊ လိင်၊ သင်္ချာ၊ ပရိမာဏ-ဟု ဆိုအပ်သော ပဉ္စကတ္တတို့ ဖြစ်ပါသည်။

၁၅၅၁။ (ပ) လိင်္ဂတ္ထေ ပဌမာ-ဟု ဆိုအပ်သောကြောင့် ပဌမာဝိဘတ်သည် အတ္တနောပဒ်သက်သလော၊ သဒ္ဒနောဒ်ပဒ် သက်သလော၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) အတ္တနောင် ဝိဘတ်သက်ခြင်း၏ မဖြစ်သင့်သောကြောင့် သဒ္ဒနောင်သာ သက်ပါသည်။

၁၅၅၂။ (ပ) ပဉ္စမာဝိဘတ်သည် သဒ္ဒနောင်သာ သက်ရတား လိင်္ဂ ပဉ္စမာ-ဟု သုတ်တည်သင့်လျက် အဘယ့်ကြောင့် လိင်္ဂတ္ထေ ပဉ္စမာ-ဟု တည်ပါသနည်း။

(ဖြေ) အတ္ထသာမည၊ အတ္ထဝိသေသနှစ်ပါးတွင် သက-တ်၊ ဒြပ်-စသော အနက် သာမည၌သာ သက်၏၊ အနက်ဝိသေသ၌ မသက်-ဟု သိစေလိုသောကြောင့် အတ္ထသဒ္ဒါနှင့်ဟက္က တည်ပါသည်။ တနည်း-ကတ္တုတ္ထ၊ ကမ္မတ္ထ-စသည်တို့၌လည်း ပဉ္စမာဝိဘတ်သက်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် လိင်္ဂတ္ထေ ပဉ္စမာ-ဟု တည်ပါသည်။

၁၅၅၃။ (ပ) အတ္ထသာမည၊ အတ္ထဝိသေသတို့၏ အရကို ပြခဲ့ပါ။

(ဖြေ) အတ္ထသာမညကား သဏ္ဍာတ်၊ ဒြပ်၊ လိင်၊ သင်္ချာ၊ ပရိမာဏ-ဟူသော ပဉ္စကတ္ထဘည်း။ အတ္ထဝိသေသကား ဝိဘတ်၏ အနက်ဖြစ်သော ကံ-စသော ကာရက ငါးပါးတို့တည်း။

၁၅၅၄။ (ပ) ဝုတ္တိဝယ် လိင်္ဂတ္ထာဘိဓာနပုဒ်ကို နှစ်နည်းလောက် ဝိဂ္ဂဟ ပြု၍ အရကောက်ပြပါ။

(ဖြေ) လိင်္ဂတ္ထဿ အဘိဓာနံ ကထနံ လိင်္ဂတ္ထာဘိဓာနံ၊ ကမ္မတ္ထ ဆဋ္ဌီတပ္ပုရိသသမာသဝိဂ္ဂဟ။ လိင်္ဂတ္ထော အဘိဓီယတိ ကထီယတိ ဧတေနာတိ လိင်္ဂတ္ထာဘိဓာနံ၊ တတိယာဗဟုဗ္ဗိဟိ သမာသဝိဂ္ဂဟ။ အရကား သဒ္ဒါ ၎င်း၏။

၁၅၅၅။ (ပ) ဤပဉ္စမာဝိဘတ်သည် ဝါစကဖြစ်သလော၊ ဇောတက ဖြစ်သလော။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) မိမိ ဟောစရာ ကံ၊ ကတ္တား စသော အနက် မရှိသော ကြောင့် ဇောတကမျှသာ ဖြစ်ပါသည်။

၁၅၅၆။ (ပ) လိင်္ဂဥ္စ နိပ္ပစ္စတေ လိင်္ဂတ္ထေ ပဉ္စမာသုတ်တို့၌ပါသော လိင် နှစ်ပါးတို့၏ အရထူးခြားပုံကို အကြောင်းယုတ္တိနှင့်တကွ ပြခဲ့ပါ။

(ဖြေ) ရှေ့သုတ်၌ လိင်္ဂအရကား နိပ္ပစ္စတေ-ဟူသော သဒ္ဒန္တရိတ် ထောက်၍ မပြီးသေးသော အနိပ္ဖန္နလိင် အလုံးစုံတို့ကို ယူရမည်။ နောက်သုတ်-လိင်္ဂအရကား ပဉ္စမာ-ဟူသော သဒ္ဒန္တရိတ် ထောက်၍ ပဉ္စမာဝိဘတ်သက်ခွင့်ရှိသော အနိပ္ဖန္နလိင်ကိုသာ ယူရမည်။ ဤသို့ ထူးခြားကြ၏။ တနည်း-ရှေ့သုတ်၌ကား မဟာဝိသယ၊ ဤသုတ်၌ကား အပ္ပဝိသယ။ ဤသို့လည်း ထူးကြသေး၏။

## ၁၅။ အာလပနေ စ

၁၅၅၇။ (ပ) ဤသုတ်၌ အာလုပ်အနက်လွန်ဟူသည် အဘယ်ကို ဆိုလိုပါ သနည်း။

(ဗျာ) လိင်္ဂတ္ထတွင် အို-ဟူ၍ ခေါ်ဝေါ်ခြင်း အနက်လွန်သည်ကို ဆိုလိုပါသည်။

၁၅၅၈။ (ပ) အာလပနသည် လိင်္ဂတ္ထကိုလွန်ခြင်းမရှိရကား အောက်သုတ် ဖြင့်ပင် ပြီးသင့်၏မဟုတ်လော၊ အဘယ့်ကြောင့် ဤသုတ်ကို ထပ်၍ တည်ပြန်သနည်း။

(ဗျာ) အာလုပ်ရှိခဲ့သော် လိင်္ဂတ္ထ၌ ပဌမာဝိဘတ်သာ ဖြစ်၏ဟု မှတ်လိုသောကြောင့် ဤသုတ်ကို ထပ်၍ တည်ပါသည်။

၁၅၅၉။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) ချာအလို-အနုကစုနတ္ထ၊ နောက်သုတ်သို့မလိုက်စေလိုသော ကြောင့် ပဌမာကို ငင်ပါသည်။ နိအလို-သမုစ္စယတ္ထ၊ ကတ္တု၊ ကမ္မ၊ ကရဏ၊ သမ္ပဒါန၊ အပါဒါန၊ သြကာသ၊ သာမိ ဒိသာယောဂအနက် တို့၌ ပဌမာဝိဘတ်သက်ခြင်းကို ဆည်းပါသည်။

၁၅၆၀။ (ပ) အာလပနဟော သဒ္ဒါများ ကာရကဖြစ်သင့်၊ မဖြစ်သင့်၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ရှေးရှုခေါ်ဝေါ်သော အာမန္တနအခါ ၎င်းသဒ္ဒါတို့သည် ကြိယာနှင့်ယှဉ်ခြင်း၊ ဧပ်ခြင်းမရှိသည်၏ အဖြစ်ကြောင့် ကာရကမဖြစ် သင့်၊ ကြိယာဝိသေသန အကာရကမျှသာ ဖြစ်၏။

၁၅၆၁။ (ပ) ပဌမာဝိဘတ်သက်နိုင်သော အနက်တို့ကို ဥဒါဟရဏ်နှင့် တကွ ထုတ်ပြခဲ့ပါ။

(ဗျာ) ၁–လိင်္ဂတ္ထ ဇိနော ဗုဒ္ဓော။ ၂–အာလပနတ္ထ-အဘိက္ကန္တံ ဘော ဂေါတမ။ ၃–ကတ္တုတ္ထ-ဧဝံ ဗုဒ္ဓေါ ဘဝိဿတိ။ ၄–ကမ္မတ္ထ- ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ ၅–ကရဏတ္ထ-ထေယျ စိတ္တော ဌာနာ စာဝေတိ၊ ၆–သမ္ပဒါနတ္ထ-ကာရကော ဒေတိ ဝိပါ ကော။ ၇–အပါဒါနတ္ထ-မိစ္ဆာဒယော ဣမေ ဓမ္မာ ဗုဒ္ဓော ဒူရတရော ဘဝေ။ ၈–သြကာသတ္ထ-ဘာဂပါ စိတ္တမိဿဒရော။ ၉–သာမျတ္ထ-သဗ္ဗေ ဗုဒ္ဓာ ဗလပတ္တာ။ ၁၀–ဒိသာယောဂတ္ထ-ယောန ဘာဂဝါ တေနုပသင်္ကမိ။

၁၁—ဟေတုတ္တ-ဇယံ ဝေရံ ပသဝတိ။ ဤ ၁၁-ပါးသော အနက်တို့၌ သက်နိုင်ပါသည်။

မှတ်ချက်။ ။ဝိဘတျတ္ထနှင့်အညီ ဖြေပါသည်။ ဝဏ္ဏနာဆရာကား နိဒ္ဓါရဏ နိဒ္ဓါရဏီယ-စသည်တို့ဝယ် လက္ခဏတ္ထ၌လည်း သက်သောဟူ၏။

---

## ၁၆။ ကရဏေ တတိယာ

၁၅၆၂။ (ပ) ဤသုတ်ကို ဝိဘတ်စဉ်အားလျော်စွာ ကမ္မတ္ထေ ဒုတိယာ-သုတ်၏ အခြားမဲ့၌ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ အစဉ်ချွတ်၍ တည်ပါသနည်း။

(ဖျာ) အကြင်ဝါကျတခု၌ နှစ်ပါး၊ သုံးပါး၊ လေးပါး၊ ငါးပါးသော ကာရကပုဒ်တို့ ပါရှိကုန်၏။ ထိုဝါကျတခု၌ ၎င်းကာရက ပုဒ်တို့သည် အစဉ်အားဖြင့်၎င်း အစဉ်ချွတ်၍၎င်း၊ တည်ကုန်၏ဟု သိစေလိုသောကြောင့် အစဉ်ဖျက်၍ ဤ၌ တည်ပါသည်။

၁၅၆၃။ (ပ) လိင်္ဂတ္ထေပဌမာသုတ်ကဲ့သို့ ကရဏတ္ထေ တတိယာ-ဟု မတည်မူ၍ အဘယ့်ကြောင့် ကရဏေ တတိယာ-ဟု တည်သနည်း။

(ဖျာ) အောက်သုတ်၌ လိင်္ဂအရ၊ အတ္ထအရ မတူ ကွဲပြား၏။ ဤ၌ကား ကရဏအရ၊ အတ္ထအရ တူကြသောကြောင့် ကရဏေ တတိယာ-ဟု တည်ပါသည်။

၁၅၆၄။ (ပ) ဤ၌ ကရဏ်းအနက်ဟူသည် အဘယ်ကို မှတ်ရမည်နည်း။

(ဖျာ) အောက် ကရဏသညာသုတ်ဖြင့် မှည့်အပ်သော ကရဏ်းကာရကကို မှတ်ရမည်။

၁၅၆၅။ (ပ) ကရဏေ တတိယာဟူ၍ သာမညဆိုရကား ကရဏကာရကဟူသမျှ တတိယာဝိဘတ်ဟု မှတ်ရအံ့လော၊ အဘယ်ကရဏ၌သာ သက်ရမည်ဟု မှတ်ရမည်နည်း၊ အကြောင်းနှင့်တကွ ပြပါ။

(ဖျာ) တတိယာဝိဘတ်သည် မိမိသည်ပင် ဝါစကတပ်နိုင်သောကြောင့် သမာသ်၊တဒ္ဓိတ်၊ အာချတ်၊ ကိတ်ဝါစကကြီးလေးပါးတို့ မဟောအပ်သော အနဘိဟိတကရဏ၊ ဝါ-အဝုတ္တကရဏ ကာရက၌သာ သက်ရသည်ဟု မှတ်။

၁၅၆၆။ (ပ) ဤသုတ်၌ ဝါစ္စ၊ ဝါစကနှစ်ပါး ခွဲဝေပြခဲ့ပါ။

(ဖြေ) ကရိုက်အနက်ကား ပြောအပ်သော အနက်ဖြစ်သော ကြောင့် ဝါစ္စ၊ တတိယာဝိဘတ်ကား ထိုအနက်ကို ပြောတတ်သော ကြောင့် ဝါစက။

---

**၁၇။ သဟာဒိယောဂေ စ**

၁၅၆၇။ (ပ) ဤသုတ်၌ (က) အာဒျတ္ထ၊ (ခ) အာဒျတ္ထာကာရ၊ (ဂ) အာဒိအရ၊ (ဃ) အာဒိဝန္တအရတို့ကို ဝေဖန်ပြပါ။
(ဖြေ) (က) ပကာရတ္ထ၊ (ခ) သဟသဒ္ဒါနှင့်နိပါတ်ပုဒ်အဖြစ်ဖြင့် တူရမည်ဟူလို။ (ဂ) သဟသဒ္ဒါ၊ (ဃ) သဒ္ဓိံ၊ ရှဲနာ၊ သမံ၊ ဝိနာ၊ အလံ၊ ကိံ-စသောသဒ္ဒါတို့ကို ရ၏။

၁၅၆၈။ (ပ) ဤသုတ်၌ စသဒ္ဒါ၏ ဖြစ်သင့်သော အတ္ထ၊ အတ္ထာကာရတို့ကို ပြခဲ့ပါ။
(ဖြေ) သမုစ္စယတ္ထ၊ ဒုက္ခော ဗာလေဟိ သံဝါသော-စသော ပြယုဂ်တို့၌ သဟအနက် ဖြစ်သင့်သော သဟာတ္ထ၌လည်း တတိယာသက်ခြင်းကို ဆည်းပါသည်။

၁၅၆၉။ (ပ) သဟယောဂ ဟူသည် အဘယ်အရာတို့၌ ဖြစ်ပါသနည်း။
(ဖြေ) ဂုဏသမဝါယ၊ ဒဗ္ဗသမဝါယ၊ ကြိယာသမဝါယအရာတို့၌ ဖြစ်ပါသည်။

၁၅၇၀။ (ပ) အဘယ့်ကြောင့် သမဝါယမည်ပါသနည်း။
(ဖြေ) သမံဝေတိ ပဝတ္တတိတိ သမဝါယော-ဟူသည်နှင့် အညီ ဒြပ်၊ ဂုဏ်၊ ကြိယာတို့နှင့် အညီအမျှဖြစ်တတ်သောကြောင့် သမဝါယ မည်ပါသည်။

---

**၁၈။ ကတ္တရိ စ**

၁၅၇၁။ (ပ) ဤသုတ်၌ အလိုရှိအပ်သော ကတ္တားအရ အခကြောင်းနှင့် တကွပြပါ။
(ဖြေ) တတိယာ ဝိဘတ်သည် မိမိသည်ပင် ဝါစကတပ်သော ကြောင့် သမာသ်စသော ဝါစကကြီးလေးပါးတို့ မပြောအပ်ငြားသော အဝုတ္တကတ္တားကိုသာ လိုအပ်ပါသည်။

၁၅၇၂။ (ပ) ဤသုတ်လာ သမုစ္စယတ္ထ-စသဒ္ဒါဖြင့် ဆည်းနိုင်သော အနက်တို့ကို စုံလင်စွာ ထုတ်ပြပါ။

(ဗျာ) ဣတ္ထံဘူတလက္ခဏာအနက်၊ ကြိယာပဝဂ္ဂ၊ ပုဗ္ဗာဒိယောဂ၊ ကာလ၊ အဒ္ဓါန၊ ပဉ္စမတ္ထ၊ ကမ္မတ္ထ၊ ပဋ္ဌမျတ္ထတို့၌ တတိယာ သက်ခြင်းကို ဆည်းပါသည်။

၁၅၇၃။ (ပ) အဘယ်သို့သော အနက်သည် ဣတ္ထံဘူတလက္ခဏာ အနက်မည်သနည်း။

(ဗျာ) တစုံတခု အထူးအပြားသို့ ရောက်သည်ကို မှတ်ကြောင်းဖြစ်သော အနက်သည် ဣတ္ထံဘူတ လက္ခဏာအနက် မည်ပါသည်။

၁၅၇၄။ (ပ) အဘယ်ကို ကြိယာပဝဂ္ဂဟု မှတ်ရမည်နည်း။ ၎င်းသည် ကာရက ဖြစ်နိုင်အံ့လော။

(ဗျာ) ကြိယာကို အလျင်အမြန် ပြီးစေခြင်းကို ကြိယာပဝဂ္ဂ-ဟူ၍ မှတ်ရမည်။ ၎င်းသည် ကတ္တားရ၏ အဆောက်အဦ မဟုတ်သောကြောင့် ကာရက မဖြစ်နိုင်ပါ။ ကြိယာဝိသေသန အကာရကမျှသာ ဖြစ်ပါသည်။

---

## ၁၉။ ဟေတွတ္ထေ စ

၁၅၇၅။ (ပ) အဘယ်အကြောင်းကြောင့် အဘယ်သည် ဟေတွတ္ထမည်ပါသနည်း။

(ဗျာ) အကျိုးပြီးကြောင်း ဖြစ်သောကြောင့် အကျိုးပြီးစေခြင်း၌ အစွမ်းသတ္တိရှိသော အကြောင်းသည် ဟေတွတ္ထ မည်ပါသည်။

၁၅၇၆။ (ပ) ဤသုတ်၌ ဟေတုနှင့် အတ္ထ အနက်မထူး၊ ဝါ-အရတူရကား ဟေတုမှိစ-ဟု တည်ကပြီးလျက် အဘယ့်ကြောင့် ဟေတွတ္ထေစ ဟု တည်ပါသနည်း။

(ဗျာ) အဇပါလေန အဇော ဂါမံ နယာပီယတေ-စသည်တို့၌ ကာရိုက်ဟိတ်ကိုလည်း ယူစေလိုသောကြောင့် အတ္ထသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၅၇၇။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) ချာအလို-အနုက္ကစုနတ္တ၊ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် ယောဂသဒ္ဒါကို ငင်ပါသည်။ နိအလို-သမုစ္စယတ္ထ၊ ကေန ဟေတုနာ၊ ကေန နိမိတ္တေန-စသော ပယောဂတို့၌ ဟေတုအယှဉ်၊

ဟေတု အနက်ရှိသော သဒ္ဒါတို့၏ အယှဉ်၌ တတိယာသက်ခြင်းကို ဆည်းသည်။

---

## ၂၀။ သတ္တမျတ္ထေ စ

၁၅၇၈။ (ပ) ဤသုတ်ကို မတည်သော်လည်း ကတ္တရိစ-သုတ် စသဒ္ဒါဖြင့် ပင် ပြီးသင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ထပ်၍တည်သနည်း။

(ဗျာ) အားထုတ်ခြင်း မဟုဿာဟဖြစ်စေလိုသောကြောင့်ရင်း၊ ထင်ရှားခြင်း ပါကဋဖြစ်စေလိုသောကြောင့်ရင်း ထပ်၍ တည်ပါသည်။

၁၅၇၉။ (ပ) ဤ၌ သတ္တမီနှင့် အတ္ထမထူးကြရကား သတ္တမိယာစ—ဟူ၍ တည်က ပြီးသင့်လျက် အဘယ့်ကြောင့် သတ္တမျတ္ထေစ-ဟုတည်ပါသနည်း

(ဗျာ) ကာလဒ္ဓ၊ ဒိသ၊ ဒေသ-စသော အနက်ဟော သတ္တမီကိုသာ ယူဟု သိစေလိုသောကြောင့် သတ္တမျတ္ထေဟု တည်ပါသည်-

**မှတ်ချက်။** ။ဝိသုဒ္ဓါရာမ ဆရာတော်ကြီးကား သတ္တမီနှင့် အတ္ထအနက် မြဲသည်၏အဖြစ်ကို သိစေလိုသောကြောင့်ဟု အကြောင်းပြ၍၊ ယုတ္တိကို ဆင်ခြင်။

၁၅၈၀။ (ပ) ဤ၌ အာဓာရမှန်သမျှ သတ္တမျတ္ထအရ ဟူရမည်လော၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) တဒနုပရောဓေန-ဟု ပရိဘာသာလာသောကြောင့်၊ တနည်း-အတ္တသဒ္ဒါနှင့်တကွ သုတ်တည်ခြင်းကြောင့် အာဓာရတိုင်း မယူရ။ ကာလ၊ အဒ္ဓ၊ ဒိသာ၊ ဒေသ-စသောအနက်ကို ဟောသော သတ္တမျတ္ထကိုသာ ယူရမည်။

၁၅၈၁။ (ပ) ဤသုတ်လာ စသဒ္ဒါဖြစ်သင့်သော အနက်ကို ပြခဲ့ပါ။

(ဗျာ) ပဒပူရဏတ္ထ။ တနည်း-သမုစ္စယတ္ထ—နိဿလို။

၁၅၈၂။ (ပ) ပဒပူရဏ၏အကျိုးနှင့်တကွ ဆည်းအပ်သော အနက်တို့ကို ပြခဲ့ပါ။

(ဗျာ) သုခုစ္စာရဏ၊ ဝါစာသိလိဋ္ဌ အကျိုးရှိ၏။ သုတ်၌ မဆိုအပ်သေးသော ပဉ္စမီ၊ သတ္တမီအနက်တို့ကိုဆည်း၊ နိဒ္ဒေသ။ တနည်း-သုတ်၌ မဆိုအပ်သော ဒုတိယာ၊ ပဉ္စမီ၊ ဆဋ္ဌီအနက်တို့ကိုဆည်း၊ သုတ်နက်အလို။

**မှတ်ချက်။** ။နိဒ္ဒေသအလို—သတ္တမျတ္ထေစ—သုတ်ဖြစ်ရကား သတ္တမီ အနက် ဆည်းဟူသောစကားကို ဆင်ခြင်အပ်၏။

၁၅၈၃။ (ပ) သုတ်နက်ဆရာအလို ဆည်းအပ်သော အနက်တို့၏ ဥဒါဟရဏ်ကို ပြခဲ့ပါ။

(ဗျာ) ဒုတိယတ္ထ၊သံဝိဘဇေထ နောရင္ဆေနုံ၊ပြည်စည်းစိမ်ကို-ဟုပေး။ ပဉ္စမျတ္ထ။ သုမုတ္တာ မယံ မဟာသမဏေန။ မဟာသမဏေန၊ ရဟန်းကြီး ဂေါတမမှ။ ဆဋ္ဌျတ္ထ။ နိဒ္ဒိတစီဝရဿို ဘိက္ခုနော။ ဘိက္ခုနော၊ ရဟန်း၏ဟုပေး။

---

## ၂၁။ ယောနင်္ဂဝိကာရော

၁၅၈၄။ (ပ) ဤသုတ်၌ အင်္ဂဝိကာရောပုဒ်ကို ဖြစ်ထိုက်သော အစိတ်ဝိဂ္ဂဟ အပေါင်းဝိဂ္ဂဟပြုပြီးလျှင် အသီးအသီး အရကောက်ပြပါ။

(ဗျာ) အင်္ဂံ အယျ အတ္ထီတိ အင်္ဂံ။အသျတ္ထိ ဘဒ္ဒိတ်၊ အစိတ် ဝိဂ္ဂဟ။ တနည်း—အင်္ဂီယတေ ဉာယတေ ဟတ္ထာဒီနံ သမူဟတ္တေနာတိ အင်္ဂံ။ ကမ္မသာဓန၊ အစိတ်ဝိဂ္ဂဟ။ အရကား အပေါင်းဖြစ်သော ကိုယ်ခြပ်ကို ရ၏။ ဝိကရဏံ အညထာ ဘဝနံ ဝိကာရော၊ ဘာဝသာဓန၊ အစိတ် ဝိဂ္ဂဟ။ အရကား ဖောက်ပြန်ခြင်းကြိယာရ၏။ အင်္ဂဿ ဝိကာရော အင်္ဂဝိကာရော၊ ဆဋ္ဌီ တပ္ပုရိသသမာသ၊ အပေါင်းဝိဂ္ဂဟ။ အရကား အပေါင်းဖြစ်သော ကိုယ်ခြပ်၏ ဖောက်ပြန်ခြင်းကြိယာရ၏။

၁၅၈၅။ (ပ) ဤသုတ်ကို ဝိကလိင်္ဂေ-ဟု တည်ကပြီးလျက် အဘယ့်ကြောင့် ယောနင်္ဂဝိကာရော—ဟု တည်ပါသနည်း။

(ဗျာ) ကိုယ်ကာယ၏အစိတ်အပိုင်းဖြစ်ကုန်သောမျက်စိ—စသည်ချို့တဲ့ခြင်းတို့၏ အပေါင်းဖြစ်သော ကိုယ်၏ ဖောက်ပြန်ခြင်းကို မှတ်ကြောင်း၏ အဖြစ်ကို သိစေလိုသောကြောင့် ယောနင်္ဂဝိကာရော-ဟု တည်ပါသည်။

မှတ်ချက်။ ။အချို့ဆရာများ ဤသုတ်ကို ယေနင်္ဂဝိကာရော-ဟု ပြင်ကြ၏။ ဤ၌ အင်္ဂသဒ္ဒါသည် အနင်္ဂါ၌ကဲ့သို့အပေါင်းဟောဖြစ်ရကား မပြင်သင့်ဟုမှတ်။

၁၅၈၆။ (ပ) ဤသုတ်၏ ပိဏ္ဍတ္ထအဓိပ္ပာယ်ကို ပြခဲ့ပါ။

(ဗျာ) အနာရှိနေသော မျက်စိစသော အစိတ်ဖြင့် အပေါင်းဖြစ်သော ကိုယ်၏ဖောက်ပြန်ခြင်းကို မှတ်အပ်၏။ ထိုအပေါင်းဖြစ်သော ကိုယ်၏ဖောက်ပြန်ခြင်းကို မှတ်ကြောင်းဖြစ်သော မျက်စိ စသော အစိတ်၌ တတိယာဝိဘတ် သက်ရမည်ဟူလို။

၁၅၈၇။ (ပ) သုတ္တံဘူတလက္ခဏ၊ အင်္ဂဝိကာရတို့သည် ဖောက်ပြန်ခြင်း တူကြရကား အဘယ်သို့ ထူးပုံကို မှတ်ရပါမည်နည်း။

(ဖြေ) ဣတ္ထိဘူဘလက္ခဏကား ဒြပ်တူမဘူ နှစ်ပါး၊ အကောင်း အဆိုး နှစ်မျိုးဖောက်ပြန်ရာ၌ ရသည်။ အင်္ဂဝိကာရကား ဒြပ်တူရာ၊ အဆိုးဖောက်ပြန်ရာ၌သာ ရသည်။ ဤသို့ အထူးမှတ်။

၁၅၇၇။ (ပ) အင်္ဂဝိကာရသည် 'ဖြင့်' ဟူ၍ အနက်ပေးရကား ဝိသေသန ဖြစ်သင့်ပါသလော၊ ဖြစ်သင့်၊ မဖြစ်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ၊
(ဖြေ) သမ္ဗန္ဓဗျတိစာရဟူသော လျဉ်းပါးရန် မရှိသောကြောင့် ဝိသေသန မဖြစ်သင့်ပါ။

၁၅၇၈။ (ပ) ဝိသေသနမဆိုရသော် အဘယ်အမည်ဟု သိမှတ်ရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။
(ဖြေ) ဤသုတ်ကို အသီးအခြား တည်ထားသောကြောင့် အင်္ဂ ဝိကာရယောဂ တတိယာဟု မှတ်ရမည်။

## ၂၂။ ဝိသေသနေ စ

၁၅၈၀။ (ပ) အဘယ်အကြောင်းကြောင့် အဘယ်သဘောသည် ဝိသေ သန မည်ပါသနည်း။
(ဖြေ) ဝိသေသီယတိ ဝိသေသိဘဗ္ဗံ အနေနာတိ ဝိသေသနံ-ဟူသည် နှင့် အညီ အထူးပြုသင့် အထူးပြုအပ်သောအနက်ကို အထူးပြုကြောင်း ဖြစ်သော သတ္တိကြောင့် အထူးပြုတတ်သော အနက်သဘောသည် ဝိသေသနမည်ပါသည်။

၁၅၈၁။ (ပ) အဘယ့်ကြောင့် အဘယ်သည် ဝိသေသျ မည်ပါသနည်း။
(ဖြေ) ဝိသေသနေန ဝိသေသီယတီတိ ဝိသေသျံ-ဟူရကား ဝိသေ သနသည် အထူးပြုအပ်သောကြောင့် အထူးပြုခံရသောအနက်၊ ဝါ- အထူးပြုအပ်သောအနက်သည် ဝိသေသျမည်ပါသည်။

၁၅၈၂။ (ပ) ဝိသေသန၊ ဝိသေသျ ဤို၏ ခေါ်ပုံပရိယာယ်များကိုပြခဲ့ပါ။
(ဖြေ) ဝိသေသန၊ ဘေဒက၊ အနုဂါဒရုပ်၊ ဝိသေသျ၊ ဘေဒျ၊ ဝိမိရုပ်။ ဤကား ပရိယာယ်။

၁၅၈၃။ (ပ) ဤသုတ်ကို ဟေတွတ္ထေစ သုတ်ကဲ့သို့ ဝိသေသနတ္ထေစ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ဝိသေသနေစ-ဟု တည်သနည်း။
(ဖြေ) ဝိသေသန၊ အတ္ထတို့ အရတူဖြစ်ကြသောကြောင့် ဝိသေ သနေစ-ဟု တည်ပါသည်။

၁၅၉၄။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) အနုကစ္စနတ္ထ။ နောက်သုတ်သို့မလိုက်စေရန် တတိယာကို ငင်ပါသည်။ တနည်း-သမုစ္စယတ္ထ။ ပကတိ၊ ယေဘုယျ၊ ဒေါဏ၊ သမ၊ ဝိသမ-စသော သဒ္ဒါတို့ကို ဆည်းပါသည်။ တနည်း-နိဝတ္တာပန အဝဓာရဏတ္ထ၊ နီလော ပဋော-စသော ဒဗ္ဗဝိသေသနနှ၌ တတိယာကို မြစ်ပါသည်။

၁၅၉၅။ (ပ) ဤသုတ်၌ ဝိသေသနအရ ဝိသေသနဟူသမျှယူရမည်လော၊ အဘယ်ဝိသေသနကို ယူရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) တဒနုပရောဓေန-ဟု မိန့်သောကြောင့် ဂေါတ္တ၊ နာမ၊ ဇာတိ၊ သိပ္ပ၊ ဝယ၊ ဂုဏ-ဟု ဆိုအပ်သော ဝိသေသန။ ကြိယာ၊ ဂုဏ ဝိသေသနကိုသာ ယူရမည်။ နီလော ပဋော-စသော ဒဗ္ဗဝိသေသနကို မယူရပါ။

၁၅၉၆။ (ပ) (က) ကရိုဏ်းအနက်၊ (ခ) အင်္ဂဝိကာရအနက်၊ (ဂ) ဝိသေသနအနက်-သုံးပါးလုံးကိုပင် 'ဖြင့်' ဟူ၍ အနက်ပေး တူကြရကား ထူးပုံကို ဥဒါဟရုဏ်နှင့်တကွ ပြပါ။

(ဖြေ) (က) ဒြပ်ဖြင့် ကြိယာကို အထူးပြုသည်။ ဒတ္တေန ဝိဟိ လုနာတိ။ (ခ) ဒြပ်ဖြင့် ဒြပ်ကို အထူးပြုသည်။ နေတ္တေန ကာဏော ပဿတိ။ (ဂ) ဒြပ်ဖြင့် ဂုဏ်ကို အထူးပြုသည်။ တပသာ ဥတ္တမော။ ဤ'ဖြင့်' သုံးပါး ထူးကြ၏။

၁၅၉၇။ (ပ) တတိယာဝိဘတ်သက်နိုင်သော ကာရက၊ ရင်းမှတပါးသော အတ္ထတို့ကို ဥဒါဟရုဏ်တခုစီနှင့် ထုတ်ပြပါ။

(ဖြေ) ၁—ကတ္တု၊ အဟိနာ ဒဋ္ဌော နရော။ ၂—ကမ္မ၊ တိလေဟိ ခေတ္တေ ဝပတိ။ ၃—ကရဏ၊ ဒတ္တေန ဝီဟိ လုနာတိ။ ၄—အပါဒါန၊ သုမုတ္တာ မယံ တေန မဟာသမဏေန။ ၅—ဩကာသကာရက၊ တေန ခေါ ပန သမယေန။ ဤသို့ ကာရက ငါးပါး။ ပစ္စတ္တ-မဏိနာ မေ အတ္ထော။ ဣတ္ထံဘူတလက္ခဏ၊ ဥဒ္ဓိနပဋ္ဌဗန္ဓနပတ္တေန။ ကြိယာပဝဂ္ဂ-ကောဒေဟနေဝ ပါယာစသိ။ ကာလ-ကာလေန မမ္မသဝန်။ အဒ္ဓာန-ယောဇနေန မာဝတ်။ ဟေတွတ္ထ-ဝိဇ္ဇာယ ဝသတိ။ ဝိသေသနတ္ထ-ဂေါတ္တေန ဂေါတမော နာထော။ အင်္ဂဝိကာရ-ကာဏော ပဿတိ စက္ခုနာ။ နိမိတ္တ-နာဂေါ ဒန္တေန ဟညတေ။ သဟာဒိယောဂ-သံယော သဟာပိ ဂင်္ဂေန ဝိနာပိ ဂင်္ဂေန ဥပေါသထံ ကရောတိ။ ပုဗ္ဗာဒိယောဂ-မာသေန ပုဗ္ဗော ပိဘာရ သဒိသော။ မဏ္ဍိတ-ဉာဏေန ပသီဒိတော။ ဥဿုက္ကတ္ထ-ဉာဏေန ဥဿုက္ကော။

## ၂၃။ သမ္ပဒါနေ စတုတ္ထီ

၁၅၉၈။ (ပ) ဤသုတ်၌ ဖြစ်သင့်သော သမ္ပဒါနအရကို ပြခဲ့ပါ။

(ဖြေ) သမ္ပဒါနသညာ နှစ်သုတ်တို့ဖြင့် မှည့်အပ်သော ဒါန၊ ရောစန၊ သိလာဃ-စသော သမ္ပဒါနတို့ ဖြစ်သင့်ပါသည်။

၁၅၉၉။ (ပ) အသက္ကတာဒေနဋ္ဌ ယာယ ဒဿာယ နေတိ-စသော ပြယုဂ်တို့၌ ကတ္တား ကံ-စသော အနက်တို့၌လည်း စတုတ္ထီဟု သဒ္ဒါမညာတည်သင့်လျက် အဘယ့်ကြောင့် သမ္ပဒါန စတုတ္ထီ-ဟု ဝိသေသ တည်ပါသနည်း။

(ဖြေ) သမ္ပဒါနကာရက၌ စတုတ္ထီဝိဘတ်၏ ယေဘုယျ ပါဌ်ကာ၏အဖြစ်ကို သိစေလိုသောကြောင့် ဝိသေသ တည်ပါသည်။

၁၆၀၀။ (ပ) ဤသို့ တည်သော် ကတ္တား ကံ-စသော အနက်တို့၌ စတုတ္ထီဝိဘတ် အဘယ်သုတ်ဖြင့် သက်ရမည်နည်း။

(ဖြေ) ဤသုတ် စတုတ္ထီဟူသော ဒွိခါကရဏယောဂဝိဘာဂဖြင့် သက်ရမည်။

၁၆၀၁။ (ပ) စတုတ္ထီ-ဟူသော ယောဂဝိဘာဂဖြင့် သက်နိုင်သော အနက်စုကို ထုတ်ပြပါ။

(ဖြေ) ကတ္တား၊ ကံ၊ ကရိုဏ်း၊ အပါဒါန်၊ ဩကာသ၊ သမ္ဗန္ဓ၊ အစ္စန္တသံယောဂတို့ ဖြစ်ပါသည်။

---

## ၂၄။ နမော ယောဂါဒီသွပိ စ

၁၆၀၂။ (ပ) ဤသုတ်၌ နမောယောဂအရ နာမ်၊ နိပါတ်နှစ်ပါးတွင် အဘယ်ကို ယူရမည်နည်း။

(ဖြေ) နိပါတ်ဖြစ်သော နမောသဒ္ဒါ အယှဉ်ကို နမောယောဂအရ ယူရမည်။

၁၆၀၃။ (ပ) ဤသုတ်၌ ဖြစ်သင့်သော အာဒျတ္ထ၊ အာဒျတ္ထာကာရ၊ အာဒိ၊ အာဒိဝန္တအရတို့ကို ပြခဲ့ပါ။

(ဖြေ) ပကာရတ္ထ၊ နမောသဒ္ဒါနှင့် နိပါတ်မှဉ်အဖြစ်ဖြင့် တူရမည်ဟူလို။ အာဒိအရ နမောယောဂရ၏။ အာဒိဝန္တအရ သောတ္ထိ၊ သွာဂတယောဂ-စသည်တို့ရ၏။

၁၆၀၄။ (ပ) ဤသုတ်ကို မတည်သော်လည်း အောက်သုတ်ဖြင့်ပင် ပြီးလျက် အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဖြေ) အောက်သုတ်၌ သမ္ပဒါနအရ ဒါန၊ ရောစန-စသော အယှဉ်ကိုသာ ယူရသောကြောင့် မပြီး။ မပြီးသောကြောင့် ဤသုတ်ကို ထပ်၍ တည်ပါသည်။

၁၆၀၅။ (ပ) ဤသုတ်လာ အပိသဒ္ဒါ၊ စသဒ္ဒါတို့သည် အဘယ်အနက်ရှိကြပါသနည်း။

(ဖြေ) အပိသဒ္ဒါ- န္ျာအလို-သမုစ္စယတ္ထ။ ရူအလို-သမ္ဘာဝနတ္ထ။ နိဒ္ဒေသအလို - သန္နိဋ္ဌာနအဝဓာရဏတ္ထ။ ကစ္စာယနဝဏ္ဏနာ ၾကလို-နိဝတ္တာပနအဝဓာရဏတ္ထ။ စသဒ္ဒါ-န္ျာသ၊ ရူ၊ နိ၊ ဝဏ္ဏနာတို့အလို-အနုကစ္စနတ္ထ။

၁၆၀၆။ (ပ) (က) သမ္ဘာဝနာကာရ၊ (ခ) အဝဓာရဏာကာရ၊ (ဂ) အနုကစ္စနာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) (က) သမ္ပဒါနကာရက ဖြစ်သော ဒါနယောဂစသည်တို့၌ စတုတ္ထီသက်ဟူသော ပဌမတ္ထ၌ နမောယောဂ ဒါ၌ စတုတ္ထီသက်ဟူသော ဒုတိယတ္ထကို ပေါင်းပါသည်။ (ခ) ၁--နမောယောဂ ဒါ၌ စတုတ္ထီဝိဘတ်မြဲ၏ဟု ပိုင်းခြား မှတ်သားပါသည်။ (ခ) ၂--နမောယောဂ ဒါဖြစ်သော်လည်း အချို့ပြယုဂ်၌ စတုတ္ထီကို တားမြစ်ပါသည်။ (ဂ) နောက်သုတ်သို့ မလိုက်စေရန် စတုတ္ထီသဒ္ဒါကို ငင်ယူပါသည်။

၁၆၀၇။ (ပ) စတုတ္ထီ ဝိဘတ်သက်နိုင်သော ကာရကတို့ကို ဥဒါဟရဏ်တခုစီနှင့် ထုတ်ပြပါ။

(ဖြေ) ၁--ကတ္တု၊ ယဿ နက္ခမတိ။ ၂--ကမ္မ၊ ဘိက္ခုနံ တေဒဝေါစ။ ၃--သမ္ပဒါန၊ ဘိက္ခူဿ ဒါနံ ဒေတိ။ ၄--အပါဒါန၊ ဘိယျော သော မတ္တာယ။ ၅--ဩကာသ၊ တုယှဉ္စဿ အာဝိကရောမိ။

---

## ၂၅။ အပါဒါနေ ပဉ္စမီ

၁၆၀၈။ (ပ) ဤ၌ အပါဒါနေ-ဟု သာမန်ဆိုရကား အပါဒါန်မှန်သမျှ ပဉ္စမီသက်ရတော့မည်လော၊ အဘယ်အပါဒါန်၌သာ ပဉ္စမီသက်ရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) ပဥ္စမီသည် ဝါစကဝိဘတ်ဖြစ်သောကြောင့် သမာသ်-အစ ရှိသော ဝါစကကြီးလေးပါးတို့ မဟောသော အနဘိဟိတ အပါဒါန်၌သာ သက်ရမည်။

၁၆၀၉။ (ပ) ယသ္မာဒပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ-သုတ်၌ အပါဒါန၊ အပါဒါနေ ပဥ္စမီသုတ်၌ အပါဒါနအရနှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) ရှေ့ကား အပါယယောဂ၊ ဘယယောဂ၊ အာဒါနယောဂ အပါဒါန်ကိုသာ ရ၏။ နောက်ကား အပါဒါနသညာငါးသုတ်တို့ဖြင့် မှည့်အပ်သော အပါဒါန်ကို ရ၏။ တနည်း-ရှေ့ကား အပ္ပဝိသယ။ နောက်ကား မဟာဝိသယ။ ဤသို့ ထူးကြ၏။

---

## ၂၆။ ကရဏတ္ထေ စ

၁၆၁၀။ (ပ) အဘယ့်ကြောင့် အဘယ်သည် ကာရကမည်ပါသနည်း။

(ဗျာ) အတ္တနော ဖလံ ကရောတီတိ ကာရကံ-ဟူသည်နှင့်အညီ မိမိအကျိုးကို ပြုတတ်သော သတ္တိကြောင့် အကြောင်းတရားသည် ကာရကမည်ပါသည်။

၁၆၁၁။ (ပ) ကာရက နှင့် ဟေတုတို့ တူသလော၊ ထူးသလော၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ကာရကဟေ္တတိ ဟေတွတ္ထေ-ဟု ဖွင့်သောကြောင့် အနက်တူကြ၏၊ သဒ္ဒါမျှသာ ထူးကြ၏။

၁၆၁၂။ (ပ) ဟေတွတ္ထ၌လည်း အပါဒါနသညာကို စီရင်ရကား အောက်သုတ်ဖြင့်ပင် ပြီးကောင်းလျက် အဘယ့်ကြောင့် ဤသုတ်ကို ထပ်၍ တည်ပြန်ပါသနည်း။

(ဗျာ) ဟေတွတ္ထ၌ တတိယာကို စီရင်ရကား ဤ၌ ပဥ္စမီဝိဘတ် သက် ဟူသော အနက်ထူးကို ကြံလိုသောကြောင့် ဤသုတ်ကို ထပ်၍ တည်ပါသည်။

၁၆၁၃။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာဒကာစရတို့ကို ပြခဲ့ပါ။

(ဗျာ) နျာ၊ နိဒ်အလို-အနုကဍ္ဍနတ္ထ။ နောက်သုတ်သို့ မလိုက်စေရန် ပဥ္စမီကို ငင်ပါသည်။ သဒ္ဒါငယ် ဋီကာအလို-သမုစ္စယတ္ထ။ ဓာတ္တုကမ္မ၊

ကရဏ၊ သြကာသ၊ သမ္ဗန်-စသော အနက်တို့၌ ပဉ္စမီဝိဘတ်သက်ခြင်းကို ဆည်းပါသည်။

၁၆၁၄။ (ပ) ပဉ္စမီဝိဘတ်သက်နိုင်သော ကာရကတို့ကို ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

(ဗျာ) ၁–ကတ္တု၊ သတသ္မာ ဗန္ဓေါ နရော။ ၂–ကမ္မ၊ သုဝဏ္ဏသ္မာ ပတိ ဒဒါတိ။ ၃–ကရဏ၊ သဟတ္ထာ ဒဒေယျ။ ၄–အပါဒါန၊ ဂါမာ အပေန္တိ မုနယော။ ၅–သြကာသ၊ ယသ္မာ ဧမံ တတော ဘယံ။

---

## ၂၇။ ကမ္မတ္ထေ ဒုတိယာ

၁၆၁၅။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ကမ္မ၊ ကမ္မတ္ထအရတို့ကို ပြခဲ့ပါ။

(ဗျာ) ကမ္မဋ္ဌ ကမ္မတ္ထေ၁စ – ကမ္မတ္ထေ၁ ဟူသော ဝိဂ္ဂဟနှင့်အညီ ကမ္မအရ-ရထံ ကရောတိ စသည်တို့၌ ရထံ-စသော ပဌမာနက် အနက်ရ၏။ ကမ္မတ္ထအရ–သောဘဏံ ဂစ္ဆတိ။ ဝိမလံ ဓမ္မံ ပဿတိ-စသည်တို့၌ သောဘဏံ၊ ဝိမလံ-စသော ဝိသေသနကံအနက်၊ ကြိယာဝိသေသနကံ အနက် ရ၏။

၁၆၁၆။ (ပ) ဤ၌ ကမ္မတ္ထေ-ဟု သာမညဆိုရကား အမှတ်မထင်သော ကမ္မကာရကဟူသမျှ ယူရမည်လော၊ အဘယ် ကမ္မကာရကကို ယူရမည်နည်း။ ကစ္စည်းအထောက်ပြ၍ ဖြေပါ။

(ဗျာ) ကမ္မနိ ဒုတိယာယတ္တော၁၌ ဒုတိယာယပုဒ်ကို ထောက်၍ ဝုတ္တကံကို မယူရပါ၊ အဝုတ္တကမ္မကာရကကိုသာ ယူရပါမည်။

၁၆၁၇။ (ပ) အောက် ကရဏေ တတိယာ-သုတ်ကဲ့သို့ ကမ္မေ ဒုတိယာမျှသာ တည်က ပြီးသင့်လျက် အဘယ့်ကြောင့် ကမ္မတ္ထေ ဒုတိယာ-ဟု တည်ပါသနည်း။

(ဗျာ) ကမ္မ၊ ကမ္မတ္ထနှစ်ပါးလုံး၌ ဒုတိယာသက်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် ဝါ-ပဌမာနက်၏ ဝိသေသနဖြစ်သော ကံအနက်၊ ကြိယာဝိသေသနကံအနက်တို့၌လည်း ဒုတိယာသက်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် ကမ္မတ္ထေ ဒုတိယာ-ဟု တည်ပါသည်။

၁၆၁၈။ (ပ) ဤသုတ်ကို ဝိဘတ္တိကမအားဖြင့် အာလပနေ စ သုတ်၏ အနန္တရ၌ တည်သင့်လျက် အဘယ့်ကြောင့် အစဉ်ဖျက်၍ ဤ၌တည်ပါသနည်း။

(ဗျာ) ဝါကျတခုတခု၌ ၂-ပါး၊ ၃-ပါး၊ ၄-ပါး၊ ၅-ပါးသော ကာရကတို့သည် ဝိဘတ်စဉ်အားဖြင့်၎င်း၊ အစဉ်ချွတ်သဖြင့်၎င်း တည်နေနိုင်ကုန်သည်၏အဖြစ်ကို သိစေလိုသောကြောင့်၊တနည်း–ကမ္မကာရကဉ်သာ ဒုတိယာသက်သည်မဟုတ်သေး၊ကြွင်းသော ကာရကငါးပါး၊ သမ္ဗန်၊ အစ္စန္တသံယောဂ-စသော အနက်တို့၌လည်း သက်ကုန်၏ဟု သိစေလိုသောကြောင့် အစဉ်ဖျက်၍ သုတ်တည်ပါသည်။

၁၆၁၉။ (ပ) ဤသုတ်သည် နယလေးဆယ်တို့တွင် အဘယ်နယ ဖြစ်ပါသနည်း။

(ဗျာ) ကေသေသနယ၊ ပဒီပနယတို့ ဖြစ်ပါသည်။

---

## ၂၈။ ကာလဒ္ဓါနမစ္စန္တသံယောဂေ

၁၆၂၀။ (ပ) ဤသုတ်၌ ကာလအရ၊ အဒ္ဓအရ၊ အစ္စန္တသံယောဂအရတို့ကို ဝိဂ္ဂဟနှင့်တကွ ပြခဲ့ပါ။

(ဗျာ) ကလီယတိ သင်္ချာယတိ အာယုပ္ပမာဏာဒယော အနေနာတိ ကာလော၊ ကရဏသာဓန၊ ဒိဝသ၊ မာသ၊ သံဝစ္ဆရ-စသော ကာလ ရ၏။ အရန္တိ ယန္တိ ဧတ္ထာတိ အဒ္ဓါ၊ အဓိကရဏသာဓန၊ ခရီး ရ၏။ အစ္စန္တံ နိရန္တရံ သံယောဂေါ အစ္စန္တသံယောဂေါ၊ ကမ္မဓာရယ သမာသဝိဂ္ဂဟ၊ မပြတ်ယှဉ်ခြင်း ကြိယာရ၏။

၁၆၂၁ (ပ) အောက်သုတ် အတ္ထသဒ္ဒါဖြင့်ပင် ပြီးဆင့်လျက် အဘယ့်ကြောင့် ဤသုတ်ကို ထပ်၍တည်ပြန်သနည်း။

(ဗျာ) မာသံ မံသောဒနံ ဘုဉ္ဇတိ-စသည်တို့၌ ပဌမာဝိဘတ်ကို တားမြစ်လိုသောကြောင့် တည်ပြန်ပါသည်။

၁၆၂၂။ (ပ) ဤ၌ မပြတ်ယှဉ်၏ဟူသော် အဘယ်တို့နှင့် မပြတ်ယှဉ်ခြင်းကို ယူရမည်နည်း။

(ဗျာ) ကာလအဓ္ဓန်တို့၏ ဒြပ်၊ဂုဏ် ကြိယာတို့နှင့် မပြတ်ယှဉ်ခြင်းကို ယူရပါမည်။

၁၆၂၃။ (ပ) ကာလအစ္စန္တသံယောဂ၊အဒ္ဓါအစ္စန္တသံယောဂတို့ကို အဘယ်သို့ အနက်ပေးရအံ့နည်း။

(ဗျာ) ကာလ အစ္စန္တသံယောဂကို 'ပတ်လုံး'ဟူ၍ အနက်ပေးရမည်။ အဒ္ဓါအစ္စန္တသံယောဂကို 'တိုင်တိုင်' ဟူ၍ အနက်ပေးရမည်။

၁၆၂၄။ (ပ) မာသံ မံသောဒနံ ဘုဥ္ဇတိ၌ တလလုံးလုံး မပြတ်မလပ်မစား နိုင်ရကား အဘယ်ကြောင့် အစ္စန္တသံယောဂ ဆိုပါအံ့နည်း။

(ဗျာ) မပြတ်မလပ် စားသည်ကို အစ္စန္တသံယောဂမဆို၊ ရက်ပေါင်း သုံးဆယ်အားဖြင့် မပြတ်သည်ကို အစ္စန္တသံယောဂဆိုပါသည်။

---

## ၂၉။ ကမ္မပ္ပဝစနီယယုတ္တော

၁၆၂၅။ (ပ) ဤသုတ်၌ (က)ကမ္မ၊ (ခ)ပဝစနီယ၊ (ဂ)ကမ္မပ္ပဝစနီယ၊ (ဃ)ကမ္မပ္ပဝစနီယယုတ္တအရတို့ကို အသီးအသီး ဝိဂ္ဂဟနှင့်တကွ ပြပါ။

(ဗျာ) (က)ကရဏံ ကမ္မံ၊ ဘာဝသာဓနကြိယာရ၏။ (ခ) ပကာ ရေန ဝစီယတီတိ ပဝစနီယံ၊ ကမ္မသာဓန-လက္ခဏိတ္ထမ္ဘူတာချာနစသော အနက်တို့ကို အပြားအားဖြင့် ဟောအပ်သော ကြိယာပင်ရ၏။ (ဂ) ကမ္မံ ပဝစနီယံ ယေသန္တေတိ ကမ္မပ္ပဝစနီယာ။ စတုတ္ထီ ဗဟုဗ္ဗီဟိ သမာသဝိဂ္ဂဟ။ လက္ခဏိတ္ထမ္ဘူတ-စသောအနက်ကို ထွန်းပြတတ်သော ဥပ သာရ၊ နိပါတ်တို့ရ၏။ (ဃ)ကမ္မပ္ပဝစနီယေဟိ ယုတ္တော ကမ္မပ္ပဝစနီယ ယုတ္တော။ တပ္ပုရိသ သမာသဝိဂ္ဂဟ။ လက္ခဏိတ္ထမ္ဘူတစသော အနက်တို့ကို ထွန်းပြတတ်သော ဥပသာရ နိပါတ်တို့နှင့် ယှဉ်ခြင်းရ၏။

၁၆၂၆။ (ပ) အောက် ကမ္မတ္တေ ဒုတိယသုတ်လာ အတ္ထသဒ္ဒါဖြင့်ပင် ပြီးသင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ဤသုတ်ကို ထပ်၍ တည်ပါ သနည်း။

(ဗျာ) ကမ္မပ္ပဝစနီယ အမည်ရသော ဥပသာရ နိပါတ်တို့နှင့် ယှဉ် ရာ၌ လက္ခဏိတ္ထမ္ဘူတာချာန၊ ဝိစ္ဆာ၊ ဘာဂ-စသောအနက်ထူးတို့ကို သိစေ လိုသောကြောင့် ထပ်၍တည်ပါသည်။

၁၆၂၇။ (ပ) ကမ္မပ္ပဝစနီယ အမည်ရသော ဥပသာရပုဒ်၊ နိပါတ်ပုဒ်တို့ ဟောနိုင်သော အနက်တို့ကို ပြခဲ့ပါ။

(ဗျာ) အနုဥပသာရသည် လက္ခဏ၊ ဣတ္ထမ္ဘူတာချာန၊ ဝိစ္ဆာ၊ ဘာဂ၊ သဟ၊ ဟီန၊ အနက် ၆-ပါးတို့ကို ဟောနိုင်ပါသည်။ ပတိ၊ ပရိ ဥပသာရတို့သည် လက္ခဏ၊ ဣတ္ထမ္ဘူတာချာန၊ ဝိစ္ဆာ၊ ဘာဂ၊ အနက် လေးပါးတို့ကို၊ အဘိဥပသာရသည် လက္ခဏ၊ ဣတ္ထမ္ဘူတာချာန၊ ဝိစ္ဆာ၊ အနက်သုံးပါးတို့ကို ဟောနိုင်ပါသည်။ ဓိနိပါတ်သည် ဂုဏ်ဟောအနက်ကို ဟောနိုင်၏။

၁၆၂၈ (ပ) အဘယ်သို့သော အနက်သည် ကတ္တုံဘူတာချာန မည်ပါသနည်း။

(ဗျာ) တစုံတခု အထူးသို့ရောက်သည်ကို ဟောကြားတတ်၊ ဝါ- ပြောကြားတတ်သော အနက်သည် ကတ္တုံဘူတာချာန မည်ပါသည်။

၁၆၂၉။ (ပ) အဘယ်သို့သော အနက်သည် ဝိစ္ဆာမည်ပါသနည်း။

(ဗျာ) ဒြပ်၊ ဂုဏ်၊ ကြိယာတို့ဖြင့် ပြားသောအနက်တို့ကို နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် ဝိစ္ဆာမည်ပါသည်။

၁၆၃၀။ (ပ) တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော၌ ကတ္တုံအရ၊ ဘူတအရ၊ အာချာနအရ၊ ကတ္တုံဘူတာချာနဇောတတ အရတို့ကို ပြခဲ့ပါ။

(ဗျာ) ကောင်းသော အရဟံ-စသောဂုဏ်တို့သည် ကတ္တုံ၊ အရဟံ-စသော ဂုဏ်အထူးသို့ ရောက်သော ကျော်စောသောအသံသည် ဘူတ၊ ဂေါတမသဒ္ဒါသည် အာချာန၊ အဘိသဒ္ဒါသည် ကတ္တုံဘူတာချာန ဇောတက။

၁၆၃၁။ (ပ) တံ ခေါ ပန ဘဝန္တံ ဂေါတမံ၌ ဘုရားနှင့်ဂုဏ်တို့သည် သာမိသံဖြစ်ရကား သမ္ဗန်အနက်၌ ဆဋ္ဌီသက်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ဒုတိယာဝိဘတ်သက်ရပါသနည်း။

(ဗျာ) ကမ္မပ္ပဝစနီယအမည်ရှိသော ဥပသာရ နိပါတ်တို့နှင့်ယှဉ်သောကြောင့် ဆဋ္ဌီကိုမြစ်တား၍ ဒုတိယာဝိဘတ်သာ သက်ပါသည်။

၁၆၃၂။ (ပ) ကမ္မပ္ပဝစနီယဟူသော အမည်သည် အဘယ်၌လာသော အမည်ဟု မှတ်ရမည်နည်း။

၁၆၃၃။ (ပ) ဤသုတ်ကို ကမ္မပ္ပဝစနီယေမျှမတည်ပဲ အဘယ့်ကြောင့် ယုတ္တသဒ္ဒါနှင့်တကွ တည်ပါသနည်း။

(ဗျာ) အတ္ထယုတ္တ၊ သဒ္ဒယုတ္တနှစ်ပါးရှိရာတွင် အတ္ထယုတ္တသာ ပဓာန ဖြစ်၏ ဟူသော အနက်ကိုသိလိုသောကြောင့် ယုတ္တသဒ္ဒါနှင့်တကွ တည်ပါသည်။

---

## ၃၀။ ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟရ ကရ သယာဒီနံ ကာရိတေ ဝါ

၁၆၃၄။ (ပ) ဤသုတ်ကို မတည်သော်လည်း ကမ္မတ္ထေ ဒုတိယာ-သုတ်ဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် တည်ပြန်ပါသနည်း။

(ဖြေ) ဂမုစသော ဓာတ်တို့၏ အဃျဉ်ကာရိုက်၌ ဒုတိယာဝိဘတ် မမြဲသည်၏ အဖြစ်ကို ပြလိုသောကြောင့်၊ တနည်း-ကာရိုက်ကာ၊ ဓာတ် ကံတို့၏ အထူးကို ပြလိုသောကြောင့် ထပ်၍ တည်ပါသည်။

၁၆၃၅။ (ပ) ဤသုတ်ကို ဂမု၊ ဗုဓ၊ ဘုဇ၊ ပဌ-စသည်ဖြင့် တည်သင့် သည် မဟုတ်လော၊ အဘယ့်ကြောင့် ဂတိ၊ ဗုဒ္ဓိ၊ ဘုဇ-စသည်ဖြင့် တည် ပါသနည်း။

(ဖြေ) တိကာရန္တ၊ ဣကာရန္တအားဖြင့် ဓာတ်ကို ညွှန်းပြလိုသော ကြောင့် တည်ပါသည်။

၁၆၃၆။ (ပ) ဤသုတ်၌ ကာရိတေအရ အဘယ်ကို ယူရမည်နည်း။

(ဖြေ) ဓာတုဟိ ဏေ ဏယ-စသော သုတ်ဖြင့် သက်သော ဏေ၊ ဏယ၊ ဏာပေ၊ ဏာပယ-ပစ္စည်းတို့ကို ယူရမည်။

၁၆၃၇။ (ပ) ပုရိသော ပုရိသေန ဝါ၊ ပုရိသော ပုရိသဿ ဝါ-ပြယုဂ်တို့၌ နာဝိဘတ်၊ သဝိဘတ်တို့သည် အဘယ်အနက်၌ အဘယ်သုတ်ဖြင့် သက် သော ဝိဘတ် ဖြစ်ပါသနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ရူ၊ နိတို့အလို-ဤသုတ်ဝိကပ္ပ ဝါသဒ္ဒါဖြင့် ဝိဘတ်ကို မြစ် သောကြောင့် ကံအနက်၌ ကတ္တရိစသုတ် စသဒ္ဒါဖြင့် သက်သော နာဝိ ဘတ်၊ ဒုတိယာပဉ္စမီနဉ္စသုတ်ဖြင့် သက်သော ဆဋ္ဌီဝိဘတ်ဖြစ်ပါသည်။ နျာသအလို-ဤသုတ်ဝါသဒ္ဒါဖြင့် ကမ္မသညာကို မြစ်သောကြောင့် ကတ္တား အနက်၌ ကတ္တရိစသုတ်ဖြင့် သက်သော နာဝိဘတ်၊ ဆဋ္ဌီစသုတ် စသဒ္ဒါ ဖြင့် သက်သော သဝိဘတ်ဖြစ်ပါသည်။

၁၆၃၈။ (ပ) ဒုတိယာဝိဘတ် သက်နိုင်သော ကာရကတို့ကို ဥဒါဟရုဏ် တခုစီနှင့် ပြခဲ့ပါ။

(ဖြေ) ၁—ကမ္မကာရက၊ ရထံ ကရောတိ။ ၂—သမ္ပဒါန၊ ပဋိဘာတု မံ ဘဂဝါ၊ ၃—အပါဒါန၊ ပုဗ္ဗေဝ ဂါမံ ရမဏီယံ၊ ၄—ဩကာသ၊ ပုဗ္ဗဏှ သမယံ။

---

## ၃၁။ သာမိသ္မိံ ဆဋ္ဌီ

၁၆၃၉။ (ပ) ဆဋ္ဌီဝိဘတ်သည် သမ္ဗန်အနက်၌ သက်ရကား ဤသုတ်ကို သမ္ဗန္ဓေ ဆဋ္ဌီ-ဟု တည်သင့်လျက် အဘယ့်ကြောင့် သာမိသ္မိံ ဆဋ္ဌီ ဟု တည်ပါသနည်း။

(ဖြေ) သမ္ဗန်အနက်၏ သမ္ဗန္ဓီဒြပ်နှင့် မကင်းကောင်းသည်၏ အဖြစ် ကို သိစေလိုသောကြောင့် သာမိသ္မိံ ဆဋ္ဌီ-ဟု တည်ပါသည်။

၁၆၄၀။ (ပ) သမ္ပဒါနဖြစ်နှစ်ပါး ရှိရာဝယ် အာယသမ္ပဒါနေ အာယ အကျိုးငှါ ဆဋ္ဌီဝိဘတ်သက်ပါသနည်း။

(ဗျာ) ရညော-စသော ဝိသေသနသမ္ပဒါနေ သမ္ပန်အနက်ကို ထွန်းပြခြင်းအကျိုးငှါ သက်ပါသည်။

၁၆၄၁။ (ပ) သမ္ပဒါနဖြစ်နှစ်ပါး ရှိပါလျက် ဝိသေသနသမ္ပဒါနေသာ ဆဋ္ဌီဝိဘတ်သက်၍ ဝိသေသျသမ္ပဒါနေ ဆဋ္ဌီဝိဘတ်မသက်ခြင်း၏ အကြောင်းတို့ကို ပြခဲ့ပါ။

(ဗျာ) ဝိသေသနသမ္ပဒါနေ သက်မှ ဆဋ္ဌီဝိဘတ်၏ သမ္ပန်အနက်ကို ဟောခြင်းငှါ စွမ်းနိုင်သော သဘောရှိသောကြောင့် သက်ပါသည်။ ဝိသေသျနေ သက်သော် သမ္ပန်အနက်ကို ဟောခြင်းငှါ စွမ်းနိုင်သော သဘောမရှိသောကြောင့် ဝိသေသျသမ္ပဒါနေ မသက်ရပါ။

၁၆၄၂။ (ပ) ဆဋ္ဌီဝိဘတ်သက်နိုင်သော ကာရကတို့ကို ဥဒါဟရဏ်နှင့် တကွ ပြခဲ့ပါ။

(ဗျာ) ၁–ကတ္တု၊ သော မိရော ပူဇိတော ရညော။ ၂–ကမ္မ၊ ပါပဿ အကရဏံ သုခံ။ ၃–ကရဏ၊ သဗ္ဗဿ ပတ္တံ ပူရေတွာ။ ၄–သမ္ပဒါန၊ သုဝဏ္ဏံ ကုဏ္ဍလဿ ဟောတိ။ ၅–အပါဒါန၊ အဿဝနတာယ ဓမ္မဿ ပရိဟာယန္တိ။ ၆–ဩကာသ၊ ကုသလာ နစ္စဂီတဿ။

၁၆၄၃။ (ပ) အချင်းခပ်သိမ်း ဆဋ္ဌီဝိဘတ်မသက်ရ၊ မသက်ကောင်းသော သမ္ပန်ရှိ၊ မရှိ၊ ရှိလျှင် မည်သည့် သမ္ပန်ဖြစ်ပါသနည်း။

(ဗျာ) ရှိ၏။ ကြိယာနှင့် ကာရကတို့၏ အချင်းချင်း ငဲ့ခြင်းဟု ဆိုအပ်သော ကြိယာကာရက သမ္ပန်ဖြစ်ပါသည်။

---

## ၃၂။ ဩကာသေ သတ္တမီ

၁၆၄၄။ (ပ) သတ္တမီဝိဘတ်သည် တပါးသော ကံ၊ ကတ္တား-စသော အနက်တို့၌လည်း သက်သောကြောင့် အထွေသတ္တမီ-ဟု သာမညတည်သင့်လျက် အဘယ့်ကြောင့် ဩကာသေ သတ္တမီ-ဟု ဝိသေသ တည်ပါသနည်း။

(ဗျာ) ဩကာသတ္ထ၌ သတ္တမီဝိဘတ်၏ ယေဘုယျအဖြစ်ကို ပြလိုသောကြောင့် ဝိသေသ တည်ပါသည်။

၁၆၄၅။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ဩကာသ၏အရကို အကြောင်းနှင့် တကွ ပြခဲ့ပါ။

(ဗျာ) သတ္တမီ ဝိဘတ်သည် မိမိသည်ပင် ဝါစကတပ်သော့ကြောင့် သမာသ်-စသော ဝါစကကြီးတို့ မဟောသော အနဘိဟိတ ဩကာသ သာ ဖြစ်သင့်ပါသည်။

၁၆၄၆။ (ပ) ဤ၌ ဩကာသအရ အဘိဟိတ ဩကာသကာရကကို အဘယ့်ကြောင့် မယူရပါသနည်း။

(ဗျာ) သတ္တမီဝိဘတ်ဟောရန် အနက်ထူးမရှိသောကြောင့် မယူ ရပါ။

၁၆၄၇။ (ပ) ယော ဓာရော တမောကာသံ၊ ဩကာသေ သတ္တမီတို့၌ ပါရှိသော ဩကာသတို့ ထူးပုံကို ပြခဲ့ပါ။

(ဗျာ) အောက်၌ကား ကြိယာပတိဋ္ဌာန သတ္တိရှိသမျှ အလုံးစုံကို ဩကာသအရ ယူရ၏။ ဤ၌ကား အနဘိဟိတ ဩကာသကိုသာ ရ၏။ ဤကား အထူး။

၁၆၄၈။ (ပ) သတ္တမီဝိဘတ်သက်ထိုက်သော ကာရကတို့ကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

(ဗျာ) ကမ္မ-ဘိက္ခူသု အဘိဝါဒေန္တိ။ ကရဏ-ပတ္တေသု ပိဏ္ဍာယ စရန္တိ။ သမ္ပဒါန-သံဃေ ဒိန္နံ မဟပ္ဖလံ။ အပါဒါန-ကဒလီသု ဂဇေ ရက္ခန္တိ။ ဩကာသ-ပရိယင်္ဂေ ရာဇာ သေတိ။

---

### ၃၃။ သာမိဿရာဓိပတိ ဒါယာဒ သက္ခိ ပတိဘူ ပသုတ ကုသလေဟိ စ

၁၆၄၉။ (ပ) သာမိသ္မိံ ဆဋ္ဌီ၊ ဆဋ္ဌီစ-သုတ်တို့ဖြင့် သမ္ဗန်အနက်၊ သတ္တမီ အနက်တို့၌ ဆဋ္ဌီဝိဘတ်၊ ဩကာသေ သတ္တမီ၊ သမ္ပဒါနေ စ-သုတ် စသဒ္ဒါတို့ဖြင့် သမ္ဗန်အနက်၊ သတ္တမီအနက်တို့၌ သတ္တမီဝိဘတ်သက်ခြင်း တို့ ပြီးရကား ဤသုတ်ကို မတည်နေသင့်လျက် အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဗျာ) တပါးတပါးသော အနက်၌ ဆဋ္ဌီ၊ သတ္တမီ-ဟူသော ဝိဘတ် နှစ်ပါး နှစ်ပါးသက်သည်၏အဖြစ်ကို သိစေလိုသောကြောင့် ထပ်၍ တည်ပါသည်။

၁၆၅၀။ (ပ) အောက် သာမိသို့ ဆင့်၊ ဩကာသေ သတ္တမီသုတ်တို့ဖြင့် သက်သော ဆင့်၊ သတ္တမီဝိဘတ် ဤသုတ်ဖြင့် သက်သော ဆင့်၊ သတ္တမီဝိဘတ်တို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) အောက်၌ကား သမ္မန်၊ ဩကာသတို့မှ တပါးသောအနက်တို့နှင့် မဆက်ဆံရကား အသာခေရဏ၊ ဤ၌ကား သမ္မန်၊ ဩကာသ–ဟူသော အနက်တပါးနှင့် ဆက်ဆံရကား သာခေရဏ။ ဤသို့ ထူး၏။

၁၆၅၁။ (ပ) ဤသုတ်၌ အဉ္ဇိစာဝယ် ကုသလေဟိစ-ဟု စသဒ္ဒါနှင့် ရှိကြ၏။ ရှိသင့်၊ မရှိသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) ချာ၊ ရူ-စသည်တို့၌ မဖွင့်ပြကြသောကြောင့် စသဒ္ဒါ မရှိသင့်ပါ။

---

## ၃၄။ နိဒ္ဓာရဏေ စ

၁၆၅၂။ (ပ) အဘယ်သို့ သဘောရှိသော အနက်သည် နိဒ္ဓာရဏမည်ပါသနည်း။

(ဗျာ) ဇာတ်၊ ဂုဏ်-စသည်တို့ဖြင့် အပေါင်းဖြုပ်မှ အစိတ်ဖြုပ်ကို အသီးပြုခြင်းသဘောရှိသော အနက်သည် နိဒ္ဓာရဏမည်ပါသည်။

၁၆၅၃။ (ပ) အဘယ့်ကြောင့် အဘယ်ကို နိဒ္ဓာရဏ-ဟု ခေါ်ဆိုပါသနည်း။

(ဗျာ) သမုဒါယတော နီဟရိတွာ ဓာရဏံ နိဒ္ဓာရဏံ - ဟူရကား အပေါင်းမှ အသီးထုတ်ဆောင်ခြင်းကြောင့် အသီးထုတ်ဆောင်ခြင်း ကြိယာကို နိဒ္ဓာရဏ ခေါ်ဆိုပါသည်။

၁၆၅၄။ (ပ) နိဒ္ဓာရဏ-ဟူသော သညာသည် သာသနာ၊ သဒ္ဒါ ကျမ်းနှစ်ဖြာတွင် အဘယ်၌လာသော အမည်ဖြစ်ပါသနည်း။

(ဗျာ) လောကီသဒ္ဒါကျမ်း၌လာသော အမည်ဖြစ်ပါသည်။

၁၆၅၅။ (ပ) နိဒ္ဓာရဏသည် သာသနာတော်ကျမ်းမှာ အဘယ်အမည်ဖြင့် လာပါသနည်း။

(ဗျာ) ဥဗ္ဗာဟန-ဟူသော အမည်ဖြင့် လာပါသည်။ (အဓိပ္ပာယ်မှာ အတူတူပင် မှတ်။)

၁၆၅၆။ (ပ) အောက် ဝိဘတ္တ အပါဒါန်နှင့် နိဒ္ဓာရဏ နှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။

(ဖြေ) ဝိဘတ္တအပဒါန်ကား ဝိဘတ္တိဝိဘဇနကာရက။ နိဒ္ဒါရဏကား အဝိဘတ္တိဝိဘဇနအကာရက။ ဤသို့ ထူးကြ၏။

၁၆၅၇။ (ပ) နိဒ္ဒါရဏ၏ဖြစ်သင့်သောအပြားကို ဥဒါဟရဏ် တခုစီနှင့် ပြခဲ့ပါ။

(ဖြေ) ၁—ဇာတိနိဒ္ဒါရဏ၊ မနုဿာနံ ခတ္တိယော သူရတမော။ ၂—ဂုဏ၊ ကဏှာ ဂါဝီနံ သမ္ပန္နခီရတမာ။ ၃—ကြိယာ၊ ပထိကာနံ ဓာဝန္တော သီဃတမော။ ၄—နာမ၊ အရဟတံ အာနန္ဒော ဗဟုဿုတော။ ပုဒ်စစ်အလို ၄-ပါး။ ၅—ဒဗ္ဗ၊ ယောဓာနံ ဝမ္မိကော သူရတမော။ ၆—သဉ္ဇာနိဒ္ဒါရဏ၊ ဘိက္ခူနံ ဒွေဝါ တယော ဝါ သမ္မန္တိတဗ္ဗာ။ အဖေဂ္ဂုသာရ အလို ၆-ပါး ပြား၏။

၁၆၅၈။ (ပ) ထိုတွင် တပါးတပါး၌ ဖြစ်သင့်သော အနက်များကို ထုတ်ပြခဲ့ပါ။

(ဖြေ) နိဒ္ဒါရဏသမုဒါယ၊ နိဒ္ဒါရဏဟေတု၊ နိဒ္ဒါရဏီယ၊ နိဒ္ဒါရဏ-ဟူ၍ လေးပါးစီ ဖြစ်သင့်ပါသည်။

၁၆၅၉။ (ပ) ဇာတိနိဒ္ဒါရဏ-စသော အမည်များကို အဘယ်ပုဒ်က အမည်ပေးပါသနည်း။

(ဖြေ) ထုတ်အပ်သော အနက်ဖြစ်သော နိဒ္ဒါရဏီယပုဒ်က အမည်ပေးပါသည်။

၁၆၆၀။ (ပ) နိဒ္ဒါရဏေစ-ဟု ဆိုရကား နိဒ္ဒါရဏတ္ထ၌ ဆဋ္ဌီ၊ သတ္တမီသက်သည်ဟု မှတ်ရအံ့လော၊ အဘယ်နှောင် သက်ပါသနည်း၊ အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဖြေ) နိဒ္ဒါရဏသမုဒါယ၊ နိဒ္ဒါရဏီယ အနက်နှစ်ပါးကို ထွန်းပြနိုင်သော အစွမ်းသတ္တိသဘော ရှိသောကြောင့် ထုပ်ရာအပေါင်းဟော နိဒ္ဒါရဏသမုဒါယဝါစီလိင်နှောင်သာ ဆဋ္ဌီ၊ သတ္တမီသက်ပါသည်။

၁၆၆၁။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) သမုစ္စယတ္ထ။ ကစ္စည်းကျမ်း၌ ဆိုအပ်သည်မှ ကြွင်းသော ပိတုဿ တုလျာ-စသော ပြယုဂ်တို့၌ သဟတ္ထ-စသော အနက်တို့ကို ဆည်းပါသည်။ နိအလို။ ဟောတိ ဗ္လဒမ္ဘိ သီလသ္မိံ-စသော ပြယုဂ်တို့၌ ပဌမာအနက်၌ သတ္တမီသက်ခြင်းကို ဆည်းပါသည်။ ဗာလာဝတာ။

## ၃၅။ အနာဒရေ စ

၁၆၆၂။ (ပ) အဘယ့်ကြောင့် အဘယ်သည် အနာဒရမည်ပါသနည်း။
(ဗျာ) န အာဒရော အနာဒရော၊ နတ္ထိ အာဒရော ဧတဿာတိ အနာဒရောဟူသည်နှင့် အညီ၊ မရိုသေခြင်းကြောင့်၊ ဝါ- ရိုသေခြင်း မရှိသောကြောင့် မရိုသေခြင်း ကြိယာသည် အနာဒရမည်ပါသည်။

၁၆၆၃။ (ပ) ဤ၌ မရိုသေဟူသည် အဘယ်သို့ ပြုသည်ကို မရိုသေဟု မှတ်ရမည်နည်း။
(ဗျာ) မထီမဲ့မြင် ပြုသည်ကို မှတ်။ တနည်း- အလိုအားလျော်စွာ ပြုသည်ကို မှတ်ရမည်။

၁၆၆၄။ (ပ) အနာဒရ ဟူသော အမည်သည် အဘယ်၏ အမည် ဖြစ်ပါသနည်း။
(ဗျာ) လက္ခဏကြိယာ လက္ချကြိယာနှစ်ပါးတို့၏ တပြိုင်နက် ဖြစ်ခြင်း၏ အမည်ဖြစ်ပါသည်။

၁၆၆၅။ (ပ) ကြိယာနှစ်ပါး ပြိုင်သည်ကို အနာဒရဟူသော် ကြိယာနှစ်ပါးတွင် အဘယ်ကြိယာကို အနာဒရဟု မှတ်ရအံ့နည်း။
(ဗျာ) နောက်ကြိယာကို အနာဒရဟု မှတ်ရမည်။

၁၆၆၆။ (ပ) ရှေ့ဖြစ်သော ကြိယာကိုကား အဘယ်သို့ မှတ်ရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။
(ဗျာ) မရိုသေအပ်သော ကြိယာဖြစ်သောကြောင့် အနာဒရိယ ကြိယာ-ဟူ၍ မှတ်ရမည်။

၁၆၆၇။ (ပ) ယင်းကြိယာနှစ်ပါးတို့၏ တည်ရာဒြပ်ကို အဘယ်အမည်ဟု မှတ်ရအံ့နည်း။
(ဗျာ) ရှေ့ကြိယာ၏ တည်ရာဒြပ်ကို အနာဒရိယဝန္တ။ နောက်ကြိယာ၏ တည်ရာဒြပ်ကို အနာဒရဝန္တ-အမည်ဟူ၍ မှတ်ရမည်။

၁၆၆၈။ (ပ) ဤသုတ်၌ ဖြစ်သင့်သော နိပါတတ္ထ၊ နိပါတတ္ထာကာရတို့ကို ပြခဲ့ပါ။
(ဗျာ) အနုကဍ္ဎနတ္ထ။ နောက်သုတ်သို့ မလိုက်စေရန် ဆဋ္ဌီ၊ သတ္တမီ သဒ္ဒါတို့ကို ငင်ယူသည်။ တနည်း- သမုစ္စယတ္ထ။ ဒါရကဿ ဒါရကေ- စသော အနာဒရိယဝန္တ-ကံ ကတ္တားတို့၌ ဆဋ္ဌီ၊ သတ္တမီသက်ခြင်းကို ဆည်းပါသည်။

၁၆၆၉။ (ပ) ရူဒဘာဒါရကာဿ ပဗ္ဗဇိ ဘိက္ခု၌ အနာဒရ၊ အနာဒရဝန္တ၊ အနာဒရိယ၊ အနာဒရိယဝန္တတို့ကို ခွဲဝေပြပါ။

(ဗျာ) ပဗ္ဗဇိ၊ ဘိက္ခု၊ ရူဒဘာ၊ ဒါရကဿ-တို့ ဖြစ်ပါသည်။

၁၆၇၀။ (ပ) ရူဒတော ဒါရကဿနှင့်ပုဒ်တွင် အဘယ်ပုဒ်နှောင် ဤသုတ်ဖြင့် ဆဋ္ဌီ၊ သတ္တမီသက်ရမည်နည်း။

(ဗျာ) ဉျာအလို-ရူဒတောနှောင်သက်။ ရူအလို-ဒါရကပုဒ်နှောင် သက်ရမည်။

---

## ၃၆။ ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ

၁၆၇၁။ (ပ) ဆဋ္ဌီသည် တခုတည်းဖြစ်ရကား ကွစိ ဒုတိယာ ဆဋ္ဌိယာ မတ္ထေ-ဟု ဧကဝုစ်နှင့် တည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ဆဋ္ဌီနံ-ဟု ဗဟုဝုစ်နှင့် တည်ပါသနည်း။

(ဗျာ) ဆဋ္ဌီအနက်သည် တံသာမိ-စသည်ဖြင့် များသော အပြားရှိသည်၏ အဖြစ်ကြောင့် ဆဋ္ဌီအနက်များသည်၏ အဖြစ်ကိုငဲ့၍၊တနည်း-ဒုတိယာ ပဉ္စမီနဉ္စ-သုတ်၌ လာသော ဆဋ္ဌျတ္တအပါဒါန်ကိုလည်း သိမ်းယူစေလိုသောကြောင့် ဆဋ္ဌီနံ-ဟု ဗဟုဝုစ်နှင့် တည်ပါသည်။

၁၆၇၂။ (ပ) ဤသုတ်၌ ဆဋ္ဌီနံ-ဟု သာမန်ဆိုသောကြောင့် အလုံးစုံသော ဆဋ္ဌီအနက်ကို ယူရမည်လော၊ အဘယ်သို့သော ဆဋ္ဌီအနက်ကို ယူရမည်နည်း၊ အကြောင်းနှင့်တကွ ပြပါ။

(ဗျာ) သုတ်၌ ကွစိသဒ္ဒါကိုဆိုသောကြောင့် အန္တရာ၊ အဘိတော၊ ပရိတော-နိပါတ်၏ အယှဉ်၊ ပတိဥပသာရ၏အယှဉ်၊ ပဋိဘုဗ္ဗဘာဓာတ်၏ အယှဉ်ဖြစ်သော ဆဋ္ဌီအနက်ကိုသာ ယူရမည်။

၁၆၇၃။ (ပ) အောက် ဂတိ ဗုဒ္ဓိ-စသော သုတ်မှ ဝါသဒ္ဒါအလိုက်ခံ၍ ဒုတိယာ ဆဋ္ဌီနမတ္ထေ-မျှ မတည်မူ၍ အဘယ့်ကြောင့် ကွစိသဒ္ဒါနှင့်တကွ တည်သနည်း။

(ဗျာ) အောက် ဝါသဒ္ဒါကား ဒွိရုပ် အနိစ္စဝိဓိကို ပြရကား ဤ၌ ကေဝလ-နိစ္စဝိဓိကို ပြလိုသောကြောင့် ကွစိသဒ္ဒါနှင့်တကွ တည်ပါသည်။

## ၃၇။ တတိယာ သတ္တမီနည

၁၆၇၄။ ( ပ ) ဤသုတ်၌ တတိယာ၏ အရဖြစ်သင့်သော တတိယာအနက်ကို အကြောင်းနှင့်တကွ ပြပါ။

(ဗျာ) အောက်သုတ်မှ ကွစိသဒ္ဒါလိုက်သောကြောင့် အန္တရေန၊ ဝိနာ-စသော နိပါတ်ဘို့၏ အယှဉ်၊ လာပဓာတ်၊ ဘာသဓာတ်တို့၏အယှဉ်၊ သဟာဒိယောဂတ္ထ-တတိယာအနက်သာ ဖြစ်သင့်ပါသည်။

၁၆၇၅။ ( ပ ) သတ္တမီနံ၌ သတ္တမျတ္ထဟူသမျှ ယူရမည်လော၊ အဘယ် သတ္တမီကိုသာ ဤ၌ ယူရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) လိုက်သော ကွစိသဒ္ဒါကြောင့် ကာလသတ္တမီ၊ ဥပရှေး၊ အနုရှေး၊ အဓိရှေး၊ အာရှေးရှိသော ဝသဓာတ်၏ အယှဉ်၊ အဓိရှေး ရှိသော သိဓာတ်၊ ဌာဓာတ်၊ ဘာသဓာတ်တို့၏ အယှဉ်ဖြစ်သော သတ္တမီ အနက်ကိုသာ ယူရမည်။

၁၆၇၆။ ( ပ ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္တာကာရကတို့ကို ပြခဲ့ပါ။

(ဗျာ) အနုကမုနတ္ထ။ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် ဒုတိယာသဒ္ဒါကို ငင်ပါသည်။ တနည်း-သမုစ္စယတ္ထ။ သမ္ဗဒါန်၊ အပါဒါန်၊ ဝိသေသနအနက်တို့၌လည်း ဒုတိယာဝိဘတ်သက်ခြင်းကို ဆည်းပါသည်။

---

## ၃၈။ ဆဋ္ဌီ စ

၁၆၇၇။ ( ပ ) ဤသုတ်၏ ဝုတ္တလာ ရထိုက်သော တတိယာအရကို ပြခဲ့ပါ။

(ဗျာ) ယဇဓာတုယောဂ၊ ပူရဏတ္ထ ယောဂတို့၌ ကရဏတ္ထ တတိယာ၊ တုလျတ္ထ၊ ကိံ၊ အလံ စသော သဒ္ဒါတို့၏ အယှဉ်၌ သဟာဒိယောဂတ္ထတတိယာ၊ ကိတ်ပစ္စည်းတို့နှင့် ယှဉ်ရာ၌ ကတ္တတ္ထတတိယာတို့ ရသင့်ပါသည်။

၁၆၇၈။ ( ပ ) သတ္တမီနံ အတွေ၌ ဖြစ်သင့်သော သတ္တမျတ္ထအရ ပြခဲ့ပါ။

(ဗျာ) ကုသလ၊ ဝိဝသ-စသော သဒ္ဒါတို့၏ အယှဉ် ဖြစ်သော သတ္တမီ အနက်သာ ဖြစ်သင့်ပါသည်။

၁၆၇၉။ (ပ) ဤသုတ်လာ စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။
(ဖျာ) အနုက္ကစုနတ္ထ။ နောက်သုတ်သို့ မလိုက်စေရန် ဝတိယာ သတ္တမီသဒ္ဒါကို ငင်ယူသည်။
၁၆၈၀။ (ပ) ဤသုတ်၌ လိုက်သော ကွစိသဒ္ဒါ၊ အဘယ် အနက်ရှိပြီး အဘယ်ဝိဓိကို ပြပါသနည်း။
(ဖျာ) ဝိကပ် အနက်ရှိ၍ ဒွိရူပအနိစ္စဝိဓိကို ပြပါသည်။

---

## ၃၉။ ဒုတိယာ ပဥ္စမီနဥ္စ

၁၆၈၁။ (ပ) ဤသုတ်၌ ဒုတိယာပဥ္စမီအရ အမှတ်မရှိသော ဒုတိယာပဥ္စမီ အနက်တို့ကို ယူရမည်လော၊ အဘယ်သို့သော ဒုတိယာပဥ္စမီတို့ကိုသာ ယူရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။
(ဖျာ) ကွပစ္စည်း၊ ယု၊ တု၊ ဏ-ဟု ဆိုအပ်သော ကိတ်ပစ္စည်းတို့၏ အယှဉ်ဖြစ်သော ကံအနက် ဘာဝသာဓန အယှဉ် အောက်မေ့ခြင်း၊ အလိုရှိခြင်း အနက်ရှိသော ဓာတ်တို့၏ ကံအနက်၊ ပြုပြင်ခြင်း အနက် ဟော ကရဓာတ်၏ အယှဉ်ဖြစ်သော ကံအနက်ကိုသာ ယူရမည်။ ပရိ ဟာနိ၊ ဘယအနက်ရှိသော သဒ္ဒါတို့၏အယှဉ်ဖြစ်သော အပါဒါန်ကို သာ ပဥ္စမီအရ ယူပါ။
၁၆၈၂။ (ပ) ဤသုတ်၌ပါသော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။
(ဖျာ) အနုကစုနတ္ထ။ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် ကွစိသဒ္ဒါကို ငင်သည်။ နိအလို။ ကွစိသဒ္ဒါ၊ အတ္တေသဒ္ဒါ၊ ဆဋ္ဌီသဒ္ဒါ တို့ကို ငင်ပါသည်။ ချာအလို။

---

## ၄၀။ ကမ္မကရဏနိမိတ္တတ္ထေသု သတ္တမီ

၁၆၈၃။ (ပ) ဤသုတ်လာ နိမိတ္တတ္ထကို ပဥ္စမျတ္ထေ စ - သုတ်ဖြင့်ပင် ပြီးကောင်းရကား ကမ္မကရဏတ္ထေသု သတ္တမီမျှသာ တည်သင့်လျက် အဘယ့်ကြောင့် နိမိတ္တသဒ္ဒါနှင့်တကွ တည်ပါသနည်း။
(ဖျာ) နိမိတ်အနက်၏ တတိယာပဥ္စမီတို့နှင့်လည်း ဆက်ဆံရကား ဤ၌ သတ္တမီနိမိတ်၏အဖြစ်ကို သိစေလိုသောကြောင့် နိမိတ္တသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၆၀၄။ (ပ) အဘယ့်ကြောင့် အဘယ်သည် နိမိတ် မည်ပါသနည်း။
(ဗျာ) နိမီယတိ ဖလံ ဧတေနာတိ နိမိတ္တံ-ဟူရကား နိုင်းယှဉ်ကြောင်းဖြစ်သော သတ္တိကြောင့် အကြောင်းတရားသည် နိမိတ်မည်ပါသည်။

၁၆၀၅။ (ပ) အကြောင်းချင်းတူကြသော ဟိတ်၊ ကာရဏ၊ နိမိတ် သုံးပါးတို့၏ ထူးပုံကို ပြခဲ့ပါ။
(ဗျာ) ဟိတ်ကား အကျိုးရှေးဖြစ်၍ အကြောင်းနောက်ဖြစ်သည်။ ကာရဏကား အကြောင်းရှေးဖြစ်၍ အကျိုးနောက် ဖြစ်သည်။ နိမိတ်ကား အကြောင်းနှင့်အကျိုး အတူတကွ သဟာစရဏ ဖြစ်၍ နိမိတ္တဝန်ဖြစ်ရသည်။

၁၆၀၆။ (ပ) ဟေတု နိမိတ္တနှစ်ပါးအထူးကို စွမ်းနိုင်သလောက် ပြခဲ့ပါ။
(ဗျာ) ပဓာနအကြောင်းသည် ဟိတ်၊ အပဓာန အကြောင်းသည် နိမိတ်၊ တနည်း—ဝေးသောအကြောင်းကား ဟိတ်၊ နီးသောအကြောင်းကား နိမိတ်။ တနည်း—အကြောင်း အကျိုး—သဟာစရဏ မဖြင်မှု-ဟိတ်၊ အကြောင်းအကျိုး သဟာစရဏဖြစ်မှု နိမိတ်။ ဤသို့ထူးကြ၏၊

၁၆၀၇။ (ပ) တတိယာ ဟေတုကိုလည်း အတ္ထယောဇနာရာ 'ကြောင့်' ဟူ၍ ယောဇနာသည်။ ပဥ္စမီ၊ သတ္တမီတို့လည်း 'ကြောင့်' ဟူ၍ ယောဇနာရကား ၎င်း 'ကြောင့်' သုံး မျိုးအထူ ကို ပြခဲ့ပါ၊
(ဗျာ) တတိယာ၊ 'ကြောင့်' ကား အကြောင်းအကျိုးယှဉ်၍ ရ၏။ ပဥ္စမီ 'ကြောင့်' ကား အကြောင်းအကျိုးယှဉ်၍မရ။ သတ္တမီ 'ကြောင့်' ကား နောင်က အကြောင်းတရားကြောင့် အကျိုးတရားပြီးစီးသည်။ ဤသို့ ထူးကြ၏။

၁၆၀၈။ (ပ) ဤသုတ်၌ ကမ္မအရ၊ ကရဏအရ၊ အလုံးစုံသော ကံ၊ ကရိဏ်းတို့ကို ယူသင့်၊ မယူသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။
(ဗျာ) တဒနုပရောဓေန-ဟူ၍ ပရိဘာသာလာသောကြောင့် အလုံးစုံသော ကံ ကရိဏ်းတို့ကို မယူသင့်ပါ။

၁၆၀၉၊ (ပ) အောက်သုတ်မှ အတ္တသဒ္ဒါရှိရကား ကမ္မကရဏ နိမိတ္တေသု သတ္တမီမျှသာ တည်ကပြီးသင့်လျက် အဘယ့်ကြောင့် အတ္တသဒ္ဒါ အသစ် ဆိုရပါသနည်း။
(ဗျာ) အောက်သုတ်၌စသဒ္ဒါဖြင့် ကွစိကိုင်ရာ အဓိနဝဘာဝဖြစ်၍ အတ္တသဒ္ဒါလည်း နစ်ရသောကြောင့် ဤသုတ်သို့ မလိုက်နိုင်ပါ။ မလိုက်နိုင်သောကြောင့် ဤ၌ အတ္တသဒ္ဒါအသစ် ဆိုရပြန်ပါသည်။

## ၃၁။ သမ္ပဒါနေ စ

၁၆၉၀။ (ပ) ဤ၌ ယူရမည်ဖြစ်သော သမ္ပဒါန်အရ အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဖြေ) တဒနုပရောဓေန-ဟု ပရိဘာသာလာသောကြောင့် ဒါနဓာတ်၏အယှဉ် သမ္ပဒါန်ကိုသာ ယူရမည်။

၁၆၉၁။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) သမုစ္စယတ္ထ၊ မဏိမှိုင်သော နိမိတ်-စသော ပြယုဂ်တို့၌ ကတ္တားအနက်၌ သတ္တမီဝိဘတ်သက်ခြင်းကို ဆည်းပါသည်။ နိဒ္ဒေသ၊ သဒ္ဒနီတိ။ တနည်း-အနုကစ္စနတ္ထ၊ အတ္ထသဒ္ဒါကို ငင်ယူပါသည်။

မှတ်ချက်။ ။နျာသဝိဘ တျတ္တတို့၌ ကတ္တားအနက်၌ သတ္တမီဝိဘတ်ကို မစီရင်ပေ။ အထက်ပြယုဂ်များမှာ ပဉ္စမတ္ထ၌ သတ္တမီဝိဘတ်ဟု ဆိုပေ၏။

---

## ၃၂။ ပဉ္စမျတ္ထေ စ

၁၆၉၂။ (ပ) ဤသုတ်၌ ဖြစ်သင့်သော ပဉ္စမျတ္ထအရ အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဖြေ) တဒနုပရောဓေန-ဟု ပရိဘာသာလာသောကြောင့် ရက္ခနယောဂအပါဒါန်သာ ဖြစ်သင့်ပါသည်။

၁၆၉၃။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) ဝုတ္တသမုစ္စယတ္ထ၊ ရှေးနှစ်သုတ်တို့၌ ဆိုအပ်ပြီးသော ကံ၊ ကရိုဏ်း၊ နိမိတ်၊ သမ္ပဒါန်အနက်တို့ကို ဆည်းပါသည်။ တနည်း-သမ္ပိဏ္ဍနတ္ထ၊ ကံ၊ ကရိုဏ်း၊ နိမိတ်၊ သမ္ပဒါန်အနက်တို့၌ သတ္တမီဝိဘတ်သက်ဟူသော ပဉ္စမတ္ထ၌ ပဉ္စမျတ္ထ၌ သတ္တမီသက်ဟူသော ဒုတိယတ္ထကို ပေါင်းသည်။

၁၆၉၄။ (ပ) ဤသုတ်၌ ပဉ္စမျတ္ထေစ-ဟူ၍၎င်း၊ ပဉ္စမျတ္ထေ-ဟူ၍၎င်း ရှိရာ အဘယ်ပါဌ်သင့်သနည်း။

(ဖြေ) နှစ်ထွေလုံးပင် ရှိသင့်ပါသည်။

## ၄၃။ ကာလဘာဝေသု စ

၁၆၉၅။ ( ပ ) ဤသုတ်၌ဖြစ်သင့်သော ကာလအရ ဘာဝအရတို့ကို ပြခဲ့ပါ။
(ဗျာ) ကာလအရကား ခဏ၊ လယ'မုဟုတ္တ၊ ပုဗ္ဗဏှသမယ စသော အခါကာလ ရ၏။ ဘာဝအရကား ဓာတ်အနက်ဟု ဆိုအပ်သော ကြိယာရ၏။

၁၆၉၆။ ကြိယာကို ဘာဝဆိုသော် ကြိယာဟူသမျှ ဤသုတ်၌ ဘာဝအရ ဖြစ်ကောင်းအံ့လော၊ အဘယ်သို့သော ကြိယာသာ ဘာဝအရ ဖြစ်သင့်ပါသနည်း။
(ဗျာ) ကြိယာတပါးကို မှတ်ကြောင်းဖြစ်သော ကြိယာသာ ဤသုတ်၌ ဘာဝအရ ဖြစ်သင့်ပါသည်။

၁၆၉၇။ ( ပ ) ဤ၌ ကြိယာဖြစ်သော ဘာဝသည် အဘယ့်ကြောင့် လက္ခဏမည်ပါသနည်း။
(ဗျာ) လက္ခီယတိ လက္ခိဘဝ္ဝ အနေနာတိ – ဟူသည်နှင့်အညီ နောက်ဖြစ်သော လက္ချကြိယာကို မှတ်ကြောင်း ဖြစ်သောကြောင့် လက္ခဏမည်ပါသည်။

၁၆၉၈။ ( ပ ) ထိုလက္ခဏ အနက်၌ ဖြစ်သင့်သော အင်္ဂါတို့ကို ပြပါ။
(ဗျာ) လက္ခဏ၊ လက္ခဏဝန္တ၊ လက္ချ၊ လက္ချဝန္တ–ဟူ၍ လေးပါး ဖြစ်သင့်ပါသည်။

၁၆၉၉။ ( ပ ) ၎င်းလေးပါးတို့၏ အဓိပ္ပာယ်ကို သိသာရုံ ပြခဲ့ပါ။
(ဗျာ) နောက်ကြိယာတပါးကို မှတ်ကြောင်းဖြစ်သော ရှေ့ကြိယာကို လက္ခဏဟု ဆိုပါသည်။ လက္ခဏကြိယာရှိသော ကံ,ကတ္တားတို့ကို လက္ခဏဝန္တ-ဟု ဆိုပါသည်။ ရှေ့ကြိယာဖြင့် မှတ်အပ်သော နောက်ကြိယာကို လက္ချဟု ဆိုပါသည်။ လက္ချကြိယာရှိသော ကံ ကတ္တားတို့ကို လက္ချဝန္တဟု ဆိုပါသည်။

၁၇၀၀။ ( ပ ) ဘိက္ခူသု ဘောဇိယမာနေသု ဂတော ပုရိသော၌ လက္ခဏ စသော အနက်လေးပါး ခွဲဝေပြခဲ့ပါ။
(ဗျာ) ဘောဇိယမာနေသုကား လက္ခဏ၊ ဘိက္ခူသုံကား လက္ခဏဝန္တ၊ ဂတောကား လက္ချကြိယာ၊ ပုရိသောကား လက္ချဝန္တတို့ ဖြစ်ပါသည်။

၁၇၀၁။ ( ပ ) လက္ခဏတ္ထလည်း ကြိယာနှစ်ပါးပြိုင်ရသော အနာဒရနှင့် အသို ထူးကြသနည်း။

(ဖြေ) လက္ခဏကာရ ရှေ့ကြိယာဖြင့် နောက်ကြိယာကို မှတ်သည်။ အနာဒရကာရ နောက်ကြိယာဖြင့် ရှေ့ကြိယာကို မှတ်သည်။ ဤသို့ ထူးကြ၏။

၁၇၀၂။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) အနုဂဏ္ဍနတ္ထ၊ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် အတ္ထသဒ္ဒါကို ငင်ပါသည်။ တနည်း—သမုစ္စယတ္ထ၊ ဘိက္ခူသု—စသော လက္ခဏဝန္တ—ကံ ဂဏ္ဍတ္ထာတို့ကို ဆည်းပါသည်။ တနည်း—ဘောဇိယ မာနေသု—ဟူသော လက္ခဏကြိယာကို ဆည်းပါသည်။

၁၇၀၃။ (ပ) ဘိက္ခူသု ဘောဇိယမာနေသုတို့၌ အဘယ်ကို ဘာဝသတ္တမီ ဆိုရမည်နည်း။

(ဖြေ) နိတိအလို—ဘိက္ခူသု၊ ရှုအလို— ဘောဇိယမာနေသုတို့ကို ဘာဝသတ္တမီဟု ခေါ်ဆိုရမည်။

---

### ၄၄။ ဥပမျာခိုကိဿရဝစနေ

၁၇၀၄။ (ပ) ဤ၌ ဥပမိ—ပုဒ်သည် ဝိဘတျန္တ ပဒဟုတ်၊ မဟုတ် အကြောင်း ပြ၍ ဆုံးဖြတ်ပြီးလျှင် ဝိဘတျန္တဖြစ်ခဲ့သော် မည်သည့်ဝိဘတျန္တ ဖြစ်ပါသနည်း။

(ဖြေ) ဥပ အဓိတို့သည် ဥပသာရ ဖြစ်သောကြောင့် ဝိဘတျန္တပဒ ဟုတ်ပါသည်။ နိတိ၊ နိအလို—သမ္ဗန္ဓဆဋ္ဌီ ဝိဘတျန္တပဒ။ ရှုအလို— သဟတ္ထတတိယာ ဝိဘတျန္တပဒ ဖြစ်ပါသည်။

၁၇၀၅။ (ပ) ဤသုတ်ရှိ ဣဿရပုဒ်သည် နယလေးဆယ်တို့တွင် အဘယ် နယ ဖြစ်ပါသနည်း။

(ဖြေ) ဆောသေသနယ၊ ဘိန္နသတ္တိသမဝေတနယ၊ ပဒီပနယတို့ ဖြစ်ပါသည်။

၁၇၀၆။ (ပ) ဤ၌ ဥပ၊ အဓိတို့ ကမ္မပ္ပဝစနီယ မည်သင့်၊ မမည်သင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဖြေ) ဤ၌ ဥပ၊ အဓိတို့သည် ကြိယာပဋ္ဌာန မဟုတ်ကြ။ ဂုဏပဋ္ဌာန ဖြစ်သောကြောင့် ကမ္မပ္ပဝစနီယ မမည်သင့်ပါ။

**မှတ်ချက်။** ။ကြိယာပဋ္ဌာနဖြစ်မှ ကမ္မပ္ပဝစနီယအမည်ရ၏ ဟူလို။

၁၇၀၇။ (ပ) ဥပဓါရိယံ ဒေါဏော၊ ဥပနိက္ခေ ကဟာပဏံ—ဟူသော ပြယုဂ်တို့၌ ဓါရီထက် စိတ်လွန်ပုံ၊ နိက္ခထက် ကဟာပဏလွန်ပုံတို့ကို ပြခဲ့ပါ။

(ဗျာ) ဓါရီမည်သော လေးတင်းကို စိတ်ဖြင့် ခြင်သော် ၁၆—စိတ် ရှိရကား သချ်ာအရေအတွက်အားဖြင့် လွန်၏။ နိက္ခမည်သော ထပိသော ကို ကျပ်ဖြင့်လီသော် တရာရှိရကား သချ်ာ အရေအတွက်အားဖြင့် လွန်၏ ပို၏—ဟူလို။

---

### ၄၅။ မဏ္ဍူကဂတိသုတ္တနတတိယာစ

၁၇၀၈။ (ပ) ဤသုတ်ကို မဘည်သော်လည်း ကရဏေ တတိယာ၊ ဩကာသေ သတ္တမီသုတ်တို့ဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍ တည်ပြန်ပါသနည်း။

(ဗျာ) ကြည်ခြင်း အားထုတ်ခြင်းအနက်နှင့် ယှဥ်ရာ၌ တတိယာ သတ္တမီဝိဘတ်တို့ မမြဲသည်၏အဖြစ်ကို သိစေလိုသောကြောင့် ထပ်၍ တည်ပါသည်။

၁၇၀၉။ (ပ) ဤသုတ်၌ စသဒ္ဒါ ပါသင့် မပါသင့် ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) နျာအလို—မပါသင့် မရှိသင့်။ ရူ,နိတိအလို-ပါသင့် ရှိသင့်၏။

၁၇၁၀။ (ပ) ရှိသင့်သော ဝါအရေစသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) သမ္ပိဏ္ဍနတ္ထ၊ တတိယာဟူသော ပဋ္ဌမတ္ထ၌ သတ္တမီဟူသော ဒုတိယတ္ထကို ပေါင်းပါသည်။

၁၇၁၁။ (ပ) ဤကျမ်း၌ ဖြစ်သင့်သော အကာရက အပြားသရုပ်ကို ပြခဲ့ပါ။

(ဗျာ) ၁—သမ္ဗန်၊ ၂—အာလပန၊ ၃—ဟေတု၊ ၄—နိဒ္ဒါရဏ၊ ၅—ဘာဝ၊ ၆—လက္ခဏတို့ ဖြစ်ပါသည်။

၁၇၁၂။ (ပ) နေဝကာရက နာကာရကတို့၏ အပြားဘေဒကို ပြခဲ့ပါ။

(ဗျာ) ၁—လိင်္ဂတ္ထ၊ ၂—သဟာဒိယောဂ၊ ၃—ကာလတ္ထံဘူတ၊ ၄—ဝိဓေသသန၊ ၅—ကမ္မပ္ပဝစနီယ၊ ၆—အစ္စန္တသံယောဂ၊ ၇—အနာဒရ အားဖြင့် ခုနစ်ပါး ဖြစ်ပါသည်။

မှတ်ချက်။ ၎င်းတို့သည်း စင်စစ်မှာ အကာရကအမျိုးအစားပင်မှတ်။

၁၇၁၃။ (ပ) ဤကာရကကျမ်း၌ သညာသုတ်၊ အဓိကာရသုတ်၊ ပရိဘာသာသုတ်၊ ဝိဓိသုတ်ပေါင်း မည်မျှစီ ရှိကြောင်း သချာ ပြခဲ့ပါ။

(ဗျာ) သညာသုတ်ပေါင်း ၁၃-သုတ်၊ ဝိဓိသုတ်ပေါင်း ၃၂-သုတ် ရှိ၏။ အဓိကာရသုတ်၊ ပရိဘာသာသုတ်ပေါင်းကား မရှိ။

၁၇၁၄။ (ပ) ပဌမာစသော ဝိဘတ်တို့၏ အမည်များကို အဋ္ဌကထာစသော ကျမ်းတို့၌ အဘယ်အမည်တို့ဖြင့် သုံးစွဲခေါ်ဝေါ်ကြပါသနည်း။

(ဗျာ) ပစ္စတ္တမုပယောဂဉ္စ၊ ကရဏံ သမ္ပဒါနိယံ။
နိဿက္ကံ သာမိဝစနံ၊ ဘုမ္မာလပနမဋ္ဌမံ—

ဟူသော ဂါထာလာသည်နှင့်အညီ အာလပနပဌမာဝိဘတ်ကို အာလုပ်ဝိဘတ်ဟူ၍၊ လိင်္ဂတ္ထပဌမာကို ပစ္စတ္တဝိဘတ်ဟူ၍၊ ဒုတိယာဝိဘတ်ကို ဥပယောဂဟူ၍၊ တတိယာဝိဘတ်ကို ကရဏဝိဘတ်ဟူ၍၊ စတုတ္ထီဝိဘတ်ကို သမ္ပဒါနဝိဘတ်ဟူ၍၊ ပဉ္စမီဝိဘတ်ကို နိဿက္ကဝိဘတ်ဟူ၍၊ ဆဋ္ဌီဝိဘတ်ကို သာမိဝိဘတ်ဟူ၍၊ သတ္တမီဝိဘတ်ကို ဘုမ္မဝိဘတ်ဟူ၍ အသီးသီး သုံးစွဲခေါ်ဝေါ်ကြပါသည်။

ကာရကကျမ်း ပြီး၏။

● ● ●

# ၄-သမာသ်

## ၁။ နာမာနံ သမာသော ယုတ္တတ္ထော

၁၇၁၅။ (ပ) နာမ်ကျမ်း၏ အခြားမဲ့၌ တဒ္ဓိတ်ကျမ်း စသည်မပြုမူ၍ အဘယ့်ကြောင့် သမာသ်ကျမ်းကို ရှင်မဟာကစ္စည်းဆရာ ပြုတော်မူပါသနည်း။

(ဗျာ) သမာသ်သည် နာမ်၌မှီသည်၏ အဖြစ်ကြောင့်ငှင်း၊ မိမိသည်လည်း နာမ်ဖြစ်သည်၏ အဖြစ်ကြောင့်ငှင်း နာမ်၏ အခြားမဲ့၌ သမာသ်ကျမ်းကို ပြုတော်မူပါသည်။

၁၇၁၆။ (ပ) သမာသ်ကျမ်းကိုပြုခဲ့သော် တပါးသော သုတ်တို့ကို အဦးအစ မတည်မူ၍ အဘယ့်ကြောင့် ဤသုတ်ကို အစဦးစွာ တည်သနည်း။

(ဗျာ) အလုံးစုံသော သမာသ်တို့နှင့် ဆက်ဆံသော သဗ္ဗသာဓာရဏ သညာဖြစ်သောကြောင့် ဤသုတ်ကို အစဦးစွာ တည်ပါသည်။

၁၇၁၇။ (ပ) ကာရကဟူသော သာမညသညာကို ပရသမညာပယောဂေ-သုတ်ဖြင့် ပြီးသကဲ့သို့ ဤသာမညသမာသ သညာကိုလည်း ပရသမညာသုတ်ဖြင့်ပင် ပြီးနိုင်သည်မဟုတ်လော၊ ပြီးနိုင်ပါလျက် အဘယ့်ကြောင့် ဤသာမညသညာသုတ်ကို တည်ထုတ်ပြန်သနည်း။

(ဗျာ) ပြီးနိုင်သော်လည်း သမာသ်၏ သဘာဝတ္ထကို ပြလိုသောကြောင့် ဤသုတ်ကို တည်ထုတ်ရပြန်ပါသည်။

၁၇၁၈။ (ပ) အဘယ်သို့သော ဝစနတ္ထကြောင့် အဘယ်သည် သမာသ်မည်ပါသနည်း။

(ဗျာ) သမာသနံ သမာသော-ဟူသော ဘာဝသာဓနေ၊ သမာသီယတီတိ သမာသော-ဟူသော ကမ္မသာဓနေ-စစနတ္ထကြောင့် နာမ်ပုဒ်တို့၏ အချင်းချင်း ချုံးခြင်း၊ စပ်ယှဉ်ခြင်းသည် သမာသ်မည်ပါသည်။

၁၇၁၉။ (ပ) ဤ၌ နာမ်ပုဒ်အချင်းချင်း ချုံးပုံကို ပြခဲ့ပါ။

(ဖြေ) သဒ္ဒါ၏ အစွမ်းဖြင့်၎င်း၊ အနက်၏အစွမ်းဖြင့်၎င်း၊ ဝိဘတ်ကို ချေ၍၎င်း၊ မချေမူ၍၎င်း တပုဒ်တည်း၏ အဖြစ်ကို ပြုသဖြင့် ချဉ်းပါသည်။

၁၇၂၀။ (ပ) ပုဒ်ချင်းချင်း ချဉ်းသည်ကို သမာသ်ဟု ဆိုသော် ချဉ်းတိုင်းပင် သမာသ်ဖြစ်ကောင်းအံ့လော၊ အဘယ်သို့ချဉ်းမှ သမာသ်ဖြစ်ပါသနည်း။

(ဖြေ) ချဉ်းတိုင်း သမာသ်မဖြစ်ပါ။ အညမညာပေက္ခဟု ဆိုအပ်သော သမ္ဗန္ဓဘောရှိမှ သမာသ်ဖြစ်ပါသည်။

၁၇၂၁။ (ပ) အထက်ပါ ဝစနတ်- နှစ်ရပ်တွင် အဘယ်ဝစနတ်ဖြင့် အဘယ်အနက်ကို ပြပါသနည်း။

(ဖြေ) ရှေ့ဘာဝသာဓ်ဝစနတ်ဖြင့် ကေဝိဘတ္တိကပုဒ်တို့၏ သမာသ်အဖြစ်ကို ပြပါသည်။ နောက်ကမ္မသာဓ် ဝစနတ်ဖြင့် နာနာဝိဘတ္တိကပုဒ်တို့၏ သမာသ်အဖြစ်ကို ပြပါသည်။

၁၇၂၂။ (ပ) သမာသ်၏လက္ခဏာကို ပြခဲ့ပါ။

(ဖြေ) များစွာသော အနက်တို့၏ တနက်တည်း၏ အဖြစ်သို့ ရောက်ရခြင်းသည် လက္ခဏာ၊ရာသအလို။ မတူသော အနက်ရှိသော နှစ်ပုဒ်၊သုံးပုဒ်တို့၏ တပုဒ်တည်း၏ အဖြစ်သို့ ရောက်ရခြင်းသည်ပင် သမာသလက္ခဏာ-ရှု၊ နီတိ၊ဗာလာဝတာတို့အလို။

၁၇၂၃။ (ပ) သမာသ်စပ်ရခြင်း၌ ရသင့်ရထိုက်သော အကျိုးကို ပြခဲ့ပါ။

(ဖြေ) ၁-တပုဒ်တည်း၏ အဖြစ်သို့ ရောက်ခြင်းအကျိုး၊ ၂-ဝိဘတ်တခုတည်း၏ အဖြစ်သို့ ရောက်ခြင်းအကျိုးတို့ကို ရပါသည်။

၁၇၂၄။ (ပ) သန္ဓိ၊သမာသ် နှစ်ရပ်တို့သည် စပ်ချင်းတူကြရကား အဘယ်သို့ ထူးကြပါသနည်း။

(ဖြေ) သရကျေ၍ ကေပဒတ္တသို့ မရောက်မူ၍ စပ်သည်ကား သန္ဓိစပ်။ ဝိဘတ်ကျေ၍ ကေပဒတ္တသို့ရောက်၍ စပ်သည်ကား သမာသ်စပ်။ အနည်း- ပုဒ်သာစပ်၍ အနက်မစပ်သည်ကား သန္ဓိစပ်။ ပုဒ်လည်းစပ်၊ အနက်လည်းစပ်ခြင်းသည် သမာသ်စပ်။ ဤသို့ ထူးကြ၏။

မှတ်ချက်။ ။ကေပဒတ္တသို့ ရောက် မရောက် အထူးသာ ကေန်ဖြင်၏။ သရကျေ၊ဝိဘတ်ကျေ-စသည်တို့ကား ကေန်မရပေ။

၁၇၂၅။ (ပ) သမာသ်စပ်ရခြင်း၏ အင်္ဂါကို ပြခဲ့ပါ။

(ဖြေ) ၁-ပုဒ်ချင်းချင်းငှဲခြင်း။ ၂-အနက်တခုတည်းဖြစ်ခြင်းဟူ၍ အင်္ဂါနှစ်ပါးရှိ၏။

၁၇၂၆။ (ပ) ဤသုတ်၌ ယုဇ္ဇတ္ထောပုဒ်ကို ဖြစ်သင့်သလို—သမာသဝိဂ္ဂဟ ပြု၍ အရကောက်ပြခဲ့ပါ။

(ဗျာ) ယုဇ္ဇော အတ္ထော ယုတ္တတ္ထော၊ ကမ္မဓာရယ သမာသဝိဂ္ဂဟ။ စပ်ယှဉ်အပ်သော အနက်ရှိ၏။ ယုဇ္ဇော အတ္ထော ယဿ သောတိ ယုတ္တတ္ထော၊ စတုတ္ထီဗဟုဗ္ဗီဟိ သမာသဝိဂ္ဂဟ။ စပ်ယှဉ်အပ်သော အနက်ရှိသော သဒ္ဒါရှိ၏။

၁၇၂၇။ (ပ) ယုတ္တတ္ထော၌ ဖြစ်သင့်သော ယုတ္တတ္ထ၏ အပြားအဖို့ကို ဥဒါဟရုဏ်နှင့်တကွ ပြပါ။

(ဗျာ) ၁—သမ္ဗန္ဓတ္ထ ယုတ္တတ္ထ၊ သပုတ္တော။ ၂—သကော်တတ္ထ ယုတ္တတ္ထ၊ ဒုက္ခသိတော။ ၃—သံရက္ခိတတ္ထ ယုတ္တတ္ထ၊ ရာဇပုရိသော။ ၄—သံသဋ္ဌ ယုတ္တတ္ထ၊ သံပ္ပေါဒနော။ ၅-ပုထုဘတ္တာနုမေကတ္ထဘာဝယုတ္တတ္ထ၊ သေတ ပတ္တော။ ဤသို့ ငါးပါးအပြားရှိ၏။

၁၇၂၈။ (ပ) ဤသုတ်ကို သဒ္ဒါအစဉ်အားလျော်စွာ အနက်ယောဇနာ ခြင်းကို မပြုမူ၍ အဘယ့်ကြောင့် ရှေးနောက် သဒ္ဒါအစဉ်ကို ခုန်ကျော်၍ အနက်ယောဇနာခြင်းကို ပြုရပါသနည်း။

(ဗျာ) နာမာနံပုဒ်ကို ယုတ္တတ္ထောပုဒ်နှင့် စပ်ယှဉ်မှ အနက်၏ သင့် လျော်လျောက်ပတ်သောကြောင့် သဒ္ဒါအစဉ်ကို ခုန်ကျော်၍ အတ္ထ ယောဇနာပြုရပါသည်။

၁၇၂၉။ (ပ) အနက်အစဉ်အားလျော်စွာ နာမာနံယုတ္တတ္ထော သမာသော ဟု တည်သင့်လျက် အဘယ့်ကြောင့် အစဉ်ဖျက်၍ နာမာနံ သမာသော ယုတ္တတ္ထော-ဟူ၍ တည်သနည်း။

(ဗျာ) နာမာနံသမာသော-ဟူသော ဒွိခါကရဏယောဂဝိဘာဂကို ပြုလိုသောကြောင့် အစဉ်ဖျက်၍ သုတ်တည်ပါသည်။

၁၇၃၀။ (ပ) နာမာနံ သမာသော-ဟူသော ယောဂဝိဘာဂဖြင့် အဘယ် အနက်ကို သိစေပါသနည်း။

(ဗျာ) အပုနဂေယျာ-စသော အယုတ္တတ္ထ အရာတို့၌လည်း သမာသ် အမည်မှည့်ရခြင်းဟူသော အနက်ကို သိစေပါသည်။

၁၇၃၁။ (ပ) ဤ၌ အယုတ္တတ္ထ၏ အဓိပ္ပာယ်ကို ပြခဲ့ပါ။

(ဗျာ) စပ်အပ်၊ စပ်သင့်၊ စပ်ထိုက်သော ပုဒ်တို့နှင့် မစပ်မယှဉ်မူ၍ မစပ်အပ်၊ မစပ်သင့်၊ မစပ်ထိုက်သော ပုဒ်တို့နှင့် စပ်ခြင်းယှဉ်ခြင်းကိုပင် ဆိုလိုသည်။

၁၇၃၂။ (ပ) အယုတ္တသမာသ်၏ အင်္ဂါလက္ခဏာတို့ကို ပြခဲ့ပါ။
(ဖြ) နဟူသော နိပါတ်ပုဒ်လည်း ရှိစေ၊ အပဓာနပုဒ်လည်းရှိစေ၊ ပဓာနပုဒ်သည်းရှိစေ၊ဤလက္ခဏာသုံးပါးညီမှ အယုတ္တသမာသ်စပ်ရ၏။

မှတ်ချက်။ ။နဟူသော ပဋိသေဓနိပါတ်သည်-ပဓာနပုဒ်ကိုသာ မြစ်၏။ အပဓာနပုဒ်ကို မမြစ်ဟုမှတ်။

၁၇၃၃။ (ပ) အဘယ့်ကြောင့် အယုတ္တသမာသ် စပ်ရပါသနည်း။
(ဖြ) နိပ္ဖန္နပြီးသောအခါ ဝါကျနှင့်ကွဲသို့ သိစေအပ်သော အနက်ရှိသောကြောင့် အယုတ္တသမာသ်တို့သည် မစပ်သောပုဒ်တို့နှင့် စပ်ကြကုန်၏။

၁၇၃၄။ (ပ) အပုနဂေယျာ-ဟူသော ပြယုဂ်ကို ဖြစ်သင့်သလို ယုတ္တ၊ အယုတ္တသမာသ်တွဲစပ်၍ ပြခဲ့ပါ။

(ဖြ) ပုနစသော ဂေယျာစာတို ပုနဂေယျာ၊ န ပုနဂေယျာ၊အပုနဂေယျာ။ဤကား နပုဒ်ကိုစပ်အပ်သော ပုနဂေယျနှစ်ပုဒ်နှင့် စပ်သောကြောင့် ယုတ္တသမာသ်။ န ပုန အပုန၊ အပုန စ သာ ဂေယျာစာတိ အပုနဂေယျာ။ဤကား နပုဒ်ကို မစပ်အပ်သော ပုနပုဒ်နှင့် စပ်သောကြောင့် အယုတ္တသမာသ်။

မှတ်ချက်။ ။အသမ္ဗန္ဓ သမာသ်ဟူသော အမည်ကိုလည်း အယုတ္တနှင့် ပရိယာယ်အမည်ဟူ၍ မှတ်ရမည်။ ယုတ္တသမ္ဗန္ဓလည်း ပရိယာယ်ပင်မှတ်။

၁၇၃၅။ (ပ) ဤသုတ်ကို နာမာနံ သမာသော ယုတ္တတ္ထော-ဟု သာ မဘည်မူ၍ အဘယ့်ကြောင့် နာမာနံ သမာသော ယုတ္တတ္ထော-ဟူ၍ တည်ပါသနည်း။

(ဖြ) အနက်အားဖြင့် စပ်သည်ကို ယုတ္တ၊ အနက်မစပ်သည်ကို အယုတ္တ၏အဖြစ်ကို သိစေလိုသောကြောင့် နာမာနံ သမာသော ယုတ္တတ္ထော-ဟူ၍ တည်ပါသည်။

၁၇၃၆။ (ပ) ဤသုတ်၌ နာမာနံ၏အရ ဖြစ်သင့်သော နာမ်တို့၏သရုပ်ကို ထုတ်ပြပါ။

(ဖြ) နာမနာမ်၊ သဗ္ဗနာမ်၊ သမာသ်နာမ်၊ တဒ္ဓိတ်နာမ်၊ ကိတ်နာမ်-အားဖြင့် ငါးပါးဖြစ်ပါသည်။

၁၇၃၇။ (ပ) အာချာတ်ပုဒ်နှင့် သမာသ်စပ်ကောင်း၊ မစပ်ကောင်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) အာချာတ်သည် ကြိယာကိုသာ ဟောသောပုဒ် ဖြစ်သော ကြောင့် သမာသ် မစပ်သင့်ပါ။

၁၇၃၈။ (ပ) အာချာတ်ပုဒ်နှင့် သမာသ်မစပ်ရဟူသော် အနညာ တညာဿာမိတ်ဒြိယံ ဟူသောပုဒ်၌ အာချာတ်နှင့် သမာသ်ဖြစ်နေသည် မဟုတ်လော၊ အဘယ်သို့ သမာသ်ဖြစ်နေကြောင်း ရှင်းလင်းခဲ့ပါ။

(ဖြေ) အာချာတ်နှင့် သမာသ်ဖြစ်သည်မဟုတ်၊ ဣတိ ဟူသော နိပါတ်နှင့် စပ်ခြင်းကြောင့် ညာဿာမိဟူသော အာချာတ်သည် နိပါတ် အဘို့ရှိသည်ဖြစ်၍ ၎င်းနိပါတ်နှင့် သမာသ်ဖြစ်နေသောပုဒ် ဖြစ်ပါ သည်။

၁၇၃၉။ (ပ) ဤသုတ်၌ သညာသဒ္ဒါ မပါရှိရကား အဘယ့်ကြောင့် သမာသောသည် သညာပဒ၊ ယုတ္တတ္ထောသည် သညီပဒ-ဟု သိနိုင်ပါ သနည်း။

(ဖြေ) ဆရာအဆက်ဆက်အားဖြင့် သမာသ်ကျမ်းဟူသော ခေါ် ဝေါ်ခြင်း၏ ထင်ရှားသည်၏အဖြစ်ကြောင့် ဤကား သညာ၊ ဤကား သညီဟု သိနိုင်ပါသည်။

၁၇၄၀။ (ပ) အောက်ပါ သမာသ်တို့၏ အထူးကို ပြခဲ့ပါ။ (က) နိစ္စ၊ အနိစ္စ။ (ခ) လုတ္တ၊ အလုတ္တ။ (ဂ) သဒ္ဒ၊ အတ္ထ၊ သဒ္ဒတ္ထ။

(ဖြေ) က–နိစ္စကား သမာသ်သာ ရကောင်း၍ ဝါကျမရကောင်း ပေ။ အနိစ္စကား သမာသ်၊ ဝါကျ နှစ်ပါးစုံ ရကောင်း၏။ နှစ်ပါး အထူး။ ခ–လုတ္တကား နိပ္ဖန္နပြီးသောအခါ ဝိဘတ်ကျေ၏။ အလုတ္တ ကား နိပ္ဖန္နပြီးသောအခါ ဝိဘတ်မကျေ၊ နှစ်ပါးအထူး။ ဂ–သဒ္ဒကား သဒ္ဒါသာစပ်၍ အနက်မစပ်။ အတ္ထကား အနက်သာစပ်၍ သဒ္ဒါမစပ်။ သဒ္ဒတ္ထကား သဒ္ဒါ၊ အနက် နှစ်ပါးလုံးပင် စပ်၏။ သမာသ် သုံးပါး အထူး။

---

## ၂။ တေသံ ဝိဘတ္တိယော လောပါ စ

၁၇၄၁။ (ပ) ဤသုတ်လာ တသဒ္ဒါသည် သမာသော ယုတ္တတ္ထော- ဟူသော ကေဝလနတ္တကို စွဲရကား တေသံ ဝိဘတ္တိယော လောပါစ-ဟု တည်သင့်လျက် အဘယ့်ကြောင့် တေသံ ဝိဘတ္တိယော လောပါစ-ဟု တည်ပါသနည်း။

(ဗျာ) သမာသ်တို့၏ အဗျယီဘာဝ-စသည်ဖြင့် ၆-ပါး အပြား ရှိသည်၏ အဖြစ်ကို သိစေလိုသောကြောင့် တေသံ-ဟု ဗဟုဝနစန္တဖြင့် တည်ပါသည်။

၁၇၄၂။ (ပ) အောက်သုတ်မှ သမာသောပုဒ်၊ ယုတ္တာ္တွစပုဒ်တို့ လိုက်ရ ကား ဝိဘတ္တိယော လောပါစ-မျှသာ တည်က ပြီးလျက် အဘယ့် ကြောင့် တေသံသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) သမာသ်၊ တဒ္ဓိတ်၊ အာချာတ်၊ ကိတ်တို့၏ ဝိဘတ်၊ ပစ္စည်း၊ ပုဒ်၊ အက္ခရာ၊ အာဂုံတို့၏ကျေခြင်းကိုလည်း သိစေလိုသောကြောင့် တေသံသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၇၄၃။ (ပ) သမာသ်၊ တဒ္ဓိတ်၊ အာချာတ်၊ ကိတ်တို့၏ ဝိဘတ်၊ ပစ္စည်း စသည် ကျေခြင်းကို အသို့ မှတ်ရအံ့နည်း။

(ဗျာ) သမာသ်တို့၏ ပုဒ်၊ အက္ခရာ၊ အာဂုံကျေခြင်း၊ တဒ္ဓိတ်တို့၏ ဝိဘတ်၊ ပုဒ်၊ အက္ခရာ၊ အာဂုံကျေခြင်း၊ အာချာတ်တို့၏ ဝိဘတ်၊ ပစ္စည်း၊ ပုဒ်၊ အက္ခရာ၊ အာဂုံကျေခြင်း၊ ကိတ်တို့၏ ပုဒ်၊ အက္ခရာ၊ အာဂုံကျေခြင်းကို ယထာရဟ မှတ်ရမည်။

၁၇၄၄။ (ပ) သမည သမာသ သညာသုတ်၏ အခြားမဲ့၌ ဝိသေသ သမာသ သညာသုတ်ကို တည်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ဤသုတ်ကို တည်သနည်း။

(ဗျာ) ဝိသေသသညာသုတ်ကို တည်သင့်သော်လည်း အလုံးစုံတို့ နှင့် ဆက်ဆံသော သမ္ဗန္ဓာစရဏဝိဓိကို ပြလိုသောကြောင့် ဤသုတ် ကို တည်ပါသည်။

၁၇၄၅။ (ပ) ဤသုတ်၌ ဝိဘတ္တိယောအရ ဝိဘတ်၊ ဝိဘတ္တာဒေသ နှစ် ပါးတွင် အဘယ်ကို ယူရမည်နည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) ပကတိ စသာ သရန္တသာ-ဟု ဆိုလတ္တံ့ဖြစ်သောကြောင့် ဝိဘတ္တာဒေသကိုသာ ယူရမည်။

၁၇၄၆။ (ပ) ဝိဘတ္တိအရ ဝိဘတ္တာဒေသကိုယူရကား တေသံ ဝိဘတ္တစ ဒေသာလောပါစ-ဟု တည်သင့်လျက် အဘယ့်ကြောင့် တေသံ ဝိဘတ္တိ ယော လောပါစ-ဟု တည်ပါသနည်း။

(ဗျာ) ဝိဘတ်၊ ဝိဘတ္တာဒေသတို့၏ မပြားသည်၏အဖြစ်ကို သိစေ လိုသောကြောင့် တည်ပါသည်။

၁၇၄၇။ ( ပ ) ဤသုတ်လုံးဖြင့် သမာသ်၏ ဝိဘတ်ကိုသာ ချေရမည်လော။ တဒ္ဓိတ်စသည်တို့၏ ဝိဘတ်ကို သုတ်လုံးဖြင့် ချေသင့် မချေသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) သမာသ သဒ္ဒါလိုက်ခြင်းကို အလိုမရှိသော် တဒ္ဓိတ်စသည် တို့လည်း ဧကတ္ထီဘူတဖြစ်၍ ယုတ္တတ္ထပင် ဖြစ်သောကြောင့် သုတ်လုံး ဖြင့် ချေသင့်ပါသည်။

၁၇၄၈။ ( ပ ) ဤသုတ် ယုတ္တတ္ထအရနှင့် အောက်သုတ် ယုတ္တတ္ထအရ နှစ်ပါး တို့၏ အထူးကို ပြခဲ့ပါ။

(ဖြေ) ဤသုတ် ယုတ္တတ္ထအရကား သမာသသဒ္ဒါ မလိုက်ခဲ့သော် သမာသ ယုတ္တတ္ထ၊ တဒ္ဓိတယုတ္တတ္ထ၊ အာချာတ်ဒိတ်ယုတ္တတ္ထ သုံးပါး လုံး ရ၏။ အောက်သုတ် ယုတ္တတ္ထအရကား သမာသယုတ္တတ္ထသာ ရ၏။ ဤသို့ ထူးကြ၏။

၁၇၄၉။ ( ပ ) ဤသုတ်လာ စသဒ္ဒတ္ထ၊သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) နိဝတ္တာပန အဝခရဏတ္ထ၊ ပဘင်္ဂ စသော ကိတန္တ သမာသ်တို့၌ ဝိဘတ်၏ကျေခြင်းကို တားမြစ်ပါသည်။

---

## ၃။ ပကတိ စဿ သရန္တဿ

၁၇၅၀။ ( ပ ) သရန္တလိင်တို့၏ ယေဘုယျအဖြစ်ကြောင့် ဤသုတ်ကို ပက တိစ တေသံ သရန္တာနံဟု ဗဟုဝစနန္တ တည်သင့်လျက် အဘယ့်ကြောင့် ပကတိ စဿ သရန္တဿဟု ဧကဝစနန္တနှင့် တည်ပါသနည်း။

(ဖြေ) သမာသ်၏ ဧကတ္ထီဘာဝလက္ခဏာရှိသည်၏ အဖြစ်ကို သိစေ လိုသောကြောင့် ပကတိစဿ သရန္တဿဟု ဧကဝစန္တနှင့် တည်ပါသည်။

၁၇၅၁။ ( ပ ) သစ်ပင်မရှိက သစ်ပင်ရိပ် ပျောက်ရသလို နိမိတ်မရှိက ကာရိယ ပျောက်သင့်ရကား ဤသုတ်ကို မတည်သော်လည်း ပြီးလျက် အဘယ့်ကြောင့် တည်ပြန်ပါသနည်း။

(ဖြေ) မဟိရုဟာန နည်း၏ အနေကန္တိက ဖြစ်သောကြောင့် အကြောင်းဖြစ်သော နိမိတ်မရှိသော် အကျိုးဖြစ်သော ကာရိယ၏ မရှိ ခြင်းသည် ဖြစ်ရာသလော၊ မဖြစ်ရာသလော ဟူသော ယုံမှားခြင်းကို နှစ်စေလိုသောကြောင့် ဤသုတ်ကို ထပ်၍ တည်ပါသည်။

၁၇၅၂။ (ပ) ဤသုတ်ကို နယလေးဆယ်တွင် အဘယ်နယ၏ အစွမ်းဖြင့် တည်ပါသနည်း။

(ဖြေ) စန္ဒရကန္တ၊ သုဂ္ဂရိယကန္တနယ၏ အစွမ်းဖြင့် တည်ပါသည်။ ကုစ္စာယနဝဏ္ဏနာဆရာကား မဟိရှာဟနနယ၏ အစွမ်းဖြင့်လည်း တည်သောဟူ၏။

၁၇၅၃။ (ပ) ဤသုတ်ကို ပကတိစသာ မှသာ မတည်မူ၍ အဘယ့်ကြောင့် သရန္တသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) ဗျဉ္ဇနန္တ၏ ပကတိအဖြစ်ကို ပယ်လိုသောကြောင့် နျာအလို။ တနည်း- သရန္တပကတိ၏ ကူစတ္တကို အလိုမရှိသည်၏ အဖြစ်ကြောင့် နိအလို။ သရန္တသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၇၅၄။ (ပ) ကိံ သမုဒယော စသော ပြယုဂ်တို့၌ ဗျဉ္ဇနန္တ၏လည်း ပကတိ အပြုဖြစ်သင့်သောကြောင့် ဤသုတ်ကို ပကတိစသာ သရန္တဗျဉ္ဇနန္တသာ ဟု တည်သင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ပကတိစသာ သရန္တသာ ဟု တည်ပါသနည်း။

(ဖြေ) သရန္တပုဒ်တို့၏ ပကတိဘာဝကား နိစ္စ၊ ဗျဉ္ဇနန္တပုဒ်တို့၏ ပကတိဘာဝကား အနိစ္စ၏ အဖြစ်ကို သိစေလိုသောကြောင့် တည်ပါသည်။

၁၇၅၅။ (ပ) သုတ်အားလျော်စွာ ဝုတ္တိကို ပကတိရူပံ ဟောတိဟု ဧကဝစနန္တ ဖွင့်ပြသင့်လျက် အဘယ့်ကြောင့် ပကတိ ရူပါနိ ဟောန္တိ ဟု ဗဟုဝစနန္တ ဖွင့်ပြပါသနည်း။

(ဖြေ) ပကတိအဖြစ်၏ သမာသ်မှ ရှေးဖြစ်သော ဝါကျပုဒ်တို့၌ တည်သည်၏ အဖြစ်ကြောင့် ထိုဝါကျပဒတို့၏ များသည်အားလျော်စွာ ပကတိရူပါနိ ဟောန္တိ ဟု ဗဟုစစနန္တ ဖွင့်ပြပါသည်။

၁၇၅၆။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒါ၏ အနက်ကို ပြခဲ့ပါ။

(ဖြေ) ရှု,နိအလို သမုစ္စယတ္ထ။ အတ္တဗျာချာန်အလို သမ္ပိဏ္ဍနတ္ထ။ နျာအလို အနုကဍ္ဎနတ္ထ။

၁၇၅၇။ (ပ) သမုစ္စယာကာရ၊ သမ္ပိဏ္ဍနာကာရ၊ အနုကဍ္ဎနာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) ကိံ သမုဒယော စသော ဗျဉ္ဇနန္တပုဒ်တို့၏ ပကတိ အပြုကို ဆည်းပါသည်။ သမာသ်၏ ပကတိအဖြစ်ဟူသော ပဌမတ္ထ၌ ထဒ္ဓိတ်၊ အာချာတ်၊ ကိတ်တို့၏ ပကတိအဖြစ်ဟူသော ဒုတိယတ္ထကို ပေါင်းပါ

သည်။ နောက်သုတ်သို့ မလိုက်စေရန် ဝိဘတ္တိသဒ္ဒါ၊ သေဝသဒ္ဒါတို့ကို ငင်ပါသည်။

၁၇၅၈။ (ပ) ဤသုတ်ဖြင့် ပကတိပြုရခြင်း၏ အကျိုးကို ပြခဲ့ပါ။

(ဗျာ) ကျေပျောက်နေသောသရတို့ ပြန်၍ထဖန် ပေါ်ပေါက်လာရခြင်း အကျိုးရှိပါသည်။

၁၇၅၉။ (ပ) မဟိရုဟာန နယဖြင့် ပကတိပြုသင့် မပြုသင့် ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) ဝဏ္ဏနာဆရာအလို ပြုသင့်၏။ တပါးသော ဆရာတို့အလို မပြုသင့်။

၁၇၆၀။ (ပ) မဟိရုဟာနနည်းဖြင့် ပကတိပြုရခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

(ဗျာ) ပဋ္ဌနုဂတိကနည်းကို ပြရခြင်းအကျိုးသာ ရှိပါသည်။

၁၇၆၁။ (ပ) ကိံသမုဒယော-စသော ပြယုဂ်တို့သည် သရန္တပကတိလော၊ ဗျဉ္ဇနန္တပကတိလော၊ အဘယ်ပကတိဖြစ်သင့်ပါသနည်း။

(ဗျာ) နျာသအလို-သရန္တပကတိ။ ရူ၊ နီတိ၊ နိ-တို့အလို-ဗျဉ္ဇနန္တပကတိ ဖြစ်ပါသည်။

မှတ်ချက်။ ။နျာသအလိုမှာ-ကိဿ က ဝေစ-ဟု တည်သည်ကို ထောက်၍ ဗျဉ္ဇနန္တပကတိ မရှိထိုက်ဟု အယူရှိသည်။ ၎င်းကို ရူက ပယ်သည်။

၁၇၆၂။ (ပ) က-သန္ဓိကျမ်းလာ ပကတိ၊ ခ-နာမ်ကျမ်းလာ ပကတိ၊ ဂ-ဤသမာသ်ကျမ်းလာ ပကတိ သုံးပါးတို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) က-သုတ်တပါးတို့၏ အစီအရင်ကိုမြစ်၍ ပကတိပြုသည်။ ခ-သုတ်တပါးတို့၏ အစီအရင်ကို မြစ်မူ၍ ပကတိပြုသည်။ ဂ-ကျေပြီးသော သရတို့ ပြန်၍ပေါ်လာစိမ့်သောငှာ ပကတိပြုသည်။ တနည်း-က-ထင်ရှားရှိသော မိမိသရကိုပင် ပကတိပြုသည်။ ခ-ထင်ရှားရှိသော အံဝိဘတ် အာဒေသ စသည်ကို ပကတိပြုသည်။ ဂ-ထင်ရှားမရှိသော သရ ထင်ရှားရှိလာရန် ပကတိ ပြုသည်။

## ၄။ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ

၁၇၆၃။ ( ပ ) အဘယ့်ကြောင့် အဘယ်တို့သည် အဗျယ မည်ပါကုန်သနည်း။

(ဖြေ) ဗျယံ န ယန္တီတိ အဗျယာ-ဟူသည်နှင့်အညီ လိင်၊ ဝိဘတ်တို့၌ ပျက်စီးခြင်းသို့ မရောက်တတ်ကုန်သောကြောင့် ဥပသာရ၊ နိပါတ်တို့သည် အဗျယ မည်ပါသည်။

၁၇၆၄။ ( ပ ) အဘယ့်ကြောင့် အဘယ်တို့သည် ဗျယမည်ပါသနည်း။

(ဖြေ) ဝိကာရန အယန္တီတိ ဗျယာ၊ ဗျယန္တိ ဝိနသန္တီတိ ဗျယာ-ဟူသော ဝစနတ္ထတို့နှင့်အညီ လိင်၊ ဝိဘတ်တို့ဖြင့် ဖောက်ပြန် ပျက်စီးတတ်ကုန်သော သတ္တိကြောင့် ဥပသာရ၊ နိပါတ်တို့မှ တပါးသော နာမ်ပုဒ်တို့သည် ဗျယ မည်ပါသည်။

၁၇၆၅။ ( ပ ) အဘယ့်ကြောင့် အဘယ်သည် အဗျယီဘာဝသမာသ်မည်ပါသနည်း။

(ဖြေ) အဗျယာနံ အတ္ထံ ဝိဘာဝေတီတိ အဗျယီဘာဝေါ။ အနဗျယံပိ အဗျယံ ဝိယ ဘဝတီတိ အဗျယီဘာဝေါ-ဟူသော ဝိဂ္ဂဟတို့နှင့်အညီ အဗျယ အမည်ရှိသော ဥပသာရ၊ နိပါတ်တို့၏ အနက်ကို ပဌာနအားဖြင့် ထင်စွာပြတတ်သောကြောင့်၊တနည်း-နဂရ စသော နောက်ပုဒ်သည် ပျက်စီးတတ်သော်လည်း မပျက်စီးတတ်သော ဥပသာရ၊ နိပါတ်ပုဒ်တို့ကဲ့သို့ ဖြစ်တတ်သောကြောင့် အဗျယအနက် ပြဋ္ဌာန်းသည်ဖြစ်၍ ဥပသာရ၊ နိပါတ်ပုဒ်တို့နှင့် နာမ်ပုဒ်တို့ ချဉ်းခြင်းသည် အဗျယီဘာဝသမာသ်မည်ပါသည်။

၁၇၆၆။ ( ပ ) အဘယ့်ကြောင့် အဘယ်တို့သည် ဗျယီဘာဝ မည်ပါသနည်း။

(ဖြေ) ဗျယံ ဘဝတီတိ ဗျယီဘာဝေါ-ဟူသည်နှင့်အညီ လိင်၊ ဝိဘတ်တို့၌ ပျက်စီးခြင်းဖြစ်တတ်သောကြောင့် ဒွန်စသော သမာသ်ငါးပါးသည် ဗျယီဘာဝမည်ပါသည်။

၁၇၆၇။ ( ပ ) အဗျယီဘော သမာသ်၏ လက္ခဏာကို ပြခဲ့ပါ။

(ဖြေ) ဥပသာရ၊ နိပါတ်ပုဒ်ရှေ့ရှိခြင်း၊ အဗျယအနက်ပြဋ္ဌာန်းခြင်း၊ လိင်ဝိဘတ်တို့ကြောင့် မပျက်စီးခြင်း လက္ခဏာရှိ၏။

၁၇၆၈။ ( ပ ) အဗျယီဘော သမာသ်၌ ဖြစ်သင့်သော အင်္ဂါ သရုပ်ထုတ်ပြပါ။

(ဗျာ) ၁–ဥပသာရ၊ နိပါတပဒတို့ ရှေးရှိသည်ဖြစ်စေ၊ ဤကား ယေဘုယျသာ။ ၂–ဥပသာရ၊ နိပါတ်ပုဒ်တို့၏ အနက်ပြဋ္ဌာန်းသည် ဖြစ်စေ။ ဤလည်း ယေဘုယျ။ ၃–လိင်၊ ဝိဘတ်တို့ကြောင့် မပျက်စီး သည်ဖြစ်စေ၊ ဤကား မုချ။ ၄–ရှေ့ပုဒ်၌ ပဌမာဝိဘတ်၊ နောက်ပုဒ်၌ ဝိဘတ် ခုနစ်သွယ်တို့တွင် တလုံးလုံးကျေသည်ဖြစ်စေ၊ ဤလည်း မုချ၊ ဤအင်္ဂါလေးပါးတို့ဖြစ်သင့်ပါသည်။

၁၇၆၉။ (ပ) ဝနပ္ပတိ-စသော ပြယုဂ်တို့၌ ဥပသာရ၊ နိပါတ်နောက် နေ သော်လည်း အဗျယီဘာဝသမာသ်မည်ရကား ဤသုတ်ကို ဥပသဂ္ဂနိပါ တော အဗျယီဘာဝေါ-ဟု သာမည တည်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ပုဗ္ဗကောပုဒ်ဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) ဥပသာရ၊ နိပါတ်ရှေ့နေသော အဗျယီဘာဝသမာသ်၏ ယေဘုယျ အဖြစ်ကို သိစေလိုသောကြောင့် ပုဗ္ဗကောပုဒ်ဖြင့် အထူး ပြု၍ တည်ပါသည်။

၁၇၇၀။ (ပ) ဤအဗျယီဘာဝသမာသ်သည် ဥပသာရ၊ နိပါတပဒတို့နှင့် နာမ်ပုဒ်တို့ ချဉ်းသည်ကိုဆိုရကား ဥပသဂ္ဂနိပါတပဒေ အဗျယီဘာ ဝေါ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ဥပသဂ္ဂ နိပါတပုဗ္ဗကော အဗျယီဘာဝေါ-ဟု တည်ပါသနည်း။

(ဗျာ) ဤသုတ်၏ သညာဝိဓာယက၊ သမာသဝိဓာယက၏ အဖြစ် ကို သိစေလိုသောကြောင့် တည်ပါသည်။

၁၇၇၁။ (ပ) ဤသုတ်ဖြင့်ပင် သမာသဝိဓာယက ဖြစ်ခဲ့သော် ဥပသဂ္ဂ နိပါတာ ယဒါ သမာသျန္တေ၊ တဒါသော သမာသော အဗျယီဘာဝ သညော ဟောတိ–ဟူ၍ အဘယ့်ကြောင့် မဖွင့်ဆိုပါသနည်း။

(ဗျာ) နိစ္စသမာသ်ဖြစ်သောကြောင့် ဤသို့ မဖွင့်ဆိုပါ။

၁၇၇၂။ (ပ) တပါးသော သမာသ်၏ ဝိဓာသသညာသုတ်တို့ကို ရှေး ဦးမတည်မူ၍ အဘယ့်ကြောင့် ဤ အဗျယီဘာဝဝိဓာသသညာသုတ်ကို ရှေးဦးတည်ပါသနည်း။

(ဗျာ) ဤသမာသ်၏ ပုဗ္ဗပဒတ္ထပဓာန ဖြစ်သောကြောင့် ရှေးဦး တည်ပါသည်။

၁၇၇၃။ (ပ) ဤသုတ်၌ ဥပသဂ္ဂနိပါတ ပုဗ္ဗကောပါဌ်ဖြင့် ရှင်မဟာ ကစ္စည်းဆရာသည် အဘယ်အနက်ကို သိစေလိုပါသနည်း။ အကြောင်း ပြ၍ ဖြေပါ။

(ဖြေ) ဥပသဂ္ဂနိပါတပုဗ္ဗော စ ဥပသဂ္ဂနိပါတ ပုဗ္ဗကော စ ဥပသဂ္ဂနိပါတပုဗ္ဗကော-ဟု ပြုအပ်ပြီးသော ကေသိသ်ရှိသော ပုဒ်ဖြစ်သောကြောင့် ဤသမာသ်၏ ဥပသာရ နိပါတ်ရှေးရှိခြင်း၊ ဥပသာရ နိပါတ်တို့၏ အနက်ပြဋ္ဌာန်းခြင်း-ဟူသော အင်္ဂါနှစ်ပါး ရှိသည်၏ အဖြစ်ကို သိစေလိုပါသည်။

၁၇၇၄။ (ပ) ဥပသာရ နိပါတ် ရှေးရှိလတ်က အဗျယီဘာဝဆိုသော် န ဗြာဟ္မဏော-စသော ပြယုဂ်တို့ နနိပါတ်ရှေးရှိရကား အဗျယီဘာဝ မည်သင့်အံ့လော၊ မည်သင့်၊ မမည်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဖြေ) နိပါတ်ရှေ့နေသော်လည်း နနိပါတ်၏ အနက် မပြဋ္ဌာန်းသောကြောင့် အဗျယီဘာဝ မမည်သင့်ပါ။

မှတ်ချက်။ ဥပသာရ၊ နိပါတတို့၏ အနက်ပြဋ္ဌာန်းမှ အဗျယီဘာဝ မည်သည်။

၁၇၇၅။ (ပ) ဤသမာသ်သည် ပုဗ္ဗပဒတ္ထပဋ္ဌာန-စသော သမာသ်လေးပါးတွင် အဘယ်သမာသ် ဖြစ်သင့်ပါသနည်း၊ ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

(ဖြေ) ၁-ပုဗ္ဗပဒတ္ထပဋ္ဌာန-ဥပနဂရံ။ ၂-ဥတ္တရပဒတ္ထပဋ္ဌာန-ဝနပ္ပတိ။ ၃-အညပဒတ္ထ ပဋ္ဌာန-ဥမ္မတ္တဂင်္ဂ၊ ဤသုံးပါးသော သမာသ် ဖြစ်သင့်ပါသည်။

၁၇၇၆။ (ပ) ဥမ္မတ္တာ ဂင်္ဂါ ယသ္မိံ ဇနပဒေ ဧတိ ဥမ္မတ္တဂင်္ဂ-၌ အညပုဒ် အနက်ပြဋ္ဌာန်းလျက် ဗဟုဗ္ဗိဟိမမည်ရခြင်း၏ အကြောင်း၊ အဗျယီဘာဝသမာသ်မည်ခြင်း၏ အကြောင်းကို ပြခဲ့ပါ။

(ဖြေ) ဗဟုဗ္ဗိဟိသမာသ်ဟူက ဆမြဝါစ္စသို့ လိုက်သော လိင်ရှိရမည်။ ဤ၌ ဇါစ္စသို့ လိင်မလိုက်သောကြောင့် ဗဟုဗ္ဗိဟိ မမည်ပါ။ အံဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ-သုတ်၏ ဝိသယဖြစ်၍ အဗျယလက္ခဏာသို့ ရောက်သောကြောင့်၊ ဝါ- အဗျယနှင့် တစိတ်တဒေသတူသောကြောင့် အဗျယီဘာဝသမာသ် အမည်ရပါသည်။

၁၇၇၇။ (ပ) ဥဒါဟရုဏ်ထုတ်ရာဝယ် နဂရဿ သမီပန္တိ ဥပနဂရံ-ဟု ထုတ်က ပြီးသင့်လျက် အဘယ့်ကြောင့် နဂရဿ သမီပေ ပဝတ္တတိ ကထာ ဣတိ ဥပနဂရံ-ဟု ထုတ်ပါသနည်း။

(ဖြေ) ဥပသဒ္ဒါသည် သာမ ်နနှင့်တကွသော အနီး၌ ဖြစ်ခြင်း ကြိယာကို ထွန်းပြတတ်သောကြောင့် ဤသို့ ထုတ်ပါသည်။

၁၇၇၈။ (ပ) ပဝတ္တာတိ ကထာပုဒ်တို့ကို အဘယ် အကျိုးငှါ ဆိုပါသနည်း။

(ဗျာ) ကြိယာကို ပြခြင်းအကျိုးငှါ ပဝတ္တာတိ၊ အဘိဓေယျတ္တကို ပြခြင်းအကျိုးငှါ ကထာပုဒ်တို့ကို ဆိုပါသည်။

၁၇၇၉။ (ပ) ဥပနဂရံပုဒ်ကို ဝိဂြိုဟ်အစစ်ဆို၍ အရထောက်ပြခဲ့ပါ။

(ဗျာ) နဂရဿ သမီပံ ဥပနဂရံ–ဝိဂ္ဂဟာစစ်။ မြို့၏အနီး၌ ဖြစ်သော စကားရ၏။

၁၇၈၀။ (ပ) ဤအဗျယီဘာဝ သမာသ်ကို ဝိဂ္ဂဟာ ပြုကောင်း၊ မပြုကောင်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဗျာ) နိစ္စသမာသ်ဖြစ်သောကြောင့် မိမိပုဒ်ရင်းဖြင့် သပဒဝိဂ္ဂဟာ မပြုကောင်းဟုမှတ်။

မှတ်ချက်။ တပါးသော ပုဒ်ဖြင့်ကား အသပဒဝိဂြိုဟ်ပြုကောင်း သေး၏ဟု မှတ်။

---

## ၅။ သော နပုံသကလိင်္ဂ

၁၇၈၁။ (ပ) နောက်သုတ်မှ အဗျယီဘာဝ သဒ္ဒါ လိုက်သင့်ရကား ဤသုတ်ကို နပုံသကလိင်္ဂ–မျှသာ တည်က ပြီးလျက် အဘယ့်ကြောင့် သော နပုံသကလိင်္ဂ–ဟု တည်ပါသနည်း။

(ဗျာ) နောက်သုတ်သို့ အဗျယီဘာဝ သဒ္ဒါ မလိုက်စေလိုသော ကြောင့်၊ တနည်း–ကြိယာဝိသေသနတို့၏လည်း နပုလ္လိင်၏ အဖြစ်ကို သိစေလိုသောကြောင့် သော နပုံသကလိင်္ဂါဟု တည်ပါသည်။

၁၇၈၂။ (ပ) အဘယ်ကို ပြလိုသောကြောင့် ဤသုတ်ကို တည်ထုတ်ရပါ သနည်း။

(ဗျာ) နပုလ္လိင်၌ တည်သော ကာရိယကို အလွန်ညွှန်းပြလိုသော ကြောင့် ချာ,နိ–အလို၊ အဗျယီဘာဝသမာသ်၏ နပုလ္လိင်၏ အဖြစ်ကို ပြလိုသောကြောင့်–ရှုအလို၊ ဤသုတ်ကို တည်ပါသည်။

၁၇၈၃။ (ပ) ကာရိယ ညွှန်းပြလို၍ တည်သော် သော နပုံသကလိင်္ဂါ ကာရိယော–ဟု တည်ပါတော့လော၊ အဘယ့်ကြောင့် သော နပုံသက လိင်္ဂါ–ဟူ၍သာ တည်ပါသနည်း။

(ဖြေ) နပုံသတာလိင်ေါ်ပုဒ်၏ ဌာနူပစာရ၏ အဖြစ်ကို ပြလိုသော ကြောင့် ဤသို့ တည်ပါသည်။

၁၇၀၄။ (ပ) ဤသုတ်သည် အတိဒေသ ခြောက်ပါးတွင် အဘယ် အတိဒေသပါနည်း။ အကြောင်းပြ၍ဖြေပါ။

(ဖြေ) နပုလ္လိင်၌တည်သော ကာရိယကို အလွန်ညွှန်းပြသောကြောင့် ကာရိယာတိဒေသ ဖြစ်ပါသည်။ တနည်း-သုတ်၌ ဣဝသဒ္ဒါမပါသော ကြောင့် အတိဒေသသုတ်မဟုတ်၊ နပုလ္လိင်၏ အဖြစ်ကို စီရင်သော ဝိဓိ သုတ်သာ ဖြစ်ပါသည်။ ရွှေ့,ချာ- နေ့ကနည်း-ရှုအလို။

၁၇၀၅။ (ပ) သုတ်၌ ဣဝသဒ္ဒါ မရှိမပါပဲလျက် အဘယ့်ကြောင့် အတိဒေသသုတ်၏အဖြစ်ကို သိနိုင်ပါသနည်း။

(ဖြေ) သရော ရသော နပုံသကေ-ဟု ကစ္စည်းဆရာဆိုလတ္တံ့ ဖြစ်သောကြောင့် ဤသုတ်၏ အတိဒေသသုတ်၏ အဖြစ်ကို သိပါသည်။

၁၇၀၆။ (ပ) ဤအဗျယီဘာဝသမာသ်ကို နပုံသာ၌ ကေတ် အဘယ့်ကြောင့် မင့်ပါသနည်း။

(ဖြေ) သမာဟာရ အဗျယီဘာဝသမာသ် မရှိသောကြောင့် ကေတ် မင့်ပါ။

---

## ၆။ ဒိဂုသမာသ်ကဏ္ဍ

၁၇၀၇။ (ပ) ကေတ္ထိဘာဝေ၊ သမာသလက္ခဏံ-ဟူသော ပရိဘာသာအရ ဤသုတ်ကို မတည်သော်လည်း ကေတ်၏အဖြစ် ပြီးသင့်လျက် အဘယ့် ကြောင့် တည်ပြန်ပါသနည်း။

(ဖြေ) နှစ်ပုဒ်၏ အနက်ကို တပုဒ်တည်း၏ အနက်၏အဖြစ်ဖြင့် ပြုခြင်းသည် ကေတ္ထိဘာဝမည်၏၊ ကေဝုစ်ဝိဘတ်၏ အဖြစ်ဖြင့် ပြုခြင်း သည် ကေတ္ထိဘာဝမမည်၊ ကေတ္တသာမည်၏ဟု သိစေလိုသောကြောင့် ဤသုတ်ကို တည်ပါသည်။

၁၇၀၈။ (ပ) ဤနပုံ ကေတ်ငဲ့ခြင်းကို ဒိဂုသမာသ်ဟူသမျှ၌ ငဲ့ရမည်လော၊ အဘယ်ဒိဂု၌သာ ငဲ့ရမည်နည်း။

(ဖြေ) ဒိဂုဟူသမျှမငဲ့ရပေ။ သမာဟာရ ဒိဂုသမာသ်၌သာ ငဲ့ရမည်။

၁၇၀၉။ (ပ) အဗျယီဘာဝသမာသ်ကဲ့သို့ နပုံသာ မငဲ့မူ၍ အဘယ့်ကြောင့် နပုံ့ ကေတ်နှစ်ပါးစုံ ငဲ့ရပါသနည်း။

(ဗျာ) သမာဟာရဒိဂုသမာသ် ရှိသောကြောင့် နပုံကောတ်နှစ်ပါးစုံ ငဲ့ရပါသည်။

၁၇၉၀။ (ပ) အဘယ့်ကြောင့် သမာဟာရမည်သနည်း။

(ဗျာ) သခေ်ပေန အာဟာရီယတီတိ သမာဟာရော–ဟူသည်နှင့် အညီ အကျဉ်းအားဖြင့် ဆောင်အပ်သောကြောင့် သမာဟာရ မည်ပါသည်။

၁၇၉၁။ (ပ) အဘယ်သို့ ပြုသည်ကို အကျဉ်းဆောင်သည် မည်ပါသနည်း။

(ဗျာ) ဗဟုဝုစ်ကို ဧကဝုစ်အဖြစ် ပြုသည်ကိုပင် အကျဉ်းဆောင်သည် မည်ပါသည်။

၁၇၉၂။ (ပ) ဤသုတ်ကို ဒိဂုသမာသ သညာသုတ်၏ အနန္တရ၌ တည်သင့် လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဗျာ) အောက်သုတ်မှ နပုံသကလိင်္ဂသဒ္ဒါ အလိုက်ခံလိုသော ကြောင့်၊ တနည်း–အတိဒေသ ဝိဓိသုတ်တို့ကို တပေါင်းတည်း ပြလို သောကြောင့် ဤ၌ တည်ပါသည်။

၁၇၉၃။ (ပ) ကေတ္တိဘာဝနှင့် ကေတ္တနှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။

(ဗျာ) နှစ်ပါးသောပုဒ်တို့၏ အနက်ကို တခုတည်းသောပုဒ်၏ အနက်၏ အဖြစ်ဖြင့် ပြုခြင်းသည် ကေတ္တိဘာဝ။ ကေဝုစ်ဝိဘတ်၏ အဖြစ်ဖြင့် ပြုခြင်းသည် ကေတ္တ၊ တနည်း–ကေတ္တိဘာဝကား အနက်ကို ပြုပြင်သည်။ ကေတ္တကား သဒ္ဒါကို ပြုပြင်သည်၊ ဤသို့ ထူးကြ၏။

---

## ၇။ တထာ ဒွန္ဒေ ပါဏိ တူရိယ ယောဂ္ဂသေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထာဒီနဉ္စ

၁၇၉၄။ (ပ) အောက်သုတ်မှ နပုံသကသဒ္ဒါ၊ ကေတ္တသဒ္ဒါတို့ လိုက်သင့် ရကား ဒွန္ဒေ ပါဏိ–စသည်ဖြင့်သာ တည်ကပြီးလျက် အဘယ့်ကြောင့် တထာသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) ဒွန်သမာသ်၌ ဒိဂုကဲ့သို့ နှစ်ပါးစုံငဲ့ခြင်းကို မကွေမကွာရအပ်။ အချို့ဒွန်သမာသ်၌ ကေတ်ငဲ့ခြင်းမျှကိုသာ ရအပ်၏ဟု သိစေလိုသော ကြောင့် တထာသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၇၉၅။ (ပ) ဤသုတ်ကိုလည်း ဒွန္ဒသမာသ သညာသုတ်၏ အခြားမဲ့၌ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌ တည်ပါသနည်း။

(ဖြေ) အတိဒေသငိမိ သုတ်တို့ကို တပေါင်းတည်း ပြုလိုသော ကြောင့် ဤသို့ တည်ပါသည်။

၁၇၉၆။ (ပ) ဤသုတ်၌ အာဒိသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) ပကာရတ္ထသမာဟာရဒွန္ဒသမာသ် အဖြစ်ဖြင့် တူရမည် ဟူလို။

၁၇၉၇။ (ပ) ဤသုတ်၌ စ-သဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဖြေ) သမုစ္စယတ္ထ ဒိဂုသို့သာ နပုံ ကေတ်ဖြစ်သည်မဟုတ်၊ ဒွန်၌ လည်း နပုံ ကေတ်၏ အဖြစ်ကို ဆည်းသည်။ နိဒ္ဒေသ။ တနည်း- သုတ်၌မဆိုအပ်သေးသော အဿ၊ မဟိံသ-စသော ပြယုဂ်တို့၏ နပုံ ကေတ်၏အဖြစ်ကို ဆည်းသည်။ အတ္တဗျာချာန်အလို။ တနည်း-အဝ ဓာရဏတ္ထ။ သမာဟာရဒွန်၌ နပုံ ကေတ်၏ အဖြစ်ကို ဆုံးဖြတ် ပိုင်း ခြားသည်။

၁၇၉၈။ (ပ) ဤသုတ်၌ အဘယ်မျှ သေးငယ်သော သတ္တဝါကို ခုဒ္ဒဇန္တုက ဟု မှတ်ရမည်နည်း။

(ဖြေ) အားထုတ်၍ ကြည့်မှ မြင်နိုင်သော သတ္တဝါကို မှတ်။ တနည်း-အရိုးမရှိသော သတ္တဝါကိုမှတ်။ တနည်း - တလက်ဖက်၌ အကောင်တရာရှိနိုင်သော သတ္တဝါကို ခုဒ္ဒဇန္တုကဟု မှတ်ရမည်။ ကေစိ ကား မြွေပါတိုင်အောင်သော သတ္တဝါကို ခုဒ္ဒဇန္တုကဟု ဆို၏။

၁၇၉၉။ (ပ) စက္ခုသောတံ၌ သောတဉ္စ စက္ခုဉ္စ သောတစက္ခု-ဟု မထုတ်ပဲ အဘယ့်ကြောင့် စက္ခုသဒ္ဒါကို ရှေ့ကထား၍ ထုတ်ပါသနည်း။

(ဖြေ) ဒွန်သမာသ်၌ ဥဝဏ္ဏန္တ၊ အဝဏ္ဏန္တ နှစ်ပါးတွင် များသော အားဖြင့် ဥဝဏ္ဏန္တပုဒ် ရှေ့နေသည်၏ အဖြစ်ကို သိစေလိုသောကြောင့် စက္ခုပုဒ်ကို ရှေ့ထား၍ ထုတ်ပါသည်။

၁၈၀၀။ (ပ) မုခနာသိကံ၌ နာသိကမုခံ-ဟု မထုတ်မူ၍ အဘယ့်ကြောင့် မုခပုဒ်ကို ရှေ့ထား၍ ထုတ်ပါသနည်း။

(ဖြေ) ဒွန်သမာသ်၌ အပ္ပသရ၊ ဗဟုသရ-နှစ်ဝတွင် ယေဘုယျ အားဖြင့် အပ္ပသရ ရှေ့နေသည်၏ အဖြစ်ကို သိစေလိုသောကြောင့် မုခပုဒ်ကို ရှေ့ထား၍ ထုတ်ပါသည်။

၁၈၀၁ (ပ) မုခနာသိကံ၌ မုခဉ္စ နာသိကဉ္စ-ဟူ၍ရင်း၊ မုခဉ္စ နာသိကာစ- ဟူ၍ရင်း ဝါကျနှစ်မျိုး ရှိထိုက်ရာ အဘယ်ဝါကျသာ သင့်ပါသနည်း။ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) နာသိကာ သဒ္ဒါ၏ အမြဲ ဣတ္ထိလိင်ကို ဟောသောကြောင့် အာကာရန္တနှင့် နောက်၀ါကျသင့်ပါသည်။

၁၀၀၂။ (ပ) အသိစမ္မံပုဒ်၌ အဘယ့်ကြောင့် အသိကိုရွေးသား၍ ဆိုပါသနည်း။

(ဗျာ) ဒွန္ဒသမာသ်၌ ဣ၀ဏ္ဏန္တ၊ အ၀ဏ္ဏန္တ-နှစ်ပါးတွင် ဣ၀ဏ္ဏန္တ ရှေ့နေမျှသည်၏အဖြစ်ကို သိစေလိုသောကြောင့် အသိပုဒ်ကို ရှေ့ထား၍ ဆိုပါသည်။

၁၀၀၃။ (ပ) တိကစတုက္ကံ-၌ အဘယ့်ကြောင့် တိသဒ္ဒါကို ရှေ့ထား၍ ဆိုပါသနည်း။

(ဗျာ) ဒွန္ဒသမာသ်၌ အပ္ပသရ၊ ဗဟုသရနှစ်ပါးတွင် အပ္ပသရ ရှေ့နေမျှသည်၏အဖြစ်ကို သိစေလိုသောကြောင့် တိသဒ္ဒါကို ရှေ့ထား၍ ဆိုပါသည်။

---

## ၈။ ၀ိဘာသာ ရုက္ခ တိဏ ပသု ဓန ဓည ဇန ပဒါဒီနဉ္စ

၁၀၀၄။ (ပ) ဤသုတ်ကို မတည်သော်လည်း အောက်သုတ် အာဒိသဒ္ဒါဖြင့်ပင် ပြီးသင့်လျက် အဘယ့်ကြောင့် ထပ်၍ တည်ပြန်ပါသနည်း။

(ဗျာ) သစ်ပင်-စသော အနက်ရှိသော ဒွန္ဒသမာသ်အရာတို့၌ နပုံ ကေတ်၏ အနိစ္စ၏အဖြစ်ကို သိစေလိုသောကြောင့် တည်ပြန်ပါသည်။

၁၀၀၅။ (ပ) အနိစ္စဝိဓိပြုလို၍ ဤသုတ်ကို တည်သော် ၀ါ ရုက္ခတိဏ စသည်ဖြင့် တည်သင့်လျက် အဘယ့်ကြောင့် ၀ိဘာသာ ရုက္ခတိဏ စသည်ဖြင့် တည်ပါသနည်း။

(ဗျာ) ၀ိဘာသာသဒ္ဒါ၏ ၀ါသဒ္ဒါနှင့် အနက်တူသည်၏အဖြစ်ကို သိစေလိုသောကြောင့် တည်ပါသည်။

၁၀၀၆။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စ-သဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) ရှေ့အလို-သမုစ္စယတ္ထ။ သစ်ပင်-စသော အနက် ရှိသော ဒွန္ဒသမာသ်တို့၏သည်း နပုံ ကေတ်ငဲ့ခြင်းကို ဆည်းသည်။ နိအလို-အနုကစ္စနတ္ထ၊ နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် နပုံသကလိင်သဒ္ဒါ၊ ဧကတ္တသဒ္ဒါတို့ကို ငင်ပါသည်။

၁၀၀၇။ (ပ) ဒိဂုသမာသ်နှင့် ဒွန်သမာသ်တို့၏ နပုံ၊ ကေတင့်ပုံ အထူးကို ပြခဲ့ပါ။

(ဖြေ) ဒိဂုသမာသ်ကား နိစ္စအားဖြင့် ငဲ့ရ၏။ ဒွန်သမာသ်ကား အချို့-နိစ္စ၊ အချို့-အနိစ္စအားဖြင့် ငဲ့ရ၏။ ဤသို့ ထူးကြပါသည်။

---

## ၉။ ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော

၁၀၀၈။ (ပ) အဘယ့်ကြောင့် ကမ္မဓာရည်း သမာသ် မည်ပါသနည်း။ ဥပမာနှင့်တကွ ပြခဲ့ပါ။

(ဖြေ) ကမ္မမိဝ ဒွယံ ဓာရေတီတိ ကမ္မဓာရယော-ဟူသည်နှင့်အညီ ကံသည် ကြိယာနှင့် အကျိုးနှစ်ပါးကို ဆောင်သကဲ့သို့ တခုတည်းသော အနက်၌ နှစ်ပါးသောအမည်ကို ဆောင်တတ်သောကြောင့် ကမ္မဓာရည်း မည်ပါသည်။

၁၀၀၉။ (ပ) အဘယ့်ကြောင့် ဤသမာသ်သည် အမည်နှစ်ပါးကိုဆောင် တတ်ပါသနည်း။

(ဖြေ) ထိုသမာသ်ရှိခဲ့သော် တခုတည်းသော အနက်ကို ထွန်းပြ တတ်သော အမည်နှစ်ပါး၏ ဖြစ်သင့်သောကြောင့် အမည်နှစ်ပါးကို ဆောင်တတ်ပါသည်။

၁၀၁၀။ (ပ) ဤ၌ အဘယ်သို့ဖြစ်သည်ကို တုလျာဓိကရဏဟု မှတ်ရမည် နည်း။

(ဖြေ) ပြားသော ပဝတ္တိနိမိတ်ရှိကုန်သော နှစ်ပါးသော ပုဒ်တို့၏ ဝိသေသန၊ ဝိသေသျ၏ အဖြစ်ကြောင့် တခုတည်းသော အနက်၌ ဖြစ် သည်ကို တုလျာဓိကရဏဟု မှတ်ရမည်။

၁၀၁၁။ (ပ) ဤသုတ်ကို ဒွိပဒါနိ တုလျာဓိကရဏာနိ ဟု ပဌမာ ဗဟု ဝစနန္တနှင့် တည်သင့်လျက် အဘယ့်ကြောင့် ဒွိပဒေ တုလျာဓိကရဏေ ဟု ဒုတိယန္တ ဗဟုဝစနန္တဖြင့် တည်ပါသနည်း။

(ဖြေ) ဤပုဒ်တို့၏ ဝိဘတ္တိဝိပလ္လာသ၏ အဖြစ်ကို သိစေလိုသော ကြောင့်၊ တနည်း- လက္ခဏ၊ လက္ခဏဝန္တပုဒ်၏ အဖြစ်ဖြင့်လည်း ယူအပ်၏ဟု သိစေလိုသောကြောင့် ဤသို့ တည်ပါသည်။

၁၀၁၂။ (ပ) ငါးပါးသော သမာသ်တို့တွင် တပါးသော ဝိသေသသညာ တို့၏ ရှေးဦးစွာ အဘယ့်ကြောင့် ဤ ကမ္မဓာရယသမာသ ဝိသေသ သညာသုတ်ကို တည်ပါသနည်း။

(ဗျာ) ဤသမာသ်၌ ဒိဂု၊ တပ္ပုရိသ် ဟူသော သမာသ်ဝိသေသ တို့ကို ရထိုက်သော သဘောရှိသောကြောင့် ဤဝိသေသ သညာသုဘ် ကို ရှေးဦးတည်ပါသည်။

၁၀၁၃။ (ပ) ကမ္မဓာရည်းသမာသ်၏ ပဌာနလက္ခဏာကို အကြောင်းနှင့် တကွ ပြခဲ့ပါ။

(ဗျာ) ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော ဟု ဆိုသော ကြောင့် တုလျာဓိကရဏပုဒ်လျှင် ပဌာနလက္ခဏာ ဖြစ်ပါသည်။

၁၀၁၄။ (ပ) ကမ္မဓာရည်းသမာသ် ဖြစ်သင့်သော အင်္ဂါတို့ကို ပြခဲ့ပါ။

(ဗျာ) ၁—ရှေ့ပုဒ် နောက်ပုဒ်တို့၌ ပဌမဝိဘတ်ကျခြင်း၊ ၂—စသဒ္ဒါ နှစ်လုံး၊ တသဒ္ဒါတို့ဖြင့် မှတ်ခြင်း၊ ၃—တုလျာဓိကရဏဖြစ်ခြင်း ဟူသည့် သုံးပါးဖြစ်သင့်ပါသည်။

၁၀၁၅။ (ပ) မဟန္တ၊ ပုရိသပုဒ်တို့၌ တုလျဖြစ်ပုံ၊ အဓိကရဖြစ်ပုံတို့ကို ပြခဲ့ပါ။

(ဗျာ) မဟန္တသဒ္ဒါသည် မြတ်သောဂုဏ်ကို အကြောင်းပဝတ္တိ နိမိတ်ပြု၍ ယောက်ျားဒြပ်ကို ဟောသည်။ ပုရိသ သဒ္ဒါသည်လည်း ဇာတ်ကိုအကြောင်း ပဝတ္တိနိမိတ်ပြု၍ ယောက်ျားဒြပ်ကို ဟောသည်။ ဤသို့ ဇာတ် ဂုဏ်အားဖြင့် ပြားသော ပဝတ္တိနိမိတ်ရှိသော မဟန္တ၊ ပုရိသသဒ္ဒါနှစ်ခုတို့၏ ဒြပ်ကိုဟောသည်၏အဖြစ်ဖြင့်တူခြင်းသည် တုလျ။ ယောက်ျားဒြပ် တည်းဟူသော တခုဘည်းသော အနက်သည် အဓိ ကရဏ။

၁၀၁၆။ (ပ) မဟန္တော စ သော ပုရိသော စ ဟူသော ဝါကျ၌ စသဒ္ဒါ နှစ်လုံး၊ တသဒ္ဒါတို့ဖြင့် အဘယ်ကို ပြကြပါသနည်း။

(ဗျာ) စသဒ္ဒါနှစ်လုံးတို့ဖြင့် မဟန္တ ပုရိသတို့၏ ပဝတ္တိနိမိတ် ပြား သည်၏အဖြစ်ကို ပြ၏။ တသဒ္ဒါဖြင့် ပဝတ္တိနိမိတ်ပြားသော်လည်း အရ အားဖြင့် တခုတည်း၏ အဖြစ်ဟူသော တုလျာဓိကရဏ၏ ဒ ဖြစ်ကို ပြပါ၏။

၁၀၁၇။ (ပ) ဤသမာသ်သည် နိစ္စ၊ အနိစ္စ နှစ်ပါးတွင် အဘယ်သမာသ် မျိုး ဖြစ်ပါသနည်း။ ဥဒါဟရဏ်နှင့်တကွ ပြပါ။

(ဗျာ) အချို့သော ကမ္မဓာရည်းသည် နိစ္စ၊ ကုမ္ဘကာရော။ အချို့ ကမ္မဓာရည်းကား အနိစ္စ၊ မဟာပုရိသော စသည်တည်း။

၁၈၁၈။ (ပ) ပုဗ္ဗပဒတ္ထပဓာန၊ ဥတ္တရပဒတ္ထပဓာန၊ ဥဘယပဒတ္ထပဓာန၊ အညပဒတ္ထပဓာန် သမာသ်လေးပါးတွင် အဘယ်၌ ဝင်ပါသနည်း။ ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

(ဖြေ) အချို့ကား ပုဗ္ဗပဒတ္ထပဓာန၌ ဝင်၏။နိလုပ္ပလံ။ အချို့ကား ဥတ္တရပဒတ္ထပဓာန၌ ဝင်၏-ပုရိသသီဟော။ အချို့ကား ဥဘယပဒတ္ထပဓာန၌ဝင်၏။သကျသုခုမော စသည်တည်း။

၁၈၁၉။ (ပ) ဒွိပဒေဟု သုတ်၌ဆိုသောကြောင့် ဤသမာသ်ကို နှစ်ပုဒ်သာ ချဉ်းကောင်း၏ဟု မှတ်ရအံ့လော၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ဒွိပဒေပုဒ်ကို ဥပလက္ခဏနည်းအားဖြင့် ဆိုသောကြောင့် နှစ်ပုဒ်သာမဟုတ်။ဆင္ကိဘဋ္ဌ ပတိတဋ္ဌ တံ ဥက္ကာပဋ္ဌာတံ ဆင္ကိတပတိတဥက္ကာပံ ဟု သုံးပုဒ်လည်း ချဉ်းကောင်း၏ဟု မှတ်ရမည်။

၁၈၂၀။ (ပ) ဤသမာသ်ကို လိင်သုံးပါးတွင် အဘယ်လိင်ဟု မှတ်ရမည်နည်း။

(ဖြေ) လိင်သုံးပါးလုံးပင် မှတ်ရမည်။

၁၈၂၁။ (ပ) သုံးလိင်လုံးဖြစ်သော် ရှေ့ပုဒ် နောက်ပုဒ် နှစ်ပါးတွင် အဘယ်ပုဒ်၏အရ လိင်ကိုယူမည်နည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ရှေ့ပုဒ်ကား ဝိသေသန အပဓာနသာ။ နောက်ပုဒ်ကား ဝိသေသျပဓာန ဖြစ်သောကြောင့် နောက်ပုဒ်၏ အရဖြစ်သော လိင်ကို ယူရမည်။

**မှတ်ချက်။** ။နောက်ပုဒ် ပုလ္လိင်ဖြစ်က ပုလ္လိင်၊ နပုလ္လိင်ဖြစ်က နပုလ္လိင်၊ ဣတ္ထိလိင်ဖြစ်က ဣတ္ထိလိင်ဖြစ်ရမည်ဟူလို။

၁၈၂၂။ (ပ) အလယ်၌ဖြစ်သော တသဒ္ဒါကို အဘယ်ပုဒ်လိင်၏ အစွမ်းဖြင့် ထားရမည်နည်း။

(ဖြေ) ရှေ့ပုဒ်လိင်၏အစွမ်းဖြင့် ထားရမည်။

**မှတ်ချက်။** ။ရှေ့ပုဒ်ဣတ္ထိလိင်ဖြစ်က – သာ၊ ပုလ္လိင်ဖြစ်က – သော၊ နပုလ္လိင်ဖြစ်က-တံ ဟု ထားရမည်ဟူလို။

## ၁၀။ သင်္ချာပုဗ္ဗ ဒိဂု

၁၀၂၃။ (ပ) အဘယ့်ကြောင့် အဘယ်သည် ဒိဂုသမာသ် မည်သနည်း။

(ဖြေ) ဒိဂု ဝိယာတိ ဒိဂု၊ ဒွိဟိ လက္ခဏေဟိ ဂတော အဝဂတော ဉာတောတိ ဒိဂု၊ ဒွိဟိ လက္ခဏေဟိ ဂစ္ဆတိ ပဝတ္တတီတိ ဒိဂု-ဟူသည်တို့နှင့်အညီ ဒိဂုသဒ္ဒါနှင့် တူသောကြောင့်၊ တနည်း-နှစ်ပါးသော လက္ခဏာတို့ဖြင့် သိအပ်သောကြောင့်၊ ဝါ- လက္ခဏာနှစ်ပါးတို့ဖြင့်ဖြစ်တတ်သောကြောင့် သင်္ချာရှေးရှိသော ကမ္မဓာရည်းသမာသ်သည် ဒိဂုသမာသ် မည်ပါသည်။

၁၀၂၄။ (ပ) ဒိဂုသဒ္ဒါနှင့် တူပုံအခြင်းအရာကို ပြခဲ့ပါ။

(ဖြေ) ဒိဂုသဒ္ဒါသည် သင်္ချာကို မလွန်မူ၍ ဖြစ်သကဲ့သို့ ဤသမာသ်သည်လည်း လက္ခဏာနှစ်ပါးကို မလွန်မူ၍ ဖြစ်၏။ ဤသို့ တူ၏ဟူလို။ သံပျင်ဋီကာအလို၊ တနည်း-ဒိဂုသဒ္ဒါသည် သင်္ချာရှေးရှိ၏။ နပုံ ကေတ် ဖြစ်၏သို့ ဤသမာသ်သည်လည်း သင်္ချာရှေးရှိခြင်း၊ ယေဘုယျအားဖြင့် နပုံ ကေဝုစ်ဖြစ်ခြင်းဖြင့် တူ၏ဟူလို။ သဒ္ဒနီတိအလို။ တနည်း-ဒိဂုသဒ္ဒါသည် သင်္ချာရှေးရှိခြင်း တခုတည်းသောအနက်၌ ယှဉ်၍ ကမ္မဓာရည်းလည်းဖြစ်၏သို့ ဤသမာသ်လည်း သင်္ချာရှေးရှိခြင်း ကေတ္တယောဂီ ဖြစ်၍ ကမ္မဓာရည်း ဖြစ်ခြင်းအားဖြင့် တူ၏ဟူလို၊ ရူအလို။

၁၀၂၅။ (ပ) ဒွိဟိ လက္ခဏေဟိ ဂတော အဝဂတော၌ လက္ခဏာနှစ်ပါး အရ ပြပြီးလျှင် ပဌာနလက္ခဏာကိုညွှန်းလိုက်ပါ။

(ဖြေ) က-သင်္ချာပြဋ္ဌာန်းသည်၏အဖြစ်။ ဝါ၊ သင်္ချာရှေးရှိသည်၏အဖြစ်။ (ခ) နပုံလိင် ကေဝုစ်၏အဖြစ်၊ ထိုဘွင် (က)သည် ပဋ္ဌာန လက္ခဏာ ဖြစ်ပါသည်။

၁၀၂၆။ (ပ) လက္ခဏာနှစ်ပါးတို့ဖြင့် ဖြစ်၏ဟူရာ၌ လက္ခဏာနှစ်ပါး၏အရကို ပြခဲ့ပါ။

(ဖြေ) ၁-သင်္ချာရှေးရှိခြင်း၊ ၂-တုလျာဓိကရဏဖြစ်ခြင်း–ဟူ၍ နှစ်ပါးဖြစ်ပါသည်။

၁၀၂၇။ (ပ) ဒိဂုသမာသ်၌ ဖြစ်သင့်သော အင်္ဂါတို့ကို ပြခဲ့ပါ။

(ဖြေ) ၁—ရှေ့ပုဒ်၊ နောက်ပုဒ်တို့၌ ပဌမာဝိဘတ်ကျစေ၊ ၂-တုလျာဓိ ကရဏလည်းဖြစ်စေ၊ ၃—သင်္ချာသဒ္ဒါလည်း ရှေးရှိစေ၊ ၄—နပုံ ကေတ်လည်းဖြစ်စေ၊ လေးပါးဖြစ်သင့်ပါသည်။

၁၀၂၀။ (ပ) ဤဒိဂုသမာသ်သည် ပုဗ္ဗပဒတ္ထပဓာန-စသောလေးပါးတွင် အဘယ်၌ ဝင်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) နောက်ပုဒ်၏အနက်ကိုသချာဖြင့် ပိုင်းခြားအပ်သောကြောင့် ပုဗ္ဗပဒတ္ထပဓာန၌ ဝင်ပါသည်။

၁၀၂၉။ (ပ) ဤသမာသ်ဖြစ်နိုင်သော လိင်ကို ဥဒါဟရဏ်နှင့် ပြပြီးလျှင် နိစ္စ၊ အနိစ္စတွင် အဘယ်ဖြစ်သည်ကိုလည်း ပြခဲ့ပါ။

(ဗျာ) ပုလ္လိင်-တိဘဝေါ၊ ဣတ္ထိလိင်-စတုဒ္ဒိသာ၊ နပုလ္လိင်-ပဉ္စိန္ဒြိယံ။ သမာဟာရ ဒိဂုနှင့်ကား နပုလ္လိင်သာ၊ နိစ္စ၊ အနိစ္စတွင် အနိစ္စသမာသ် သာ ဖြစ်ပါသည်။

၁၀၃၀။ (ပ) ဤသုတ်ကို တပ္ပါးသောနေရာမှာ မတည်မူ၍ အဘယ့် ကြောင့် ဤနေရာ၌ တည်ပါသနည်း။

(ဗျာ) ဒိဂုသမာသ်သည် ကမ္မဓာရည်း သမာသ်နှင့် ဆက်ဆံရကား ကမ္မဓာရယသမာသသညာသုတ်၏ အနီး၌ ပြသင့်သောကြောင့် ဤ၌ တည်ပါသည်။

---

## ၁၁။ ဥဘေ တပ္ပုရိသာ

၁၀၃၁။ (ပ) အဘယ့်ကြောင့် အဘယ်သည် ဥဘေဘပ္ပုရိသ်သမာသ်မည် ပါသနည်း။

(ဗျာ) တဿ ပုရိသော တပ္ပုရိသော၊ တပ္ပုရိသော ဝိယာတိ တပ္ပုရိသော-ဟူသည်နှင့်အညီ တပ္ပုရိသသဒ္ဒါသည် ပုရိသဟူသော နောက်ပုဒ်အနက်ပြဋ္ဌာန်းသကဲ့သို့ နောက်ပုဒ်အနက် ပြဋ္ဌာန်းသော အဖြစ်ဖြင့် တပ္ပုရိသသဒ္ဒါနှင့် တူသောကြောင့် နှစ်ပါးသော ဒိဂု ကမ္မ ဓာရည်းလက္ခဏာရှိသော သမာသ်တို့သည် ဥဘေတပ္ပုရိသ်သမာသ် မည်ပါသည်။

၁၀၃၂။ (ပ) ဤဥဘေတပ္ပုရိသ်သမာသ်၏ ဖြစ်သင့်သော လက္ခဏာကို ပြခဲ့ပါ။

(ဗျာ) ၁-ရှေ့ပုဒ် နောက်ပုဒ်တို့၌ ပဉ္စမာဝိဘတ် ကျေခြင်း၊ ၂-တုလျာဓိကရဏဖြစ်ခြင်း၊ ၃-နသဒ္ဒါ၊ သချာသဒ္ဒါတို့ဖြင့် မှတ်ခြင်း အားဖြင့် သုံးပါးဖြစ်သင့်ပါသည်။

၁၀၃၃။ (ပ) ဤသမာသ်သည် ပုဗ္ဗပဒတ္ထ ပဓာန-စသော လေးပါးတွင် အဘယ်သမာသ်ဖြစ်သင့်ပါသနည်း၊ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ရှေ့ပုဒ်၏ အနက်ကို မှတ်အပ်သောကြောင့် ဥတ္တရ ပဒတ္ထ ပဓာန ဖြစ်သင့်ပါသည်။

၁၀၃၄။ (ပ) အမြဲပင် ဥတ္တရပဒတ္ထပဓာနသာ ဖြစ်သင့်ပါသလော၊ ထင်ရှားအောင် ပြပါ။

(ဖြေ) ဒိဋ္ဌပုဗ္ဗော စသော ပုဗ္ဗသဒ္ဒါပါသော တပ္ပုရိသ်သမာသ်တို့၌ ရှေ့ပုဒ်အနက် ပြဋ္ဌာန်းရကား ရံခါ ပုဗ္ဗပဒတ္ထပဓာန ဖြစ်သေး၏။

၁၀၃၅။ (ပ) လိင်သုံးပါးတွင် အဘယ်လိင်ဖြင့်၍ အဘယ်ပဒ၏ အစွမ်းဖြင့် လိင်ကိုမှတ်ရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) တပ္ပုရိသ်သည် ဝါစ္စလိုက်သော လိင်ရှိသောကြောင့် လိင်သုံးပါးပင် ဖြစ်၏။ ဥတ္တရပဒတ္ထပဓာနသမာသ် ဖြစ်သောကြောင့် နောက်ပုဒ်၏ အစွမ်းဖြင့် လိင်ကို မှတ်ယူရမည်။

၁၀၃၆။ (ပ) အနိစ္စ၊ နိစ္စနှစ်ပါးတွင် အဘယ်သမာသ်မျိုး ဖြစ်သင့်ပါသနည်း။

(ဖြေ) နှစ်ပါးလုံးပင် ဖြစ်သင့်ပါသည်။

၁၀၃၇။ (ပ) အောက်နှစ်သုတ်တို့မှ ကမ္မဓာရယ ဒိဂုပုဒ်တို့ သည်အဖြစ်ဖြင့် လိုက်သင့်ရကား တပ္ပုရိသာမျှတည်က ပြီးလျက် အဘယ့်ကြောင့် ဥဘောသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) ဒိဂုပုဒ်သာ လိုက်၏ဟူသော သံသယကို ပယ်လိုသောကြောင့်၊ တနည်း- ကမ္မဓာရယတပ္ပုရိသ်၊ ဒိဂုတပ္ပုရိသ်လက္ခဏာ နှစ်ပါးရှိသည်၏ အဖြစ်ကို သိစေလိုသောကြောင့် ဥဘောသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၀၃၈။ (ပ) တပါးသော သမာသသညာသုတ်ကို ဤ၌ မတည်မူ၍ အဘယ့်ကြောင့် ဤတပ္ပုရိသ သညာသုတ်ကို ဤ၌ တည်ပါသနည်း။

(ဖြေ) ဒိဂု ကမ္မဓာရည်းသမာသ် နှစ်ပါးနှင့် ဆက်ဆံသောကြောင့် ဤသုတ်ကို ဤနေရာ၌ တည်ပါသည်။

## ၁၂။ အမာဒယော ပရပဒေဝတိ

၁၀၃၉။ (ပ) ဤသုတ်၌ အာဒိသဒ္ဒါ အဘယ်အနက် ရှိပါသနည်း။

(ဖြေ) နိတိအလို ပကာရအနက်၊ နိအလို မရိယာဒအနက် ရှိပါသည်။

၁၀၄၀။ (ပ) ပကာရတ္ထ၊ မရိယာဒတ္ထအားလျော်စွာ အာဒိအရ အာဒိဝန္တအရတို့ကို ကောက်ပြပါ။

(ဖြေ) ပကာရတ္ထ အာဒိအရ အံဝိဘတ်။ အာဒိဝန္တအရ သိယော စသော ဝိဘတ် ၁၃-လုံးရ၏။ မရိယာဒတ္ထအာဒိအရ အံဝိဘတ်။ အာဒိဝန္တအရ ယော နာ စသော ဝိဘတ် ၁၁-လုံးရ၏။

၁၀၄၁။ (ပ) ဤသုတ်၌ အမာဒယော ဟု သာမညဆိုရကား ဝိဘတ်ကိုသာ ယူရမည်လော။ အဘယ်ကိုယူရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) သာမညဆိုသော်လည်း တတော စ ဝိဘတ္တိယော သုတ်ဖြင့် ဝိဘတ်တို့၏ လိင်၏ နောက်၌ စီရင်အပ်သောကြောင့် ဝိဘတ်အဆုံးရှိသော ပုဒ်ကိုသာ ယူရမည်။

မှတ်ချက်။ ။ဝိဘတ်ကို မယူပါ။

၁၀၄၂။ (ပ) ဤ၌ အမာဒယောအရ ဝိဘတျန္တပဒကိုသာ ယူရကား အမာဒိ ဝိဘတျန္တာနိ ပရပဒေဝတိ ဟု တည်သင့်လျက် အဘယ့်ကြောင့် အမာဒယော ပရပဒေဝတိဟု တည်ပါသနည်း။

(ဖြေ) ပုဒ်ဝိဘတ်နှစ်ရပ်တို့၏ အဝိနာဘာဝ၏အဖြစ်ကို ပြလိုသောကြောင့်၊ တနည်း- ပဒတ္ထ၊ ဝိဘတျတ္ထ နှစ်ပါးတွင် ဝိဘတျတ္ထသာ ပဓာနဖြစ်၏ဟု သိစေလိုသောကြောင့် တည်ပါသည်။

၁၀၄၃။ (ပ) ဤ၌ ပရပဒေဝတိအရ အမှတ်မရှိသော ပုဒ်ဟူသမျှ ယူရမည်လော။ ဖြစ်သင့်သော ပဒကို အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ပုဒ်ဟူသမျှ မယူရပါ။ နာမာနံ သမာသော ယုတ္တတ္ထော သုတ်မှ နာမာနံပုဒ်လိုက်သောကြောင့် နာမ်ပုဒ်ကိုသာ ယူရမည်။

၁၀၄၄။ (ပ) ဤအမာဒိတပ္ပုရိသ်၌ ဖြစ်သင့်သောလက္ခဏာကို ပြပြီးလျှင် ပဋ္ဌာနလက္ခဏာကို အထေခက်ပြ၍ ညွှန်းခဲ့ပါ။

(ဖြေ) က—ရှေ့ပုဒ်၌ ဒုတိယော စသော ဝိဘတ် ၆-သွယ်ဘို့တွင် တလုံးလုံးကျေ၍ နောက်ပုဒ်၌ ပထမာဝိဘတ်ကျေစေ။ ခ—တပ္ပုရိသ သဒ္ဒါကဲ့သို့ နောက်ပုဒ်အနက်ပြဋ္ဌာန်းစေ။ နှစ်ပါး ဖြစ်သင့်ပါသည်။ အမာဒယော ပရပဒေဝတိ-မိန့်သည်ကို ထောက်၍ (က) သည် ပဋ္ဌာနလက္ခဏာဖြစ်ပါသည်။

## ၁၃။ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ

၁၀၄၅။ (ပ) ဤသုတ်၌ အညအပါဒါန်၊ အညအရတို့ကို ပြခဲ့ပါ။
(ဖြေ) အညအပါဒါန်ကား ချဉ်းအပ်သော သမာသပဒ။ အည အရကား သမာသပဒမှ တပါးသော ပဌမာဝိဘတ် စသည် အဆုံးရှိသော ယော ယံ ယေန စသောပုဒ်တို့ ရ၏။

၁၀၄၆။ (ပ) အညအပါဒါန်ဖြစ်သော ပဒနှင့် အညအရဖြစ်သော ပဒတို့၏ အထူးကို ပြခဲ့ပါ။
(ဖြေ) ရှေ့ပဒကား နာမနာမ် စသော ငါးပါးလုံးရ၏။ နောက်ပဒကား ယ စသော သဗ္ဗနာမပဒသာ ရ၏။ ဤသို့ ထူးကြ၏။

၁၀၄၇။ (ပ) အဘယ့်ကြောင့် အဘယ်သည် ဗဟုဗ္ဗီဟိသမာသ် မည်ပါသနည်း။
(ဖြေ) ဗဟဝေါ ဝီဟယော ယဿာတိ ဗဟုဗ္ဗီဟိ၊ဗဟုဗ္ဗီဟိ ဝိယာတိ ဗဟုဗ္ဗီဟိ ဟူသည်နှင့်အညီ ဗဟုဗ္ဗီဟိသဒ္ဒါနှင့် တူသောကြောင့် ယ-တ စသော အညပုဒ်အနက် ပြဋ္ဌာန်းသော ချဉ်းအပ်သော သဒ္ဒါသည် ဗဟုဗ္ဗီဟိသမာသ် မည်ပါသည်။

၁၀၄၈။ (ပ) ဗဟုဗ္ဗီဟိသဒ္ဒါနှင့် ဤသမာသ်သည် အဘယ်သို့ တူပါသနည်း။
(ဖြေ) ဗဟုဗ္ဗီဟိသဒ္ဒါသည် ယဿ-ဟူသော အညပုဒ်အနက် ပြဋ္ဌာန်းသကဲ့သို့ ဤသမာသ်လည်း အညပုဒ်အနက် ပြဋ္ဌာန်းသော အဖြစ်ဖြင့် တူ၏ဟူလို။ တနည်း-ဗဟုဗ္ဗီဟိသဒ္ဒါသည် ဂုဏေဒြပ်၌ တည်သကဲ့သို့ ဤသမာသ်လည်း ဂုဏေဒြပ်၌ တည်သောအဖြစ်ဖြင့် တူ၏ဟူလို-သဒ္ဒနီတိ။

၁၀၄၉။ (ပ) ဤသမာသ်၌ ဖြစ်သင့်သော လက္ခဏာကို ပြခဲ့ပါ။
(ဖြေ) ယ တ ဧတ ဣမ-စသော အညပုဒ်အနက် ပြဋ္ဌာန်းစေ၊ တပါးသာ။

၁၀၅၀။ (ပ) ဤသမာသ်သည် သမာသပဒမှ တပါးသောပုဒ်၏ အနက်ပြဋ္ဌာန်းရကား အညပဒတ္ထေသု အညပဒေနေ ဗဟုဗ္ဗီဟိဟု တည်သင့်လျက် အဘယ့်ကြောင့် အညပဒတ္ထေသု ဗဟုဗ္ဗီဟိ-မျှသာ တည်ပါသနည်း။
(ဖြေ) ဤသမာသသညာ၏ သဒ္ဒူပမသညာ၏အဖြစ်ကို သိစေလိုသောကြောင့် ဤသို့ တည်ပါသည်။

၁၈၅၁။ ( ပ ) ဤသမာသ်သည် အဘယ်လိင် ဖြစ်သင့်ပါသနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) အဘိဓေယျသို့လိုက်သော လိင်ရှိသောကြောင့် လိင်သုံးပါးပင် ဖြစ်သင့်ပါသည်။

၁၈၅၂။ ( ပ ) နိစ္စ၊ အနိစ္စနှစ်ပါးတွင် အဘယ် သမာသ ဖြစ်ပါသနည်း၊ ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

(ဗျာ) အချို့ အနိစ္စ-ကုဒါရာ။ အချို့ အနိစ္စ-အာဂတသမဏော။

၁၈၅၃။ ( ပ ) အောက်ပါ သမာသတို့၏ ဥဒါဟရုဏ်ကို ဝါကျနှင့်တကွ ပြခဲ့ပါ။ (က) ဒွကမ္မရုပဗဟုဗ္ဗီဟိ။ (ခ) တယကမ္မရုပဗဟုဗ္ဗီဟိ။ (ဂ) ဗဟုကမ္မရုပဗဟုဗ္ဗီဟိ။

(ဗျာ) (က) သုန္ဒရံ ဒံ ယဿ သောယံ သုဒေါ။ (ခ) နဿ အန္တော-အနန္တံ။ (ဂ) အာဂတာ သမဏာ ဣမံ သံဃာရာမံ သောယံ အာဂတသမဏော။

၁၈၅၄။ ( ပ ) တဂ္ဂုဏသံဝိညာဏ၊ အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ နှစ်ပါး အထူး ပြခဲ့ပါ။

(ဗျာ) အညပုဒ်အနက်တွင် သမာသ်ပုဒ်၏အနက် ဝင်မှု-တဂ္ဂုဏ။ အညပုဒ်အနက်တွင် သမာသ်ပုဒ်၏အနက်မဝင်မှု အတဂ္ဂုဏ။ ဤသို့ ထူး၏။

၁၈၅၅။ ( ပ ) နိဂြောဓပရိမဏ္ဍလော၌ အဘယ်သို့သော ကိုယ်ကို နိဂြောဓ ပရိမဏ္ဍလဟု မှတ်ရအံ့နည်း။

(ဗျာ) မိမိအလံနှင့် အရစ်ညီမျှစွာရှိသော ကိုယ်ကို နိဂြောဓပရိ မဏ္ဍလကိုယ်ဟု မှတ်ရမည်။

၁၈၅၆။ ( ပ ) ဝါသိတာ သာနု၌ ဝါသိတသဒ္ဒါသည် သာနုသဒ္ဒါကို မငဲ့ ပါပဲလျက် အဘယ့်ကြောင့် သမာသ်ဖြစ်နိုင်ပါသနည်း။

(ဗျာ) ဂမ္မကဖြစ်သောကြောင့် သမာသ်ဖြစ်နိုင်ပါသည်။

မှတ်ချက်။ ။ဂမ္မကသမာသ်၊ အယုတ္တသမာသ်၊ သဒ္ဒသမာသ် သုံးပါး အတူဟု မှတ်။

၁၈၅၇။ ( ပ ) ဝါသိတာ သာနု၌ ဂမ္မကသမာသ်ဖြစ်ပုံ အဓိပ္ပာယ် ပြခဲ့ပါ။

(ဗျာ) ဝ သိတသဒ္ဒါသည် ပုပ္ဖသဒ္ဒါကိုငဲ့၏။ သာနုသဒ္ဒါကိုမငဲ့။ မငဲ့သော်လည်း နိပ္ဖန္နအခါ ဝါကျ၌ကဲ့သို့ မိမိ ငဲ့အပ်သော ပုပ္ဖဟူသော အနက်ကို အခြားမရှိသည်မှကင်းခြင်းလျှင် အကြောင်းတည်းဟု သိစေ

တတ်သည်၏အဖြစ်ကြောင့် မိမိမင့်အပ်သော သာနုသဒ္ဒါနှင့် ဝါသိတာ သာနု ဝါသိတသာနု-ဟု သမာသ်ဖြစ်၏ ဟူလို။

၁၀၅၈။ (ပ) အနန္တဉာဏော-ဟူသော ဗဟုဗ္ဗီဟိသည် အဘယ် သမာသ် အတွင်း ငုပ်သော ဗဟုဗ္ဗီဟိ ဖြစ်ပါသနည်း။ အတွင်းငုပ်နေသော သမာသ်ဝါကျ နိပ္ဖန်တို့ကို ပြခဲ့ပါ။

(ဗျာ) ဗဟုဗ္ဗီဟိသမာသ် အတွင်းငုပ်သော ဗဟုဗ္ဗီဟိဖြစ်ပါသည်။ နသ္ထိ အန္တော အနန္တံ။

၁၀၅၉။ (ပ) အမိတဗလပရက္ကမပတ္တော-ဟူသော သမာသ်သည် မည်သည့် သမာသ်များပါဝင်၍ အဘယ်သမာသ်မျိုး ဖြစ်ပါသနည်း။

(ဗျာ) တပ္ပုရိသ်၊ ဒွန်၊ ကမ္မဓာရည်းသမာသ်များ ပါဝင်သော ဗဟုဗ္ဗီဟိသမာသ် ဖြစ်ပါသည်။

၁၀၆၀။ (ပ)ရင်းပြယုဂ်၌ ဖြစ်သင့်သော သမာသင်္ဂဟတို့ကို ပြခဲ့ပါ။

(ဗျာ) န မိတာ အမိတာ-မိဿကတပ္ပုရိသ်။ ဗလဉ္စ ပရက္ကမော စ ဗလပရက္ကမာ-ဒွန်၊ အမိတာဝ ဗလပရက္ကမာ အမိတဗလပရက္ကမာ၊ ကမ္မဓာရည်း။ အမိတဗလပရက္ကမာ ပတ္တာ ယေန သော ယံ အမိတဗလ ပရက္ကမပတ္တော၊ တတိယာ ဗဟုဗ္ဗီဟိ။

၁၀၆၁။ (ပ) ဤ၌ ယ၊ တ-စသော အညပုဒ်တို့သည် သမာသ်ပုဒ်၏ အစ အလယ် အဆုံး သုံးပါးတို့တွင် အဘယ်ဌာန၌ တည်ထားရပါသနည်း။ ဥဒါဟရဏ်နှင့် ပြ၍ ဆုံးဖြတ်ပါ။

(ဗျာ) သုံးဌာနလုံးတို့၌ တည်ထားပါသည်။ အစဌာန-ယဿ ပတ္တော ဟာတ္ထသူတိ ပတ္တဟတ္ထော။ အလယ်ဌာန-နသ္ထိ အန္တော အနန္တံ။ အဆုံးဌာန-လမ္ဗော ကဏ္ဏော ယဿ သောတိ လမ္ဗကဏ္ဏော။

၁၀၆၂။ (ပ) ဤသုတ် ဝုတ္တိဝယ် ဗဟူနိ နာမာနိအရ ဖြစ်သင့်သော နာမပဒတို့ကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

(ဗျာ) ဗဟူနိပင်ဆိုသော်လည်း တဒနုပရောဓေန-ဟူသော ပရိဘာသာကြောင့် တိပဒသာ ဖြစ်သင့်ပါသည်။ စတုပ္ပဒစသည် မဖြစ်သင့်ပါ။

---

## ၁၄။ နာမာနံ သမုစ္စယော ဒွန္ဒော

၁၀၆၃။ (ပ) အဘယ့်ကြောင့် အဘယ်သည် ဒွန်သမာသ်မည်သနည်း။

(ဗျာ) ဒွေဒွေ နာမပါ ဒွန္ဒာ။ ဒွန္ဒာ ဝိယာတိ ဒွန္ဒော၊ ဒွေဒွေပဒါနိ ဒွန္ဒာ။ ဒွန္ဒဌာဝပါ ဒွန္ဒာ-ဟူသော ဝိဂ္ဂဟတို့နှင့်အညီ နှစ်ခုစုံစုံသော

လျော်နှင့်တူသောကြောင့်၊ တနည်း–နှစ်ပုဒ် နှစ်ပုဒ်အားဖြင့် တည်ခြင်းကြောင့်၊ ဝိဘတ်တူ နာမ်ပုဒ်တို့၏ ပေါင်းအပ်သော အနက်ရှိသော သဒ္ဒါသည် ဒွန်သမာသ်မည်ပါသည်။

၁၀၆၄။ (ပ) ဤသမာသ်၌ ဖြစ်သင့်သော အင်္ဂါကို ပြပြီးလျှင် ပဌာနင်္ဂကို ညွှန်းပြခဲ့ပါ။

(ဖြေ) ၁–ဧကဝိဘတ္တိကလည်း ဖြစ်စေ၊ ၂–သမုစ္စယလည်း ဖြစ်စေ၊ ထိုတွင် သမုစ္စယသည် ပဌာနအင်္ဂါ ဖြစ်ပါသည်။

၁၀၆၅။ (ပ) အဘယ်သို့ နှစ်စင်း နှစ်စင်းသော လျော်နှင့် တူပါသနည်း။

(ဖြေ) နှစ်ပုဒ်၊ နှစ်ပုဒ်တို့၏ အနက် ပြဌာန်းသော အဖြစ်ဖြင့် တူပါသည်။

၁၀၆၆။ (ပ) နာမာနံ သမုစ္စယော၌ ဖြစ်သင့်သော သမုစ္စည်းအပြားကို ပြပြီးလျှင် ဤသုတ်၌ လိုအပ်သော သမုစ္စယကို အကြောင်းပြ၍ ညွှန်းခဲ့ပါ။

(ဖြေ) ၁–စောဝလသမုစ္စယ၊ ၂–အန္ဝာစယသမုစ္စယ၊ ၃–ဣတရီတရယောဂသမုစ္စယ၊ ၄–သမာဟာရ သမုစ္စယ။ ထိုတွင် နာမ်တို့၏ အချင်းချင်း ယုတ္တတ္ထဖြစ်သောကြောင့် နောက်သမုစ္စယနှစ်ပါးကို လိုအပ်ပါသည်။

၁၀၆၇။ (ပ) ရှေ့သမုစ္စယနှစ်ပါးကို ဤ၌ မယူရခြင်း၏ အကြောင်းပြခဲ့ပါ။

(ဖြေ) ကြိယာကို ငဲ့ခြင်းရှိရကား နာမ်တို့၏ အချင်းချင်း အယုတ္တတ္ထ ဖြစ်သောကြောင့် မယူရပါ။

၁၀၆၈။ (ပ) ဝါကျအခါ အဘယ်ကို မြင်ရမှ၊ ဒွန်သမာသ်၏ အဖြစ်ကို သိနိုင်ပါသနည်း။

(ဖြေ) စသဒ္ဒါနှစ်လုံးကို မြင်ခဲ့သော် ဒွန်သမာသ်ဟု မှတ်။

၁၀၆၉။ (ပ) ဤကျမ်း အစသုတ်မှ နာမာနံပုဒ် အလိုက်ခံ၍ သမုစ္စယော ဒွန္ဒော–မျှသာတည်က အပ္ပက္ခရဂုဏ်နှင့် ပြည့်စုံ၍ လိုအပ်သော အနက် ပြီးသည် မဟုတ်လော၊ အဘယ့်ကြောင့် နာမာနံ သမုစ္စယော ဒွန္ဒော ဟူ၍ တည်ပါသနည်း။

(ဖြေ) များစွာသော နာမ်ပုဒ်တို့၏လည်း ဒွန်သမာသ်၏ အဖြစ်ကို ပြလိုသောကြောင့်၊ တနည်း- ကြိယာကို နစ်စေလိုသောကြောင့် နာမာနံ သမုစ္စယော ဒွန္ဒော–ဟူ၍ တည်ပါသည်။

၁၀၇၀။ (ပ) ဤသုတ်၌ ဒွန္ဒော-ဟု ဆိုသောကြောင့် နှစ်ပုဒ်ရှိသော သမာသ်သာ ဒွန်မည်၍ သုံးပုဒ်၊ လေးပုဒ်၊ ငါးပုဒ်-စသည်ရှိသော သမုစ္စယ သမာသ်များ ဒွန်မမည်ဟု မှတ်ရအံ့လော၊ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) ဒွန်ဟူက အနည်းဆုံး နှစ်ပုဒ်ချဉ်းသည်ကို ရည်၍ ဟေဋ္ဌိမ ပရိစ္ဆေဒအားဖြင့် ဒွန္ဒော-ဟု ဆိုသောကြောင့် သုံးပုဒ်၊ လေးပုဒ်၊ ငါးပုဒ်-စသည်တို့၌လည်း ဒွန်မည်၏ပင် မှတ်ရပါမည်။

၁၀၇၁။ (ပ) ဝုတ္တိဝယ် ကေဝိဘတ္တိကာနံ-ပါဌ်ဖြင့် ဝုစ်ချင်းတူသည်ကို ပြသည်ဟု မှတ်ရမည်လော၊ အဘယ်ကို ပြသည်ဟု မှတ်ရမည်နည်း။

(ဗျာ) ဝုစ်ချင်းတူသည်ကို မပြ။ ပဌမာ-စသော ဝိဘတ်ချင်း တူရမည်ကိုသာ ပြသည်ဟု မှတ်။

၁၀၇၂။ (ပ) သမဏဗြာဟ္မဏာ-စသော ဒွန်သမာသ် တခုတခု၌ ရသင့်သော ဝါကျတို့ကို အကြောင်းနှင့်တကွ ထုတ်ဆောင်၍ ပြခဲ့ပါ။

(ဗျာ) ကေဝိဘတ္တိကာနံ-ပါဌ်ဖြင့် ဝုစ်တူကို မပြ၊ ဝိဘတ်တူကိုသာ ပြသောကြောင့် သမဏော စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ-ဟူ၍ရင်း၊ သမဏာ စ ဗြာဟ္မဏာ စ သမဏဗြာဟ္မဏာ- ဟူ၍ရင်း၊ သမဏော စ ဗြာဟ္မဏာ စ သမဏဗြာဟ္မဏာ-ဟူ၍ရင်း၊ သမဏာ စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ-ဟူ၍ရင်း၊ လေးဝါကျ၊ လေးဝါကျ ရသင့်ပါသည်။

၁၀၇၃။ (ပ) ဤသမာသ်သည် နိစ္စ၊ အနိစ္စနှစ်ပါး၊ ပုဗ္ဗပဒတ္ထ၊ ဝဏ္ဏာန-စသော လေးပါးတို့တွင် အဘယ်သမာသ်မျိုး ဖြစ်ပါသနည်း။

(ဗျာ) နှစ်ပါးတွင် အနိစ္စသာ၊ လေးပါးတွင် ဥဘယပဒတ္ထ ပဌာန သမာသ်မျိုး ဖြစ်ပါသည်။

၁၀၇၄။ (ပ) လိင်သုံးပါးတွင် အဘယ်လိင်ဖြစ်၍ အဘယ်ပဒ၏ အစွမ်းဖြင့် မှတ်ရမည်နည်း။

(ဗျာ) လိင်သုံးပါးလုံးဖြစ်ပါသည်။ နောက်ပုဒ်၏ အစွမ်းဖြင့် လိင်ကို မှတ်ရမည်။

၁၀၇၅။ (ပ) ဤကစ္စာအစသုတ်-နာမာနံနှင့် ဤသုတ်-နာမာနံတို့၏အထူးကို ပြခဲ့ပါ။

(ဗျာ) အစသုတ်-နာမာနံကား ဆဗ္ဗိဓသမာသာ ပေက္ခဖြစ်သော နာမ်ပုဒ်တို့ကို ရသင့်ရကား မဟာဝိသယ၊ ဤသုတ်-နာမာနံကား

သမုစ္စယာပေက္ခဖြစ်သော နာမ်ပုဒ်တို့ကိုသာ ရသင့်ရကား အပွဝိသယ ဖြစ်သည်။ ဤသို့ ထူးကြ၏။

---

## ၁၅။ မဟတံ မဟာ တုလျာဓိကရဏေ ပဒေ

၁၀၇၆။ (ပ) ဤသုတ်၌ မဟန္တ သဒ္ဒါသည် တခုတည်း ဖြစ်ရကား မဟတော မဟာ-စသည်ဖြင့် ဧကဝုစ်နှင့် တည်သင့်လျက် အဘယ့်ကြောင့် မှဟတံ မဟာ-စသည်ဖြင့် ဗဟုဝုစ်နှင့် တည်ပါသနည်း။

(ဖြေ) မဟပ္ဖလံ-စသော အချို့ပြယုဂ်တို့၌ မဟန္တသဒ္ဒါ၏ မဟ အပြုကို သိစေလိုသောကြောင့် မဟတံ မဟာစသည်ဖြင့် ဗဟုဝုစ်နှင့် တည်ပါသည်။

၁၀၇၇။ (ပ) မဟာဝီသိဋ္ဌော၊ မဟာဗောဓိ-စသော ဘိန္နာဓိကရဏ၊ မဟာ တေ ဥပါသက ပရိစ္စာဂေါ-စသော ဝါကျတို့၌လည်း မဟန္တ၊ မဟိတသဒ္ဒါတို့၏ မဟာဒေသ ဖြစ်သင့်သောကြောင့် မဟတံ မဟာ ဟု သာမန်တည်သင့်လျက် အဘယ့်ကြောင့် မဟတံ မဟာ တုလျာဓိ ကရဏေ ပဒေ-ဟု ဝိသေသပြု၍ တည်ပါသနည်း။

(ဖြေ) တုလျာဓိကရဏသမာသ်၌ မဟာအပြုမြဲသည်၏ အဖြစ်ကို ပြလိုသောကြောင့် ဝိသေသပြု၍ တည်ပါသည်။

၁၀၇၈။ (ပ) ဤသို့ ဝိသေသတည်သော် မဟတော ဗောဓိ မဟာဗောဓိ၊ မဟိတာယ ဗောဓိ မဟာဗောဓိ-စသော တပ္ပုရိသ်၊ မဟာ တေ ဥပါသ က ပရိစ္စာဂေါ-စသော ဝါကျတို့၌ အဘယ်သုတ်ဖြင့် မဟာအပြုကို မှတ်ရမည်နည်း။

(ဖြေ) ဤသုတ် မဟတံ မဟာ-ဟူသော ယောဂဝိဘာဂဖြင့် မဟာ အပြုကို မှတ်ရမည်။

၁၀၇၉။ (ဝ) ဤသုတ်သုတ်လုံးဖြင့်ရင်း၊ ယောဂဝိဘာဂဖြင့်ရင်း၊ စီရင်နိုင် သော သမာသ်ကို ပြခဲ့ပါ။

(ဖြေ) သုတ်လုံးဖြင့် ကမ္မဓာရည်း၊ ယောဂဝိဘာဂဖြင့် တပ္ပုရိသ် သမာသ်၌ စီရင်ပါသည်။

## ၁၆။ ဣတ္ထိယံ ဘာသိတပုမိတ္ထီ ပုမာဝစေ

၁၀၀၀။ (ပ) ဤသုတ်၏ ပိဏ္ဍတ္ထ အဓိပ္ပာယ်ကို ပြခဲ့ပါ။

(ဗျာ) ဣတ္ထိလိင်၌ တုလျာဓိကရဏပုဒ်၌ ဟောအပ်သော ပုလ္လိင်ရှိသော ဣတ္ထိဝါစကသဒ္ဒါသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ထိုဣတ္ထိဝါစကသဒ္ဒါကို ပုလ္လိင်ကဲ့သို့ ငဲ့ရမည်ဟူလို။ ချာအလို တနည်း-ဣတ္ထိလိင်၌ ဖြစ်သင့်သော တုလျာဓိကရဏ ရှေ့ပုဒ်ရှိသော် ဣတ္ထိဝါစကသဒ္ဒါသည် ဟောအပ်သော ပုလ္လိင်ရှိသည် အကယ်၍ဖြစ်အံ့၊ ထိုကို ပုလ္လိင်ကဲ့သို့ မှတ်ရမည်ဟူလို၊ နိတိအလို၊ တနည်း-ဣတ္ထိလိင်၌ဖြစ်သော တူသော တည်ရာရှိသော နောက်ပုဒ်ကြောင့် ရှေးအခါ ဟောအပ်သော ပုလ္လိင်ရှိသော ဣတ္ထိဝါစကသဒ္ဒါကို ပုလ္လိင်ကဲ့သို့ မှတ်ရမည်ဟူလို၊ ရူ-အလို။

၁၀၀၁။ (ပ) ဤသုတ်လာ ဘာသိတပုမာပုဒ်ကို ပဒဝိဂ္ဂဟသံဝဏ္ဏနာပြု၍ အရကောက်ပြခဲ့ပါ။

(ဗျာ) ဘာသိတော ပုမာ ယဿာ သာတိ ဘာသိတပုမာ။ ဧတုတ္ထိ ဗဟုဗ္ဗီဟိ။ အရကား ဒီဃဇင်္ဃော-စသည်၌ ဇင်္ဃာ-စသော ဣတ္ထိလိင် ဟော သဒ္ဒါရ၏ ချာ,နိတိအလို။ ပုဗ္ဗေ ဘာသိတော ပုမာ ဧတေနာတိ ဘာသိတပုမာ။ တတိယာဗဟုဗ္ဗီဟိ၊ အရကား ရှေး၌ ပုလ္လိင်ဟောဘူးသော ဒီဃာ-စသော ဣတ္ထိလိင်ဟော သဒ္ဒါရ၏။ ရူ မောဂ္ဂလာန်အလို။

၁၀၀၂။ (ပ) ဤသုတ်သည် သမာသ် ၆-ပါးတွင် အဘယ်သမာသ်၌ စီရင်ပါသနည်း။ ယကြောင်းပြ၍ ဖြေပါ။

(ဗျာ) ကမ္မဓာရယသညော စ-ဟု တည်လတ္တံ့ဖြစ်သောကြောင့် တုလျာဓိကရဏ ဗဟုဗ္ဗီဟိသမာသ်၌သာ စီရင်ပါသည်။

၁၀၀၃။ (ပ) ဤသုတ်သည် အဘယ်ဝိဓိသုတ်ဖြစ်ကြောင်း အထောက်ပြ၍ ဖြေပါ။

(ဗျာ) အတိဒေသဇောတက-ဣဝသဒ္ဒါမိန့်သည်ကို ထောက်၍ အတိဒေသဝိဓိသုတ် ဖြစ်ပါသည်။

၁၀၀၄။ (ပ) အတိဒေသ ၆-ပါးတွင် အဘယ်အတိဒေသ ဖြစ်ပါသနည်း။ အကြောင်းပြ၍ဖြေပါ။

(ဗျာ) ဣတ္ထိလိင်၏ ထိုပုလ္လိင်သဘောကို အလွန်ညွှန်းပြခြင်းကြောင့် တံ သဘာဝ တိဒေသဖြစ်ပါသည်။

၁၀၀၅။ (ပ) ဤသုတ်ဖြင့် ပုလ္လိင်ငဲ့ဆိုသော် ဝီဿဇေယ်ာ-စသည်တို့၌ ရှေ့ပုဒ်၊ နောက်ပုဒ် နှစ်ပါးတို့တွင် အဘယ်ပုဒ်ကို ငဲ့ရမည်နည်း။

(ဖြေ) နျာ,နီတိအလို ဇယ်ာ ဟူသော နောက်ပုဒ်ကိုသာ ငဲ့ရမည်။ ရူ,နီ,ဝဏ္ဏနာ မောဂ္ဂလာန်တို့အလို ဝီသာ ဟူသော ရှေ့ပုဒ်ကိုသာ ငဲ့ရမည်။ အတ္ထဗျာချာန်အလို နှစ်ပုဒ်လုံးကို ငဲ့ရမည်။

မှတ်ချက်။ ထိုဝါဒသုံးပါးတွင် အလယ်ဝါဒသာ သုန္ဒရ ဟု ဆိုးဖြတ်ကြ၏။

၁၀၀၆။ (ပ) ပုလ္လိင်ကဲ့သို့ ငဲ့ရခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

(ဖြေ) ဣတ္ထိလိင် အာပစ္စည်း၊ ဤပစ္စည်း ပျောက်ရခြင်းအကျိုး ရှိပါသည်။

---

## ၁၇။ ကမ္မဓာရယသညာစ

၁၀၀၇။ (ပ) ဤသုတ်ကို ကမ္မဓာရယေစ မျှသာ တည်က လိုအပ်သော အတ္ထပြီးနိုင်သည်မဟုတ်လော။ အဘယ့်ကြောင့် ကမ္မဓာရယသညာစ ဟု တည်ပါသနည်း။

(ဖြေ) တပါးသော တပ္ပုရိသသမာသသညာကို သိမ်းယူစေလိုသောကြောင့် နိ အလို၊ တနည်း၊ သိလွယ်စေလိုသောကြောင့် ရူ အလို ကမ္မဓာရယသညာစ ဟု တည်ပါသည်။

၁၀၀၈။ (ပ) ကမ္မဓာရယသညာမျှတည်သော် ပြီးလျက် အဘယ့်ကြောင့် စသဒ္ဒါနှင့်တကွ တည်ပါသနည်း။

(ဖြေ) အနုကဍ္ဎနတ္ထ၊ သမုစ္စယတ္ထကို ပြလိုသောကြောင့် စသဒ္ဒါနှင့် တကွ တည်ပါသည်။

၁၀၀၉။ (ပ) စသဒ္ဒါ၏ အနုကဍ္ဎနာကာရ၊ သမုစ္စယာကာရ တို့ကို ပြခဲ့ပါ။

(ဖြေ) နောက်သုတ်သို့ မလိုက်စေလိုသောကြောင့် တုလျာဓိကရဏေ ပဒေသဒ္ဒါတို့ကို ငင်ပါသည်။ ထသော ဘာဝေါ တတ္တံ၊ကံ ဣတ္ထိ မိဝ အတ္တာနမာစရတိ တာယတိ။ ယသံ ဣတ္ထိယံ ယတြ စသော တဒ္ဓိတ် အာချာတ် နာမသညာတို့၏ ပုလ္လိင်ကဲ့သို့ ငဲ့ရခြင်းကို ဆည်းပါသည်။

၁၀၉၀။ (ပ) ဤသုတ်သည် ကမ္မဓာရည်း သမာသ်၌ စီရင်ရကား မဟတံ စသော သုတ်၏ အခြားမဲ့၌ တည်သင့်လျက် အဘယ့်ကြောင့် ဤ၌တည်ပါသနည်း။

(ဖြေ) ဣတ္ထိယံ ဘာသိတ စသော သုတ်ကို အလိုက်ခံလိုသောကြောင့် ဤ၌ တည်ပါသည်။

၁၀၉၁ (ပ) ပုမ္ဘာဝ ါတိဒေသသုတ်နှစ်ပါးတို့၏ အထူးကို ပြခဲ့ပါ။

(ဖြေ) ဣတ္ထိယံသုတ်ကား နောက်ပုဒ်ကို ငဲ့သည်။ ဤသုတ်ကား ရှေ့ပုဒ်ကို ငဲ့သည်။ နီတိ။ တနည်း- ရှေ့သုတ်ကား ဗဟုဗ္ဗီဟိသမာသ်၌ စီရင်သည်။ နောက်သုတ်ကား ကမ္မဓာရည်း သမာသ်၌ စီရင်သည်။ ဤသို့ ထူးကြ၏။

---

## ၁၈။ အတ္တံ နယ တပ္ပုရိသ

၁၀၉၂။ (ပ) အမလော စသော ဗဟုဗ္ဗီဟိ၌လည်း န-ကို အ-ပြုရကား အတ္တံနယ ဟု တည်သင့်လျက် အဘယ့်ကြောင့် တပ္ပုရိသေသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) တပ္ပုရိသ်သမာသ်၌ အ-အပြုများသည်၏ အဖြစ်ကို သိစေလိုသောကြောင့် တည်ပါသည်။

၁၀၉၃။ (ပ) ဤသို့ အထူးပြု၍ တည်သော် အမလော စသည်တို့၌ အဘယ်သုတ်ဖြင့် ပြီးရမည်နည်း။

(ဖြေ) အတ္တံ နယ ဟူသော ယောဂဝိဘာဂဖြင့် န-ကို အ-ပြု၍ ပြီးရမည်။

၁၀၉၄။ (ပ) ၎င်းယောဂဝိဘာဂဖြင့် န ဝတ္တဗ္ဗာ၊ န ဂါ စသော ပြယုဂ်တို့၌လည်း အ-အပြုရောက်သင့်သည်ပင် မဟုတ်လော။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ယောဂဝိဘာဂဟူသည် အလိုရှိအပ်သော အကျိုးပြီးခြင်းလျှင် အရာရှိသောကြောင့် န ဝတ္တဗ္ဗာ၊ န ဂါ စသော ပြယုဂ်တို့၌ အ-ကာရိယ မရောက်သင့်ပါ။

၁၀၉၅။ (ပ) ဤ အ-ကာရိယသည် တပ္ပုရိသ်သမာသ်ပုဒ်တစ်ခုကြောင့် သာ စီရင်ရကား အတ္တံ နယ တပ္ပုရိသေ ပဒေ ဟု တည်သင့်လျက် အဘယ့်ကြောင့် အတ္တံ နယ တပ္ပုရိသေ ဟု တည်ပါသနည်း။

(ဖြေ) တပ္ပုရိသသဒ္ဒါ၏ ဧကဒေသူပစာ၏အဖြစ်ကို သိစေလိုသော ကြောင့် ဤသို့ တည်ပါသည်။

---

## ၁၉။ သရေ အန်

၁၀၉၆၊ (ပ) ဤသုတ်လာ ဝိဓိသည် အနာဒေသပင် ဖြစ်သောကြောင့် သရေ အန်တ္တံ ဟု တည်သင့်လျက် အဘယ့်ကြောင့် သရေ အန်-ဟူ၍ တည်ပါသနည်း။

(ဖြေ) နဥ္ သရမို့ရာမရှိ၊ ဗျည်းသက်သက်၏ အဖြစ်ကို သိစေလို သောကြောင့် တံခွန်နှင့် တည်ပါသည်။

၁၀၉၇။ (ပ) အနုဝတ္တရော စသော ဗဟုဗ္ဗိဟိ၌လည်း အ-အပြု မြင်ရကား တပ္ပုရိသေသဒ္ဒါအလိုက်မခံပဲ သရေ အန် ဟု တည်သင့်လျက် အဘယ့် ကြောင့် အလိုက်ခံ၍ တည်ပါသနည်း။

(ဖြေ) တပ္ပုရိသ်၌ အန်အပြု၏ ယေဘုယျအဖြစ်ကို သိစေလိုသော ကြောင့် အလိုက်ခံ၍ တည်ပါသည်။

၁၀၉၈။ (ပ) အနုဝတ္တရော စသော ပြယုဂ်တို့ကို အဘယ်သုတ်ဖြင့် အန်ပြုရ မည်နည်း။

(ဖြေ) တပ္ပုရိသေသဒ္ဒါ အလိုက်ခံခြင်းမှ ကင်းသော သရေအန် ဟူသော ဝိနာဓိကာရယောဝိဘာဂဖြင့် အန်ပြုရပါမည်။

၁၀၉၉။ (ပ) အောက်သုတ်ဖြင့် န-ကို အ-ပြုးယဝမဒနသုတ်ဖြင့် န-လာ၍ အနသော-စသော ပြယုဂ်တို့ ပြီးရကား ဤသုတ်ကို မတည်သင့်ပဲ လျက် အဘယ့်ကြောင့် ထပ်၍ တည်ပြန်ပါသနည်း။

(ဖြေ) အာဂမဝိဓိဖြင့် ပြီးခဲ့သော် တပါးသော ယ-စသော အက္ခရာ တို့လည်း လာရသောကြောင့် ထိုအက္ခရာတို့ကို နှစ်စေလိုရကား ဤသုတ်ကို ထပ်၍ တည်ပါသည်။

## ၂၀။ ကဒ် ကုဿ

၁၉၀၀။ (ပ) ဤသုတ်ကို ကဒတ္တံ ကုဿ-ဟု တည်သင့်လျက် အဘယ့်ကြောင့် ကဒ် ကုဿ-ဟု တည်ပါသနည်း။

(ဗျာ) ဒ-၌ သရမရှိသည်၏အဖြစ်ကို သိစေလိုသောကြောင့် ကဒ် ကုဿ-ဟု တည်ပါသည်။

၁၉၀၁။ (ပ) ဤသုတ်၌ ကုဿအရ နိပါတ်အာဒေသ 'ကု' နှစ်ထွေတွင် အဘယ် 'ကု'ကို ယူရမည်နည်း။ အကြောင်းပြ၍ ဖြေပါ။

(ဗျာ) တဒနုပရောဓေန-ဟု ပရိဘာသာလာသောကြောင့် နိပါတ် 'ကု'ကိုသာ ယူရမည်။

၁၉၀၂။ (ပ) အောက်သုတ် ဤသုတ်တို့၌ သရေ၏အရ-ဝိဘတ္တာဒေသ သရ၊ ပဒါ၀ယ၀သရ-နှစ်ပါးတွင် အဘယ်ကို ယူရမည်နည်း။

(ဗျာ) ပဒါ၀ယ၀သရကိုသာ ယူရမည်။

၁၉၀၃။ (ပ) ဤသုတ်သည် ၆-ဖြာသော သမာသ်တို့တွင် အဘယ် သမာသ်၌ စီရင်ပါသနည်း။

(ဗျာ) ရှုအလို တပ္ပုရိသ်သမာသ်၌သာ။ နီတိအလို တပ္ပုရိသ်၊ ဗဟုဗ္ဗီဟိနှစ်ပါးတို့၌၊ နိအလို-ကမ္မဓာရည်း၊ ဗဟုဗ္ဗီဟိနှစ်ပါးတို့၌ စီရင်ပါသည်။

---

## ၂၁။ ကာပ္ပတ္ထေသု စ

၁၉၀၄။ (ပ) ဤသုတ်၌ အပ္ပတ္ထသည် တခုတည်းသာ ဖြစ်ရကား ကာပ္ပတ္ထေ စ-ဟု ဧကဝစနန္တ တည်သင့်လျက် အဘယ့်ကြောင့် ဗဟုဝစနန္တ ပြု၍ သုတ်တည်သနည်း၊

(ဗျာ) ကုစ္ဆိတတ္ထ၌လည်း၊ တနည်း-ဗဟုကတ္ထ၌လည်း 'ကု' ၏ ကာဒေသကို သိစေလိုသောကြောင့် ကာပ္ပတ္ထေသု စ-ဟု ဗဟုဝစနန္တ ပြု၍ တည်ပါသည်။

၁၉၀၅။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြပါ။

(ဖြေ) ချာအလို-ကွစိအနက်ရှိ၏။ ကေရူပနိစ္စဝိဓိကို သိစေသည်။ နိအလို-အနုကာစုနတ္ထ၊ နောက်သုတ်သို့မလိုက်စေရန် 'ကု' သဒ္ဒါကို ငင်သည်။

၁၄၀၆။ ( ပ ) အနုပ္ပကတ္တဒ္ဓလည်း ကာအပြုဖြစ်ရကား ကာစ-ဟု သာမည မတည်မူ၍ အဘယ့်ကြောင့် ကာပ္ပတ္တေသုစ-ဟု ဝိသေသ တည်ပါ သနည်း။

(ဖြေ) အပ္ပတ္တဒ္ဓ 'ကု' အပြုမြသည်၏ အဖြစ်ကို သိစေလိုသော ကြောင့် ဝိသေသ တည်ပါသည်။

၁၄၀၇။ ( ပ ) သုတ်လုံး-သုတ်စွန်းတို့ဖြင့် စီရင်သော 'ကု' အာဒေသ နှစ်ပါး အထူးကို ပြခဲ့ပါ။

(ဖြေ) သုတ်လုံး၊ အပ္ပတ္တ-နိစ္စဝိဓိ၊ သုတ်စွန်းကား အနုပ္ပကတ္တ-အနိစ္စဝိဓိ။ ဤသို့ ထူးကြ၏။

၁၄၀၈။ ( ပ ) ဤသုတ်သည် သမာသ် ၆-ပါးတွင် အဘယ် သမာသ်၌ စီရင်ပါသနည်း။

(ဖြေ) ရှု၊ ဝဏ္ဏနာအလို-တပ္ပုရိသ်သမာသ်၌ စီရင်သည်။ နိ၊ အလို သမာသ် ၆-ပါးလုံး၌ စီရင်သည်။

---

## ၂၂။ ကွစိ သမာသန္တဂတာနမကာရန္တော

၁၄၀၉။ ( ပ ) ဤသုတ်၏ ဝိဓိသည် အ-ကို အ-ပင် ထပ်၍ ပြုရကား မတည်သော်လည်း ပြီးလျက် အဘယ့်ကြောင့် တည်ပြန်ပါသနည်း။

(ဖြေ) ရာဇာဒိဂိုဏ်းကို ဖျက်လိုသောကြောင့်၊ ဝါ-သျာစ သုတ်၏ ဝိဓိကို အနိစ္စအားဖြင့် တားမြစ်လိုသောကြောင့် ဤသုတ်ကို တည်ပါ သည်။

၁၄၁၀။ ( ပ ) ဤသုတ် တည်ထုတ်ရခြင်း၏ အကျိုးကို သုံးမျိုးအောက် မနည်း ပြခဲ့ပါ။

(ဖြေ) ၁-ရာဇာဒိဂဏကို ဖျက်ဆီးရခြင်း။ ၂-ကာရန္တ အထူးသို့ ရောက်စေခြင်း။ ၃-ပ္ပုန္နဂတိကနည်း ကို ပြရခြင်း အကျိုးရှိသည်။

၁၉၁၁။ (ပ) ဤသုတ်ကို ကုစိ သမာသန္တဂတာန မတ္တန္တော-ဟုတည်က ပြီးသင့်လျက် အဘယ့်ကြောင့် ကာရသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဗျာ) ပစ္စက္ခမ္မာ၊ သုဂန္ဓိ၊ တိဠဂု စသော ပြယုဂ်တို့၌ အာအပြု၊ ဣအပြု၊ ဥအပြုတို့ကိုရင်း၊ ပဉ္စဂဝံ၊ ဗဟုနဒိကော-စသည်တို့၌ သမာသ် ပုဒ်အဆုံး၌ အ-ပစ္စည်း၊ က-ပစ္စည်း သက်ရခြင်းကိုရင်း သိစေလိုသော ကြောင့် ကာရသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသည်။

၁၉၁၂။ (ပ) ဤ၌ ကွစိသဒ္ဒါ အဘယ်အနက်ရှိ၍ အဘယ်ဝိဓိကို ပြပါသနည်း။

(ဗျာ) ဝါသဒ္ဒါ၏အနက်ရှိ၍ အနိစ္စဝိဓိကို ပြပါသည်။ နိဒ္ဒေသ၌ ကား ကွစတ္ထ ဟူ၏။

၁၉၁၃။ (ပ) ဤသုတ်၌ သမာသန္တအရ ဖြစ်နိုင်သော သမာသ်တို့ကို ပြခဲ့ပါ။

(ဗျာ) သမာသ် ၆-ပါးလုံးပင် ဖြစ်ပါသည်။

၁၉၁၄။ (ပ) ဝုတ္တိဝယ် ကပစ္စယော ဟောတိ. သမာသန္တေ၌ အဘယ် သမာသ်တို့ကို ယူရမည်နည်း။

(ဗျာ) ဒိဂုသမာသ်၊ ဗဟုဗ္ဗီဟိသမာသ်ကိုသာ ယူရမည်။

## ၂၃။ နဒိမှာ စ

၁၉၁၅။ (ပ) ဗဟုနဒိကော-စသော ပြယုဂ်တို့သည် အောက်သုတ် ကာရ သဒ္ဒါဖြင့်ပင် ပြီးသင့်သောကြောင့် ဤသုတ်ကို မတည်သင့်သည်မဟုတ် လော၊ အဘယ့်ကြောင့် ထပ်၍ တည်ပါသနည်း။

(ဗျာ) သမာသန္တနဒီ အမည်ရှိသော သဒ္ဒါနောင် ကပစ္စည်း သက်ခြင်းမြဲသည်၏ အဖြစ်ကို သိစေလိုသောကြောင့် ဤသုတ်ကို တည်ပြန်ပါသည်။

၁၉၁၆။ (ပ) ဤသုတ်၌ နဒီအရ အဘယ်ကို ယူရပါမည်နည်း။

(ဗျာ) ကေန္တဖြစ်သော နဒီသဒ္ဒါကိုရင်း၊ အနေကာန္တ ဖြစ်သော ပရသမညာသုတ်ဖြင့် နဒီအမည်ရသော ဣတ္ထိလိင်ဟော ဤ၊ ဦ- အက္ခရာတို့ကိုရင်း ယူရမည်။

၁၉၁၇။ (ပ) ဤ၌ ဖြစ်သင့်သော အနေကန္တဖြစ်သော နဒီသဒ္ဒါ၏ ပြယုဂ်ကို ထုတ်ပြခဲ့ပါ။

(ဖြ) ဤကာရပြယုဂ် ဗဟုဒါသိကော၊ ဉီကာရပြယုဂ် ဗဟုဝဓုကာ။

၁၉၁၈။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထဓကာရတို့ကို ပြခဲ့ပါ။

(ဖြ) အနုကဍ္ဎနတ္ထ၊ နျာသနိဒ္ဒေသ၊ နေဥက်သုတ်သို့မလိုက်စေရန် ကာရသဒ္ဒါကို ငင်ယူသည်။ ဝါ- ကပစ္စယော သမာသန္တေ-ဟူသော ဝိသယ၊ ဝိသယီတို့ကို ငင်ယူသည်။ သမုစ္စယတ္ထ၊ ရူပသိဒ္ဓိ၊ ကတ္တုသဒ္ဒါ၏ အဆုံး၌လည်း ကပစ္စည်းသက်ခြင်းကို ဆည်းသည်။

၁၉၁၉။ (ပ) ဤသုတ်၏ ဝုတ္တိလာ သမာသန္တေအရ အဘယ် သမာသ်ကို ယူရမည်နည်း။

(ဖြ) ဗဟုဗ္ဗီဟိသမာသ်ကိုသာ ယူရမည်။

---

## ၂၄။ ဇာယာယ တုဒံ ဇာနိ ပတိမှိ

၁၉၂၀။ (ပ) ဤသုတ်ကို တပါးသော ဌာန၌ မတည်မူ၍ အဘယ့်ကြောင့် ဤနေရာ ဤဌာန၌ တည်ပါသနည်း။

(ဖြ) တုဒံ၊ ဇာနိ အပြုတို့၏ အနိစ္စ၏အဖြစ်ကို သိစေလိုသောကြောင့် ဤနေရာ၌ တည်ပါသည်။

၁၉၂၁။ (ပ) ဤသုတ်၏ ဝုတ္တိ၌ ကွစိသဒ္ဒါပါသင့်၊ မပါသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(ဖြ) နျာသအလိုမှပါသင့်။ ဇယမ္ပတိကာ ဟူသော ပြယုဂ်ကို မြင်သောကြောင့် ရူ၊ နီတိအလို-ကွစိသဒ္ဒါလိုက်သင့်၊ ပါသင့်၏။

၁၉၂၂။ (ပ) ဤသုတ်၏ ဝုတ္တိဥဒါဟရုဏ်တို့ဝယ် တုဒံ ဇာနိက္လစ္စေ တော အာဒေသော တုဒံပတိ-ဟူ၍ရင်း၊ ဒံဇာနိဏ္ဍစ္စေတော အာဒေသော ဒံပတိ-ဟူ၍ရင်း နှစ်မျိုးနှစ်စား ပါ၌ရှိတတ်ရာ အဘယ် ပါ၌ သင့်မြတ်ပါသနည်း။ ဆုံးဖြတ်ခဲ့ပါ။

(ဖြ) နျာ၊ ရူ၊ နီတိ-စသော ဆရာတို့အလို-တုဒံ၊ ဇာနိ-စသော ရှေ့ပါ၌သာ အသင့်မှတ်။ မောဂ္ဂလာန်အလိုကား ဇာနိပတိတို ပဏ

တန္တရေန သဒ္ဓိံ တထာ ဒမ္ပတိ၊ ဇမ္ပတီဘိ-ဟူ၍ မိန့်ရကား ဒံ၊ ဇာနိ-စသော နောက်ပါဌ်၌သာ အသင့်မှတ်။

၁၉၂၃။ (ပ) တုဒံ၊ ဇာနိအပြုဘ်ကို သမာသ် ၆-ပါးတွင် အဘယ်သမာသ်၌ ပြုသည်ဟု မှတ်ရအံ့နည်း။

(ဖြေ) ဒွန်သမာသ်၌သာ ပြုသည်။

## ၂၅။ ဓနုမှာ စ

၁၉၂၄။ (ပ) ဤသုတ်ကို သန္ဓိပုဒ်ဖြတ်ပြီးလျှင် ပဒစ္ဆေဒသံဝဏ္ဏနာနည်း ဖွင့်ပြခဲ့ပါ။

(ဖြေ) ဓနုမှာ အာ-ဟု ပုဒ်ဖြတ်။ ဓနုမှာတိ ဧကံ ပဒံ၊ အာတိ ဧကံ ပဒံ၊ စာတိ ဧကံပဒန္တိ ကိပဒမိဒံ သုတ္တံ။

၁၉၂၅။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ သဒ္ဒတ္ထာကာရတို့ကို ပြပါ။

(ဖြေ) သမုစ္စယတ္ထ၊ ပစ္စက္ခမေ့ စသော သဒ္ဒါတို့နောင်လည်း အာပစ္စည်းသက်ခြင်းကို ဆည်းပါသည်။

၁၉၂၆။ (ပ) ဤသုတ်သည် ဝိဓိသုံးပါးတွင် အဘယ်ဝိဓိ ဖြစ်သနည်း။ အကြောင်းပြ၍ ဖြေပါ။

(ဖြေ) ကွစိသဒ္ဒါလိုက်သေးကြောင့် အနိစ္စဝိဓိ ဖြစ်ပါသည်။

၁၉၂၇။ (ပ) သမာသ် ၆-ပါးတွင် အဘယ်သမာသ်၌ စီရင်ရမည်နည်း။

(ဖြေ) ဗဟုဗ္ဗီဟိသမာသ်၌သာ စီရင်ရမည်။

## ၂၆။ အံဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ

၁၉၂၈။ (ပ) အောက် တေသံ ဝိဘတ္တိယော-သုတ်မှ ဝိဘတ္တိသဒ္ဒါကို ဝိဘတ္တိနံ-ဟု ပြင်၍ အလိုက်ခံပြီးလျှင် အမကာရန္တာ-စသည်မျှ တည်က ပြီးလျက် အဘယ့်ကြောင့် ဝိဘတ္တိသဒ္ဒါဖြင့် အထူးပြု၍ တည်ပါသနည်း။

(ဖြေ) အာလပနတ္ထ ဝိဘတ်ကိုလည်း သိမ်းယူစေလိုသောကြောင့် အထူးပြု၍ တည်ပါသည်။

၁၉၂၉။ (ပ) ဤသုတ်၌ လိုက်သော ကွဲစိသဒ္ဒါဖြင့် ပြအပ်သော ဝိဓိကို ဝိဘတ်နှင့် ပိုင်းခြားပြခဲ့ပါ။

(ဗျာ) ပဌမာ၊ ဒုတိယာ၊ စတုတ္ထီဝိဘတ်တို့၏ အံအပြုကား- နိစ္စဝိဓိ။ တတိယာ၊ ဆဋ္ဌီ၊ သတ္တမီဝိဘတ်တို့၏ အံအပြုကား အနိစ္စဝိဓိ။ ပဥ္စမီဝိဘတ်၌ အသန္တဝိဓိ။ ဤ ဝိဓိသုံးပါးကို ပြပါသည်။

မှတ်ချက်။ ။အဗျတ္တံ အဘိနိဝိသိတ္ဗာ အဗျတ္တံ ဝဋ္ဌာတိ – စသော အဋ္ဌကထာပါဠိကိုမြင်ရကား ပဥ္စမီဝိဘတ်၌ အသန္တဝိဓိ ဆိုသော စကားကို ယေဘုယျဟု မှတ်။

၁၉၃၀။ (ပ) ဤသုတ်ဘည်ခြင်း၏ အကျိုးထူးကို ပြခဲ့ပါ။
(ဗျာ) သိ အစရှိသောသုတ်တို့၏ အစီရင်ကို တားမြစ်ရခြင်းအကျိုး ရှိပါသည်။

---

## ၂၇။ သရော ရဿော နပုံသကေ

၁၉၃၁။ (ပ) ဤသုတ်ကို ရသော နပုံသကေ-မျှသာတည်က သရ-ဟု သိကောင်းလျက် အဘယ့်ကြောင့် သရော ရဿော နပုံသကေ-ဟု တည်ပါသနည်း။

(ဗျာ) သရောသဒ္ဒါမပါသော် ကာရီမရှိရကား နောက်မှ အလုံးစုံသော ကာရိဘို့ လိုက်ကုန်ရာ၏ဟူသော ယုံမှားခြင်းကို နစ်စေလိုသော ကြောင့် ဤသို့တည်ပါသည်။

၁၉၃၂။ (ပ) ဤ၌ သရော အရ ရဿော အရ-ဖြစ်သင့်သော သရသရုပ် ထုတ်ပြပြီးလျှင် ပဒါဝယဝဝိဘတ္တာဒေသသရနှစ်ပါးတွင် အဘယ်သရ ဖြစ်ကြောင်း ညွှန်းလိုက်ပါ။

(ဗျာ) သရအရ-အာ၊ ဤ၊ ဦ။ ရဿအရ အ၊ ဣ၊ ဥ။ ပဒါဝယဝ သရ ဖြစ်ပါသည်။

၁၉၃၃၊ (ပ) ဤသုတ်၏ ဝုတ္တိ၌ အဗျယီဘာဝသဒ္ဒါ လိုက်သင့်၊မလိုက်သင့် ဆုံးဖြတ်ပါ။
(ဗျာ) နျာ, နီတိ လိုက်သင့်၏။ ရူ, နိအလို မလိုက်သင့်ပါ။

၁၉၃၄။ (ပ) အဗျယီဘာဝသဒ္ဒါ မလိုက်ခြင်းကြောင့် အဘယ်အကျိုး ရှိပါသနည်း။

(ဗျာ) ဒိဂု၊ ဗဟုဗ္ဗီဟိ၊ ဒွန္ဒသမာသ်တို့၌လည်း နပုံလိင်၌ ဖြစ်သော သမာသ်၏ အဆုံးသရ၏ ရဿအဖြစ်ပြီးခြင်းအကျိုးရှိပါသည်။

၁၉၃၅။ (ပ) ဤသုတ်ဖြင့် သမာသ် ၆-ပါးတွင် အဘယ်၌ စီရင်ပါသနည်း။

(ဗျာ) နျာ,နီတိအလို-အဗျယီဘာဝသမာသ်၌သာ စီရင်ပါသည်။ ရူ,နီအလို-အဗျယီဘော၊ ဒိဂု၊ ဗဟုဗ္ဗီဟိ၊ ဒွန္ဒသမာသ်လေးပါးတို့၌ စီရင်ပါသည်။

---

## ၂၈။ အညသ္မာ လောပါ စ

၁၉၃၆။ (ပ) ဤသုတ်၌ ဖြစ်ကောင်းသော အညအပါဒါန်၊ အညအရတို့ကို ပြခဲ့ပါ။

(ဗျာ) အညအပါဒါန်ကား အကာရန္တအဗျယီဘော သမာသ်ရ၏။ အညအရကား အကာရန္တမှ တပါးသော ဣကာရန္တ စသော အနကာရန္တအဗျယီဘော သမာသ်ရ၏။

၁၉၃၇။ (ပ) ဤသုတ်၌ ဖြစ်သင့်သော စသဒ္ဒတ္ထ၊ စသဒ္ဒတ္ထာကာရတို့ကို ပြခဲ့ပါ။

(ဗျာ) အနုကစ္စနတ္ထ၊ မလိုက်နိုင်သောကြောင့် အဗျယီဘာဝသဒ္ဒါကို ငင်ယူပါသည်။

၁၉၃၈။ (ပ) ဤသုတ်သည် အဘယ်သမာသ်၌ စီရင်ကြောင်း အကြောင်းပြ၍ဖြေပါ။

(ဗျာ) အဗျယီဘာဝ သဒ္ဒါလိုက်သောကြောင့် အဗျယီဘော သမာသ်၌သာ စီရင်ပါသည်။

၁၉၃၉။ (ပ) (က) တေသံ ဝိဘတ္တိယော လောပါ စ၊ (ခ) အံဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ၊ (ဂ) အညသ္မာ လောပေါ စ-သုတ်တို့၌ ပါသော ဝိဘတ်တို့၏ အရထူးခြားပုံကို ပြခဲ့ပါ။

(ဗျာ) က-သမာသ်ဟူသမျှ၌ဖြစ်သော ဝိဘတ္တာဒေသကိုသာ ရ၏။ ခ-အကာရန္တအဗျယီဘော သမာသ်နောင်သာ ဖြစ်သော ဝိဘတ်ရှစ်သွယ်ကို ရ၏။ ဂ-ဣကာရန္တ စသော အဗျယီဘောနောင်သာ ဖြစ်သော ဝိဘတ်ရှစ်သွယ်ကို ရ၏။တနည်း-(က)မဟာဝိသယ၊ (ခ) အပ္ပဝိသယ၊ (ဂ) မဇ္ဈိမဝိသယ၊ ဤသို့ ထူးကြကုန်၏။

၁၉၄၀။ (ပ) က—နိစ္စသာဖြစ်သော သမာသ်၊ ခ— အနိစ္စသာဖြစ်သော သမာသ်၊ ဂ— နိစ္စ, အနိစ္စနှစ်ပါးစုံဖြစ်သော သမာသ်တို့ကို ပြခဲ့ပါ။

(ဖြေ) (က) အဗျယီဘာဝဒိဂု၊ (ခ) ဒွန်သမာသ်၊ (ဂ) ကမ္မဓာရည်း၊ တပ္ပုရိသ်၊ ဗဟုဗ္ဗီဟိသမာသ်တို့ ဖြစ်ပါသည်။

၁၉၄၁။ (ပ) ဤကဏ္ဍ၌ သမာသ် ၆-ပါးလုံးနှင့်သာ ဆိုင်သော သုတ်၊ တဒ္ဓိတ်စသည်တို့နှင့်လည်း ဆိုင်သောသုတ်တို့ကို ပြခဲ့ပါ။

(ဖြေ) (က) နာမာနံ သမာသော ယုတ္တတ္ထော၊ ဣစိသမာသန္တဂတာ နမကာရန္တော နှစ်သုတ်သာ၊ နိဒ္ဒေသအလိုဖြင့် ကာပ္ပစ္စတ္ထေသုစသုတ်နှင့် တကွသုံးသုတ်ရှိ၏။ (ခ) တေသံ ဝိဘတ္တိယော လောပါစ၊ ပကတိ စဿ သရန္တဿ၊ ကမ္မဓာရယသညေစ-အားဖြင့် သုံးသုတ်ရှိ၏။

သမာသ်ကျမ်း ပြီး၏။

ကစ္စာယနပဉ္စာဗျာက ရဏဝိဘာဝနီခေါ်-
သဒ္ဒါကြီးရှစ်စောင် အမေးအဖြေကျမ်း
အောက်လေးစောင် ပြီး၏။

* * *

# အလိမ္မာ စာမှာရှိသည်

## လူတော်လူကောင်းဖြစ်အောင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ

မြန်မာပြန် ပိဋကတ်များကို ဖတ်ပါ

---

## သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌

## ရိုက်နှိပ်ပြီး သဒ္ဒါကျမ်းများ

၁။ ရူပသိဒ္ဓိဂဏ္ဌိ (ပ-ဒု)
၂။ ရူပသိဒ္ဓိပါဠိ
၃။ ရူပသိဒ္ဓိ ဋီကာ
၄။ သဒ္ဒနီတိ ပဒမာလာ
၅။ သဒ္ဒနီတိ ဓာတုမာလာ
၆။ သဒ္ဒနီတိ သုတ္တမာလာ
၇။ သဒ္ဒနီတိ ပဒမာလာ နိဿယ ပဌမတွဲ၊ ဒုတိယတွဲ
၈။ သဒ္ဒနီတိ ဓာတုမာလာ နိဿယ ပဌမတွဲ၊ ဒုတိယတွဲ
၉။ နိရုတ္တိဒီပနီ
၁၀။ မောဂ္ဂလ္လာနဗျာကရဏ်
၁၁။ ပယောဂသိဒ္ဓိပါဠိ

---

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကြီး၊

အတွဲ ၁-၂-၃-၄-၅-၆-၇-၈-၉-၁၀ ထွက်ပြီ

ကျန်အတွဲများ ဆက်ထွက်မည်။